www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၅၊ ဧပြီလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ *Myat Min Han*
ကွန်ပျူတာစာစီ ။ *Maw Maw (New Idea)*
အတွင်းဖလင် ။ *Zin Oo & Brothers*

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန်
ဖြိုးဝေလျှံပုံနှိပ်တိုက် (၀၀၆၅၉)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ထုတ်ဝေသူ

ဦးတင်ထွန်း (မြ) (၀၀၄၃၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၁၈၀၀ ကျပ်

၈၉၅ ． ၈၃
ကလောင်စုံ
သမ္မုဒ္ဒေရွာအပါအဝင်ဂမ္ဘီရဝတ္ထုတိုများ/ ကလောင်စုံ–ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၅။
၃၄၄–စာ ၊ ၁၃.၉စင်တီ × ၂၀.၅စင်တီ။
(၁) သမ္မုဒ္ဒေရွာအပါအဝင်ဂမ္ဘီရဝတ္ထုတိုများ

## မာတိကာ


| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | သမ္မုဒ္ဒေရွာ<br>*မောင်ညိုမှိုင်း (သန်လျင်)* | ၁ |
| ၂။ | သချိုင်းတစ္ဆေ . . . မိစ္ဆာကဝေ<br>*ဩဓိသ* | ၆၅ |
| ၃။ | ဝိညာဉ်များရဲ့ဇရာဝတီ<br>*ကျော်မင်းနိုင်* | ၂၀၃ |

www.burmeseclassic.com



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

တစ်နေ့သောအခါ ကျွန်ုပ်သည် တပည့်ဖြစ်သူ ရှေ့နေလေး မောင်အောင်ဆန်း၏ဆိုင်ကယ်နှင့် ဟိုးအရှေ့ပင်လယ်ကမ်းရိုးတန်း မုတ္တမကွေ့သည်ဘက်အခြမ်းကို သွားရောက်လေ့လာခဲ့သည်။

ထိုစဉ်က ကျွန်ုပ်သည် 'ဗြိတ္တာရာသီဖွား နန်းအိမ်ကြို့' အမည်ရှိ တော်လှန်ရေးနောက်ခံ လုံးချင်းဝတ္ထုရှည်ကြီးရေးရန်အတွက် အရှေ့ပင်လယ် မီးပြကျေးရွာ၊ သံတဲ ကျေးရွာ စသည့် တံငါရွာများရှိရာသို့ ရောက်ရှိနေချိန်ဖြစ်သည်။

ကံကောင်းလှ၏။ သုံးခွမြို့၊ အဖန်းဘုရားကြီးမှ မီးပြပင်လယ်ဝအရောက် ခရီးဆန့်လျှင် မိုင်ပေါင်းခြောက်ဆယ်ကျော်ခန့်ရှိ၏။

မီးပြပင်လယ်ဝကျေးရွာသို့ ကျောက်တန်းမြို့ ရေလယ်ဘုရားရေဆိပ်မှ ပဲ့ထောင်လှေစီးပြီး ပန်းတောကျေးရွာရေဆိပ်မှ ဆင်းလိုက်လျှင် (၁၅) မိနစ်ပဲကြာ၏။

ပန်းတောကနေ ကားစီးသွားပါက မိနစ် (၃၀)ခန့်ကြာလျှင် မီးပြပင်လယ်ကမ်းစပ်ကျေးရွာကြီးသို့ ရောက်လေ၏။

ဆိုရပါမူ ...





ရေလမ်းခရီးနှင့်သွားလျှင် ခရီးမိုင်တို၏။ အချိန်ကုန် အလွန်သက်သာ၏။ သို့သော် ကျွန်ုပ်ကား ရေကြောက်သူဖြစ်၏။

ရန်ကုန်–ဒလ မြစ်သုံးဆိုင်မှာ စက်တပ်လှေ စက်ပျက်ပြီး မိုး...ကြား မှောင်ကြီးကျလို့ မျောပါရင်း ပင်လယ်ဝမှာ ကံကောင်းလို့...ရသည့်ဖြစ်ခြင်း။

ကိုယ်က ရေလည်း ကျွမ်းကျွမ်းကျင်ကျင် မကူးတတ်။ ကံကြီး...၏ လှိုင်းလေနှင့် မျောပါရင်းက သမ္မုဒ္ဒေဂါထာကို အဆက်မပြတ်...နေမိရာ ...

မကြာခင် လှေအကြီးတစ်စင်းနှင့်တွေ့ပြီး သူ့လှေမှ ကြိုးပစ်ပေး...၍ ကိုယ့်လှေကို ကြိုးချည်ပြီးမောင်းရာ သူ့ပဲ့ချိတ်လှေပါ စက်ပျက်လို့ နှစ်စီး...း မျောပါကုန်ရကား ...

လှေကြီးရှင်တို့မျော ကျွန်ုပ်တို့ငါးဦးပါ လှေကလေးကို 'မကယ်...ာင်း' ဟု နှလုံးပိုက်ပြီး ကြိုးကို ဓားနှင့်ခုတ်ဖြတ်လိုက်ရာ သူရောကိုယ်ပါ...ပိုင်မျောနေစဉ် ...

သူတို့လှေကြီး စက်နိုးပြီး ရှောရှောရှူရှူ မောင်း၍ရသွားပြီး အပြင်း...ာက်ခွာသွားလေ၏။

ကျွန်ုပ်တို့လှေကလေးပေါ်က မျက်စိသူငယ် နားသူငယ်ငါးဦးကိုမူ...ာင်းဆိုးဝါး၊ တစ္ဆေသရဲများ လူယောင်ဖန်ဆင်း၍ သူတို့ကို ရေနက်နက်...သယ်ထဲ မျှားခေါ်သေစေမည်ဟု ယူဆရှောလားမသိ။

ယောင်လို့မှ လှည့်မကြည့်ဘဲ မိုးရေလေလှိုင်းကြားမှာ အပြင်း...ာင်းပြေးလေသည်။

ကျွန်ုပ်တို့စက်တပ်လှေသည် စက်ပျက်၍ မျောနေမြဲမျော၏။ လှေ...ထဲရေများဝင်၍ လှေသမားနှင့် ခရီးသည်တစ်ယောက်က ဝါးခွက်နှင့်...များကို ခပ်ပက်စွန့်ပစ်နေသည်။

လှိုင်းနှင့်လေက လူး၍ ပင့်၍ ဆောင့်၍ ဟိုးပင်လယ်ဝရှိ...ကို...နှင့် သေမိန့်ချရန် ဆွဲခေါ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သမ္ဗုဒ္ဓေဂါထာကို အော်၍ရွတ်မှန်း မြင်သိတော့ ကျ…
ခရီးသွား လူလန့်နှစ်ဦးကလည်း ကျွန်ုပ်နှင့်အတူ သမ္ဗုဒ္ဓေဂါထာကို သံပြိုင်…
မှုမှု ရွတ်လေ၏။

သမ္ဗုဒ္ဓေတန်ခိုးကြောင့်ဟု ကျွန်ုပ်ယုံကြည်ယူဆ၏။

ရွတ်ဆိုနေစဉ်မှာပဲ ရှေ့မနီးမဝေးမှာ စပါးတင်သမ္ဗန်အကြီး…
(စက်လှေကြီး)တစ်စီးကို မြင်လိုက်ရ၍ အားလုံး 'ကယ်ကြပါ'ဟု သံပြိုင်အော်…
လိုက်သောအခါ . . .

မနီလာကြိုးတစ်ချောင်း ကျွန်ုပ်တို့ စက်ပျက်လှေပေါ်သို့ ကျ…
သည်။ ၎င်းကြိုးကို လှေဦးမှာချည်ပြီး ၎င်းစပါးတင်စက်တပ်လှေသမ္ဗန်…
ကယ်တင်ကူညီထိန်းမခေါ်သွား၍ ကျွန်ုပ်တို့ငါးဦး မသေကောင်း၊ မပျော…
ကောင်း ဒလတစ်ဖက်ကမ်းသို့ အသက်ရှင်လျက် ပြန်ရောက်ခဲ့ရလေ၏။

အဲသည်ကတည်းက ရေနှင့်စပ်လျဉ်းပြီး နှလုံးမကောင်းတော့…
ရန်ကုန်မြစ်သုံးဆိုင် မရောက်ခင်မှာ သန်လျင်မှ ရန်ကုန်သွားနေသ…
တိုင်းလုံးကျော်သဘော် နစ်မြုပ်သွားပြန်သောအခါ . . .

ကျွန်ုပ်တို့သန်လျင်မှာ အသုဘအလောင်းများ ရပ်ကွက်တိုင်းလို…
မှာ ရှိကြ၏။ အချို့ တစ်အိမ်ထဲ နှစ်ဦးသုံးဦးသေ၏။

သူငယ်ချင်းစာရေးဆရာနှင့် ကျောင်းဆရာများ၊ ဆွေမျိုးသားချ…
အသိမိတ်ဆွေများ သဘော်နစ်၍ သေကြရ၏။

ထိုအဖြစ်အပျက်များကစ၍ ယနေ့တိုင် ကျွန်ုပ်တော် ရေလမ်းခ…
မသွားတော့ပါ။ စာပေဟောပြောပွဲများ လာဖိတ်ကြသည်။

ရေလမ်းခရီးဖြစ်နေ၍ ရှောင်လိုက်သည်။ လိုက်ပါမဟောခဲ့ပေ…

ချောင်းငယ်မြောင်းငယ်ခရီးမှ လှေသမ္ဗန်ပဲ့ထောင်စီး၏။ ယခုခရီ…
ကို တပည့်ရဲ့ဆိုင်ကယ်နှင့် လယ်ကွင်းလမ်းခပ်ကြမ်းကြမ်း စီးနင်းလာရ…
အခါ တစ်ကိုယ်လုံးရိုက်ထုထောင်းထားသလို နာကျင်ကိုက်ခဲနေသည်။

ပင်လယ်နံ့သားရောက်တော့ တာလမ်းမကြီးပေါ်နင်းရသည်။ တ…
နှင့်တစ်ရွာသည် ဝေးလွန်းလှ၍ ကျွန်တော်တို့ကို လမ်းခရီးမှာ တားသ…
ဆိုင်ကယ်လှ၊ ငွေရွှေလှ စွန့်ပစ်လျှင် မည်သူမျှ သိလိမ့်မည်မဟုတ်။

လူမမြင်ရ၊ ကျွဲနွားပင်မမြင်ရ။ ခေါင်၏။





သို့သော် ဘာရာဇဝတ်မှုမှမရှိ၊ မဖြစ်။

ဖြစ်ချင်လျှင် အချင်းချင်း အရက်မူး ရိုက်နှက်သတ်၊ ဒါပဲရှိသည်။
ပင်လယ်ကမ်းစပ်ဆိုတော့ တံငါရွာများ များသည်။ လူကြမ်းလူသန်တွေ
ပေါ်များသည်။ စီးပွားရှာသူဌေးများ ရှိကြသည်။

ကျွန်တော်တို့ဆရာတပည့် အင်္ဂလိပ်ခေတ်တုန်းက ရေလမ်းကြောင်း
မှာဝင်လာရင်း သောင်တင်နစ်မြုပ် ရေအောက်မြေအောက်ကြမ်းပြင်ရောက်
ခဲ့သည့် ရှေးဟောင်းနိုင်ငံခြားသဘော် တူးဖော်နေသည့်နေရာကို ရောက်
ခဲ့သည်။

သဘော် မည်မျှကြီးသလဲမသိ။

နံဘေးက ပတ်တူးဖော်သည့် ရွှံ့မြောင်းများသည် ချောင်းရေ
မိုးရေဝင်၍ ရေကန်အကြီးစားများပင်ဖြစ်နေ၏။

✿ ✿ ✿

[၂]

□

ကျွန်တော်နှင့်မောင်အောင်ဆန်းတို့ လမ်းကြောင်းတစ်လျှောက်ရှိ
သံတဲ၊ ဖွဲပါကုန်းတန်း စသည့် ပင်လယ်ရေတံငါလုပ်ငန်းများကို ဝင်ရောက်လေ့
လာကြည့်ရှုပြီးနောက် မီးပြကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့လည်း
ကောင်း၊ ပင်လယ်ရေတက်လျှင် ပင်လယ်ရေလယ်ခေါင်မှာ ရောက်နေ၊ တည်
နေသည်ဟု မြင်ရပြီး ထင်ရှားကျော်စောသည့် ရွှေဘုံသာမုနိဘုရားကို ဝင်
ရောက်ဖူးမြော်ကြ၏။

www.burmeseclassic.com



မီးပြဘုန်းတော်ကြီးကား မောင်အောင်ဆန်းတို့ မရမ်းဘေးရွာဝန်းကျင်မှ ဖြစ်သည်တဲ့။

တစ်ချိန်တစ်ခါတုန်းက လွန်စွာ သြဇာကြီးခဲ့သူဖြစ်သည်တဲ့။ ယခုအခါ ပင်လယ်ရွာအားလုံးက လေးစားကြည်ညိုကိုးကွယ်သည့် သြဇာကိတ္တိကြီးသည့် ဆရာတော်ဘုန်းကြီးဖြစ်လေ၏။

မှန်ရာဆိုရလျှင် ...

ငုင်းပင်လယ်ရွာများသည် လူကြမ်းနှင့် လူမိုက်များလည်းရှိသည့်ရွာများဖြစ်၏။ သို့သော် ဆရာတော့်လူပါဟု ပြောလိုက်လျှင် လမ်းခရီးတစ်လျှောက် လူတိုင်းက စောင့်ရှောက်ကြလေ၏။

မီးပြဆရာတော်ကား အလွန်ဘုန်းကြီး၏၊ သြဇာကြီး၏။

ဆရာတော့်ကျေးဇူးကြောင့် ရွာခံလူကြီးများ လိုက်လံပြသ၍ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ် ...သချိုင်း၊ သုသာန်၊ တစပြင်များရှိရာကို ကျွန်တော် သွားရောက်လေ့လာခဲ့သည်။

ဟိုတုန်းက ဂျပန်ကင်းစခန်းများရှိရာ ရွာများကို သိခဲ့ရသည်။

သူတို့ကျေးဇူးဖြင့် ကျွန်တော် တော်လှန်ရေးနောက်ခံ လျို့ဝှက်သည်းဖို လုံးချင်းဝတ္ထုရှည်ကြီးကို ရေးသားခွင့်ရခဲ့ပေသည်။

အားလုံးကို ကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်ရပါသည်။

အရှေ့ပင်လယ်အရပ်မှာ ကျွန်တော် ရက်အတန်ကြာနေပြီး လေ့လာရေးခရီးစဉ်လုပ်ကိုင်နေစဉ် ...

ဦးရန်ကုန်ကြီးအမည်ရှိ ရှေးအဘိုးအိုတစ်ဦးနှင့် ရေနွေးကြမ်းစကားဝိုင်းမှာဆုံရင်းမှ သမ္ဘုဒ္ဓေရွာအကြောင်းကို အံ့ဖွယ်သိခဲ့ရ၏။

✿ ✿ ✿

[၃]

❏

"ဆရာလေးက မြို့ပေါ်က စာရေးဆရာဆို"

"ဟုတ်ပါတယ် ...အဘ"

"ဘယ်လိုစာများ ရေးသတုံးကွယ့်"

"ဘာသာရေးနဲ့နွယ်တဲ့ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်ဝတ္ထုများကို ရေးပါတယ် အဘ"

"အိမ်း ...အိမ်း ...ကောင်းတာပေါ့ ...ကောင်းတာပေါ့"

"ကျွန်တော်တို့က ထေရ်ကြီးရှင်ကြီး ဆရာတော်ကြီးများလို မြန်မာ့ဗုဒ္ဓဘာသာတရားရဲ့ နက်နဲသိမ်မွေ့သည့် အဘိတရားများကို ဟောပြောရေးသားနိုင်စွမ်းမရှိပါဘူး ...အဘ"

"အေးပေါ့ ...ဟုတ်တာပေါ့"

"အဲဒီထဲကမှ လူထုနားလည်လွယ်မည့် အကြောင်းတရားအချို့ကို ဖြစ်ရပ်မှန်ဝတ္ထုဘာဝဆက်ကြောင်း အခြေခံပြီး ရသပါတဲ့ ဖတ်လို့အဆင်ပြေမည့်ဝတ္ထုဖြစ်အောင် ပြန်ရေးရပါတယ်ခင်ဗျာ"

"သာဓုဗျာ ...သာဓု ...ခု လာရင်းကိစ္စကရော"

"ကျွန်တော် ဂျပန်ခေတ်နောက်ခံ နယ်ချဲ့တော်လှန်ရေးလုံးချင်းဝတ္ထုရေးချင်လို့။ ရေးချင်တာကလည်း ပင်လယ်အနီးဝန်းကျင်က ဇာတ်လမ်းမို့ ဒီနေရာကို လေ့လာမေးမြန်းဖို့ လာခဲ့ရတာပါခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"တို့များအရပ်က ဂျပန်ခေတ်တုန်းကလည်း ဆိုးခဲ့ဖူးတာပဲကွယ်။ အင်္ဂလိပ်ခေတ်တုန်းကလည်း ခံခဲ့ရတာပဲကွယ်။ ခရမ်းသုံးခွ ကျွဲတူးကျေးရွာ၊ ပိန်းကန်ကျေးရွာ၊ တမန်ကြီးကျေးရွာက ရွာသူရွာသား(၂၇)ဦး အပြစ်မရှိဘဲ အင်္ဂလိပ်စစ်သားများရဲ့ ရက်ရက်စက်စက်ပစ်သတ်ခြင်းကို ခံခဲ့ရတယ်။ မသေဘဲ ဒဏ်ရာနဲ့ကျန်ရစ်သူက (၅)ဦး။ အချို့ရှိသေးတယ်။ အင်္ဂလိပ်စစ်သားများ ရက်ရက်စက်စက် သတ်ဖြတ်တာကို ကိုယ်တွေ့ကြုံရ မြင်ခဲ့ရသူ (၂၂)ဦး ရှိတယ် ... စာရေးဆရာ"

"ရက်စက်လိုက်ကြတာနော်"

"သူ့ကျွန်ဘဝရောက်ခိုက်မှာ လက်နက်အင်အားရှိသူက လက်နက်အင်အားမဲ့သူကို အနိုင်ယူရက်စက်ဖိနှိပ်ပြကြတာကိုး။ ငါနိုင်တယ်။ ငါနိုင်တယ်ဆိုတာ ငါ့ကိုနိုင်တဲ့သူ မပေါ်သေးခင်တော့ ငါနိုင်နေတာပဲလေ။ ငါ့ကိုနိုင်တဲ့လူပေါ်လာရော ခွေးပြေးဝက်ပြေး ပြေးရတာပဲ။ သင်းတို့ အင်္ဂလိပ်နယ်ချဲ့စစ်ရူးတွေကို ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်ပြီး ဂျပန်စစ်တပ်နဲ့ တိုက်ရော သင်းတို့ စစ်ရှုံးပြီး ခွေးပြေးဝက်ပြေး ပြေးရပါရောလား"

"ဂျပန်ကျတော့ရော ... အဘ"

"နောက်လာတဲ့ မောင်ပုလဲ ဒိုင်းဝန်ထက်ကဲပေါ့ ... ဆရာလေးရယ်။ ဂျပန်သုံးနှစ်သုံးမိုး အုပ်ချုပ်လိုက်တာ ဝဲရယ်၊ သန်းကျီးမရယ်၊ အကျီးအကန်းအသေနဲ့ မိန်းမကောင်းတွေ မျက်ရည်နဲ့မျက်ခွက် ဖြစ်ခဲ့ရတယ်"

"ဟုတ်ပါရဲ့ ... အဘရယ်။ ပို့တစ်လောက (.....) နိုင်ငံက အမျိုးသမီး သက်ကြီးအဘွားအိုများက ဂျပန်အစိုးရကို အရေးဆိုကြတယ်ခင်ဗျ။ (....) ကို ဂျပန်အုပ်စိုးစဉ်က သူတို့ (....) အမျိုးသမီးအရွယ်ကောင်းတွေကို ဖက်ဆစ်ဂျပန်ဖျော်ဖြေရေးပြည့်တန်ဆာ အတင်းအဓမ္မခိုင်းစေခဲ့တယ်။

ဂျပန်စစ်ရှုံးရော ... (.....) နိုင်ငံသူ၊ မသေဘဲ ကျန်ရစ်ခဲ့သည့် (.....) ပြည့်တန်ဆာဖြစ်ခဲ့သူများက ဂျပန်အစိုးရထံက စစ်လျော်ကြေးတောင်းလို့ ဆန္ဒပြကြတယ်။ ဂျပန်အစိုးရ ဝန်ချတောင်းပန်ဖို့လည်း ကမ္ဘာသိအောင် ဆန္ဒပြကြတယ်ခင်ဗျ"

"ဟုတ်တာပေါ့။ ဒါ ပြသင့်တဲ့ကိစ္စပဲ။ စစ်ဦးဘီလူးဆိုပြီး ဖြစ်မြဲဓမ္မတာဆိုတဲ့စကားနဲ့ ဖြေသိမ့်လို့မရဘူး။ စစ်ကို ဘယ်သူဖန်တီးတာလဲ၊





စစ်ရဲ့ ကောင်းကျိုးဆိုးကျိုးဒဏ်ကို ဘယ်လိုလူတွေ ခါးသည်းစွာ ခံစားရသလဲ၊ စစ်ရဲ့အဓိပ္ပာယ်က ဘာလဲ။ ငြိမ်းချမ်းရေးကို လက်နက်နဲ့ ဖြေရှင်းလို့ရမှာလား။ စစ်ကိုဖန်တီးသူတိုင်း စစ်တရားခံပဲ။

သူတို့ကြောင့် ရွာကြေ လူသေ မျက်ရည်ကျရတာကို တစ်ကမ္ဘာလုံး သိစေသင့်တယ်။ သိခွင့်ရှိရမယ်။ ဓမ္မနဲ့အဓမ္မကို ခွဲခြားနားလည်ခံစားနိုင်စေရမယ်။ နောက်ဆုံး ဖက်ဆစ်ဂျပန်ကိုလည်း ဗိုလ်ချုပ်အောင်ဆန်းပဲ ဦးဆောင်ပြီး ဘီအိုင်အေ၊ ဘီဒီအေ တပ်မတော်နဲ့ မြန်မာပြည်သူတစ်ရပ်လုံး လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ရရာလက်နက်ဆွဲပြီး တိုက်ခဲ့လိုက်တာ ဖက်ဆစ်ဂျပန်လည်း ပြေးရတာပဲ။ ဒီမှာ အဘတို့ ဘာကိုသွားတွေ့လည်းဆိုတော့ အင်္ဂလိပ်ရော၊ ဂျပန်ရော မဟာအင်အားကြီးနိုင်ငံပဲ။ စစ်လက်နက်ကြီးနိုင်ငံပဲ။

အဲဒါ မဟာအင်အားကြီး စစ်လက်နက်နိုင်ငံနှစ်ခုကို အဘတို့ မြန်မာပြည်သူပြည်သားအားလုံး အနိုင်ရအောင် တိုက်ခိုက်တာ ဘာလဲဆိုတာကို သွားတွေ့ရတယ် ... ဆရာလေး သိလား"

"ပြောပါ ... အဘ"

အဘဦးရန်ကုန်ကြီးက မျိုးချစ်စိတ်နဲ့ ရဲသွေးကြွနေတယ်လေ။

"အဲဒါ တစ်အချက် ... ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရဲစွမ်းတမန် မဆုတ်မနစ် မကြောက်မရွံ့ဦးဆောင်မှုနဲ့ ဗမာ့တပ်မတော်ရဲ့ ရဲရဲတောက်သတ္တိ။ နှစ်အချက် ... မြန်မာပြည်သူပြည်သား ရဟန်းရှင်လူ အလုပ်သမား၊ လယ်သမား၊ ကျောင်းသား၊ မိန်းမယောကျ်ားအားလုံးရဲ့ သူ့ကျွန်မခံ နယ်ချဲ့တော်လှန်တဲ့ စည်းလုံးညီညွတ်အားမာန်ကြောင့် လွတ်လပ်ရေးရပြီး တော်လှန်ရေးအရေးတော်ပုံကြီးများ အောင်မြင်ခဲ့တာပဲ။

တို့များ မီးပြပင်လယ်ကမ်းခြေကလည်း ဖက်ဆစ်ဂျပန်တော်လှန်ရေးမှာ အင်တိုက်အားတိုက် ခြေမှုန်းခဲ့တဲ့နေရာပဲ၊ ဒါကို စာရေးဆရာလေးရေးမယ်ဆိုတော့ ကျောက်တန်းမီးပြက နယ်ချဲ့တော်လှန်ရေးသမားများကို မှန်အောက်မေ့လှသကွယ်"

"အဘ ..."

"ဘာတုံး စာရေးဆရာ"

"ဆရာတော်ကျောင်းက ကပ္ပိယကြီးဦးထီးရိုးက ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကပ္ပိယထီးရိုး ...။ နေပါဦး ... သူက ဘာပြောလို့တုံး ... စာရေးဆရာ"

"အဘဦးရန်ကုန်ကြီးကို တွေ့ခဲ့ရင် သမ္ဘုဒ္ဓေရွာအကြောင်းကို မေး ဖြစ်အောင်မေးတဲ့။ အခု အဘကို မေးပါပြီခင်ဗျာ။ ကျေးဇူးပြုပြီး သမ္ဘုဒ္ဓေရွာ အကြောင်း ပြောပြပေးပါ အဘဦးရန်ကုန်ကြီးခင်ဗျာ"

ကျွန်ုပ်က အဘဦးရန်ကုန်ကြီးဆိုသူ ရှေးလူကြီးသက်ကြီးကို သို့ ကလိုပြောလိုက်သောအခါ ဦးရန်ကုန်ကြီးအမည်ရှိ လူကြီးက ...

"ထီးရိုးကတော့ လုပ်တော့မယ်။ အမှန်က သူပြောပြရမှာကွ"

"မထူးပါဘူး ... အဘရာ။ အဘပဲ ပြောပါတော့ခင်ဗျာ"

"အိမ်းပေါ့ ... ဆရာလေးတို့ ဂမ္ဘီရစာရေးဆရာများ စိတ်ဝင် စားမှတော့ ပြောရပေမပေါ့။

သို့နှင့် ဦးရန်ကုန်ကြီးအမည်ရှိ အဘိုးကြီးသည် ကျွန်ုပ်အား အံ့ဖွယ် ကောင်းသည့် ဖြစ်ရပ်ဆန်းကြယ်ဇာတ်လမ်းတစ်ပုဒ်ကို အောက်ပါအတိုင်း ပြောပြခဲ့လေသည်။

✿ ✿ ✿

|၄|

❑

ကျုပ်တို့ မုတ္တမကမ်းခြေအနီးမှာ လွတ်လပ်ရေးရပြီးစက ရွာအနည်း အကျဉ်းပဲရှိတယ် စာရေးဆရာ။

ခုခေတ်ရောက်မှ ပင်လယ်ကမ်းခြေတစ်လျှောက်လုံးမှာ ငါးအိမ်စု၊ ဆယ်အိမ်စု၊ ဆယ့်ငါးအိမ်စု၊ အိမ်စုရွာကလေးများကနေ အိမ်ခြေငါးဆယ်၊ တစ်ရာ၊ နှစ်ရာ ရွာကြီးတွေ ဖြစ်ကုန်ကြတာ။





သို့သော် လွတ်လပ်ရေးခေတ်ဦးမှာ မုတ္တမကမ်းခြေတစ်ခုမှာ အိမ် ခြေ ငါးဆယ်ကျော်ရှိတဲ့ ရွာနှစ်ရွာရှိခဲ့ဖူးတယ်။

တစ်ရွာနဲ့တစ်ရွာ တစ်မိုင်ခန့်ဝေးတယ်။

ကြားမှာ ငါးအိမ်တစ်စု၊ သုံးအိမ်တစ်စု အိမ်ရွာကလေးများပဲ ရှိတယ်။

တစ်ရွာရဲ့အမည်က 'ငါးတက်' ရွာတဲ့။

"ဘာလို့ ငါးတက်ရွာလို့ ခေါ်ရတာတုံး ... ဘရန်ကုန်"

"အကုသိုလ်လုပ်ငန်း အကျိုးပေးတဲ့ရွာလို့ ခေါ်ရမလားမသိဘူး။ မိုးရာသီရောက်ရင် ပင်လယ်ရေပြင်က ငါးတွေရော၊ ချောင်းမြောင်းရေပြင် က ငါးတွေရော၊ ကုန်းပေါ်လူနေ ရွာထဲရောက်အောင်တက်တာ။ ကောက် လို့မကုန်ဘူး။ အဲဒါကိုအစွဲပြုပြီး ငါးတက်ကုန်းရွာလို့ ခေါ်ကြတာ။ ငါးပိ ငါးခြောက် အလွန်ထွက်တဲ့ရွာပေါ့။

နောင်တော့ တံငါရေလုပ်ငန်း အဓိကလုပ်ကိုင်သည့် ရွာကြီးဖြစ်ပြီး စီးပွားရေးလုပ်ငန်းအောင်မြင်လို့ လူချမ်းသာများ၊ စားနိုင်သောက်နိုင် သုံးနိုင် စွဲနိုင်သူများရှိတဲ့ ရွာအဖြစ် ထင်ပေါ်ကျော်ကြားခဲ့တယ်။

နောက်တစ်ရွာရဲ့အမည်က တောင်ယာကုန်းရွာတဲ့။ သူကလည်း နာမည်နဲ့လိုက်ဖက်အောင်ပါပဲ စာရေးဆရာ။

တောင်ယာစိုက်ပျိုးသည့်လုပ်ငန်းမှာ ပြိုင်ဘက်မရှိ ရေမြေကောင်း သည့်ရွာဖြစ်ခဲ့တယ်။

ရွာမှာ အထိကရရေကန်ကြီးက နှစ်ကန်၊ နွေမိုးဆောင်း ရေမပြတ် ဘူး။ ချောင်းရေကလည်းရှိတယ်။ လယ်ယာလုပ်ငန်းလည်းဖြစ်တယ်။ စား ချင်တဲ့အပင်ကိုစိုက် အားလုံးဖြစ်ထွန်းတယ်။

ခက်တာက နှစ်ရွာပေါင်း ဘုန်းကြီးကျောင်းတစ်ကျောင်းပဲရှိတယ်။ ရှိတဲ့ကျောင်းက တောင်ယာကုန်းရွာမှာပဲရှိတာ။ ဘုန်းကြီးအိုကြီးတစ်ပါးနဲ့ ကိုရင်ငါးပါးပဲရှိတယ်။

သာမှုနာမှုရှိရင် တောင်ယာကုန်းဘုန်းကြီးအိုကြီးပဲ။ မသာဆို လည်း မသာအလျှောက်၊ အလှူမင်္ဂလာဆိုလည်း အလှူမင်္ဂလာ အလျှောက် လိုအပ်သလို စီစဉ်ဆောင်ရွက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးငါးပါး သုံးပါး လိုအပ်ရင် ဘုန်းကြီးအိုကြီးက ဟိုမြို့ပေါ် ရှိရာ ခရီးမိုင်အဝေးကြီးကို လှည်းနဲ့သွားပြီး လိုတဲ့ဘုန်းကြီး ပင့်ရတယ်။ နေ့ဝက် အသာလေးကုန်ရော။

တံငါရွာက ပိုက်ဆံရှိပေမင့် ...

ငါးတက်ကုန်းမှာလည်း ဘယ်ဘုန်းကြီးမှ မနေချင်ဘူး။ ကျောင်း မထိုင်ချင်ဘူး။ ဘာလို့လဲဆိုတော့ တစ်ရွာလုံးက အရက်သမားနဲ့ လူမိုက် များတယ်။ ပိုက်ဆံရှိတော့ လူမိုက်မွေးကြတယ်။

တစ်ရွာလုံး သတ်ရဲဖြတ်ရဲချည်းပဲ။

ဘယ်လောက်ပဲ မိုက်မိုက်ရဲရဲ ဓားပြဗိုလ် ကာယသိဒ္ဓိရွှေဗျိုင်းတို့၊ ရှင်ဘုရင်သိန်းမောင်တို့၊ ဓားပြဗိုလ် စနေဂြိုဟ်တို့အဖွဲ့နဲ့တွေ့ရင် ငြိမ်ရ ပြေးရ အရှုံးပေးရရော။

ဟုတ်တယ် ...။ သင်းတို့ရွာသားတွေက တံငါလူကြမ်းတွေကိုး။ အမြဲတမ်း မူးယစ်နေတာ။ ပင်လယ်ကနေ ငါးဖမ်းပြီး ပြန်ဝင်လာရင် ပိုဆိုး။ အရက်ဆိုင်တန်းဝင်၊ အားရပါးရသောက်ပြီး ပျော်ပါးရီတွေ။

ပြီး အချင်းချင်း မူးယစ်ထေ့ရစ်ပြီး ရိုက်ကြ၊ ခုတ်ကြ၊ သတ်ကြ။

ဓားပြဗိုလ် ကာယသိဒ္ဓိရွှေဗျိုင်းဆိုတာ ပေါ့သေးသေးမဟုတ်ဘူး။ သေနတ်ပီးတယ်လို့ကျော်တဲ့ ဓားပြကြီး။

မိန်းမချောချောတွေ့ရင် ရှင်ဘုရင်များ တော်ကောက်သလို ကောက် တာ။ ဒါကြောင့် အပျိုချောချော အရွယ်ရောက်လာရင် မြန်မြန် လင်ပေးစား ရတယ်။

နို့မို့ ... ကာယသိဒ္ဓိရွှေဗျိုင်း သေနတ်ပြပြီး လာခေါ်ရော။

ကာယသိဒ္ဓိရွှေဗျိုင်းဆိုတာ အပျိုရယ်၊ အအိုရယ် သိပ်ရွေးရှောင် နေတာမဟုတ်ဘူး။ သူ့မျက်စိထဲမှာ ချောနေတယ်။ လှနေတယ်။ နှစ်သက် နေတယ်ဆိုရင် ကလေးနှစ်ယောက်အမေလည်း ယူတာ၊ ခေါ်တာ၊ ဆွဲတာ သိမ်းတာပဲ။

အဲဒါ ကာမပိုင်လင်လုပ်သူကို လူရှေ့သူရှေ့သတ်ဖို့ ဝန်မလေးဘူး။ ဖြစ်ပြီးပါရောလား။ ပိန်းကော်ကြီး ရွာက မစန်းမြညိုဆိုတာ၊ လုံးကြီးပေါက်လှ၊ ချောချောကြီး။





ကလေးနှစ်ယောက်အမေဆိုတော့ ဖွံ့ထွားပြီး တင်းရင်းကားနေ တာ။ လမ်းလျှောက်ရင် အပေါ်ရော အောက်ရော တုန်ခါနေတာ။

အဲဒါ မလိုသူက ကာယသိဒ္ဓိရွှေဗျိုင်းကို သွားသံတော်ဦးတင်လို့ ရွှေဗျိုင်း လာကြည့်သွားတယ်။

"ဘယ်လိုလဲ ... အာစရိ"

"ကြိုက်တယ်"

ဖြူဖြူဝင်းဝင်း၊ မှည့်မှည့်တင်းတင်း ရေဆေးငါးကြီးလို အဝှုံအတစ် ကြီးကိုမြင်ရော ကာယသိဒ္ဓိရွှေဗျိုင်း ရွှေဘောတော်ကျသွားပါရော။

"အာစရိကြိုက်ရင် ဘယ်လိုလုပ်မတုံး"

"ငါ ကြည့်စီစဉ်ပါ့မယ်။ မင်းတို့ အသာနေ"

ဓားပြဗိုလ်လူမိုက်ကြီးရွှေဗျိုင်း ကလေးနှစ်ယောက်အမေ စန်းမြညို ကို တွေ့သွားပြီး မကြာမီ တော်ကောက်မယ်ဆိုတဲ့သတင်းလည်း ကြား ရော ...

စန်းမြညိုရဲ့ယောကျ်ား အောင်ကြီး လန့်သွားပြီ။ မြို့ပေါ်ပြောင်းပြေး ဖို့ စီစဉ်ပါရော။

နက်ဖြန်ဆို ပြောင်းတော့မယ်။ အားလုံး ထုပ်ပိုးပြီးပြီ။

ဒီနေ့မှာပဲ အောင်ကြီး အသတ်ခံလိုက်ရရော။

ဘယ်သူသတ်သွားမှန်း မသိလိုက်ရဘူး။ ဟင်းစားကွန်ပစ်နေတုန်း သူလိုကိုယ်လို ငါးရှာဖားရှာသမားလို လူနှစ်ဦး အနီးရောက်လာပြီး ...

"အောင်ကြီးက မင်းလားဟေ့"

"ဟုတ်တယ်ဗျ ... ခင်ဗျားတို့က ..."

"ဟုတ်ရင် သွားတော့"

"ဖွင် ..."

"အား ... မ ... လေး ... ဗျ"

မေးခွန်းအဆုံး အဖြေအဆုံးမှာ အောင်ကြီးရဲ့ရင်ဝကို ကိုးလက်မ ဓားမြှောင် အသွားအပြားတစ်ဆုံးဝင်ပြီး ပွဲချင်းပီး သေသွားရှာတယ်။

မြင်လိုက်ရသူ ငါးဖမ်းသူများ အသံကြားလို့ မြင်ရလို့ ပိုင်းလာ ရော အယောင်ဆောင်လူဆိုးနှစ်ယောက် မရှိတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



တိုတိုပြောရရင် အောင်ကြီး အသုဘရက်လည်ပြီး နောက်နေ့ညမှာပဲ အချောအလှ အောင်ကြီးမိန်းမ မစန်းမြညိုကို ကာယသိဒ္ဓိရွှေဖျိုင်းတို့ မြင်းနဲ့တင် ခိုးခေါ်သွားပါရော။

ငိုယိုကျန်ရစ်ခဲ့တဲ့ ကလေးနှစ်ယောက်ကတော့ ရွာကအမျိုးများက ခေါ်ယူမွေးစားခဲ့ကြတယ်။

နှစ်ပတ်လောက်နေတော့ စန်းမြညိုရဲ့အလောင်းကို ငါးတက်ကုန်း ကျေးရွာရဲ့ကွင်းစပ်မှာ ဓားဒဏ်ရာ အချက်ပေါင်းများစွာနဲ့ မြင်မကောင်း ရှုမကောင်း သေဆုံးနေတာကို တစ်ရွာလုံး မြင်တွေ့ရပြီး စိတ်ထိခိုက်လို့ မဆုံးကြဘူး။

နောက်လအတန်ကြာမှာ ဘာကြောင့် စန်းမြညို ရွာအဝင်ရွာပြင်မှာ ရက်ရက်စက်စက် အသတ်ခံရတာလည်းဆိုသည့် အဖြေကို ရွာကျော်သတင်းအနေနဲ့ ကြားရတော့တယ်။

စန်းမြညိုကို ကာယသိဒ္ဓိရွှေဖျိုင်းက အမွှာခေါ်ပေါင်းတယ်။ မင်းဝေးမြို့ဝေး၊ ရဲမရှိအရပ်ဆိုတော့ ဘယ်သူ့မှ မတိုင်ရဲကြဘူး။ စောင့်နားထောင်ဘဝနဲ့ လက်နက်ရှိသူတို့ရဲ့ နိုင်ရာစား အညှဉ်းပန်း အနှိပ်စက်ခံဘဝနဲ့ နင်းပြားများ ဖြစ်နေချိန်လေ။

လွတ်လပ်ရေးခေတ်ဦး ...

နိုင်ငံရေးဇာတ်ခေါင်းကွဲသည့်ကာလ ...

အကုန်လုံးနီးပါး တောခိုသူပုန်နဲ့ သူခိုးဓားပြ ဆူပူသောင်းကျန်းနေချိန်ကာလဆိုးကြီး ...

ကြားရချက်ကလည်း အံ့သြဘနန်းပဲ။

သားဇောလား၊ လင်ဇောလား၊ အရူက်ဇောလား မသိဘူး။ ကာယသိဒ္ဓိရွှေဖျိုင်းက အလိုမတူဘဲ အမွှာကျင့်လို့ မယားပြုတယ်။ ပြောရရင် ရွှေဖျိုင်းရဲ့ မယားငါးယောက်အနက် အခုပေါင်းနေတဲ့ မြညိုက အချောဆုံး၊ အလှဆုံး၊ အတောင့်ဆုံးပဲ။

စန်းမြညိုကလည်း သဘောပေါက်လိုက်တယ်။ သူ့ကို အမွှာသိမ်းပိုက်ချင်လို့ သူမရဲ့ချစ်လင် ကိုအောင်ကြီးကို ရွှေဖျိုင်းတို့ သတ်လိုက်တာ။

ခု ချစ်လင်လည်း သေပြီ။





သားနဲ့သမီးလည်း အမိမဲ့ အဖမဲ့ဘဝနဲ့ ရွာမှာ မျက်ရည်လည်ရွဲ ကျန်ရစ်ခဲ့ရပြီ။ သူမလည်း ဓားပြမယား အလိုလို ဖြစ်ခဲ့ရပြီ။

ဘဝက သေမထူး နေမထူးပဲ။

သင်းလို ဓားပြကိုလင်တော်ပြီး ရွာကျန်ကလေးနှစ်ယောက်ကို ပြန်ခေါ်ရမလား။

မဖြစ်ဘူး။

ဓားပြကို ပထွေးမတော်စေချင်ဘူး။ အဖေ မခေါ်စေချင်ဘူး။

ဒါဆို ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်ရမလား။

အဲဒါဆိုရင် ...

ရွာကျန်ကလေးနှစ်ယောက် လူ့လောကမှာ မျက်စိသူငယ် နားသူငယ် ကျန်ရစ်ခဲ့ရမယ်။ ဒါက ကိုယ်လွတ်ရုန်းတဲ့စိတ်။

သူမရဲ့ဘဝကို ကိုယ်ချင်းစာနာမိတာက ...

ထမင်းချက် ဒေါ်ဒေါင်းနဲ့ ကာယသိဒ္ဓိရွှေဖျိုင်းရဲ့ စတုတ္ထမယား မဖျက်ကြီးပဲ။ မဖျက်ကြီးက ပုသေးသေး ချောချောယဉ်ယဉ်လေး။ သူတို့ကလည်း ရွှေဖျိုင်းတို့လက်က မလွတ်နိုင်မှန်းသိလို့ ပြေးကွက်ကို မကြံစည် မစဉ်းစားတော့ဘူး။

ဒီဘဝ ဖြစ်သမျှအကြောင်း အကောင်းလို့ တွေးနေကြသူတွေ။

စန်းမြညိုကိုတော့ ကလေးအမေမို့ သနားကြတယ်။ ရဲရင်လုပ်လို့ မဖျက်ကြီးက မြှောက်ပေးတယ်တဲ့။

"ညည်းကို တစ်ခုကြံပြောမယ် ... မစန်း"

"ဘာလဲ ... အစ်မဖျက် ... ဟင်လို့"

"ရွှေဖျိုင်းက ဓား၊ သေနတ် ပီးတယ်"

"ဟုတ်လို့လား ... အစ်မရယ်"

"နင်ကြိုက်ရာ သေနတ်နဲ့ပစ် ကျည်လွဲတယ်။ မီးမကူးဘူး။ မှန်ရင် မသေဘူး"

"ဟင် ..."

"ဓားနဲ့လှံနဲ့ထိုးရင် ပြန်ခုန်ထွက်တယ်"

"ဘုရားရေ ... မလွယ်ပါလား ... အစ်မရယ် ဟင်"

www.burmeseclassic.com



"ဒါကြောင့် ဒီနယ်မှာဗိုလ်ဖြစ်နေတာ။ လက်မထောင်နေတာပေါ့"

ဒီလို သိဒ္ဓိမြောက်နေတဲ့ လူထူးလူဆန်းကို ဘယ်လိုလုပ်ကြရမှာလဲ။

သူ့ကို ရေနှစ်သတ်ရင် သေနိုင်တယ်။

ဘယ်လိုသူ့ကိုဖြားယောင်းပြီး ရေထဲနှစ်သတ်လို့ရမှာလည်း ...

စဉ်းစား ... စဉ်းစား ... စဉ်းစား ... ရပြီ ... ရပြီ၊ ဟုတ်ပြီ။

ဒါနဲ့ ကာယသိဒ္ဓိရွှေဗျိုင်း မူးပြီးအိပ်မောကျနေချိန်မှာ သူ့ခန္ဓာကိုယ်ကို ဓာတ်ဆီဖျန်းပြီး မီးရှို့လို့ စန်းမြညို ထွက်ပြေးခဲ့လိုက်တယ်။

ရွှေဗျိုင်းတစ်ကိုယ်လုံး မီးဟုန်းဟုန်းတောက်ပြီး ထပြေးတာ။ စန်းမြညိုကလည်း သင်းကို မီးလောင်တိုက်သွင်းပြီးချင်းပဲ အသားကုန် ထွက်ပြေးခဲ့တာ ...

အချိန်က ညဉ့်သန်းခေါင်။

သူမရွာရှိရာကို စောစောကတည်းက မေးမြန်းစုံစမ်းပြီးသား။ ဒီလိုနဲ့ နှင်းတောထဲမှာ တစ်ညလုံးဖြတ်ပြေးပြီး ရေစပ်မှာတွေ့တဲ့လှေ တစ်စင်းနဲ့ လှော်ပြီးပြေး ...

မိုးလင်းကာနီးလည်းကျရော သူမရဲ့ ဇာတိချက်ကြွေရွာ ငါးတက်ကုန်းရွာကို လှမ်းမြင်ပြီး သားသမီးဇောနဲ့ အားရပါးရ ပြေးလာခဲ့တာ။

ရွာဝင်ကာနီးကာမှ နောက်က မြင်းကိုယ်စီ အပြင်းနှင်လိုက်လာတဲ့ ကာယသိဒ္ဓိရွှေဗျိုင်းရဲ့ တပည့်နောက်လိုက် ငမည်းလုံး၊ တိုင်းလုံးကျော်၊ မီးတောက်နဲ့ ဓားပျံကျိုးကြီးတို့ သူမကို မီသွားခဲ့တယ်။

သည့်နောက် ရက်ရက်စက်စက်ပါပဲကွယ်။

ငှက်ကြီးတောင်ဓားရှည်ကိုယ်စီနဲ့ အားနွဲ့ပြီး ဘာလက်နက်မှ မရှိသည့် မိန်းမသားစန်းမြညိုကို ဝိုင်းခုတ်သတ်ပစ်လိုက်ကြတာ။

ဓားချက်တွေက ...

ငါးကို ဓားနဲ့မွှန်းထားသလိုပဲ။ ရွာကလူတွေ အော်သံ ငိုသံကြားလို့ ပြေးဝိုင်းလာရော ငါးတက်ကုန်းရွာသူ စန်းမြညို အသက်မရှိတော့ဘူး။

❁ ❁ ❁

[၅]

❑

စီးပွားရေးကောင်းသည့် ရွာမှန်သမျှ ကာယသိဒ္ဓိရွှေဗျိုင်းတို့လက်ချက်နဲ့ မကင်းဘူး။ ရွှေဗျိုင်းကလည်း သေကို မသေနိုင်ဘူး။

သည်တော့ ငါးရွဲဒိုင်သူဌေး၊ ငါးပိဒိုင်သူဌေးတွေ ငါးတက်ကုန်းရွာမှာ မနေရဲတော့ဘူး။

ငါးတက်ကုန်းရွာမှာ ငါးရွဲသူဌေးများမရှိတော့ အနီးဝန်းကျင်က စက်လှေပိုင်သူ၊ တုံကင်းပိုင်သူ၊ စပါးတင်လှေကြီးများနဲ့ ရောင်းဝယ်ဖောက်ကားတဲ့ ရွာတွေကို လှည့်တိုက်တာပဲ။

ပိုဆိုးချင်တော့ ...

ခေတ်က ပျူစောထီးခေတ် ...

ပျူစောထီးခေတ်ဆိုတာ အခုလူတွေ ဘာမှန်း သိချင်မှသိမယ်။ ဦးနုအစိုးရခေတ်မှာ ဆိုရှယ်လစ်နိုင်ငံရေးသမားတွေက မြန်မာကွန်မြူနစ် သောင်းကျန်းသူတွေကို အမြစ်ဖြုတ်ဝင်တိုက်ဖို့ ဖွဲ့စည်းပေးလိုက်တဲ့ ပြည်သူ့စစ်တစ်မျိုးပဲ။

အမြို့မြို့က ရွာကြီးတွေမှာ ပျူစောထီးတပ်ဖွဲ့ဆိုတာ ရှိခဲ့ဖူးတယ်။ ရပ်ထဲရွာထဲက အလုပ်မရှိ၊ အကိုင်မရှိ တေလေကျပိုး၊ ဖဲသမား၊ အရက်သမားကြက်သူခိုးကအစ ပျူစောထီးကာကွယ်ရေးအဖွဲ့ထဲ ဝင်သွားတော့ ...

သေနတ်တကိုင်ကိုင်၊ ဒုတ်တကိုင်ကိုင်နဲ့ပေါ့။

www.burmeseclassic.com



ကြာလာတော့ . . .

ကွန်မြူနစ်ရန် ကာကွယ်ရေးကို အကြောင်းပြပြီး အိမ်တကာ အလှူခံသလို ရန်ပုံငွေရှာ (သူတို့လည်း ပိုက်ဆံရှိသည့်အိမ် မိုက်ကြေးခွဲ၊ ဆက်ကြေးကောက်တာပဲ)

နေ့ခင်းဘက်မှာ ကျေးရွာကာကွယ်ရေး ပျူစောထီးဖြစ်။

ညဥ့်သန်းခေါင်ကျော်ရင် မျက်နှာဖုံးစွပ်ပြီး သူဌေးအိမ်ကြီးအိမ်ကောင်းများကို ဓားပြတိုက်။

ပြီးရင် 'ရွှေဗျိုင်းကွ' အော်ချင်အော်။

'ငမည်းကွ' လို့ အော်ချင်အော်သွားတာ။

ရဲမရှိသည့်အရပ်မှာ ပျူစောထီးမင်းမူတာပေါ့။ ပျူစောထီး ကာကွယ်ရေးအဖွဲ့ရဲ့နောက်မှာ နိုင်ငံရေးသမား အကြီးကြီးတွေရှိတယ်လေ။ သည်တော့ ပျူစောထီးအဖွဲ့သားတွေ လုပ်ချင်ရာလုပ် ရဲစခန်းကလည်း အရေးမယူရဲဘူး။

ပိုဆိုးတာက သန့်ရှင်း၊ တည်မြဲ၊ ပမညတ မဲရွေးပွဲမှာ အဆိုးဆုံးပဲ။ ပြိုင်ဘက်ပေါ်လာရင် သေတာပဲ။ အဲဒါ ဘယ်သူ့လက်ချက်လည်း မမေးနဲ့ အားလုံး သိပြီးသားပဲ။

အဲဒီခေတ်ကာလတုန်းက ပျူစောထီးတပ်ကို နိုင်ငံရေးသမားအချို့ရဲ့ ခါးပိုက်ဆောင်တပ်လို့ ခေါ်ကြတယ်။

နောင်အခါ ပျူစောထီးကာကွယ်ရေးအဖွဲ့ရဲ့ ဖြစ်ရပ်မှန် အကြောင်းစုံကို မဟုတ်မခံ နိုင်ငံရေးသမားကြီးများက လွှတ်တော်မှာ အထောက်အထားနဲ့တင်ပြပြီး ဖျက်သိမ်းပေးဖို့ ဝန်ကြီးချုပ်ဦးနုအစိုးရကို အရေးဆိုရတယ်။

သည်တော့မှ ဝန်ကြီးချုပ်ဦးနု ပျူစောထီးတပ်ဖွဲ့ခွင့်ပေးလိုက်တဲ့ အမှားကို သိရှိနားလည်ပြီး ချက်ချင်းပဲ ပျူစောထီးကို ဖျက်သိမ်းပေးခဲ့ရတယ်။

ဆိုလိုတာက . . .

လွတ်လပ်ရေးရပြီးစမှာ တောရွာကျေးလက်ကလူထုတွေ ဘယ်သူ့ကို အဖေခေါ်ရမှန်းမသိဘူး။

ပျူစောထီးလာရင်လည်း လက်အုပ်ချီရတယ်။





နစ်နီဆိုတာလာရင်လည်း ထိုင်ကန်တော့ရတယ်။

နစ်ဖြူလာရင်လည်း ဘုရားထူးရတယ်။

အဝါဆိုတာလည်း အရှိအသေပေးရတယ်။

အပြာတွေလာခဲ့ရင်လည်း မှန်ပါ့လို့ ခေါင်းညိတ်ရတယ်။ 'ရွှေဗျိုင်း' တို့ 'ရှင်ဘုရင်သိန်းမောင်' တို့၊ 'ငမည်း' တို့၊ 'သုံးတောင်ပြန် မိုးကြိုး' တို့ သန်းခေါင်ကျော်ရောက်လာရင် . . .

ရွှေလည်းပေးရတယ်။ ငွေလည်းပေးရတယ်။

သမီးလည်း အမွှေခေါ်ချင် ခေါ်သွားတာ။

စန်းမြညိုတို့လင်မယား သေရတဲ့ဘဝကို ကြည့်လေ . . .။

အခု သူဌေးမှန်သမျှ မြို့ပေါ်ပြေးကုန်ပြီ။ ရွာမှာကျန်တာ လက်လုပ်လက်စားပဲ။ ကျန်တဲ့လက်လုပ်လက်စားက သူပုန်တို့၊ တော်လှန်ရေးအဖွဲ့ ဆိုတာတို့ဓာ လစဉ်ကြေး၊ နှစ်စဉ်ကြေး၊ ဆက်ကြေးပေးရတယ်။

တိုက်ပွဲကြီးများဖြစ်ရင် . . .

ထမင်းထုပ်ဆင့်လို့ ပို့ပေးရသေးတယ်။

ဓားပြကလည်း သူပုန်နဲ့ အပေးအယူရှိပြီးသားဆိုတော့ နေ့ခင်းကြောင်တောင်တောင် ဝင်တိုက်ရဲတယ်။ ကြောက်စရာမရှိဘူး။

ဓားပြဆိုတာကလည်း သူဌေးအိမ်၊ ပိုက်ဆံရှိတဲ့အိမ် ရွေးတိုက်ရတာကိုး။ ပိုက်ဆံရှိတဲ့အိမ်ရှားသွားရင် သူတို့က သက်နီးဝတ်သွားကြတာ မဟုတ်ဘူး။

နောက်တစ်ရွာ ပြောင်းတိုက်တာ။ ရသမျှ အကုန်သယ်တာ။

မပေးရင် ပစ်သတ်တာ။

အခု ကြားနေရတာ ကျုပ်တို့တောင်ယာကုန်းရွာကို ဝင်တိုက်မယ်၊ စီးမယ်လို့ ကြားနေရတာ။

သူပုန်က ဝင်စီးမလိုလို၊

ရွှေဗျိုင်းတို့ဓားပြဂိုဏ်းက ဝင်တိုက်မလိုလို၊

ငမဲတို့အဖွဲ့လိုလို။

ကျုပ်တို့တောင်ယာကုန်းမှာ ကာကွယ်ရေးမရှိဘူး။ ရွာစည်းရိုးလည်း မရှိဘူး။ ရွာပြင်ဝန်းကျင်မှာက တောင်ယာခင်းတွေရှိသကိုး။ သူခိုးသူဝှက်

www.burmeseclassic.com



လည်းမရှိဘူး။ ကုန်ကုန်ပြောရရင် အိမ်တံခါးဖွင့်ထားဦး ဒန်အိုးဒန်ခွက် ဝင်နိုးမည့်သူမရှိဘူး။

တစ်ရွာလုံးမှာ လူချမ်းသာဆိုတာမရှိဘူး။ သို့သော် အားလုံး ငါးပါးသီလကို ခါးဝတ်ပုဆိုးလိုမြဲပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဗြဟ္မစိုရ်တရားလေးပါးနဲ့ နေကြသမို့ လောဘ၊ ဒေါသ၊ မောဟ နည်းကြတယ်။

သို့သော် ...

ဓားပြဆိုတော့ ကြောက်ရတာပေါ့။

အလံဖြူ၊ အလံနီ၊ အလံဝါ၊ အလံပြာတွေကတော့ ရွာကို မကြာခဏ ရောက်ရောက်လာတယ်။ နိုင်ငံရေးတရားဟောတယ်။

ဖ ● ဆ ● ပ ● လ အစိုးရကို အပြုတ်တိုက်ရမယ်တဲ့။

လယ်သမားအစိုးရ၊ အလုပ်သမားအစိုးရ ထူထောင်ရမယ်တဲ့။

ကိုယ့်လုပ်အားတန်ဖိုးအတိုင်း ရကိုရ,ရမယ်တဲ့။

ခေါင်းပုံဖြတ် အမြတ်ကြီးစား ဒီမြေပေါ်မှာ မရှိရဘူးတဲ့။

အရင်းရှင်နယ်ချဲ့နောက်လိုက် အလိုမရှိဘူးတဲ့။ ပြီး ... သူတို့ပဲဆက်ကြေးကောက်တယ်။ ဆန်နဲ့ကြက်ဘဲ ရိက္ခာအလှူခံတယ်။ စစ်တိုက်သံကြားရင် ရှိတဲ့ဟင်းနဲ့ ရွာကထမင်းထုပ်ဆင့်ရတယ်။ အမေရိကန်၊ အင်္ဂလန် မကောင်းကြောင်း သူတို့ကြားအောင် အော်ပြောရတယ်။

မော်စီတုံးနဲ့ စတာလင်၊ လီနင်တော်ကြောင်း ပြောရတယ်။ အဲဒီလိုရွာပေါင်းစုံကို အမျိုးမျိုးနှိပ်စက်နေတဲ့ လူတော်တွေကို အစိုးရတပ်က ထိုးစစ်ဆင်လိုက်ရော ...

မုတ္တမပင်လယ်ဘက်ကမ်း ခွေးပြေး ပြေးသူကပြေး၊

ပဲခူးဝင်ပြီး တောင်ငူနဲ့ ပဲခူးရိုးမ ပြေးသူကပြေး၊

အချို့ မီးပြပင်လယ်ကနေ တွံတေးတောကြီးတန်း၊ မှတ်ကျွန်းသောင်ခုံဘက် ပြေးလိုပြေး ရောက်ကုန်ကြတယ်။

အခု အနီးကပ်ကြောက်နေရတာ ဓားပြရန်ပဲ။

ဓားပြက သူပုန်လို လူစုလူဝေး တဲနဲ့ ကန္တာရနဲ့နေတာမဟုတ်ဘူး။ လွှန်လွှန်ကျွံကျွံရှိလှ လူဆယ်ယောက်ပဲ။





စုဝေးနေတာမဟုတ်ဘူး။ ဟိုရွာတစ်ယောက်၊ ဒီရွာတစ်ယောက် နေကြတာ။ သူပုန်ဝင်လာရင် လူအုပ်များလို့ မြင်ရတယ်။ ဓားပြဝင်လာရင် မမြင်ရဘူး။

ပြီး ကာယသိဒ္ဓိရွှေဖျိုင်းတို့၊ မြေည်းတို့က ရက်စက်တယ်။ ဓားပြဆိုက်ဖို့ကို ကြိုလေ့လာထားတာ။ ဦးဘအိမ်တိုက်မယ်ဆိုရင် ဦးဘမှာ ရွှေလက်ကောက်က ဘယ်နှစ်ကွင်း၊ ဆွဲကြိုးက ဘယ်နှစ်ကုံး၊ ရွှေခြေချင်းက ဘယ်နှစ်ခု၊ နားကပ်၊ လက်စွပ်က ဘယ်နှစ်ခု ရှိတယ်ဆိုတာ စာရင်းစာရွက်အရ ထုတ်မပေးဘဲ ငြင်းကွယ်နေရင် ...

လျှာကို ဖြတ်တယ်၊ ပါးစပ်ကို ဓားနဲ့လှီးတယ်။ နှာခေါင်းနဲ့ နားရွက်ကို ဖြတ်တယ်၊ လက်ချောင်းတွေကို ခုတ်ဖြတ်ပစ်တယ်။

လှတဲ့မျက်နှာကို အရုပ်ဆိုးသွားအောင် ဓားနဲ့မွှန်းတယ်။ ဒါကြောင့် ချုပ်တို့နယ်သား ရွာစွန်သားတွေက သူပုန်ထက် ဓားပြကို ပိုကြောက်တယ်။ သူပုန်က အပြော ပညာတတ်ဆန်တယ်။ စည်းကမ်းရှိတယ်။

ဓားပြက လိုတာမရရင် လူပါသတ်တာ။

သိန်းမောင်တို့၊ ရွှေဖျိုင်းတို့ဆို လုံးကြီးပေါက်လှ သမီးပျိုတွေ့ရင် အခမ္ဘခေါ်တာ။ မလိုက်ရင် လူရှေ့သူရှေ့ သတ်ပစ်တာ။

ဒါဆို သူပုန်က မကာကွယ်ဘူးလား ... ဟုတ်လား။

ပုလင်းတူ ဘူးဆို့သားအဖဥစ္စာ။ သူပုန်ကို ဓားပြက တိုက်ရာပါ သုံးပုံတစ်ပုံ ဆက်ကြေးရွာကြေးပေးရင် ပီးဥစ္စာ။

ရဲကို မတိုင်ဘူးလား ... ဟုတ်လား။

ရဲက ရွာထဲကို မဝင်ရဲဘူး။ စစ်တပ်မှ ကြောက်တာ။

အဲဒါ အရွယ်ရောက်သမီးပျို ချောချောလှလှ၊ ဖြောင့်ဖြောင့်တောင့်တောင့် သားသားနားနားရှိရင် အမြန်လင်ပေးစားပြီး မြို့ပေါ်ပြောင်းခိုင်းရတယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၆]

❑

တစ်နေ့လည်းကျရော ကျုပ်တို့ရွာကို ဒေါက်ချာဆောင်းတဲ့ သစ်ခေါက်ဆိုး သင်္ကန်းဝတ် ရသေ့ကြီးတစ်ပါး ရောက်လာပါရောဗျာ။ ရသေ့ကြီးက ခြေတစ်ဖက် မသန်ရှာဘူး။

လမ်းသွားရင် ထော့နင်းထော့နင်းနဲ့ သွားရတယ်။

သပိတ်တစ်လုံးပိုက်ပြီး ရွာထဲမှာ လှည့်ဆွမ်းခံစားတယ်။ အံ့သြဖို့ ကောင်းတာက ခြေမသန်ရသေ့ကြီး ကျုပ်တို့တောင်ယာကုန်းရွာကို ရောက်လာတဲ့နေ့မှာပဲ။

ရသေ့အိုကြီးကို မြင်ရော ...

ရွာထဲမှာရှိတဲ့ ခွေးအကောင်တစ်ရာကျော် ရွာဝကနေ ထွက်ကြိုပြီး အူကြတာပဲ ... စာရေးဆရာရေ။

"အူ ... အူး ... ဝူ ... ဝူး ..."

"အိန် ... အိန် ... ဂိန် ... ဂိန် ..."

"အူ ... အူ ..."

"ဂိန် ... ဂိန် ..."

ခွေးအူပုံက မင်္ကောင်းဆိုးဝါး တစ္ဆေသရဲကို မြင်သည့်အခါ အူသည့် အူသံမျိုးတော့ မဟုတ်ဘူးဗျ။ သူတို့အော်သံက ဘုန်းကြီးကျောင်း





ဆွမ်းစားကြေးစည်ရိုက်ချိန်နဲ့ ဘုရားဝတ်တက်ပြီး ကြေးစည်ရိုက်ချိန်မှာ အော်သည့်အူသည့် အသံမျိုးခင်ဗျာ။

သို့သော် ခါတိုင်းက ရွာခွေးများသည် ဘုန်းကြီးကျောင်းရှိရာကို မျက်နှာမူပြီး အူတယ်။ ပြီးရင် ဆွမ်းကျန်ဟင်းကျန်စားဖို့ အချို့သော ရွာခွေးများက ဘုန်းကြီးကျောင်းကို ပြေးကြတယ်။

ခုဟာက အဲဒီလိုမဟုတ်ဘူး။

ရွာခွေးအားလုံး ချိန်းထားသလို တိုင်ပင်ထားသလို စုပေါင်းပြီး ရွာဝင်ပေါက်ကနေ တန်းစီပြီး ဝိုင်းဖွဲ့ပြီး ကြိုတာ အူကြတာ။

"ဟဲ့ ... ဘာဖြစ်ကြတာတုံးဟဲ့"

"မသိဘူးဗျ။ ရွာထဲကခွေးတွေ ပြေးသွားကြတာပဲ"

"အခုအူနေတာ ဘယ်နေရာကတုံး"

"ရွာအဝင်ဝက ဘကြီးဖြိုးရေ ... ရွာအဝင်ဝက"

"ဟ ... ဘုန်းကြီးကျောင်းက ကြေးစည်ရိုက်သံလည်း မကြားပါဘူး"

"ထွန်းရွှေတို့၊ လှအောင်တို့၊ ထွန်းဝံတို့ ပြေးကြည့်ကြတယ်ဗျ"

"ငါတို့လည်း ထိုင်နေလို့ ဘယ်ဖြစ်မတုံးကွ။ ဘာလဲသိရအောင် သွားကြည့်ရမယ်"

"ဒါနဲ့ ရွာလူကြီးတွေရော ရွာသူရွာသားများရော လန့်သလိုလည်း ရှိ ဆန်းသလိုလည်းရှိလို့ ပြေးကြည့်ကြရော"

ဟုတ်တာပေါ့။

ခြေထော့နင်းထော့နင်းနဲ့ အသက် (၆၀)ကျော် (၇၀) နီးပါးခန့်ရှိ ရသေ့အိုကြီးတစ်ပါး၊ သပိတ်ကို စလွယ်ကြိုးနဲ့သိုင်းပြီး သင်္ကန်းအဝတ်ထုပ်တစ်ခုနဲ့ တစ်နေရာကို ရှေးရှုလို့သွားနေတာကို မြင်ရတယ်။

သူသွားနေသည့်နေရာကို စောင့်ရပ်ကြည့်ရင်း မြင်ရရော။ ကျုပ်တို့ ရွာသူရွာသားတွေ အလွန့်ကို အံ့သြစိုးရိမ် ဖြစ်သွားကြတယ်။

သူသွားသည့်နေရာက ဘီလူးသင်္ချိုင်းကုန်း။

ဘီလူးသင်္ချိုင်းကုန်းလို့ ဘာကြောင့် ခေါ်ရသတုံးဆိုတော့ အဲဒီနေရာမှာ ဘီလူးဦးခေါင်းပြတ်နဲ့ ဘီးလူးရုပ်တုအကျိုးအပဲ့များစွာ ရှိနေလို့ ဘီလူးသင်္ချိုင်းကုန်းလို့ ခေါ်ရတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့အဘိုးအဘွားအဘိများ ပြောခဲ့ပုံအရ ပြောရရင် လွန်ခဲ့သည့် နှစ်ပေါင်းများစွာက ရေဘီလူးများက အစာရိက္ခာအတွက် သည်ကုန်းပေါ်ကိုတက်ပြီး လူနဲ့ တွေ့သမျှသားကောင်များကို စားသောက်ကြသတဲ့။

အဲဒါ ရွာရှိ လူကုန်သလောက် ဖြစ်ကုန်ဆိုပဲ။

သည်မှာ အုပ်စိုးတာ ပါဒဘုရင်တစ်ပါးတဲ့။ နာမည်တော့ မသိတော့ဘူး။ မင်းက သူရဲကောင်းမင်းဆိုပဲ။ မြတ်စွာဘုရားရဲ့ ဆံတော်ကို ဂဝံကြုတ်နဲ့ မြေမြှုပ်ပြီး ကျောက်ထီးလုပ်ပူဇော်ခဲ့တဲ့ ဘုရင်လို့လည်း ပြောကြတယ်။ သုခမှာနန်းစောရှင်ဆိုလား ပြောတယ်။

အဲဒါ ပါဒမင်းက သုဓနုလေးနဲ့ခွင်းလို့ ရေဘီလူးတွေရော၊ ကုန်းဘီလူးတွေရော အကြီးအသေးမကျန် အကုန်သေတာပဲတဲ့။

ဘီလူးတွေသေတဲ့နေရာမို့ ဘီလူးသင်္ချိုင်းလို့ ခေါ်သတဲ့။

နောင်တော့ ရှေးလူကြီးများက ဘီလူးများကို စိတ်နာကြည်းလို့ ဂဝံကျောက်များနဲ့ ဘီလူးရုပ်တုများထုလုပ်ပြီး ဘီလူးကို မင်းနဲ့ ပြည်သူနိုင်တဲ့ အောင်ပွဲအထိမ်းအမှတ်နဲ့ ...

အဲဒီ ဂဝံဘီလူးရုပ်တုများကို တုတ်၊ ဓား၊ လှံ၊ တူ၊ တင်းပုတ်များနဲ့ ဘီလူးနက္ခတ်သုန်းချိန်မှာ ရိုက်ထုဖျက်ဆီးပွဲကြီး လုပ်ခဲ့ကြတယ်။

အဲဒီကုန်းတောထဲမှာ ဘီလူးရုပ်တုအကျိုးအပဲ့ ခေါင်းပြတ်တွေ အများကြီး ပျက်စီးရှိနေခဲ့ပြီးနောက် နောင်အခါမှာ လပြည့်လကွယ်နေ့ရောက်တိုင်း သန်းခေါင်ကျော်ရင် ဘီလူးတွေ ရင်ထုငိုသံ၊ နာကျင်စူးရှ အော်ဟစ်သံများကို ရွာသူရွာသားတွေ ထူးဆန်းအံ့ဖွယ်ကြားရပြီး နောက်ဆုံး ဘီလူးသင်္ချိုင်းအနီးဝန်းကျင်ကို လုံးဝ မလာရဲကြတော့ဘူး။

"အခုရော အဲဒီဘီလူးသင်္ချိုင်းမှာ ဘီလူးရုပ်တုတွေ ရှိသေးလားခင်ဗျ"

"အချို့ မြေပေါ်မှာ ရှိသေးတယ်။ ချုံတွေ၊ ဝါးတွေကြားမှာ အောက်မှာ မြုပ်နေတယ်။ အချို့ဘီလူးရုပ်တုကြီးတွေက အကြီးကြီးပဲ။ ဒါပေမဲ့ ဦးခေါင်းလုံးဝမရှိတော့ဘူး။ နှစ်ပေါင်းထောင်နဲ့ချီ ကြာခဲ့ပြီမို့ ဘီလူးရုပ် မပေါ်တော့ဘူး။ ဂဝံကျောက်တုံးသဏ္ဌာန်မျှပဲ အချို့ ရှိနေတော့တယ်။





အဲဒီကုန်းမှာ ရှေးဟောင်းစေတီတစ်ဆူရှိတယ်။ အလှူဒါယကာက အကျွတ်အလွတ်စေတီလို့ နာမည်ပေးပြီး ကိုးတောင်ပြည့်စေတီလေး တည်သတဲ့။ ရန်ကုန်ကြည့်မြင်တိုင်သားပဲ။ ဘီလူးမအချို့ အိပ်မက်ပေးလို့ လိုက်ရှာစုံစမ်းပြီး တည်တာတဲ့။

စေတီပြီးကာနီးမှာပဲ အဲဒီဘီလူးသင်္ချိုင်းကုန်းမှာ ပိုးထိ (မြွေကိုက်) ပြီး သေဆုံးခဲ့ရတယ်။ သူ့စေတီကို ဘယ်သူမှ ဆက်ပြီးမတည်ရဲကြဘူး။

အချို့က အဲဒီစေတီကို ထီးမရှိစေတီလို့လည်း ခေါ်တယ်။ ငှက်နားစေတီလို့လည်း ခေါ်တယ်။ ခုတော့ အုတ်ပုံဘဝနဲ့ ချုံနွယ်ပိတ်ပေါင်းများအောက်မှာ ရှိနေတယ်။

သရဲတစ္ဆေခြောက်လှန့်လွန်းလို့ အဲဒီဘီလူးသင်္ချိုင်းကုန်းပေါ် ဘုရားဖူးကုန်းကို ဘယ်လိုလူမှ နေ့ရှေ့ညည မသွားရဲဘူး။

ကုန်ကုန်ပြောရရင် ကျွဲနွားတိရစ္ဆာန်များတောင် အဲဒီဝန်းကျင်က မြက်ကို မစားဘူး။ အဲဒီ ဘီလူးသင်္ချိုင်းကုန်းနားရောက်သွားရင် ကျွဲနွားများ ဘုန်းဗိုင်းနဲ့ အရိုက်ခံရပြီး အမြီးထောင်အောင်ပြေးရရော စာရေးဆရာရေ။

အခု ခြေထောက်နင်းနဲ့ ရသေ့အိုကြီး အဲဒီဘီလူးသင်္ချိုင်းကုန်းပေါ်ကို သွားနေတော့ မြင်ရသူတိုင်းက စိုးရိမ်ကြတာပေါ့။

ဒါကြောင့် ...

ရသေ့ကြီး ရွာထဲကို ဆွမ်းခံကြွလာတော့ ရွာသူရွာသားများက ဝိုင်းလျှောက်ကြ မေးကြတယ်။

"ဘရသေ့ ..."

"ဘာတုံး"

"ဘရသေ့ဘွဲ့က ဘယ်လိုခေါ်သတုံး"

"ခေါ်ချင်သလို ခေါ်ကြ"

"ဟာ ... ဘရသေ့ကလည်း အမည်တော့ရှိမှပေါ့"

"အမည်ဆိုတာ ပညတ်ဟ"

"ညတ်လည်းညတ်၊ မညတ်ချင်လည်း ညတ်ပေါ့။ ပြောပါ ... ဘရသေ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘရသေ့လို့ခေါ်ရင် ပြီးတာပါပဲ"

"ဘရသေ့ ဘယ်ကကြွလာတာတုံး"

"ပုပ္ပားအရပ်ကပါ"

"ဘရသေ့ ..."

"ပြော"

"ခုနေတဲ့ကုန်းမှာ မနေပါနဲ့ ဘရသေ့"

"ရွာလူကြီးတွေက မကြိုက်လို့ နှင်တာလား"

"ရွာလူကြီးတွေ မကြိုက်လို့ မနေစေချင်လို့ မဟုတ်ဘူး။ အခု ဘရသေ့နေတဲ့ကုန်းက မြေကြမ်းတယ်"

ရွာသူရွာသားများက ဝိုင်းပြောကြတာပေါ့ဗျာ။

"ဘာကုန်းမို့လို့တုံး"

"အဲဒါ ဘီလူးကုန်းခင်ဗျ"

"ဘီလူးသချိုင်းကုန်းလို့လည်း ခေါ်တယ်"

"ပညာသည်တောင် တစ်ညမအိပ်ရဲဘူး ဘရသေ့"

"တစ်ခါဗျာ ... ရွာဖျားက ကိုကြွက်ထွန်းနွား အဲဒီဘီလူးသချိုင်း ထဲဝင်သွားတာ ပြန်ခေါ်လို့မရဘူး။ အချိန်တန်တော့လည်း ပြန်မလာဘူး။ နောက်နေ့ လူစုပြီး တုတ်ဓားလက်နက်တွေနဲ့ တက်ရှာတော့ နွားခမျာ အရိုးနဲ့ခေါင်းပဲ ကျန်တော့တယ်ဘုရား"

"ဘယ်လိုကြောင့်တုံး"

"ဘီလူးသချိုင်းက ဘီလူးတွေ စားတာပေါ့ဘုရား"

"ဘီလူးတွေက ဝန်ခံလို့ ပြောလို့လား"

"အားလုံး အသိသာကြီးပါဘုရား"

"ဟော ... ဟိုမှာ ရွာလူကြီးဦးအုဝ် လာနေတယ်"

"အဘအုဝ် ..."

"အိမ်း ... ဘရသေ့ကြီးနဲ့ ဘာတွေပြောနေကြတုံးဟဲ့"

"ဟို ... ဘီလူးသချိုင်းမှာမနေဖို့ ပြောနေတာလေ"

"အဲဒီမှာ ငါနေရတာ လွတ်လပ်လို့ပါကွယ်"

"ဘရသေ့ကို စိုးရိမ်လို့ ပြောနေတာပါဘုရား"





"တစ်ခါတုန်းကလည်း လင်မယားနှစ်ယောက် အဲဒီကုန်းပေါ်မှာ ထင်းခုတ်သွားသတဲ့။ မရှိသေစကားဘုရား။ တောထဲမှာ ဟိုဒင်းပြု ကြသတဲ့ ဘုရား"

"ဟယ် ... မိနားကပ်ရယ်၊ နင်ကလည်း ရသေ့ရဟန်းကို"

"အို ... အဘအုပ်ကလည်း ရှောင်နိုင်အောင် ကြိုပြောရတာ ဥစ္စာ။ အဲဒါ ကိစ္စလည်းပြီးရော နှစ်ယောက်စလုံးကို မြွေကိုက်ပါရောဘုရား။ ထင်လုပ်သူက ပွဲချင်းပြီးသေပြီး မယားလုပ်သူကတော့ အကြောသေပြီး မျက်စိကွယ်တဲ့ဘဝကို ရောက်သွားခဲ့ရတယ်ဘုရား။ ဒါကြောင့် အဲဒီကုန်းမှာ မနေပါနဲ့လို့ လျှောက်ရ ပြောရတာပါ ဘုရား"

"ဒါဆို ငါက ဘယ်မှာနေရမတုံး၊ ပုပ္ပားပြန်ရမှာလား"

"ရွာနားမှာ နေပါလားဘုရား"

"လူတွေနဲ့ နီးနီးမနေချင်ဘူး။ ဒီကုန်းမှာပဲ နေပါရစေ"

တားလို့မရတော့ ဥပေက္ခာ ပြုလိုက်ကြတာပေါ့။ တစ်နေ့ ရသေ့ ကြီး ဆွမ်းခံမကြွလာဘူး။ အဲဒါ ရွာထဲမှာ အုတ်အော်သောင်းတင်း ဖြစ်သွား ကြပါရော။

"ရသေ့ကြီး ဒီနေ့မနက် ဆွမ်းခံမကြွဘူးဟဲ့"

"ဘာဖြစ်လို့တုံးမသိဘူး"

"ပျံလွန်တော်မူသွားပြီတဲ့ဟေ့"

"ဟေ ... ဟုတ်ရဲ့လား၊ ဘယ်သူပြောတုံး ... ပြောကြပါဦးဗျ"

"အရိုးခြောက်ပြောတာပဲဗျ"

"အရိုးခြောက်ဘယ်မှာလဲ ခေါ်စမ်း"

"ဟိုမှာဗျ ... စကားပြောနေတယ်။ ဟေ့ ... အရိုးခြောက်"

"ဘာတုံး ... ကိုဘောလုံး"

"ရသေ့ကြီးသေတာ အမှန်ပဲလားလို့ မေးနေကြလို့ကွ"

"အမှန်ပဲဗျ"

"ဟေ ... မင်း ... မင်း မြင်လို့ သိလို့လား အရိုးခြောက်ရဲ့"

ဒီမှာ အရိုးခြောက်က ဇာတ်စုံခင်းပါရော။

"မနက်တုန်းက ..."



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ပြော"

"ငါ့သမီးအငယ်မ လန့်လန့်ငိုနေလို့ ရသေ့ကြီးကျောင်းသွားပြီး ရေမန်းတောင်းတာ . . ."

"မင်းက ဘီလူးသချိုင်းကိုသွားတာ"

"အေး . . ."

"တစ်ယောက်တည်းပေါ့"

"အေး . . . ဒါပေမင့် ဓားရှည်တော့ ပါတာပေါ့ကွာ။ ဒါနဲ့ ကျောင်းရှေ့ကနေ 'ဘရသေ့ . . . ဘရသေ့' နဲ့ခေါ်တာ အသံမပြုဘူး။ ဒါနဲ့ ဝါးကျောင်းပေါ် လှမ်းကြည့်ရော ဘရသေ့ကြီး ဝါးကြမ်းခင်းပေါ်မှာ ပက်လက်စန့်စန့်ကြီး"

"ဟေ . . ."

"ငါက အိပ်နေမှတ်ပြီး အသံကျယ်ကျယ်နဲ့ ခေါ်တယ်။ မလှုပ်ဘူး။ ဒါနဲ့ ဝါးကြမ်းကိုပုတ်ပြီး ခေါ်တယ်။ အဲဒီမှာ ရသေ့ကြီးရဲ့မျက်နှာပေါ်ကနေ ယင်ကောင်အုပ်ကြီး ဝေါခနဲထပျံတာ မြင်ရရော။ သည်တော့မှ ရသေ့ကြီး သေနေလို့ ယင်ကောင်တွေအုံနေမှန်း သိရတာ။ ငါလည်း ကြောက်လန့်ပြီး လှည့်ပြန်မလို့လုပ်ရော ငါ့ကျောကုန်းကို နောက်ကနေ ဘယ်သူကန်လိုက်မှန်းမသိဘူး။ လှည့်ကြည့်တော့လည်း ဘယ်သူ့မှ မမြင်ရဘူး။

ဒီမှာ တောက်ခတ်သံ အကျယ်ကြီးကြားရပြီး ပုပ်စော်တွေနံဟောင်လာလို့ သိလိုက်ပြီကွ . . .။ ရသေ့အသေကောင်ကို ဘီလူးဇီတွေ စားဖို့လာနေတာ။ ငါလည်း နောက်ပြန်လှည့်မကြည့်ဘူး။ ပြေးသမှ အိမ်ရောက်ရော ဟာတ်ထိုးကိုမှောက်ရော။ ဟူး . . ."

"ဘုရား . . . ဘုရား . . ."

"ငါတို့က ဒီအရေကိုမြင်လို့ ဘီလူးသချိုင်းကုန်းမှာ မနေပါနဲ့ ဘုရားလို့ပြောတာ မရဘူး"

"ကုန်းကြမ်းတာ သူက သိလည်းမသိ၊ ယုံလည်း မယုံဘူးကိုး"

"ဒီကိစ္စ သူကြီးကို ပြောပြီးပလား"

"ပြောပြီးပြီ။ ဟောဟိုမှာ . . . သူကြီးနဲ့ ဆယ်အိမ်ခေါင်းတွေတို့ လာနေကြပြီ"





သူကြီးကလည်း ဓားရှည်ကြီးလွယ်လို့။ ရာအိမ်ခေါင်း ငမှတ်က လှံရှည်ကြီးကိုင်လို့။ ဆယ်အိမ်ခေါင်းတွေ၊ မွတ်တားနဲ့ အသူရကာယ်တို့က ဒုတ်ကိုယ်စီနဲ့။ အားလုံး တက်ကြွနေကြတယ်။

ရန်သူ့နယ်မြေကို သိမ်းမည့်ပုံစံမျိုး။ ဂိုက်မျိုး။ ဟန်ရေးကောင်းလို့။

"ဟော့ကောင် . . . အရိုးခေါင်း"

"ခင်ဗျာ . . . သူကြီး"

"ရသေ့ကြီးသေဆုံးနေတာ အမှန်ပဲလား"

"ပက်လက်စန့်စန့်ကြီး မြင်ခဲ့ရတာဗျ။ မျက်နှာပေါ်မှာ ယင်မမည်းကြီးတွေ အုံနေတာမှ အများကြီး"

"ဘယ်လိုလုပ်မတုံး . . . သူကြီး"

"သေသေချာချာ သွားစစ်ဆေးရမယ်။ ရသေ့ကြီးကို ဓားပြသူပုန်က သတ်သွားသလား၊ ဒါမှမဟုတ် တောခွေးတို့၊ ဘီလူးတို့ကိုက်သလား၊ စားသလား"

"သူကြီး . . ."

"ဘာတုံး ငမိုး"

"ဓားပြနဲ့သူပုန်က ဘာလို့ ရသေ့ကြီးကို သတ်ရမှာတုံးဗျာ"

"အေးလေဗျာ . . . ရသေ့ကြီးက သူဌေးမို့လို့လားဗျ"

"မင်းတို့ ဘာသိလို့တုံး။ ရသေ့ဆိုတာ ရသေ့အစစ်ရော ဟုတ်လို့လား။ မင်းတို့ ဒီရသေ့ကြီးအကြောင်း ဘယ်လောက်သိတုံး . . . ပြော"

အားလုံး သူကြီးမေးခွန်းကို မဖြေနိုင်ဘူး။

"သူ့နာမည် သိကြလား"

"မသိဘူး"

"သူ ဘယ်နယ်ကလာတာလဲ သိလား"

"မသိဘူး"

"သူ့ချက်မြှုပ်ဇာတိသိကြလား"

"မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူ ဘာလဲ။ မင်းတို့ရော ငါတို့ရော မသိဘူး။ ပုလိပ်လူလား။ စုံထောက်လူလား၊ စစ်တပ်ကလူလား ... ဘယ်သူမှ မပြောနိုင်ဘူး။ ဓားပြနဲ့သူပုန်က ဒါကိုမသက်ာလို့ သတ်သွားသလား"

"အေးဗျ ... ဒါလည်း ဟုတ်တာပဲ"

"သေရင်တော့ ကျုပ်တို့က သင်္ဂြိုဟ်မြေမြှုပ်ပေးလိုက်ရုံပေါ့ဗျာ"

"လာ ... သွားကြည့်ကြစို့"

ပြောပါပကောလား ... ဒီဘီလူးကုန်းကို လူစုပြီးမှ နေ့ခင်း။ မနက်ခင်း သွားရဲကြတာ။ ကြည့်စမ်း ... ဘီလူးကုန်းပေါ်မှာ ကျီးနဲ့ လင်းတတွေ ဝဲလို့။

ကွမ်းတစ်ရာညက်လောက်ကြာရော ဘီလူးသင်္ချိုင်းကုန်းကို ရောက်ရော။ ဒါနဲ့ တစ်ပါးကျောင်းဝါးတဲထဲကို လှမ်းကြည့်လိုက်ရော ...

ဟုတ်ပကွာ ...။

"အေ့ ... ဝေါ့ ... ဝေါ့ ..."

"အားမလေး ... အေ့ ... အေ့ ... ဝေါ့ ... ဝေါ့ ..."

"အား ... နောက်ဆုတ်ကြဟ ... အား ... ဝေါ့ ... ထွီ ... အေ့ ... ဝေါ့ ..."

"နံလိုက်တာကွာ ... ပုပ်ဟောင်နေတာပဲ"

ဒီမှာပဲ ယင်ကောင်အုပ်ကြီးက တစ်ပါးကျောင်းတဲထဲကနေ ဝုန်းခနဲ ဝေါခနဲ အကောင်တွေ အုပ်ဖွဲ့ပျံလာလို့ အားလုံး နောက်ဆုတ်ပြေးရပါရောလား။ မပြေးလို့မရဘူးလေ။ ယင်အုပ်ကြီးက မည်းမည်းတုပ်ဥစ္စာ။ ကျုပ်တို့အုပ်စုရှိရာကို ဝေါခနဲ ဝီခနဲ ပျံလာတာ။ ပုပ်စော်အနံ့ဆိုးပါ တစ်ပါတည်း ပါလာရော။ သူကြီးနဲ့အဖွဲ့ ရွံလွန်းနံလွန်းလို့ နောက်ဆုတ်ပြေးရရော။

ပုပ်စော်အနံ့က တစ်ကုန်းလုံးကို ဟောင်နံနေတာ။

"ဘယ်လိုလုပ်မတုံး ... သူကြီး"

"အနားကို ကြည့်လို့ရရင် ကောင်းမယ်"

"ဒါဆို သူကြီးပဲ သွားတိုးကြည့်လေ"

---

**စိတ်ကူးသစ်စာပေ**



"ဟာ ... မင်းတို့ လူရွယ်လူငယ်တွေ သွားကြည့်မှပေါ့ကွ။ အေ့ ... ဝေါ့ ..."

"ထူးတော့ ထူးဆန်းတယ်ဗျာ"

"ဘာကိုတုံးဟ ... မှတ်ကြီးရ"

"ညတုန်းက သေတယ်ပဲထားဦးဗျာ။ ခုမနက်မှာ ဘာလို့ ဒီလောက်နံဟောင်နေရတာတုံးဗျ"

"မဟုတ်မှလွဲရော ရသေ့က ဖုတ်ဝင်နေတဲ့ ရသေ့မို့ ဖုတ်လည်းထွက်ရော အရိုးကျ ပုပ်ပွနေတာ နေမှာပေါ့ဗျာ"

"စဉ်းစားစရာရှိတယ်ကွ"

"ဘာတုံး"

"ဒါ ဘီလူးသင်္ချိုင်းကွ"

"အဲဒီတော့ ဘာဖြစ်တုံးဗျာ"

"ဒါ ဘီလူးအာပုပ်စော်လည်း ဖြစ်နိုင်တယ်"

"ဟုတ်တယ် ...။ ဒါ ဟုတ်နိုင်တယ်။ ဘယ်လိုလုပ်မတုံး။ အနီးသွားတိုးကြည့်မလား"

"မကြည့်နဲ့တော့ ဒီအတိုင်းထားလိုက်။ ဒီကုန်းက လူနေကုန်းလည်းမဟုတ်ဘူး ကျတ်ကုန်း၊ တစ္ဆေကုန်း၊ အသူရကာယ်ကုန်း၊ ဘီလူးကုန်းလစ်ထားလိုက်။ ဒီရသေ့ကြီးက အမှတ်မရှိ၊ လမ်းမရှိ၊ ကီလီဘောတံတားလူစားမျိုး။

ဘီလူးစားစား၊ တောခွေးပဲစားစား သူ့ထိုက်နဲ့ သူ့ကံပဲ။ ငါတို့တာဝန်က သူ့ကို ကောင်းကောင်းမွန်မွန် မြေမြှုပ်သင်္ဂြိုဟ်ပေးဖို့ပဲ။ ခုဟာကဖြစ်နိုင်တော့ဘူး။ ဘီလူးသင်္ချိုင်းကုန်းက သူ့ဇာတိကို ပြနေပြီ။ လာ ... ပြန်ကြစို့"

အဲဒါ သူကြီးနဲ့အဖွဲ့ ရသေ့ကြီးအလောင်းကို မြေမမြှုပ်နိုင်ဘဲနဲ့ ရွာထဲကို ပြန်ခဲ့ရပါရောလား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၇]

❑

ဟောဗျာ ... မနက်လည်းမိုးလင်းရော အံ့ဩစရာဖြစ်ရပ်ကို မြင်ရပါရောဟေ့။

ကြည့်စမ်း ...။ မနေ့တုန်းက သေပြီလို့ ပုပ်စော်နံခြောက်လှန့်လို့ ပုပ်ချင်သလိုပုပ်၊ ကျီးစားစား၊ လင်းတစားစား၊ တောခွေးစားစား၊ မကျွတ်မလွတ်သေးတဲ့ ဘီလူးတွေပဲစားစား ...

ဖြစ်ချင်ရာဖြစ်တော့လို့ စွန့်ပစ်ခဲ့တဲ့ ... ရသေ့ကြီး။

အခု .. ဟိုမှာ ဆွမ်းခံကြွဖို့ ရွာထဲကို ယွန်းသပိတ်နှုတ်ခမ်းအစုတ်အဖုံးစုတ်နဲ့ တစ်လှမ်းချင်းလာနေတာကို မြင်ရရော ...

"သူကြီး ... ဗျို့ သူကြီး"

"ဆယ်အိမ်ခေါင်း ကိုဂျပ်ပိတ် ... ကိုဂျပ်ပိတ်ရေ ..."

"ဗျို့ ... ဟေ့လူတွေ"

"ဟ ... ရန်ကုန်တို့၊ ကပ္ပိယတို့ ... နင့်အမေကလွှားမို့လို့ ရွာလန့်အောင် အော်နေရတုံး ... အနာကျကောင်တွေရဲ့"

"သ ... သ ... ကြီး ..."

"ဘာ ... တုံး ..."

"ရွာ ... ရွာ ... ဝ ... ဝမှာ ... ဟို ... ဟို ... ဘီလူးသချိုင်းက ... ဘ ... ဘ ... ရသေ့ ... ရောက် ... ရောက် ..."





"ဟေ့ကောင် ... ရန်ကုန်၊ မင်းပထွေးက မနေ့ကတည်းက ဝါးတျောင်းပေါ်မှာ သေပြီး ယင်တလောင်းလောင်းဖြစ်နေတာ မဟုတ်ဘူးလား အနာကျကောင် ... ငတုံး ... ဆေလူ ... ရ"

"သ ... သ ... ဂျီး ... ကျုပ် ... ကျုပ် ... ပထွေး .. မဟုတ်ဘူး ... ခင်ဗျား ... ယောက်ဖ ..."

"ဘာ ... ဘာ ..."

"ခင်ဗျား ... ယောက်ဖက ... အဲ ... အဲ ... ကန်တော့ပါ ... ဘုရား ... ရသေ့ကြီး ... မသေဘူး။ ရွာထဲကို သပိတ်ပိုက်ပြီး ဆွမ်းခံဖို့ ကြွလာနေတယ်"

"ဟေ ... ဟုတ်ရဲ့လားဟ ... ဟေ့ကောင် ... ငမှတ် ... တုတ်ရဲ့လား"

"ဟုတ်တယ်ဗျ ... လူလား၊ သရဲလား၊ ဖုတ်လားမသိဘူး လာနေတယ်"

"ဟော ... ဟော ... ခွေးတွေအူကုန်ကြပြီဗျ ... ဗျ ..."

ဒီလို ရှန်းရှန်းစုစုနဲ့ မေးကြပြောကြဖြစ်နေတုန်း ရွာဝဘက်ဆီကနေ ခွေးအကောင်ငါးဆယ် တစ်ရာခန့် ပြိုင်တူအူလိုက်တာကွာ ...

"အူ ... အူ ... ဝူ ... ဝူ ..."

"အိန် ... အိန် ... ဂိန် ... ဂိန် ..."

"အိုင် ... အိုင် ... အူ ... ဝူ ... ဝူ ..."

အူသံအော်သံများဟာ တစ်ရွာလုံးကို လွှမ်းပြီး ဟိုကဒီက ပြေးထွက်ကြည့်ကုန်ကြရော။

"ဘာဖြစ်တာတုံးဗျ"

"မသိဘူး၊ ခွေးတွေအူသံ ကြားတာပဲ"

"မကောင်းဆိုးဝါးများ ဝင်ရော့လားရှင်"

"ဒါ မကောင်းဆိုးဝါးဝင်လာလို့ အော်တဲ့အူသံမျိုး မဟုတ်ဘူး။ ရွာဦးကျောင်းဆွမ်းစားကာနီး ကြေးစည်ရိုက်တုန်း အော်တဲ့အသံမျိုး"

"အစောကြီးရှိသေးတာ ... ဒါ ဆွမ်းစားချိန်လားဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . စကားမများနဲ့ . . . ဘရသေ့ . . . ဆွမ်းခံကြွလာတယ် ဟော့"

"ဟောတော့ . . မနေ့ကပြောတော့ သေပြီဆို။ ဘယ့်နှယ် . ."

"ဟဲ့ . . . မသေလို့ ကြွလာတာပေါ့။ သူကြီးကြောင်နဲ့ ရာအိမ်ခေါင်း အရှူး၊ ဆယ်အိမ်ခေါင်း ငမူး၊ ဝါးကောင်တွေပြောတိုင်း နောင် မယုံနဲ့။ ဆွမ်းလောင်းဖို့ပြင်ကြ၊ မြန်မြန်"

အားလုံး အံ့သြဝမ်းသာနဲ့ ဆွမ်းလောင်းဖို့ပြင်ကြတယ်။ ဒီရွာမှာ ဘုန်းကြီးကျောင်း တစ်ကျောင်းပဲရှိတာကိုး။ အနီးရွာများမှာ ဘုန်းကြီးကျောင်း လုံးဝမရှိဘူး။

ဒီရွာရှိတဲ့ ကျောင်းထိုင်ဆရာတော်ကလည်း သက်တော် (၈၀) ကျော်နေတော့ ဆွမ်းခံမကြွနိုင်ရှာဘူး။ ကျောင်းကပ္ပိယဦးထီးရိုးနဲ့ ကိုရင်လေးငါးပါးပဲ ရွာထဲ ဆွမ်းခံကြွရတာ။

အသုဘကိစ္စရှိရင် သရဏဂုံကိစ္စ သက်တော်ရှည်ဆရာတော်ကြီးက မဖြစ်ဖြစ်အောင် ကြိုးစားပြီး လုပ်ပေးရတာ။

ပင်လယ်မှတ္တမနဲ့နီး၊ သူပုန်ဓားပြပေါင်းစုံနဲ့ အကူးအလူးရှိနေလို့ ဒီဝန်းကျင်ရွာမှာ ဘယ်ဘုန်းကြီးမှ ကျောင်းလာမထိုင်ရဲကြဘူး။

ဘုန်းကြီးရဟန်းတောင် အချောင်သမား၊ လူပျင်းလို့ ပြောတဲ့ လူမိုက်ရိုင်းတွေရှိသကိုး။

သံဃာတောင် ရိုက်မယ်၊ နှက်မယ်၊ ဆဲရေးတိုင်းထွာ၊ သင်္ကန်းခွဲချွတ်တဲ့ ဓမ္မန္တရာယ် လူတစ်ပိုင်း ခွေးတစ်ပိုင်းတွေလည်း ရှိနေတာကိုး။

အဝီစိဖောက်ထိုးဆင်းရဲတဲ့ လူလွန်မသားတွေ သောင်းကျန်းနေတော့ သင်္ကန်းဝတ်ရမှာတောင် ကြောက်နေကြရတယ်။

အဲဒါ သတ္တိကောင်းတဲ့ ရသေ့ထော့ကျိုးကြီးရောက်လာတော့ လူ့ရှ သူတစ်ဦး တစ်ပါး တိုးပဟဲ့ဆိုပြီး တစ်ရွာလုံး ဆင်းရဲပေမင့် ဝမ်းသာကြတာပေါ့။

ပြီး . . . ဘရသေ့ကြီးက လက်နက်နဲ့ သူပုန်တောင်မနေရဲတဲ့ ဟိုးဘီလူးသချိုင်းကုန်းမှာ တစ်ပါးတည်း ကိုယ့်ဘာသာ ဝါးတစ်ပါးကျောင်းဆောက်ပြီးနေရဲလို့ ထူးဆန်းအံ့သြဝမ်းသာ ဖြစ်နေကြတာ။





မနေ့တုန်းက သေပြီကြားလို့ ဝမ်းနည်းကြရ၊ ငိုကြရ။ သေပြီး ချက်ချင်းပုပ်ပွနေလို့ 'ဖုတ်'လို့ပြောလို့ လန့်ကြရ။ ခု မသေဘဲ ပြန်ရှင် ဆွမ်းခံကြွတော့ ဝမ်းသာကြပါရော။ ရသေ့အစစ်ပဲလား၊ ဝိဇ္ဇာလား၊ ရဟန္တာလား . . . ဘာလား ညာ ဘာပေါ့။

တစ်ရွာလုံးလောင်းလိုက်ကြတာ သပိတ်လုံးဝမဆန့်ဘူး။ အဲဒါ စတိ ... ဘွန်းစာပဲ လောင်းလို့ရတော့တယ်။

"ဘရသေ့ . . ."

"ဘာတုံး"

"ဟို . . . ဟို . . . ဘ . . . ဘ . . . ရသေ့ . . . မ . . . မ . . . မသေဘူးနော်"

"ငါက ဘာကိစ္စနဲ့ သေရမှာတုံး"

"အဲ . . . အဲ . . . ဟိုလေ . . . မနေ့တုန်းက . . . ဘရသေ့ကျောင်းမှာ . . . ဟို . . . လေ . . . သေ . . . သေ . . . အဲ . . . အဲ . . . ရှိ . . . ... ထားဟင်"

"မနေ့ကလား"

"ဟုတ် . . . ဟုတ်ကဲ့"

"မရှိဘူး"

"ရှင် . . . မရှိဘူး။ ဒါ . . . ဒါဆို . . . ဘယ် . . . ဘယ်ကြွနေလို့တုံး ဘရသေ့"

"ဝဲကျောက်ကြီးရွာက ဆွမ်းစားပင့်လို့ မနက်အစောကြီး ထသွား ... ညမှောင်မှ ပြန်ရောက်တယ်"

"သူကြီး . . ."

"ဟေ . . . အေ . . ."

"ကြားလား"

"အေး . . . ဟေး . . . အေးဟ . . . ဒါ . . . ဒါဆို . . . မနေ့ မွန်း ... ချိန်တုန်းက ဘရသေ့ရဲ့ကျောင်းပေါ်မှာ ပက်လက်လဲပြီး . . . ဟို . . . ဟို



www.burmeseclassic.com

www.burmeseclassic.com



ယင်တလောင်းလောင်း ... အဲ ... အဲ ... ဘွာ ... ဘွာ ... အိ၀် ... အိ၀်နေတာ ဘယ်သူလဲဘုရား''

''ဘာ ... ငါ့ကျောင်းပေါ်မှာ''

''မှန်ပါ ... အိပ်နေတာဘုရား''

''အဲဒါ ... ငါ ... မဟုတ်ဘူး''

''ဗျာ ... ဒါ ... ဒါဆို ... ဘယ်သူလဲ ဘုရား''

''မသိဘူး ... ငါ့ကျောင်းပေါ် ငါကလွဲရင် ဘယ်သူမှမအိပ်ဘူး။ ဒကာကြီးတို့ ဘာတွေလာပြောနေမှန်း မသိဘူး။ ကိုင်း ... ဖယ်ကြ။ ရှေ့ကအိမ်တွေ ကျေနပ်အောင် ရပ်ရဦးမယ်။ ဖယ် ...''

ဒါနဲ့ သူကြီးနဲ့အဖွဲ့လည်း အူကြောင်ကြောင်ဖြစ်ပြီး လမ်းဖယ်ပေးလိုက်ရတယ်။ ဘရသေ့က ရှေ့ဆက်ဆွမ်းခံကြွတော့တာပဲ။

''သူကြီး ...''

''ဘာတုံး''

''ခင်ဗျားတို့ ရူးနေပြီဗျ''

''ငါတို့ မရူးဘူးကွ။ လူအုပ်နဲ့ တပ်အပ်မြင်ခဲ့ရ၊ နံခဲ့ရတာ။ မယုံမေးကြည့်''

''ဒါဆို မဟုတ်မှလွဲရော ဘီလူးသရိုင်းက ကျတ်တွေ၊ နာနာဘာဝတွေက ခင်ဗျားတို့ကို ခြောက်လှန့်လှတ်လိုက်တာ ဖြစ်မယ်ဗျ''

''ဟူး ... အဲဒီလိုဖြစ်ရော့လား မသိဘူး''

''ထူးတော့ ထူးဆန်းနေတာပဲ''

''ငါတို့မှာ ဘုန်းကံနိမ့်နေလို့လား မသိဘူး''

''ခင်ဗျားတို့ ရာအိမ်မှူးသိန်းဝင်းတို့၊ မုဆိုးကြီးလေးမောင်တို့၊ ခြောက်ပုလင်း မောင်ဟန်တို့၊ ရွှေပြည်သာဝင်းနိုင်တို့က ဘယ်တုံးကများ ဘုန်းကံမြင့်ဖူးလို့တုံး။ မိန်းမအနားကမခွာတဲ့ သုံးဆယ့်ငါးကျပ်သား တောက်တဲ့ကြီးတွေဥစ္စာ''

''ဟား ... ဟား ... ဟား ... ဟုတ်ပါ့ဗျာ ... ဟုတ်ပါ့''

''သူကြီးတပည့် ဆယ်အိမ်ခေါင်း 'ခြောက်ပုလင်း' က ကိုသာဆိုးဗျ''





''ဘယ်လိုဆိုးလို့တုံး ... ကိုမှိုင်းမောင်ကြီးရ''

''ထဘီနဲ့ပုဆိုး မှားဝတ်ပြီး မျက်နှာသစ်တာဗျ''

''ဟား ... ဟား ... ဟား ... အဟီး ... ဟီး ... ဟီး''

''အဲဒါတောင် သူကြီးက သူ့ကိုယ်သူ ဘုန်းကံမြင့်နေတယ်လို့ ထင်နေတုံး''

ဒီလိုလည်း ငယ်သူငယ်ချင်းများနဲ့ ရွာဆွေရွာမျိုးများက ဝိုင်းပြောနေရာ သူကြီးကိုပိန်းကြားက အားလုံးကြားအောင် အော်ပြောလိုက်တယ်။

''ရွာရိုးမသားတွေ ... ငါ့ကိုများ ... ဖွီ ...'' တဲ့။

✿ ✿ ✿

[ ၈ ]

❏

ရက်အတန်ကြာရော မင်္ဂလာမရှိတဲ့သတင်းတစ်ခု ရွာရိုးရာကို ရောက်လာပါရော။

တောင်သာကုန်းရွာကို အနုကြမ်းစီးမတဲ့ဟော့။

အဲဒီသတင်းကြားကြတော့ တစ်ရွာလုံး လန့်ဖျပ်ကုန်ရော။

''ဟုတ်ရဲ့လားဟ''

''ပြောနေကြတာပဲဗျ''

''ကောလာဟ ပဲ ဖြစ်ပါစေတော်''

''နေပါဦး ... ါတို့ရွာကိုစီးမှာ သူပုန်လား၊ ဓားပြလား''

''ဓားပြလို့ ပြောနေတာပဲ''

''ငှက်ကြီးတောင်ဘဂျမ်းတို့လား''



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး"

"ရှင်ဘုရင်သိန်းမောင်တို့ အဖွဲ့ဆို"

"မပြောတတ်ဘူး"

"ကာယသိဒ္ဓိရွှေဗျိုင်းတို့ အဖွဲ့လို့လည်း ပြောနေတာပဲ"

"ငမည်းတို့လည်း လာမယ်လို့ကြားတယ်"

"ဘုရား ... ဘုရား ... အကုန်လုံး လူကြမ်းတွေချည်းပဲ"

"ဒါဆို ဟိုအဖွဲ့ကို သွားအကူအညီတောင်းရင် မကောင်းဘူးလား"

"သူတို့ပါ သေနတ်ငှားပြီး အခစားယူရင် ဘယ်လိုလုပ်မတုံး"

"ဒါဆို ဘယ်လိုလုပ်မတုံး"

"ပျူစောထီးအဖွဲ့ကိုရော"

"ဟိုအဝေးမှာဥစ္စာ။ သူတို့ခေါ်ရင်လည်း သူတို့စားသောက်မျိုးဆိုတာနဲ့ ရွာမှာရှိတဲ့ ကြက်ရော ဝက်ရော ကုန်မှာပဲ"

"တစ်ခုခုလုပ်မှရမယ်လေ။ ထိုင်စောင့်လို့ ဘယ်ဖြစ်မှာတုံး"

နောက်ဆုံး သူကြီးကိုပိန်းကြားဦးဆောင်ပြီး ရွာကို ကြခတ်ဆူးစည်းရိုး ကာကြတယ်။

စည်းရိုးကာတုန်းရှိသေးတယ်၊ ရွာကို စာချပါလေရောဗျာ။

ရွာစည်းရိုးကာတဲ့ သူကြီးရဲ့ ဦးခေါင်းပြတ်ကို ရတဲ့ဈေးနဲ့ရောင်းမည်တဲ့။ သူကြီးဦးပိန်းကြား ရွာစည်းရိုးမှာချိတ်သွားတဲ့ စာကိုရရော သွေးတက်သွားလို့ မနည်းကုယူရတယ်။

သူကြီးဦးပိန်းကြားကတော့ မအာကျယ်လည်း လန့်ပြီး ချေးပန်းတယ်။ ဆေးဆရာကြီးဦးနီခင် မနည်းကုရတယ်။ သို့သော် ရွာသားအားလုံးက ညီညွတ်ကြတယ်။ မကြောက်ကြဘူး။

"ငြိမ်ခံရင် ကုန်မှာပဲဗျ"

"ငါတို့ချွေးနည်းစာကို ဒီလိုလုပ်လို့ ရရောလားကွ ဟေ"

"ပြန်ချမယ်ကွာ။ ယောက်ျားချည်းပဲဥစ္စာ"

"ပြန်ချရအောင် ဘယ်မှာလဲ သေနတ်"

"ဟိုက ရိုင်ဖယ်တို့ စတင်းဂန်းတို့နဲ့လာမှာ"





"ဒါဆို ရှိတာချွတ်ပုံပေးမှာလား။ တစ်ရွာလုံး မြို့ပေါ်ကို ပြေးရမှာလား"

"ပြန်မချရဲတဲ့လူ ထဘီဝတ်ထားကြ"

"ဟုတ်တယ် ... ငြိမ်ခံရင် သေဒဏ်ပဲ။ ပြန်ချမှ ကံထမှာဟေ့"

"အင်္ဂလိပ်နဲ့ဂျပန်တောင် ငါတို့ ခံချလာသေးတာ။ အသားထဲက ထောက်ကောင်တွေ။ လက်နက်အားကိုးနဲ့ အနိုင်ကျင့်ချင်တဲ့ကောင်တွေကို ချောင်းမှန်းကန်မှန်းသိအောင် ပြဖို့ အချိန်တန်ပြီဟေ့"

"ဒါမှ ငါတို့သူကြီးကွ"

"ရှိ ... ရှိ ..."

"ဖြောင်း ... ဖြောင်း ... ဖြောင်း ..."

"သူကြီးကွ ...။ ဘုရင့်နောင်မျိုးကွ"

"မဟာဗန္ဓုလယောက်ဖကွ ... ရှိ ..."

ကြွေးကြော်သံတွေ၊ လက်ခုပ်သံတွေ မာန်ထည့်သံတွေ ဆူဆူလှုံသွားတယ်။

ဒါ မုတ္တမပင်လယ်ကွေ့သားတို့ရဲ့ အားမာန်ပဲ။

ပယ်လယ်လေရဲ့ အရှိန်ပဲ။

ရိုးသားတဲ့ တောင်သူတောင်သားတို့ရဲ့ မွေးရာပါ သတ္တိပဲ။

ဓားပြကပ်တဲ့စာကို ရွာလူထုရှေ့မှာ ခြေထောက်နဲ့ နင်းခြေပြီး မီးရှို့ပစ်လိုက်တယ်။

"တစ်ရွာလုံး မှတ်ထားကြ။ ငါ တောင်ယာကုန်းသူကြီး ပိန်းကြားပဲ။ အလှူခံလာရင် သဒ္ဓါကြေး ပေးမယ် လှူမယ်။ ထမင်းကျွေးမယ်။ တို့ရွာကို လက်နက်အားကိုး လူအားကိုးနဲ့ လာအနိုင်ကျင့်ရင် ဘာကောင်မှမထားဘူး။ ငါကိုယ်တိုင် ရှေ့ဆုံးက အသေခံမယ်ဟေ့"

"ဝေးဟေး ... ဝေးဟေး ..."

"မုတ္တသူကြီး ... အဲ ... အဲ ... ဒါ ... မုတ္တမ သူကြီးကွ"

"ဟေ့ ... ရွှေပန်းပါတဲ့ကောင် ဓားဆွဲထွက်ကြ"

"ကျွန်မတို့လည်း ချန်မထားပါနဲ့တော့"

"ဟဲ့ ... ဟဲ့ ... နင်တို့က ... ဟိုဒင်း ... ပါလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အိုတော် … အမေမွေးကတည်းက သတ္တိကပါပြီးသားပါ။ ကိုယ့်ညီမ၊ ကိုယ့်သမီး သင်းတို့စော်ကားတိုင်း ကျွန်မတို့ကပါ ငုံ့ခံလက်ပိုက်ကြည့်နေရမှာလားတော့"

"ဝေး … ဒါပဲ … ဒါပဲ။ သူလည်းပါတယ် 'ယောကျ်ား' …"

"ဟုတ်ပြီ … ဒီနေ့ကစပြီး ငါတို့ရွာသူရွာသားအားလုံး စည်းလုံးညီညွတ်ကြ၊ ကိုယ့်ရွာကိုယ် အသက်နဲ့လဲပြီး ကာကွယ်ကြ"

မုတ္တမကျေးသားတွေ ခြံစည်းကို ဆူးကပ်နဲ့ ကာကြတယ်။ ဝါးချွန်းဒူးလေး၊ လင်းလေး၊ ဓားလှံများကို သွေးကြ ဆင်ကြ ပြင်ကြတယ်။

ရွာကို ရှေ့ကင်းနောက်ကင်း အစောင့်ထားကြတယ်။

ဒီမှာ ထူးခြားတဲ့ အပြုအမူကို မုတ္တမကျေးသားတွေ မြင်ရရော။

ခြေထောက်လိန်နဲ့ ရသေ့ကြီးက ဆွမ်းခံကြွပြီးမေးတာ။

"တစ်ရွာလုံး ရုတ်ရုတ်လှုပ်လှုပ်နဲ့ ဘာဖြစ်နေကြတာတုံး"

"ဓားပြတွေ တပည့်တော်တို့ရွာကို စီးမယ်လို့ ကြားလို့ပါဘုရား"

"သူပုန်ကရော ဝင်မစီးဘူးလား"

"သူပုန်က တွံတေးတောကြီးဘက်ကို ရောက်သွားလို့ ငြိမ်နေပါတယ်ဘုရား"

"ဒီလိုလား …"

"မှန်ပါ … ဘရသေ့ဘုရား"

"နက်ဖြန်ကာ ငါ မန္တန်တစ်ပုဒ်ပေးမယ်"

"မှန်ပါ"

သည့်နောက် ဆွမ်းခံဆက်ကြွသွားတယ်။ ညနေစောင်းလည်း ရောက်ရော ခြေထောက်ကလိန်နဲ့ ဘရသေ့ကြီးဟာ ညာလက်က ပုတီးကိုစိပ်ရင်း ရွာကိုပတ်လို့ သမ္ဗုဒ္ဓေဂါထာကို ရွတ်ပါလေရောဗျာ။

အားလုံးကလည်း ရွာကိုပတ်ပြီး သမ္ဗုဒ္ဓေရွတ်နေတဲ့ ဘရသေ့ရဲ့ လှုပ်ရှားမှုကိုကြည့်ပြီး … သို့လော … သို့လော … စဉ်းစားကြတယ်။

ကြည့် … မိုးလင်းလို့ ရွာသားတွေ ယာလုပ်ငန်းခွင်ဝင်မယ် ထရော နှင်းဖွေးဖွေးအောက်မှာ ရသေ့ကြီးက စိပ်ပုတီးကိုင်စိပ်ရင်း ရွာကိုပတ်လို့ သမ္ဗုဒ္ဓေဂါထာကို ရွတ်နေတာကို လေးစားအံ့ဖွယ် မြင်ကြရတယ်။





အားလုံး ကိုးပတ်။ ရွာကို နေ့ရောညရော ပတ်ရွတ်တာ။

ရွာသူရွာသားအားလုံးကိုလည်း သမ္ဗုဒ္ဓေဂါထာ ချပေးရေးပေးအသံဒါ သင်ပေးတယ်။

"အရှင်ဘုရား …"

"ဘာတုံး"

"ဒီသမ္ဗုဒ္ဓေဂါထာက ဘယ်လိုစွမ်းလို့တုံးဘုရား"

"သူ့အစွမ်းကို သိချင်လို့လား"

"မှန်ပါ … ဘရသေ့ကြီးရှင့်"

"နင်တို့ရွာဦးကျောင်း သက်တော်ရှည်ဘုန်းတော်ကြီးထံ သွားပြီး ဒီသမ္ဗုဒ္ဓေဂါထာ ဘယ်လိုစွမ်းသလဲဆိုတာ လျှောက်မေးကြ"

"ဘရသေ့ပဲ ပြောပြပါလား ဘုရား"

"အချိန်မရဘူး။ ငါ့ကိစ္စ လုပ်စရာတွေရှိသေးတယ်"

ဒါနဲ့ ရွာဦးကျောင်းက အသက် (၉၀) ကျော်တဲ့ သက်တော်ရှည် ဆရာတော်ဘုရားကြီး ဦးမေ့သီလထံမှာ လျှောက်ထားမေးမြန်းရတယ်။

"ဒီသမ္ဗုဒ္ဓေဂါထာကို ဘယ်သူပေးသတုံး"

"ဟို … ဘီလူးသချိုင်းကုန်းမှာ ဂစ်ပါးတည်းနေတဲ့ ဘရသေ့ကြီး ပေးသွားတာပါဘုရား"

"အရမ်းစွမ်းသတဲ့ ဘုရား"

"သိချင်ရင် ဆရာတော်ဘုရားကြီးကို မေးမြန်းလျှောက်ထားပြောလို့ လာရောက်မေးမြန်း လျှောက်ထားရခြင်းပါ ဘုရား"

"ဦးရသေ့က ပြောသလား"

"မှန်ပါ ဘုရား"

"အိမ်း … နားထောင်ကြ၊ နာယူကြ။ သမ္ဗုဒ္ဓေဂါထာကို သမ္ဗုဒ္ဓေဘုရားရှိခိုးလို့လည်း ခေါ်ကြတယ်"

"မှန်ပါဘုရား"

"သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။

ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာမဟံ။

အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။



www.burmeseclassic.com

www.burmeseclassic.com



တေသံ ဓမ္မဥ္စ သံဃဥ္စ၊ အာဒရေန နာမမဟံ။

နမက္ကာရာ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။

အနေက အန္တရာယာပိ၊ ဝိနဿန္တု အသေသတော'' တဲ့။

အဓိပ္ပာယ်က . . . အဋ္ဌဝီသဥ္စ–သုံးပါးဘဝ သုံးလောကတွင်၊ ဉာဏ်ရောင်ဖိတ် အောင်ဘိသိက်နှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော၊ သမ္ဗုဒ္ဓေ–တန်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကိုလည်းကောင်း။

ဒွါဒသဉ္စ သဟဿကေ – နိဗ္ဗာန်ကိန်းအောင်း မွေ့စက်လျောင်းသည့် တစ်သောင်းနှစ်ထောင်ကုန်သော သမ္ဗုဒ္ဓေ – လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင် မြတ်ဘုန်းခေါင်တို့ကိုလည်းကောင်း။

ပဉ္စသတ သဟဿနိ – သောင်းထိုက်စကြဝဠာ ဂုဏ်ဝါရောင်ရှိန်း ငါးသိန်းကုန်သော၊ သမ္ဗုဒ္ဓေ – နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိန်တို့ကိုလည်းကောင်း၊ အဟံ – ကျွန်ုပ်သည်၊ သိရသာ – ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ နမာမိ – ရိုသေညွတ်ကျိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။

ဂင်္ဂါ ဂင်္ဂါယ– ဂင်္ဂါမြစ်အတွင်း၌၊ ဝါဠုကာ– ရှိကြကုန်သော သဲတို့သည်၊ အပ္ပကာ – နည်းကြကုန်သေး၏၊ နိဗ္ဗုတာ – ဘုံဇာတ်သိမ်း၍ ငြိမ်းအေးတော်မူကြပြီးကုန်သော၊ ဇိနေ – နှောင့်ယှက်ဖန်လာ မာရ်ငါးဖြာကို အရိယာမဂ် ဘုန်းရောင်စက်ဖြင့် ချိုးဖျက်လွယ်ကူ အောင်တော်မူသော ဘုရားရှင်အပေါင်းတို့အားလည်းကောင်း။

အနန္တာ – သင်္ချာဂဏန်း၊ ရေတွက်မှန်းလည်း ဆုံးခန်းတိုင်မြောက် မရောက်နိုင်ကြကုန်၊ တေ ဇိနေ–ထိုဘုရားရှင်တို့ကိုလည်းကောင်း။ တေသံ – ထို ငါးသိန်း, တစ်သောင်း, နှစ်ထောင်, နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့၏၊ ဓမ္မဥ္စ – တရားတော်မြတ်ကိုလည်းကောင်း၊ သံဃဥ္စ – သံဃာတော်မြတ်ကိုလည်းကောင်း၊ အဟံ – အကျွန်ုပ်သည်၊ အာဒရေန အာဒရံ – ရိုသေစွာ၊ နမာမိ–ရှိခိုးပါ၏။

နမက္ကာရာ နုဘာဝေန–ဤသို့ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပဏာမကုသိုလ်စေတနာကြောင့်၊ သဗ္ဗေ–ခပ်သိမ်းကုန်သော၊ ဥပဒ္ဒဝေ –ဘေးရန်တို့ကို၊ ဟိတွာ–ပယ်ဖျောက်၍၊ အနေက အန္တရာယာပိ – တစ်ပါး





သော များလှသွယ်သွယ် အန္တရာယ်တို့သည်လည်း၊ အသေသတော – အကြွင်းအကျန်မရှိသောအားဖြင့်၊ ဝိနဿန္တု – ပျောက်ပျက်ပါစေကုန်သတည်း။ ကိုင်း . . . နားလည်ကြပြီလား''

''မှန်ပါ ဘုရား''

''ရိုရိုသေသေ လေးလေးစားစား နေ့စဉ်ညစဉ်ရွတ်ဆိုကြရင် ဘယ်သို့ အန္တရာယ်ဘေးဆိုးမျိုးကိုဖြစ်ဖြစ် ဖယ်ရှားနိုင်တယ်။ အရေးကြီးတာ ရွတ်ဆိုသူကိုယ်နှိုက်ကလည်း ငါးပါးသီလုံခြုံနေရင် မေတ္တာသစ္စာလည်း မှန်နေရင် ပိုအစွမ်းသတ္တိကြီးတယ်။ သိပြီလား''

''မှန်ပါ ဘုရား''

''ဦးရသေ့ပြောသလို ယုံယုံကြည်ကြည် ရွတ်ကြတော့''

✿ ✿ ✿

[၉]

❑

တစ်ရွာလုံး လူကြီးကလေးပါမကျန် ကူးယူနှုတ်တက်ဆောင်လို့ ရွတ်လိုက်ကြတာ အုံ့မခန်းပဲ။ ဘရသေ့ကလည်း ပြုံနေကျဝတ်မပျက်ဘူး။

မနက်စောစော ကိုးပတ်၊

ညနေရိုးရီ ကိုးပတ် ရွာကိုပတ်ပြီး ရွတ်တယ်။ တောပိုင်၊ တောင်ပိုင်၊ ကွင်းပိုင်များကို မေတ္တာပို့လို့ အမျှပေးဝေခဲ့တယ်။

ကိုးရက်ပြည့်တဲ့ သန်းခေါင်မှာ အံ့ဩစရာကောင်းတဲ့ ဖြစ်ရပ်ဆန်းကြယ်ကိစ္စကို ကြုံကြရပါရော . . . စာရေးဆရာရေ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီညက ကင်းသမားလေးဦး ကင်းစောင့်ရင်း အိပ်ပျော်သွားတဲ့ အချိန်ဗျ။ ခများများလည်း နွေခင်းပိုင်းကျတော့ ပင်ပင်ပန်းပန်း အလုပ်လုပ်ရ ရှာသကိုးဗျာ။

သည်တော့ ညဥ့်သန်းခေါင်လည်းရောက်ရော ကင်းစောင့်ရင်း အိပ်ပျော်သွားကြတယ်။

အဲဒီမှာ မမျှော်လင့်ဘဲ ဝုန်းဒိုင်းကြဲ ဆူဆူညံညံ အသံတွေကြားလို့ နိုးပြီးထကြည့်ရော ...

အလိုလေးဗျာ ...

တစ်ရွာလုံးမှာရှိတဲ့ ခွေးတွေ၊ အကောင်ကြီးငယ် တစ်ရာခန့်ရဲ့ ခြံ စည်းရိုးအပြင်ကိုထွက်ပြီး ပြေးလိုက်ကိုက်၊ ထိုးဟောင်၊ ပတ်ဆွဲ ပတ်ဟောင် အသံနဲ့လှုပ်ရှားမှုကို မြင်ရပါရောဗျို့။

အပြင်လရောင် ရိုးရိုးရိပ်ရိပ်မှာ လူအချို့ရဲ့ လှုပ်ရှားနေဟန်နဲ့ အသံအချို့ကိုလည်း ကြားရရဲ့ခင်ဗျ။

"ဟာ ... ခွေးတွေ အများကြီးပဲ"

"အား ... ကိုက်ပြီဟေ့။ ငါ့ကို ကိုက်တယ်ဟ"

"ဓားနဲ့ခုတ် ... ခုတ် ... ပါကွ ... ချိုးမှပဲ"

"သေဟ ..."

"ဂိန် ... ဂိန် ..."

"ဂရောင်း ... ဂရဲ ..."

"အား ... သေပါပြီဗျ"

"ကိုင်းဟာ ... သေဟ"

"ခွေးတွေ အများကြီးပဲ။ ဘယ်လိုလုပ်မတုံး ... ဆရာဂျမ်း"

"သေနတ်နဲ့ ပစ်ရမလား"

"မပစ်နဲ့။ ဓားနဲ့ခုတ်၊ လှံနဲ့ထိုး"

"ကိုင်း ..."

"သေဟ ..."

"အား ... ကိုက်တယ်ဗျ"





ကင်းသမားဖိုးနီ၊ မောင်သောင်း၊ ဝတိုးကြီးနဲ့ ကျွဲကြီးတို့နိုးတော့ သဘောပေါက်ပြီ။

"ဟေ့ ... ဘယ်သူတွေလဲကွ ဟေ"

"ဟေ့ ... မေးတာ မကြားဘူးလား"

"ငသောင်း ... သံချောင်းခေါက်"

"ဒေါင် ... ဒေါင် ... ဒေါင် ... ဒေါင် ..."

ကင်းသမားများက အပြင်မှာ ဝရုန်းသုန်းကား အော်ဟစ်လှုပ်ရှား နေတာကို စည်းရိုးအတွင်းကနေ လှမ်းအော်မေးတယ်။ အပြင်က လှုပ်ရှား သန်းအော်နေသူများက လုံးဝ ပြန်မဖြေဘူး။

ဒီမှာ အချက်ပေးကင်းသံချောင်း ခေါက်လိုက်ရော တစ်ရွာလုံး နိုး လာပြီး တုတ်၊ ဓားလက်နက်များဆွဲ၊ မီးတုတ်တွေထွန်းပြီး ဝရုန်းသုန်းကား ပြေးလွှားအော်ဟစ်နေတဲ့ လူသံ၊ ခွေးသံများကြားရော ရွာစည်းရိုးကို ချဉ်းကပ် ကြရော။

"ပြေး ... ပြေး ..."

"တစ်ရွာလုံး နိုးလာပြီ။ ပြေး ..."

"ဟေ့ကောင် ... မိုးကြိုးကြီး ... ငါ ... ငါ ... လမ်း .. လျှောက်နိုင် ... တော့ဘူး ... တွဲ ... တွဲ ..."

"ဆုတ်ကြ ... အမြန်ဆုတ်ကြဟေ့"

"လိုက်ကြ၊ ဝိုင်းကြ"

"ပစ်ဟေ့ ... ပစ် ..."

ရွာလူအုပ်ကလည်း ခေတ့်လူအုပ်လားကွာ။ အဝေးကနေ ဒူးလေး၊ သင်းလေး၊ လောက်လေးခွများနဲ့ နှစ်စုခွဲပြီး ပစ်ကြတာ ...

နောက်ဆုံး စည်းရိုးတံခါးဖွင့်ပြီး လိုက်ရော ...

"ဒိုင်း ..."

"ပစ်တယ်ဟေ့ ... ဓားပြကွ ... ဝပ်နေ"

"ဒိုင်း ..."

ဓားပြလို့ထင်ရသည့်သူများက မီးရောင်မြင်ရာ လူအုပ်ထဲကို သေနတ် ဖြင့်ပစ်လို့ မီးတုတ်များကို အမြန်မီးငြိမ်းလိုက်ကြပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"လိုက်ဟေ့ ... လိုက်ဟ"

"ပစ် ... ပစ် ..."

"ဝိုင်းထား။ မိရင် အပြတ်ရှင်းပစ်"

"တောင်သာကုန်းသားကွ"

"မုတ္တမကျေ့သားကွ။ ကျား ..."

ပြေးပြီ။ မုတ္တမကျေ့သားတွေရဲ့ မည့်တဲ့သတ္တိကို သင်းတို့သိသွားပြီး သေပြေးရှင်ပြေး ပြေးကြတာ။ သူတို့နောက်ကို ရွာခွေးအုပ် အကောင်ရေ တစ်ရာခန့်ကလည်း ဝိုင်းပတ် ထိုးဟောင်လိုက်တာ ...

အားလုံးငြိမ်သက်သွားမှ သူကြီးဦးပိန်းကြားနဲ့ ရာမှူး၊ ဆယ်အိမ်မှူးအပါအဝင် ရွာသူရွာသားတွေ မီးတုတ်တွေပြန်ထွန်းလို့ ကြည့်ရော ..

ယောက်ျားစီးဖိနပ်သုံးရံ ကျန်ရစ်တာ တွေ့ရတယ်။

ပြီး သွေးစွန်းလို့ စုတ်ပြဲနေတဲ့ ကျားပုဆိုးနှစ်ထည်တွေ့ရတယ်။

လယ်ကွင်းမြေပေါ်မှာ သွေးကွက်အချို့လည်း တွေ့ရတယ်။

"သူကြီး ... ဓားပြပဲ နေမှာဗျ"

"ဟုတ်တယ် ...။ သူပုန်မဖြစ်နိုင်ဘူး"

"ဘယ်ကိုပြေးသတုံးဟေ့"

"ဟိုးအရှေ့ကိုဗျ"

"ဘယ်ဓားပြအဖွဲ့လည်း မသိဘူး"

"နက်ဖြန်မိုးလင်းရင် သိရမှာပေါ့ဗျာ"

မနက်လည်းမိုးလင်းရော ကျုပ်တို့ရွာသားတွေ ဟိုရွာဒီရွာ လှည့်စုံစမ်းတော့ ကြားရတာပဲ။

"ငှက်ကြီးတောင် ဓားပြဘဂျမ်းတို့ အဖွဲ့တဲ့ဗျ"

"ဟုတ်ရဲ့လား ... ငတိုးကြီးရ"

"ဟုတ်တယ် ... သူကြီး။ တံငါရွာတွေမှာ ကျုပ်တို့အမျိုးတွေရှိတယ်။ သုံးယောက် ခွေးကိုက်လို့ ဆေးကုနေရသတဲ့။ ကျုပ်ကြားရသိရသမျှတော့ ဘဂျမ်းတို့အဖွဲ့လည်း အရမ်းကို အံ့သြနေဆိုပဲ"

"ဘာလို့တုံးဟ ... ငတိုးကြီးရ"

"သူတို့ ဓားပြ (၆)ယောက် ရွာစည်းရိုးလည်းကပ်ရော ခွေးအုပ်ကြီးက ဖြုန်းခနဲထွက် ပတ်ဝိုင်းတာတဲ့။ ပြီး ဝင်ကိုက်ရောတဲ့။ အဲဒါ သူ





တို့က ဓားနဲ့ပြန်ခုတ်လေ ... ခွေးအုပ်က ပိုပိုများလာလိုက်တာ အကောင်နှစ်ရာသုံးရာလိုဖြစ်ပြီး ခုတ်မနိုင်လို့ ပြေးရတာတဲ့။

"ဟေ ... ဟုတ်ရဲ့လား ... ငတိုးကြီးရာ"

"ပြီး ... ပြောကြသတဲ့ဗျ"

"ဘယ်လိုပြောသတုံး ... ဟကောင်ရ"

"ခွေးအစစ် ရွာခွေးအစစ်မှ ဟုတ်ရဲ့လားမသိဘူး။ ခွေးတစ်ကောင်တစ်ကောင်ဆို နွားပေါက်လောက်၊ လူ့ခါးစောင်းလောက်ရှိတယ်လို့ ပြောကြသဗျာ"

"ဟေ ..."

"ဘုရားရေ ..."

"အံ့သြစရာပါကလားဟေ့ ဟင်"

"ထူးတော့ထူးနေပြီ ... သူကြီးရေ"

✿ ✿ ✿

[ ၁၀ ]

❑

နောင်အခါသိရလို့ ဒီအကြောင်း ပြန်ပြောပြတာနော် ... စာရေးဆရာ။ ဒီလိုဗျာ ...။

"ဟုတ်ရဲ့လား ... ငမည်း"

"အဟုတ်ပဲ ... ဆရာ။ ကျုပ် ငှက်ကြီးတောင်ဘဂျမ်းတို့ဆီကိုရောက်ခဲ့ပြီးပြီ။ ကိုဘဂျမ်းလည်း ရွာကိုမစီးနိုင်ဘဲ သေပြေးရှင်ပြေး ပြေးလာခဲ့ရတယ်။ သူကိုယ်တိုင် ခွေးကိုက်ခံရလို့ ခြေသလုံးအရေပြား မရှိတော့ဘူး။

"တောက် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘဂျမ်းက ပြောတယ်"

"ဘာပြောတုံး"

"သူတိုက်ခဲ့သမျှရွာထဲမှာ ဒီရွာ ကြောက်စရာအကောင်းဆုံးပဲတဲ့"

"ငါမယုံဘူး ... မေညိုး"

"ဆရာကြီးမယုံရင် ငှက်ကြီးတောင်ဘဂျမ်းကို သွားမေးလေ"

"သင်းတို့ မုတ္တမကျေးသား ရွာသားတွေကရော"

"လူညီတယ်လို့ ကြားတယ်။ ဝိုင်းလိုက်ကြတာတဲ့"

"သူတို့မှာ သေနတ်ရှိသလား"

"သေနတ်တော့ မရှိဘူးဗျ။ မှုတ်ပြောင်း၊ ဒူးလေး၊ ဓား၊ လှံ၊ လေးခွ၊ နှစ်ဖက်ချွန်ပစ်တုတ်ပဲရှိတယ်"

"ငါ သင်းတို့ရွာကို ရအောင်တိုက်မယ်။ ဒါ ဘာလဲ .. မေညိုး"

ကာယသိဒ္ဓိရွှေဗျိုင်းက သေနတ်တစ်လက်ကို ကိုင်ပြီး မြှောက်ပြတယ်။

"ပြောလေ ... ဒါ ဘာသေနတ်လဲ"

"စတင်းဂန်းပါ ... ဆရာကြီး"

"တစ်ချက်ခလုတ်ဆွဲလိုက်ရင် ကျည်ဆန်ဆက်တိုက် အတောင့် (.....) ထွက်တယ်။ တစ်ချက်ပစ်ရင် အနည်းဆုံး လူငါးယောက် ပွဲချင်းပြီး သေနိုင်တယ်။ ရွှေငွေရရင်ရ၊ မရရင် လူသတ်ခဲ့ရမယ်။ အဲဒီလို အခွင့်အရေးမရခဲ့ရင် ရွာကို မီးတိုက်ခဲ့ရမယ်။ ကြားလား ..."

"ဟုတ် ..."

"သွား ... ရွှေဘော်တို့ ... ရိုင်ဖယ်ခေါင်းတုံးတို့ကို သွားအကြောင်းကြားချေ"

"ဟုတ် ..."

ဓားပြကာယသိဒ္ဓိရွှေဗျိုင်းတို့ အဲဒီလို အစီအစဉ်ဆွဲနေချိန်မှာပဲ..

မုတ္တမကျေးရွာသားတွေမှာလည်း ရဲရင့်တက်ကြွလို့မဆုံး ပြောမဆုံးဖြစ်လို့။

"အဲဒါ ဘရသေ့ပေးတဲ့ သမ္ဗုဒ္ဓေဂါထာကြောင့်လား မသိဘူးနော်"





"ဟုတ်မှာပဲဟဲ့"

"ရွာဦးကျောင်းဆရာတော် ပြောမဟုတ်လား။ ယုံယုံကြည်ကြည်ရွတ်တဲ့။ ဘေးဥပါဒ်ကင်းသတဲ့"

"ဟုတ်တယ် ...။ ဘရသေ့လည်း ရွာကို ကိုးပတ်ပတ်ရွတ်တယ်လေ"

"ရွာကိုများ သမ္ဗုဒ္ဓေဂါထာနဲ့ စည်းချသလားမသိဘူးနော်"

"တို့ရွာချွေးတွေကလည်း သတ္တိကောင်းတာကိုးဟယ်"

"ဟုတ်ပတော်"

"ပြီး တို့ရွာသားတွေ ညီညွတ်တာလည်း မချန်ပါနဲ့ဟဲ့"

"ဒါလည်း ဟုတ်တာပဲ"

ဒီမှာ တောကျောင်းကိုရင်များ ဆွမ်းခံကြွလာလို့ ဆွမ်းလောင်းကြတယ်။ ပြီး ဘီလူးသချိုင်းကုန်းနေ ဘရသေ့ ဆွမ်းခံကြွလို့ ဝိုင်းလောင်းကြတယ်။

"ဒကာ၊ ဒကာမတို့ ..."

"ဘုရား"

"သမ္ဗုဒ္ဓေဂါထာ ရွတ်ကြရဲ့လား"

"မှန်ပါ၊ ရွတ်ကြောင်းပါဘုရား"

"အိမ်း ... သာခု ... သာခု ... သာခု ... နေ့နေ့ညည ရွတ်ကြဟဲ့ ကြားလား"

"မှန်ပါ ဘုရား"

"အရှင်ဘုရား ... ဟိုတစ်နေ့ညတုန်းက ရွာကို ဓားပြတွေ ဝင်မလို့လုပ်တုန်း ရွာကချွေးအုပ်ကြီးကဝင်ဆွဲလို့ ဓားပြတွေ ပြေးကြရော ဘုရား။ အဲဒါ ... ဟို ... ဟို ... သမ္ဗုဒ္ဓေဂါထာ ..."

ဘရသေ့က ဘာမှပြန်မပြောဘူး။ ရှေ့ဆက်ပြီး ထော့ကလိန်ထော့ကလိန်နဲ့ ဆွမ်းခံဆက်ကြွသွားတယ်။ လိုက်မေးလို့လည်း မသင့်တာနဲ့ ဒီအတိုင်း ငြိမ်နေလိုက်ရတယ်။ အင်း .. ဘရသေ့ကလည်း တစ်မျိုးပဲ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၁၁ ]

❑

ဖြစ်ရပ်ဆန်းကြယ်များက တစ်ခုပြီးတစ်ခုလိုလို ဖြစ်နေတယ်။

နောက်တစ်ပတ်အကြာ မနက်ပိုင်းမှာပေါ့ ...

မသက်ာစရာ လူ (၁၀) ယောက်ခန့် မုတ္တမကျွေ့အဝင် အထိက်ရ ညောင်ပင်ကြီးရဲ့နတ်စင်မှာ ကန်တော့ပွဲကြီးပေးလို့ ဆိမ်း အမွှေးတိုင် နံ့သာများထွန်းပြီး ပူဇော်ပသမှု ပြုနေကြတယ်။

ညောင်ပင်မှာလည်း ရှိင်ဖယ်သေနတ်၊ စတင်းဂန်း၊ ဓားရှည်များ ထောင်ပြီး တိုင်တည်ပြောဆိုနေကြတယ်။

ဒါ ...ရှေးထုံးစံ ရွာဝင် ဓားပြတိုက်ခါနီး လုပ်လေ့လုပ်ထရှိတဲ့ အပြုအမူပဲ။ သူတို့ရွာတော်ရှင်ထံမှာ ဟင်းစား ထမင်းစားတောင်းနေတာ။

"ဤအရပ် ဤရွာကို ပိုင်စိုးသည့် ရွာတော်ရှင် အဘိုးတို့ မယ်မယ်ကြီးတို့ခင်ဗျား ...( ...) ညမှာ သားတော်ကြီးတို့ ဟင်းစားထမင်းစား အလို့ငှာ ( ...) ရွာကို ဝင်ရောက်အလျှုခံမှာ ဖြစ်ပါတယ်။ အဘိုးတို့ မယ်မယ်ကြီးတို့ထံမှာ အခွင့်ပန်ပါတယ်။ ခွင့်ပြုပါခင်ရျာ။

အဘိုးတို့၊ မယ်မယ်ကြီး ခွင့်ပြုမယ်ဆိုပါက ထောင်ထားသည့် လက်နက်များ သည်အတိုင်းရှိပါစေ။ ခွင့်မပြုဘူးဆိုပါက ထောင်ထားသည့် လက်နက်များကို လှဲချလိုက်ပါ အဘိုးတို့၊ မယ်မယ်တို့ ခင်ဗျား"

ခေါင်းဆောင်ရွှေဖျိုင်းက ကန်တော့ပွဲကြီးရွက်ပြီး တိုင်တည်တယ်။





အဲဒီအချိန်မှာပဲ စတင်းဂန်းနဲ့ ဓားသုံးလက်ဟာ ညောင်ပင်ကို မှီထောင်ထားရာကနေ လဲကျသွားရော။

လဲတော့ ရွှေဖျိုင်း မျက်လုံးပြူးသွားတယ်။

အမိပ္ပာယ်က ရွာတော်ရှင်နဲ့ကွင်းပိုင်က အခွင့်မပြုဘူးလို့ အဓိပ္ပာယ် ရတာကိုး။ ဒါနဲ့ ဒုတိယအကြိမ် ပြန်ထောင်ပြီး တိုင်တည် တောင်းဆိုပြန် တယ်။

"ဟယ် ..."

"ဟာ ..."

"ဒုက္ခပါပဲကွာ"

အားလုံး ထပ်မံအံ့သြရပြန်ရော။ ကြည့်လေ ...သေနတ်ရော၊ ဓားရော အကုန်လဲကျတာ။ လဲကျသမှ လူတစ်ယောက်ယောက်က လက်နဲ့တွန်းချသလို ဝရောခနဲ လဲကျတာ။ ကျည်ဆန်သာထည့်ထားရင် ခလုတ် မြုတ်ပြီး နီးရာကို ထိမှန်သွားနိုင်တယ်။

"ဘယ်လိုလုပ်မလဲ ...ဆရာဖျိုင်း"

"တောက် ..."

ရွှေဖျိုင်းက ညောင်ပင်ကပ်ရိုက်ထားတဲ့ နတ်စင်ကို မီးဝင်းဝင်း တောက်မျက်လုံးနဲ့ စိုက်ကြည့်ပြီး ဒေါသတွေ ပေါက်ကွဲနေတယ်။

"ဆရာဖျိုင်း ..."

"နောက်ဆုတ်ကြစို့"

"မဆုတ်ဘူး။ လုံးဝ ...မ ...ဆုတ် ...ဘူး"

"အပိုင်အဆိုင်များက လက်သင့်မခံဘူးလို့ နိမိတ်ပြနေပြီလေ .. ဆရာဖျိုင်းရ"

"သယ် ...သင်းတို့ကလား ...ကိုင်းဟာ ...ကိုင်းဟာ .."

"ဝုန်း ..."

"ဖြောင်း ..."

"ဂျွမ်း ..."

"ဟာ ..."

"ဟ ...ဟ ...ဆ ...ဆ ...ရာ ...ဖျိုင်း ...မ ... မ ...လုပ် ...နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုစမ်းဦး ... ရွှေဖျိုင်းကွ ... ကိုင်းဟာ ... ကိုင်းဟာ"

ဓားပြခေါင်းဆောင် ရွှေဖျိုင်းရယ် နီးရာ ငှက်ကြီးတောင်ဓားရှည်ကို လှမ်းဆွဲပြီး ညောင်ပင်ကနတ်စင်ကို ခုတ်ပစ်လိုက်တာ ...

နတ်စင် တစ်စစီဖြစ်သွားရော။

နတ်စင်လည်း ကုန်သွားရော အထိကရညောင်ပင်ကြီးကို ဓားနဲ့ ဒေါသတကြီး ခုတ်ထစ်ပစ်လိုက်တာ ညောင်ခေါက်တွေ ဖွာလံကြဲကုန်တော့ တာပဲ။ နောက်လိုက်တပည့်များလည်း ဝင်မဆွဲရဲဘူး။ မပြောရဲဘူး။

ခုတ်လို့အားရရော လက်နက်တွေပြန်ကောက်ပြီး လှည်းယာဉ်ပေါ် တက်လို့ ဟိုးအဝေးတစ်နေရာကို ဒုန်းစိုင်းသွားကြလေရဲ့။

သူတို့ရဲ့ လုပ်ချက်၊ လုပ်ဟန်၊ ပေါက်ကွဲဒေါသဖြစ်နေသည်များကို ကြည့်၊ သိ၊ မြင်သွားသူတစ်ဦး ရှိနေတယ်။ အဲဒါ သူတို့ လုံးဝ သတိမပြုမိကြဘူး။

✿ ✿ ✿

[၁၂]

❑

ရွှေဖျိုင်းတို့ကလည်း မိုက်မိုက်ကန်းကန်းကို ညည့်သန်းခေါင်မှာ အုပ်စုဖွဲ့လို့ ရွာခြေကို ချဉ်းကပ်ကြတယ်။

ခွေးတစ်ကောင်ဟောင်သံ မကြားရဘူး။ မေညီးတို့ပြောတော့ ခွေး အကောင်တစ်ရာကျော် ဝင်ဆွဲတာတဲ့။ အခြေအနေဟန်ရင်ဟန်၊ မဟန်ရင် ရွာကို မီးကွင်းပစ်လို့ ပြာချမီးလောင်တိုက်သွင်းဖို့ လောင်စာဆီဆွတ် မီးကွင်း တွေ ပါလာပြီးသား။





"ဖောက် ..."

"အား ..."

"ဟ ... ဟ ... ကျောက်ကြီး ... ဘာဖြစ်လို့တုံး"

"ဆ ... ဆ ... ရာ ... ဖျိုင်း ... ကျုပ် ... ကို ... မြွေ [illegible]ကိုက် ..."

"ဟင် ..."

"ဖောက် ..."

"အားမလေးဗျ ..."

"မိုးကောင်း ... ဘာလဲ ... ဘာဖြစ်လို့လဲ"

"ကျုပ်ကိုလည်း မြွေကိုက် ..."

အဲဒီအချိန်မှာပဲ ရွာကင်းတဲကနေ လှမ်းအော်လိုက်တဲ့အသံ ...

"ဟေ့ ... ရှေ့က လှုပ်လှုပ်က ဘယ်သူလဲကွ"

"ဆ ... ရာ ... သူတို့သိသွားပြီ"

"ပစ် ... ပစ် ..."

"ချောက် ... ချောက် ..."

"ဂျောက် ... ချောက် ..."

"ဟင် ..."

ရွှေဖျိုင်း မြွေကိုက်ခံနေရသည့် တပည့်နှစ်ဦးကို မကူညီနိုင်ဘူး။ [illegible]အော်မေးနေတဲ့ ကင်းသမားများရှိရာကို လက်ထဲက စတင်းဂန်းနဲ့ ထိုး[illegible]လိုက်ရော ...

ကျည်တစ်တောင့်မှ မထွက်ဘူး။

ရွှေတုံးဆိုတဲ့ဓားပြကလည်း ဂျပန်စစ်သုံးရိုင်ဖယ် (၃၀၃) နဲ့ ထိုး[illegible]တာ ဂျောက်ခနဲပဲ မြည်သံကြားရတယ် ကျည်မထွက်ဘူး။

နောက်ထပ် မောင်းတင်ပြန်ပစ်၊ မရဘူး။ အရေးပေါ်ကျည်လဲပြီး [illegible]ပစ်တယ် မရဘူး။

"ဒေါင် ... ဒေါင် ... ဒေါင် ..."

"ဒေါင် ... ဒေါင် ... ဒေါင် ..."



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ရွာကင်းတဲကနေ အရေးပေါ်အချက်ပေး သံချောင်းခေါက်သံ ဆူညံသွားပြီး တစ်ရွာလုံး လှုပ်နိုးထလာပါရော။ ဒီမှာ လေတိုက်သံတွေလည်း ကြားရတော့တာပဲ။ လေပြင်း ရုတ်တရက်ကျသလိုမျိုးကွယ်။

"မီးကွင်း ... ပစ်ဟေ့ ... ပစ် ..."

"မြန်မြန်ပစ် ..."

ဓားပြရွှေဖျိုး အမိန့်ပေးသံအဆုံးမှာ ရွှေဖျိုးရဲ့တပည့်များက ရေနံဆီရေနံချေးဆွတ် မီးကွင်းများကို မီးရှို့ပြီး ရွာထဲက အိမ်များပေါ်ကို ပစ်တာ ...

အံ့သြစရာပါကွယ်။

ပစ်လိုက်တဲ့ မီးစွဲ မီးကွင်းများဟာ ရွာထဲကအိမ်များပေါ်ကို မကျဘဲ တိုက်နေတဲ့လေအရှိန်နဲ့ သူတို့ဓားပြများရှိရာကို ပြန်လွင့်သွားပြီး ...

ဒီမှာ ဓားပြခေါင်းဆောင် ရွှေဖျိုးရဲ့လည်ပင်းကို မီးကွင်းက သွားစွပ်ပါရောဟေ့။ ထူးဆန်းလိုက်တာ ... စာရေးဆရာရယ်။ နောင်အခါ သိရတာက ဓားပြရွှေဖျိုးရဲ့လည်ပင်းကို စွပ်နေသည့်မီးကွင်းဟာ ချွတ်လို့မရဘဲ လည်ပင်းမှာစွပ်လို့ ကျပ်နေသတဲ့။ နောက်ဆုံး လည်ပင်းမှာ စွပ်နေတဲ့ မီးကွင်းက မျက်နှာနဲ့ဆံပင်ကို စွဲလောင်ပြီး ရွှေဖျိုး ... အမလေး ... အဘလေး အော်ပြီး ပြေးရော။

ကျန်တဲ့တပည့်များလည်း ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင် ပြေးရတော့တာပဲ။ မပြေးလို့ မရတော့ဘူး။ ရွာထဲက ခွေးအကောင်တစ်ရာခန့်က ကျားစီးဖားစီး လိုက်ဆွဲနေလို့လေ။

နောက်ဆုံး စာရင်းရှင်းလိုက်တော့ ...

ဓားပြနှစ်ယောက် ကွင်းထဲမှာ မြွေကိုက်သေပြီး ကျန်ရစ်ခဲ့တယ်။

နောင် သိရသမျှပြောရရင် ကာယသိဒ္ဓိရွှေဖျိုးလို့ နာမည်ကြီးတဲ့ ဓားပြရွှေဖျိုး ...

သေနတ်ပီးချင်ပီးမယ်။ ခုတော့ မျက်နှာနဲ့လည်ပင်း မီးလောင်ခဲ့ပြီး မနည်းဆေးကုလိုက်ရတာ မသေခင်ကာလအထိ မျက်ခွက်ဟာ သရဲတစ္ဆေရုပ်လုံးလုံး ပေါက်သွားပါရောကွယ်ရို့။

✿ ✿ ✿

[ ၁၃ ]

❑

"ဒကာမတို့ ..."

"ဘုရား ... ဘရသေ့"

"သမ္ဗုဒ္ဓေဂါထာ ဘုရားရှိခိုးကို နေ့ရောညရော ရွတ်ကြရဲ့လား"

"မှန်ပါ ... ရွတ်ကြောင်းပါ ဘုရား"

"ဒကာကြီးတို့ရော"

"မနက်တိုင်း ကိုးခေါက်ရွတ်ပါတယ် ... ဘရသေ့"

"အိမ်း ... အိမ်း ... ကံကောင်းကြမှာပါ။ သမ္ဗုဒ္ဓေဂါထာ စွမ်းချင်ရင် ငါးပါးသီလလုံအောင်ထိန်း။ ငါးပါးသီလလည်း မလုံဘူး၊ ကံသုံးပါးလည်း မလုံဘူးဆိုရင် သမ္ဗုဒ္ဓေဂါထာ အလိုလို ကံနိမ့်သွားလိမ့်မယ်။ ကြားကြလား"

"မှန်ပါ ဘုရား"

ဘရသေ့ဟာ နေ့စဉ်လိုလို အဲ့ဒီအတိုင်း ပြောဆိုဆုံးမပြီး တစ်အိမ်ဦးတစ်အိမ်ရွှေ့ ဆွမ်းခံရပ်လေ့ရှိတယ်။

ရွာသူရွာသားအားလုံးကလည်း သူတို့ရွာ ဓားပြရန်က ကင်းဝေးနေတာ ဒီသမ္ဗုဒ္ဓေဂါထာကြောင့်လို့ ယုံကြည်ကိုးစားကြတယ်။

ရွာနီးချုပ်စပ် ကြားကြားသမျှကလည်း မယုံလို့ မေးကြရဲ့။

www.burmeseclassic.com



"ဟဲ့ ... အေးဘုံ၊ ညည်းတို့ရွာ ဓားပြတိုက်လို့ မရဘူးဆို"

"အေးတော့"

"မေညိုးတို့၊ ရွှေမျိုင်းတို့လို နာမည်ကြီးဓားပြတွေ ရွာထဲဝင်ပြီး မရဘူးတဲ့။ ရွှေမျိုင်းအမျိုးတွေဆို ဒီတစ်သက် တောင်ယာကုန်းရွာ မှတ္တမ ကွေ့ကို လုံးဝဓားပြမတိုက်တော့ဘူးလို့ ပြောသတဲ့ဟဲ့"

"ဟုတ်လား"

"နေပါဦး ... အတင့်တို့၊ မိညွန့်တို့ရဲ့ ... ငါတို့အရပ်မှာ ပြောနေ ကြတယ်။ အဲဒီလိုရွာကို ဓားပြဝင်လို့ တိုက်လို့မရတာ ဟိုခြေလိန် ရသေ့ ကြီး ရွာကိုပတ်ပြီး နေ့ရောညပါ သမ္ဗုဒ္ဓေဂါထာရွတ် စည်းချလို့လို့ ပြောနေ ကြတယ်။ အဲဒါရော ဟုတ်လို့လား ... မိညွန့်ရဲ့ ဟင်"

"မပြောတတ်ဘူးအေ့ ... ငါတို့တစ်ရွာလုံးကိုတော့ ဘရသေ့က သမ္ဗုဒ္ဓေဂါထာရွတ်ဖို့ တိုက်တွန်းတာနဲ့ ကျက်မှတ်ပြီး ရွတ်လိုက်တာ ကလေး ရော၊ လူကြီးရောပဲ။ ရွာဦးကျောင်းက အသက်ရှည်ဆရာတော် ဘုရားကြီး ကလည်း ကောင်းတယ်လို့ ဝမ်းသာအားရ မိန့်တယ်တဲ့"

"အေးပေါ့အေ ... ညည်းတို့ ရွာသူရွာသားတွေ စိတ်ကောင်း နှလုံး ကောင်းနဲ့ အကုသိုလ်ကင်းတဲ့အလုပ်ကို လုပ်ကိုင်ကြတာများတော့ ကံကောင်း ကြတာပေါ့အေ"

"ညည်းတို့လည်း ရွတ်ပါလားအေ့"

"အင်း ... ရွတ်ချင်ပါရဲ့အေ။ ဒါပေမင့် ငါတို့ရဲ့အလုပ်က ငါးရှာ ဖားရှာ၊ ကြက်သတ်၊ ဝက်သတ်၊ နွားသတ် တစ်ရွာလုံးကလည်း အရက်သမား နဲ့ ဖဲသမားများတော့ စောင့်ရှောက်ချင်တဲ့ သမ္မာဒေဝ နတ်များကလည်း စိတ်ကုန်ကြရောပေါ့အေ။ သွားမယ်ဟေ့ ... မိညွန့်တို့၊ အတင်တို့ရေ"

အဲဒီလို မေးမြန်းကြတယ်။

အဲဒီအကြောင်းကို ဓားပြဗိုလ် စနေဂြိုဟ်တို့အဖွဲ့က ကြားရော။ စနေဂြိုဟ်ဆိုတာကလည်း မေညိုးတို့၊ ကာယသိဒ္ဓိရွှေမျိုင်းတို့၊ ရှင်ဘုရင် သိန်းမောင်တို့နဲ့ ခေတ်ပြိုင်ပဲ။

ဟံသာဝတီအင်္ဂရိုခြိမ်း ခရမ်းသုံးခွ၊ ကျောက်တန်း၊ ပဲခူး၊ သက္ကလ နဲ့ မုတ္တမပင်လယ်ကွေ့တစ်ရိုးမှာ နာမည်ကြီး လူဆိုးဓားပြစာရင်းဝင်ပဲ။





"ငရိုး ..."

"ဗျာ ... ဆရာကြီး"

"မင်းကြားခဲ့တာ အမှန်ပဲလား ... ငရိုး"

"အမှန်အကန်ပါ ... ဆရာကြီး။ ဘီလူးသချိုင်းကုန်းက ခြေလိန် ရသေ့ကြီးနဲ့ အစီအရင်ကြောင့်လို့ တစ်ရွာလုံးလိုလိုက ပြောနေကြတာဗျ"

"ဟင်း ... ဟင်း ... ဟင်း ... ဒါကြောင့်ကိုး ... ဒါကြောင့်ကိုး။ ဟင်း ... ဟင်း ... ဟင်း ... စနေဂြိုဟ်နဲ့ တွေ့ကြသေးတာပေါ့ကွာ။ ဟင်း ... ဟင်း ..."

✿ ✿ ✿

| ၁၄ |

❑

ဒီနေ့ ခြေလိန်ရသေ့ကြီး ရွာထဲကို ဆွမ်းခံမကြွဘူး။

တစ်ရွာလုံးက မျှော်နေကြတယ်။

"နေများမကောင်းလို့လားဟဲ့"

"မသိဘူး"

"ခရီးများ သွားနေရော့သလားမသိဘူး"

"ခရီးသွားရင်လည်း ငါတို့များကို ကြိုပြောသွားမှာပေါ့အေ့"

"အေး ... ဒါလည်း ဟုတ်တာပဲ။ မတော်လို့များ နေမကောင်း ဖြစ်ပြီး အိပ်ရာထဲလဲပြုနေရင် ဘယ်သူပြုစုမတုံး"

"စားရေးသောက်ရေး ဘယ်လိုလုပ်နေမတုံး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘယ်လိုလုပ်မတုံးဟဲ့"

နောက်ဆုံး ရွာဦးကျောင်းက ကပ္ပိယကြီးဦးထီးရိုးနဲ့ ဆယ်အိမ်ခေါင်း ခေါင်းပိန်သိန်းဝင်းတို့ငါးဦး ဘီလူးသချိုင်းကုန်း ရသေ့ကြီးကျောင်းရှိရာကို လှည့်စုသွားခဲ့ကြတယ်။

"ဘရသေ့ ..."

"ဗျို့ ... ဘရသေ့"

"ပြန်မထူးပါလား ... ကပ္ပိယကြီး"

"အေးကွ ... မရှိလို့များလား"

"ရှေ့တိုးမေးပါ ခေါ်ပါ ... ကပ္ပိယကြီးရ"

"မင်းတို့ တိုးမေးပါလား"

"ခင်ဗျားက ဘုန်းကြီးကျောင်း ကပ္ပိယလုပ်ပြီး ကြောက်ရလား ဗျ"

"ကပ္ပိယကလည်း အသက်နဲ့ လူလုပ်နေတာကွ။ မင်းတို့ ဒါ ဘာကုန်းလည်း သိတယ်မဟုတ်လား"

"သိပါတယ်ဗျ။ ဘီလူးသချိုင်းကုန်းဥစ္စာ"

"ဒီဘီလူးသချိုင်းကုန်းက အစောင့်တွေ အပိုင်တွေက ငါတို့ ဒီကိုလာတာ ကြိုက်သလား၊ မကြိုက်သလား ... မင်းတို့ ပြောနိုင်လား။ ပြောလေ"

"ကျုပ်တို့ ရသေ့ကျောင်းကို ဓားပြတိုက်ဖို့လာတာ မဟုတ်ဘူး"

"ဟုတ်တယ် ... ခေါင်းပိန်ပြောတာ မှန်တယ်။ ကျုပ်တို့ သူခိုး ဓားပြမဟုတ်ဘူး။ ရသေ့ကြီးကို ပြုစုဖို့နဲ့ စားဖို့ ဆွမ်းဟင်းလာပေးတာ ဘာကိုကြောက်ရမှာတုံး ... ကပ္ပိယကြီးရ"

"ရှူး ... ရှူး ... အမလေးနော်။ မင်းတို့ စကားဆင်ခြင်ပြောကြပါကွာ။ တောက် ..."

ကပ္ပိယကြီး ကြောက်လွန်းလို့ ဟိုကြည့်ဒီကြည့်လုပ်ရင်း ရှေ့တိုးရကောင်းနိုး နောက်ဆုတ်ရကောင်းနိုး ဖြစ်နေတုန်း ...

ရာအိမ်ခေါင်း ချက်ကြီးဟာ ကပ္ပယကြီးကို ရှေ့တွန်းပြီး ဝါးကျောင်းရှေ့ရောက်အောင် တိုးသွားကြတယ်။





"ဟင် ..."

"ဟာ ..."

"ဘရသေ့ကြီး မရှိဘူး"

"ဟ ... ဟ ... ဟိုဟာ သူရှုံနေကျ ဖာတစ်ရာသက်န်းမဟုတ်လား"

ကြည့်လိုက်တော့ ဝါးကျောင်းနဲ့ မလှမ်းမကမ်းမြေပြင်မှာ ရသေ့ကြီး နှံလေ့ရှိတဲ့ ပုံသကူသက်န်းစုတ်ကြီးကို ပြလယမ်းမြင်ကြရတယ်။

"ဟုတ်တယ် ... ရသေ့ကြီးသက်န်း"

"ဟေ့ ... ဒီမှာကြည့်စမ်း။ ဒရွတ်ဆွဲရာကြီး"

"ဟုတ်တယ်ဟေ့"

စိုစွတ်စွတ် မြေပြင်တောလမ်းမှာ လူတစ်ယောက်ကို ဒရွတ်ဆွဲသွားတဲ့ စင်းကြောင်းကြီးကို သူတို့တွေ့ရတယ်။ ဒါနဲ့အတူ လူခြေရာလို ခြေရာများကိုလည်း မြင်ကြရတယ်။ အားလုံး စိုးရိမ်စိတ် ပိုသွားခဲ့ရပြီ။

"ဘုရား ... ဘုရား ... ဘရသေ့ကို ဝက်ဝံများ ဆွဲသွားပလားမသိဘူး"

"ဝက်ဝံခြေရာမှ မရှိတာဟ"

"ဟို ... ဟို ... ဘီလူးသရဲတွေကများ ..."

"လာ ... ခြေရာခံလိုက်ရအောင်"

သူတို့ အရဲစွန့်ပြီး ဒရွတ်ကြောင်းကို ခြေရာခံလိုက်ခဲ့လိုက်တာ တဖြည်းဖြည်း တောက သစ်ပင်အုပ်ဝါးပင်အုပ်များနဲ့ မှောင်ပိန်းနေလို့ ရှေ့ဆက်မဝင်ရဲ မတိုးမလျှောက်ရဲကြတော့ဘူး။

နောက်ဆုံး စိတ်မကောင်းကြီးစွာနဲ့ ရွာရှိရာကို ပြန်လာခဲ့လိုက်ကြတယ်။ ရွာသူရွာသားများဟာ ကပ္ပိယကြီးနဲ့ ဆယ်အိမ်ခေါင်း ကိုခေါင်းပိန်တို့ထံက ပြောစကားကို ကြားရရော ...

ကြက်သီးမွေးညင်းထပြီး ပါးပြင်ပေါ်ကို မျက်ရည်များ စီးလိမ့်ကျလို့ ဝမ်းပန်းတနည်း ရှိုက်ငိုကြလေရဲ့။

နောက်နေ့စောင်းလည်း ရသေ့ကြီး ပြန်မလာဘူး။ ဆွမ်းခံမကြွဘူး။



www.burmeseclassic.com

www.burmeseclassic.com



ရွာထဲကရော ရွာနီးဝန်းကျင်ကရော ကောက်ချက်ချကြတယ်။

ခြေလိန်ရသေ့ကြီးကို ဝက်ဝံဆွဲသွားသတဲ့။

အချို့က ရသေ့ကြီးကို ဘီလူးစားသွားတာတဲ့။

အချို့ကတော့ တောထဲမှာ ခြေရာတွေ တွေ့ရတယ်။ အဲဒါ လူခြေရာလား၊ ဘီလူးခြေရာလား မပြောတတ်ကြဘူး။

ပယောဂဆရာကြီး ဦးဥသာစိန်ကတော့ ဘီလူးခြေရာတဲ့။

ဘာလို့ ဘီလူးခြေရာလို့ပြောနိုင်သလဲ ဆရာကြီးလို့ မေးတော့-

ဖနောင့်တိုပြီး ခြေမကြီးတဲ့ ခြေဖဝါးရာကို တွေ့ရလို့တဲ့ဗျာ။

✿ ✿ ✿

[ ၁၅ ]

❑

ရင်တုန်စရာညလို့ ပြောရမလား။

ဖြစ်ရပ်ဆန်းကြယ်ညလို့ ပြောရမလား မပြောတတ်ဘူး။

တစ်ရွာလုံး ဘုရားရှိခိုးပြီး ညအိပ်ကြတယ်။

ည (၁၀) နာရီကျော်မှာ ကောင်းကင်တစ်ခုလုံး မည်းညို့မှိုင်းပြီး လေပြင်းများကျလာလို့ ရွာထဲက ခနီမိုးအိမ်အချို့ ခေါင်မိုးများ လန်ကုန်ရော၊ ရွာရှေ့ကွင်းနဲ့ နောက်ကင်းက ကင်းသမားတွေလည်း မိုးပက်လို့ စိုရွှဲတာနဲ့ ကိုယ့်အိမ်ကိုယ့်တဲ အသီးသီးပြန်ကြတယ်။

ဒီမှာ လေက ပိုထန်လာတယ်။





လေနဲ့အတူ မိုးကလည်း လိုက်လာတယ်။ သည်မှာ ထူးထူးခြားခြား ရွာထဲကခွေးတွေ အူကြပါရောဗျာ။

ခွေးအကောင်ပေါင်းများစွာတို့ဟာ ရွာပြင်ကိုမျှော်ပြီး ဆွဲဆွဲငင်ငင်တို့ အူနေတာဗျာ။ ဘယ်လိုပြောရမလဲ . . . ဟိုလေ . . . မကောင်းဆိုးဝါးများကိုမြင်လို့ အော်သည့်အူသည့် အသံမျိုး . . . သိလား။

မိုးရယ်၊ လေပြင်းတိုက်သံရယ်၊ ချောက်ချားစရာကောင်းတဲ့ ခွေးအူသံတွေရယ်၊ နွားတင်းကုပ်ထဲက နွားတွေကျွဲတွေလည်း ဘာကို လန့်လို့လည်း မသိဘူး . . .

နှာမှုတ်ရုန်းကန်ကြတာ ဝုန်းဒိုင်းကြဲပဲ။

လေမုန်တိုင်းတော့မဟုတ်ဘူး၊ အတော်ပြင်းထန်တဲ့ လေပဲ။

ပစ္စည်းအချို့ လွင့်စင်ပြုတ်ကျသံလည်း ကြားရတယ်။ သစ်ပင်အချို့ ကျိုးကျသံလည်းကြားရတယ်။

နွား၊ ကျွဲ၊ ခွေးများရဲ့ ရုန်းကန်အော်ဟစ်သံများကြားရလို့ မီးထွန်းကြည့်ချင်ပေမင့် မီးထွန်းလို့မရဘူး။ လေတိုက်လွန်းလို့ မီးငြိမ်းပါရော။

အားလုံး မှောင်မည်းမည်း မိုးထဲလေထဲမှာ တစ်ယောက်ကိုတစ်ယောက်ဖက်ပြီး ဘုရား၊ တရား၊ သံဃာတရင်း၊ ဘုရားသေ့နဲ့ ဘဘုန်းပြောတဲ့ သမ္မဒွေဂါထာကိုပဲ အော်ရွတ်နေကြရတယ်။

"ဂျိမ်း . . ."

"ဘုရား . . . ဘုရား . . ."

"ဂျိုင်း . . ."

"အမလေး . . ."

"ဒိုင်း . . . ဒိုင်း . . ."

"ဟ . . . ဟ . . . ဘာသံလဲဟ"

"မိုးကြိုးပစ်သံတော့"

"နောက်တစ်သံက မိုးကြိုးပစ်သံမဟုတ်ဘူး သေနတ်သံ"

"ဂျိမ်း . . ."

"ဂျိုင်း . . ."

"အား . . . မလေးတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း ... ဒိုင်း ..."

"ဖောင်း ... ဒိုင်း ..."

"ဝင်ထား ... တိုက်ထား ... စနေပြိုလ်တဲ့ကွဟေ့"

"ဒိုင်း ..."

"ခုခံတဲ့ကောင်မှန်သမျှ အကုန်သတ်"

"ဘုရားရေ ... မားပြပါ ရောက်နေပြီဟေ့"

"ဓားပြဗျို့ ... ဓားပြ ... ဓားပြ ..."

"ဝုန်း ... ဝုန်း ..."

"ဝေါင်း ... ဝေါင်း ..."

"ဂျိမ်း ... ဝရုန်း ... ဝရုန်း ..."

"ညွှမ့် ... ညွှမ့် ... ညွှမ့် ..."

"ဝပ်ထိန်း ... ဝပ်ထိန်း ..."

"အား ... သေပါပြီဗျာ"

"ပြေး ... ပြေး ... ခွေးအုပ်နဲ့ ကျွဲအုပ် ဝင်ခတ်နေပြီ"

"ဆရာကြီး ... စနေဂြိုဟ်"

"ဝေ ..."

"အွမ့် ... ညွှမ်း ..."

"ဖူး ..."

"စွပ် ..."

"အား ... အား ... အ ... အ ..."

"ဟေ့ ... အဲဒါ ဘယ်သူတုံး။ ဘာဖြစ်လို့တုံး"

"ဆရာ ... ကြီး ... စ ... နေ ... ဂြိုဟ်ကို ... ကျွဲခတ်လိုက်ပြီဟေ့"

"ထွက်ကြ၊ ပြေးကြ ... အခြေအနေမကောင်းဘူး ... ဘုတ်"

"ဆုတ် ... ဆုတ် ..."

"ဂျိမ်း ..."

"အား မလေးဗျ ..."

"ဖူး ... ညွှမ့် ..."





"စွပ် ..."

"အား ... သေပါပြီဗျာ"

မိုးသံလေတိုက်သံ၊ ခွေးနဲ့ ကျွဲနွားများရဲ့ အသံဗလံမျိုးစုံ ကြားထဲကနေ မိုးကြိုးပစ်သံ၊ လျှပ်စီးလက်သံနဲ့အတူ သေနတ်ပစ်သံနဲ့ အော်ဟစ်ကြုံးဝါး ကြိမ်းဝါးသံများကိုပါ ကြောက်စရာကြားနေရတယ်။

ဒါနှင့်အတူ မှောင်ကြီးမည်းမည်းထဲက နာကျင်စူးရှ အော်ဟစ်သံများကိုပါ ရင်သိမ့်တုန်အောင် ကြားကြရတယ်။

ဒီလို မိုးရော လေရော ကျသံတိုက်သံများဟာ တစ်ညလုံး ကြောက်စရာကောင်းအောင် ကြားရပြီးနောက် မိုးလင်းပိုင်းကို ရောက်သွားခဲ့တယ်။

မိုးလည်းလင်းရော မိုးသံလေသံ ငြိမ်ကျသွားတယ်။

မိုးငြိမ်လေငြိမ် မိုးစဲတော့မှ ရွာသူရွာသားတွေ အပြင်ကို ထွက်ကြည့်လိုက်ရော ...

ဦးစွာမြင်ရတာက ...

သစ်ကျိုးသစ်ကိုင်းများနဲ့ သစ်ရွက်သစ်ခက်များ။

အမှိုက်သရိုက်များ။

ပြီး ... ချမ်းတုန်နေသည့် နွားများ၊ ကျွဲများ၊ ခွေးများ၊

နောက်ဆုံးတွေ့မြင်လိုက်ရသည်ကား ...

ရွှံ့ဗွက်ပေလူး၊ ရုပ်ပျက်ဆင်းပျက် လူသေအလောင်း သုံးလောင်းနှင့် သေနတ်သုံးလက်။

တစ်ယောက်သူ၏ ရင်ဝနှင့်ဗိုက်ကား ကျွဲချိုနှင့် ပင့်ကော်အခတ်ခံရလို့ ရင်ပွင့်သေနေသည့်အလောင်း။

နောက်တစ်လောင်းက မိုးကြိုးထိမှန်လို့ မည်းတူးနေသည့်အလောင်းတစ်လောင်း။

နောက်ဆုံးအလောင်းကား ...

ရွာခွေးများ ဝိုင်းဆွဲကိုက်ဖဲ့ထားလို့ တစ်ကိုယ်လုံး ရုပ်ပျက်ဖြစ်နေသည့် လူဆိုးဓားပြရုပ်အလောင်းများမှန်း တစ်ရွာလုံး သိရှိလိုက်ရသောအခါ ...



www.burmeseclassic.com

www.burmeseclassic.com



မိုးသည်းည မှတ္တမကွေ့ 'သမ္ဗုဒ္ဓေရွာ'ဟု အမည်တွင်ရစ်မည့် ရွာတစ်ရွာရဲ့ အံ့ဖွယ်ဖြစ်ရပ်ဆန်းကြယ်များကို နောင်သားအစဉ်အဆက် အိပ်ရာဝင်ပုံပြင်သဖွယ် ပြောလို့မဆုံး ရှိခဲ့ဖူးလေရဲ့ . . . စာရေးဆရာရေး။

[မှတ်ချက် ။ ။ ၎င်းသမ္ဗုဒ္ဓေခေါ် ဘီလူးသချိုင်းအကြောင်းကို ဤမျှဖြင့် ခဏရပ်ပါမည်။ မကြာခင် ၎င်းရွာကုန်းကြီးရဲ့ အံ့ဖွယ်ဘနန်း ဖြစ်ရပ်ဆန်းအဆက်ကို အထူးလုံးချင်းဝတ္ထုရှည်အဖြစ် ရေးသားသွားပါမည့်အကြောင်း စာဖတ်ပရိသတ်များသို့ ကြိုတင်အသိပေးအပ်ပါသည် . . . ခင်ဗျား]

မောင်ညိုမှိုင်း(သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

မနေ့ဖြူမြို့စွန်ရှိ ရွှေရောင်ပြသချိုင်းအဝင်ဝ တာကုန်းကြီးပေါ်မှာ လူငယ်သုံးယောက် ရပ်နေကြ၏။ သူတို့သုံးယောက်မှာ ကိုမင်း၊ နိုင်စိုး၊ ဆန်းလင်းတို့ဖြစ်သည်။ ကိုမင်းကအသားဖြူဖြူ၊ နိုင်စိုးက အသားလတ်လတ်၊ ဆန်းလင်းက အသားညိုညို အသက်အစိတ်ဝန်းကျင် လူငယ်တွေဖြစ်၏။

သူတို့သုံးယောက်က (I.T) ခေတ်လူငယ်တွေလို ကွန်ပျူတာ၊ ဂိမ်း၊ အင်တာနက်၊ သီချင်း၊ ရုပ်ရှင် ပျော်ရွှင်ပွဲတွေ သိပ်ပြီး စိတ်မဝင်စား။ သိပ္ပံပညာထက် ဝိဇ္ဇာပညာရပ်တွေကို လိုက်စားရတာ ပိုဝါသနာထုံကြ၏။ စိတ်တူကိုယ်တူ သူငယ်ချင်းတွေ ပေါင်းဖော်မိကြ၏။

သူတို့ထဲမှာ နိုင်စိုးက အကြွားသန်၏။

"ငါတော့ အထက်ဂိုဏ်းတစ်ဂိုဏ်းဝင်ထားတာ အတော်ဟုတ်နေပြီကွ။ အဆင့်ဆက်ဖို့ ကျင့်စဉ်တစ်ခု ကျန်သေးတယ်။ အဲဒါက သချိုင်းမှာ ပုတီးစိပ်ပြီး သမာဓိထူထောင်ရမှာ ဘာအနှောင့်အယှက်၊ အဖျက်အဆီးမဲ လာလာ မမှုဘူး။ အဲဒါတွေကို ကျော်လွှားအောင်နိုင်ရင် ငါ ဆရာဖြစ်ပြီ"

ဆန်းလင်းကလည်း မတောက်တခေါက်တတ်သူပီပီ ...

"ဟုတ်မှလည်း လုပ်ပါကွာ။ မင်းအဆင့်က သချိုင်းစောင့်တွေကို ချုပ်နိုင်၊ ထိန်းနိုင်လို့လား။ မဖဲဝါကိုမပြောနဲ့ သူ့ရဲ့လက်ထောက် ပေါက်တူးပေါက်ပြားကိုပဲ နိုင်လို့လား။ မနိုင်ရင် မင်း ခံစားသွားရလိမ့်မယ်နော်"





နိုင်စိုးက လက်ဖက်ရည်တစ်ငုံ သောက်လိုက်ပြီး ...

"ငါ့ကို အထင်သေးရင်သေး၊ ပညာကို အထင်မသေးနဲ့။ ငါ လက်တွေ့ကျင့်ပြမယ်။ ဒီည လက်ဖက်ရည်သောက်ပြီးတာနဲ့ သချိုင်းထဲက ဇရပ်မှာ သွားကျင့်မှာ။ မင်းတို့မယုံရင် လိုက်ကြည့်ကြ"

ကိုမင်းက ဘာမှမပြော။ ငြိမ်နားထောင်နေ၏။ ကိုမင်းက တောင်ထဲမှာ ဆရာရသေ့ကြီးနှင့် လိုက်ပြီး ငါးနှစ်လောက် ပညာသင်ထားပြီး ဆရာလုပ်စား၍ရသော်လည်း လုပ်မစား။ အထက်လမ်းပညာ မတတ်ချင်ယောင် ဆောင်နေ၏။ ဆေးခံ၊ ဝါးခံ၊ ကိုယ်ခံ၊ ကိုယ်လုံတွေလည်း ထိုးနှံထားပြီးသား။ သိုသိုသိပ်သိပ်လေးသာနေ၏။ ထုတ်မကြွား။

"ကြည့်ကြတာပေါ့ကွာ။ ငါတို့က ဘေးက ထိုင်စောင့်ကြည့်နေရမှာလား။ ဘေးမှာ အဖော်ရှိမှတော့ ငါတို့လည်း ထိုင်ရဲတာပေါ့ကွ"

"မင်းတို့က သချိုင်းအပြင်မှာပဲ စောင့်နေရမှာ။ တစ်နာရီပဲကြာမှာ။ အဲဒီတော့မှ သချိုင်းထဲ ဝင်လာခဲ့။ ဒီညသန်းခေါင်မတိုင်ခင် ထိုင်ကျင့်မှာ။ ငါ တစ်ယောက်တည်း ဇရပ်ထဲမှာ ကျင့်မှာကွ"

ဆန်းလင်း အံ့သြပြီး အလေးပြုလိုက်၏။

"လုံးဝ လေးစားတယ်။ တစ်ကြိမ်ပဲ အလေးပြုမယ်။ ဟုတ်ရင် ဟုတ်ပေါ့ကွာ။ မဟုတ်ရင်တော့ တရုတ်အစားအစာ တစ်ဝိုင်းစာ လိုက်ကျွေးရမယ်"

"ဟုတ်ရင် မင်းတို့ ပြန်ကျွေးရမှာနော်"

"ဖြစ်တယ် ... စိန်လိုက်။ ဘယ်နေ့ရက်ထိုင်မှာလဲ"

"တစ်ပတ်၊ ညတိုင်း ဆယ့်တစ်နာရီခွဲကနေ ဆယ့်နှစ်နာရီခွဲအထိ ထိုင်မှာ"

ဆန်းလင်းက ကိုမင်းကို မေးဆတ်ပြ၏။

"ကိုမင်း ... ဒီကောင် ... ဟုတ်ပါ့မလား"

"လုပ်ကြည့်ပါစေ။ အသည်းငယ်လို့တော့ မရဘူးနော်"

ကိုမင်းစကားကြောင့် နိုင်စိုး ရင်ကော့သွား၏။

"အသည်းကို လက်နဲ့တောက်ကြည့်ရင်တောင် ဒေါင်ခနဲ ဒေါင်ခနဲ မြည်တဲ့အထိ အသည်းမာပြီးသား။ ဆရာလုပ်တော့မဲ့ ကောင်ပါကွ။ သရဲတစ္ဆေမှမနိုင်ရင် ပညာတွေ အကုန်လျှော်ပစ်လိုက်မယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်း ပြုံးပြီးရေနွေးကြမ်းသောက်နေ၏။ ဆန်းလင်းက ..

"ဒီည ... ပွဲစပြီလေ။ မင်းကိုယ်မင်း တာဝန်သိပ်ယူနိုင်နေမှတော့ ငါတို့က အားပေးရတော့မှာပေါ့"

နိုင်စိုးက အိတ်ကပ်ထဲက ပုတီးကုံးကို ထုတ်ပြ၏။ ပုတီးက ရိုးရိုး ပုတီးလေးပါပဲ။

"သိဒ္ဓိတင်ထားတဲ့ ပုတီးကွ"

"ဩော် ..."

"အင်းပေါ့ ... အင်းပေါ့"

လက်ဖက်ရည်ဆိုင်ကထတော့ ကိုးနာရီခွဲနေပြီ။ လာလမ်းအတိုင်း ရွှေရောင်ပြ ဘုန်းကြီးကျောင်းဖက်ကို လမ်းလျှောက်ကြ၏။ နာရီဝက်လောက် အကြာမှာ သင်္ချိုင်းကုန်းရှေ့ကို ရောက်လာ၏။ သင်္ချိုင်းအဝင် ညောင်ပင်ကြီး က အုပ်ဆိုင်းထား၏။ ကိုင်းတွေက မြေပြင်ဆီ ဝပ်ငိုက်ဆင်းနေ၏။ အဝင်ဝ က အုတ်ဂူတွေကြားမှာ လူ့လေးယောက် ပြုဝင်သွား၍ရသည့် မြေလမ်းကျဉ်း ကလေးရှိ၏။ ကမ္ဘာကထစ်တွေနှင့် မညီညာ။ ဒီသင်္ချိုင်းက မြေကြမ်း၏။

ညဆယ့်တစ်နာရီခွဲတိုင်အောင် ထိုင်စကားပြောရင်း စောင့်နေကြ၏။ မြို့လေးရဲ့ အစွန်အဖျားမို့ လူခြေတိတ်ဆိတ်နေ၏။ အိမ်ဆက်ကလည်း လှမ်း၏။ မြောက်ဖက်မှာ ရွှေရောင်ပြ ဘုန်းတော်ကြီးကျောင်းရှိ၏။

ဘုန်းတော်ကြီးကျောင်းမှာ အစွမ်းထက်မြက်သော ဆရာတော် ကြီးတစ်ပါးတည်း သီတင်းသုံးတော်မူနေ၏။ ဆရာတော်ကြီးက ဟိုတုန်းက ရဟန္တာဟု အမည်ကျော်ကြားခဲ့သော ဆရာတော်ကြီးရဲ့ တပည့်သားတစ်ဦး ဖြစ်၏။ အိမ်ထောင်တွေကျပြီးမှ လောကီရေးရာတွေကို အဆက်ဖြတ်ကာ ရဟန်းဝတ်ခဲ့ခြင်းဖြစ်၏။

ရဟန်းဝတ်ပြီးကတည်းက ကိုယ်ကျင့်သီလပြည့်စုံအောင် နေထိုင် ပြီး တရားအကျင့်ကို ကျင့်ခဲ့၏။ ဆရာတော်ကြီးမှာ အစွမ်းသတ္တိထူးတွေ ရှိသော်လည်း ထင်ပေါ်ကျော်ကြားစွာ မနေ။ ဝိနည်းတော်နှင့်ညီအောင်သာ သီတင်းသုံးတော်မူ၏။

ဆရာတော်ကြီးက သက်တော်(၇၀)နီးပါး ရှိနေလေပြီ။ ဥပဓိရုပ် တော်သန့်ခန့်ပြီး ကွမ်းယာ အလွန်စား၏။ သင်္ချိုင်းနှင့်ကပ်လျက် ကျောင်း မှာ တစ်ပါးတည်း သီတင်းသုံးရဲသည့်မှာ နှယ်နှယ်ရရမဟုတ်၍သာ။





သင်္ချိုင်းထဲက အနှောင့်အယှက်ကြီးတွေ အတော်များများကို ခံခဲ့ရ ဖူး၏။ ခန္တီပါရမီ၊ မေတ္တာဖြင့်သာ နှိမ်နင်းအနိုင်ယူခဲ့၏။ ယောက်ျားဆယ့်နှစ် ကြိမ်ကဝေ အဆင့်တွေတောင် ဆရာအတော်များများ မနိုင်ကြ။ ဆရာတော် ကြီးကာ နိုင်နင်း၏။ ကဝေတတ်သူကို ကျောင်းမှာခေါ်ထားပြီး သူ့ပညာ အလျှုခံ ထား၏။

စုန်းတွေသောင်းကျန်းသော ခေတ်ကာလကလည်း ဆရာတော်ကြီး က စုန်းပညာအစ်ပွဲတွေကျင်းပပြီး စုန်းတွေကို နှိမ်နင်းထား၍ ဤနယ်တစ် ဝိုက်မှာ လူတွေကို ဒုက္ခမပေးနိုင်တော့ခြင်းပင်။ နို့မို့ ... မလွယ်။ ထစ်ခနဲရှိ ဖြစ်စားမည်။ ကိုင်လိုက်မည်၊ လုပ်ထည့်လိုက်ပြီ ဆိုတာတွေချည်းပင်။

ကိုမင်းတို့သုံးယောက် ဆယ့်တစ်နာရီထိုးပြီမို့ သင်္ချိုင်းထဲ လှမ်းဝင် လိုက်ကြ၏။ သုံးယောက်အားရှိသော်လည်း ကြောက်စိတ်ကိုယ်စီတော့ ရှိနေ ကြ၏။ ခပ်လှမ်းလှမ်းရပ်ကွက်လမ်းထဲက အူလိုက်သော ခွေးအူသံတွေက နှင့် ကျောချမ်းချင်စရာ။

တောတောင်ထဲ ဘရသေ့နှင့် အတူနေစဉ်က လူသံသူသံတွေ တော ထဲမှာ ပွက်လောညံအောင် ကြားခဲ့ရဖူး၏။ လူတွေ မှတ်နေခဲ့၏။ ဘရသေ့ ပြောမှ ကျတ်တွေမှန်း သိရ၏။ တောတောင်ထဲက နှစ်ချို့ကြီးတွေက အများ ဆုံး ပို၍ ကြောက်လန့်ဖို့ကောင်း၏။

သင်္ချိုင်းဇရပ်ထဲ ရောက်လာ၏။ သွပ်မိုး၊ ပျဉ်တိုင်ဖြစ်သော်လည်း အခင်းမရှိသော မြေသားချည်းဖြစ်နေ၏။ အုတ်နံရံကပ်တွယ်နေသော နွယ် တွေကလည်း လိမ်ရှုပ်ထွေးနေ၏။

ဇရပ်ထဲမှာ ဖယောင်းတိုင်ထွန်းပေး၏။ အမွှေးတိုင်ထွန်းပြီးနောက် ခြေသန့်သန့်မှာ သတင်းစာစက္ကူကို ဖြန့်ခင်း၏။ အဲဒီအပေါ်မှာ နိုင်စိုး တက် ထိုင်၏။

"ဒီလောက်ဆို ရပြီလား"

"အေး .. မင်းတို့သွားတော့။ တစ်နာရီပြည့်မှ ငါ့ကိုလာခေါ်ကြ"

ကိုမင်းနှင့်ဆန်းလင်းတို့ ထွက်လာကြ၏။ သမင်လည်ပြန် ပြန်ကြည့် ကြည့်တော့ နိုင်စိုးတစ်ယောက် တင်ပလ္လင်ခွေထိုင်ပြီး ပုတီးစိပ်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းတို့ သချိုင်းအပြင်ရောက်တော့ တာကုန်းပေါ်တက်ကြ၏။ တာအတိုင်း တောင်ပေါ်ကျောင်းဖက်ကို လမ်းလျှောက်ကြ၏။

လူခြေတိတ်ချိန် လေတဟူးဟူးနှင့် လမ်းလျှောက်လာကြရာ တောင်ပေါ်ကျောင်းထိပ်မှာ ရပ်တန့်လိုက်၏။ မုခ်ဦးအဝင်ထိုင်ခုံမှာ ထိုင်ပြီး ပယောဂကုထုံးတွေအကြောင်းကို အေးအေးလူလူ ပြောဆိုဖြစ်ကြ၏။ တစ်နာရီပြည့်ခါနီး ဆယ်မိနစ်အလိုမှာ သချိုင်းဘက် လမ်းပြန်လျှောက်လာကြ၏။

သချိုင်းရောက်တော့ ဆယ့်နှစ်နာရီခွဲတိတိ။ သချိုင်းထဲ ဝင်လာလိုက်၏။ အထိုင်မပျက်နေနိုင်သော နိုင်စိုးကိုတွေ့၍ ဆန်းမင်း အလေးတစ်ချက် ထပ်ပြုလိုက်၏။

"လေးစားတယ် ... တကယ်ထိုင်ရဲတယ်ကွာ"

နိုင်စိုးလည်း ကျင့်စဉ်ရပ်ပြီး အကြောဆန့်ကာ ထရပ်၏။

"ထိုင်လို့ ကောင်းလိုက်တာကွ။ မင်းတို့ပြန်လာတာ စောနေသလားပဲ။ အမှန်ဆို နောက်နာရီဝက်လောက်မှ ရောက်လာသင့်တာ"

"အံမယ် ... မင်း လန့်နေမှာစိုးလို့ ငါတို့က သတိဝီရိယနဲ့ စောင့်ပြီး လာခေါ်တာကွ"

"အေးလေ ... လုပ်ပါတယ်ဆိုမှ ဒါတောင် ရေမချိုးရသေးဘူး လုပ်နေသေးတယ်"

"ဟဲ ... ဟဲ ... ဟဲ ... ငါ ဒီအတိုင်းဆက်ကျင့်လို့ တစ်ပတ်ပြည့်ရင်တော့ ဆရာဖြစ်ပြီကွ။ နောက်နေ့ တစ်နာရီခွဲအထိ ထိုင်မယ်ကွာ။ အချိန်တိုးထိုင်နိုင်လေ ပိုအကျိုးရှိလေပဲ။ ငါဆရာဖြစ်ရင် မင်းတို့နှစ်ယောက်က လက်ရင်းတပည့်တွေပေါ့"

"နေပါ ... တော်ပါတော့၊ နေရင်းထိုင်ရင်း ဘာလို့ မင်းတပည့်ဖြစ်ရမှာလဲ"

"ဒီကောင် ... အပေါင်းအသင်းစေတနာကို စော်ကားနေသေးတယ်။ အေးပါ ... တွေ့ဦးမယ်"

"မင်းတို့ ဘာမှ မခံချိမခံသာဖြစ်မနေနဲ့။ အဲဒါ မနာလိုတာလို့ခေါ်တယ်။ ငါ့လို ထိုင်ရဲလို့လား"





နှစ်ယောက်သား ငြိမ်ပြီး သချိုင်းထဲက ပြန်ထွက်လာ၏။ ဘေးက လိုက်လာသော နိုင်စိုးက ဟောင်ဖွာဟာင်ဖွာအာကျယ်ကာ သူ့ဂိုဏ်းရဲ့ပညာ ရပ်တွေကို အံ့မခန်း ချီးမွမ်းခန်း ဖွင့်နေတော့၏။

နိုင်စိုးတစ်ယောက် ပညာမာန်တွေမောက်ပြီး သူငယ်ချင်းနှစ်ယောက်ကို စကားဖြင့် သာသာစီးစီး နှိပ်ကွပ်နေလေသည်။ ဆန်းလင်းလည်း မခံချိမခံသာဖြစ်၊ ကိုမင်းလည်း ခေါင်းတခါခါဖြင့် ပြုံးနေမိတော့၏။

✿ ✿ ✿

|၂|

❑

နောက်တစ်နေ့ညမှာ နိုင်စိုးတစ်ယောက် ဘေးအပေါင်းအဖော်တွေကိုမှာ သူ ဘယ်လောက်တော်ကြောင်း၊ သချိုင်းထဲမှာ ထိုင်ရဲကြောင်းတွေ အပေါင်အာရင်းသန်သန် ကြွားနေတော့၏။ မယုံတဲ့သူတွေဆိုရင် ...

"မယုံရင် ကိုမင်းနဲ့ဆန်းလင်းကို မေးကြည့်ပါလား။ သူတို့ကိုယ်တိုင် အဖော်လိုက်ပေးတာ။ ဟေ့ကောင်တွေ ... ပြောပြလိုက်စမ်းကွာ။ ငါ့သတ္တိ ဘယ်လောက်မြင့်တယ်ဆိုတာ"

ဆန်းလင်းက ခေါင်းကုတ်၏။ ကိုမင်းက ရေနွေးကြမ်းသာ ဖိသောက်နေ၏။ တချို့ကောင်တွေက လိုက်ကြည့်ချင်သော်လည်း သချိုင်းကဲ့ကြောက်ချင်ကြ။ ညကိုးနာရီကျော်မှ သုံးယောက်သား သချိုင်းဖက် လျှောက်ခဲ့ကြပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



သချိုင်းထဲဝင် …

မနေ့ကလို ပြင်ဆင်ပြီး …

နိုင်စိုးတစ်ယောက် တကယ့်ဆရာကြီးအိုက်တင်နှင့် ထိုင်နေ၏။ ကိုမင်းတို့ကိုလည်း တစ်နာရီခွဲမှ လာခေါ်ဖို့ ပြောလိုက်သေး၏။ ကိုမင်းနှင့် ဆန်းလင်းတို့ သချိုင်းထဲက လျှောက်ထွက်လာစဉ် …

"တော်တော်လေကျယ်တဲ့ကောင် … အပိုကြွားလုံးတွေပါတာ ရှ… စရာပဲ။ အဲဒါအရေးမကြီးဘူး၊ ငါတို့ ကျွေးရတော့မယ်ထင်တယ် ကိုမင်း"

"မကျွေးရပါဘူးကွ။ မင်းကောင် ဒီည ခံနိုင်မခံနိုင် စောင့်ကြည့်ပါဦး"

ကိုမင်းက ပြောပြီး အုတ်ဂူတစ်ခုကိုသွားပြီး ဒူးတိုက်ကာ …

"ပေါက်တူးနဲ့ ပေါက်ပြားရေ … ငါတို့ သူငယ်ချင်းမာန်တက်နေ… တယ်။ မာန်ကျသွားအောင် ဆုံးမလိုက်စမ်းပါ။ အသေတော့ မလုပ်နဲ့နော်… ပင်ကိုအတိုင်း ရှိပါစေ"

ကိုမင်း ဆက်ပြောပြီး ဆန်းလင်းနှင့်အတူ သချိုင်းထဲက ထွက်လာလိုက်၏။ သချိုင်းအပြင်သို့ရောက်သောအခါ ဆန်းလင်းက …

"ကိုမင်း … ဒီကောင့်ကို သချိုင်းစောင့်တွေက ဆုံးမနိုင်ပါ့မလား။ ဒီကောင့်မှာ ပညာအခံလေးက ရှိနေတော့ ထိန်းနိုင်ချုပ်နိုင်နေပုံပဲ"

"မပူပါနဲ့၊ နိုင်စိုး ထိန်းချုပ်နိုင်တဲ့အစွမ်းထက် ပိုမြင့်တဲ့ အစွမ်းထို… အစောင့်တွေဆီ ငါအပ်နှင်းထားတယ်။ စောင့်ကြည့်နေစမ်းပါ"

နှစ်ယောက်သား တောင်ပေါ်ကျောင်း မုခ်ဦးဝအုတ်ခုံမှာ စကား… စမြည် ပြောဖြစ်ပြန်၏။

"ငါကတော့ ပြန်ချင်တယ် … ကိုမင်းရာ။ ဒီကောင် ဒီလောက်… စွမ်းနေရင် သူ့ဘာသာ ပြန်လာလိမ့်မယ်"

"အဲလိုပစ်သွားလို့ မဖြစ်သေးဘူး၊ စောင့်ခေါ်ပါကွာ။ သူငယ်ချင်း… ကောင်းစိတ်ဓာတ်ထားပါ"

"ဒီကောင်က သူ့အလှည့်ကျရင် မညှာဘူး။ အပီနှာတော့တာ… ခံရခက်တယ်ကွ"





"သူ့ဘာသာ အမြင်မှန်ရပြီး နောင်တရသွားပါလိမ့်မယ်။ မလော… စမ်းပါနဲ့"

တစ်နာရီထိုးခါနီးမှာ သချိုင်းဖက်ထဲ ပြန်လျှောက်လာကြ၏။

'အုန်း'ခနဲအသံကြီးကို ကိုမင်းကြားလိုက်ရ၏။ သေချာပြီ။ သချိုင်း… ထဲက ဖြစ်၏။ ဆန်းလင်းက မကြား။

"ဆန်းလင်း … အုန်းခနဲအသံကြီး ကြားလိုက်တယ်ကွ။ သချိုင်းထဲ… ပဲ။ နိုင်စိုး တစ်ခုခုဖြစ်နေပြီနဲ့ တူတယ်။ မြန်မြန်သွားကြည့်ရအောင်"

"မကြားပါဘူး … ကိုမင်းရာ၊ နားကြားလွဲတာ ဖြစ်ပါလိမ့်မယ်"

"အုန်း … "

"ဟော … ကြားလား"

"ဟာ … ဟုတ်တယ်၊ ကြားတယ်၊ သချိုင်းထဲကပဲ။ မြန်မြန်ပြေး… ကြည့်ရအောင်"

နှစ်ယောက်သား သချိုင်းထဲအထိ ပြေးဝင်လာ၏။ ဓာတ်မီးထိုးပြီး… မွှေပါ၊ ကင်းပါးလည်း ကြည့်ရသေး၏။ ဇရပ်ထဲရောက်သောအခါ …

ထိုင်နေရာမှာ ဒူးနှစ်လုံးကွယ်ပြီး လက်နှစ်ဖက်နှင့် ကျစ်ကျစ်ပါ… အောင်သိုင်းဆုပ်ကာ အသားတွေ ဆတ်ဆတ်တုန်နေသော နိုင်စိုးကို တွေ့… လိုက်ရလေသည်။

"နိုင်စိုး … နိုင်စိုး … "

"အစ် … အစ် … အစ် … "

ပြန်မထူးနိုင်။ နိုင်စိုးကို အတင်းလှုပ်ကြည့်၏။ နိုင်စိုးက ပေါင်နှစ်လုံး… ကြားထဲ ခေါင်းဝှက်ထား၏။ ကိုမင်းက …

"တော်ပြီဟေ့ … တော်ပြီ … တော်ပြီ … ငါစေရာ … ငါ… ပြန်ရုပ်သိမ်းတယ်။ တော်လောက်ပြီ၊ ဟေ့ကောင် … ဆန်းလင်း၊ မင်း ဟိုဖက်… ကမ၊ ငါ ဒီဖက်ကမမယ်။ ဒီထဲမှာ ကြာကြာမနေသင့်တော့ဘူး"

ဆန်းလင်းလည်း အတင်းလက်ထိုးလျှိုပြီး မလိုက်၏။ ကိုမင်း… လည်း ဒီဖက်က လက်လျှိုမ,လိုက်၏၊ နိုင်စိုး ဆတ်ဆတ်တုန်နေတာကို… အတင်းဆွဲမကာ ဒရွတ်တိုက်ဆွဲခေါ်လာ၏။ ဘယ်လောက်တောင် ကြောက်… စိတ်ကြီးသွားသလဲတော့ မသိ။ ခြေထောက်နှင့် လမ်းမလျှောက်နိုင်။ ဒရွတ်… တိုက်ဆွဲခေါ်သည့်အတိုင်း ပါလာ၏။



www.burmeseclassic.com

www.burmeseclassic.com



သချိုင်းအပြင်ရောက်အောင် အားစိုက်ဆွဲထုတ်ရ၏။ ဆောင်းကာလ နေအချမ်းချိန်မှာပင် နိုင်စိုးရဲ့ခန္ဓာကိုယ်က ကြောက်စောချွေးကြီးတွေ သီးပြွ စီးကျနေ၏။ တစ်ကိုယ်လုံး ချွေးတွေ ရွှဲနစ်သွား၏။ တောင်ပေါ်ကျောင်းမုန့် ကိုရောက်မှ နိုင်စိုးရဲ့ ပုဆိုးကိုချွတ်ပြီး ချွေးလိုက်သုတ်ပေးရ၏။ အောက်ခံ ဘောင်းဘီပါ၍ တော်သေး၏။

ချွေးတွေ သုတ်ပြီးသောအခါမှ နိုင်စိုး စကားစပြောလာ၏။ ငှက်ဖျား တက်သူလို တုန်အက်အက် အသံကြီးနှင့် ...

"ပထမထိုင်နေတာ အကောင်းပဲ။ နောက်တော့ မြေကြီးတွေ သိန့် ခနဲ သိမ့်ခနဲ တုန်သွားတယ်။ ဆင်ထက်ကြီးတဲ့ အကောင်ကြီး ခြေဆောင့် နင်းလျှောက်လာသလိုပဲ၊ ဇရပ်နောက်ဖက် အုတ်တံတိုင်းနောက်မှာ ခြေသံရပ် သွားတယ်"

လန့်တုန်သလို နိုင်စိုး ဖြစ်သွား၏။ ပြီးမှ ဆက်ပြောပြန်၏။

"ငါလည်း အမိုးပေါ်ကို မော့ကြည့်လိုက်ရော ငါ့ဘေးကို ပေါင် တစ်ရာလောက်တူကြီးနဲ့ ထုချလိုက်သလို အုန်းခနဲ အသံကြီးကွာ၊ လက်ပစ် ဗုံးပေါက်ကွဲသလိုမျိုး ကြားလိုက်ရတယ်။ နောက်ပြီးတော့ နံရံတွေတောင် တုန်သွားတဲ့အသံကြီး ကြားလိုက်ရတယ်။ ရောမလူကြီးက နားဘေးကပ် အော်ထည့်လိုက်သလိုပဲ"

"ဘယ်လိုအော်တာလဲ ... နိုင်စိုး"

"ဘာလာလုပ်နေတာလဲ ... သွား ... ပြန် ... တဲ့"

"ဟင် ..."

"ဟုတ်လား ... အဲ့ဒါ ဘယ်သူလဲ"

"ဘယ်သိမလဲ၊ လူမဟုတ်တာတော့ သေချာတယ်။ ငါ့ကွာ ... လိပ်ပြာလွင့်သွားပြီ အောက်မေ့လိုက်တာ။ နားတွေအူပြီး လူလည်း ချာလည် ရိုက်သွားတာပဲ။ မင်းတို့ရောက်လာတာ မြန်လို့ပေါ့။ နို့မို့ကတော့"

နိုင်စိုး ဝမ်းနည်းပြီး မျက်ရည်ကျကာ ရှိုက်ငိုနေပြန်၏။ နိုင်စိုးကို ဝိုင်းချော့ပြီး သူ့အိမ် ပြန်ပို့ပေးလိုက်၏။ ကိုမင်းနှင့် ဆန်းလင်းတို့က တစ် လမ်းထဲမို့အတူ ပြန်ဖြစ်ကြ၏။





"ကိုမင်း ... ကျွန်တော်တို့စလိုက်တာ များသွားသလားပဲ။ ဒီ ကောင် တော်တော့်ကို ကြောက်သွားတာ"

"အေး ... ဟုတ်တယ်။ လိပ်ပြာလွင့်မသွားတာပဲ ကံကောင်း။ ဆက်နေရင် လိပ်ပြာလွင့်တော့မှာ။ တော်သေးတာပေါ့။ ဒီလောက်နဲ့တင် ဒီကောင် နောင်တရပြီး ဘဝင်မာန်ချတော့မှာပါ"

"ကိုမင်းမှာ အစွမ်းရှိတယ်ဆိုတာ ကျွန်တော်သိလိုက်ပြီ။ အဲဒီ အစွမ်းကို ဘယ်က သင်ထားတာလဲ။ သချိုင်းထဲက ပရလောကသားတွေ ကိုတောင် စေနိုင်ညွှန်နိုင်တာဆိုတော့ ပေါ့သေးသေးတော့ မဟုတ်ဘူး"

"မင်းထင်လို့ပါ ...။ ရတနာသုံးပါးကို ပူဇော်တဲ့ သရဏဂုံကို အချိန်အားတိုင်း၊ အာရုံဆောင်ရွတ်ဖတ်ပူဇော်နေရင် မင်း အစွမ်းထက်လိမ့် မယ်။ မကောင်းတာတွေကို စေရုံတင်မဟုတ်ဘူး။ ဖယ်ရှားရှင်းလင်းပစ်နိုင် တယ်ကွ"

ကိုမင်းက အိမ်ရှေ့ရောက်ပြီမို့ ဆန်းလင်းကို နှုတ်ဆက်လိုက်၏။

"ကို ... ကိုမင်း ... တစ်ယောက်တည်း ဆက်မသွားရဲတော့ ဘူး။ ကြက်သီးတွေ ထနေတယ်။ ကျွန်တော်တို့နောက်က တစ်ကောင် ကောင် ကပ်လိုက်လာသလိုပဲ။

"ငါးအိမ်လောက်ပဲ ဝေးတော့တာ။ ဘာမှ လိုက်မလာပါဘူး။ ကဲ ပါကွာ ... ငါပဲ မင်းအိမ်ရောက်အောင် လိုက်ပို့မယ်"

ဆန်းလင်းအိမ်ရောက်အောင် လိုက်ပို့လိုက်၏။ ဆန်းလင်း အိမ် ထဲဝင်ပြီးသည်နှင့် အပေါ့အပါးပင် မသွားရဲတော့။ ကိုမင်းကတော့ တိတ် ဆိတ်အိပ်မောကျနေသော ရပ်ကွက်လမ်းအတိုင်း အိမ်ပြန်လျှောက်လာ လိုက်၏။

"အူး ... ဝူး ... အူး ... ဝူး ..."

ခွေးအူသံ ထွက်ပေါ်လာ၏။ ရှေ့မှာ လူတစ်ယောက်၊ မိန်းမကြီး တစ်ယောက်။ ခေါင်းတလားလိုဟာမျိုးကို ထမ်းလာ၏။ ကိုမင်း ရုတ်တရက် တော့ လန့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထမ်းလာတတ်တာ မဖဲဝါပဲရှိ၏။ သေမည့်လူ အိမ်ရှေ့မှာ ခေါင်းချပေးတတ်၏။ မဖဲဝါများလားဟု ရှိုးရှိုးမျက်စိဖြင့် ကြည့်၏။ ပညာသိဖြင့် အာရုံခံကြည့်မည်ပြုစဉ် . . .

ထိုသူမက အနားရောက်လာ၏။ သေချာကြည့်လိုက်တော့ ရှိုးကစ်ဗီရိုအပေါ်ပိုင်းကို ထမ်းလာ၏။ နောက်မှာ တစ်ယောက်ထမ်းလာသေး၏။ ရှိုးကစ်ဗီရိုအောက်ပိုင်းကို ထမ်းလာသူမှာ ယောကျ်ားတစ်ယောက်ဖြစ်၏။ အချိန်မတော်ကြီး။

"ကောင်လေး . . . သဘော်ဆိပ်က ဘယ်နားမှာလဲ"

ရှေ့ကမိန်းမက မမေး၊ နောက်ကလူကြီးက မေး၏။

"ရှေ့တစ်ကွေ့ကျော်ပြီး ခြေလှမ်းငါးဆယ်လောက်သွားရင် သဘော်ဆိပ်ကိုရောက်ပြီ။ ဦးလေးတို့က ဘယ်ကလဲ"

"ဗီရိုလုပ်ရောင်းတဲ့ လူတွေပါ။ သဘော်အစောဆိုက်မယ်ဆိုလို့ ခုကတည်းက ကြိုထွက်လာကြတာ။ သဘော်ဆိပ်မှာပဲ မှေးအိပ်မယ်လေ။ အိမ်မှာဆို အိပ်ပျော်သွားရင် မနိုးတော့ဘူးကွ"

"ခုနထမ်းသွားတဲ့ မိန်းမက ဦးလေးနဲ့ အတူတူပဲလား"

"အေး . . . ဟုတ်တယ်၊ အဲဒါ ငါ့နှမလေကွာ။ မင်းက ငါ ဘယ်သူလဲဆိုတာ သိချင်နေပုံပဲ"

"'ဟုတ်ကဲ့ . . . သိခွင့်ပေးရင် သိပါရစေ"

"ငါ့နာမည် . . . စံဖဲကြီး၊ တာတေကြီးလို့လည်း ခေါ်ကြတယ်ကွ။ ငါ့နှမနာမည်က မဖဲဝါတဲ့"

"မြတ်စွာဘုရား . . . ကယ်တော်မူပါ"

ကိုမင်း လန့်တုန်ပြီး အော်မိလိုက်တော့၏။

✿ ✿ ✿

|၃|

❑

"ဟာ . . . ဒါဆို . . . ကိုမင်းကို ခြောက်လှန့်လိုက်တာပေါ့"

"ဘယ်ကလာ၊ လူတွေပါကွာ။ နာမည်တူနေတာ။ သချိုင်းစောင့်ဖဲဝါလည်း မဟုတ်ဘူး၊ မသဲဝါလို့ပြောတာ ငါက နားကြားလွဲပြီး ဖဲဝါလို့ ကြားတာ။ အဲလူကြီးကလည်း လူပဲ။ ငါ မသက်သာလို့ ရောဝတီသဘော်ဆိပ်အထိ လိုက်ချောင်းတာ အဟုတ်လူတွေပါ"

ဒီတော့မှ ဆန်းလင်း နားလည်သွား၏။ ဈေးရှေ့ကဖီးမှာထိုင်ပြီး မနက်စာ သောက်စားနေမိကြ၏။ အမြဲလာထိုင်နေကျ နိုင်စိုးရောက်မလာ။

မနက်ရှစ်နာရီခွဲမှာ ထပြန်လာတော့ ဈေးလာဝယ်သည့် နိုင်စိုးအမေနှင့် သွားတိုး၏။

"အန်တီ . . . နိုင်စိုးကော"

"အိမ်မှာ ဖျားနေတယ်လေ။ ကိုယ်တွေ ခြစ်ခြစ်တောက်ပူပြီး ဒိန်းဖမ်းသလို ကယောင်ကတမ်းတွေ ပြောနေတယ်။ သူ့အဖေ ရေမန်းလေး တိုက်သိပ်မှ အိပ်သွားတော့တယ်။ မင်းတို့ ညက ဘယ်တွေသဝေထိုးပြီ ဘာ ဖေါက်ကရတွေ လုပ်ခဲ့ကြတာလဲ"

နှစ်ယောက်သား ခေါင်းတွင်တွင် ခါလိုက်၏။ အန်တီစောက မျက်စောင်းထိုးပြီး ဈေးထဲဝင်သွား၏။ ကိုမင်းတို့လည်း နိုင်စိုးတို့အိမ်ကို စက်ဘီး ကိုယ်စီနှင့် လစ်ကြရ၏။



www.burmeseclassic.com

www.burmeseclassic.com



နိုင်စိုးတို့အိမ်ရှေ့မှာ ဆိုင်ကယ်လ်အစုတ်တစ်စင်း ရပ်ထား၏။ အိမ်ပေါ်ရောက်တော့ ...

တောက်တွေခေါက် ဦးတွေခံပြီး ပယောဂကုနေသည့် လူတစ်ယောက်ကို တွေ့လိုက်ရ၏။

နိုင်စိုးက ငုတ်တုတ်ဝေါဝင်စင်းကြီး ကုမည့်လူကို မော့ကြည့်နေ၏။ နိုင်စိုးရဲ့ဖခင်က ...

"ဟော့ကောင်တွေ ... ဝင်ထိုင်လေကွာ။ မင်းတို့သူငယ်ချင်းတော့ အပမှီခံရပြီနဲ့ တူတယ်ကွ။ အဲဒါကြောင့် ဟောဒီဆရာကို ခေါ်ကုနေတာ။ သူက ဘုရားကြီးဘေးဖက်နားမှာ အထိုင်ချပြီး လူတွေကို ကယ်တင်နေတဲ့ အယ္ယတော်မင်္ဂလာက အောင်မင်းဟိန်းမြတ်လှိုင်ဆိုသူပေါ့"

ဆရာက ရှမ်းဘောင်းဘီအနက်၊ အင်္ကျီအနီနှင့် ရှမ်းဓားသိုင်း ထက တော့မည်ဟန်။

"သယ် ... ငါ့ဆရာအမိန့် ... ငါ့ဆရာကြီးအမိန့် ... ငါ့ဆရာကြီးရဲ့ ဆရာကြီး ... ဆရာကြီးတွေရဲ့အမိန့်။ အဲဒီဆရာကြီးတွေအားလုံး ငါ့တပည့်ဖြစ်စေ။ အဲလေ ... ယောင်သွားလို့ အဲဒီဆရာကြီးတွေရဲ့ အမိန့်အရ အခု လူနာမှာ ဝင်ပူးနေတဲ့ကောင် ငါ့ဖနောင့်ပေါက်တာနဲ့ ကျွမ်းပစ်ပြီး ရောက်လာစေ။ ရောက်စမ်း ..."

"ဒုန်း ..."

"ရောက်လို့ ငါပြောနေတယ်။ ကဲကွာ ..."

"တောက် ... ရောက်ပါဆိုနေမှကွာ"

"ဒုန်း ..."

"ဘာလဲ ငါ့ကို ပညာစမ်းနေတာလား။ နင်တို့လောက်တော့ သနားတယ်။ မလုပ်ချင်လို့ ကြည့်နေတာကို အကောင်းအောက်မေ့နေတယ်။ ငါလုပ်ရင် ရှုပ်ကုန်မယ်။ ကဲကွာ ..."

"ဒုန်း ..."

"ဆရာ အောင်မင်းဟိန်းမြတ်လှိုင်၊ အမယ်လေး ... ရှည်လိုက်တဲ့နာမည်။ ဘတ်(စ်)ကားမမီ၊ ရထားမမီ နာမည်မျိုးပဲ"

"ဘာလဲ ... ဦးမျိုးနိုင်၊ ပြော"





"ဖနောင့်နဲ့ချည်း ရောက်ကတည်းက ပေါက်နေတာ ဘာမှလည်း ပါမလာဘူး။ အမွေရထားတဲ့ ကျုပ်အိမ်ဟောင်းကြီးက ကြမ်းတွေ သိပ်နိုင်၊ ဆင့်တွေတန်းတွေ သိပ်မခိုင်တော့ဘူး။ တချို့ ခြတွေတက်နေတာ။ တော်ကြာ အိမ်ကြမ်းပြင် ပြိုကျသွားမှာစိုးလို့ သိပ်ပြီး ဖနောင့်နဲ့မပေါက်ဖို့ သတိပေးတာပါ"

"ဒီလိုလား ... ရတယ်။ ကျုပ်ဟောခန်းမှာ ကုပေးမယ်။ ကန်တော့ပြင်၊ သဒ္ဒါကြေး ငွေထိုးပေး။ ကန်တော့ပွဲက ငါးသောင်း၊ သဒ္ဒါကြေးက တစ်သိန်း"

"ဗျာ ... များလှချည်လား"

"လျှော့ဈေးနဲ့ လုပ်ပေးထားတာ။ ကိုယ့်ဆကာကြီး မြို့သားချင်းနဲ့လို့။ သူများဆို နင့်နေအောင် တောင်းတာ။ ကျုပ်က အဘဆရာကြီးမာန်သိခ်ဆီမှာ နားအုံနားရင်း အရိုက်ခံပြီး သင်တန်းကာလ တစ်ပတ်ကြီးတောင် တက်လာရတာ။ ဒီလောက်ပေးရတာ တန်ပါတယ်ဗျာ"

"ဆရာတို့ရဲ့ဆရာကြီး မာန်သိခ်က ပညာသင်တာ ရိုက်ဆုံးမသင်ဖြစ်တာလား"

"မဟုတ်ဘူး။ ကျုပ်က သူတပည့်မဟုတ်သေးဘဲနဲ့ သူ့တပည့်ဆိုပြီး ဆိုင်းဘုတ်တင်ဟောလိုက်လို့ ကျုပ်ကို ဒေါ်ခီးပြီး တရားရင်ဆိုင်မလား၊ မဆိုင်ချင်ရင် ငါ့ဆီလာခဲ့လို့ ပြောတာနဲ့ သွားတွေ့တော့ အတီးခံလိုက်ရတာ။ ဒီအကြောင်းတွေ ရှက်လို့ ဘယ်သူ့မှ ပြောတာမဟုတ်ဘူး။ ခုလို လူစုံတုန်းမှာ ရှင်းပြတာ။ အဲလေ ... ငါလည်း ယောင်မှား ကုန်ပါပြီကွာ"

အောင်မင်းဟိန်းမြတ်က နိုင်စိုးကို နည်းမျိုးစုံနှင့် ကုသော်လည်း နိုင်စိုးကမလှုပ်။

"ငါမေးတာ ဖြေစမ်း၊ နင် ဘယ်သူလဲ"

"နိုင်စိုး ..."

"လိပ်ပြာရှင်ကို မေးတာမဟုတ်ဘူး။ ဝင်ပူးကပ်နေတဲ့ နင့်ကိုမေးနေတာဟဲ့။ ငါ့ကို စိတ်တိုအောင် မလုပ်နဲ့နော်။ ငါက သိပ်စိတ်ရှည်တာမဟုတ်ဘူး။ စိတ်ကထောင်းဆို ဖင်က ဟောင်းခနဲပဲ။ နင် ဘယ်သူလဲ"

"နင်ကရော ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် . . . ပရလောကသားကောင်က ငါ့ပြန်မေးနေသေးတယ်။ မှတ်ထား . . . မြန်မာပြည်တလွှား ဖိန့်ဖိန့်တုန်အောင် ကျော်ကြားနေတဲ့ ဗေဒင်ဆရာ ဟိန်းမြတ်လှိုင်ဆိုတာ ငါပဲ။ ငါ့ဆို မသိတဲ့သူမရှိဘူး"

"အကြွေးရှင်တွေလား"

"အေးပေါ့ . . . ဟိုစပ်စပ် ဒီစပ်စပ် ချေးထားတာ။ ဟာ . . . ယောင်ကုန်ပြီ။ ဘာအကြွေးရှင်ရမှာလဲ"

"တစ်ခါမှလည်း မကြားဖူးပါဘူး"

"နင်က ဘဝခြားနေတဲ့ကောင်၊ ဘယ်ကြားဖူးမလဲ။ မင်းဘယ်သူလဲ"

"ကျော်ဟိန်း . . ."

"ဟိုက် . . . ရုပ်ရှင်မင်းသားကြီး ကျော်ဟိန်းလား၊ သူသေတယ်လို့ မကြားသေးပါဘူး။ သူက အသိနဲ့သတိ ဘုရားတည်ထားတာ။ သူသေရင် နင့်လို သရဲတစ္ဆေမျိုးတော့ ဖြစ်မှာမဟုတ်ပါဘူး"

နိုင်စိုးကို ကြည့်ကတည်းက ကိုမင်းတို့ သဘောပေါက်ပြီ။ နိုင်စိုး ပူးချင်ယောင် ဆောင်နေခြင်းပင်။ ကိုယ်တိုင်ကလည်း ဆရာကိုဏ်းအဆင့်တက်နေတော့ ပယောဂကုတာတွေ နားလည်နေ၏။ ဟိန်းမြတ်လှိုင်မေးသမျှ ပေါက်ကရတွေဖြေလို့ ဟိန်းမြတ်လှိုင် ထခုန်ပြီး သောင်းကျန်း၏။ နိုင်စိုးက ဟိန်းမြတ်လှိုင်ရဲ့ပုဆိုးကို ဆောင့်ဆွဲချွတ်ပစ်လိုက်၏။ မိသားစုဝတ်လို့ရသည့် ဘောင်းဘီကြီးဝတ်ထားလို့ တော်သေး၏။ လူပုံအလယ်မှာ ဟိန်းမြတ်လှိုင် အရှက်လုံးလုံး ကွဲလေပြီ။

နိုင်စိုးကို ကြိမ်လုံးနှင့်ရိုက်တော့ နိုင်စိုးက ဆွဲလုပြီး ဟိန်းမြတ်လှိုင်ကို ကြိမ်လုံးနှင့် လိုက်ရိုက်၏။ ပုဆိုးမနိုင် ပဝါမနိုင်ဖြင့် ဟိန်းမြတ်ထွက်ပြေးရ၏။ လူတွေဆိုတာ ရယ်လိုက်ကြတာ တသောသော။

နိုင်စိုးက သူ့အဖေကို . . .

"အဖေ . . . သား ကောင်းပါတယ်။ ဘယ်ဆရာနဲ့မှ မပြနဲ့တော့။ သားငိုင်တွေနေတာက မုန့်ဖိုးပြတ်နေလို့။ သားက တစ်လစာမုန့်ဖိုးလောက် လိုချင်နေတာ"

"ဟေ . . . ဒါများကွာ . . . စောစောက ပြောရောပေါ့"





"အဖေ ပေးမှာပေါ့လေ"

"မင်းအမေဆီက တောင်းပေါ့ကွာ"

နိုင်စိုး လျှာတစ်လစ်ကြီးထွက်၊ မျက်ဖြူကြီး လန်သွားတော့၏။ နိုင်စိုးအမေက ကပ်စေးနဲ၊ ကလေးတွေကို မုန့်ဖိုးပေးတာမဟုတ်။ နှပ်ချေးကို ရှောက်သီးဆေးပြား လုပ်ကျွေးတတ်သူ။ ကိုမင်းနှင့် ဆန်းလင်းတို့ ရယ်လိုက်ကြပြန်၏။ နိုင်စိုးခမျာ ရယ်လည်းမရ၊ ငိုလည်း မဖြစ်နှင့်။ ခံစားချက်တစ်လစ်ကြီးကို ဖြစ်လို့။

✿ ✿ ✿

## | ၄ |

❑

"ကိုမင်း . . . ကျွန်တော် . . . တုတ်ပြီးဓားပြီး ဆရာကြီးဘွားရဲ့ သမီး . . . ယဉ်မြကို ချစ်နေပြီဗျာ"

ကိုမင်း မျက်လုံးပြူးသွား၏။ ဆန်းလင်းက ခေါင်းကုတ်ပြီး . . .

"မင်းနိုင်စိုးရာ . . . ကျားနှုတ်ခမ်းမွေးသာ ပြေးနှုတ်လိုက်စမ်းပါ။ မင်းက ဆရာကြီးဘွားရဲ့သမီးကိုမှ သွားကြိုက်ရတယ်လို့၊ ဆရာကြီးဘွား ဘာလဲဆိုတာ မင်းလည်း သိ၊ ငါတို့လည်း သိနေတာပဲ"

မင်းနိုင်စိုးက လက်ဖက်ရည်တစ်ငုံ သောက်လိုက်ပြီး . . .

"သိတာပေါ့ . . . ဆရာကြီးဘွားက အောက်လမ်းဆရာကြီးလို့ နာမည်ကြီးနေတာ။ တုတ်ပြီး ဓားပြီးဆေး၊ အာဋာဝကဆေးတွေ ထိုးထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ . . . ဆရာကြီး။ ကျောမှာ ပုဏ္ဏကာဘီလူး။ ရင်ဘတ်မှာ အာဠာဝက ဘီလူးရုပ်ကြီးနဲ့။ မြင်တာနဲ့ ဖိန့်တုန်အောင် ကြောက်သွားရမယ့် ဆရာကြီးလေ။ ယဉ်မြလေးမှာ အစ်ကိုတစ်ယောက်ရှိသေးတယ်။ နာမည်က အိုကေးဆိုလား၊ အိုထွေးဆိုလား"

"လူတော့သိတယ် နာမည် မမှတ်မိဘူး။ တော်သေးတာပေါ့။ မီးအိမ်ရှင်သီချင်းဆိုတဲ့ ဆိုတေးနဲ့ မမှားတာပဲ တော်သေး"

ဆန်းလင်းက ကွမ်းတစ်ယာင့်ရင်း ပြောလိုက်၏။ မင်းနိုင်စိုးက–

"ကျွန်တော် ဘာလုပ်ရင် ကောင်းမလဲ။ ဟင် . . . ကိုမင်း"

"မင်းက ဘာကြောင့်ငါ့ကို ဆရာလာတင်နေရတာလဲ"

"ကိုမင်းက ပညာဒိုင်လျှိုထားတာပါ။ ဆရာကြီးဘွားကတောင် ကိုမင်းကိုစိန်လာခေါ်ရတယ်။ ဒါ နည်းတဲ့အဆင့်လား။ ကိုမင်းက အဲဒီတုန်းက ပြန်ပြောတယ်လေ။ ဦးလေးရဲ့အသက်ကို ကန်တော့လိုက်မယ်။ ပညာကို လာထိရင်တော့ စွမ်းသလောက်လုပ်လိုက်လို့ ပြန်ပြောခဲ့တာလေ။

သိပ်မကြာဘူး . . . ဆရာကြီးဘွား ကြိတ်ပြီးပြန်ဆော်တာ သူ့ သောသွေထိပြီး အောက်ပိုင်းချိုသလို ဖြစ်သွားရော။ အိပ်ရာထဲ တစ်ပတ်လောက်လဲပြီး ပြန်ကောင်းသွားတယ်။ သူ့သားနဲ့သမီးကို သူ့ပညာထပ်တက်ဖို့ ခရီးထွက်သွားတယ်လို့ မှာသွားပြီးပျောက်သွားတာ တစ်လလောက်တောင် ရှိနေပြီ"

မင်းနိုင်စိုးက ခရေတွင်းကျ ရှင်းပြနေ၏။ ဆန်းလင်းက အခုမှ အဲဒီအကြောင်းတွေကို သိရှာ၏။

"ကိုမင်းက တယ်ဟုတ်နေပါလား။ လူကြည့်တော့ ဘာမှမတတ်တဲ့ပုံနဲ့ ဘာလို့ ဒိုင်လျှိုထားတာလဲ"

ကိုမင်း ပြုံးနေလိုက်၏။ ပြီးမှ . . .

"မင်းတို့ထင်သလောက်ကြီးလည်း ငါ မတတ်ပါဘူး။ နည်းနည်းပါးပါးပေါ့"

"ဆရာကြီးဘွားကို့ တော်တန်ရုံဆရာ မယှဉ်နိုင်ပါဘူး။ ကိုမင်း ယှဉ်နိုင်တယ်ဆိုကတည်းက . . ."





"တော်ပါတော့ . . . မင်းနိုင်စိုးရာ၊ မင်း စွတ်မြှောက်နေတာနဲ့ ဆန်းလင်းက အဟုတ်ကြီးထင်နေတယ်။ ဘေးက ဖေတီးပေးနေတယ်။ မင်းနိုင်စိုး မင်းက ယဉ်မြကို အတည်ကြံတာလား၊ အပျော်ကြံတာလား သေချာချင်"

"အတည်ကြံတာပေါ့ . . . ကိုမင်းရာ"

"စကားကို အလွယ်မပြောနဲ့။ မင်းနှမ ငါ့နှမ ကိုယ်ချင်းစာစိတ်ထားရမယ်။ အတည်ကြံတာဆိုရင်တော့ ငါ ကူညီမယ်။ အပျော်ကြံတာဆိုရင်တော့ လုံးဝမလုပ်နဲ့ မကူညီဘူး။ အတည်ကြံတယ်ဆိုပြီး ရသွားတော့ မျက်နှာလွှဲ ခဲပစ်လုပ်ရင် ငါ့လက်သီးနဲ့ တွေ့မယ်"

"ဟုတ်တယ် . . . ကိုမင်း၊ အမှန်တရားတွေ ပြောနေတာ။ မှန်တာပြောရင် ရွာပြင်ထုတ်ခံရတယ်တဲ့။ ကိုမင်း ရွာပြင်သာ သွားနေတော့"

"ဘာလို့နေရမှာလဲ၊ မင်းဘာသာမင်း နေပါလား"

မင်းနိုင်စိုးက ကြားဝင်ကာ လက်ကာထားပြီး . . .

"ကျွန်တော် အတည်ကြံတာ . . . ကိုမင်း။ ယဉ်မြလေးကို သားထိမှတ် မယားမှတ်မှတ်ပေါင်းပြီး ရိုးမြေကျ လုပ်ကျွေးသွားမှာပါ"

"အေး . . . ငါလိုချင်တာလည်း အဲဒီအဖြေပဲ။ ကောင်းပြီ . . . ခင်ဘက်က ကတိတည်ပါစေနော်။ မင်းမှာ သစ္စာ၊ လူမှာ ကတိတဲ့။ ကတိတည်မှ ယောကျာ်း"

"စိတ်ချပါဗျာ။ လုံးဝ ကတိတည်စေရမယ်"

ကိုမင်း မေးစေ့ကို လက်နှင့်သပ်ကာ စဉ်းစားခန်းဝင်နေ၏။ ဆန်းလင်းက ရေနွေးကြမ်း ငုံ့သောက်နေ၏။ မင်းနိုင်စိုးက ကိုမင်း ဘာပြောမလဲဆိုတာ နားစွင့်နေ၏။

သူတို့ ဆက်ဆွေးနွေးလိုက်ကြတာ လက်ဖက်ရည်ဆိုင်ပိတ်မှ အိမ်ပြန်လာဖြစ်ကြ၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၅]

❑

"ဆရာအိုကေး . . . ဆရာအိုကေး . . ."

"ဟော့ . . . ဘယ်သူတွေလဲကွ။ ငါ့အိမ်ရှေ့က လာခေါ်နေတာ"

တဲအိမ်ကလေးအတွင်းက အသက်ငါးဆယ်နီးပါး၊ အရပ်ပုပုပြတ်ပြတ် ဂင်တိုစုတ်ချွန်း။ ငါးကျည်းခြောက်ပြုးသလို မျက်နှာပေါက်နှင့် လူနံ့စုတ်စုတ် အပြင်ကိုထွက်လာ၏။ အိုကေးဆိုသောလူပေါ့။

လူကြီးလုပ်ရသေးစဉ်က လာဘ်စားပြီး မယားငယ်ထား၍ ထင်တိုင်းကျဲသောကြောင့် အလုပ်ပြုတ်ထားသူ။ အလုပ် မည်မည်ရရမရှိ။ သူ့အဖေ အသက် (၇၀) ကျော် ဆရာကြီးဘွားလို ပယောဂကုဆရာကလည်း လုပ်လိုက်ချင်သေး၏။ မတောက်တခေါက်နှင့် မျက်စိစွဲတား၊ ငါးရိုးမျက်တား ခြေဖဝါးကွဲတား၊ နားထဲ ပိုးကောင်ဝင်တာလောက်ကို မန်းမှုတ်ကုရင်း သူ့ကိုယ်သူ ဆရာဟုထင်နေ၏။

အောက်လမ်းသမားတွေ သူတို့ကိုယ်သူတို့ အောက်လမ်းဆရာဟု ဘယ်တော့မှမကြေညာ။ အထက်ဆရာလိုလို၊ ဘာလိုလို ဟန်ဆောင်ဆေးကုကြ၏။ အောက်ဆိုလျှင် ဘယ်သူမှ အနားကပ်မည်မဟုတ်။ ဆရာကြီးဘွားကလည်း အထက်ဆရာယောင် ဆောင်ထား၏။ ဓာတ်သိတွေက အောက်ဆရာမှန်း သိကြ၏။





စာရှုသူတို့ အထက်ဆရာနှင့် အောက်ဆရာ ခွဲခြားတတ်စေရန် နည်းလမ်းညွှန်ပေးလိုက်ပါသည်။ ဟိုလူ့ကို ဆော်ချင်၊ ဒီလူ့ကို ဘဝပျက်အောင်လုပ်ချင်၍ ဆော်ခိုင်းလုပ်ခိုင်းတာကို အလွယ်တကူလိုက်လုပ်ပေးလျှင် အောက်လမ်းဟုသာ မှတ်ပါကုန်လော့။ အထက်ဆရာသမားများမှာ ဘယ်တော့မှ သူတစ်ပါးဒုက္ခရောက်အောင် မလုပ်ပေးကြ။

အထက်ဆရာများအနေနှင့် အတိုက်အခိုက်ရှိလျှင် တန်ပြန်အင်းအယောင်းတိုင် ထွန်းခိုင်းခြင်း၊ တန်ပြန်အစီအရင် စီရင်ပေးခြင်းလောက်သာ လုပ်ကြ၏။ တစ်ဖက်ကလုပ်ထားတာကို သူတို့လုပ်တဲ့အတိုင်း သူတို့ထံ တုံ့ပြန်ပေးခြင်းပင်။

ကြည့်မှန် (ပြဒါးသုတ်ထားသော မှန်လိုပေါ့)။

သူက ပြုံးလျှင် မှန်ထဲက ပြုံးမည်။ သူကမဲ့လျှင် မှန်ထဲကမဲ့မည်။ တချို့အောက်ဆရာတွေက ဟန်ဆောင်ကောင်းကြ၏။ မလုပ်ပေးချင်ယောင်ဆောင်ပြီး သွယ်ဝိုက်သောနည်းနဲ့ လုပ်ပေးကြ၏။

"အဲဒီ မင်းမကျေနပ်တဲ့အိမ်အောက်ကို ဟောဒီမြေ သွားပက်ထားစမ်း၊ အိုးခြမ်းပဲ့ အင်းကွက်၊ နတ်ခေါင်းပေါင်း သွားမြှုပ်ထားစမ်း၊ အဲဒီအိမ်အချင်းချင်း ရန်တွေထဖြစ်ပြီး ကျွမ်းပြန်ကုန်လိမ့်မယ်။ ငါတို့က လုပ်တော့ မလုပ်ချင်ပါဘူး။ ဆုံးမပေးတာပါဆိုတာမျိုး၊ ရုပ်မြှုပ်နှာခံထားလုပ်ကြတာတွေ လုပ်လာလျှင် အောက်လမ်းဟုသာ မှတ်ကြပါကုန်လော့။

"ဆရာအိုကေး . . . ကျွန်တော့်သူငယ်ချင်း ပယောဂပူးကပ်နေလို့ အဲဒါလေး ကုပေးပါခင်ဗျာ"

ဆန်းမင်းက တရုတ်လိုပင် လက်သီးဆုပ်ဂါရဝပြုပြီး တောင်းပန်လိုက်၏။ အိုကေး ဘဝင်ခွေ့သွားတာပေါ့။

"ငါ့အဖေ မရှိဘူး။ ခရီးထွက်သွားတယ်ကွ"

"ဆရာကြီးဘွား . . . မလိုပါဘူး။ ဆရာအိုကေးက ပိုအစွမ်းထက်ပါတယ်။ ဖအေ့ထက် သားက လက်ဖောင်းထက်ဆိုသလိုပေါ့"

"ဒီလိုလား . . .။ ဒါဆိုလည်း အိမ်ပေါ်တက်ကြ။ စမ်းသပ်ကြည့်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



တဲအိမ်ပေါ်ကို ခေါ်၏။ ဘုရားစင်ကား မည်ကာမတ္တအယောင်ပြ အောက်မှာက ဘယ်ပုံတွေမှန်းလည်း မသိ။ ညိုမှိုင်းမှိုင်း၊ ညစ်ထပ်ထပ် တွေ။ ယောက်ျားနဲ့မိန်းမ ပူးလိမ်ပြီး သံဝါသပြုနေပုံတွေလည်း ထုလုပ်ထား သေး၏။

ရုပ်ပုံဆိုးတွေရှိတာလည်း အဝတ်နက်နှင့် အုပ်ထားသေး၏။ လူ့ ခေါင်းခွံကြီးပေါ် ဖယောင်းတိုင်တင်ထွန်းတာမျိုးတော့ လုပ်ပြမထား။ ဘု တို့အောက်ဆိုတာ ပေါ်သွားမှာ စိုးသောကြောင့် လိုက်ကာအကွယ်နှင့် ထွန်းထား၏။

ဆရာနေရာမှာ အိုကေးက မိန့်မိန့်ကြီး ထိုင်လိုက်၏။ လူနာ မင်း နိုင်စိုးက အိုကေးနှမ ယဉ်မြကိုသာ လိုက်ကြည့်နေ၏။ ယဉ်မြက ဖအေ အစ်ကိုတွေနှင့် မတူ။ အနေအေးဆေး၏။ စကားပြောလည်း မပွင့်တပွင့် ရွက်ပုန်းသီးလေးလို၊ အိမ်တွင်းပုန်းကုလားမလို နေတတ်၏။

ရပ်ကွက်ထဲက အတင်းဆွဲခေါ်ထုတ်မှ အလှူပွဲမှာ ကွမ်းတော် ပန်းတောင်ကိုင်၊ မင်္ဂလာပွဲမှာ မင်္ဂလာပန်းကြဲ၊ သတို့သမီးအရံမျိုးတွေ လုပ် ပေးတတ်၏။ ယဉ်မြလေးကို ချစ်ကြိုက်တဲ့လူတွေ ပေါသော်လည်း သူ့ အဖေကြီးကို လန့်၍ ရှောင်ကြ၏။ ယဉ်မြလေးကို အချောင်ရလျှင်တော့ ကွမ်းယာလို ဝါးချင်ကြ၏။

ယဉ်မြလေးက နောက်ဖေးရေကပြင်ကနေ အပြင်ကို ဆင်းသွား၏ နောက်ဖက် ထင်းတဲလေးနားမှာ အေးအေးလူလူ ခရေပန်း သွားသီချင်သီ မသီချင်လျှင် စံပယ်ပန်းတွေ သီနေတတ်၏။

ယဉ်မြရဲ့အလုပ်က ပန်းသီပေးခြင်းပင်။ မနက်အစောပိုင်း ပန်းသွား ယူ၊ ပန်းသီပေး၊ သွားပြန်ပို့၊ အခကြေးငွေယူ၊ အဲဒါမျိုးလေ။ အိမ်စရိတ် ကာ မိ၏။ အိုကေးက ပန်းရုံဆရာ။ အလုပ်ရှိရင်သွား၊ အလုပ်မရှိရင် နားပေါ့။

အိုကေးက ပါးစပ်က ဘာတွေမန်းမှုတ်သလဲ မသိ။ ရှေ့မှာ ခေါင် တောင်တောင်ထိုင်နေသော နိုင်စိုးကိုလည်း ခေါင်းပုတ်လိုက်၊ ရင်ဘတ် ဖိလိုက် လုပ်နေ၏။ ကိုမင်းနှင့် ဆန်းလင်းတို့က ရယ်ချင်နေ၏။

"အိမ်း … ငါ့ရှေ့ရောက်နေတာ ဘာလဲကွ"





"အာဋာဝကလား၊ ပုဏ္ဏကလား …"

"တာနော့ယက္ခကွ …"

"ဘာ … တာနော့ယက္ခဆိုတာ ရာဇဝင်ထဲက ဘီလူးပဲ။ သမုဒ္ဒ ဓိလား။ ဘာဆိုလား၊ အဲဒီမင်းသမီးလေးကို ချစ်လွန်းလို့ ရွှေကြုတ် ည့်ပြီး အာခံတွင်းထဲတောင် ငုံထားတယ်ဆိုပဲ"

"အေး … ငါက မင်းညီမယဉ်မြလေးကို ချစ်လွန်းလို့ ရင်ဘတ်ထဲ ထားချင်နေတာ"

"ဘာကွ … မဆိုင်တာတွေ မပြောနဲ့နော်။ ငါ့ကို ဆရာပေါက် စမ်းတာလား။ ငွမ်းသွားမယ်၊ ကျွမ်းသွားမယ်။ ဘာမှတ်နေလဲ"

"မင်းက ဆရာပေါက်စ မဟုတ်ဘူး။ ဆရာငပေါ …"

"ဟင် … တောက် … ငါ လုပ်လိုက်ရ"

"ခွပ် …"

နိုင်စိုးက ဘေးနားချထားသော ဝါးလက်ခုပ်ဖြင့် အိုကေးခေါင်းကို လိုက်၏။ အိုကေး ကြောင်ပြီး လန့်ကြည့်နေ၏။

"မင်းက ငါ့ဆရာကို စော်ကားတယ်ပေါ့လေ"

"အေး … ဟုတ်တယ် … ဘာဖြစ်လဲ"

"ခွပ် … ခွပ် …"

နှစ်ချက်ထပ်ချပြန်၏။ အိုကေး ခေါင်းပွတ်ပြီးထရပ်ကာ နံရံမှာချိတ် ည် ငှက်ကြီးတောင်ဓားကို ထဆွဲ၏။ နိုင်စိုးက ဝါးလက်ခုပ်ဖြင့် အဆက် လိုက်ရိုက်၏။ ကြာတော့ နာလို့ အိုကေးအော်ဟစ်တော့၏။

"ခွပ် …"

"အား …"

"ဖောက် …"

"အမလေး"

"ဖြောင်း …"

"အား …"

"မှတ်ပြီလား"

"မှတ်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်ပြီလား"

"ကြောက်ပါပြီ"

"ငါ့ဘာကောင်လဲ သိပြီလား"

"တာနေဘယက္ခကြီးပါ"

"ခွပ် …"

"အား …"

"ပြင်ပြောစမ်း၊ ဆရာကြီး … ရှေ့ကထည့်"

"ဟုတ်ကဲ့ပါ … ဆရာကြီး၊ တာနေဘယက္ခကြီးပါ"

"အေး … အဲလိုမှပေါ့၊ မင်းညီမယဉ်မြလေးနဲ့ ငါ့ကို သဘော မှာလား"

"အဲဒါတော့ အဖေ့ကို မေးရဦးမယ်"

"ခွပ် …"

"အား … တူပါတယ်များ၊ တူပါတယ်"

"မင်းစကား မှတ်ထားနော်"

"ခွပ် …"

"အီး … မှတ်ထားပါတယ်၊ မှတ်ပါတယ်"

"ငါသွားပြီ"

မင်းနိုင်စိုးက အိမ်ပေါ်က ခုန်ဆင်းသွား၏။ ကိုမင်းနှင့် ဆန်း တို့က လိုက်ဆွဲမယောင်လုပ်ပြီး လွှတ်ပေးလိုက်၏။ အိုကေးက ခေါင်း ပွတ်သပ်ပြီး …

"တောက် … တော်တော်ကြမ်းတဲ့ ကောင်ကြီး၊ မင်းတို့ တွေ ခေါ်လာတာ ဆရာကြီးကွ၊ အဲဒီတော့ ငါခံရတာပေါ့၊ အီး ကျွတ် … ကျွတ် … ကျွတ် …"

ကိုမင်းနှင့် ဆန်းလင်းတို့ ကြိတ်ရယ်ပြီး ပြန်လာကြ၏။ မင်းနိုင် မှာ ဘာလယောဂမှ ကပ်နေတာမဟုတ်၊ ဟန်ဆောင်ကပ်ပြပြီး စိတ်ကြိုက် ကြမ်းပြခဲ့ခြင်းသာ၊ အိုကေး အထိနာပြီး ကျန်ရစ်ခဲ့၏။

❀ အပြင်ရောက်တော့ …





"နိုင်စိုးကိုလည်း အပြင်မှာ မတွေ့ပါလား"

"အေးကွ … ဒီကောင် … ကေန္တ … အိမ်နောက်ဖက်က ပတ် ပြီး ယဉ်မြလေးကို သွားတွေ့နေရှာသလားပဲ"

"ဖြစ်နိုင်တယ်၊ တောသားရဲ့ ဆွဲထုတ်တော့ ဖြစ်ကုန်ပါပြီ"

ကိုမင်းတို့ လမ်းထိပ်လက်ဖက်ရည်ဆိုင်မှာ ပြန်ရောက်လာပြီး ထိုင်သောက်နေမိကြ၏။ ဆန်းလင်းက ဆုမဲဖောက်တာနှင့် သွားကြုံ ဆန်းလင်းအဒေါ်က မဲလိပ်နှိုက်၏။ ဆန်းလင်းက …

"ဒေါ်လေး … ကျွန်တော်နှိုက်ပေးမယ်၊ ကျွန်တော့်မှာ အဆောင် ကောင်းရှိတယ်၊ တဲရော့ဗေဒင်လေ …၊ အဲ့ဒီကတ်ကို ချိုးကြည့်လိုက်ရင် ဒေါ်လေး ဘာနံပါတ်လောက် ပေါက်နိုင်မလဲဆိုတာ သိနိုင်တယ်"

"ဟယ် … ဟုတ်ရဲ့လား"

မဲနှိုက်မည့်သူတွေ၊ မဲကိုင်သည့်သူပါ လှုပ်လှုပ်ရှားရှားတွေ ဖြစ်ကုန် ဆန်းလင်းက …

"ကျွန်တော် တစ်ခုခုလုပ်တော့မယ်ဆိုရင် ဟောဒီ အိတ်ဆောင် တဲရော့ကားချပ်ကို ချိုးကြည့်နေကျ၊ ကံကောင်းတဲ့ကတ်ပေါက်ရင် ကံကောင်း တာတွေ ဖြစ်လာတယ်၊ ကံဆိုးတဲ့ကတ်ပေါက်ရင် ကံဆိုးတာတွေ ဖြစ်လာ ကျွန်တော့်လက်စွဲထားတဲ့ တဲရော့က တကယ်ကိုမှန်တာ"

"ငါ နှစ်ဂဏန်း ကျချင်တယ်၊ မဲကိုင်တဲ့လူက နံပါတ်တစ်၊ ငါက ပါတ်နှစ်ပေါ့၊ ငွေအရင်းလိုနေလို့ မဲဝင်တာ"

ဆန်းလင်းက တဲရော့ကို သူ့အဒေါ် ဒေါ်ခင်အေးရှေ့ ချပေးလိုက် ဒေါ်လေးရဲ့ ဘယ်လက်နဲ့ ကတ်တစ်ကတ် ရွေးယူလိုက်၏။

"The Sun တဲ့ ကြိမ်းသေပြီ၊ နှစ်ဂဏန်းပေါက်လိမ့်မယ်၊ ကျွန်တော် ရင် The Tower ကျတယ်၊ မကောင်းဘူး၊ ဒေါ်လေးပဲ နှိုက်လိုက်"

ဒေါ်ခင်အေးနှိုက်သောအခါ နှစ်ဂဏန်းပေါက်၏။ ဆန်းလင်းက–

"တွေ့လား … တဲရော့နဲ့ ကျွန်တော် လုပ်စားနေတာ၊ မှန်တယ် ဟုတ်လား"

"အေးဟယ် … တကယ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆန်းလင်းက အာပေါင်အာရင်းသန့်သန့်ဖြင့် ကိုမင်းကို ဆက်ကြွေး နေ၏။ ထီတွေ၊ ဘာတွေ ညာတွေ ထိုးခါနီးကျရင် ကျွန်တော် ထိုးမဲ့နံပါတ်ကို ချရေးပြီး အဲ့ဒီဂဏန်းပေါက်မပေါက် တဲရော့ကို မေးကြည့်တယ်။ ပေါက်မယ်ဆိုရင် ကံကောင်းတဲ့ကတ် ရွေးမိတယ်။ မပေါက်ဘူးဆိုရင် ကံဆိုးတဲ့ကတ်ပေါ့။ ကံကောင်းတဲ့ကတ်ရွေးမိရင် ပိတ်ထိုး၊ ကျိန်းသေပေါက်တယ်"

ကိုမင်းက နားထောင်နေ၏။ ဆန်းလင်းက သူ့အင်္ကျီအိတ်ထဲ မှ ကြိုးအိတ်နီလေးထဲ တဲရော့ကတ်တွေ ပြန်ထည့်သိမ်းနေ၏။ နိုင်စိုးရောက် လာ၏။ မို့ရသောမျက်နှာဖြင့် ရောက်လာ၏။ ဝိုင်းမေးကြတော့ နိုင်စိုးအ ရှင်းပြ၏။

"ယဉ်မြလေးကို သွားတွေ့တာ သူ့ခမျာ ကြောက်လန့်နေရှာတယ်။ ကျွန်တော်က ဆက်ပူးချင်ယောင်ဆောင်ပြီး နင် ငါ့ကို ချစ်မလား၊ မချစ်ဘူး လားမေးတော့ ဘာပြန်ပြောတယ် မှတ်သလဲ"

"ဘာတဲ့လဲ"

"ချစ်ပါ့မယ်ရှင်တဲ့"

"ပိုင်လိုက်တာကွာ ... နိုင်စိုးရာ"

ဆန်းလင်းက ထောပနာပြုနေ၏။ ကိုမင်းက ...

"မင်းဟာက အချစ်အနုကြမ်းစီးနေတာပဲကွ"

"သူကိုကလည်း ပေးချင်နေရှာတာကိုး"

"ဘယ်ဟုတ်မလဲ ... ကလေးမလေးက အရွယ်မရောက်ခင် မအေ ဆုံးသွားတယ်။ ဖအေကလည်း မူးလာရင် ရိုက်မောင်းပုတ်မောင်းလုပ်တယ်။ အစ်ကိုကလည်း အနိုင်ကျင့်တယ်။ အဲဒီတော့ ကြောက်စိတ်ကြီးနေတာပေါ့။ အစ်ကိုနဲ့အဖေက ဖိထားလွန်းအားကြီးလို့ ဗိုင်းကောင်းကျောက်ဖိလေး ဖြစ် နေတာ။ ဒါကို မင်းက အခွင့်ကောင်းယူတယ်။ အဲလို ငါမကြိုက်ဘူး။ ပြန် တောင်းပန်လိုက်"

နိုင်စိုး မျက်နှာမကောင်းဖြစ်သွား၏။ ပြီးမှ ခေါင်းဆတ်ပြရင်း ..

"ကိုမင်းက ဆရာပါ။ ကိုမင်းပြောတဲ့အတိုင်း ကျွန်တော် ယဉ်မြ လေးကို ပြန်တောင်းပန်ပါ့မယ်။ ယဉ်မြလေးနဲ့ တွေ့ခွင့်ရအောင်တော့ ကိုမင်း ထပ်လုပ်ပေးရမယ်"





"မင်းဟာကလည်း လက်သည်ချည့် အားကိုးနေတယ်။ ညှစ်အား အားလည်း သုံးပါဦးကွာ"

ဆန်းလင်းက ကြားဝင်၍ ...

"ကိုမင်းကလည်း ... သူဟာနဲ့ သူ အဆင်ချောနေတဲ့ဟာကိုး။ အဲ ... ဒါဆို ဒီကောင်ယဉ်မြကို ဘယ်လိုရည်းစကားစကား ပြောရမလဲ"

"ရိုးရိုးတန်းတန်း ပြောပေါ့ကွ။ သွေးရိုးသားရိုးပေါ့"

"မင်းပြောတတ်ရဲ့လား ... နိုင်စိုး။ မပြောတတ်ရင် ကိုမင်း သင် ပေးလိမ့်မယ်။ ကိုမင်းလို လူပျိုကြီးက ..."

"မင်းက ငါ့ကို ဂေါ်မစွဲ၊ လူပျိုကြီး ထင်နေတာကိုး။ ငါ့ရည်းရွယ် ချက် မအောင်မြင်သေးလို့ ရည်းစားမထားသေးတာ၊ ထားမယ်ဆို အော ထိုက်နေပြီ။ မင်းကော စုံလို့လား"

"သိပ်စုံတာပေါ့ဗျာ။ မုန့်တီဆိုင်က ဖက်တီးမနဲ့ ငြိနေပြီလေ"

"အေး ... ဘယ်သူမှ မသုံးတာ၊ မင်းပဲသုံး"

"ဘာဖြစ်လဲ အသစ်ကျပ်ချွတ်ကြီး ရတာပေါ့"

ဆန်းလင်းက စွတ်ပြောနေ၏။ ကိုမင်းက ဆက်မငြင်းချင်၍ ငြိမ် နေ၏။ ဆန်းလင်းက နိုင်စိုးကို ...

"မင်းနဲ့ယဉ်မြ ပေါင်းရကိန်း ရှိမရှိ၊ ငါ့ရဲ့ တဲရော့ဟောကိန်းနဲ့ တွက် ပေးမယ်"

နိုင်စိုးက ...

"နေပါ ... သားကြီးရယ်၊ အရှုပ်ထုပ် အရစ်ရှည် လုပ်မနေနဲ့။ ကိုယ့်ဘာသာ နားအေးပါးအေး ရှင်းရှင်းသန့်သန့်လေး နေပါရစေ"

ဆန်းလင်းမျက်နှာ ဘီလူး၊ သံပုရာသီး၊ အလုံးလိုက် ကိုက်စားရ သလို ဖြစ်သွားတော့၏။ ကိုမင်းကတော့ ဆန်းမင်းကို သနားစရာသတ္တဝါ အလား ကြည့်နေမိတော့၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၆]

❑

ဆန်းလင်းတစ်ယောက် လက်ဖက်ရည်ဆိုင်ရောက်သည်နှင့် ပေါက်ကွဲတော့၏။ သူ အိတ်ကပ်ထဲ အမြတ်တနိုးထားသည့် တဲရှေ့ထုပ်ကို အမှိုက်ပုံဆီ လွှင့်ပစ်လိုက်ခြင်းပင်။

"ဟာ ... ဟေ့ကောင်၊ မင်း ဘာလုပ်တာလဲ"

"မလိုတော့လို့ လွှင့်ပစ်တာ၊ အလာကားပဲ။ တဲရှေ့ဗေဒင်လည်း တလွဲ"

"မင်းကွာ မမေးချင်နေ၊ အဲလိုတော့ မလုပ်သင့်ဘူး။ ပညာရပ်တစ်ခုကို မစော်ကားကောင်းဘူး"

"မသိဘူးဗျာ ... ဒီညနေ ဂဏန်းကို ပိုင်ပြီဆိုပြီး အချိုကြီးတင်ထိုးလိုက်တာ ကုန်ရော။ နေ့လယ်တုန်းက နှစ်ထောင်ဖိုးလောက် ရလိုက်တယ်။ တဲရှေ့နဲ့ တွက်ထိုးတာ ကွက်တိ။ အပိုင်ပဲဆိုပြီး နှစ်ထောင်ဖိုးရော ရှိတာပါ အကုန်အောပြီး သူဌေးဖြစ်ထိုးလိုက်တာ၊ ထွက်လာတဲ့ဟာက တစ်လုံးတောင် မတူဘူး။ ချွေးဖြစ်ရော။ အိမ်မိုးဖို့ သွပ်ဝယ်ခိုင်းတာလေး အကုန်ပလုံသွားပြီ။ အိမ်ရောက်ရင် အမေဆော်တော့မှာ။ ဒီတဲရှေ့ကြောင့်လေ။ အပိုင်ဂဏန်းပဲဆိုပြီး လုပ်ချလိုက်တယ် သွားရော"





"မင်းကလည်းကွာ အမြဲတမ်းမှန်မယ်လို့ တဲရှေ့က ပြောလို့လား။ လူတို့ကို သိပ်မေးလွန်းရင်လည်း လောဘကြီးလွန်းရင်လည်း တလွဲတွေ ဖြစ်တတ်တယ်လေ။ မင်းကိုက မဟုတ်တာ"

"နေပါ ... ကိုမင်းရာ၊ ခေါင်းနောက်နေရတဲ့အထဲ"

နိုင်စိုးက သက်ပြင်းရှိုက်ချနေ၏။ ကိုမင်းကလည်း ဆံသဆိုင်ဆင်းပြီး၍ အလုပ်သိမ်းပြီး အိမ်အပြန် တီးဝင်ပွဲခိုက်ဖြစ်နေ၏။ နိုင်စိုးကတော့ သူ့အဖေပြင်ခိုင်းသည့် ဆိုင်ကယ်လေးပြင်ပြီး တီးဆိုင်မှာ ကိုမင်းကိုတွေ့၍ ဝင်ထိုင်ခြင်းပင်။ ဆန်းလင်းလာတော့ စိတ်တွေလောပြီး လွင့်လာရာကကြုံ၍ ဝင်ထိုင်ခြင်းပင်။

"မင်း တဲရှေ့ထုပ်ကို သွားကောက်၊ သန့်စင်ပြီး အမွှေးနံ့သာဖြန်း ထောင်းပန်ပြီးရင် အသုံးလိုတဲ့လူရှိရင် တရိုတသေ ပေးလိုက်။ အဲလိုမှ မဟုတ်ရင် တခြားညောင်ပင်လို ကောင်းတဲ့နေရာမှ သွားစွန့်လိုက်။ ဒီလိုမှ မဟုတ်ရင် မင်း ဒုက္ခတွေ့လိမ့်မယ်"

"ကိုမင်းကလည်း လာပြီး ခေါင်းစားနေပြန်ပြီ။ တဲရှေ့ကတ်က သက်မဲ့ပစ္စည်းတွေပါဗျ။ တောင်းပန်ရဦးမှာလား၊ ဟာသလုပ်နေပြန်ပြီ"

"ဟေ့ကောင် ... မင်းကလည်း တဲရှေ့ပညာရပ်ဆိုတာ အသက်ရှိလို့ ပေါ်လာတာ။ အေးလေ ... ပြောရမလဲ၊ မင်းသဘောပဲ။ ကဲ ... နိုင်စိုး၊ မင်းကိစ္စတို့ ဆက်ဆွေးနွေးကြမယ်"

"ဟုတ်တယ် ... ဒီလိုဆရာမင်း၊ ယဉ်မြဈေးသွားတော့ ကျွန်တော် နောက်ကလိုက်သွားတယ်လေ။ အဲဒီမှာ သူ့အစ်ကိုအိုကေးက နောက်က လိုက်ချောင်းတာ။ လက်ထဲမှာ လေးခွနဲ့။ ဘေးမှာ လေးသီးအိတ်လည်း ဆွဲထားသေးတယ်။ ကျွန်တော်ဈေးရှေ့က လက်ဖက်ရည်ဆိုင်ထဲက ဆက်ထွက်ဖြစ်ဘဲ ကိုယ်ရှိန်တန့်လိုက်လို့ပေါ့။ ထွက်ရင် တန်းတိုးမှာ။ အိုကေး ပုံစံက တကယ်ဆော်မယ့်အတိုင်းပဲ"

"အေးပေါ့ ... ကံဖယ်လိုက်လို့ပေါ့။ မင်းက ဘုရား၊ တရား၊ သံဃာ မမေ့တဲ့ကောင်မို့လို့ပေါ့။ နို့မို့ ... ကျိုင်တက်ပြီ"

www.burmeseclassic.com



သူတို့ပြောနေတာကို ဆန်းလင်း စိတ်မဝင်စားနိုင်။ လက်ဖက်ရည် ပင် မသောက်နိုင်ဘဲ အိမ်ပြန်သွား၏။ နောက်တစ်နေ့မနက် ကိုမင်း ဆံသ ဆိုင်ပြန်ဖွင့်တော့ သတင်းကြားရ၏။

ဆန်းလင်းတစ်ယောက် သူ့အဖေလိုက်ရိုက်လို့ ထွက်ပြေးတာ သံငုတ်နဲ့ မျက်လုံးတစ်ဖက်ခြစ်မိပြီး မျက်လုံး ပျက်သွားတယ်တဲ့''

ကိုမင်းလည်း ဆိုင်ကို ဘေးလူနှင့်လွှဲထားပြီး မင်းနိုင်စိုးဆီသွားကာ ဆေးရုံသို့ အတူလစ်ရ၏။

ဆေးရုံရောက်သောအခါ နာကျင်ကိုက်ခဲ၍ အော်ဟစ်နေသော ဆန်း လင်းကို မျက်လုံးမှာ ပတ်တီးအဖွေးသားနှင့် တွေ့လိုက်ရ၏။ ဆန်းလင်း အဖေလည်း ယူကျုံးမရ ဖြစ်နေရှာ၏။ ဆန်းလင်းအမေက ...

''သား ... မင်းသူငယ်ချင်း ကိုမင်းတို့ ရောက်လာတယ်လေ။ စကား ပြောလိုက်ပါဦး''

''အား ... ကျွတ် ... ကျွတ် ... ကျွတ် .... ကိုမင်း ... ကျွန် တော် မှားသွားပြီ။ ကိုမင်းစကားကို နားမထောင်မိလို့ ကျွန်တော် တဲရှော ကတ်တွေကို စော်ကားမိလိုက်တယ်။ ခုတော့ ....''

တဲ့ရှောကတ်တွေကို အပြစ်ပုံတင်နေမှာစိုး၍ ...

''ဒီလိုလည်း တရားသေကြီး မတွက်ပါနဲ့ကွာ။ ဝဋ်ကြွေးရှိလို့ ခံရ ချိန်ရောက်တာနဲ့ ပေးဆပ်ရတယ်လို့ပဲ သဘောထားပါ။ ဘုရား ... တရား သံဃာကို မမေ့နဲ့။ တဲရှောကတ်တွေကိုလည်း တောင်းပန်ပေါ့''

ဆန်းလင်း မျက်ရည်ကျတော့ တစ်ဖက်ထဲက ကျလာ၏။ နောင် မှရသည့် နောင်တမျက်ရည်တွေကို ကိုမင်း သုတ်ပေးမနေချင်တော့။ ဥပေက္ခာ ပြုလိုက်မိ၏။ နိုင်စိုးက သုတ်ပေးရှာ၏။

''မျက်လုံးတစ်ဖက်ဆုံးတာ ဘဝဆုံးတာ မဟုတ်ပါဘူး။ ကျောက် မျက်လုံးတွေ အစားပြန်ထည့်လို့ ရပါသေးတယ်။ အားမငယ်ပါနဲ့ကွာ''

''အေးပါကွာ ... မင်းနဲ့ယဉ်မြ အခြေအနေကော တိုးတက်ရဲ့ လား''





''မဆိုးပါဘူးကွာ။ ကိုယ်ပြောရင် သူပြန်ပြောနေတဲ့အဆင့်တော့ ရောက်ပါပြီ။ သူ့အစ်ကိုအိုကေးက လိုက်နှောက်နေလို့ ကြန့်ကြာနေတာ။ ဒီ့အထင် သံသယတောင် ဝင်မိသေးတယ်။ အိုကေးများ မမြင်ရတဲ့ပညာနဲ့ ဆော်လိုက်တာ။ ငါတို့က ကံမြင့်နေတော့ မထိဘူး။ မင်းက ကံနိမ့်နေလို့ သွားထိတာလားလို့''

''ဟင် ... အဲဒါဆို အိုကေးလက်ချက်ပေါ့။ ဆေးရုံပေါ်က ဆင်း တာနဲ့ ဒီကောင့်ကို ငါသတ်မယ်''

''ဟာ ... အဲဒီသဘောမျိုးပြောတာ မဟုတ်ဘူး''

''သတ်မှာပဲကွာ။ မကျေနပ်ဘူး''

''ကိုမင်း ... လုပ်ပါဦး၊ စကားတွေ ရှုပ်ကုန်ပြီ။ ကြည့်ပြောပါဦး ဗျာ''

ဆန်းလင်းက ...

''မင်းယောက်ဖကို မသတ်စေချင်ဘူးပေါ့''

''အဲ့လိုလည်း မဟုတ်ပါဘူး။ ထားလိုက်ပါ။ သူ့အကုသိုလ်နဲ့သူ သွား ပါလိမ့်မယ်။ မင်းဘာသာလည်း မတော်တဆထိမိတာ ဖြစ်နေတာပဲ''

''အောက်လမ်းလေကွာ ... အောက်လမ်းပညာနဲ့ဆော်လို့ ငါခံရ တာ မဟုတ်ဘူးလား''

''အောက်လမ်းပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် အဲဒီလောက် အသေးစိတ် ထိုက်မလုပ်နိုင်ဘူး။ မင်းဟာ မျက်လုံးခိုက်မိဖို့ အတော်ခွင်ဆင်ရဦးမယ်''

ကိုမင်းက ကြားဝင်၍ ...

''မင်းကိုယ်မင်း ပြန်ကောင်းအောင်နေ ... ဆန်းလင်း။ မင်း ဆေးရုံ ဆက်နေတုန်း မင်းနိုင်စိုးကိစ္စ ငါလိုက်ဆောင်ရွက်ပေးလိုက်ဦးမယ်။ မင်းစိတ် ဆဲ ပယောဂလို့မရှင်းရင် ငါကိုယ်တိုင် ကုပေးမယ်။ မင်းမျက်လုံးအတွက် မျက်လုံးအစား ပြန်ပေးရမယ်လို့တော့ ငါမတောင်းဆိုဘူး။ ဒါပေမဲ့ နောက် လူတွေကို နှိပ်စက်ဒုက္ခပေးလို့မရအောင် သူ့ပညာစက်တွေကိုတော့ အငြိမ် ရှော်ဆီးပစ်ရလိမ့်မယ်။ မကောင်းတာဖျက်၊ ကောင်းတာတက်အောင်လုပ် တာ အထက်လမ်းပဲ''



www.burmeseclassic.com

www.burmeseclassic.com



ဆန်းလင်း ပတ်တီးတွေနှင့် မမြင်ရသော်လည်း မြင်ရသည့်အလား ခေါင်းညိတ်ပြ၏။ ကိုမင်းနှင့် မင်းနိုင်စိုးတို့ ဆေးရုံက ပြန်လာကြ၏။ လမ်းမှာ အိုကေးနှင့် အဖော်သုံးယောက် ပေါင်းလေးယောက်၊ အရက်မူးလာကြ၏။ လမ်းပေါ်မှာ သိုင်းကွက်နင်းပြီး ထွက်လာကြ၏။

ရှောင်လို့မလွတ်တော့တာမို့ ရှေ့ဆက်သွားရ၏။ အိုကေးက လှမ်းမြင်သွားပြီး ဒေါသဘီလူးစီးသလိုဖြစ်ကာ . . .

"ဟိတ်ကောင်တွေ . . . ငါ့ရန်သူနှစ်ကောင် . . . ဟိုမှာ . . . အသေသတ်"

ဟု ငယ်သံပါအောင် အော်ဟစ်ပြီး လက်ညှိုးထိုးပြလိုက်လေသည်။ ကိုမင်းတို့မှာ နောက်ဆုတ်ရအခက်၊ ရှေ့တိုးရအခက်နှင့် မထူးပြီမို့ ဖြစ်လာသမျှ ရဲရဲရင်ဆိုင်ဖို့ ဖွတ်တိုးလိုက်ရတော့၏။

နှစ်ယောက်နှင့် လေးယောက်။

လူရှင်းသော အ . ထ . က ကျောင်းကြီးရဲ့ ဘေးဖက်လမ်းကြားထဲမှာ။ ဖြတ်သွားဖြတ်လာခဲသောလမ်း။ သချိုင်းဖက် ဦးတည်ထားသောလမ်း။ အဲဒီလမ်းပေါ်မှာ ပွဲကြမ်းလျှင် ဝွမ်းသွားတာများ၏။

ဆိုင်ကယ်ချင်းတိုက်ပြီး ဝွမ်းဖူး၏။ ကွန်ဒေါင်းနှင့်ဆိုင်ကယ် အောင်းဖူး၏။

ကားနှင့်စက်ဘီး ဆော်ဖူး၏။ ဆိုက်ကားနှင့် နွားလှည်းလည်း ဒုန်းစိုင်းပြီး ခေါင်းချင်း အပြိုင်တိုက်ဖူး၏။ တိုက်တိုင်း၊ ဖြစ်တိုင်း လူသေဖူးထားသည့်နေရာ။ ညဆို ဘယ်သူမှမသွားရဲ။ နေ့ဖက်မှာတောင် ရှောင်ကြရှားကြ၏။ ဒါကြောင့်မို့ လူရှင်းနေ၏။

ကိုမင်းက ဝင်စရာအိမ်လေးရှိလို့ ဒီဖက်လမ်းရှင်းလမ်းကြောင်း တိုတောင်းတာကိုမက်ပြီး လျှောက်လာမိခြင်းပင်။ ဒီဖက်မှာ အရက်ဆိုင်တစ်ဆိုင်ရှိနေတာ သတိမေ့သွား၏။ ဒီလိုတိုက်ဆိုင်ဖို့ကလည်း မလွယ်။ ချိန်းထားရင်တောင် လွဲဦးမည်။ မချိန်းထားဘဲ ဒဲ့တိုး၏။

ဒဲ့တိုးလည်း . . . ရိုးလို့၊

ဖြတ်တိုက် . . . ပေါ့။

✿ ✿ ✿

[၇]

❑

"ထင်းခွေမကြုံပေမဲ့ ရေခပ်တော့ ကြုံပါတယ်ကွာ။ ဟေ့ကောင်တွေ . . . ငါ့ကို အကြောင်ရိုက်ပြီး ဖုံ့သွားတဲ့ကောင်တွေကို ပြန်ဖုံ့ကွာ။ ဖြစ်လာသမျှ ငါရှင်းမယ်။ တုတ်ပြီး၊ ဓားပြီး ဆရာကြီးဘွားရဲ့သားကွ"

အိုကေးက သူ့ကောင်သုံးကောင်ကို ရှေ့တင်တွန်းလွှတ်နေ၏။ ကိုမင်းက အားလုံးကို စိုက်ပြီး လိုက်ကြည့်လိုက်၏။ နိုင်စိုးက လူများတာကို ရှိန်လန့်နေပုံရ၏။

"ဟေ့ကောင် . . . အိုကေး၊ လမ်းပိတ်မနေနဲ့။ ရှေ့က ဖယ်ကွာ။ မဖယ်ရင် တွယ်မှာနော်"

"မင်းက တွယ်ဦးမှာလား။ ငါက မင်းတို့ကို ဖယ်တေသလို တွယ်ချင်လို့ လိုက်ရှာနေတာ။ အိုကေးကို အကြောင်ရိုက်ရင် အမှောင်တိုက်က လောင်မြိုက်သွားမယ်။ ကြာတယ်ကွာ . . . ဟေ့ကောင်တွေ"

နှစ်ကောင်က ကိုမင်းဆီ ပြေးဝင်လာ၏။ တစ်ကောင်က နိုင်စိုးဆီ ပြေးဝင်သွား၏။

"ကျား . . ."

"ယား . . ."



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းက တစ်ကောင်ကို လက်ဖျံနှင့် ရိုက်ထုတ်လိုက်ပြီး ကျန်တစ်ကောင်ကို ဒူးပျံနှင့် ပစ်တိုက်ချလိုက်၏။

"ဖောင်း ..."

"အား ..."

"ဒုတ် ..."

"အင့် ... အီး ..."

နှစ်ကောင်စလုံး ခွေညွတ်ကျသွား၏။ နိုင်စိုးကို ပြေးထိုးသည့် တစ်ကောင်ကို ကိုမင်းကပင် ခြေနှင့် ဆောင့်ကန်ပစ်လိုက်၏။

"ဘုတ် ... အင့် ..."

ဒီတော့မှ နိုင်စိုးလည်း ဖိပြီးဆက်တိုက်ထိုးချ၏။ ထိုလူ ညွတ်ခွေကျသွား၏။ ခုနနှစ်ကောင် ပြန်ထလာစဉ် ကိုမင်းက ကိုယ်တစ်ပတ်လှည့်ပြီး–

'ဖဖောင်း'ခနဲ ကန်ပစ်လိုက်၏။ နောက်တစ်ယောက်ရဲ့မေးစေ့ကို ဒူးပျံဖြင့် ဆက်တိုက်လိုက်၏။

"ဒုတ် ... အင့် ..."

နှစ်ကောင်လုံး ပြန်မှောက်သွား၏။ သုံးယောက် မှောက်သွား၏။ အိုကေး အံ့ဩတုန်လှုပ်သွား၏။ ဘယ်လာက်မှမကြာ။ အစွယ်အားကိုးသော သတ္တဝါ အစွယ်မရှိသောအခါ ထွက်ပြေးလေပြီ။ အဖော်အားကိုးသော အိုကေးကတော့ထွက်မပြေးနိုင်သေး။ ကြောင်ပြီး ဖွတ်မေ့ပုတတ်မေ့ မေ့နေရှာ၏။

ကိုမင်းက ရှေ့တိုးသွားသောအခါ အိုကေးက ... .

"မင်း ... မင်း ... ငါက တုတ်ပြီး မားပြီးနေ၊ သေသွားမယ်"

"ဟုတ်လား ... လက်သီးပြီးမပြီး ထိုးကြည့်ချင်တယ်"

အိုကေး နောက်ဆုတ်သွား၏၊ နိုင်စိုးက ...

"သိပ်မလုပ်ပါနဲ့ဗျာ။ ယောက်ဖလောင်းကြီးဆိုတော့ သူ့နှမမျက်နှာရှိသေးတယ်လေ"

ကိုမင်း လက်သီးနှင့်ထိုးဖို့ ရွယ်လိုက်သောအခါ အိုကေး နောက်လှည့်ပြီး လစ်ပြေး၏။ မှူးတာတွေပင် ဘယ်ပျောက်သွားမှန်းမသိ။ ကိုမင်းနှင့်နိုင်စိုးတို့ ရယ်မိကုန်ကြ၏။ အိုကေးက နောက်က လိုက်မလာမှန်းသိတော့ နောက်လှည့်ပြီး ကြိမ်းဝါး၏။





"မင်းတို့ကောင်တွေ ... ထမင်းဝအောင် စားထားဦးပေါ့ကွာ"

ကိုမင်း အမြန်ပြေးလိုက်ပြီး အိုကေးရဲ့လည်ကုပ်ကို ဆွဲကိုင်ကာ ဒိုးမည်ပြင်လိုက်ပြီး ...

"ငါတို့ ထမင်းဝအောင်စားထားတော့ ဘာဖြစ်လဲ"

"အဲ ... ဘာမှမဟုတ်ဘူး။ စားပြီးသားပန်းကန်ကို လာဆေးဆေးမယ်လို့ ပြောမလို့ပါကွာ"

တဲ့။

✿ ✿ ✿

[ ၈ ]

❑

"ယဉ်မြ ..."

"ဟင် ... ရှင် ..."

"ဒီနေ့ ဘာတွေဝယ်ခဲ့တာလဲ"

"အစုံပဲ။ ရှင် ဆက်မလိုက်ပါနဲ့"

"ယဉ်မြ မကြိုက်လို့လား"

"အစ်ကိုသိသွားရင် မလွယ်ဘူး"

"မပူပါနဲ့။ မင်းအစ်ကိုရဲ့မာန်စွယ်ကို ချိုးပြီးပါပြီ"

"ဘေးလူတွေမြင်ပြီး တစ်မျိုးထင်ကုန်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပိုကောင်းတာပေါ့"

"မကောင်းဘူး။ အဖေပြန်ရောက်လို့တိုင်ရင် အဖေက ကျုပ်ကို သတ်မှာ"

"အဖေဆူရင် ကိုနိုင့်ဆီ ပြေးခဲ့ပေါ့"

ယဉ်မြ ရှက်မျက်နှာနီမြန်းနှင့် မရဲတရဲလေး ပြန်ကြည့်ရင်း ..

"ပြန်ပါတော့ရှင် ... တောင်းပန်ပါတယ်"

"အိမ်အထိ လိုက်ပို့မှာပဲ။ နားဖောက်ပြီးသား ဖြစ်သွားတာပေါ့"

"ရှင် ... ပြောရခက်လိုက်တာနော်"

"မခက်စေချင်ရင် ကိုယ့်ကို ပြန်ချစ်တယ်ဆိုတာ တကယ်ပါ ရှင်လို့ ပြော။ တာနေဘယက္ခကြီးဝင်ပူးတုန်းက ပြောခဲ့ပြီးတော့ နောက်မှ ကြောက်လို့ ပြောရတာတွေ၊ ဘာတွေ မလုပ်နဲ့"

"ပြောရဲပါဘူး"

"မပြောရင်လည်း မပြန်ဘူး။ လိုက်မှာပဲ"

"တောက်တဲ့ကြီး ကျနေတာပဲ"

"ဈေးကောင်းရတာပေါ့"

"ကဲပါရှင် ... အဖြေပေးလိုက်မယ်။ ရှင့်ကိုချစ်တယ်။ ဒါပဲ ပြန်တော့"

"တကယ်နော်"

"အင်းပါဆိုမှ"

"ကြောက်လို့ပြောတာ မဟုတ်ဘူးနော်"

"အို ... ဘယ်လိုလူလဲ၊ မဟုတ်ပါဘူးဆိုမှ"

"ဝမ်းသာလိုက်တာ။ ဒီည ကိုယ်လာတွေ့မယ်။ ဆက်ဆက်စောင့်နေနော်"

"အို ... မလာနဲ့၊ မလာနဲ့"

"ချစ်သူရှိရာလာတာပဲ၊ ဘယ်သူမှမသိအောင် လာမှာပါ။ ချိန်းတွေ့ချင်လို့"

"အစ်ကိုရှိတယ်"

"ရှိ ... ရှိပေါ့။ ချစ်သူဖြစ်နေရင် သူဖျက်လို့ မရတော့ဘူးလေ"





"ပိုပျက်ကုန်မှာ၊ အဖေပြန်ရောက်လာလို့ ဒီအကြောင်းသိရင်"

"သတ်မှာ ဒါပဲမဟုတ်လား။ မသတ်စေရပါဘူး။ ကိုနိုင် အာမခံတယ်"

ယဉ်မြက ချစ်မျက်စောင်းလေး ပိတ်ထိုးရင်း ...

"အားကိုးစေချင်ရင် အားကိုးပါ့မယ်။ ခုတော့ အတင့်မရဲပါနဲ့ဦး"

"ချိန်းတွေ့မှာပဲကွာ"

"ဖွတ်ကြီးပဲနော် .. ညစ်လာပြီ"

"မညစ်နဲ့တော့ ချစ်တဲ့အကြောင်းတွေ အမြဲတွေးနေ။ ကိုယ်လည်း ပြန်မယ်။ တာ့တာ ..."

"အင်း ..."

နိုင်စိုး ပြုံးပန်းတစ်ရာပွင့်ပြီး ခုန်ပေါက်ပြန်လာလိုက်၏။ ယဉ်မြကတော့ ကျိုးကန်းတောင်းမှောက်မျက်လုံးနှင့် ပတ်ဝန်းကျင်ကို ဂရုစိုက်ကြည့်မိ၏။

ဒေါ်ကုလားမဆိုင်ကလူတွေ လှမ်းကြည့်တာ မြင်သွား၏။ မရနိုင်မှန့်တီဆိုင်မှာ အတင်းတုတ်သည့် အဖွဲ့တွေလည်း တွေ့သွား၏။ အဖေ ပြန်ရောက်လာလို့ ဝိုင်းတိုင်ရင်တော့ ပြဿနာ။ အဖေက သူသဘောတူသူနှင့်သာ ယူရမည်ဟု မှာထား၏။ နိုင်စိုးကို သဘောတူပါ့မလား။

စဉ်းစားရင်း မောသွား၏။ ခြေလှမ်းတွေက အိမ်ကို သယ်ဆောင်သွားသော်လည်း စိတ်တွေက ယောက်ယက်ခတ်နေလေသည်။ ရင်ခုန်မိသော အချစ်လား။ နိုင်စိုးနှင့်ကျမှ ရင်ခုန်သံတွေ ထိန်းချုပ်မရ။ ရင်တွေ အရမ်းခုန်ပြီး ကြည်နူးရင်ဖိုသလို စိုးရိမ်ကြောင့်ကြလည်း ပိုနေမိ၏။

ဟန်ဆောင်ကာ မူပိုလိုက်ချင်သော်လည်း အဖေ့ကိုကြောက်လို့ ဘယ်သူမှ အနားမကပ်ရဲ။ ရှားရှားပါးပါးကပ်လာသည့် နိုင်စိုး စိတ်ပျက်ပြီး နောက်ဆုတ်သွားမှာလည်း စိုး၍ ဟန်ဆောင်မူပိုတွေ မလုပ်နိုင်။

အသည်းစိုင်တွေတောင် လှုပ်ခါနေပါပကောလား ကိုနိုင်ရယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၉ ]

❑

ညဆယ်နာရီထိုး TV ဝိတ်ချိန်မှာ နိုင်စိုး လုပ်ငန်းစတော့၏ ကိုမင်းကို အဖော်ခေါ်လာ၏။

"မင်း ဝင်လို့ဖြစ်ပါ့မလား"

"သိပ်ဖြစ်တာပေါ့"

"ဖြစ်ရင်လည်း ဝင်၊ ငါ ဒီကစောင့်နေမယ်"

ခြံပြင်မန်ကျည်းပင်ရိပ်အောက်မှာ ကိုမင်းစောင့်နေလိုက်၏။ ကောင်းကင်မှာ လတစ်ခြမ်းလင်းသော်လည်း မဟူရာတိမ်ပဝါမျှင်တွေ အလွှာလိုက် ဖုံးဖုံးသွားတတ်၏။ ကြယ်စင်တို့လည်း တိမ်ပဝါနက်နှင့် အလင်းဝှက်ဝှက်သွားတတ်၏။

လင်းဖျော့ဖျော့ အချိန်ခဏစောင့်စဉ် မှောင်ခနဲဖြစ်သွား၏။ နိုင်စိုး အိမ်ခြံထဲကို ခွေးတိုးပေါက်သာသာ အပေါက်ကနေ ဝင်ချသွား၏။ ငါးမိနစ် လောက်ကြာတော့ ဝင်ထွက်ပေါက် ခြံတံခါးဂျလက်ကို ဖွင့်ပြီး ဆတ်တုန် ဆတ်တုန်နှင့် ပြန်ထွက်လာ၏။

"ဟေ့ကောင်. . . ဘာဖြစ်လာတာလဲ"

ကိုမင်းက လေသံအုပ်အုပ်ဖြင့် လှမ်းမေးလိုက်၏။





"ဘယ်ကလူကြီး ရောက်နေသလဲမသိဘူး။ အရပ်ကလည်း ခြောက်ပေကျော်မယ်။ ခါးတောင်းကျိုက်ကြီးနဲ့ အာဏာပါးကွက်သား ကြီးကျနေတဲ့ အိပ်ပတ်လည် လှည့်လျှောက်နေတယ်။ သူလစ်ပြီထင်ပြီးဝင်ရင် မလစ်ဘူး။ ဒီနောက် ချက်ချင်းပြန်ရောက်လာတယ်ဗျာ။ ဦးဘွားလည်း မဟုတ်ဘူး"

"ရွာက သူ့အမျိုး၊ အဆွေတွေ ရောက်နေမှာပေါ့"

"ဒီအချိန်ကြီး လက်ထဲမှာ တင်းပုတ်ကြီးနဲ့ဗျ"

ကိုမင်း သိလိုက်ပြီ။ နိုင်စိုးက . . .

"ကြက်သီးတွေလည်း ထတယ်။ ခေါင်းနပန်းလည်း ကြီးတယ်။ ဘုန်းတော့်အထင် မကောင်းဆိုးဝါးပဲ ဖြစ်လိမ့်မယ်။ ဦးဘွားမွေးထားတဲ့ အကောင်ပဲ"

"ဟုတ်ချင်မှ ဟုတ်မှာပါ။ မင်းလာမယ်ဆိုတာ ကြိုသိလို့ လူထွားကြီး ငှားထားတာနေမှာပေါ့။ အိုကေးက ငှားထားတာဖြစ်မယ်"

"ဆရာမင်း . . . သွားကြည့်ပါလား"

"ငါက ဆရာတစ်ယောက်ဖြစ်နေတော့ သူများအိမ်ထဲ နိုးဝင်လို့ မကောင်းဘူးကွ။ ဒီတော့ မင်းကို ဒီလက်စွပ်လေး ပေးလိုက်မယ်။ အဲဒီ ကောင်ကြီးမြင်ရင် လက်စွပ်ကို လက်နဲ့ပွတ်ပြီး လက်ငါးချောင်း ထောင်ပြ လိုက်။ အဲဒီကောင်ကြီး မင်းနားမှာ ကြာကြာမနေနိုင်ဘူး"

နိုင်စိုး လက်စွပ်တောင်းဝတ်ပြီး ခြံပေါက်ဝ ပြန်ရောက်လာ၏။ အိမ်ထဲမှာ မီးမှောင်ချထား၏။ အားလုံး တိတ်ဆိတ်နေသော်လည်း အိုကေး ရဲ့ဟောက်သံက တစ်ချက်တစ်ချက် ထွက်လာသေး၏။ ယဉ်မြက အတွင်း ခန်းထဲမှာ အိပ်တာလည်း ဖြစ်ဖို့များ၏။

နိုင်စိုး ခြံဝင်းထဲရောက်တာနှင့် ကြက်သီးတွေ ဖျဉ်းခနဲထ၏။ ရှေ့ ဆက်တိုးတော့ ခေါင်းကြီး မာတင်းကြီးလာ၏။ ဆက်တိုးတော့ အသိစိတ်တွေ မှေးခနဲ မှိုင်းဝေသွား၏။

အကောင်ကြီး စတွေ့လေပြီ။ အကောင်ကြီးက အိမ်ကို ပတ်လှည့် လျှောက်တော့။ နိုင်စိုးဆီကို တန်းလန်းကြီး လျှောက်ဝင်လာ၏။ နိုင်စိုး လန့်ပြီး လက်ကာတား၏။ အကောင်ကြီးက ဆက်လျှောက်လာမြဲ။ နိုင်စိုးရဲ့ ကြောက်စိတ်တွေ ငယ်ထိပ်ဆောင့်တက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



အကောင်ကြီးရဲ့ မျက်နှာက ရေတာကောင်းပုံလို၊ ရှည်မျော‌မျော ကြီးဖြစ်လိုက်၊ ဝိနှိလိန်သွားလိုက်၊ ဖောင်းကားလာလိုက်နှင့် နိုင်စိုးရဲ့အသိတွေ ကြောက်စိတ်ကြီးပြီး အမြင်တွေ ထွေပြားကုန်၏။

လက်ကလက်စွပ်ကို ပွတ်ဖို့ မေ့သွား၍ အမြန် နာနာပွတ်ပြီး လက်ထောင်ပြလိုက်ချိန်မှာ အကောင်ကြီး မရှိတော့။ ခုန ခေါင်းလေးငုံ့ပြီး လက်စွပ်ပွတ်နေချိန်မှာ ပျောက်သွားခြင်းပင်။ နိုင်စိုးက ရေတိုင်ကီ အကွယ်ကနေ ချောင်းကြည့်ပြီး လုပ်နေခြင်းပင်။

ဟိုဟိုဒီဒီ လိုက်ကြည့်သော်လည်း အရိပ်အယောင်မျှမတွေ့။ ယဉ်မြလေးအိပ်သည့်အခန်းက နောက်ဖေးခန်းနှင့် ဆက်နေ၏။ စဉ့်အိုးလေး အသာကပ်ပြီး ယဉ်မြလေးကို လေသံတိုးသဲ့သဲ့ဖြင့် ခေါ်မည်ပြုစဉ် ...

"တောက် ..."

တက်ခေါက်သံကြီး ကြားလိုက်ရ၏။ ဘယ်ကမှန်းမသိ။ နားကြားလွဲတာပါ။ အကြောက်တရားကို မနည်းထိန်းပစ်လိုက်၏။

"ယဉ် ... မြ ... ယဉ်မြ ..."

"တောက် ..."

ထပ်ကြားပြန်၏။ ခေါင်းပေါ်က ကြားလိုက်ရသလိုပင်။ မော့ကြည့်တော့လည်း ဘာမှမရှိ။ သချိုင်းကုန်းထဲမှာတောင် သမထသွားထိုင်လာတဲ့ကောင်ပဲ။ ဒီလောက်တော့ မကြောက်ဘူးလို့ သူ့ဘာသာ ရဲဆေးတင်ပြီး ထရံကို လက်နှင့် တောက်ပုတ်လိုက်၏။

"ယဉ်မြ ... ယဉ်မြရေ ..."

ဟင်းခနဲ သက်ပြင်းချသံကြီးကို ကြားလိုက်ရ၏။ အထဲက ယဉ်မြဆီက ဘာသံမှမထွက်။ ထပ်ခေါ်မည်ပြုစဉ် ...

"ဂိး ... ဂဲ ... ဂါး ... ဂရား ..."

"ဟာ ... အား ..."

ခွေးနက်ကြီး။ လျှာနီကြီးတန်းလန်း တွဲကျလျက်။ အစွယ်ကြီးဖြဲပြီး မာန်ဖီနေ၏။ ကိုက်ဖို့ အသင့်ဖြစ်နေ၏။ နိုင်စိုးက လက်ဖျောက်သံတိုးတိုးလေးနှင့် လေကလေးတိုးတိုးချွန်ပြီး ခွေးနက်ကြီးကို ချော့မော့ကြည့်၏။





"ဝုတ် ... ဂူး ... ဝုတ် ... ဝေါင်း ..."

ထိုးဟောင်ပြီး နောက်လှည့်ပြန်ဆုတ်ကာ နိုင်စိုးဆီ ပြေးခုန်ကိုက်ဖို့ ဟာရလိုက်၏။ နိုင်စိုး ကြောင်နေလို့မဖြစ်တော့။ သုတ်ခနဲ တစ်ချိုးတည်း ထွက်ပြေးရပြီ။ ကိုက်မိလျှင် တစ်ပိုင်းစီ ဖြစ်သွားနိုင်၏။ ဂရိတ်ဒိန်းခွေးကြီး လောက်ကြီးသော အကောင်ကြီးဖြစ်နေ၏။

အိမ်ထဲကနေ ဝရုန်းသုန်းကား ပြေးအထွက် အိုကေး လန့်နိုးပြီး အော်သံကြီးကို ကြားလိုက်ရ၏။

"ဟေ့ ... ဘယ်သူတွေလဲကွ"

နိုင်စိုးပြေးလာတော့ ကိုမင်းလည်း ပြေးရပြီပေါ့။ သွေးရိုးသားရိုး ကို နည်းလမ်းတွေနှင့်လည်း မကယ်တင်နိုင်။ ထင်သည့်အတိုင်းပင် ကောက ...

"သူခိုး ... သူခိုး ... သူခိုးတွေဗျို့။ ကျုပ်ခြံထဲ ဝင်နေတယ်။ ကြပါဦး၊ ကယ်ကြပါဦး"

ဘေးအိမ်တွေ လန့်နိုးပြီး ရရာလက်နက်စွဲကိုင်ကာ ထွက်လာကြ၏။ ဓာတ်မီးရောင်တွေကလည်း တလက်လက်နှင့်။ လမ်းထိပ်နားမှာ ထိုးထားသော ဆိုင်ကယ်လေးပေါ် တက်ခွပြီး ဆိုင်ကယ်နှင့် ပြန်ပြေးတော့၏။

ဆိုင်ကယ်သာမပါလျှင် နဖာထွက်လောက်ပြီ။ လူအုပ်ကြီးက ညာပေးပြီး ဆိုင်ကယ်မီးရောင်နောက်ကို ထိုးလိုက်လာကုန်ကြပြီ။ မောင်းရင်း လမ်းမတန်းပေါ်ရောက်တော့ ဆိုင်ကယ်(လ်) ထိုးရပ်သွား၏။

"မောင်းလေကွာ ..."

"စက်အရှိန် သေသွားတယ်။ ခဏလေး ပြန်နိုးမယ်"

စက်အကောင်းကြီး တုံ့ရပ်သွားတာ မရိုးတော့။ ကိုမင်း မန်းမှုတ်ပြီး နိုင်ခွက်ပေါ်ကို လက်နှင့် အုပ်ပေးလိုက်၏။ စက်ပြန်နိုးပြီး ပြန်ကောင်းသွား၏။ နောက်ကလိုက်လာသူတွေကလည်း လမ်းမတန်းပေါ် ရောက်လာကုန်ကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဆက်မောင်းပြေးရပြီပေါ့။ ရေ့က်သီးနဲ့ပေါင်းမှ ကြက်သွန်လည်
ရောအထောင်းခံရသလို။ နိုင်စိုးနှင့်ပေါင်းမိမှ ကိုမင်းလည်း ပြေးပေါက်မှာ
မတတ် ဖြစ်ကုန်ရတော့၏။

✿ ✿ ✿

| ၁၀ |

❑

ယဉ်မြတစ်ယောက် အပြင်ထွက်ခွင့် မရတော့။ အိုကေးက ချ
ညီမကို ဓားထမ်းစောင့်ရှောက်နေ၏။ ကိုမင်းပြောထား၍ နိုင်စိုးလည်
တစ်ပတ်ခန့် ငြိမ်နေရ၏။ ဆန်းလင်းလည်း ဆေးရုံပေါ်က ပြန်ဆင်း
ပြီး မျက်တွင်းဟောက်ပက် မပေါ်လွင်အောင် နေကာမျက်မှန် အမြဲတပ်ထာ
တော့၏။ ခမျာ အမှောင်ထဲ လမ်းလျှောက်လျှင် ဘလိုင်းဆန်းလင်း ဖြ
သွားတတ်၏။

"ကိုမင်း ... ယဉ်မြလေးကိုမတွေ့ရတာ နေမထိ၊ ထိုင်မသာဖြ
ဗျာ။ ယဉ်မြလေးနဲ့ ဝေးရရင်တော့ ကျွန်တော့်ဘဝ အသည်းကွဲရော့နဲ့"

ဆန်းလင်းက လက်ကာ တားလိုက်ပြီး ...

"ဆိုင်းမပါ၊ ဗုံမပါနဲ့ မငိုစမ်းပါနဲ့ ... နိုင်စိုးရာ။ ငါ့လိုသာ မျက်လုံ
တစ်ဖက်ဆုံးရှုံးရရင် ဘယ့်နှယ်လုပ်မလဲ။ ကိုမင်း ... ဒီကိစ္စ ပယော
ကင်းမကင်း စစ်ဆေးလေဗျာ"

"မင်းမျက်လုံးဖြစ်ရတာ ပယောဂရှိမရှိ လက်ပူးလက်ခွနည်း
စစ်ဆေးမယ်။ မင်း လက်ဖဝါးခုံပေါ် မှောက်တင်လိုက်"





ကိုမင်းက အထက်ဆရာအမိန့်တွေ ပြန်ပြီး လက်ဖဝါးပေါ် အာထာ
စက်တည်စေ၍ လက်ညှိုးနှင့် လက်ခလယ်ကို ခွဲခိုင်း၊ စုခိုင်း၏။ လေးငါး
ကြိမ်လောက် ဆက်တိုက်ခိုင်းပြီးသောအခါ အငြိမ်ထားလိုက်၏။

"မင်းဟာက ပယောဂမရှိပါဘူး။ မင်းဘာသာ ဝင့်ကြွားပါလာလို့
ဆစ်ရတာပါ"

"အေးပေါ့ကွာ ... အဲဒါဆိုရင် ထားလိုက်တော့။ အိုကေးကြောင့်
ဆိုရင်တော့ ခွားမသေးအိုကေး သေပြီသာမှတ်"

"သတ်ရင်လည်း မြန်မြန် သွားသတ်စမ်းပါကွာ။ သူရှိနေလို့ ငါ့မှာ
ယဉ်မြလေးနဲ့ ဝေးနေရတာ"

နိုင်စိုးတစ်ယောက် ညဖက်အိမ်ပြန်တိုင်း အိမ်အရောက်လိုက် ပို့
ရ၏။ ယဉ်မြတို့အိမ်ဖက် သွားမယ်ချည်းလုပ်နေ၍ မနည်းတားထားရ၏။
နိုင်စိုးအမေ ဒေါ်ကြည်ခင်က ကိုမင်းကို အပ်ထား၏။

"မင်းတို့ထဲမှာ မင်းက အကြီးဆုံးပဲ ... မောင်မင်း"

"ဗျာ ..."

"အသက်ကိုပြောတာ၊ ငါ့သားကို မင်းပဲ ကြည့်ထိန်းပါဦး။ ငါတို့
လင်မယားက လူကြီးစိတ်မွေးတဲ့ မင်းကိုယုံတယ်လေ။ ငါတို့သားကို အပ်
ပါတယ်"

ကိုမင်းကလည်း ဂရုစိုက်နေရ၏။ ဆန်းလင်းအိမ်ကလည်း အဲဒီ
အတိုင်းပင်။ ကိုမင်းခမျာ သူတို့နှင့် သူငယ်ချင်းလိုပေါင်းသော်လည်း အကြီး
အကဲအလိုလို ဖြစ်နေ၏။

ဆန်းလင်းနှင့် ကိုမင်းတို့ အိမ်ပြန်လျှောက်လာကြရာက ကောင်းကင်
ပေါ်မှာ မီးလုံးကြီးနှစ်လုံး လှည့်ပတ်ဆော့ကစားပြီး အမြင့်ဆုံး ကုက္ကိုပင်
ကြီးထဲ ဝင်ရောက်ပျောက်ကွယ်သွား၏။ ဆန်းလင်းက တအံ့တဩနှင့် ..

"အဲ ... အဲဒါ ... ဘာတွေလဲ"

"မီးစုန်း ..."

"ဗျာ ... ကာဗွန်ဒိုင်အောက်ဆိုဒ်တို့၊ မီးစုန်းတို့လို ဓာတ်သဘော
တွေလား"

"အဲလိုလည်း ပြောလို့ရတယ်။ တစ်နည်းအားဖြင့် စုန်းတောက်တယ်
လို့ ခေါ်တယ်။ ဟိုးရှေးရှေးတုန်းက လွန်ခဲ့တဲ့ အနှစ်သုံးဆယ်ကျော်လောက်



www.burmeseclassic.com

www.burmeseclassic.com



အထိ အဲဒီလိုမီးလုံးမျိုးတွေ လပြည့်၊ လကွယ်ညတွေမှာ တောက်စားတတ်တယ်။ စုန်းမတွေ ပညာအဆင့်တက်ကြတယ်လို့ ပြောကြတာပဲ။ တချို့ကလည်း စုန်းမက သူ့ခေါင်းကိုဖြုတ်ပြီး မီးလုံးအသွင်နဲ့ တိမ်ညွှန့်တက်စားတာတဲ့။ တိမ်ညွှန့်စား စုန်းပေါ့ကွာ။

ခန္ဓာကိုယ်ကြီးက ပက်လက်ထားခဲ့တာပေါ့။ အဲဒါကို တစ်ယောက်ယောက်က ဘေးစောင်း၊ ဒါမှမဟုတ် မှောက်ခုံမှောက်ထားရင် သူ့ခေါင်းပြန်လာတပ်တဲ့အခါ တလွဲကြီးဖြစ်နေရော။ အဲဒါကြောင့် အိပ်ခန်းတံခါးကို လုံအောင်ပိတ်ပြီး စိတ်ချရမှ သူတို့ခန္ဓာကိုယ်ကို ထားခဲ့တတ်ကြတယ်"

ကျွန်တော်လည်း ကြားဖူးတယ်။ တချို့ဈေးစားစုန်းတွေ ရှိသေးတယ်တဲ့။ အိမ်သာမှာ ဝင်စားနေတာ။ သိတဲ့လူက ဖိုးကိုင်းဆူးတွေနဲ့ အုပ်ဖမ်းရင် မိရော။ မိရင် ပိုက်ဆံတောင်း၊ ပိုက်ဆံပေးတယ်။ ပိုက်ဆံကို ညတွင်းချင်း သွားဝယ်စား။ မနက်ကျရင် သစ်ရွက်တွေ ဖြစ်သွားရောတဲ့"

"အေး ... အဲဒီစုန်းတွေ ဒီခေတ်မှာ ပါးလျသွားတာ ဈေးတုန်းက ဆရာတွေ ကောင်းမှုကြောင့်ပေါ့။ နောင်လာနောက်သားတွေ ဒုက္ခမရောက်အောင် စုန်းတွေကိုဆင့်ခေါ်ပြီး သူတို့ပညာတွေ အစ်နှိမ်နိုင်းတယ်။ စုန်းပညာအစ်ပွဲတွေ အတော်များများလုပ်ခဲ့လို့ ဒီနေ့ခေတ်မှာ ပပျောက်သလောက်ရှိနေပြီ"

"ဒါဆို ခုနမီးလုံးက ဘာလဲ"

"အကြွင်းအကျန်စုန်းလို့ ပြောလို့ရသလို သဘာဝဓာတ်သဘောအရ ထွက်ပေါ်လာတဲ့ မီးစုန်းဓာတ်မီးလုံးမျိုးလည်း ဖြစ်နိုင်တယ်။ ဒါတွေက ဘုရားမကြိုက်၊ နတ်မကြိုက် ကိစ္စတွေပါကွာ"

"ဟာ ... ကိုမင်း"

"ဟင် ..."

"ငုံ့ရှောင်လိုက်"

"ရှဲ ... ရှဲ ... ဝှီး ..."

နောက်ကနေ မီးလုံးကြီး တန်းခနဲ ပြေးဝင်တိုက်၏။ ကိုမင်းတို့ ငုံ့ရှောင်လိုက်၍ မီးလုံးကြီးက ထောင်တက်ပြီး အဝေးရှိ သစ်ပင်တန်းတွေထဲ ထိုးဝင်ပျောက်ကွယ်သွား၏။





"ဘာဖြစ်တာလဲ ... ဆရာမင်း"

"မကျေနပ်တဲ့ စုန်းမလက်ချက်လား။ ဒါမှမဟုတ် တိုက်ဆိုင်တာလား။ ထန်းသီးကြွေခိုက်၊ ကျီးနင်းဆိုက်ပေါ့ကွာ"

"ကံကောင်းလို့တိုက်မိရင် မီးစွဲလောင်ခံရမှာ"

"မင်း သတိကောင်းလို့ပေါ့"

"ကျွန်တော်လည်း နောက်ဖက်က တရှဲရှဲကြားလို့ ဆတ်ခနဲ လှည့်ကြည့်လို့ တွေ့လိုက်တာ။ ကိုမင်းပညာနဲ့ အဲဒီစုန်းကို ဆုံးမလိုက်စမ်းပါ"

"နေရာတကာ ပညာနဲ့ဆုံးမလို့ ဖြစ်မလား။ ငါလည်း ဒီလောက်ကြီးတတ်တာမဟုတ်ဘူး။ ကိုယ့်လမ်းကိုယ် လျှောက်စမ်းပါကွာ"

"လျှောက်တော့"

"ကိုယ့်အိမ်ကိုယ်ရောက်တာပေါ့ကွ"

✿ ✿ ✿

| ၁၁ |

တုတ်ပြီး ဓားပြီး ဆရာကြီးဘွားအမည်ကို ရခဲ့တာ။ တပည့်တွေ ဝိုင်းမြှောက်ပြီး အော်လံဟစ်ကြွားလုပ်ခဲ့လို့ပါ။ အမှန်တော့ ဆရာကြီးဘွားဟာ တုတ်လည်း မပြီးပါဘူး။ ဓားလည်း မပြီးပါဘူး။ ဆရာကြီးဘွားရဲ့ ဆရာသမား ဘအိုကြီးဆိုတာကတော့ တကယ့် တုတ်ပြီး ဆေးထိုးထားသူပေါ့။

ဆေးမင်ကြောင်တွေ ခန္ဓာကိုယ်မှာ နေရာအနှံ့ ထိုးထား၏။ သူ့ခေါင်းကို တုတ်တွေနဲ့ ဝိုင်းရိုက်၊ မဖု၊ မကွဲ၊ ဓားနဲ့ခုတ် သားရေတောင်ကို ခုတ်ရသလို ဒုတ်ခနဲ ပြန်ကန်ထွက်သွားတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဓားခုတ်ရာကို သွားဖြမ်ကြည့်နှင့်။ ပြသွားလျှင် သွေးထွက်သွားနိုင်၏။ ဆရာဘအိုကြီး လုပ်ပြတာကို မောင်ဘွား သွားကြည့်ခဲ့ဖူး၏။ သူ့ကိုယ်သူ ဓားတွေ၊ လှံတွေနှင့် ထိုးပြ၏။ ဓားမတိုး၊ ဓားလှံသာ ကျိုးတာ၊ ကွေးတာ ဖြစ်သွားမည်။ ဘအိုကြီးကတော့ ဘာမှမဖြစ်။ ဘအိုကြီးက မောင်ဘွားကို မွေးစားပြီး ပညာတွေ လက်ထပ်သင်ပေးခဲ့ ၏။ ဘအိုကြီးက ရုပ်တကာ၊ ရွာတကာ မျက်လှည့်ပြစားခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြု၏။

လူကောင်ကလည်း ထွား၊ ရုပ်ရည်ကလည်း ကြမ်းတမ်း၏။ လူ့ဘီလူးကြီးဟု လူတွေကထင်ကြသော ဘအိုကြီးမှာ အရက်အမူးလွန်လျှင် အလွန်သွေးဆိုးတတ်၏။ သွေးဆိုးလျှင် ပြဿနာရှာတတ်၏။ သူ့ထံ တပည့်ခံသူတွေ သူ့ဒဏ်မခံနိုင်၍ ထွက်ပြေးကြသည်သာ။ မူးလာလျှင် နီးရာလက်နက်နှင့် ကောက်ပေါက်တတ်၏။

ရှောင်နိုင်တဲ့ကောင် ရှောင်။

မရှောင်နိုင်တဲ့ကောင် ထိ၊ ဆေးကု။ သေလျှင်လည်း လက်စဖျောက်ပစ်တတ်၏။ သူ့ထံ တပည့်ခံသူတွေကလည်း ဘဝပျက်နေသူ၊ ခြေသလုံးအိမ်တိုင်၊ ကစော်သမား၊ ဘိန်းသမားတွေသာ များ၏။

ဘအိုကြီးနားမှာ အမြဲရှိနေတာဆိုလို့ မွေးစားသား မောင်ဘွားပဲရှိ၏။

"အရက်နဲ့မင်းပဲ ငါ့အပေါ် သစ္စာရှိတယ်။ မင်းဟာ ငါ့ရဲ့သားတပည့်။ ငါ့ပညာအမွေ ဆက်ခံစေရမယ်။ ဒီပညာဟာ မကြီးပွား၊ မချမ်းသာနိုင်ဘူး။ အကုသိုလ်ကြီးလို့ကွ။ သိပေမဲ့ ညစ်တွန်းတွန်းပြီး ဆက်ရစ်ရာက အမှောင်နယ်ကျွံပြီး ဒီနယ်ပယ်မှာ ဆရာကြီးဖြစ်လာရတာပဲ။ တုတ်ပြီး ဓားပြီးဆေးမင်းကို ထိုးပေးမယ်။ ရှောင်ရမှာတွေရှိတယ်။ မရှောင်နိုင်လို့ စည်းဖောက်ရင် မစွမ်းတော့ဘူး။ အမှောင်လောကဆိုတာ ကြီးနိုင်ငယ်ညှဉ်းတွေချည်းပဲ။ မသနားနဲ့၊ သနားရင် ခံရပြီသာမှတ်"

ဘအိုကြီးတစ်ယောက် ပညာပြိုင်တာတွေလည်း မကြာခဏ လုပ်၏။ သူတော်စင်တစ်ပါးကို ခံတိုက်ရာက သွေးပွက်ပွက်အန်ပြီး ဘအိုကြီး အသက်ထွက်သွား၏။ တုတ်ပြီး ဓားပြီးဆေးကို ပြီးဆုံးအောင်ပင် မထိုးလိုက်ရ။ ဆေးခံပါးခံက တစ်ပွဲတိုးတော့ ရသေး၏။





မောင်ဘွားလည်း မျက်လှည့်လိုက်ပြစားတော့ တပည့်တွေမွေးပြီး တုတ်ပြီး ဓားပြီး ပြကွက်တွေ တစ်နေရာမှာ တစ်ခါတော့ ပြခဲ့၏။ နှစ်ခါပြလို့မရ။ ပြလျှင် ခံရပြီသာမှတ်။ တစ်ပွဲတိုးအဖြစ်ကို တပည့်တွေ လုံးဝမသိအောင် ဖုံးကွယ်ထားခဲ့၏။ အားလုံးက တုတ်ပြီး ဓားပြီး ဆရာကြီးဘွားဟုသာ အမြဲထင်နေစေချင်၏။

"မျက်လှည့်လိုက်ပြရင်းနှင့် မအေးတင်ဆိုသော လုံမပျိုလေးနှင့် ငြိစွန်းရာက အိမ်ထောင်ထူခဲ့၏။ သားကြီးအိုကေးကိုမွေးပြီး မအေးတင် ဆုံးသွား၏။ ယဉ်မြလေးက ရုပ်တကာလှည့်၊ မျက်လှည့်ပြ၊ သချိုင်းဇရပ်တွေမှာ တည်းခိုစဉ် သချိုင်းမှာ လာပစ်ထားသော ရက်ပိုင်းသာရှိသေးသည့် ကလေးမလေးကို ကောက်ယူမွေးစားထားခဲ့ခြင်းဖြစ်၏။

အိုကေးက သားအရင်း . . .

ယဉ်မြလေးက မွေးစားသမီး။

ရုပ်တကာ လှည့်ရတာ ငြီးငွေ့လာ၍ အတည်တကျ အထိုင်ချဖို့ ကြံကွက်ဝယ်၊ အိမ်ဆောက်ကာ ပယောဂဆရာ၊ ပျောက်စေဆရာအလုပ်နှင့် ဆက်စခန်းသွားဖြစ်ခဲ့၏။

တုတ်ပြီးဓားပြီး ဆရာကြီးဘွားဆိုလျှင် တော်တန်ရုံတင်မက ရှိန်ကြ၏။ လန့်ကြ၏။ ဆရာကြီးဘွားပုံစံကလည်း ဆေးမင်ကြောင်တွေ အင်းချပြီး တစ်ကိုယ်လုံးထိုးထား၏။ စမတွေလည်း မကျန်၊ ပေါက်ဆေးတွေလည်း ခံလို့ပေါ့။ ဘီလူးရုပ်ကြီးတွေက ကျောနှင့်ရင်မှာ အထင်းသား။ ပြူးပြူးပြဲပြဲ ဘီလူးခေါင်းကြီးတွေပေါ့။

သရဲ၊ တစ္ဆေ၊ ကဝေ၊ မှင်စာ ဘာဘာညာညာ ဆရာကြီးဘွားက နိုင်ပြီးသား။ တောက်ခေါက်ပြီး ဖနောင့်နဲ့ ပေါက်လိုက်တာနဲ့၊ ပူးနေတာတွေ ပျောက်ကုန်၏။ ဆရာချင်း ပညာပြိုင်ဦးမလား။ ဆရာကြီးဘွားကချည်းနိုင်ခဲ့၏။ တချို့ဟာတွေလည်း သရေပွဲပေါ့။ တချို့ကိုတော့ ရှောင်တိမ်းပေးလိုက်ရ၏။ ဆရာကြီးဘွားရဲ့ ပညာသက်တမ်းမှာ အရှုံးမရှိသေး။ ဆရာကြီးဘွား လုပ်စားလာတာ အံတိုလာပြီ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုနဲ့ နေလာလိုက်တာ မနေ့တစ်နေ့ကမှ ပေါ်လာသော သား အရွယ်လည်းမဟုတ်၊ မြေးအရွယ် မောင်မင်းဆိုတဲ့ လက်တောက်လောက် ကောင်လေးနဲ့ကျမှ ဆရာကြီးဘွား နှင်ချခံလိုက်ရ၏။

ကောင်လေးက သီလလုံ၏။ သမာဓိရှိ၏။ မွေးရာပါ ဆရာသွေး ပါလာပုံရ၏။ သူ့ဆရာ ဘယ်သူလဲဆိုတာ လိုက်စုံစမ်းလို့မရ။ လူကြည့် တော့ ဖြူဖြူနွဲ့နွဲ့ကလေး။ လက်မထောင်ပြီး လက်ညှိုးထိုးခိုင်းလိုက်လျှင် သူ့ဆေးတောင့်၊ အင်းတောင့်၊ စမအဲတောင့်တွေကလည်း ထောင်းလမောင်း ထအောင် လုပ်ပေးကြ၏။

တိုက်ဆင်နဲ့ နင်းဆို၊

လှုပ်မရအောင် နင်း ချုပ်ထား၏။

တိုက်နွားနဲ့ ခွေ့ဆို၊

ကျောကော့ပြီသာ မှတ်။ အခန့်မသင့်လျှင် ကျောပါပေါက်သွားနိုင် ၏။ တိုက်ကျွဲနဲ့ခတ်လို့ကတော့ မစားသာ။ ကောင်လေးရဲ့ဖခင် ဆရာတစ်ဆူ ဖြစ်ခဲ့တယ်ဆိုတာလောက်တော့ ဆရာကြီးဘွားသိ၏။ မောင်မင်းရဲ့ဖခင်က မိန္ဓောသက်သက် ကုတာများ၏။ လိုအပ်မှ ပယောဂကု၏။ သူ့အဖေလည်း စွမ်း၏။ သို့ပြား ဆရာကြီးဘွားနဲ့ တစ်ပွဲမှ မတွေ့လိုက်ရ။ သူ့အဖေက လူကြီးရောဂါဖြင့် ကွယ်လွန်သွားလေပြီ။

မောင်မင်းကျမှ ဆရာကြီးဘွား တစ်ချီခံရ၏။ ဒီလိုပညာရှင်တွေ ဆိုတာ အမှုသည်တွေ အငှားခံရသော ရှေ့နေနှင့်တူ၏။ ရှေ့နေဆိုတာ ကိုယ့် အမှုသည်နိုင်အောင် သူလုပ်နိုင်သည့် ဘောင်အထဲကနေ အစွမ်းကုန် ကြိုး စားရ၏။ ဆရာကြီးဘွားတို့ကို အလုပ်လာအပ်သူတွေကလည်း ဘယ်သူ က ဘယ်လိုတွေလုပ်နေလို့ ပြန်လုပ်ပေးပါဆိုလျှင် ကိုယ့်လူနိုင်အောင် ကိုယ့်ပညာနှင့် လုပ်ပေးရ၏။

တစ်ဖက်ကလည်း ရှေ့နေငှားသလို ဆရာပြန်ငှားထား၏။ ဆရာ ဆရာချင်းတွေ့ကြတော့ ဆော်ကြတာပေါ့။ ဆရာကြီးဘွားက အထင်သေးပြီး တိုက်၏။

လူကြီးနှင့်ကလေး လက်ဝှေ့ထိုးခိုင်းသလို ဖြစ်နေ၏။ ကလေးမို့ လို့ အထင်သေးပြီး လျှော့ထိုးလိုက်တာ ကလေးက မီရာမိရာ ချက်ကောင်း





ခေါင်းဆုံကို ပယ်ပယ်နယ်နယ် ထိုးချသွား၏။ မရှုနိုင် မကယ်နိုင်တက်ပြီး အကြောတွေ ဆွဲနေရတော့၏။

ဒီလို တိုက်ခိုက်ခံရမယ်လို့ ထင်မှ မထင်ထားတာကိုး။ ခံလိုက် ပြီးမှ ကိုယ့်ဟာကွက်ကို ကိုယ်မြင်၏။ ပြန်ဆော်ဖို့ သွားစိန်ခေါ်မိ၏။

ကလေးနဲ့ လူကြီးဆိုတော့ အနိုင်ကျင့်ရာ ကျမှာစိုးလို့ အရပ်ချင်း ညီအောင် ကလေးကိုခုံခုပြီး ခုံပေါ်က ထိုးခိုင်းမိ၏။

ကလေးက ခုံပေါ်ကနေ နားသတွေ ဖြတ်ကန်သလို ကစ်သွား၍ ဆရာကြီးဘွားလည်း နောက်တစ်ချီ မှောက်ခုံကြီး အလဲနာရပြန်၏။ အိပ်ရာ ထဲ လူးလိမ့်နေအောင် ခံလိုက်ရ၏။ ဆရာကြီးဘွား ဟုတ်တိပတ်တိ ထိုး နိုင်တို မရလိုက်။ အိပ်ရာထဲမှာ ခံရင်း တွေးတောမိ၏။

ဒီကောင်လေးကို နိုင်ဖို့၊

ကိုးသချိုင်းမှာ ပြန်ကျင့်ပြီး အောင်ပွဲခံမှဖြစ်လိမ့်မယ်။ အစွမ်းအစ တွေ ကောင်းကောင်းပြန်ရဖို့ ကိုးသချိုင်းအကျင့်ကို ဆရာကြီးဘွားသွားကျင့် ဖို့ ဆုံးဖြတ်လိုက်၏။

နေ့ခင်းဖက် မျက်လှည့်လိုက်ပြစားပြီး ညဖက် သချိုင်းရေစ်တွေ မှာ သွားကျင့်၏။ သချိုင်းတစ်ဆင့်အောင်လျှင် နောက်သချိုင်းတစ်ခု ပြောင်း ရ၏။

တစ်ခုနဲ့တစ်ခု ပြောင်းကျင့်တာ တစ်ပတ် (သို့) နှစ်ပတ်လောက် ကြာ ၏။ ဆရာကြီးအဆင့်က ကိုးညဆက်တိုက် လေ့ကျင့်ပါလားဆိုလျှင် မှားသွား ည်။ ဒါမျိုးက လောလို့မဖြစ်။ အစွမ်းအစတွေ ပြန်လည်ရယူသည့်နေရာ မှာ တစ်ဖက်က ပေးနိုင်ချိန်ကိုလည်း စောင့်ရသေး၏။

သဘောကတော့ . . .

ကိုယ်က အင်္ကျီအသစ်လိုချင်၏။ ချက်ချင်းချုပ်ခိုင်းလျှင် လက်ရာ ကောင်း၊ မခိုင်ခံ့၊ ဈေးပိုကြီးပြီးပေးရဦးမည်။ စက်ဆရာ စိတ်ကူးနဲ့ အေး ဆေးလူလူချုပ်ပြီး ရက်ချိန်းပေးတော့မှ သွားရွေးယူလျှင် လက်ရာကောင်း မည်။ ချုပ်ရိုးချုပ်သားလည်း ခိုင်ခံ့မည်။ ဈေးနှုန်းကလည်း ပုံမှန်။

အဲသလိုမျိုးပေါ့။ လက်ဖက်ကောင်းစားချင်၍ ပလောင်တောင်ပေါ် မှာ နေရခြင်းမျိုးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ပထမစဝင်ရသော သချိုင်းက အတော်လေးဆိုးသွမ်း၏။ လူတွေက သချိုင်းမှာ သရဲတစ္ဆေမရှိဘူးဟု ပြောကြ၏။ သူ့ဟာနဲ့သူ ရှိပြီးသား။ အလောင်းကောင်စွဲပြီး တွယ်နေသော ပြိတ္တာ၊ သချိုင်းနေရာ စွဲပြီးတွယ်နေသော ပြိတ္တာတွေ ရှိသေး၏။ ပြိတ္တာမျိုးနွယ်ထဲမှာ သရဲတစ္ဆေတွေ ပါဝင်၏။ ဘုရားဟော ဇာတ်နိပါတ်တော်တွေထဲမှာ သရဲတစ္ဆေ၊ သဘက်တွေကို ပြိတ္တာဟုသာ သုံးနှုန်းထား၏။

ဆရာကြီးဘွား သချိုင်းဇရပ်ထဲမှာ စိတ်ကျင့်စဉ် နိုင်မာအောင်တည်ဆောက်ပြီး ပညာတွေ အစွမ်းထက်အောင် လုပ်ယူရ၏။ မြေကျင်းကို ခြေမျက်စိမြှုပ်အောင်တူး၊ မြေမျက်စိမြှုပ်လျက်ကနေ ဝါးလုံးနဲ့ဆွဲထားသော အမဲသားကို ခုန်ပြီး ပါးစပ်နှင့်ဟပ်ကာ စားသောက်နိုင်လျှင် တစ်ပွဲအောင်ပြီ။ အမဲသား ပါးစပ်နှင့် ကိုက်မိနိုင်ဖို့မလွယ်။ သူ့ထက်ငါ လုယက်ချင်သူတွေက မမြင်ရသော လောကသားတွေပေါ့။ သူတို့ လက်မဦးခင် ကိုယ်က အရင်ဦးပါမှ သူတို့ကို နိုင်၏။ သူတို့ရဲ့ဆရာကြီးအဆင့် ဖြစ်သွားတာပေါ့။

သချိုင်းစောင့်တာ မဖဲဝါဆိုတာ မှန်၏။ မဖဲဝါအောက်မှာ ပေါက်တူးနှင့် ပေါက်ပြားရသော တပည့်နှစ်ယောက်ရှိ၏။ ကိစ္စတိုင်းကို မဖဲဝါက လိုက်မလုပ်။ တပည့်တွေကို ညွှန်ကြားပြီး အဆင့်ဆင့်လုပ်နိုင်း၏။

"သချိုင်းပေါင်းများစွာကို သူ့လူနဲ့ သူချုပ်ပြီး အုပ်စီးထား၏။ ပေါက်တူးနဲ့ ပေါက်ပြားက စွမ်းပကားထက်၏။ တော်တန်ရုံမလွယ်။ အောက်ဆရာတွေ အတော်များများ ပေါက်တူးနဲ့ပေါက်ပြားကို နိုင်းကြတာ များ၏။

သူတို့ကလည်း သူတို့လက်အောက်က ခပ်ကြမ်းကြမ်းကောင်တွေကို ပြန်နိုင်း၏။ အစိမ်းသေတိုင်း ကြမ်းကြတာမဟုတ်။ တချို့ အစိမ်းသေတွေက မကြမ်း။ လူ့ဘဝမှာကတည်းက မထုံတက်ထေး၊ ပြန်မပြော၊ နားမထောင်၊ ပေတေတေ၊ ကပ်တပ်တပ်၊ သတ္တိကလည်း မရှိ။ အဲဒါမျိုးတွေ သွားနိုင်းလို့မရ။

အရင်ကတည်းက သန္ဓေဆိုး၊ စရိုက်ဆိုး၊ မိုက်ရူးရဲတွေကို သင်သင်မွေးထားရ၏။ အဲဒီကောင်တွေက တိုက်ဆိုတိုက်၊ ကိုက်ဆိုက်ကိုက်၊ မိုက်ဆိုမိုက်ပဲ။





ဆရာကြီးဘွားရောက်ကတည်းက သချိုင်းမြေတစ်ခုလုံး ဂနာမငြိမ်။ ဆရာကြီးဘွားက သူတို့ကို အသာလေး ချုပ်နိုင်ကိုင်နိုင်မှန်းသိ၍ အဝေးကနေ စောင့်ကြည့်နေကြ၏။ တချို့ကတော့ ဆရာကြီးမှန်းသိ၍ စားရန်နီး၊ သောက်ရန်နီးနှင့် အနားမှာ ပရောပရီ လာလုပ်ကြ၏။ ဆရာကြီးဘွားကို ပြုစုသေး၏။ ညောင်းညာလျှင် နှင်းပေး၏။

ဆရာကြီးဘွား အပျင်းပြေအောင် သူတို့တတ်သလောက် ကပြကြ၏။ တချို့ဆိုလျှင် ဆရာကြီးဘွားကသာ လူယောင်ဆောင်နိုင်စွမ်းလေး ချပ်ပေးလိုက်၊ အရက်ဆိုင်ရောက်အောင်သွားပြီး အရက်ဝယ်လာကြ၏။ အရက်ဆိုင်နဲ့ အရက်သမားတွေဆိုတာ ဘုန်းကံရှိတဲ့သူတွေမှ မဟုတ်တာ။

ဆရာကြီးဘွားကို ကလန်ကဆန် လုပ်လိုသူတွေကလည်း ရှိသေး၏။ သူတို့က အရွယ်အားကိုး၊ အုပ်စုအားကိုးနှင့် ဗိုင်းဖြချင်ကြ၏။ ဆရာကြီးဘွားက တစ်ကောင်တည်းပဲ။ ဒါပေမဲ့ ကျားလည်း ဟုတ်တယ်၊ ခြင်္သေ့လည်းဟုတ်တယ် ဖြစ်နေတော့ သူတို့ လုပ်ရခက်နေကြ၏။ အခွင့်သာလျှင်တော့ ချောင်းနေကြ၏။ ဆရာကြီးဘွားက ဝါးလုံးတန်းပြီး အမဲသားစိမ်းကို ကြိုးချည်တွဲလောင်းချထားတော့ အကုန်ဝိုင်းနေပြီပေါ့။ ဆရာကြီးဘွားက မြေကြီးကခုန်ထွက်ပြီး ပါးစပ်နဲ့ကိုက်မဝါးခင်မှာ သူ့ထက်ငါ အလုအယက်။

ဆရာကြီးဘွား ပါးစပ်ထဲပဲ အမဲသားစိမ်းက ရောက်သွား၏။ သူတို့လုလို့ရလိုက်တာ သစ်ကိုင်းခြောက်ဖြစ်လိုဖြစ်၊ သစ်ရွက်ဖြစ်လိုဖြစ်၊ မြေစိုင်ခဲဖြစ်လိုဖြစ်နှင့် ဆရာကြီးဘွား အစွမ်းတက်သွားတာမြင်တော့ အားလုံး ရှုံးကုန်၏။

ဆရာကြီးဘွားက ဟိတ်ဆိုပြီး ဖနောင့်နဲ့ ပေါက်လိုက်တာနှင့် သူတို့ရင်ဘတ်တွေ ပေါက်ခံလိုက်ရသလို နာနာကျင်ကျင် ခံစားရ၏။ ရှောင်ပြေးလည်း မလွတ်။ လာဆို လာ၊ ထိုင်ဆို ထိုင်၊ သွားဆို သွား၊ လုပ်ဆို လုပ်၊ ဆရာကြီးဘွားချုပ်ကွက်ထဲ လှုပ်မရတော့။

နိုင်းဖတ်တွေကို ဖြစ်ရော။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၂ ]

❑

နောက်ထပ် သချိုင်းတစ်ခုကို ပြောင်းရပြန်၏။ အဲဒီသချိုင်းက သွပ်တွေမရှိ။ သစ်သားတွေကလည်း ခွာလက်စ။ သချိုင်းဇရပ်က သွပ်ခွာ၊ ပျဉ်ခွာ လုပ်ထားကြသေး၏။ လူခြေပြတ်လပ်သောနေရာမို့ လူဆိုးလူမိုက်တွေ မကြာခဏ လာရောက်တိုင်ပင်ကြ။ တရုတ်ဂူဖောက်ပြီး ရွှေသွားရှာကြ။ သွပ်တွေ၊ ပျဉ်တွေ၊ တိုင်တွေ၊ ခွာရောင်းကြ။ လတ်လတ်ဆတ်ဆတ် သင်္ဂြိုဟ်ပြီးစ အလောင်းတွေပြန်ဖော်ပြီး အဝတ်အစား၊ အိပ်ရာခင်းကောင်းတာတွေ ယူငင်ကြနှင့် ဖောက်ပျက်နေသော သချိုင်းမျိုးဖြစ်၏။

ဆရာကြီးဘွား ရောက်လာသည့်ညမှာ လူမိုက်လေးယောက် ရောက်လာ၏။ ပေါက်တူး၊ ပေါက်ပြား၊ သံတူရွင်း၊ ဓားတွေကိုယ်စီ ကိုင်ထားကြ၏။

ဇရပ်ထဲမှာ ရှမ်းဘောင်းဘီ၊ ကာကီအင်္ကျီလက်ရှည်၊ လွယ်အိတ်နက်အကြီးကြီးတစ်လုံး၊ မျက်လုံးပြူးပြူး ပစ္စည်းတွေထည့်သည့် ဂုန်နီအိတ်ကြီးတစ်လုံး၊ မြွေပချုပ်တစ်ခုသာပါသည့် ဆရာကြီးဘွားကိုကြည့်ပြီး ...

"ဟေ့ ... ဇရပ်ထဲမှာ ဘယ်ကောင် ထိုင်နေတာလဲ"

"ငါပဲကွ"

ဆရာကြီးဘွားကလည်း အမိုက်တကာအမိုက်တွေထဲက တစ်ယောက်မို့ ဂရုမစိုက်၊ ခပ်မိုက်မိုက် ပြန်ဖြေလိုက်၏။ လူမိုက်လေးယောက် ဇရပ်မြေတလင်းမာပေါ်တက်လာပြီး ဆရာကြီးဘွားကို သေချာလာကြည့်ကြ၏။





"ခေါင်းဖြူစွယ်ကျိုးနဲ့ အဘိုးကြီးပါလား"

"သူကများ ငါတို့ကို လေသံမာမာနဲ့ ပြန်ပြောရဲသေးတယ်။ သေချင်လို့နေတူတယ်"

"ဟုတ်တယ် ... မင်းတို့ ငါ့ကို သတ်ရဲရင်သတ်"

"အဘိုးကြီး ... ခင်ဗျားက လူမိုက်လား။ ဒီနယ်မှာ ကျုပ်တို့ထက်မိုက်တဲ့ကောင် တစ်ကောင်မှမရှိဘူး။ ရှိရင်လည်း အရှင်မထားဘူး။ ခင်ဗျားကြိုက်တဲ့ လက်နက်ကိုရွေး"

လူမိုက်လေးယောက်လုံးက တောင့်တင်းကြံ့ခိုင် ဖွံ့ထွားကြ၏။ သူတို့လက်နက်တွေနှင့် ဆရာကြီးဘွားရဲ့ ကုပ်ပိုး၊ ခေါင်းပေါ် ဝဲပျံပြကြ၏။ ဆရာကြီးဘွားက အရေးမလုပ်။ ဒိုတီဆေးလိပ်ကလေး ကုန်အောင်ရှိုက်ဖွာပြီး ဆေးလိပ်မီးကို ပါးစပ်ထဲ ထိုးထည့်ပြလိုက်၏။

လူမိုက်တွေလန့်ပြီး အံ့သြကုန်၏။ ဆရာကြီးဘွားက မတ်တတ်ရပ်လိုက်ပြီး ...

"မင်းတို့က ဘာလူမိုက်လဲ။ ငါ့လို လုပ်နိုင်လား"

ဆရာကြီးဘွားက ပချုပ်ထဲက မြွေဟောက်ကိုထုတ်ပြီး မြွေဟောက်ဒေါသထွက်အောင် ခေါင်းကို ပိတ်ရိုက်လိုက်၏။ မြွေဟောက်ပါးပျဉ်းခွက်အပေါက်ခံလိုက်၏။ ပြီးနောက် မြွေကိုက်ရာကို ပါးစပ်နှင့်ကိုက်ပြီး အဆိပ်ကို ပြန်စုပ်ထွေးကာ ထွီခနဲ ထွေးထုတ်ပစ်လိုက်၏။

လူမိုက်လေးယောက် မျက်စိမျက်နှာ ပျက်သွားကြ၏။ ဆရာကြီးဘွားက မြွေဟောက်ဖြင့် သူတို့ကို လှမ်းပေါက်လိုက်၏။

"အား ..."

"ဟာ ... ပစ်ပြီ"

လူမိုက်သုံးယောက် နောက်ခုန်ဆုတ်ပြီး ရှဲကုန်၏။ ကျန်တစ်ယောက်ရဲ့လည်ပင်းကို မြွေကစွပ်ပြီး ခေါင်းကို ပေါက်ထည့်လိုက်၏။

"အား ..."

ကျန်သုံးယောက်က မြွေဟောက်အမြီးက ဆွဲကိုင်ပြီး မြေပြင်နှင့်ရိုက်သတ်လိုက်၏။

"ဖောက် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဖောက် ..."

"ဖြန်း ..."

သုံးလေးချက် ဆက်တိုက်ရိုက်လိုက်၍ မြွေငြိမ်သွား၏။ သေသွားပြီး မြွေသေကို ဆုပ်ခွဲပြီး လူမိုက်တစ်ယောက်က ဆရာကြီးဘွားထံ ပစ်ပစ်ပေါက်လိုက်၏။

ဆရာကြီးဘွားက ဆတ်ခနဲ ဖမ်းယူလိုက်ပြီး မြွေကို လက်နှင့်သပ်၏။ မြွေခေါင်းကို ပါးစပ်နှင့် တေ့မှုတ်နေ၏။ လူမိုက်ခေါင်းဆောင်က ...

"ခင်ဗျားမြွေဟောက်တော့ အပျော့ပေါ့။ ကျုပ်လူ့ရဲ့ခေါင်းကိုပေါက်တာ ဘာဖြစ်လဲ၊ မသေဘူး။ ခင်ဗျားမြွေ သေပြီ။ ကျုပ်တို့ကိုလာ မစမ်းနဲ့ ဒီတစ်ခါ ခင်ဗျားသေအလှည့်ပဲ။ ဟော့ကောင်တွေ ... ဝိုင်းခုတ်သတ်ကွ။ ပြီးရင် အလောင်းပါ လက်စဖျောက်ပစ်လိုက်မယ်"

ဆရာကြီးဘွားက လက်ထဲကမြွေကို မန်းမှုတ်ပြီး မြွေခေါင်းကို တစ်ချက် ပုတ်လိုက်၏။

"ရှူး ... ရှူး ..."

မြွေဟောက်က ဆရာကြီးဘွားရဲ့ လည်ပင်းကိုပတ်ပြီး ပါးပျဉ်းထောင်၏။

လူမိုက်လေးယောက် အံ့ဩပြီး လန့်သွား၏။

"မင်းတို့ သုံးယောက်ပဲ ကျန်တော့တယ်။ တစ်ယောက်က လူသေဖြစ်နေပြီ"

ဘဲမြီးညှပ်ထားသော လူမိုက်က ဆရာကြီးဘွားကို ငှက်ကြီးတောင်ဓားနှင့် ဝင်ပိုင်း၏။ ဆရာဘွားက မြွေနှင့် လှမ်းပေါက်လိုက်၏။ မြွေက ပခုံးကိုပေါက်ခဲပြီး ကွာကျကာ မြေပြင်ပေါ်ကနေ ချုံထဲကို တွန့်လိမ်ဝင်သွား၏။

ပခုံးကိုက်ခံရသော လူမိုက်က ...

"အား ... မီးစနဲ့ ဆောင့်ထိုးလိုက်တဲ့အတိုင်းပဲ ... ဝေဒနာ ပူသွားတာပဲ"

"မင်းတို့ထဲက လူသေနှစ်ယောက် ဖြစ်သွားပြီ"

"ဟော့လူကြီး ... ခင်ဗျား ရှူးနေသလား။ ဟာ ..."





ခေါင်းဆောင်က ပေါက်တူးဖြင့် ပြေးရိုက်၏။ ဆရာဘွားက ခြေထောက်ကိုခွဲပြီး ဒူးပျံဖြင့် ပစ်ကန်လိုက်၏။ အသက်ကြီးသော်လည်း သွက်သွက်၏။

လူမိုက်ခေါင်းဆောင်ရဲ့ ပေါက်တူးရိုက်ချက် ရောက်မလာမီ ဒူးပျံထိုက်ချက်ကြောင့် လူမိုက် နောက်ပက်လက်လန်ပစ်ကျသွား၏။ အင့်ခနဲသာ အော်နိုင်၏။ ခါးမျက်ပြီး ပြန်မထနိုင်တော့။ ကျန်တစ်ယောက်က သံတူးရှင်းကြီးဖြင့် ပြေးထိုးရမလိုလို၊ ထွက်ပြေးရမလိုလို ဖြစ်နေ၏။

ဆရာဘွားက အိတ်ထဲက လေးခွထုတ်ပြီး ဆတ်ခနဲ ဆတ်ခနဲ ဆက်တိုက် ဆွဲပစ်လိုက်၏။

"ဖောက် ..."

"အား ..."

"ဖောင်း ..."

"အီး ..."

"ချလွမ် ..."

သံတူးရှင်းပစ်ချပြီး လူမိုက်ထွက်ပြေးသွား၏။ ဆရာကြီးဘွားက သဟားဟား အော်ရယ်ပစ်လိုက်၏။ လူမိုက်ခေါင်းဆောင်ရဲ့ရင်ဝကို တက်နင်းပြီး ...

"မင်း ဘာလုပ်ချင်သေးလဲ"

"အား ... အ ... ဆ ... ဆရာကြီး ... မှားပါပြီ။ ကျွန် ... ကျွန်တော်တို့ ... မသိလို့ ... လုပ် ... လုပ်မိတာပါ။ တောင်းပန်ပါ ... တယ် ... ခွင့် ... ခွင့်လွှတ်ပါ"

"မင်း ... နောင်တရတာ နောက်ကျသွားပြီ"

ဆရာကြီးဘွား ဘာမှမလုပ်။ ပက်လက်လဲကျနေသော လူမိုက်ကို မြွေက ပြန်လာပေါက်သတ်လိုက်၍ တွန့်ခနဲဖြစ်သွား၏။ ဆရာကြီးဘွား သင်္ချိုင်းရှိ အလေ့ကျ ပေါက်ပင်တွေကြားထဲ တစ်နာရီခန့်ဆင်းပြီး ထိုင်သွားနေလိုက်၏။ ဇရပ်ပေါ် ပြန်ရောက်လာတော့ ...

လူမိုက်သုံးယောက် မြွေဆိပ်ကြောင့် သေနေလေပြီ။ လူမိုက်သုံးယောက်ရဲ့ ဝိညာဉ်တွေကို ဆရာကြီးဘွား သဘောကျပြီး ကြည့်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်မျိုးတွေက အလဟဿတော့မဖြစ်။ သူ့နေရာနှင့်သူ အသုံးချ ရ၏။

မိုက်ရူးရဲကောင်တွေက အစာကျွေးပြီး နိုင်းလျှင် အလွန်အင်မတန် မှ နိုင်းကောင်းလှ၏။

အလောင်းသုံးလောင်းကို ဆွဲချပြီး ချုံထဲ ပစ်ထည့်ထားလိုက်၏။ ခွေးစားစား၊ ကျီးထိုးထိုး၊ လင်းတတွေပဲ မိုက်လာဖောက်ဖောက်ပေါ့။

လူမိုက်တို့ရဲ့ သွားရာလမ်းလေ။

✿ ✿ ✿

| ၁၃ |

❑

သချိုင်းထဲမှာ အမဲသားတစ် တွဲလောင်းချိတ်ပြီး ခေါက်ဂေါ်ပြားလေး နှင့် ခြေသလုံးမြုပ်အောင် မြေကျင်းတူး၊ ခြေသလုံးနှစ်ဖက် ပြန်မှိုပြီး ကိုယ် တွင်းအားကို အာရုံနှင့် စုစည်းလိုက်၏။ ပြီးနောက် အတတ်ပညာစွမ်းအား ကို ယူပြီး မာန်ဟုန်သွင်းကာ ဆောင့်ခုန်လိုက်သည်နှင့် ဖွားခနဲ မြေကြီးထဲက ခုန်ထွက်ပြီး သားတစ်ကို ကိုက်မိပြီးသား ဖြစ်သွား၏။

အဖျက်တွေက လာချင်သော်လည်း သူတို့တတွေ ကြောက်နေ ရသော လူမိုက်တွေကို နှိမ်နင်းထားသည့် ဆရာကြီးမို့ မလာရဲကြ။ လွတ် လွတ်ကျွတ်ကျွတ်ပင် ဒုတိယအဆင့် အောင်သွားလေပြီ။

ထွက်ပြေးသွားသောလူမိုက်က သေဆုံးသွားသူတွေရဲ့ ဆွေမျိုးသား ချင်းတွေ စုဖွဲ့ပြီး ဓား၊ လှံ၊ လေးတွေ ကိုင်ပြီး ဓာတ်မီးတဝင်းဝင်းနှင့် လာ ကုန်ကြပြီ။ ဆရာကြီးမှာလည်း ဆက်မနေသင့်တော့၍ ပစ္စည်းတွေ အမြန်





သိမ်းပိုးပြီး သချိုင်းအုတ်ဂူကြားထဲ ဖြတ်၊ မြောက်အရပ်စူးစူးဆီ ရှုံ့ကြယ် ကြည့်၍ ခရီးဆက်နှင်၏။

ဆရာသွား လယ်ကွင်းထဲကိုရောက်ပြီး သချိုင်းနှင့် ကိုက်(၁၀၀) လောက်ရောက်တော့ နောက်လှည့်ကြည့်လိုက်၏။ လိုက်ရှာသူဆွေမျိုး ချင်းတွေ အလောင်းတွေကို တွေ့သွား၍လားမသိ။ စူးစူးဝါးဝါးထအော်ကုန် ကြ၏။ ဓာတ်မီးတွေကလည်း ဟိုဒီယောက်ယက်ခတ်အောင် ထိုးနေ၏။

ဆရာကြီးသွား ရှေ့ဆက်ခရီးနှင်၏။ ည (၁) နာရီခန့် ခရီးနှင်ပြီး အခါ ကျတ်တီးကုန်းမို့မို့လေး ပေါ်ရောက်လာ၏။ ကုန်းမို့လေးပေါ်မှာ အခင်းခင်းပြီး အိပ်ချလိုက်၏။ မိုးလင်းလုလင်းခင်မှာ ပြန်နိုးလာ၏။

သားကြီး အိုကေးကို သတိရ၏။

သမီးယဉ်မြကိုလည်း အမှတ်ရ၏။

ဘဝက နောက်ပြန်တွေးကြည့်လို့လည်း အကြောင်းမလှသမို့ မေ့ ပျောက်ထားခဲ့တာကြာပြီ။

ပစ္စုပ္ပန်နှင့် အနာဂတ်ကို ခေါင်းထဲထည့်ထား၏။ ဖြစ်ချင်တာဖြစ်၊ ပြည့်စုံတဲ့မူဝါဒကို ချမှတ်ထား၏။ ဆရာကြီးသွားအတွက် မျက်နှာသစ်ဖို့ ရှေ့ခရီးကို ထပ်ဆက်ရပြန်၏။ တတ်နိုင်သမျှ ရွာတွေကို ရှောင်၏။ လမ်းတွေ သိပ်မရွေး၊ မေးမြန်းစပ်စုတာတွေ ပြန်မဖြေချင်။ တာလမ်း ကျင့် ဘေးခပ်ခွာခွာကနေ တာလမ်းအတိုင်းလိုက်၏။ မဖြစ်သာသော အခြေအနေတွေတွေ့မှ တာပေါ်တက်လျှောက်၏။

မြို့ကြီးတစ်မြို့ရောက်လျှင် သချိုင်းကြီးတစ်ခုမကရှိ၏။ ဇရပ်တွေ လည်း ကောင်းမွန်၏။ ပိုက်ဆံလာသောကြောင့် ထမင်းခြောက်လှော်ထား သေး လက်ထဲဆုပ်ကာ ပါးစပ်ထဲပစ်သွင်းပြီး ဝါး၏၊ ရေသောက်၏။ (၃)နာရီခွဲလောက်မှာ မြို့လတ်လေးတစ်မြို့ ရောက်လာ၏။

တတိယအဆင့်အတွက် တစ်ပတ်လောက် ပြင်ဆင်ပြီး သချိုင်းမှာ နေမည်။ နေ့တာတွေမှာ ဝမ်းစာအတွက် မျက်လှည့်ပြစား၊ ညမှာ ကျင့် မည်။

မထူးတဲ့ဘဝမှာ မထူးတဲ့ဇာတ်ကို ဆက်ကနေလိုက်၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၁၄ ]

❑

"ဟော့ဒီမှာ ...ကြိုးကို မြွေဖြစ်အောင် လုပ်ပြမယ်။ ဟော့ သံစွပ်ကလေးနဲ့ ကြိုးကို အုပ်လိုက်မယ်။ ရှင်းရှင်းလေးနော် ...။ လ ရှောင် ...အပ်ချလောင်း ...ချက်ချင်းတော့ မဖြစ်သေးပါဘူး။ မြွေနဲ့ သက်ပြီး ရှင်းပြစရာလေးတွေရှိတယ်။ ကျွန်တော့်ဆီက ရိုးရာအဆီအ ဆေးဝါးတွေနဲ့ စီရင်ထားတဲ့ ဆေးလုံးတွေပါတယ်။ မြွေပြီးဆေးတော့ မဟု ပါဘူး။ မြွေကိုက်တိုင်း မသေအောင် တားဆီးနိုင်တဲ့သဘောပေါ့။

မျက်လှည့်၊ လက်လှည့်၊ ပဥ္စလက်အစရှိသဖြင့် မျက်လှည့်ပ ဆိုတာ မျက်စိကို လှည့်ထားတာပါ။ လက်ထဲမှာ ကြက်ဥနှစ်လုံး ဆု ထားရာကနေ သုံးလုံးဖြစ်သွားအောင် လုပ်ပြတတ်ပါတယ်။ ပြတ်နေ ကြိုးက အကောင်းအတိုင်းပြန်ဖြစ်အောင် လုပ်ပြနိုင်ပါတယ်။

ဆရာဘွား အာပေါင်အာရင်းသန်သန် အော်ဟစ်ပြောပြီး မျ လှည့်ပြသနေ၏။ မျက်လှည့်ပွဲလာကြည့်သူတွေကလည်း ကြုံတော့် ခဲမို့ အုံပြုပြီး အားပေးနေကြ၏။ လူအများ စည်ကားရာမှ ဈေးအ ပြသသည်မို့ ပရိသတ်က ယောက်ျားထက် မိန်းမပိုများနေ၏။

အရက်သေစာ သောက်စားထားသူ လေးငါးယောက်က လူ ထူရှေ့မှာ သူတို့ကိုယ်သူတို့ လူစွမ်းကောင်း ထလုပ်ပြလေသည်။ ကလေးတွေရှေ့မှာ သူတို့ကိုယ်သူတို့ ဟိတ်တွေဟန်တွေ ထုတ်ပြကြ





"လိမ်တာညာတာပါကွာ၊ ဘာမှမဟုတ်ပါဘူး။ ငါတို့ကိုတော့ ဘာမလိမ်နဲ့၊ မညာနဲ့။ အဘိုးကြီး ...ဘာလုပ်သလဲဆိုတာ ကျုပ်တို့ သိပြီးသား"

"ဟုတ်တယ် ...ဟော့လူကြီး အရက်ဖိုးပေးစမ်း။ ခင်ပျားဆေး တွေ ညာရောင်းထားပြီးပြီမဟုတ်လား"

ဦးဘွားစိတ်ထဲ ကွက်ခနဲဖြစ်သွား၏။ အထက်ဆရာတွေလို သုံး ကြိမ်သုံးခါ သည်းခံနေတာမဟုတ်။

"ဟော့ကောင်တွေ ... မင်းတို့လိုကစော်သမားတွေက ငါ့ကို လာနှောင့် ယှက်တာလား။ ငါစိတ်မတိုခင် ဒီက မြန်မြန်ထွက်သွားကြကွာ။ သွား"

အမှူးသမားငါးယောက် ပုဆိုးတွေ တိုတိုဝတ်၊ အင်္ကျီလက်တွေ ခေါက်၊ ဒယီးဒယိုင်တွေနှင့် စည်းဝိုင်းထဲ ဝင်လာကြ၏။ ငါးယောက်နဲ့ တစ်ယောက် ဝိုင်းဖြိုမယ်ပေါ့။

"ခင်ပျားကြီးက ကျုပ်တို့မြို့ကို လာပြီး စွာကျယ်တယ်ပေါ့။ သေ သေတော့ ..."

"ချကွာ ...ဆော်ကွာ ...ဆော်ပလော်တီးကွာ"

"ကစ်ပစ် ...ကိုင်ပလိုက်"

ဆရာဘွားက ရှေ့ဆုံးက လက်သီးနှင့်ပြေးထိုးသည့် တစ်ယောက် ကို ခြေကလိမ်ခတ် လှဲလိုက်၏။ ကျန်သည့်ကောင်တွေပါ ဆက်တိုက်ဆို သလို အစဉ်လိုက် လဲပြိုကုန်ကြ၏။

မျက်လှည့်ဝိုင်းလည်း ရုတ်ရုတ်သဲသဲတွေ ဖြစ်ကုန်၏။ ဆရာဘွား က ပြိုလဲသွားတဲ့ကောင်တွေကို ဥပေက္ခာပြုပြီး ပစ္စည်းတွေ သိမ်းဆည်း၏။ ပြီးနောက် လဲပြိုရာမှ မထနိုင်ကြသူတွေရဲ့ ရင်ဘတ်ပေါ် တက်ထိုင်ပြီး ..

"ငါ စားသောက်စရိတ် မရဘူး။ ပျက်သွားပြီ။ မင်းတို့ တာဝန် ယူရမယ်။ ယူမှာလား။ ယူမှ ငါထပေးမယ်"

"အား ...အ ...ယူ ...ယူပါ့မယ်"

ဆရာဘွားတစ်ယောက် လူမိုက်တွေကို နွားတွေလို နောက်က မောင်းပြီး မြို့စွန်ရှိ စားသောက်ဆိုင်လေးဆီ လျှောက်လာလိုက်၏။ ဆိုင် လေးက ဈေးချို၏။ ညစ်ပတ်မှုတော့ရှိ၏။ ကြွက်၊ ရှဉ့်၊ ကြောင်၊ ဖား၊



www.burmeseclassic.com

www.burmeseclassic.com



*တစ်ခါတလေ ခွေးသားပါ ချက်ရောင်းသေး၏။ အဲဒီဆိုင်မှာပင် အရက်ပါ* တည်၏။

ဆရာဘွားက ခွေးသားနှင့် အရက်မြည်းပြီး ထမင်းစား၏။ ဆရာ ဘွား အံသွားထဲမှာ စီရင်ထားသော အံကပ်သွားတစ်ချောင်းရှိ၏။ အ ထဲ အဆိပ်ပါတာကို သိ၏။ အရက်အမူးလွန်လျှင် ပြန်ဖြေပေး၏။ ကြို သလောက်သောက်၊ ကိုယ့်စိတ်က မူးချင်မှ မူးလာ၏။ မျက်လုံးမှိတ် မှိ နေရင်ပေါ့၊ မမူးချင်ရင် မျက်လုံးဖွင့်ထားပြီး လျှောက်သွားနေလိုက် ရ တော့။ သိုင်းက ကလို့ပင် ရသေး၏။

အရက်သမားငါးယောက်လည်း အဘိုးကြီးကို လန့်လန့်နှင့် ဈေ မွေးပြုစုကြ၏။ ခွေးခေါင်းဟင်းချို ရှယ်လာချပေး၏။ လူမိုက်ငါးယောက် ကိုက်ခိုင်းလိုက်၏။ ဒီကောင်တွေ မိုက်သာမိုက်တယ်။ ခွေးခေါင်းကျတေ မစားရဲကြ။ ဆရာဘွားက သဘောကျပြီး တဟားဟား ရယ်နေမိ၏။

ခွေးနှာခေါင်းရိုး ကိုက်ခိုင်းလိုက်၊ ခွေးသွားတွေ စုပ်ခိုင်းလိုက်၊ ခွေ မျက်စိတွေ စားခိုင်းလိုက်၊ နားရွက်တွေ မြုံခိုင်းလိုက်နှင့် ငနဲသား တဝေ့ဝေ့နှင့် ထိုးအန်ကုန်ကြလေသည်။

"ဆ . . . ဆရာကြီး . . . တော်ပါတော့ဗျာ။ ကျွန်တော်တို့ အကြေ တွေ လှုပ်ရတာ မကောင်းဘူး။ ဆရာကြီး အကြောပိတ်ပညာနဲ့ လုပ်ထာ တာလား။ သွေးကြောလေကြော ပြန်ဖွင့်ပေးပါဗျာ။ ဒါမျိုးက ကြာရှည်ထား ဒုက္ခိတဖြစ်သွားနိုင်တယ်"

"မင်းက ဒီအဖွဲ့ခေါင်းဆောင် ဗိုလ်သသားပဲ။ နာမည်ဘာလဲ"

"မောင်ဇော် . . .။ ဆယ်ပြားစေ့နဲ့ မျက်နှာပေါက်တူလို့ ဆယ် ပြားမောင်ဇော်လို့ ခေါ်ပါတယ်။ ဟိုဖက်က မျက်လုံးပြူးပြူး၊ ဆံပင်လ် ကောက်နဲ့ကောင်က နိုင်ဝင်းတဲ့။ နားလေးလို့ နားလေးနိုင်ဝင်းလို့ ခေါ်တယ် ဟိုကောင် ပါးရိုးကြီးတွေ ထင်းနေတဲ့ကောင်က လက်သီးတောင့်တဲ့။ သူ့မျ က လက်သီးနဲ့ထိုးထိုးသွားတာ ခံရလွန်းလို့ လက်သီးတောင့်လို့ ခေါ်ြ တယ်။ သူက ထိုးရတယ်ကိုမရှိဘူး။ နောက်တစ်ယောက်က . . ."

"တော်ပြီ . . . မင်းတို့နာမည်တွေကလည်း ဘာမှန်းကို မသိဘူ ငါ ဘယ်သူလဲ သိချင်လား"





"ဟုတ် . . . ဟုတ်ကဲ့ . . ."

ဆရာကြီးဘွားက အိတ်ထဲက ဓားမြှောင်ကို ဆွဲထုတ်လိုက်၏။ ောင်ဇော်က သူ့ကို ထိုးမည်ထင်၍ ထိုင်ကန်တော့ပြီး တောင်းပန်၏။ ဆရာ ဘွားက . . .

"ဟော့ကောင် . . . ဒီမှာကြည့်"

"သူ့ဗိုက်သူ ဓားနှင့် ဆောင့်ထိုးပြ၏။ လက်တွေကိုလည်း ဓားနဲ့ ထိုး ဓားနဲ့ထိုးပြ၏။

"တွေ့လား"

"တွေ့ပါတယ်ဆရာ။ ဆရာက ဓားကျွမ်းတာပဲနော်"

"ဓားပြီးတာကွ . . .။ တုတ်လည်း ပြီးသေးတယ်။ တုတ်နဲ့ ထရိုက် း"

တစ်ယောက်မှမရိုက်ရဲကြ။ ဆရာကြီးဘွားက ပုလင်းနှီအခွံနှင့် ခေါင်းသူ . . .

'ခွမ်း'ခနဲ ရိုက်ပြလိုက်၏။

ဘာမှမဖြစ်။ အားလုံး အံ့သြကုန်၏။ ဘေးဝိုင်းက လူတွေရော၊ ဆိုင်ရှင်လင်မယားပါ တအံ့တသြကြီး ကြည့်လာကုန်ကြ၏။

"ဟယ် . . . တုတ်ပြီး ဓားပြီး တကယ့်ဆရာကြီးပါလား။ အဲ့ဒါမျိုး တွေ့ချင်နေတာ"

လူမိုက်ငါးယောက်က ထိုင်ကန်တော့နေ၏။ ဆရာဘွားက တဟား း အော်ရယ်နေ၏။ ဆိုင်ရှင်လင်မယားက ပြေးလာပြီး တုတ်ပြီး၊ ဓားပြီး ဆေး၊ ပီယဆေး၊ လာဘ်ပွင့်ဆေးမျိုးစုံ တောင်းကြ၏။

အခကြေးငွေတောင်းပြီး ခဏဟုဆိုကာ အိမ်သာဘက်သွား၊ ဘူးရွက် ခြောက်တွေ လုံးခြေ၊ နှပ်ချေးနဲ့ စရနယ်ပြီး ဆေးလုံးလေးတွေ လုံးလိုက်၏။ ပြီးနောက် . . .

"ဒါက ပီယဆေး၊ ဒါက အသက်ရှည်ဆေး . . . ဒါက . . ."

နဲ့ လင်မယားကို ပေးလိုက်၏။ လုပ်လိုက်သေး၏။

"တုတ်ပြီးဓားပြီးဆေးက သချိုင်းမှာထိုးမှရမှာ။ ငါအားမှ စီရင်ပေး ယ်။ လာခေါ်မယ်။ အသင့်ပြင်ထား။ ခုတော့ ဒီဆေးတွေနဲ့ ကျေနပ်ဦး"



www.burmeseclassic.com

www.burmeseclassic.com



လင်မယား ထနှန်ကမတတ် ဝမ်းသာကုန်ကြ၏။ အမူးသမားတွေကလည်း သူ့ထက်ငါ အလုအယက်ပင်။ ဆေးလုံးတွေ တောင်းကြ၏။ ဆရာဘွားက နောက်နေ့မှ ပေးမယ်လို့ပြောတော့ အရက်သမားတွေ ဆရာဘွားကို ဝိုင်းပြီး ပခုံးပေါ်တင်ကာ သချိုင်းရောက်အောင်လိုက် ပို့ကြလေသည်။

ဒါမျိုးတွေ တစ်ခါတလေတော့လည်း လိုအပ်တယ်လေ။ ဆရာဘွား မူးလာပြီး လမ်းမလျှောက်ချင်တော့။ ဇရပ်ထဲရောက်တော့ သူတို့အိမ်က အိပ်ရာတွေ ပြေးပြန်သယ်ကြ၏။ လိုအပ်တာတွေ ပြန်ယူလာကြ၏။ ဆရာဘွားကို တခမ်းတနား ထည်ထည်ဝါဝါ သိပ်ကြ၏။

အရက်နှင့်အမြည်းက တရေးနိုးလာလျှင် အဆင်သင့်။ ဒီကြားထဲ ဆေးလုံးလိုချင်သော မိန်းမရွှင်သုံးလေးယောက်ကို ခေါ်လာသေး၏။ ဆရာဘွားကို လက်သီးဆုပ်နဲ့ထုထုပြီး အကြောအခြင် ဖြေပေးကြလေသည်။

ဆရာဘွားအတွက် ဆက်ရက်မင်းစည်းစိမ်ခံစားရသော ညတစ်ညဖြစ်သွားရတော့၏။

✿ ✿ ✿

[ ၁၅ ]

❑

ဆရာဘွားက အလွတ်မဲ့ ဘယ်တော့မှမအိပ်။ သတိနှင့်အိပ်၏။ အမှောင်လောကမှာ သူ့ထက်ငါ ကြောင်နဲ့ကျားတွေချည်းပင်။ ယုံစားလျှင် ခံသွားရမည်။ ဘေးနားက လူတွေကတော့ တကယ်ကို ယုံကြည်အားကိုး၍ ရောက်လာပြုစုကြ၏။ အမူးသမားတွေရော၊ မိန်းမပျက်တွေရော ...

ဆရာဘွားသိဏာ အစွမ်းထက်သည့်ဆေးတွေကို လိုချင်ကြ၏။ အချို့ကဆို 'ကြောင်မျက်ရှင်' ဆိုတာပင် တောင်းလာ၏။





"အဲဒါ ဂမ္ဘီရပစ္စည်းကွ၊ မင်းတို့နဲ့လည်း မထိုက်ဘူး။ ငါနဲ့လည်း ဆိုက်ဘူး။ ဘာလဲမင်းက သူခိုးလုပ်စားတဲ့ကောင်လား။ အမှန်ပြောစမ်း"

"ဟုတ်ပါတယ် ဆရာ။ ပိုက်ဆံအများကြီးရှိတဲ့ သူဌေးအိမ်ကြီးတွေက ခိုးချင်လို့ပါ။ တောက်ပြားလိုစွမ်းမှ ခိုးလို့လွယ်မှာ မို့လို့ပါ။ မရှိတဲ့လူအချင်းချင်း မခိုးချင်ပါဘူး။ ငတ်တော့လည်း ခိုးရတာပဲ ... ဆရာကြီးရဲ့"

"မင်းကလည်း အိပ်ငွေ့ချတဲ့အတတ်ပညာကို မတတ်ဘူးလား"

"တတ်တာပေါ့။ မကြာခဏ သုံးခဲ့ပြီးပြီ။ ဟုတ်တဲ့အခါလည်း ဟုတ်၊ မဟုတ်တဲ့အခါလည်း မဟုတ်ပေါ့။ ခုနောက်ပိုင်း လူတွေက ပါးသွားကြပြီ။ သံပုရာသီးတွေဆောင် ဘာတွေဆောင်နဲ့ အိပ်ငွေ့ချလို့လည်း မရတော့ဘူး"

"ဒါက လွယ်ပါတယ်ကွာ။ အိပ်ငွေ့ချတဲ့အခါက နောက်ထပ်နည်းလေးတစ်နည်း တိုးထည့်လိုက်။ သံပုရာသီးတွေ၊ ရှောက်သီးတွေ ကျော်လွှားနိုင်မယ့်နည်းပေါ့"

"အမယ်လေး ... ဆရာရယ်၊ အဲဒါကို ဆရာကြီးပေးမယ်ဆိုတာ တပည့်သိပါတယ်။ သိလို့လည်း ဟော့ဒီတပည့်တော် နှမကိုခေါ်လာပြီး ဆက်သတာ။ ဆရာကြီးစားဖို့ မနက်စာ ပဲန်ပြားနဲ့ လက်ဖက်ရည်၊ ထမင်းကြော်နဲ့ မုန့်ဟင်းခါး၊ အစုံဝယ်ထားပါတယ်။ ကြိုက်ရာသာ သုံးဆောင်တော်မူပါခင်ဗျား"

"ဟား ... ဟား ... ဟား ... ဟား ..."

ဆရာကြီးဘွား လွှတ်သဘောကျသွား၏။

ဆရာကြီးဘွား တပည့်အသစ်တွေရပြီး ကောင်းစားနေ၏။ ဆရာဘွားတို့အလုပ်က မဟုတ်တာ အကုန်လုပ်လေ၊ ပိုပြီး အစွမ်းထက်လေပင်။ မကောင်းတာ အကုန်လုပ်တော့ မကောင်းတဲ့ပါဝါတွေ ထပ်တိုးနေ၏။ အရက်၊ မိန်းမ၊ လောင်းကစားအားလုံး ပျော်ပါးနိုင်တဲ့ အမှောင်လောက။

တစ်လမ်းသွားလောက။

ညဖက်ရောက်တော့လည်း မီးတထိန်ထိန်နှင့်။ သချိုင်းထဲ လူစည်နေ၏။ ဆရာဘွား နောက်တစ်ည စည်းစိမ်ခံစားရင်း စဉ်းစား၏။ ဒါတွေနှင့် ကိစ္စပြီးနေလျှင် လိုရာခရီး မရောက်နိုင်တော့။ နောက်တစ်နေ့မနက်မှာ

www.burmeseclassic.com



အကုန်မောင်းထုတ်ပစ်၏။

တုတ်ပြီး၊ ဓားပြီး ဆေးတန်းလန်းကြီး ထိုးထားသူတွေပါ။ အကု
ကန်ထုတ်ပစ်၏။ အားလုံးက နားမလည်ကြ။ အရူးကြီးဟုလည်း ထင်ကျ
ကြ၏။

"သွားကြ . . . မလာကြနဲ့တော့။ ငါ့အလုပ် ရှိသေးတယ်။ ထ
ယောက်မှ ဒီနားမကပ်နဲ့"

ဆရာဘွားရဲ့ အလုပ်ဆိုတာကို သူတို့တစ်တွေ တော်တော်စိ
ဝင်စားသွား၏။ ထင်ကြေးတွေနှင့် ပြောလာကုန်၏။

"အောက်လမ်းဆရာကြီးကွ။ ကြည့်ရတာ အစိမ်းသေတွေကို
ပြီး သူတို့ ဆံပင်၊ အဝတ်အစား ယူသွားမယ်။ သူ့ကို လိုရာခိုင်းမယ်
တူတယ်"

"အစိမ်းသေတိုင်း မီးရှို့ပစ်နေတာပဲ။ ပြာပဲကျန်တော့မှာပေါ့"

"အုတ်ဂူဖောက်ပြီး ရွှေသွားလာခိုးတာလား မသိဘူး။ ရဲ
အကြောင်းကြားလိုက်ကွာ"

"မဟုတ်ဘဲနဲ့ ရမ်းမလုပ်နဲ့။ ကျုပ်တို့ပြောတာ သူကြားနိုင်တယ်
မြစ်ခြား၊ ချောင်းခြား၊ မြစ်ခြား၊ ချောင်းခြားလို့ သုံးခါပြောပြီးမှ သူ့အကြောင်
ပြောကြစမ်းပါ။ ကျောချမ်းလွန်းလို့ပါ"

"နင်တို့မိန်းမတွေဟာလေ . . . အကြောက်ကို ကြီးတယ်။ အဲ
ကြောင့် ဆရာတု ဆရာယောင်တွေနဲ့တွေ့တာ"

"အံမယ် . . . တော်တို့လည်း ဘာထူးလို့လဲ။ ဒီဆရာကိုယုံပြီ
ပြီးဆေးတွေ ထိုးလိုက်ကြတာ"

အချင်းချင်း စကားတွေ ထများကုန်၏။ ဆရာကြီးဘွားကတော့
သူ့ဘာသာ ကုန်စုံဆိုင်သွားပြီး ရိက္ခာခြောက်တွေ ဝယ်ခြမ်း၏။ အမဲသား
လည်း သေချာသွားဝယ်ထားရသေး၏။ ညရောက်သည်နှင့် ကျင့်စဉ်ကျင့်
စိတ်စွဲးစိုက်မှု အားကိုယူပြီး . . .

ခြေမျက်စိ၊ ဒူးခေါင်း၊ ပေါင်၊ ခါး၊ ရင်၊ သက်ရောက်တဲ့အ
မြေမြှုပ်၊ ပြန်ထွက်၊ သားတစ်ကိုက်ချီ၊ ဒါမျိုးဆက်ကျင့်တာကို လာချောင်
ကြည့်ကြသူတွေလည်း ရှိ၏။





"အား . . . မဲမဲကြီး"

"အီး . . . အကောင်ကြီးဗျ"

သူတို့အချင်းချင်း ဟိုဖက်က ချောင်း၊ ဒီဖက်က ချောင်းနှင့် သူ့
အရုံထင်၊ ကိုယ့်တစ္ဆေထင်ကာ ဝရုန်းသုန်းကား ပြန်ထွက်ပြေးကုန်ကြ၏။

ဆရာကြီးဘွားကတော့ သူ့ကျင့်စဉ်အောင်ဖို့သာ အလေးထားလုပ်
ဆောင်၏။

ဘာကောင်ကြီးတွေပဲလာလာ သူက အရှင် သားစိမ်းကို စားပစ်
လိုက်နိုင်သည်ချည်းပင်။ ယှဉ်လို့ရမည်ထင်လျှင် သူတို့ကလည်း လိုက်ယှဉ်
ချင်သေး၏။ ယှဉ်လို့မရတော့မှ နောက်ဆုတ်ပြီး နာခံကြ၏။

"ဆရာဘွားတဲ့ကွ . . . တစ်ဘွားတည်း ရှိတယ်။ မိုက်တဲ့အကောင်
ဆတ်ညှိုးထောင်လိုက်၊ တိုက်မယ်"

သချိုင်းတစပြင်တစ်ခုလုံး ငြိမ်တိတ်လို့။ လေပြည်ဝေ့ဝေ့ပင် သွေ့
သွေ့မတိုး။ ညပိုးကောင်လေးတွေပင် ယောင်ပြီး ထမအော်။

ကိုးသချိုင်းပြည့်အောင် ဆရာကြီးဘွားဆက်ဆော်နေတော့သည်။

❁ ❁ ❁

[ ၁၆ ]

❑

"ယဉ်မြ . . ."

"အို . . . ရှင် . . . ပေါ်လာပြန်ပြီ"

"ဘာလာလုပ်တာလဲ"

"အစ်ကို . . နေမကောင်းလို့ ဆေးလာဝယ်တာ။ စပ်သေးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဝယ်ပြီးပြီပဲ။ ဟိုရှေ့လမ်းကွေ့အကွယ်လေးမှာ စကားခဏ ပြောရအောင်"

ယဉ်မြ ငြင်းသေး၏။ နိုင်စိုးက ယဉ်မြရဲ့ စက်ဘီးလေးကို ဆွဲ သွား၍ ယဉ်မြလည်း လိုက်ကွေ့ရတော့၏။ လမ်းကွေ့အကွယ်လေးက လူ ရှင်းလင်း၏။ လမ်းကျဉ်းလေးမို့ လမ်းပေါ်က ဖြတ်သွားဖြတ်လာတွေက လှ ရှုပ် မကြည့်သောနေရာ။

"ကိုယ့်အချစ်ကို ယုံပါ ... ယဉ်မြရယ်။ ကိုယ်က ယဉ်မြကို သ မှတ်မှတ် မယားမှတ်မှတ် ပေါင်းပြီး လုပ်ကိုင်ကျွေးသွားမှာပါ။ လူမျ တန်းတူထားနိုင်အောင် ကြိုးစားမှာပါ။ ပန်းသီတဲ့အလုပ်နဲ့ ယဉ်မြ အောင်လုပ်နေတာ ကိုယ် မကြည့်ရက်ဘူး။

မယဉ်မြ ရင်တွေခုန်နေ၏။ လိုက်ခဲ့ဖူးသူတွေထဲမှာလည်း ဒီလော ရဲတင်းသူ တစ်ယောက်မှမရှိ။

နိုင်စိုးက ယောင်နနဖြစ်နေသော ယဉ်မြလေးကို နောက်ကနေ ပြီး သိုင်းဖက်လိုက်၍ ယဉ်မြတွန့်ပြီး ရုန်းထွက်ဖို့ ကြိုးစားသေး၏။ နို က အပီချုပ်ဖက်ထား၍ မလှုပ်နိုင်တော့။

"ကိုယ့်ကိုချစ်ပါ ... ယဉ်မြရယ်"

"အို ... အမေ ဆူလိမ့်မယ်"

"ကိုယ်နဲ့ပေါင်းရမှာလေ"

"ဟင့်အင်း ... ကြောက်တယ်"

"ကိုယ် ကာကွယ်ပေးမယ်၊ မကြောက်နဲ့၊ ယဉ်မြလေးကို မိုး ပြီး လက်ထပ်မယ်။ သူတို့ ဆိုင်သာဆိုင်တယ်၊ မပိုင်တော့ဘူး။ ကိုယ်နဲ့အတူ သွားကြရအောင်နော်"

"ဟင့်အင်း ... ရှင်ရယ်"

"ဘာလို့လဲကွာ"

"ရှက်တယ်"

"ချစ်တယ်လို့ပြောရမှာ ရှက်နေတာလား"

ယဉ်မြ ခေါင်းညိတ်ပြ၏။ နိုင်စိုးက ...





"ကိုယ့်ကိုချစ်တယ်ဆိုရင် ခေါင်းလေးပဲ ညိတ်ပြလိုက်။ ဒါဆို အဖြေ ယူပြီးသား ဖြစ်သွားပြီ"

"ဘေးလူတွေ မြင်ကုန်မယ်။ လွှတ်ပါ"

"ခေါင်းညိတ်ပြ"

"ကဲ ... အင်း ..."

"အဟား ... ဒိုကေသွားပြီ။ ယဉ်မြရဲ့ ချစ်တဲ့အဖြေကို ရပြီ။ ယုံးဝ ပျော်သွားပြီကွာ။ ခုချက်ချင်း ခိုးပြေးမယ်။ လာ ... လိုက်ခဲ့"

ယဉ်မြက အတင်းရုန်းထွက်ပြီး ...

"အဲလိုမလုပ်ပါနဲ့။ အစ်ကို့ကို ဘယ်လိုထားခဲ့မလဲ။ အိမ်မှာက လူရှိတာ မဟုတ်ဘူး။ ဆေးပြန်တိုက်ရဦးမယ်။ ယဉ်မြကိုချစ်ရင် အတင်း ဇွတ်မလုပ်နဲ့။ ယဉ်မြ မကြိုက်ဘူး။ သိလား"

နိုင်စိုး အံ့ဩပြီး ခေါင်းညိတ်ပြလိုက်မိ၏။ လွှတ်ပေးလိုက်သည်နှင့် စက်ဘီးပေါ်တက်ကာ နင်းထွက်သွား၏။ ယဉ်မြရဲ့ ကိုယ်သင်းရနံ့လေးတွေ နိုင်စိုးဆီမှာ စွဲကျန်ရစ်၏။ အထူးသဖြင့် သနပ်ခါးရနံ့လေးပေါ့။ သွားပြီ။

"ပါးပေါ်မှာ ... သနပ်ခါးလေးနဲ့ ××× ချစ်စရာကောင်းလိုက်တာ ကွာ"

အဝေးဆီကလွင့်လာသည့် သီချင်းကလည်း တိုက်ဆိုင်စွာ ရင်ကို ထိမှန်၏။

"ငါ့ဘဝရဲ့ မီးအိမ်ရှင်ပါ ××× ငါ့ဘဝရဲ့ ပွဲကိုင်ရှင်လေးပါ ××× ငါ့ဘဝရဲ့တန်ခိုးရှင်ပါ ×××"

နိုင်စိုးပြန်လာရာ လမ်းတစ်လျှောက်လုံး သီချင်းတွေက ဖီလင်တွေ အပြည့် တင်ပေးနေ၏။

ယဉ်မြလေးဟာ နိုင်စိုးဘဝရဲ့ မီးအိမ်ရှင်မလေးပါပဲ။ ယဉ်မြလေးနဲ့ မဝေးချင်တော့ဘူး။

သူ့အမေ၊ သူ့အစ်ကို၊ သူ့ပတ်ဝန်းကျင်က ဘာတွေပဲဖြစ်ဖြစ်၊ ဂရု မစိုက်ဘူး၊ အချစ်တစ်ခုထဲနဲ့ ကမ္ဘာသစ်လေးတည်ဆောက်ချင်တယ် ... ယဉ်မြရယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၇ ]

❑

ကိုမင်းထက် သူတို့ ပိုငြိမ်နေကြ၏။ ကိုမင်းက မိခင်ကြီးကို လုပ်ကျွေးနေသူ။ အပူအပင် သိပ်မရှိ။ ရည်းစားကိစ္စလည်း မရှုပ်ထွေး။ လူပုံလည်း ကြည့်ကောင်းသည်မို့ ရေလာမြောင်းပေးလုပ်သည့် မိန်းကလေးတွေမရှား။

"တို့က ဖြူချောလေးမှ ကြိုက်တယ်"

ကိုမင်းက ဖြူချောဆိုတော့ စောင်းပြောသွားကြတာပေါ့။ တချို့က ...

"တို့က လူကြီးအိုက်တင်လေးကိုမှ ခိုက်တာ"

ချိတ်ပြောသွားကြ၏။ တချို့အပျိုကြီးတွေဆို ပေါ်တင်နှီးပါး မြူဆွယ်ကြ၏။ ကိုမင်းက ဂိုဏ်းစဉ်တက်နေ၍ ငြင်းပယ်ထား၏။ စည်းဖောက်လျှင် ဆရာအဆင့် မရောက်နိုင်တော့။ သာမန်ဆရာအဆင့်မဟုတ်။ ဆရာ့ဆရာကြီးအဆင့်ထိ ကိုမင်း ရည်ရွယ်ထား၏။

"နိုင်စိုး ... မင်း ဘာဖြစ်နေတာလဲ။ ပီတိတွေဝေပြီး ပြုံးငြိမ်နေလိုက်တာ"

"ယဉ်မြလေးနဲ့ အဆင်ပြေသွားပြီ ... ကိုမင်းရဲ့။ ဒီနေ့ပိုင်း ကျွန်တော် ရှင်းမယ်"

ဆန်းလင်းက ခေါင်းတခါခါဖြင့် သက်ပြင်းရှိုက်၏။

"ဆန်းလင်း ... မင်းကရော ဘာလို့ငြိမ်နေတာလဲ"





"ကျွန်တော်ချစ်တဲ့ မမမော်က ယောက်ျားယူတော့မယ်။ ကျွန်တော့်ကို သစ်စိမ်းချိုးချိုးသွားပြီ ... ဆရာမင်းရဲ့။ ကျွန်တော့်ကို မျက်လုံးတစ်ဖက်မရှိတဲ့ဒုက္ခိတလို့ သတ်မှတ်ပြီး လမ်းဖြတ်သွားတာ။ အဲဒါ ဈေးထဲမှာ ထီလည်းရောင်း၊ နာရီလည်းပြင်၊ စက်လည်းချုပ်တဲ့ မောင်လတ်ဆိုတဲ့ကောင်က ဝင်စည်းရုံးသွားတာ ပါသွားပြီ။ အင်ဂေ့ဇ်တောင် လုပ်ပြီးသွားပြီ။ ကျွန်တော် အသည်းကွဲနေတယ်ဗျာ"

"မင်းကလည်းကွာ ကိုယ့်အပေါ် သစ္စာမရှိတဲ့မိန်းမမျိုးကို လွမ်းနေသေးတယ်။ နောက်တစ်ယောက် ပြောင်းချစ်လိုက်ပေါ့"

"ဩော် ... အချစ်ဆိုတာ အဲဒီလောက် လွယ်တဲ့အရာမှ မဟုတ်တာ။ မမမော်ကလွဲရင် ကျန်တဲ့မိန်းမတွေ ဖွဲနဲ့ဆန်ကွဲပဲ။ မမမော်သာ ကျွန်တော့်ဘဝရဲ့သခင်၊ ကျွန်တော့်နှလုံးသားရဲ့ ဘုရင်မ။ ကျွန်တော့်အသည်းရဲ့ သက်ဦးဆံပိုင်၊ ကျွန်တော့် ..."

"တော် ... တော်ပါတော့ကွာ"

"ဟုတ်ပ့ါ ... ကိုမင်းရော၊ မင်္ဂလာယူရမဲ့အချိန်ကို အာရုံနောက်တာတွေ လာတင်ပြနေသေးတယ်"

"ငနာလေး ... နိုင်စိုး၊ ကိုယ်ချင်းမစာဘူး၊ ပြောရက်လိုက်တာ။ အေးပါ ... ဝဋ်မလည်ပါစေနဲ့လို့ ငါ ဆုတောင်းပေးလိုက်ပါတယ်။ ကိုမင်း .. ကျွန်တော့်ကို မကယ်နိုင်တော့ဘူးလား။ မမမော်ကို အချိန်တိုအတွင်း မောင်လတ်ရအောင်သုတ်သွားတာ မရိုးဘူး။ သူ့ကိုကြိုက်မယ့် အောက်ဆေးတွေသုံးပြီး လုပ်သွားတာလို့ မမမော်တို့ ထမင်းဆိုင်ဘေးက ကွမ်းယာသည် အစ်မကြီး မစုက ပြောနေတယ်"

"ဟင် ... ဟုတ်လား၊ ဒါဆိုရင်တော့ ဘယ်ရမလဲ။ ငါက သွေးရိုးသားရိုး မှတ်နေတာ"

"ကိုမင်း ... ဘယ်လိုကူညီမှာလဲ"

"မင်းရဲ့မမမော်က အစားငမ်းပုံရတယ်"

"ဟုတ်လိမ့်မယ် ... မောင်လတ်က ဈေးထဲက အသုပ်လာကျွေးလိုက်။ လက်ဖက်ရည် ဝယ်တိုက်လိုက်နဲ့"

"မင်းလည်း ဝယ်တိုက်ပေါ့ကွာ။ အအေး ဒါမှမဟုတ် သူ ဘာကြိုက်တတ်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီပေါက်"

"အေး . . . အဲဒါ ဝယ်ကျွေးလိုက်"

ဆန်းလင်းတစ်ယောက် နှစ်ရက်၊ သုံးရက်လောက် ပျောက်သွား၏။ နိုင်စိုးလည်း မတွေ့ရ။ ကိုမင်းလည်း ဘုရားပွဲတင်ပြီး မိခင်ကြီး ကျန်းမာရေးကို ဂရုစိုက်နေရ၏။

တစ်ညနေမှာ . . .

"သား . . . အိမ်တွင်းအုန်းကြီး ထက်ခြမ်းကွဲနေပါလား။ လာကြည့်ပါဦး"

မိခင်ဒေါ်ကြည် သွားကြည့်တော့ အုန်းသီး ထက်ခြမ်းကွဲနေ၏ အုန်းသီးအလုံးအတိုင်းကို မလိုက်တော့မှ ထက်ခြမ်းကွဲမှန်းသိရ၏။

"ဒါ . . . ကျွန်တော်တို့မိသားစုကို အသေတိုက်ထားတာ။ အိမ်တွင်းက ခုခံလိုက်တာ ကျွန်တော် ပြန်ဆော်ရမယ်"

"သား . . . လက်လွှတ်စပယ် မလုပ်ပါနဲ့။ မေတ္တာနဲ့ယှဉ်ပါ။ ဦးချို ရှိတဲ့လူက ဦးချိုအားကိုးတယ်။ အဲဒီပညာတတ်တဲ့လူက ပညာကို အားကိုး တယ်။ သားအဖေကိုပဲ ကြည့်လေ။ ပညာစွမ်းသိပ်ပြလိုက်လို့ တစ်ဖက်က သေကောင်ပေါင်းလဲ ခံရတယ်။ မှတ်ထားပြီး သားအဖေကို ကံနိမ့်အောင် လုပ်ပြီးတော့မှ . . ."

အမေ မျက်ရည်ဝဲသွား၏။ ဆက်မပြော။ အဖေသေရတာ သွေးမှို သားရိုးဟု ကိုမင်းထင်ခဲ့၏။ ကြီးမှ ပြန်ပြောပြ၍ သိရခြင်းပင်။ ဆရာကြီး ဘွားနဲ့ မကင်း။ လက်ပူးလက်ကြပ် ပြော၍မရသော ကိစ္စတွေကို သိထား လျှင် လုံလောက်ပါပြီ။

လူဆိုတာ ကံမြင့်ချိန်၊ ကံနိမ့်ချိန် ရှိသေး၏။ အနော်ရထာမင်း ကံ မြင့်ချိန်တုန်းက သိကြားမင်းပေးထားသည့် ကြိမ်လုံးဖြင့် သစ်ပင်မှာ ခြေတွဲ လောင်းချထိုင်နေသည့် တစ္ဆေကို ငါလာနေတာ မမြင်ရစကောင်းလား၊ အရို အသေ မပေးရကောင်းလားဆိုပြီး ကြိမ်နှင့်ရိုက်နှက် ဆုံးမဖူး၏။ တစ္ဆေက မှတ်ထား၏။

အနော်ရထာမင်း ကံနိမ့်ချိန်ကျမှ ကျွဲယောင်ဆောင်ပြီး ခတ်သတ် ပစ်လိုက်၏။ သမိုင်းထဲမှာ ကျွဲခတ်၍ သေသည်ပဲပါ၏။ အတွင်းက ဖြစ်ရပ်





မှန်တွေ ထည့်မရေးထား။ ကျမ်းတချို့မှာတော့ အတွင်းဖောက်လမ်းတွေ ထည့် ရေးသားခဲ့၏။

ဖခင်ဖြစ်သူ ကံနိမ့်စဉ်မှာ မမြင်ရသည့်အရေးတွေလည်း ပါခဲ့၍ ဖခင်ကြီး တိမ်းပါးကွယ်လွန်ခဲ့ရ၏။

အမှန်တော့ ဖခင်ကြီးက ဆရာကြီးဘွားတို့ကို ထိခိုက်နစ်နာအောင် လုပ်ခဲ့တာ မဟုတ်။

တစ်နေ့ . . .

ဒေါ်ပုစုဆိုသော မိန်းမကြီးရောက်လာပြီး တစ်အိမ်လုံးပြောင်းဆန် အောင် ပြဿနာတက်နေကြောင်း။ သူ့ယောက်ျားမှာ ဘီလူးစီးသလို ဖြစ်ပြီး အိမ်သားတွေကို ရန်ရှာနေကြောင်း ပြော၍ ကိုမင်းဖခင် ဦးသိန်းမြင့်က သွား ကြည့်ပေးခဲ့၏။

"မင်း ဘာဖြစ်ချင်တာလဲ၊ သူငယ်ချင်း . . . ဖိုးထိန်"

"အမဲသားအိုးလိုက်ချက်ထားတာ စားချင်တယ်ကွာ"

"ကျွေးရမှာပေါ့။ ဟော့ . . . ချက်ကျွေးလိုက်။ မင်း ဝအောင်စား ထားနှင့်။ ပြီးရင် ငါ ပြန်လာခဲ့မယ်"

ဦးဖိုးထိန် အမဲသားအိုးလိုက်ကြီး စားပြီးတော့မှ ဦးသိန်းမြင့် ပြန် ရောက်သွား၏။

"မင်း ကျေနပ်ပြီလား"

"အေး . . ."

"ဒါဆိုရင် ဒီဆေးသောက် အိပ်လိုက်တော့"

ဗိန္ဒောစိတ်ငြိမ်ဆေး တိုက်သိပ်လိုက်၏။ ပြီးနောက် တန်ပြန်အင်း ချထားသော ဖယောင်းတိုင်ကို ဒေါ်ပုစုလက်ထဲ အာဏာအပ်နှင်းပြီး ထား လိုက်၏။ သေချာလည်း မှာကြား၏။

"ဖယောင်းတိုင် တစ်ဝက်ပဲထွန်း။ အကုန်မထွန်းနဲ့။ သေချာစောင့် ကြည့်ထွန်းနော်"

"ဟုတ်ကဲ့ . . . ဆရာ"

ဒေါ်ပုစုက အကုန် ထွန်းပစ်လိုက်၏။ ဆရာကြီးဘွားတို့ မကောင်း ကြံစည်ထားသူတွေ မြေမှာ ခွေးလူး၊ ဝက်လူး လူးနေရ၏။ သေလုမြောပါး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွား၏။ ဆရာကြီးဘွား အပြုံးထား၏။ ဦးသိန်းမြင့် သွားလာရာလမ်းမှာ ထဘီတန်းကြိုးတွေ လိုက်ချည်ထား၏။ ဘုန်းနိမ့်ပြီဆိုတော့မှ ဆရာဘွား အကြိုက်တွေ့သွား၏။

ဦးသိန်းမြင့်လည်း လူကြီးရောဂါတစ်မျိုး စွဲကပ်ပြီး ကွယ်လွန်သွား၏။ ဆရာကြီးဘွားက ကိုမင်းကို ဦးသိန်းမြင့်သားမှန်း မသိခဲ့။

ကိုမင်းကတော့ သိနေ၏။ ဆရာကြီးနဲ့ ပြန်ဆုံဖြစ်၏။ လူနာတစ်ယောက်ကို ဆေးကုရင်း တန်ပြန်ဖယောင်းတိုင် ထွန်းလိုက်၏။ ဆရာကြီးဘွား ထိသွား၏။ လာရောက်ကြိမ်းဝါး စိန်ခေါ်၏။ ထပ်ဆော်တော့ ထပ်အထိနာ၏။

ဆရာကြီးဘွား အသည်းနာသွား၏။ ဘာမဟုတ်တဲ့ ချာတိတ်ကို လက်မြှောက်လိုက်ရ၍ ရင်နာပြီး ပညာဆက်တက်ဖို့ ခရီးထွက်သွား၏။ ဦးသိန်းမြင့်ရဲ့ဆရာ ဘရသေ့ကြီးနောက်ကို ကိုမင်း ငါးနှစ်လောက် ပါသွားခဲ့၏။ တောတောင်ထဲမှာ ကျင့်ကြံတာတွေ အနီးကပ် လေ့လာသင်ယူခဲ့ရ၏။ ကိုမင်းအဆင့်က သာမန်ဆရာတွေထက် မြင့်နေ၏။ ကိုမင်းကိုကျတော့ ဘုန်းကံနိမ့်အောင် ကိုမင်းသွားလာသည့် လမ်းတွေမှာ ဆီးခံထား၍မရ။ ကိုမင်းက ကြက်သီးထပြီး၊ ကြိုသိ၍ ရှောင်ကွင်းသွားတတ်၏။

ဦးသိန်းမြင့်တုန်းကလည်း ဆေးစောင့်၊ အင်းစောင့်တွေ သတိပေး၏။ ဦးသိန်းမြင့်က သိပ်အလေးမထားသဖြင့် သူများအကွက်ထဲ ဝင်သွားခြင်းပင်။

ကိုမင်းရဲ့အိမ်က အုန်းကွဲနေတာကို ကြည့်ပြီး ကိုမင်း သိလိုက်ပြီ။ မိခင်က လျှော့ဖို့တား၍ တစ်ထစ်လျှော့ပြီး ကိုမင်း ဆေးဖယောင်းတိုင် တန်ပြန်ထွန်းလိုက်၏။ ခုနစ်ရက်ဆက်တိုက်ထွန်းလျှင် မကောင်းကြံထားသူ ခုဏ္ဍဂိတ်ဆုံး ရောက်သွားနိုင်၏။ နှစ်ရက်လား ထွန်းရသေးသည်။ မိန်းမကြီးတစ်ယောက် ရောက်လာပြီး ကိုမင်းတို့သားအမိကို တောင်းပန်ရှာ၏။

"ချစ်လို့ ကျီစားလိုက်တာပါ ... ဆရာငယ်လေးရယ်။ ဒေါ်ကြီးကို ခွင့်လွှတ်ပါ"

"ဒေါ်ကြီးလုပ်တာ များတယ်ဗျာ"

"တောင်းပန်ပါတယ်။ နောင် မမှားရပါဘူးကွယ်။ ဒေါ်ကြီးဘာသာ အကုန်ပြန်ရုပ်သွားပါ့မယ်"





"ဒီတစ်ကြိမ်ရှိစေတော့ နောက်ဆို မရဘူးနော်။ နေပါဦး ... ကျွန်တော်တို့သားအမိကို ဘာကြောင့် ခုလိုလုပ်ရတာလဲ"

"မင်းအမေလေ ... ငါ့သမီးဆီက အကြွေးသိမ်းတာ မရလို့၊ အယ်သိမ်းလိုက်တယ်။ ငါ့သမီး မျက်ရည်ပေါက်ကြီးငယ်ကျလို့ လုပ်ဖြစ်သွားတာ"

"အမေ ... အဲလိုလုပ်တာ ... ဟုတ်လား"

"အမေက ကြွေးပေးလာစေချင်လို့ပါ။ သူတို့က တောင်းပန်ပြီး ဘယ်အချိန်လောက်မှ ဆပ်မယ်ဆိုရင်လည်း ပြန်ပေးမလို့ပါကွယ်။ ခုတော့ အစ်ခါတည်း ပြန်ပေးလိုက်တော့မယ်"

"အဲဒါပဲကောင်းပါတယ် ... အမေရယ်။ တစ်ဦးမေတ္တာ၊ တစ်ဦးဆေတနာပေါ့"

အဆင်ပြေချောသွား၏။ အဒေါ်ကြီးလည်း ဝမ်းမြောက်ဝမ်းသာ ပြန်သွား၏။ ထိုင်ကန်တော့မယ်လုပ်နေ၍ မနည်းဆွဲထားလိုက်ရ၏။ ကိုမင်းတို့သားအမိဘဝ အေးအေးချမ်းချမ်း ပြန်ဖြစ်သွား၏။ ဘုရား၊ တရား၊ အလုပ်ကိုသာ ဖောက်ချလုပ်၏။ သံဃာတော်အရှင်သူမြတ်တွေထံ နေ့တိုင်း ဆွမ်းချိုင့်ပို့ပေး၏။

ဘုရားကိုကိုးကွယ်လျှင် ဘုန်းတန်ခိုးကြွယ်၏။

တရားကိုကိုးကွယ်လျှင် အသိဉာဏ်ပညာ ကြွယ်၏။ သံဃာတော်အရှင်သူမြတ်တို့ကို ကိုးကွယ်လျှင် ပစ္စည်းဥစ္စာ ကြွယ်ဝ၏။

ဘာလိုသေးလို့လဲ။

နည်းကောင်းလမ်းမှန် ရှိနေပြီးသားပဲ။

လောကမှာ ဘုန်းတန်ခိုး၊ အသိဉာဏ်ပညာ၊ ဥစ္စာပစ္စည်းတွေ ရှိနေရင် အဆင်ပြေပြီမဟုတ်လား။ ဘယ်မှာမှ ထွေထွေထူးထူး လိုက်ရှာနေစရာမလို။

အမှန်တကယ် နည်းလမ်းအတိုင်း ယုံယုံကြည်ကြည် အကောင်အထည်ဖော်ဖို့သာ လိုအပ်၏။

ဘဝမှာ ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်မည်။ ဘုရားက ဟောထားပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



အတိတ်ဘဝက မကောင်းတာလုပ်ခဲ့မိလို့ ဝဋ်ကြွေးခံရရင်တော့ ဘုရား၊ တရား၊ သံဃာ ကိုးကွယ်ဆည်းကပ်ထားသူအဖို့ အခံရ သက်သာ၏။

သေကိန်းရှိသူက လက်ကျိုး၊ ခြေကျိုးလောက်ပဲဖြစ်မည်။ လက်ကျိုး ခြေကျိုးကိန်းရှိသူက ဖျားတာ၊ နာတာလောက်ပဲဖြစ်မည်။ ဖျားတာနာတာ လောက်ရှိသူက နာစေ၊ ချောင်းဆိုးလောက်လေးသာ ခံစားရလိမ့်မည်။

ကိုမင်းတို့သားအမိ ဘုရား၊ တရားမြဲ၏။ သံဃာတော်တွေကိုလည်း မပြတ်ကိုးကွယ်ဆည်းကပ်၏။

အများတန်းတူ စားနိုင်၊ သောက်နိုင်၊ နေနိုင်၏။ သူငယ်ချင်းတွေ အတွက်တော့ လိုက်ပြီး စိတ်ပူပေးရတာရှိနေ၏။ ကြည့်လေ ... ဆန်းလင်း ပျောက်ချက်သားကောင်းရာက ပြန်ပေါ်လာတော့ ဖြစ်လာပုံက ...

✿ ✿ ✿

| ၁၈ |

❑

''ကိုမင်း ... မမမော် စိတ်ပြောင်းသွားပြီ။ မောင်လတ်ဆိုတဲ့ကောင် ကို မယူဖြစ်တော့ဘူး။ ကိုမင်းပေးတဲ့နည်း သိပ်စွမ်းပါတယ်''

''ဒါဆို မင်းနဲ့ ပြန်ပေါင်းပြီပေါ့''

ဆန်းလင်း ငိုမဲ့မဲ့ဖြစ်သွား၏။

''ကျွန်တော်နဲ့လည်း မပေါင်းပါဘူး။ ပေါင်းမဲ့ပေါင်းတော့ ယောကျ်ား နှစ်ယောက်နဲ့ တစ်ပြိုင်နက်တည်း ပေါင်းလိုက်တယ်ဗျာ။ ရင်ထုမနာ ဖြစ် လွန်းလို့ပါ''





''ဟေ ... ဘယ်သူတွေနဲ့ ပေါင်းတာလဲ။ လမ်းထိပ်ဆိုင်ကယ်ပိုင်ရှင် အား ဝေလီနဲ့ဝေလင်းကို ပေါင်းလိုက်လို့လား။ ဒါမှမဟုတ် အစိမ်းနဲ့ အစွမ်း ဆိုတဲ့ တရုတ်ညီအစ်ကိုနဲ့ ပေါင်းလိုက်တာလား''

''မဟုတ်ဘူး။ ကိုယ်တော်ကြီးနဲ့ ကိုယ်တော်လေး မင်းနှစ်ပါးနဲ့ လက် ဆယ်လိုက်တာ။ အဟာစ် ... ဟာစ် ... အဟား ... ဟား .. ဟီး .. အီး''

''မရယ်ပါနဲ့ကွာ''

''ငိုနေတာဗျ ... ရင်ကွဲနေတာ။ ကျုပ်က ရယ်ပါ့မလား''

''ကြုံကြုံဖန်ဖန် နတ်နဲ့ လက်ထပ်ရတယ်လို့''

''နတ်ကတော် မိနီလက်ချက်ပေါ့ ...။ သူတို့က ဘဝဟောင်းက အကြောင်းရှိခဲ့သူတွေတဲ့။ ယောကျ်ားယူလို့ မရဘူး။ ကိုယ်တော်နှစ်ပါးက သော်ကောက်ထားတာတွေတဲ့။ ယူရင် ယူတဲ့ယောကျ်ား ဒုက္ခများပြီသာမှတ် တဲ့။ လိပ်ပြာရှင်တွေလည်း ဟိုဟာပူးသလို၊ ဒီဟာဝင်စီးသလိုလိုနဲ့ အရှက် တော် ကွဲလိမ့်မယ်တဲ့''

''မင်းဟာက နတ်တွေပါ ဝင်လာကုန်ပြီ။ နတ်ကတော် မိနီဆိုတာ နတ်မေးလွန်းအားကြီးပြီး သူပါ နတ်ကတော်ဖြစ်သွားတဲ့ မျက်နှာပုပိုင်း၊ နှာခေါင်းပေါက်ကားကျဲ၊ မျက်နှာမှာ ဝက်ခြံဖြုတ်ထပြီး ကပွဲလိမ နတ်ခမ်းနဲ့ သူမ မဟုတ်လား။ လမ်းသွားရင် လက်နှစ်ချောင်းကပ်ပြီး ဖလပ်ဖလပ် လျှောက်တာလေ။

သူ့ကိုယ်သူ အပျိုကြီးအပျိုကြီးနဲ့ တိတ်တိတ်ပုန်းရည်းစားတွေနဲ့ အပြိုကြီးဖြစ်နေတာ ကြာပြီ။ ထစ်ခနဲရှိ ထထပူးနေလွန်းလို့ နတ်ကတော် ချင်းကတောင် သရဲပူးနေတဲ့မိန်းမလို့ ပြောကြတယ်လေ။ အဲ့ဒီမိန်းမမဟုတ် လား''

''အဟုတ်ပေါ့ ... ကိုမင်းရာ။ ကျွန်တော့်မမမော်တော့ ကြက်သွန် နဲ့ပေါင်းမိလို့ ရောထောင်းခံရတဲ့ ရှောက်သီး ဖြစ်ပါပြီဗျာ''

''နတ်က အငွေ့ပဲပေါင်းတာ။ ပေါင်းစမ်းပါစေ။ သဝန်မတို စမ်းပါ နဲ့။ မင်းက အတွေ့ပေါင်းရမှာပဲဟာကို''

''ဘယ်တော့မှကို ယောကျ်ားယူလို့ မရတာတဲ့''

''မင်းမမမော်ကို ငါ့ဆီခေါ်ခဲ့။ ငါ ချွတ်ပေးမယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... ဘာချွတ်မှာလဲ ဟင် ..."

"အစွဲချွတ်မှာ၊ နတ်စွဲနေတာကို ချွတ်ပေးမှာ"

"အဲလောက်ပိုင်နေမှတော့ တစ်ခါတည်း ခိုးပြေးပြီပေါ့ဗျာ"

နှစ်ယောက်သား ပြောနေကြစဉ် နိုင်စိုးရောက်လာ၏။

"ကိုမင်း ... ကိုမင်း .. မကောင်းတော့ဘူးဗျာ။ အခြေအနေ မကောင်းတော့ဘူး"

"မင်းဟာကလည်း အလန့်တကြားနဲ့ ကိုရီးယားကားထဲကလို ဖြစ်နေပြီ။ ပျင်းမယ်ထင်တဲ့ နောက်တစ်ခန်းကျရင် အူလျားဖားလျား ပြေးဝင်လာပြီး မကောင်းတော့ဘူး ဝူးဝူးဝါးဝါးအော်လာတာ ပရိသတ်ကို ဖမ်းစားတာလေ။ မင်းဟာက ဘာမကောင်းတာလဲ"

"ဆရာကြီးဘွား .. ပြန်ရောက်လာပြီ။ မတော်ရသေးတဲ့ ယောက္ခမ လောင်းကြီး ပြန်ရောက်လာပြီဗျ"

ကိုမင်း အသံတိတ်သွား၏။ မေ့ထားသလိုဖြစ်သော ရန်သူအကြောင်းကို ကြားရ၍ ရင်ထဲ ဒိတ်ခနဲ၊ နှလုံးသွေး ပွက်ခုန်သွား၏။ ဖခင်ကြီးအတွက် ပြန်ဆော်ခွင့် ရခဲ့ပြီးပြီ။ မကျေပွဲနွှဲချင်လို့ အောက်သမားကြီး ပြန်ရောက်လာပြီ။ ယဉ်မြလေးရဲ့အဖေ ဖြစ်နေတော့ လုပ်ရကိုင်ရတာ မရှင်းမလင်း လေး ဖြစ်နေ၏။

ဆန်းလင်းက ...

"ဟေ့ကောင် ... နေဦး၊ ငါ့မမမော်ကိစ္စ ဆက်ပြောဦးမယ်။ မင်းရဲ့ ယောက္ခထီးကြီးအကြောင်းကို မြောင်းထဲပို့လိုက်"

"နေပါ ... နေစမ်းပါ။ မင်းမမမော်က ဘိုးဘွားရိပ်သာ ပို့ရတော့ မယ်။ ငါ့ယဉ်မြလေးက ခုမှဉထားတဲ့ အနုအရွလေး။ ယဉ်မြလေးရဲ့ အဖေနဲ့ နှလုံးရည်ချင်းယှဉ်ရတော့မှာ။ မြင်းကောင်းပြေးရာ ခွေးကျိုးက ကန့်လန့် ကန့်လန့် လိုက်မလုပ်စမ်းနဲ့ ... သားကြီးရာ"

"ဘာကွ ... ဆန်းလင်းကို ဒီလိုပြောလို့ရကြေးလား။ နိုင်စိုး မင်း မှတာတတ်တာမဟုတ်ဘူး။ ငါလည်း စာတတ်ပါတယ်ကွ။ မင်း ခုနစကားလုံး နဲ့ ပြောသွားတာ Good တယ်ကွာ။ ချုံကြိုချုံကြားပေါက်တဲ့ဝါး အဖျားခပ် သွယ်သွယ်တဲ့။ အိမ်ကြိုအိမ်ကြားပေါက်တဲ့သား စကားခပ်ကြွယ်ကြွယ်တဲ့။ မင်းနဲ့လိုက်တဲ့စကားပုံက အဲဒါပဲ"





"ဘာကွ ... မင်းက ငါ့ကို အိမ်ကြိုအိမ်ကြားပေါက်တဲ့သားလို့ ပြောတာလား"

"မင်းတောင်မှ ငါ့ကို ခွေးနဲ့နှိုင်းသေးတာပဲ"

ကိုမင်း ကြားဝင်ပြီး ဟိုဘက်ဒီဘက် လက်ဝါးတွန်းပြီး တော်ခိုင်း လိုက်ရ၏။

"ဆန်းလင်း ... မင်းမမမော်ကိစ္စ မင်းဘက် စိတ်ပြန်လည်လာ အောင် ငါလုပ်ပေးမယ်။ နိုင်စိုး ... မင်းကိစ္စလည်း ငါ ကြည့်လုပ်ပေးမယ်။ အချင်းချင်း ရန်ထမဖြစ်နဲ့။ ငါ မကြိုက်ဘူး"

နှစ်ကောင်စလုံး ငြိမ်သွား၏။ ကိုမင်းက စမူဆာသုပ်တစ်ပွဲ မှာစား ပြီး ရေနွေးကြမ်းသောက်ကာ အကြံထုတ်နေ၏။ ထိုအချိန်မှာပင် မိန်းကလေး တစ်ယောက် နေ့လယ်ဘက်ကြီး ဈေးလာဝယ်၏။ ဆံပင်က တင်ပါးဖုံးအုပ်နေ ၏။ နဖူးက မဟာနဖူး။ မျက်တောင်၊ မျက်ခုံးတွေက ကော့ညွှတ်နေ၏။ အသားညိုစိမ့်ပြီး ချောသောအလှမျိုး။ ညိုချောမလေးပေါ့။

အဲဒီမိန်းကလေးက မဟာဆန်သောအလှမို့ ကိုမင်း အာရုံတွေကို ဖမ်းစားသွား၏။ ဆန်းလင်းနဲ့ နိုင်စိုးတို့လည်း ကိုမင်းမျက်လုံးတွေကို ကြည့် နေရာက မိန်းကလေးကို မြင်သွား၏။ ဆန်းလင်းက ...

"ကျွန်တော်တို့ဘေးက တစ်ထပ်တိုက်လေးကို ဝယ်ပြီးပြောင်းလာ တာ သူတို့ပေါ့။ သူ့အဖေက လိုင်းကားသုံးစီးပိုင်တယ်။ သူကိုယ်တိုင်လည်း မောင်းတယ်။ သူ့အမေကတော့ ထိုင်စားပဲ။ သားသမီးဆိုလို့ အဲဒီမိန်း ကလေးပဲ တွေ့တယ်။ ရပ်ကွက်ထဲကကောင်တွေ သွားရည်ယိုနေတဲ့ မိန်း ကလေးပေါ့။ အရင်နေ့က ဘယ်သွားသွား သူ့အမေကြီးပါတယ်။ ဒီနေ့ကျ တော့မှ တစ်ယောက်တည်း။ ကိုမင်း ကြိုက်သွားပြီလား"

ကိုမင်း ပြုံးနေလိုက်၏။ ဘာမှမပြော။ စမူဆာသုတ်ကို ထပ်မစား တော့ဘဲ ဆတ်ခနဲထကာ ...

"မင်းတို့ ဒီမှာခဏနေကြဦး"

ဈေးထဲကို ကိုမင်း လိုက်ဝင်သွား၏။ ဟိုနှစ်ကောင် ထင်ကြေး အမျိုးမျိုးပေးပြီး ကျန်နေရစ်ခဲ့၏။ နာရီဝက်လောက်အကြာမှာ မိန်းကလေး ဆွဲခြင်းတစ်လုံးစာ ဈေးဝယ်လာ၏။ နောက်ပါးက ကိုမင်း လိုက်လာ၏။ ဝင် ရောပြီး စကားပြောတာ မတွေ့ရ။ မိန်းကလေးက ဈေးထိပ်ရောက်သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ကားခေါ်လိုက်၏။ ဆိုက်ကားပေါ်တက်ပြီး ပြန်သွား၏။ ကိုမင်း ပြ[illegible] ရောက်လာ၏။

"ဘာထူးလဲ ... ကိုမင်း"

"ထူးတာပေါ့ကွာ ... ငါ သုံးလေးရက် အိပ်မက်ဆက်မက်[illegible] တယ်။ အိပ်မက်ထဲမှာ အဲဒီမိန်းကလေးနဲ့ ငါနဲ့ လက်ပွန်းတတီးနေကြ[illegible] တာချည်း မက်နေတယ်"

"တိုက်ဆိုင်တာပဲ။ ကျွန်တော့ ဖူးစာရှင်နဲ့တူတယ်"

"ကိုမင်းနဲ့ဆို လိုက်ဖက်ညီတယ်။ သူက ညိုချောလေး"

"အေးကွ ... အနီးကပ်ကြည့်လေ ညိုစိမ့်ပြီး ချောလေပဲ"

"ဟာ ... သတိရပြီ၊ ခုမှသတိရပြီ"

"လန့်လိုက်တာ ... ဆန်းလင်းရာ။ ဘာသတိရတာလဲ"

"အဲဒီမိန်းကလေးရဲ့နာမည်ကို သူ့မိဘတွေခေါ်သံကြားဖူးတယ်"

"ဟုတ်လား ... ဘယ်သူတဲ့လဲ"

"စိမ်း ... လဲ့ ... ညို ... တဲ့"

✿ ✿ ✿

| ၁၉ |

❑

ညဖက်သုံးယောက်သား အိမ်ပြန်ချိန် နိုင်စိုးတို့လမ်းထဲ ရောက်[illegible] တော့ ဖံဒါသီးတွေနှင့် နောက်ကပေါက်တာ ခံရ၏။ အပေါ်မော့ကြည့်တော့[illegible] ဖံဒါပင်လည်း မရှိ။ ဘေးဘီဝဲယာ လိုက်ကြည့်တော့လည်း မရှိပြန်။ အားလုံး[illegible] တွေးရခက်ကုန်၏၊ နိုင်စိုးက ...

"ဖံဒါသီးအစိမ်း ဆယ်လုံးလောက် လိုက်ကောက်ပြီး ...





"ကြည့်စမ်းပါဦး ... တမင်ချိုးဖဲ့ယူလာပြီး နောက်ကနေ အပြု[illegible] လိုက် လှမ်းပေါက်တာဗျ။ ပေါက်အားပြင်းတယ်။ နောက်ကျောတောင် စပ်[illegible] ဖျင်းဖျင်း ဖြစ်သွားတယ်"

"ငါက ကျောကိုအောင့်သွားတာ"

ကိုမင်းက သိလိုက်ပြီ။ ဒီကောင်တွေ အကြောက်လွန်မှာစိုး၍ ဘာ[illegible] ဆက်မပြော။

အချိန်ကာလ ည (၁၁) နာရီခွဲပြီးပြီ။ နိုင်စိုးတို့ လမ်းထိပ်က မှောင်[illegible] နေ၏။ ဘေးဖက်အိမ်တွေကလည်း အိမ်ခြေကျဲနေ၏။ အိပ်မောကျချိန်မို့ လမ်းပေါ်မှာရော၊ အိမ်တွေထဲမှာပါ လူသူအရိပ်အယောင် မမြင်ရ။

"ဟာ ... ကိုမင်း၊ ကျွန်တော်တို့လမ်းထိပ်က မအူပင်ကြီး လဲနေ ပါလားဗျ။ အရွက်တွေရော ဒီအတိုင်းကြီးပဲ"

ကိုမင်းကြည့်လိုက်တော့ မအူပင်က လဲမနေ။ ဒီအတိုင်းပင် ထောင် လျက်သား။ ပင်ကိုအတိုင်းပင်။ ဆန်းလင်းက လှမ်းကြည့်ပြီး ...

"ခွီးတယ်မှ တစ်ဝက်ကကျိုးနေတာပါ ... အကန်းရဲ့။ ငါ မျက်လုံး တစ်ဖက်ကတောင် သေချာမြင်တယ်"

"မင်းတို့အလုပ် မဟုတ်ပါဘူးကွာ။ ကိုယ့်လမ်းကိုယ်လျှောက်၊ မအူ ပင်ကျော်ရင်လမ်းထဲ လိုက်မပို့တော့ဘူးနော်"

"ဟုတ် ... အ ... အာ ... ကို ... ကိုမင်း ... မအူပင်ကြီး လဲနေတာ ဘယ်လိုလုပ်ပြီး ပြန်ထောင်သွားတာလဲဗျ"

"ဟာ ... ဟုတ်တယ်။ မကျိုးတော့ဘူး။ ပြန်ကောင်းသွားပြီ။ အံ့ရောအံ့ရောဗျာ"

"မင်းတို့မျက်လုံးတွေ အမြင်မှားနေတာပါ။ မအူပင်က ဘာမှမဖြစ် ဘူး။ မင်းတို့အိပ်ရေးတွေ ပျက်ထားတယ်နဲ့ တူတာယ်"

နိုင်စိုးက သူ့မျက်လုံးကို ပွတ်သပ်ရင်း ...

"ဟုတ်မယ်ထင်တယ်"

မအူပင်ကျော်သွားတာနှင့် နိုင်စိုးကို ထားခဲ့ပြီး ပြန်လှည့်လာလိုက် ၏။

"ဝုန်း ... ဂျိန်း ..."



www.burmeseclassic.com

www.burmeseclassic.com



“အောင်မလေး ... ဘာသံလဲ”

“လမ်းထိပ်ဘက်ကကွ။ ကားချင်း၊ ခေါင်းချင်းဆိုင် တိုက်လိုက်တဲ့ အသံပဲ”

“ဟိုဘက်ကွေ့ အကွယ်ကပဲဗျ ... သွားကြည့်ရအောင်။ အရေး အကြောင်းရှိလို့ ကူညီသင့်ရင် ကူညီရအောင် ... လာဗျာ”

“မင်း အရင်ပြေးကြည့်”

ကားလမ်းကွေ့ရောက်အောင် ဆန်းလင်း ပြေးသွား၏။ ကိုမင်းက နောက်ကနေ အေးအေးလူလူ လိုက်သွား၏။ ကွေ့နားကို ကိုမင်းရောက်လာ တော့ ဆန်းလင်း အူကြောင်ကြောင်နှင့် ...

“ဘာမှလည်း မရှိဘူး”

“အဝေးက ကွန်တိန်နာကားကြီးတွေ ချိုင့်ထဲ ဘီးဆောင့်ကျတဲ့ အသံနေမှာပေါ့ကွာ”

ပြန်လှည့်ပြီး ရပ်ကွက်ထဲရောက်အောင် ပြန်လျှောက်လာစဉ် ..

“ဝီ ... ဝီ ... ဝို ...”

“ဟာ ... ဟာ ... ဘာကြီးတွေလဲ”

“လက်နဲ့ပုတ်ထုတ်၊ ပိတုန်းတွေကွ”

“ညဘက်ကြီး ပိတုန်းထွက်လို့လားဗျ ... လိုက်တုပ်နေတယ်။ သဲကြီးမဲကြီးပဲ”

ကိုမင်းက ပါးစပ်ကို လက်သီးဆုပ်တော့မှုတ်ပြီး မြေပြင်ကို ဖနောင့် နှင့် ပေါက်ချလိုက်၏။

“ဝီ ... ဝို ... ဘုတ် ... ဘုတ် ... ဒုတ် ...”

အကောင်တွေ ပြုတ်ကျကုန်၏။ ဆန်းလင်း ဂုတ်(စ်)မီးခြစ်ဖြင့် သွား ခြစ်ကြည့်၏။

“အာ့ ... အာ ...”

“အား ... အ ... အ ...”

ကျီးကန်းသုံးလေးကောင် တောင်ပံတွေတဖျတ်ဖျတ် ရိုက်ခတ်ပြီး ဆန်းလင်းကို လိုက်လံထိုးဆိတ်ကြ၏။

“အား ... ကိုမင်း။ လုပ်ပါဦး”





ကိုမင်းလည်း ပါးစပ်က ဂါထာရွတ်ပြီး ကျီးကန်းတစ်ကောင်စီကို လက်ညှိုးနှင့် လိုက်ထိုး၏။ ကျီးကန်းတွေ ဆက်မထိုးတော့ဘဲ အဝေးဆီ ပျံထွက်ပြေးသွား၏။

“နားထင်နဲ့ ခေါင်းနားက ကပ်သွားတာပဲ တော်သေးတယ်။ မထိုး ဆိတ်မိလို့။ မျက်လုံးသာ ထိုးဆိတ်လိုက်လို့ကတော့ စုံလုံးကန်းပြီ”

“ဘာမှမဖြစ်တာ တော်သေးတယ်”

“ည အချိန်မတော်ကြီး ဒီကျီးကန်းတွေပေါ်လာတာ မရိုးဘူးဗျ”

“အိပ်တန်းပေါ်က ပြုတ်ကျတဲ့ ကျီးတွေနေမှာပေါ့”

“အဲဒါဆို အိပ်တန်းပဲရှာမှာပေါ့။ ဘာလို့ လူကို လိုက်ထိုးဆိတ် မှာလဲ”

ကိုမင်းတို့လမ်းထိပ်အနားကို ရောက်လာ၏။ ဘာမှအဖြေပြန် မပေး။ ဆန်းလင်း အကြောက်လွန်ပြီး လိပ်ပြာလန့်၍ ထွက်ပြေးလျှင် ပိုဆိုး သွားမည်။

“ဝေါင်း ... ဝုတ် ... ဝုတ် ... ဝုတ် ...”

“ဂီး ... ဂီး ... ဂဲ ... ဂရား ...”

ခွေးလေခွေးလွင့် လေးကောင်လောက် မာန်ဖီထိုးဟောင်ပြီး ကိုမင်း တို့ကို ရန်စောင်နေကြ၏။ ဆန်းလင်းက ကျောက်ခဲကောက်သော်လည်း ထွက်မပြေး။

“ကဲကွာ ...”

တစ်ကောင်ကို ခဲနှင့်ပိတ်ထုလိုက်၏။ ခဲထိတာတောင် မပြေး။ ရိုးရိုး ခွေးသာဆို ခဲကောက်တာနဲ့ ပြေးပြီ။ ခပ်ဝေးဝေးရောက်မှ လှည့်ပတ်ဟောင် ချင်ဟောင်မည်။ ဒီကောင်တွေက မပြေး။

ထိုးဟောင်ပြီး လှည့်ပတ်နေ၏။ ကျားချောင်းချောင်းသလိုမျိုးပင်။ ကိုမင်းက ကျားလို ခုန်ဝင်ကိုက်ခဲလာသည့် ခွေးကို ဆောင့်ကန်ပစ်လိုက်၏။ ဆန်းလင်းက ထွက်ပြေးတော့ နောက်ကလိုက်ဆွဲ၏။

“မပြေးနဲ့ ပြန်ချ ... ဘုရားစာရွတ်”

ဆန်းလင်း ဘုရားစာရွတ်ပြီး ပြန်လှည့်ကန်ပစ်၏။ ခွေးလည်း နောက် ဆုတ်ရှဲသွား၏။ ဆန်းလင်း နီးရာတုတ်ဆွဲကိုင်မိချိန်ကျမှ ခွေးတွေ နောက်



www.burmeseclassic.com

www.burmeseclassic.com



ဆုတ်သွား၏။ ကိုမင်းနားက နှစ်ကောင်ကို ကိုမင်းက တုတ်ရှာကိုင်ပြီး ထိန်းထား၏။ ဆန်းလင်း ပြေးဝင်ပြီးရိုက်မှ ခွေးတွေ ...

"ကိန် ... ဂန် ... အိုင့် ... အိုင် ..."

"ကိန် ... ဂိန် ... ဂိန် ..."

နှင့် ထွက်ပြေးကုန်၏။ လမ်းထိပ်နားမှာ ခွေးသံ၊ လူသံ၊ ရိုက်ပုတ်သံတွေ ဆူပွက်သွား၏။ တချို့အိမ်တွေ တံခါးဖွင့်ကြည့်ကြ၏။

ကိုမင်းတို့မှန်း သိ၍ ဘာမှမပြော။ ခွေးလေခွေးလွင့်တွေ သောင်းကျန်းနေတာကို အပြစ်ပြောကြ၏။

ဆန်းလင်းက ...

"ဆရာကြီးဘွား ... လက်ချက်ပဲ ဖြစ်ရမယ်။ ဆက်တိုက်ပဲဗျာ"

"သူ အားကောင်းတဲ့အချိန်ပဲ ထားလိုက်ပါကွာ။ မင်း အိမ်ရောက်လာပြီ။ ဘုရားရှိခိုးပြီး မေတ္တာပို့ အမျှဝေပြီး အိပ်တော့"

ကိုမင်း အိမ်ရောက်အောင် တစ်ယောက်တည်း လျှောက်ပြန်လာလိုက်၏။

ရှေ့မှာ မိန်းမတစ်ယောက်။

ဆံပင်ရှည်ကြီး ဖားလျားချထား၏။

နောက်ခံမီးရောင်တွေထဲမှ လူးလွန့်လာပုံက ခြေထောက်နှင့် မြေကြီးပင် ထိပုံမရ။

အနားရောက်လာမှ သေချာကြည့်လိုက်မိ၏။

"ဟင် ... စိမ်းလဲ့ညို"

✿ ✿ ✿

[ ၂၀ ]

❑

ကြာမျက်ဝန်းကြီးတွေနှင့် ညို့ပြီး ကြာနုတ်ခမ်းနှင့် လဲ့လဲ့ကြီး ပြုံး၍ ဆွဲဆောင်နေ၏။

ဈေးထဲမှာ သူမ ဈေးဝယ်နေတာကို လိုက်ကြည့်စဉ်က သူမကသည်း ကိုမင်းကို တွေ့သွား၏။ သတိထားမိသွား၏။ ဒီလို ညကြီးအချိန်တော် လာတွေ့ရခြင်းမှာ ထူးဆန်းနေ၏။ သတိထားမိ၍ သေချာစိုက်ကြည့်နေပုံက ညို့မင်းသမီးပမာ။

ကိုမင်း ဘေးနားက ဖြတ်သွားစဉ် ...

"ရှင် ... ကျွန်မကို မသိဘူးလား"

"ဗျာ ..."

"ကျွန်မ အရင်ဘဝက ရှင့်ရဲ့ချစ်သူလေ"

ကိုမင်း သိပ်မအံ့ဩမိ။ ဒီမိန်းကလေးကြည့်ရတာ စိတ်ရောဂါဆေနာသည်လား။ ဒါမှမဟုတ် အပမှီနေသလားမသိ။

"ကျွန်တော်တို့ချင်း ... ချစ်သူတွေ"

"ဟုတ်တယ်။ အရင်ဘဝက ရှင့်နာမည်က မောင်တော်သိမ်တဲ့။ ကျွန်မနာမည်က မြနန်းသူ။ ကျွန်မတို့ဟာ ဘုံမို့ယန္တယ်ဝင်တွေလေ"

ကိုမင်းနှင့်မျက်နှာချင်းဆိုင် ယှဉ်ရပ်လိုက်၏။ သူမရဲ့ ခန္ဓာကိုယ်ပေါ်က ဆောင်တော်ကူးပန်းရနံ့တွေ သင်းသင်းမွှေးနေ၏။ သူမရဲ့ ခေါင်းပေါ်မှာ ပိုးစုန်းကြူးလေးတွေ တဖျတ်ဖျတ်လင်းပနေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ ပခုံးပေါ်မှာ . . .

ရင်ဘတ်ပေါ်မှာ . . .

ထမိပေါ်မှာ ဘော်ကြယ်လက်သလို ပိုးစုန်းကြူးလေးတွေ လက် ၏။ စိန်နားကပ်နှင့်စိန်ဆွဲကြိုးက အလင်းပျပျမှာ တဖျတ်ဖျတ်လက်နေ

"ကျွန်တော် အရင်တုန်းက ဘဝကို ပြန်မြင်နိုင်တဲ့ ဉာဏ်မရှိ မသိပါဘူး"

"ဒါဆိုရင် နှမတော်လေး ပြောပြရတာပေါ့။ လာလေ . . . မော တော်။ ဟိုရှေ့နားမှာ လူရှင်းတယ်။ အဲဒီတာလမ်းကြီးအတိုင်း လမ်းလျှော ရင်း ပြောကြတာပေါ့"

ဧရာဝတီမြစ်ကြီးဘေးက တာလမ်းကြီးပေါ် အတူလျှောက်ဖြစ် မြစ်ရေတွေ ဒီရေပြန်တက်၍ ကမ်းစပ်ကို ရေလှိုင်းဘောင်ဘင်ရိုက်ခတ် ကြားနေရ၏။ အဝေးဆီက CB တွဲကြီးတွေ ဆိုက်ကပ်ရပ်နားထားတာ Sig မီးနီရောင်လေးတွေ တဖျတ်ဖျတ်လက်လျက် တွေ့ရ၏။ ညက ကြယ် ပင် မစုံလင်လှ။ လကွယ်ညလေးထဲမှာ နှစ်ယောက်သား လမ်းလျှောက် တစ်ဦးကိုတစ်ဦး ခေါင်းလေးငုံ့ပြီး မကြာခဏ အကဲခတ်နေမိကြ၏။

"မောင်တော်နဲ့ နှမတော်တို့ သိုက်နန်းမှာ အတူရှိကြစဉ်က မ ယက္ခတစ်ပါးက နှမတော်ကို လိုချင်တာနဲ့ မောင်တော့်ကို ပထုတ်ပြီး န တော်လေးကို အတင်းသိမ်းပိုက်ခဲ့တယ်လေ။ နှမတော်လေးက အသက် အသေခံခဲ့တယ်။ မောင်တော်လည်း မင်းယက္ခရဲ့ဆေးမိပြီး သိပ်မကြာခ ဘဝပြောင်းတယ်။ ဘဝချင်းခြားပြီး နှစ်ဘဝခြားလောက် မတွေ့ခဲ့ကြရ ဒီဘဝကျမှ လာဆုံတာ။ တွေ့ချိန်တန်မှ တွေ့ခွင့်ရခဲ့တာ။

နှမလေးကို မောင်တော် ဈေးထဲမှာ လိုက်ကြည့်တုန်းက နှမလေ ခေါ်ချင်လိုက်တာလေ။ ဒါပေသိ ခေါ်လို့မဖြစ်ဘူး။ မင်းယက္ခဆိုတာ အော လမ်းဆရာကြီးတစ်ယောက်ရဲ့ သားအဖြစ် လူပြန်ဝင်စားနေတယ်။ သူ့ရဲ့ တွေနဲ့ လိုက်ချုပ်နှောင့်ယှက်နေတာ။ မောင်တော်က သူ့ကိုမမြင်ပေမဲ့ နှ လေးက မြင်နေရတယ်"

ကိုမင်းခေါင်းထိ အတွေးများသွား၏။ ဈေးထဲမှာ အောက်လ ဆရာကြီးရဲ့သား . . . ဒီမြို့မှ ထင်ပေါ်သူဆိုလို့ အိုကေးတစ်ယောက်ပဲ ရှိ





တ်ပြီ . . . အိုကေးကို သားငါးတန်းဘေးမှာ ရပ်ကြည့်နေတာ တွေ့ခဲ့၏။ ိုင်တော့၍ အရေးမထားဘဲ စိမ်းလဲ့ညိုနောက်ကိုသာ ဆက်လိုက်မိ၏။

"မင်းယက္ခဆိုတာ . . . အိုကေးလား"

"ဟုတ်တယ် . . . မောင်တော်။ သူက ဒီဘဝအထိ လိုက်ဖျက်မဲ့ ယုတ်မာ။ သူ့အဖေအားကိုးရသွားမှ အမောက်ထောင်ပြီး လိုက်လုပ်နေ မောင်တော့်ကိုတော့ သူ လန့်ရှိန်ပုံရတယ်။ မောင်တော်က ကုသိုလ် ောင်းမှုတွေ ပိုလုပ်ခဲ့လို့။ ပြီးတော့ အတတ်ပညာရပ်နဲ့ ပတ်သက်တာ ဆုတောင်းကောင်းခဲ့လို့ သူ့ထက်သာနေလို့ သူ မကပ်ရဲသေးတာ။ သူ့ အဖေအရှိန်နဲ့ဆိုရင်တော့ . . ."

မြနန်းသူခေါ် စိမ်းလဲ့ညိုအသာရပ်ပြီး မျက်နှာချင်းဆိုင်လိုက်၏။ ယ် တဖျတ်ဖျတ်ခတ်နေတာကို ဆံပင်နောက်သပ်သိမ်းလိုက်ပြီး . . .

"သူ့ကို နှမလေး သိပ်ကြောက်တယ် . . . မောင်တော်"

"မကြောက်ပါနဲ့။ ဒီကောင်က စာမဖွဲ့လောက်ပါဘူး"

မြနန်းသူက ကိုမင်းရဲ့လည်ပင်းကို ကန္တဲ့ကလျှနှင့် သိုင်းဖက်လိုက် ကိုမင်း အံ့သြတွန့်ဆုတ်သွားချင်သော်လည်း အားနာနေ၍ တောင့်ခံ လိုက်၏။

"ရန်သူကို အထင်မသေးနဲ့ မောင်တော် နှမတော်လေးတို့ ပြန်တွေ့ ချစ်သူဘဝနဲ့ အတူပြန်နေကြရအောင်ပါ"

ကိုမင်း ရင်တွေခုန်နေ၏။ စိတ်တွေဂနာမငြိမ်။ ချောမောလှပသူ ာက ချစ်သူဖြစ်ခွင့် လာတောင်းဆိုနေတာပဲ။ ဘယ်ပုရိသက ငြင်းပယ် ွမ်းရှိမတဲ့လဲ။

ခါးသိမ်ကျဉ်းကျဉ်းလေးက ပြန်ပြီး ပွေ့ဖက်ချင်စရာ။ ဆွဲကပ်ဖက် က်လျှင် ခါးဖော့ရိုးလေးကျိုးမှာပင် စိုးရသေး၏။ စွင့်ကား၊ ဖွံ့ထားနေ တွေကို မျက်လုံးမှိတ် ဖျောက်ပစ်လိုက်၏။

ဒါတွေဟာ အပုပ်ကောင်ကို ရုပ်ဆောင်နေတာ။

အားလုံး မတည်မြဲတာတွေချည်းပဲ။

ငါ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဆိုတာ ဘယ်မှာလဲ။ ခေါင်း ခြေ ်၊ မျက်စိ၊ နား၊ ဗိုက် တစ်ခုချင်းခွဲခြားလိုက်ရင် ငါဆိုတာဘယ်မှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းကလေးကို ချစ်မိလိုက်ရင် ဆရာအဆင့်တက်ဖို့ ခက်ခဲသွားပြီ။ စည်းဖောက်သွားပြီ။ သင်လာခဲ့ရသမျှ ပညာတွေ အစွမ်းသတ္တိတွေ သီလကျိုးပေါက်တာနဲ့ သွားပြီ။ သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ်မို့ စောင့်ထိန်းထားခဲ့ရတာလည်း တကယ်ကိုမလွယ်။

မ,ဖျက်လျှင် ပြည်ပျက်၏။

သူတော်ကောင်းတွေ ရှာန်လျှောခဲ့ရတာလည်း ဒီမိန်းမကြောင့်ပင်။ တစ်ဒင်္ဂလေး သာယာမိလိုက်လျှင်တစ်ဘဝလုံး ရေစုန်မျောကာ ဒုက္ခရောက်ရတော့မည်။ မိန်းကလေးရဲ့ လက်နှစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။

လက်ကို ခွာထုတ်ဖို့အပြင်မှာ တာပေါ်ကို လူအုပ်စုရောက်လာ၏။ လက်နှိပ်ဓာတ်မီးတဝင်းဝင်းနှင့် လှမ်းထိုး၏။

"ဟိုမှာဟေ့ ... တွေ့ပြီ ... တွေ့ပြီ"

"ဘေးက ဘယ်ကကောင်လဲ"

"ဟေ့ ... ဟိတ်ကောင်၊ ငါ့သမီးကို လွှတ်လိုက်စမ်း"

"သမီးရေ ... အမေတို့ လာပြီလေ"

ကိုမင်းလက်ကို လွှတ်လိုက်၏။ စိမ်းလဲ့ညိုလည်း လက်ကို ဖြုတ်ရုပ်သိမ်းပြီး ငူငူငိုင်ငိုင်ကြီး ဆိုင်းရပ်နေ၏။ သံပတ်ကုန်သွားသော ကော်ပတ်ရုပ်မလေး ဖြစ်သွား၏။ အနားကို လူရှစ်ယောက်ရောက်လာ၏။ မိန်းမကြီးက နှစ်ယောက်၊ ယောကျ်ားကြီးက လေးယောက်၊ လူငယ်နှစ်ယောက်။

"ဟေ့ကောင် ... မင်း ငါ့သမီးကို မတော်မတရား ကျင့်ကြံတာလား။ ဒီကောင့်ကို ... ဖမ်း ... ဖမ်းပါ"

"ဟုတ်တယ် ... ကျွန်မသမီးလေးကို ဒီနေရာအထိ သွေးဆောင်ခေါ်လာတာ လုံးဝမရိုးဘူး။ ဆုံးမပေးပါ ... ရပ်ကွက်လူကြီးရယ်"

ရပ်ကွက်လူကြီး ဦးမောင်လှက ကိုမင်းကိုသိ၏။ စာရိတ္တကိုလည်း သိပြီးသား။ လူငယ်တွေကလည်း အရုံမီးသတ်တွေ။ ကိုမင်းအသိတွေ။

"မောင်မင်း ... ဘယ်လိုဖြစ်ရတာလဲကွ။ ဒီကလေးမလေးက စိတ်ကျန်းမာရေး ချို့ယွင်းမှုလေးတွေရှိတယ်။ ညဖက်အိပ်ပျော်ရင်း ယောင်ယမ်းလမ်းထလျှောက်တတ်တဲ့ အကျင့်ရှိတယ်"

"ဗျာ ... ကျွန်တော် သေချာရှင်းပြပါ့မယ်"





စိမ်းလဲ့ညိုကို မိဘနှစ်ပါး ဆွဲကိုင်ထား၏။ သူ့ဖခင်က မွေ့ချိဖို့ပြင်နေ၏။ ကိုမင်း ရှင်းပြလိုက်သောအခါ ...

"အို ... သမီးက အဲလိုပဲ။ ဟိုဟိုဒီဒီ လျှောက်ပြောတတ်တယ်။ ဇာတ်လမ်းဇာတ်ကွက်နဲ့ အချိတ်အဆက်မိမိ ပိပိရိရိ ပြောတတ်တာ။ သူက စာရေးဆရာမလည်း သိပ်ဖြစ်ချင်ခဲ့တာ။ သူ့စကားကို မယုံပါနဲ့။ မင်းတို့ချင်း ဘာချစ်သူမှ မဟုတ်ခဲ့ဘူး"

"ဟုတ်တယ် ... ကျုပ်သမီးက ရောဂါသည်။ မင်း ဘာမဟုတ်တာ လုပ်လိုက်သေးလဲ။ အမှန်ပြောနော်။ စစ်ဆေးလို့မှပေါ်ရင် မင်း သေပြီသာမှတ်"

"ကြိုက်သလို စစ်ဆေးပါ ... ဦးလေး။ ကျွန်တော် ဘာမှမလုပ်ရသေးပါဘူး။ သူခေါ်ရာ ကျွန်တော် လိုက်လာမိတာပါ။ ကျွန်တော် မှားသွားတယ်။ အမှန်ဆို သူ့ကို အိမ်ပြန်ပို့ပေးရမှာ။ သူကလည်း လွတ်လပ်တဲ့ မိန်းကလေးအရွယ်ဆိုတော့ ..."

ရပ်ကွက်လူကြီးက ...

"မောင်မင်းက အဲလိုမဟုတ်ပါဘူး။ အကျင့်ကောင်းတဲ့ ကလေးပါ။ လျှောက်နာလိုက်ပြောတယ် မထင်ပါနဲ့။ ကျုပ်မှာလည်း သမီးရှိပါတယ်။ သမီးရှင်ချင်း ကိုယ်ချင်းစာပါတယ်။ ရုံးရောက်မှ ဆက်ရှင်းတာ ပိုကောင်းပါတယ်"

ရပ်ကွက်ရုံးထဲ ရောက်သွားကြ၏။ ပြေလည်အောင် ဆက်ရှင်းမှ အားလုံး သဘောပေါက်သွား၏။

သဘောမပေါက်လျှင် ကိုမင်းရဲ့သိက္ခာတွေ ဟုတ်ထိုးအိုးပေါက်ဖြစ်သွားနိုင်၏။ မ,နှင့်ပတ်သက်လျှင် ကြီးစွာသတိထားတဲ့ကြားက ကြဖန်လာကျိုင်ဆတ်ခြင်းပင်။ ကိုမင်း အိမ်ရောက်မှ အမေလည်း အကြောင်းစုံသိရ၏။

အမေက ဘုရားရှိခိုးအိပ်ဖို့ပြောရှာ၏။

"သူတော်ကောင်းကို နတ်ကောင်းမပါတယ် ... သားရယ်"

"တော်သေးတာပေါ့။ နေရင်းထိုင်ရင်း အမေလည်း မတော်တဆ အရှုပ်ရတော့မလို့။ ကျွန်တော် မထိန်းလိုက်ရင် ပြောပါတယ်"

သားအမိနှစ်ယောက် ကြိတ်ပြီး ရယ်ပွဲဖွဲ့မိကြလေသည်။

✿ ✿ ✿

www.burmeseclassic.com

[ ၂၁ ]

❑

"ဝုန်း ... ဗိုင်း ... ဂွမ်း ... ဒုန်း ..."

"ငါ့ကိုလာစမ်းလို့ ဘယ်ရမလဲ။ ဒီကောင် အတော် တက်နေ တယ်။ တွေ့မယ် ... မင်း ဘယ်လောက်တောင့်ခံနိုင်မလဲ။ တွေ့ဦးမယ်"

ဆရာကြီးဘွား ဒေါ်သူပုန်ထနေတာကို သားဖြစ်သူ အိုကော ကြည့်ပြီး ...

"အဖေ ... အသေသာဆော်ဗျာ"

"ငါသိတယ်။ ဖအေ့ထက် သား တစ်လမကြီးနဲ့။ မင်း ဘာဖြစ် တာလဲ ... ငါ့သား"

"ကျုပ်လေ ကောင်မလေးတစ်ယောက်ကို ကြိုက်နေပြီဗျ။ ကျုပ် ပီယဆေးလေး ဖော်ပေးပါဦး"

"ငါ့သားကြိုက်ရင် ရရစေမပေါ့ကွာ။ လူတိုင်းကိုတော့ လုပ် မရဘူးနော်။ လုပ်လို့ရရင် နိုင်ငံခြားက အလှမယ်တွေ ငါလုပ်ယူနေတာ ကြာ ပြီ။ လုပ်လို့ရတဲ့လူမှ လုပ်လို့ရတာ။ ဥပမာ–ကံနိမ့်နေတဲ့သူမျိုးပေါ့"

"အဖေ လုပ်တတ်ပါတယ်။ ကျွန်တော့်ကောင်မလေးကို ကိုယ် ဆိုတဲ့ကောင် မနေ့ညက တာပေါ်မှာ ဘာညာဇာတ်လမ်းဖြစ်တယ်ဆိုလာ





တင်းသဲ့သဲ့ ကြားလိုက်ရတယ်။ ကျွန်တော် မခံစားနိုင်ဘူးဗျ။ ဒီကောင် ကို ကျွန်တော် ဆုံးမချင်နေတာ။ အဖေမရှိတုန်းက ကျွန်တော့်ကိုလာပြီး ညာပေးသွားတယ်။ ဒီကောင်မြှောက်ပေးလို့ နိုင်စိုးဆိုတဲ့ သောက်ကောင် က ညီမလေးကို တမ်းတမ်းစွဲဖြစ်နေတယ်။ ကျွန်တော် လိုက်ထိန်းထားလို့ ဆို အဖေ့သမီး ပါသွားလောက်ပြီ"

"ငါသိတယ်၊ ငါသိနေတယ်။ ငါ့အိမ် ငါပြန်ရောက်တာနဲ့ ငါ့ ကောင့်တွေ အကြောင်းကြားလို့ ငါသိနေတယ်။ ငါလုပ်မယ်။ အချိန်ကာလ အကွက်ချပြီး စေ့စေ့စပ်စပ်လုပ်မှ ရမှာကွ။ ရမ်းဆော်လို့မရဘူး"

ယဉ်မြက ထရံလေးမှီပြီး နားထောင်နေ၏။ သားအဖနှစ်ယောက် ဘီလူးသရဲစီးသလို ဖြစ်နေတာကြည့်ပြီး ယဉ်မြ ပင့်သက်ရှိုက်မိ၏။

"ဟဲ့ ... သမီး ... လာစမ်း ... ဒီနားကို ..."

"ရှင် ... ဟုတ်ကဲ့၊ အဖေ"

"ငါ့သမီးကို ဒီကောင်တွေ ပညာနဲ့မှိုင်းသွင်းပြီး ခေါ်သွားလို့မရ အောင် ဆေးခံ၊ ဝါးခံ။ စုတ်ထိုးပေးမယ်။ ထိုင်နေ"

"အဖေရယ် ... စုတ်ထိုးတာ နာတယ်။ မထိုးချင်ဘူး"

"မထိုးလို့ မရဘူး"

"ဟုတ်သားပဲ ... ယဉ်မြရယ်။ နင့်ကို ဟိုကောင်တွေက ဆေးဝါး နဲ့ လုပ်ယူသွားရင် ဘယ့်နှယ်လုပ်မလဲ"

ယဉ်မြက ဘာမှပြန်မပြော။ ရုတ်တရက် လန့်သွားဟန်ဖြင့် ...

"ထမင်းအိုးဆူနေပြီ ... အဖေ။ ခဏလေး ထမင်းရည်ငှဲ့ ပြေးငှဲ့ လိုက်ဦးမယ်"

"အေး ... ငှဲ့ပြီးရင် ပြန်လာခဲ့"

ယဉ်မြ ထမင်းရည်ငှဲ့ပြီးတာနှင့် တန်းလစ်တော့၏။ နောက်ကြောင်း ကို လှည့်မကြည့်တော့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



[ ၂၂ ]

❑

နိုင်စိုးတစ်ယောက် ယဉ်မြကို ခိုးပြေးသွားတာ ကိုမင်းမသိလို
နိုင်စိုးမိဘတွေ လိုက်ရှာမှသိရ၏။ ယဉ်မြတို့ အိပ်ဘက်ကို မယောင်မယ
သွားစုံစမ်းတော့ ယဉ်မြလည်း အိမ်မှာမရှိ။ ဆရာကြီးဘွားလည်း ပေါက်
နေပြီ။

နိုင်စိုးကြည့်ရတာ မြစ်တစ်ဖက်ကမ်းကို ခိုးပြေးသွားတာ ဖြ
မည်။ ရေခြား၊ မြစ်ခြားမို့ ဆရာကြီးဘွားရဲ့ အစောင့်တွေလည်း ခြေရာခံ
မရ။ ခြေရာလည်း ပျောက်၊ ရေလည်း နောက်ဖြစ်နေ၏။ ညမိုးချုပ်မှ ဆ
ကြီးဘွားတို့သားအဖ သဘောပေါက်တော့၏။

"ထမင်းရည် သွားငှဲ့မယ်ဆိုပြီး အပြင်ကို လစ်ထွက်သွားတာ
လက်စသတ်တော့ လင်နောက်လိုက်သွားတာ ဖြစ်မယ်။ လိုက်ရှာစမ်း ...
အိုကေး။ မင်းအပေါင်းအသင်းတွေနဲ့ လိုက်ရှာ။ ဟိုဖက်ကမ်းကို ကူးသွ
ဒီဖက်ကမ်းမှာ မရှိဘူး"

အိုကေးက သူ့လူတွေ အရက်ကိုးမောင်းတိုက်၊ ဓားမြှောင်တွေ
ထိုးပြီး ပွဲချိတ်စင်းလုံးငှားကာ တစ်ဖက်ကမ်း ကူးသွား၏။ အဲဒီသတင်း
နိုင်စိုးမိဘတွေရော ကိုမင်းတို့ပါ ရထား၏။ နိုင်စိုးမိဘတွေ စိတ်ပူနေ၏။ နိုင်
အဖေက ကျန်းမာရေးမကောင်း။





ကိုမင်းကို အကူအညီတောင်း၍ ကိုမင်းလည်း ဆန်းလင်းနှင့် ဆိုင်
နားချင်း ထွေန်းကိုခေါ်ကာ ပွဲချိတ်ငှားပြီး လိုက်ကြရ၏။ ဟိုဖက်ကမ်းမှာ
နိုင်စိုးရဲ့အမျိုးမရှိ။ အသိတွေတော့ ရှိ၏။ အသိအိမ်တွေ လိုက်မေးရ၏။
ဆောက်မလာ။

လမ်းမှာ အိုကေးတို့အဖွဲ့တွေနှင့် ဆုံမလိုဖြစ်၍ အသာရှောင်နေ
နေသေး၏။ ကိုမင်းတို့ ခေါက်ဆွဲကြော်ဝင်စားသောဆိုင်မှာ သူတို့ အရက်ဝင်
သောက်ကြ၏။ ကိုမင်းတို့က ဆိုင်ဘေးအပြင်ဝိုင်းမှာ။ သူတို့က အထဲဝိုင်း
မှာ။ ကိုမင်းတို့ကိုမမြင်။

"တောက် ....မိလို့ကတော့ နိုင်စိုးဆိုတဲ့အကောင်ကို အမှုန့်
ကြိတ်ပစ်မယ်"

"ပျောက်သောသူ ရှာရင်တွေ့တဲ့။ တွေ့မှာပါ ...အိုကေးရာ။ ငါ
တို့လည်း အဲဒီကောင်တွေကို အလဲသိပ်ချင်နေတာ။ တို့ခံထားရတာ ရာဇဝင်
ကြေး ပြန်ဆပ်ချင်နေတာ။ မင်းတောင် လုပ်စရာမလိုဘူး။ ငါတို့ ဝက်ပေါ်
သလို ဝိုင်းပေါ်ပစ်မယ်။ အမဲဖျက်သလို ဝိုင်းဖျက်ပစ်မယ် ...မှတ်ထား"

"ဟေ့ကောင်တွေ ...အရမ်းကာရော မလုပ်ကြနဲ့နော်။ ငါ့
ညီမကိုလည်း ထိဦးမယ်။ ငါ့ညီမကို အထိမခံနိုင်ဘူး"

"အောင်မာ ...မင်းက ခုမှ ကိုကိုချစ်ကြီး လုပ်နေပြန်ပြီ။ မထိ
ပါဘူးကွာ။ အကြင်နာတရားမရှိဘူးဆိုတဲ့ မင်းတို့သားအဖက ဒီတစ်ယောက်
ကျတော့လည်း ချစ်လိုက်တာ အသည်းတုန်၊ အူတုန်ပါလား ...အဟတ်
တား ...ဟား ...ဟား ..."

"ဟေ့ကောင် ....မင်း ...ဘာတီရိရဲ"

အိုကေးလေသံက မူးနေပြီ။ အရက်မူးတော့ ကျွဲခိုးပေါ်တော့
မည်။

"ငါတို့ နှုတ်လုံလာဒါ ဒီနေ့ထိပဲ။ ဒီနေ့ဒေါ့ ယဉ်မကို အရှုံးခံ
မမိရည်၊ အပျိုရည် ပက်တော့မယ်။ နာနဲ့ နာ့အဖေက ယဉ်မကို မွေးထားဒါ
အကြောင်းရှိတယ်ကွ။ တူ့ရဲ့ အပိုရည် ဓမ္မတာ ဘာညာကို လိုချင်ပြီ။ နာတို့



www.burmeseclassic.com

www.burmeseclassic.com



ပြင်ညာ အဆင့်တက်ဖို့ လိုအပ်ဒယ်။ ခုတော့ ဒင်းက အပိုရည်ပက်ပြီး ... ပြီ။ နာဒို့တားအဖ မရလိုက်ဘူး။ အဲ့ဒါက ပိုပေါက်ကွဲဒယ်။ ချစ်ရို့မ... ဘူး။ မုန်းရို့ မုန်းလွန်းလို့ ... မှတ်ထား''

အရက်သမားတွေ ဟာခနဲ ဟင်ခနဲ ဖြစ်ကုန်၏။

''မင်းတို့ ညီမအရင်း မဟုတ်ဘူးကိုး''

''ဝုတ်ဒယ်''

''ဒါဆို ရှာမနေနဲ့၊ ပြန်မယ်''

''နေဦးလေ ... လိုက်ရင် အချိန်မီတေးဒယ်။ ဂျကာကြီးပက်... ရို့ တတင်းရတယ်။ ရှံကင်းကနေ ဂျကာကြီး ရှက်တွားမယ်။ မိမှာဘာ၊ ... ကြမယ်''

''နာတို့ မူးနေပြီကွ။ တစ်ရေးအိပ်ပြီးမှ လိုက်မယ်''

''ခွေးမတား ... ထစမ်း။ ငါ ဆောင့်ကန်လိုက်မယ်။ အိပ်ရို့... ဘူး။ အချိန်နောက်ကျသွားမယ်။ ထ ... ခုသွားမယ်''

အိုကေးတို့ ငါးယောက်အဖွဲ့ တစ်ယောက်ကိုတစ်ယောက် တွဲပြီး ဆိုင်ထဲက ထွက်သွားကြ၏။ ဆန်းလင်းက ...

''ဒီကောင်တွေ ဆကာကြီးဖက် လစ်ကုန်ပြီ''

ကိုမင်းက အာရုံခံကြည့်၏။

''မသွားလောက်ဘူး။ သူတို့ ဒီဖက်ကမ်းက သောင်စပ်တဲလောက် မှာ ရှိနိုင်တယ်။ တံငါလုပ်တဲ့ ဖိုးထွေးနဲ့နိုင်စိုးက သိပ်ခင်တယ်။ ဖိုးထွေးတဲမှာ သောင်တင်နေလောက်တယ်''

''ဒါဆို အဲဒီသွားကြတာပေါ့''

''အေး ...''

ထရပ်တော့ ထွေန်းက နှာခေါင်းတရှုံ့ရှုံ့နှင့် ဒေါ်ပွနေ၏။

''ဒီကောင်တွေနောက်ကို ကျုပ်တစ်ယောက်တည်း လိုက်ပြီး ... လိုက်မယ်။ ကျုပ်ကို လွှတ်လိုက်ပါ''

''ဖြစ်မလား။ မင်း သေသွားမှာပေါ့''





''မသေပါဘူး။ ကျုပ် သတ္တိရှိတာ ပြချင်လို့ပါ။ ဒီကောင်တွေ မူး ...။ လက်နဲ့တွန်းရင်တောင် တစ်မိုင်လောက် လွင့်သွားမဲ့ကောင်တွေ၊ ...အားသုံးစရာတောင် မလိုဘူး''

ဆန်းလင်းက ထွေန်းရဲ့ ခေါင်းတုံးဆံပင်ပေါက်ခေါင်းကို နားပန် ...ဆုပ်လိုက်ပြီး ...

''သူခိုးပြေးမှ ထိုးကွင်းထနေသေးတယ်။ မင်းက ရန်ဖြစ်တိုင်း နိုင် ...တဲ့ ရာဇဝင်ရှိလို့လား''

''အထင်မသေးနဲ့၊ ခနေထွေန်းတဲ့။ ဗလမရှိပေမဲ့ ဇရှိတယ်။ ဒီဇယ် ...တွေတောင် တစ်ယောက်ထဲပြင်လာတာ။ အိုးမမတွေကို ထောင်ခွဲ ...တာ''

''ဘာလဲကွ ... အိုးမမဆိုတာ''

''အိုးလုပ်တဲ့ မမရဲ့အိုးတွေလေ။ အညာအိုး၊ သိပ်ကောင်းတယ် ...တာ ကြားလွန်းလို့ အိုးတွေထောင်ပြီး တုတ်နဲ့ ရိုက်ခွဲရဲတဲ့ကောင် ဒါကို ...တာကွ''

''အဲလို ရှင်းရှင်းပြော။ ခေါက်ဆွဲကြော် ကုန်အောင်စားဦး''

''မစားတော့ဘူး။ ပါဆယ်ထုပ်သွားမယ်။ ကျွန်တော့်တပည့် ပွား ...က ပြန်လာရင် ဆရာ ဘာမုန့်ပါသလဲဆို ဒီအထုပ်ပေးလိုက်ရုံပဲ''

ကိုမင်းတို့ လာခဲ့ရာ လှေဆိပ်ရောက်ဖို့ လမ်းအမြန်လျှောက်ရ၏။ ...ချိန်ကလည်း မှောင်လှမှောင်ခင် ဖြစ်နေပြီလေ။

လှေဆိပ်၊ မော်တော်၊ သမ္ဗန်ဆိပ်ရောက်လျှင် ကိုင်းတောတွေထဲ တိုး ...မြစ်တစ်လျှောက် ဆက်သွားရဦးမည်။ ဖိုးထွေးရဲ့ တံငါတဲက အတော်လှမ်း ...လှေဆိပ်မှာ အိုကေးတို့ ပွဲချိတ် စထွက်ရုံရှိသေးတာ လှမ်းတွေ့ရပါ၏။ ...ကုန်းမြင့်ပေါ်က သူတို့ဆင်းလာချိန်မှာ ပွဲချိတ်ထွက်သွားလေပြီ။

✿ ✿ ✿

www.burmeseclassic.com



[ ၂၇ ]

❑

ဖိုးထွေးရဲ့တဲမှာ နိုင်စိုးနှင့်ယဉ်မြကို တွေ့ရ၏။ ဖိုးထွေး၊ ထွေး
က အပြင်မှာ ကင်းစောင့်ပေးနေ၏။

ကိုမင်းက . . .

"မင်းတို့ကွာ။ ငါတို့တောင် မတိုင်ပင်ဘူး"

"တိုင်ပင်ချိန်ကို မရဘူး။ ယဉ်မြက ကြောက်ပြီး အပြင်ကို ပြေး
လာတာ။ ကျွန်တော်နဲ့ ကွေ့မှာသွားဆုံတာ။ ကျွန်တော့်ကို အကျိုးအကြောင်း
ပြောပြတယ်။ ကျွန်တော်လည်း သူ သွားစရာနေရာမရှိဘူးဆိုတာနဲ့ မထူး
ဘူးဆိုပြီး ခိုးလာတာ"

"အိုကေးတို့ မြေလှန်ရှာနေကြတယ်။ ဒီမှာပဲ ဆက်ပုန်းနေကြ
ပေါ့"

"ဟုတ်ကဲ့ . . . ကိုမင်း။ ကျွန်တော့်မိဘတွေကို သွားရန်ရှာမှာ စိုး
နေတယ်"

"တရားဥပဒေရှိပါတယ်။ လုပ်ချင်တိုင်း လုပ်လို့မရပါဘူး။ မင်းတို့
ဒီမှာနေ။ ငါတို့ မနက်ဖြန် လူလွှတ်ပြီး လိုအပ်တာတွေ ပို့လိုက်မယ်။ ဘာ
တွေလိုလဲ၊ တစ်ခါတည်းပြောလိုက်"

"အဝတ်အစားလိုတယ်။ ပိုက်ဆံလိုတယ်။ စားစရာလိုတယ်"





ဆန်းလင်းက ကြားဖောက်ပြီး . . .

"မင်းတုန်းမင်းရဲ့ ဒူးတော်ကြီးဆေးရော လိုသေးလား"

"အရေးထဲ မနောက်စမ်းပါနဲ့ကွာ"

"အဟဲ . . . ခင်လို့နောက်တာပါ။ ဟိုကောင်မလေး . . . သိပ်ကြောက်
နေပုံပဲ။ စကားတောင် ဟဟမပြောရဲဘူး။ ယောက်ျားယူကာ ကျန်းမာရေး
ကောင်းတယ်။ အစာကြေတယ်၊ ရင်ချောင်တယ်၊ လေလည်တယ်"

"ဟေ့ကောင် . . . ဆန်းလင်း၊ တော်တော့။ မင်းပေါက်ကရတွေ
ပြောနေရင် ငါထားခဲ့မှာနော်"

"ထားခဲ့တော့ ချောင်းကြည့်ရတာပေါ့"

"ကိုမင်း . . . ဒီငရမန်ကန်းကို ပြန်ခေါ်သွားပါဗျာ။ တကယ်ချောင်း
ခဲ့ကောင်"

"ဘာအခုမှ ကြောက်ပါပြီလဲ။ ခဲဖိုးပေး"

"မင်္ဂလာတောင် မဆောင်ရသေးဘူး"

ယဉ်မြက ရှက်ပြီး ထရံအကွယ်ကကို မထွက်တော့။ ကိုမင်းလည်း
ပါတဲ့ပိုက်ဆံပေးပြီး ပြန်လာလိုက်၏။ မြို့လေးထဲ ပြန်ရောက်တော့ နိုင်စိုး
မိဘတွေကို အကျိုးအကြောင်းပြောပြရ၏။ ပြီးနောက် အိမ်ပြန်လာကြ၏။

"လက်ဖက်ရည် ဝင်သောက်ရအောင်"

"နောက်မှ သောက်ကွာ၊ အိမ်ပြန်မယ်"

"ကိုမင်း ပြန်ချင်တာ ကျွန်တော်သိတယ်။ စိမ်းလဲ့ညို့နဲ့ ထပ်တိုးလို
ထပ်တိုးပြောဆိုပြီး ပြန်ချင်တာမဟုတ်လား"

"မင်းကလည်း နောက်ပြောင်ဖို့ပဲ"

ဆန်လင်းတို့အိမ် ရောက်လာ၏။

"အသံပေးလိုက်ရမလား"

"နေစမ်းပါကွာ"

ဆန်းလင်း ပြုံးဖြဲဖြဲနှင့် အိမ်ထဲဝင်သွား၏။ စိမ်းလဲ့ညိုတို့ အိမ်ထဲ
မှာ ဇာတ်ကားကြည့်နေကြ၏။ လမ်းထဲမှာလည်း မအိပ်ကြသေး။ အိမ်ပြန်
ရောက်တော့ အမေနှင့် ထမင်းအတူစားဖြစ်၏။

www.burmeseclassic.com



"ငါ့သား . . . ညဖက်တွေ အသွားအလာ ဆင်ခြင်နော်။ [illegible] ဘုရားရှိခိုး အိပ်တော့။ အပြင်ပြန်မထွက်နဲ့။ ဒီနေ့လည်း သူများအကျိုး[illegible] ရတာနဲ့ အလုပ်ပျက်တယ်။ ဆိုင်တစ်ရက်ပိတ်လိုက်တော့ မိတ်ပျက်[illegible] ပေါ့"

"လူ့တောထဲမှာ နေတော့လည်း လူမှုရေးက လုပ်ရတာပါပဲ [illegible] အမေရာ"

✿ ✿ ✿

[ ၂၄ ]

❑

"ဟော့ကောင် . . . ငမင်း . . . ထွက်ခဲ့စမ်း၊ ထွက်လာခဲ့စမ်း"

မနက်ခုနစ်နာရီမထိုးခင်မှာ အိမ်ရှေ့က စူးစူးဝါးဝါး အော်ဟစ်လိုက်သောအသံကို ကြားလိုက်ရ၏။

အမေက ဘုရားရှိခိုးပြီးခါစ . . .

"ဘယ်သူပါလဲရှင်"

"ငါ . . . ဆရာကြီးဘွားပဲ။ နင့်သား ဘယ်မလဲ"

"ဦးလေးရယ် . . . မထိတ်သာ၊ မလန့်သာ ရှိလိုက်တာ။ ဘာတွေဖြစ်လာတာလဲ ဟင်"

"နင့်သားလုပ်ပုံ ကောင်းသလား။ သူ့ရဲ့ကောင်က ငါ့သမီးကို ခိုးသွားတယ်။ ငါတို့ သတင်းအတိအကျ ရပြီးသား။ ငါ့သမီးကို ခိုးသွားတဲ့နေရာကို အခု လိုက်ပို့ပေး"

အမေ မျက်စိမျက်နှာပျက်နေ၏။ ကိုမင်း နိုးလာပြီး . . .





"အမေ . . . အသာနေ။ သားကိစ္စ သားရှင်းမယ်"

ကိုမင်းကို တွေ့တာနှင့် ဆရာကြီးဘွား ခြေလှမ်းကျဲကြီးနှင့် အနား[illegible]လာ၏။ ခြတံခါးမရှိ။ အိမ်ရှေ့လှေကားနား ရောက်နေပြီ။

"မင်း လိုက်ပို့ပေး၊ သွားမယ်"

"ဦးလေး . . . ကိုယ့်အသက် ကိုယ်ထောက်ပါဦး"

"မထောက်နိုင်ဘူး၊ မင်း ကိုယ်ချင်းမစာ လုပ်လိုက်တာ။ ငါ့ဘဝ[illegible]တွက် သိပ်နစ်နာတယ်ကွ"

"ဟုတ်ပါပြီ။ ဦးလေးသမီးက အရွယ်ရောက်နေပါပြီ။ သူကြိုက်[illegible] သူလိုက်သွားတာပါ"

ဘေးအိမ်တွေကလည်း စပ်စုကြ၏။ ဝိုင်းအုံကြည့်နေကြ၏၊ ဘယ်[illegible] လာမတား၊ လာမဆွဲ၊ လာမဖြန်ဖြေကြ။

"ငါ့သမီးကို မင်းတို့ သွေးဆောင်ဖြားယောင်းထားတာ ငါသိတယ်။ [illegible] ငါ့ကို တစ်မျိုးပြီးတစ်မျိုး နည်းပေါင်းစုံနဲ့ လက်စားချေနေတာ။ ငါ့ကို [illegible]တာ အနိုင်ချိုးနေတာ။ မင်းလိုကောင်မျိုးကို ငါက ဆိုးကျိုးဆက်တိုက် [illegible]လို့ရတယ်ကွ"

"ဦးလေး . . . ပြန်ပါတော့၊ တောင်းပန်ပါတယ်"

"ငါ့သမီး ဘယ်မှာလဲ၊ လိုက်ပို့ပေး"

"မပြောဘူး . . ."

ဦးဘွား ဒေါသထွက်ပြီး နီးရာအုတ်ခဲကောက်၏။ ပေါက်ဖို့ပြင်[illegible]လိုက်၏။

"ဦးလေးပေါက်ရင် အိမ်ကိုမှန်မယ်။ ပိုက်နက်ကျူးလွန်ပြီး အိမ်[illegible] ခဲပေါက်တဲ့ပုဒ်မက ဦးလေးကို ထောင်ချလို့ရတယ်နော်"

ဦးဘွား ခဲလုံးကို မြေကြီးပေါ် ပေါက်ချလိုက်၏။ အိုကေးနှင့် [illegible]ပိုက်ငါးယောက်ပါ ရောက်လာကြကုန်၏။

"ဟော့ကောင် . . . ငမင်း . . . ငါ့ညီမကို မင်းတို့ ဘာလို့ဝှက်ထား[illegible]တာလဲ။ ငါတို့ဘက်က တိုင်လို့တောလို့ ရတယ်ကွ။ မင်းက ကြံရာပါပဲ"

ကိုမင်းတို့ ဆွေမျိုးသားချင်းတွေ ဝိုင်းအုံလာကြ၏။ အုပ်စုလိုက်[illegible]ရှိနေတာမြင်တော့ ဆရာကြီးဘွားတို့ ရှိန်သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . မင်းခွင်ထဲမှာဆိုတော့ မင်း လုပ်ထားဦးပေါ့ . . . ငမင်းရာ။ ငါ့ခွင်ထဲ ဝင်တဲ့နေ့။ မင်း သေပြီသာမှတ်"

"ဟုတ်တယ် . . . အဖေ၊ ဒီကောင်နဲ့ ကျုပ်တို့ ထင်းခွေမကြီး ရေခပ်ကြုံမှာပဲ။ ဟေ့ကောင် . . . ငမင်း။ မင်း မိုးကောင်းတုန်း ရွာထား။ ငါတို့အလှည့်ကျရင် မင်းကို မိုးကြိုးပါပစ်ချမယ်"

နှမအောနှင့် ပြောချင်ရာ ပြောပါစေ။ ကိုမင်း သည်းခံနေလိုက်၏။ အုပ်စုလိုက်ကြီး ပြန်သွား၏။ နိုင်စိုးမိဘအိမ်ကို သွားသောင်းကျန်းကြ၏။ နိုင်စိုးမိဘတွေက ငုံ့မခံ။ ကက်ကက်လန် ပြန်ရန်တွေ့၏။

"ကျုပ်တို့ကလည်း ကျုပ်တို့သားနဲ့ ရှင့်သမီးကို လုံးဝသဘောမတူဘူး။ မိတာနဲ့ ပြန်ခွဲပစ်မှာပဲ။ အဆင့်မရှိ၊ အတန်းမရှိ။ အောက်ကျနောက်ကျ ဆင်းရဲတာလည်း တာတေလနိုင်ငံးပိဖုတ်တောင် နပ်မမှန်တာတွေနဲ့ ဝေလာဝေးပဲ"

"ကောင်မ . . . နင်က ငါတို့ကို စော်ကားတယ်။ နင့်လျှာကို ဖြတ်ပစ်မယ်။ ကြည့်နေ"

"ဖြတ်ရဲရင် လာဖြတ်ကြည့်လေ။ ယောကျ်ားနဲ့မိန်းမ ဘာဖြစ်သွားမလဲဆိုတာ။ အသက်ကြီးပြီး အချိန်မစီးတဲ့ . . . အဘိုးကြီး"

နိုင်စိုးအဖေက ယောကျ်ားချင်း ငြိကုန်လျှင် ပိုရှင်းရခက်၍ ငြိမ်နေ၏။ နိုင်စိုးအမေနှင့် သူ့ညီမတွေက ပြန်ဖြဲကြခြင်းပင်။

"ကျုပ်အဖေကို မစော်ကားနဲ့။ ခင်ဗျားသားလို ဗုံမဟုတ် ပတ်မဟုတ်နဲ့ ကျုပ်ညီမအပျိုစင်လေးကို သေတောင် မပေးစားဘူး။ ခင်ဗျားသားနဲ့ ပေးစားမဲ့အစား ခွေးကို အမြီးဖြတ်ပြီး ပေးစားပစ်လိုက်မယ် . . . ရှင်းလား"

"ပေးစားလိုက်၊ ကြိုက်တယ်။ ခွေးမျိုးတွေ ဖြစ်ကုန်ရောပေါ့ဟဲ့"

ဘေးလူတွေပါ အုံးခနဲ ထရယ်ကုန်ကြ၏။ ဆရာကြီးဘွားတို့ သားအဖ မဟာအရှက်တော်ကွဲရ၏။ လူတွေရဲ့မျက်နှာတွေကို စေ့စေ့လိုက်ကြည့်ပြီး ခြေဆောင့်ပြန်လာလိုက်ကြ၏။

အိမ်ရောက်တာနှင့် ဆရာကြီးဘွား လုပ်ငန်းစတော့၏။

ဟုတ်တာမဟုတ်တာ အပထား။ ပညာပိုင်းမှာ အသံကြားတာနဲ့ လုပ်လို့ရတာရှိ၏။

အရိပ်မြင်တာနဲ့ လုပ်လို့ရတာ ရှိ၏။



လူရဲ့ ရနံ့ရတာနဲ့ လုပ်လို့ရတာရှိ၏။ သူ့နည်းသူ့ဟန်၊ သူ့နည်းဆန်းတွေကို အသုံးချဖို့ ဆရာဘွား ထိုင်ပြီး အာရုံစိုက်လိုက်၏။

စိုက်နေရင်းက ငိုက်ခနဲဖြစ်ပြီး အိပ်ပျော်သွား၏။ အိပ်ပျော်သလိုဖြစ်ပြီး စိတ်က နောက်ကြောင်းပြန်လှန် ကစားသွား၏။

ကိုးသချိုင်းနောက်ဆုံးအဆင့်မှာ မေးစေ့မြုပ်လုမြုပ်ခင်မှာ ပါးစပ်ကြီး ဟထား၏။ ဝမ်းခေါင်းသံကြီး အော်ဟစ်လိုက်သည်နှင့် သချိုင်းဝန်းကျင်တစ်ခုလုံး ပြောင်းဆန်ကုန်၏။ အိပ်မက်ထဲမှာ . . .

ဆရာကြီးဘွားရဲ့ပါးစပ်ကြီးက လိုဏ်ဂူလောက်ကြီး ဖြစ်သွား၏။ ဆရာကြီးဘွားရဲ့ ပါးစပ်ပေါက်ထဲကို ကမ္ဘာသိဒ္ဓိအစွမ်းရှိသော မကောင်းဆိုးဝါး၊ သရဲ၊ တစ္ဆေကဝေ၊ မှင်စာတွေ အကုန်စုပြုံ ဝင်ရောက်ကုန်၏။

သချိုင်းစောင့်တစ္ဆေကြီးနှစ်ကောင်လည်း ထန်းပင်လောက်မြင့်မားရာကနေ ပါးစပ်နားအရောက်မှ အလိုလိုကျုံ့ပြီး ပါးစပ်ထဲ ဝင်ရောက်သွား၏။ မကောင်းဆိုးဝါးတွေ ဗိုက်ထဲဝင်ပြီး မကောင်းမှုအဆင့်တွေ တိုးတက်သွားများကုန်၏။ မကောင်းဆိုးဝါး သချိုင်းတစ္ဆေတွေကိုပါ နိုင်နိုင်နင်းနင်း ခိုင်းမျိုထားသော မိစ္ဆာကောင်ကြီး ဆရာဘွား ဖြစ်သွားလေပြီ။

မကောင်းဆိုးဝါးတွေနှင့် ပတ်သက်လာလျှင် ထုံးလိုမွှေ၊ ရေလိုနှောက်ပြီး စေလိုရာ စေနိုင်စွမ်းတွေ ပြည့်ဝသွား၏။ ပါးစပ်ပေါက်ကြီး ပြန်ကျုံ့ပြီး ရှိသမျှအားကုန် ရုန်းထွက်လိုက်တာနှင့် . . .

မြေကြီးတွေက ဖွားခနဲလွင့်စဉ်ပြီး မြေကြီးထဲက ခုန်ထွက်လာသော မိစ္ဆာကောင်ကြီးဆရာဘွား ဖြစ်သွားလေပြီး အမဲသားစိမ်းတစ်ပိဿာကို ဆယ်စက္ကန့်အတွင်း ဝါးမျိုစားသောက်ပစ်၏။ ဆရာကြီးဘွား ကိုးသချိုင်းအဆင့် လွန်မြောက်သွားတာကို အိပ်မက်ကြမ်းကြီးမက်ပြီး ကြက်သီးဖုကြီးတွေ ဖြန်းဖြန်းသီးထသွား၏။ အိပ်မက်ကလန့်နိုးတော့ အစွမ်းအစတွေက မီးတောင်ချော်ရည်ပြာခိုးတွေလို မှုတ်ထုတ်နေပြီ။

ဆက်လုပ်ဖို့ပဲ ကျန်တော့၏။

မိစ္ဆာအော်သံဆိုးကြီး တော်လဲသံလို အော်လိုက်သည့်ခဏ . . . အနီးဝန်းကျင်တစ်ခုလုံး သွက်သွက်ခါအောင် လှုပ်ယမ်းထွက်သွား၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၂၅ ]

❑

''နိုင်စိုးတို့လမ်းထဲက လူသုံးယောက် တစ်ညတည်းနဲ့ သေသွား
တယ်တဲ့ ... သားရယ်''

''ဗျာ ... ဟုတ်လား။ မနေ့ညက ဆရာကြီးဘွားတို့ သွားသော
ကျန်းသေးတယ် ပြောတယ်။ ဝိုင်းရန်တွေ့လွှတ်လို့ ပြန်သွားကြတယ်တဲ့
အင်း ...''

''လူတွေသေတာ အရွယ်ကောင်းတွေ ... သားရဲ့။ အကြောင်း
ရှင်းရဲ့လားမသိဘူး''

ကိုမင်းလည်း နိုင်စိုးတို့ရပ်ကွက်ထဲသွားပြီး သတင်းစုံစမ်းရ၏။ နှလုံး
ရောဂါအခံရှိသူ မိန်းမနှစ်ယောက်။ လေဖြတ်ထားသည့်ယောက်ျားတစ်ယောက်
သေဆုံးသွားခြင်းပင်။ ရောဂါနှင့် ဆုံးသွားတာလို့ သတ်မှတ်လို့ရ၏။

တချို့ကတော့ ဆရာကြီးဘွား လက်ချက်လို့ ထင်ကြေးပေးကြ
၏။

''မဆိုင်တာ။ သေချင်းသေ နိုင်စိုးမိဘတွေပဲ သေမှာပေါ့။ နိုင်စိုး
အမေနဲ့ အဒေါ်ကပဲ ရန်တွေ့ခဲ့တာကိုး''

''ဘေးလူတွေက ဝိုင်းပြီး လျှောင်ပြောင်ရယ်ခဲ့ကြတယ်လေ''





နောက်တစ်နေ့ကျတော့ ရန်ဖြစ်တဲ့အထဲမှာ ဝင်ရန်တွေ့ခဲ့သည့်
နိုင်စိုးအဒေါ်တစ်ယောက် အိမ်ပေါ်ကလိမ့်ကျပြီး အုတ်ဖိနပ်နှင့် ခေါင်းကို
ပြင်းပြင်းထန်ထန် ဆောင့်မိ၏။ ဆေးရုံခေါ်သွားတော့ ဆုံးပြီတဲ့။

အိမ်ပေါ်မှာ ဘယ်သူမှမရှိ။ နောက်ကလည်း ဘယ်သူမှ တွန်းချ
တာမဟုတ်။ နိုင်စိုးမိဘတွေ ကြောက်ကုန်ကြ၏။ ဆရာကောင်းသမားကောင်း
တွေ လိုက်ရှာပြီး ကာကွယ်ကုန်ကြ၏။

ကိုမင်းက ...

''ဘုရားဂုဏ်တော်တွေသာ မပြတ်ပွားနေကြပါ။ လုပ်လို့မရပါဘူး
...ဒေါ်ဒေါ်''

ပြောလည်း ခဏရယ်သာ။ နိုင်စိုးအမေကြီး ရေချိုးမှားရာက လေ
...သွားပြန်၏။ တုံးခနဲ လဲရာက ပြန်မထနိုင်တော့။ အိပ်ရာထဲ ရောက်သွား
၏။ ဒီအကြောင်းတွေ နိုင်စိုးသိတော့ ချုံးပွဲချငို၏။ ကိုမင်းကိုလည်း အားကိုး
...ကြီး အကူအညီတောင်း၏။

ကိုမင်း တွေးတောကြည့်၏။

လုပ်စရာ တစ်နည်းသာရှိတော့၏။ ထိုနည်းမှာ ဆရာကြီးဘွားနှင့်
...တိုက်ရင်ဆိုင်သွားတွေ့ဖို့ဖြစ်၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၂၆ ]

❑

"ကျွန်တော် တာဝန်ယူပါတယ်။ ကျွန်တော် ကတိပေးပါတယ် ဆရာကြီးရဲ့သမီးကို ကျွန်တော့်သူငယ်ချင်းက သားမှတ်မှတ်၊ မယားမှ မှတ် ပေါင်းသင်းစေရပါ့မယ်"

ကိုမင်းက အောက်ကျို့ခံပြီး ပြောနေ၏။ ဆရာကြီးဘွားက တင် ချိတ်ခွေထိုင်နေရာက ကွမ်းကို ပျစ်ခနဲထွေးလိုက်ပြီး ...

"မင်းပြောသလို ဖြစ်မလာခဲ့ရင် ကတိဖောက်ခဲ့ရင် မင်း ဘာ လုပ်ပေးမလဲ။ ယောကျာ်းစကားကွာ ... ပြောစမ်း"

"ဆရာကြီးက ဘာဖြစ်စေချင်သလဲ"

"ငါလုပ်တာ မင်းခံရမယ်။ မင်းပညာတွေ နည်းနည်းသွား မယ်။ ငါ့ကို မလှန်နိုင်စေရဘူး။ အဲဒီကတိကို ပေးနိုင်ရင် ငါ့သမီးနဲ့ သူငယ်ချင်းကို သဘောတူလိုက်မယ်"

ကိုမင်း ဆိုင်ကြည့်နေရာက ခေါင်းညိတ်ပြလိုက်၏။

"ကောင်းပြီ ... ဆရာကြီး ကျွန်တော့်ဘက်က ပျက်ကွက်ခဲ့ ဆရာကြီးလုပ်တာ ကျွန်တော် ခံပါ့မယ်။ ကတိပေးတယ်"

"အေး ... ကြိုက်ပြီ။ မင်း ဒီလိုလာပြောလို့ တော်သေးတာ နို့မို့ဆို သွေးချောင်းစီးကုန်ကြတော့မှာ"





ဘေးနားမှာ ထိုင်ပြီး မကြည်သလိုကြည့်နေသော အိုကေးက..

"အဖေ ... ဒီလောက်နဲ့ ကျေနပ်လိုက်တော့မလို့လား။ ဒီကောင် တွေကို ..."

"တော် ... တိတ် ..."

အိုကေး ဆက်မပြောရဲတော့။ ကိုမင်းက ...

"လူကြီးစုံရာနဲ့ တောင်းပါ့မယ်"

"အေး ... ငါ စောင့်နေမယ်"

ကိုမင်း ပြန်လာလိုက်၏။ နိုင်စိုးမိဘတွေကို ပြောပြတော့ ခါးခါး သီးသီး ငြင်းဆန်ကြ၏။

"မကောင်းတဲ့လူကို အောက်မကျို့နိုင်ဘူး။ သူ့သမီးလည်း အပျို စစ်မဖြစ်တော့ဘူး။ ငါတို့ကလည်း သဘောတူချင်တာမဟုတ်ဘူး"

"ဒေါ်လေးရယ် ... ကျွန်တော်က ကတိပေးထားခဲ့ပြီးပြီ"

"မင်းကိုက နှုတ်လွယ်တာကိုး"

"ဟာဗျာ ..."

နိုင်စိုး ဖခင်က ကြားဝင်၍ ...

"မိန်းမ ... ဒီကလေးက စေတနာနဲ့ကူညီတာ။ မင်း အဲလိုမပြော သင့်ဘူး။ ငါ လိုက်တောင်းမယ်။ မင်းမလိုက်ချင်လည်း နေခဲ့။ ကလေးတွေ ကို သွားခေါ်ဖို့ လုပ်ရမယ်"

နိုင်စိုးတို့ကို ပြန်ခေါ်ပြီး အိမ်မှာထားရ၏။ ကန်တော့ပွဲပြင်၊ လူကြီး စုံရာနှင့် သွားတောင်းကြတော့ နိုင်စိုးမိခင်က မလိုက်။ နိုင်စိုးဖခင်နှင့် သွား ဖြစ်ကြ၏။

ဦးဘွားတို့သားအဖက ဘယ်လူကြီးမှမခေါ်။ အိုကေးရဲ့ သူငယ်ချင်း မှုးရှိတွသာ ခေါ်ထား၏။ သူတို့က လမ်းထဲမှာ ဘယ်သူနဲ့မှ အရောတဝင် မဆက်ဆံကြ။

လူကြီးစုံရာနှင့် ရောက်လာသည့်အခါ ဦးဘွားက လှမ်းကြည့် လိုက်ပြီး ...

"အာခေါင်ကျယ် စွာတေးမကြီးတွေ ... ပါမလာပါလား။ အဲဒါ ဘာသဘောလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နိုင်စိုးရဲ့အုပ်ထိန်းသူ ဖခင်အရင်း ပါလာပါတယ် . . . ဆရာကြီး။ နိုင်စိုးမိခင်နဲ့ အဒေါ်တွေက ပြောထားဆိုထားတာလေးတွေ ရှိထားတော့ လိုက်လာရမှာ အားနာနေကြတာနဲ့ နေရစ်ခဲ့တာပါ"

စကားလုအောင် ကိုမင်း ဝင်ပြောလိုက်၏။ ဆရာကြီးဘွားက လက်ညှိုးနှင့် သတိပေးသလို လုပ်ပြလိုက်ပြီး . . .

"မင်းပြောတုန်းက တစ်မျိုးနော်။ မိဘတွေလို့ ပြောခဲ့တယ်။ အခု ဟာက ဘပဲ ပါလာတယ်၊ မိ မပါလာဘူး။ ငါ စိတ်ဆိုးချင်နေပြီ"

"တောင်းပန်ပါတယ် . . . ဆရာကြီး"

"အေး . . . မှတ်ထား။ နောက်တစ်ကြိမ်ဆို ခွင့်မလွှတ်ဘူး"

"ဟုတ်ကဲ့"

"မင်္ဂလာရက် သတ်မှတ်လိုက်"

သတ်မှတ်ကြ၏။ သတ်မှတ်ပြီးသောအခါ ဆရာကြီးဘွားက . .

"ငါ့သမီးကို ထားခဲ့"

"ဟင့်အင်း . . . မနေခဲ့ရဲဘူး။ အဖေနဲ့အစ်ကိုကို ကြောက်တယ်။ ပြန်လိုက်သွားပါရစေ"

"မနေခဲ့လို့ ဖြစ်မလား။ နင့်ကိုသတ်မပစ်ဘူး . . . ကောင်မ။ ငါ တို့ကို အရှုံးလုပ်သွားတယ်။ နင့်ကို သိပ်ကြည့်တာမဟုတ်ဘူး"

ကိုမင်းကပင် ကြားဝင်တောင်းပန်လိုက်ရ၏။ နိုင်စိုးကလည်း ထိုင် ကန်တော့ပြီး တောင်းပန်၏။

"တောက် . . . ဒီတစ်ခါလည်း ငါ့ဘက်က အလျှော့ပေးလိုက်ရ ပြန်ပြီ။ မင်းတို့လုပ်တာတွေ များနေပြီနော်"

"ဟုတ်ကဲ့ . . . နောက်တစ်ခါ မမှားစေရပါဘူး၊ မများစေရဖို့ဘူး။ ဆရာကြီးဘွားရယ်။ ဆရာကြီးကို လေးစားပါတယ်။ ရိုသေပါတယ်"

မြှောက်ပင့်လုံးတွေနှင့် ပွဲကြီးမီးသေပြောပြီး မြန်မြန်ပြန်လစ်လာ ခဲ့ကြရ၏။ နိုင်စိုးအိမ်ရောက်တော့ လူကြီးတွေအချင်းချင်း ပြန်ပြောတာကို နိုင်စိုးမိခင်က မကျေနပ်။ ဆရာကြီးဘွားကို ပိတ်ပြောနေ၍ နိုင်စိုးအဖေ က မနည်းတားယူရ၏။





အားလုံး အဆင်ပြေသလောက်ရှိမှ ကိုမင်းလည်း ဟင်းချနိုင်၏။ ဆန်းလင်းက . . .

"ကြားထဲက ထွေး ခါးနာဆိုတာ ဒါမျိုးပဲ . . . ကိုမင်း"

"မင်္ဂလာဆောင်အတွက် မင်းလည်း အားကြိုးမာန်တက် ကူညီဦး။ မင်း မမမော်နဲ့ကိစ္စ ဘယ်လိုလဲ။ ငါ ပေးလိုက်တဲ့နည်းအတိုင်း လုပ်လိုက် လား"

"တောင်ပြုန်းပွဲ သွားဦးမယ်တဲ့။ ကိုယ်တော်ကြီး ကိုယ်တော်လေး သွားကန်တော့ပြီးမှ ပြန်လာမယ်။ ဒီရောက်မှတောင်းပန်ပြီး ကွာရှင်းပြတ်စဲ တာမျိုး လုပ်ကြမယ်တဲ့။ ပြီးမှ . . ."

"မင်းနဲ့ ပြန်လက်တွဲမယ်တဲ့လား"

"သီလရှင်ဝတ်မယ်လို့ ပြောနေတာပါပဲဗျာ"

✿ ✿ ✿

## [ ၂၇ ]

❑

နိုင်စိုးတို့ မင်္ဂလာဆောင်ကို ခန်းမမှာ ဆင်ယင်နေ၍ အကြိုညကတည်းက ကိုမင်းတို့ပါ ဝိုင်းဝန်းပြင်ဆင်ပေးကြရ၏။ ည(၁၁)နာရီကျော်မှ အိမ်ပြန်ဖြစ်၏။ ညစျေးမှာ ပဲပလာတာဝင်စားပြီး နှစ်ယောက်ပြန်လာတော့ ည (၁၂)နာရီ ထိုးသွားပြီ။

မီးက ပျက်သော်လည်း တိမ်ညိုဖုံးတဲ့ကြားက လမြင်းကွေးလေး သာနေ၏။ ပျပျအလင်းရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်း ...ကျွန်တော်တို့အိမ်သားက စိမ်းလဲ့ညိုက ကိုမင်း အကြောင်းတွေ ကျွန်တော့်ကို မေးသေးတယ်"

"ဟုတ်လား ...ဘာတွေမေးတာလဲ"

"ကိုမင်းက လူပျိုလား၊ ယောက်ျားအစစ်လားတဲ့"

"ဘာကွ ...မင်းက ဘာပြန်ပြောလိုက်လဲ"

"အစစ်ပါ၊ လူပျိုလည်း အစစ်ပါလို့"

"တော်သေးတာပေါ့"

"တခြားအကြောင်းတွေလည်း စုံနေတာပဲ"

"ပေါက်ကရတွေတော့ မပြောနဲ့နော် ...ဟေ့ကောင်"

"ကောင်းတာတွေပဲ ပြောပါတယ်၊ စိမ်းလဲ့ညိုကို လမ်းထဲကကောင်တွေ သာရစ်ပြီး ဂစ်တာလာတီးကြတယ်။ စိမ်းလဲ့ညိုက အဲဒီကောင်တွေကို အရေးတောင်မလုပ်ဘူး"

"ဟုတ်လား"

"သူကြိုက်နေတာ ကိုမင်းကိုဗျ"

"မင်းကလည်း မဟုတ်နိုင်ပါဘူး"

"ဟုတ်ပါတယ်ဆိုမှ"

ဆန်းလင်းတို့အိမ်ရှေ့ ရောက်လာ၏။ ဆန်းလင်းနှင့် စကားဖြတ်ပြီး ရှေ့ဆက်ထွက်လာ၏။ ရှေ့မှာ မိန်းမတစ်ယောက်။

ရင်ထဲ ဒိန်းခနဲ။ သေချာကြည့်လိုက်တော့ ရင်ထဲ ထိတ်ခနဲ၊ စိမ်းလဲ့ညိုများလား။ ဘယ်သူလဲ။ ဆံပင်ကလည်း ကျောလယ်လောက် ဖြစ်နေ၏။ စိမ်းလဲ့ညိုရဲ့ ဘော်ဒီအရွယ်အစားပင်။

"စိမ်း ...စိမ်းလဲ့ ..."

ကိုမင်း ခေါ်ပြီး သွက်သွက်လိုက်သွား၏။ ညဘက်ကြီး တစ်ယောက်တည်းမို့ စိတ်ပူမိ၏။ သူမ အိမ်ကိုပြန်ပို့ပေးဖို့ ခေါ်ခြင်းဖြစ်၏။

သူမက လှည့်မကြည့်။ ပြေးထွက်သွား၏။ တာကြီးပေါ်ကို တက်ပြေးသွား၏။ ကိုမင်းနောက်က ပြေးလိုက်၏။ လူရှင်းရာနေရာဖက် ရောက်လာ၏။

"ဟေ့ ...မပြေးနဲ့လေ"





ရွှေရောင်ပြသချိုင်းဖက်ကို ဆက်ပြေးနေ၏။ နောက်က လိုက်လေ၊ ဒို့ပြေးလေပင်။ အကွာအဝေးက ခြေလှမ်းနှစ်ဆယ်ခန့်ရှိမည်သာ။

တောင်ပေါ်ကျောင်းထိပ်ရောက်တော့ ကိုမင်း မောပြီး ဟောဟဲဆိုက်နေ၏။ လူသူဟူ၍ အရိပ်အယောင်မျှပင် မမြင်ရ။ ရှေ့က မိန်းကလေးကလည်း ရပ်စောင့်သလို ကျောပေးရပ်စောင့်နေ၏။

ကိုမင်းက ...

"ဟော ...ဟဲ ...မင်း လျှောက်မသွားနဲ့။ ညကြီးအချိန်မတော် ဒုက္ခရောက်မယ်။ ပြန်လာခဲ့။ မင်းအိမ်ကို ပြန်လိုက်ပို့ပေးမယ်"

ကိုမင်းပြောကာမှ သချိုင်းဖက်ကို ဆက်လျှောက်သွား၏။ စိတ်ဝေဒနာသည်ဆိုတော့ ရောက်မိရောက်ရာ၊ ဖြစ်ချင်ရာတွေ ဖြစ်ကုန်မှာစိုး၍ ဆက်လိုက်သွား၏။ သချိုင်းထိပ် တာပေါ်ကနေဆင်းပြီး သချိုင်းထဲကို တည့်တည့်မတ်မတ်ကြီး ဝင်ချသွား၏။

"ဟာ ..."

ကိုမင်း လန့်ထိတ်အံ့သြသွား၏။ မိန်းကလေးတစ်ယောက်တည်း သွားရဲတာကို အံ့သြမဆုံး။

သချိုင်းအဝင်ရှိ ညောင်ပင်ကြီးက ညောင်ကိုင်းတွေ ညွှတ်ကျနေ၏။ မကောင်းဆိုးဝါးခါးကုန်းကြီး လက်တွဲလောင်းချပြီး အမှိုက်လှည်းကျင်းနေသယောင် ထင်ရ၏။

သချိုင်းထဲကို စိမ်းလဲ့ညိုဖောနှင့် လိုက်ဝင်လိုက်၏။ ကိုမင်းမျက်လုံးထဲ မီးခိုးမှိုင်းတွေ ပျံ့ဖုံးလွှမ်းထား၏။ သိစိတ်တွေ လွင့်ခနဲ၊ အိပ်ငိုက်သူ မှေးခနဲပျော်သွားသလို ဖြစ်သွားတော့၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၂၈ |

❑

အုတ်ဂူတွေကြားထဲက လမ်းကျဉ်းလေးအတိုင်း သချိုင်းဇရပ်နား ရောက်လာ၏။ ခုနဝင်သွားသော မိန်းကလေးက ဇရပ်အလယ်မှာ ကျောပေး ရပ်နေ၏။ ကိုမင်းက ...

''စိမ်းလဲ့ညို ...''

''ခစ် ... ခစ် ... ခစ် ... ခစ် ... ခစ် ... ဟင့် ... ဟင့် ... ဟင့်''

''မင်း စိမ်းလဲ့ညိုမဟုတ်လား''

ကိုမင်းဖက်ကို မျက်နှာလှည့်လိုက်၏။ အမှောင်ရိပ်ကျနေ၍ မမြင် ရ။ မိန်းကလေးက လက်ဆန့်တန်းလိုက်သည်နှင့် မီးရောင်ဝိုတွေ ပေါ်ထွက် လာ၏။ တိုင်လုံးတွေက မီးလင်းလာ၏။ အုတ်ဂူတွေပေါ်မှာလည်း မီးလင်း မီးပွင့်လေးတွေ တဖျတ်ဖျတ် ခတ်တောက်နေ၏။ ကိုမင်း ကျင့်ထားမှုတွေနှင့် ယခုမှ ဆင်ခြင်ကြည့်လိုက်မိ၏။

''တစ္ဆေမီး .... တစ္ဆေမီးတွေ''

တစ္ဆေတွေ ဖန်တီးထားသော မီး။

မီးရောင်ထဲက မိန်းကလေးကို ကြည့်လိုက်၏။

လှပချောမောသူလေးတစ်ယောက် ဖြစ်နေ၏။ ဆင်ခြင်ကြည့်လိုက် တော့ မဖဲဝါဟု စိတ်ထဲက အလိုလိုသိနေ၏။





မဖဲဝါဆိုတာ ကြောက်စရာအသွင်ဟု ထင်မြင်ထားခဲ့၏။ သူတို့ရဲ့ မှုသိဒ္ဓိအစွမ်းနှင့် လှပအောင် ဖန်တီးထားတာလည်း ဖြစ်နိုင်၏။

မဖဲဝါက ပြုံးပြီး ကြည့်နေ၏။ တစ်ဖက်တစ်ချက်ဆီက လူတစ်ရပ် ခန့်မြင့်သော အကောင်ကြီးနှစ်ကောင်ပေါ်လာ၏။ အစွယ်ကြီးတွေ ပြူး ထွက်နေ၏။ မျက်လုံးနီကြီးက ကွမ်းသီးလုံး အရွယ်ပါသလောက်ရှိ၏။ ပါးစပ် ထဲက လျှာနီကြီးတွေ တွဲလောင်းကျနေ၏။ ပခုံးပေါ်မှာလည်း တင်းပုတ် ကြီးတွေနှင့်။

အဝတ်မပါ။ ခါးတောင်းကျိုက်ကလေးသာ ပါ၏။ အသားအရည်က လည်း ကြမ်းတမ်းပြီး အမွေးထူကြမ်းကြီးတွေနှင့်။ မြင်တာနှင့် လန့်သေ သွားနိုင်၏။ ကိုမင်း ကြက်သီးဖုကြီးတွေ သီးထပြီး ခေါင်းကလည်း ပုတ် သောက်မက ကြီးထွက်နေပြီ။ ဘုရား၊ တရားကို အာရုံပြုပြီး ပညာဉာဏ်ဖြင့် ဆင်ခြင်ကြည့်လိုက်၏။

မဖဲဝါရဲ့ လက်ရုံးတပည့်ကြီးနှစ်ယောက်။

ပေါက်တူးနဲ့ ပေါက်ပြား။

တိုးကြီးနဲ့ တိုးလေးဟုလည်း ခေါ်ဝေါ်ကြသေး၏။ ဘာကြောင့်များ များနေရာကို ဆွဲဆောင်ခေါ်လာရတာလဲ။ နားထဲမှာ အတွင်းအားပြင်းထန် သော ရယ်မောသံကြီးကို ကြားလိုက်ရ၏။ မိစ္ဆာကြီးတစ်ကောင်ရဲ့ လှောင် ရယ်သံ။ အောင်ပွဲခံသည့် ရယ်သံမျိုးကြီး။

နားနှစ်ဖက်ကို လက်နှင့်ပိတ်သော်လည်း ခေါင်းကြီးထူပူနေ၍ က်နှင့်ထိလို့ ထိမှန်းပင် မသိရ။ သူ့ရဲ့ပင်ကိုစိတ်က လိပ်ပြာလွင့်ချင်နေ ၏။ ဆေးခံ၊ ဝါးခံ၊ ပညာအခံ၊ အစောင့်တွေ ကာရံထား၍သာ လွင့်ထွက် သွားခြင်းပင်။

သူတို့က ကိုမင်းကို ကြည့်နေကြ၏။ ကိုမင်း ရပ်နေရာက လှုပ်လို့ ရတော့။ အကောင်ကြီးနှစ်ကောင်က ရုတ်တရက် အစွယ်နှင့် ပြေးထိုး၏။ တောဝက်မဲကြီးအသွင်နှင့် ပြေးပက်လိုက်၏။

''ဗုဒ္ဓေါ ...''

ကိုမင်းလန့်ပြီး ဘုရားတအော်လိုက်မိ၏။

''ဖွတ် ... ရှူး ... ဖလူး ...''



www.burmeseclassic.com

www.burmeseclassic.com



"ချွင် … ချလွမ် …"

လေလျှော့ခံရသော လေဖောင်းရုပ်နှစ်ရုပ်နှယ် တောဝက်ရိုင်းကြီး နှစ်ကောင် လူးပြာသွားပြီး အစွယ်တွေ ကျိုးကျကုန်၏။ အစွယ်အားကိုးသည့် သတ္တဝါ၊ အစွယ်လည်းမရှိရော နောက်ဆုတ်နောက်ဆုတ်နှင့် အမှောင်ထဲ ခုန်ဝင်ပျောက်ကွယ်သွား၏။

မဖဲဝါကို ဆိုင်ကြည့်နေ၏။ ကိုမင်း မျက်တောင်တစ်ချက် ခတ်လိုက် သည်နှင့် မရှိတော့။

ကိုမင်း ခေါင်းထဲ ချာချာလည်မူးဝေလာ၏။

မိန်းမတစ်ယောက်ရဲ့ ဟားတိုက်ရယ်မောသံက ကိုမင်းခေါင်းထဲ အိုးထိန်းစက်ကဲ့သို့ ချာချာလည်ထွက်နေစေ၏။ ကိုမင်း မူးပြီး ငိုက်ခနဲ သွားစဉ် အိပ်ရာက လန့်နိုးသူလို ဖျတ်ခနဲ သတိပြန်ရလာ၏။ ရယ်သံလည်း တိတ်ဆိတ်။ လေဟာနယ်ထဲ ရောက်သွားသည့်နှယ်။ မြင်နေရတာက ဆန် လင်းတို့နှစ်အိမ်ကျော် လမ်းသွယ်လေးထဲ ပြန်ရောက်နေ၏။

ကိုမင်း အံ့ဩထိတ်လန့်သွား၏။ ဒီနေရာမှာ ကြာကြာဆက်နေ မသင့်တော့။ အိမ်ရောက်အောင် အမြန်ပြန်ပြေး၏။

"အမေရေ … အမေ … အမေ …"

ကိုမင်း အားရှိသမျှ ကျုံးအော်သော်လည်း တစ်ရပ်ကွက်လုံး (ဘ လမ်းလုံး အိမ်တွေ) မနိုးကြ။ ကိုယ့်အိမ်ရှေ့ကိုယ်ရောက်မှ အုတ်ဖိနပ် လှေကားပေါ် ပြေးတက်ပြီး တံခါးကို တဒိုင်းဒိုင်း ထုလိုက်မိ၏။

"ဟဲ့ … ဘယ်သူလဲ"

"အမေ … သား … ကျွန်တော် ကိုမင်းပါ"

"အေး … အေး … လာပြီ၊ လာပြီ"

အမေ တံခါးလာဖွင့်ပေး၏။ အမေ့ရင်ခွင်ထဲ ခေါင်းတိုးဝင်ပြီး ဖက် ထားမိ၏။ မွေ့အုံးကြီးကို ဖက်ရသလိုဖြစ်နေပြန်၏။ အမေက အိပ်ရာထဲ လိုက်သိပ်ပေး၏။ နေ့တိုင်း ဘုရားရှိခိုးပြီးမှ အိပ်ခိုင်းသော အမေက ဘုရား မရှိခိုးခိုင်း။

အမေထသွားပြီး အိမ်ရှေ့တံခါး သွားပိတ်လိုက်၏။ အမေ ပြန်ဝင် လာတော့ အမေမဟုတ်တော့။ ဇရပ်ထဲမှာတွေ့ခဲ့သည့် မဖဲဝါ ဖြစ်နေ၏။





ကိုမင်း ကြောက်လန့်တကြားဖြင့် ငယ်သံပါအောင် အော်ဟစ်လိုက် ၏။ မိန်းမတစ်ယောက်ရဲ့ ရယ်သံဆိုးကြီးကလည်း ကိုမင်းအော်သံကို လိုက် အောင် ရယ်နေ၏။

"အား … အား … ဘုရား … ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ … သံဃံသရဏံ ဂစ္ဆာမိ"

ခေါင်းထဲ ပွင့်ခနဲ ရှင်းခနဲ ဖြစ်သွား၏။ မူးနေတာတွေ ပျောက်သွား ၏။ ရယ်သံတွေ တိတ်သွား၏။ ကိုမင်းပြန်ရောက်နေတာ လမ်းထဲမှာ ပြန် ဖြစ်နေ၏။ မိန်းကလေးကို စတွေ့ခဲ့သောနေရာ။ မိန်းကလေးက မရှိတော့။

ခန္ဓာကိုယ်ကို လှုပ်ကြည့်၏။ ရွှေ့ကြည့်၏။ လှုပ်ရှားရလို့ ဝမ်းသာ သွား၏။ ဘုရားစာတောက်လျှောက်ရွတ်ပြီး အိမ်ရောက်အောင် ပြန်ပြေး လာလိုက်၏။

အိမ်ရှေ့ရောက်တော့ …

ငါ့အိမ်မှ ဟုတ်ရဲ့လား။ အုတ်ဖိနပ်ပေါ်တက်ပြီး တံခါးခေါက်မိ၏။

"အမေ … သား … ကိုမင်းပါ"

"ဩော် … အေး … အမေ … လာပြီ"

အမေ တံခါးဖွင့်ပေး၏။ အမေ့ကို သေချာကြည့်နေမိ၏။ ငါ့အမေမှ ဟုတ်ရဲ့လား။

"ဟဲ့သား … ဘာလုပ်နေတာလဲ"

"ဗျာ … ဘာမှမဟုတ်ပါဘူး"

"သား ထမင်းစားပြီးပြီလား"

"ဟုတ် … ဟုတ်ကဲ့၊ နိုင်စိုးတို့အိမ်က ကျွေးလိုက်လို့ စားလာ ခဲ့တယ် … အမေ"

"ဩော် … အေး … ဒါဆိုလည်း အိပ်တော့။ မအိပ်ခင် ဘုရား ရှိခိုးဦးနော်"

ကိုမင်း ယုံကြည်လိုက်ပြီ။ ဒီတစ်ကြိမ် အိမ်ကို တကယ်ပြန်ရောက် ခြင်းပင်။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးရဲ့ ဂုဏ်တော်တွေ ကြောင့် အမြင်မှန်၊ နေရာမှန်၊ ဘဝမှန် ပြန်ရလိုက်ခြင်း ပင်။



www.burmeseclassic.com

www.burmeseclassic.com



အာရုံတွေပြား ဝေဝါးသွားအောင် ကဝေအတတ်နှင့် ပြုစားခံလို ရ၏။

မှိုင်းတိုက်ခံလိုက်ရ၏။

ဝိညာဉ်က ခေါ်ဆောင်ရာပါသွားခဲ့၏။ ယခုမှ စိတ်နဲ့လူနဲ့ ကပ် ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးကြောင့် ကိုယ့်အိမ်ကိုယ်ရာ ပြန်ရောက်ပြီး

ဘုရားရှိခိုးလိုက်သည်နှင့် မကောင်းတာတွေ လုံးဝကင်းကွာသွ တော့၏။ ကဝေအတတ်နှင့် ပြုစားခံလိုက်ရ၏။ စိမ်းလဲ့ညို့က ကဝေလာ ဒါမှမဟုတ် သချိုင်းတစ္ဆေတွေက ရောက်လာပြီး အာရုံမှောက်မှားအော ပြုစားလိုက်ကြတာလား။ နောက်ကွယ်ကစေခိုင်းသူ မိစ္ဆာကြီးရှိနိုင်၏။ အဲ မျိုးက ကိုးသချိုင်းပြန်ဆရာကြီး အဆင့်တွေမှ တတ်နိုင်၏။

✿ ✿ ✿

[ ၂၉ ]

❑

''ကိုမင်း . . . တော်တော် ခံစားလိုက်ရတယ်ပေါ့။ ဆရာအဆင့် ဒါမျိုးဖြစ်တတ်လို့လား''

''မှိုင်းသဘောပေါ့ကွာ။ မှိုင်းမိရင် ဝေဝါးတွေပြားသွားတာပဲ။ သူ တော်စင်တွေတောင် တစ်ခါတလေ အငိုက်မိတတ်ကြတယ်။ သာမန်လူ ဆိုရင်တော့ သွားပြီပေါ့။ ဆရာအဆင့်မို့ သူတို့ ဘာမှလုပ်မရပါဘူး။ အဓိက ကတော့ ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာမြတ်သုံးပါးပဲ။ အသိနဲ့သတိ ထဲမှာ ရတနာသုံးပါးကို ယုံယုံကြည်ကြည် ရွတ်ဆိုတမ်းတ လိုက်တာ မကောင်းဆိုးဝါး၊ မိစ္ဆာ ဘာမှကိုမခံနိုင်ဘူး။ အကုန်လွင့် ရှဲကုန်တယ်လေ''





ဆန်းလင်းနှင့် နိုင်စိုးတို့ တအံ့တသြ နားထောင်နေကြ၏။ နိုင်စိုး နဲ့ မင်္ဂလာပွဲပြီးသွားသည့်ညမှာ ပြောဖြစ်ကြခြင်းပင်။ မင်္ဂလာပွဲက လူမစည် ဆုံး မင်္ဂလာပွဲဖြစ်၏။ နိုင်စိုးတို့အိမ်ရှေ့မှာပင် မဏ္ဍပ်ထိုး၍ ဆောင်ဖြစ်ခဲ့သည်။ ဆရာကြီးဘွားတို့သားအဖ ခဏကလေးသာလာပြီး ပြန်သွားကြ၏။

ဆရာကြီးဘွားတို့မှာ မိတ်သင်္ဂဟ သိပ်မရှိ။ မကောင်းတတ်၍ လာ ကြသူတွေသာရှိ၏။ နိုင်စိုးမိခင်က စိတ်မပါ။ ဖြစ်သလိုသာ ဆောင်ပေး၏။ မိတ်သင်္ဂဟလည်း သိပ်မဖိတ်ထား။ ကြွားစရာမဟုတ်၍ အဖြစ်လောက်သာ လုပ်ပေးခဲ့၏။ လူမစည်ဆုံး မင်္ဂလာပွဲဟုဆိုလျှင် မမှားချေ။

နိုင်စိုးရဲ့မိခင်က ယဉ်မြလေးကို မကြည်ဖြူ။ မိစ္ဆာသွေးပါသည့် မိန်းကလေးမို့ ချွေးမဟုပင် မသတ်မှတ်။ တဆူဆူ တပူပူ လုပ်နေ၏။ နိုင်စိုး အမေ ဝင်ဝင်ထိန်းနေရ၏။ ယဉ်မြခမျာ ယောက္ခမကြီးက မကြိုက်၍ နေရ ထိုင်ရခက်ပြီး အိပ်ခန်းထဲကမထွက်။

''အမေနဲ့မိန်းမ တည့်အောင်လေးဖော်ပေးပါဦး . . . ကိုမင်းရာ''

''ဒါကတော့ ဓာတ်သဘောနဲ့ လုပ်ရမှာပေါ့''

ဆန်းလင်းက . . .

''ဓာတ်သဘောက အရေးပါလို့လား''

''ပါတာပေါ့ကွာ။ ဓာတ်သဘောနဲ့ တိုးတက်အောင် လုပ်လို့ရ သလို၊ ဆုတ်ယုတ်အောင်လည်း လုပ်လို့ရတယ်။ ဥပမာ အုန်းပင်ကို ငါးတန် ချိန်ကြီးကြီးနဲ့ ရိုက်ထည့်လိုက်။ သိပ်မကြာဘူး . . . အဲဒီအုန်းပင် သေရော။ အုန်းပင်အောက်ကို အသက်အောင့်ပြီး ခုနစ်လှမ်းဝင်၊ နောက်ပြန်ဆုတ်ပြီး ခုနစ်လှမ်းထွက်၊ လှည့်မကြည့်နဲ့။ နောက်တော့ အဲဒီဘူးပင် သေရော။ အဲဒါ အောက်လမ်းပညာမဟုတ်ဘူး။ ဓာတ်သဘောတွေကွ''

''ထူးဆန်းတယ်နော်။ ကျွန်တော် လုပ်ကြည့်ဦးမယ်''

''တစ်ခုတော့ရှိတာပေါ့ . . . ဆန်းလင်းရာ။ ဆရာမပြ၊ နည်းမကျ ရင် ငါးပိဖုတ်တာတောင် ဆရာမပြရင် နည်းမကျဘူး။ နည်းလမ်းကျကျ လုပ်နိုင်မှ ထိရောက်မှုရှိတာနော်။ အင်းတွေ ဆွဲတဲ့နေရာမှာ ငြိမ်တဲ့နေရာ ဖြစ်၊ အသက်အောင့်သင့်တဲ့နေရာအောင့်၊ စကားမပြောရမဲ့နေရာမှာတိတ် အသက်ပါပါဆွဲမှ အင်း၊ စမတွေက အသက်ဝင်တာကွ။ ပြီးပြီးရောဆွဲလို့က တော့ ဘာမှမဖြစ်ဘူး။ ကဲပါ . . . ငါစီစဉ်ပေးမယ်၊ ခုနေတော့ ခဏနေဦး''



www.burmeseclassic.com

www.burmeseclassic.com



နိုင်စိုးလည်း စိတ်တစ်ဝက်သက်သာသွား၏။ ဆန်းလင်းက ...

"ကျွန်တော့်မမမော် သီလရှင်မဝတ်တော့ဘူးလို့ သတင်းကြ တယ် ... ကိုမင်း"

"မင်းနဲ့ အိုကေပြီပေါ့"

"မအိုကေပါဘူးဗျာ။ ယောက်ျားတွေကို မုန်းတယ်လို့ ဟစ်ကြေ နေပြန်ပြီ။ ယောက်ျားမုန်းတီးရေးအသင်းဖွဲ့ရင် သူကိုယ်တိုင်ဥက္ကဋ္ဌ တ လုပ်မယ်ချည်း ပြောနေသံကြားတယ်ဗျ"

ကိုမင်းနှင့် နိုင်စိုးတို့ ရယ်မောလိုက်မိကြ၏။ ဆန်းလင်းဆို မျက်နှာလေးကို ငယ်လို့။ တစ်ယောက်ဆိုတစ်ယောက်၊ ပိတောက် ပိတောက် လုပ်နေတာကိုး။

သစ္စာရှိတဲ့ပိတောက်တောင် သကြံန်ရောက်တိုင်း ပွင့်တော့တ မဟုတ်တာ။

✿ ✿ ✿

[ ၃၀ ]

❏

နှောက်နှစ်ရက်ခန့်ကြာသောညမှာ ကိုမင်းတစ်ယောက် အိမ် ကွပ်ပျစ်မှာ ဆရာအဆင့်တက်ဖို့ (ခရီးထွက်ရခါနီးနေပြီမို့) သမထကျင့် ကို ပီပီပြင်ပြင် ထူထောင်နေမိ၏။ ည (၁) နာရီထိုးသောအခါ ကွပ်ပျစ် ကို ရန့်တစ်ခုရောက်လာ၏။ ရေမွှေးနံ့ ...။

ကိုမင်း လန့်ပြီးတော့ မော့ကြည့်လိုက်၏။ ညဝတ်အကျီ၊ ခံ ဖားလျား။ ခေါ်ပိုက်ရှိနှင့် ရောက်လာသည့် မိန်းကလေး။ မဖဲဝါမှတ်၍ တွန့်သွားသေး၏။ သေချာကြည့်မှ စိမ်းလဲ့ညိုဖြစ်နေ၏။





"မင်း ... စိမ်း ... စိမ်း ..."

"ဟုတ်ပါတယ် ... မောင်တော် ... နှမတော်လေး မြနန်းသူပါ။ င်တော်သိန်က နေနိုင်လို့ ရှောင်နေပေမဲ့ နှမတော်လေးက မနေနိုင်တော့ က်ရှာရတာပေါ့ ... မောင်တော်ရယ်"

"မင်း ယောင်ပြီး ထလမ်းလျှောက်လာပြန်ပြီနဲ့ တူတယ်။ ပြန် ... တော့လေ။ ဒီလိုလျှောက်သွားနေရင် ဒုက္ခရောက်လိမ့်မယ်"

"မပြန်ဘူး ...။ မောင်တော်က ရှောင်ဖယ်ရင် ခြေဦးတည့်ရာ းပစ်လိုက်မှာပဲ"

"အဲလို မလုပ်နဲ့ ... လာပါ။ မင်းအိမ်ကို ငါ ပြန်လိုက်ပို့ပေးမယ်။ းအိမ်ကတွေ့သွားရင် မကောင်းဘူး"

"မပြန်ဘူးဆို မပြန်ဘူး။ မောင်တော်နဲ့ ချစ်ခွန်းဖွဲ့သီ စကားပလီ းတာရှင့်"

"ဟာ ... အိမ်မှာ ငါတစ်ယောက်တည်း။ ငါ့အမေကလည်း ကျော်တာရွာမှာ နွားဦးတိုက်ဆရာတော် ဘုရားပွဲရှိလို့ တရားသွားနာ ယ်။ တရားပွဲပြီးရင် အကျော်က အမျိုးတွေဆီမှာ အိပ်မှာ"

"အဲတော့ ဘာဖြစ်သလဲ"

"မသင့်တော်ဘူးပေါ့"

"ဒီနေရာမှာလား"

"အေး ..."

"အဲဒါဆို အိမ်ပေါ်မှာ သွားပြောကြမယ်လေ"

"ဟာ ... ပိုဆိုးမှာပေါ့။ နောက်ကလိုက်လို့ မိသွားရင် ရှင်းလို့ မဟုတ်တော့ဘူး"

"မစိမ်းကားပါနဲ့ ... မောင်တော်ရယ်။ နှမတော်လေးက သိုက် ဘုန်းကလို မလှလို့လား။ ပြောစမ်းပါဦး။ အဟင့် ... ဟင့် ... ငိုချင် ပြီနော်"

"မငိုလိုက်ပါနဲ့၊ လှတာမှ စက်စက်ယိုပဲ"

"သိုက်နန်းတုန်းကလို မချစ်တော့ဘူးလား"

"အဲ ... အဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ . . . အဟင့် . . . ဟစ် . . . ဟီး . . . အရီး . . . ဟီး . . . ဟီး . . ."

"ဟာ . . . ချစ်တယ်၊ ချစ်တယ်။ မငိုနဲ့နော်"

"သူမျှားငိုတာ လုလားဟင်"

"လုတာ အရမ်းပဲ။ ဟော . . . ခတ်မီးရောင်တွေ့တယ်။ ပန်းချုံအကွယ်နောက်မှာ အသာပုန်းနေရအောင်"

နှစ်ယောက်သား တူတူပုန်းသလို ပုန်းနေလိုက်၏။ ခတ်မီးရော တွေက ကိုမင်းတို့အိမ်ဖက်တွေကိုပါ ဝေ့ထိုးသွား၏။

"ဒီကောင့်အိမ်မှာလည်း မရှိပါဘူး။ ဒီကောင်မလေး တစ်ယော တည်း တာပေါ်တက်သွားတာဖြစ်မယ် . . . အိုကေး"

"ဟေ့ကောင် . . . ငါ့နာမည်ကို မခေါ်နဲ့။ ယက္ခလို့ နာမည်ပ ခေါ်ပါဆိုတာကို။ အဲ . . . ကောင်မလေးကိုမိရင် ငါတို့ အောင်သေအေ သား စားရမှာကွ"

"ဟာ . . . မိုက်တာမိုက်တာပဲ။ လူသားတော့ မစားဘူးနော် . . . ဆရာယက္ခ"

"ခွေးမသား . . . ကောင်မလေးကို အပိုင်ကြံမှာ။ ခြေတော်ဆ ရမှာကို ပြောတာ။ အ,ပါ့ကွာ"

"ဟိုဖက်တာပေါ် ဆက်လိုက်ရှာကြမယ်"

အိုကေးနှင့် သူ့လူနှစ်ယောက် ထွက်သွားကြ၏။ ကိုမင်း ရင်မ နိုင်တော့။ ဒီကောင်မလေးကို လွှတ်ပေးလျှင် ချိုနှင့်သားရေပင် ပြန်ရ ကောင်း။ ကောင်မလေးကို အတင်းအဓမ္မဆွဲခေါ်ပြီး သူ့အိမ်ပြန်ပို့လျှင်လည် သူမ အရှက်ရော၊ သူမ မိဘတွေ အရှက်ပါ ခွဲရာရောက်မည်။

"မောင်တော် . . . ကြားလား၊ ယက္ခကြီး လိုက်နှောင့်ယှက်နေ နှမတော်လေးကို မဟုတ်တာလုပ်တော့မယ်"

"ကြားတယ် . . . နှမတော်လေး မြနန်း၊ အိမ်ပေါ်မှာ ခဏနေ သော့ခတ်ထားမယ်။ မောင်တော် နှမတော်ရဲ့မိဘတွေကို သွားအကြေ ကြားလိုက်မယ်"

"အို . . . ဟင့်အင်း . . . ဟင့်အင်းကွာ . . . အဲလို မလုပ်ရ နှမတော် မကြိုက်ဘူး။ မောင်တော်နဲ့ပဲ အတူနေချင်တယ်"



ဩော် . . . ဆရာဖြစ် တက်ဖို့အရေးမှာ အားအကောင်းဆုံးသော အနှောင့်အယှက်က ပေးနေပြီ။ ကိုမင်း ကွက်တွေးလိုက်၏။ ဒီအတိုင်းကြီး နေလို့မဖြစ်။ ကောင်မလေးကို ချော့မော့အိမ်ထဲသွင်းပြီး သူမအလစ်မှာ ခိုးဝှက် ကာ သူမမိဘတွေကို သွားအကြောင်းကြားရမည်။ သူမ လစ်ဖို့ဆိုတာလည်း လွယ်။ အနားမှာ နွားပိန်တွယ် တွယ်ကပ်နေ၏။ သူမ အိပ်ပျော်အောင် ချော့သိပ်ပြီးသွားလျှင် ဖြစ်နိုင်၏။

အမေ့အိပ်ခန်းမှာ ခဏသိပ်လိုက်မည်။ လူကြီးတွေရောက်လာ၍ ဆက်ာလျှင် ကြိုက်သလို စစ်မေးနိုင်သည်ပေါ့။ ဒီနည်းလမ်းပဲရှိ၏။ ဘေး အိမ်က ဦးရခိုင်ပဲရှိ၏။ သူ့မိန်းမလည်း တရားပွဲရောက်နေ၏။ ဦးရခိုင်က အလွန် အအိပ်ကြီး၏။ သူ့ကိုလာနှိုးလျှင် လုံးဝမကြိုက်။ ပြဿနာရှာတတ် ၏ ညနေစာရင်း လာစစ်တုန်းက သောင်းကျန်းလွှတ်လို့ အချုပ်ထဲရောက် သည့် လူကြီး။

ဒီဘက်ဘေးအိမ်ကလူက တစ်မျိုး။ တစ်နေကုန် ကုန်ဆိုင်ထွက်ရ၍ ပန်း၏။ အိပ်ပြီဆို သစ်တုံး။ ဘယ်လိုနှိုးနှိုး မနိုး။ သူ့ဖခင်အိမ် မီးလောင် တုန်းက မီးသတ်တွေက သူ့ကို ဝင်သယ်ထုတ်ရ၏။ အဲ့လောက်ထိ အအိပ် ကြီးသူ။

တခြားအိမ်တွေ လိုက်နှိုးလျှင်လည်း စိမ်းလဲ့ညိုက လက်သင့်ခံ ည်မဟုတ်။

"ကဲ . . . အိမ်ပေါ်မှာ တက်အိပ်။ မောင်တော်နဲ့ စကားတွေ တစ်ဝ ကြီး ပြောကြမယ်လေ။ မကောင်းဘူးလား"

"ဟေး . . . ဒါမှ တို့မောင်တော်ကွ။ ကောင်းတယ် တက်မယ်"

အိမ်ပေါ်ခေါ်ပြီး အမေ့အိပ်ခန်းထဲက အိပ်ရာဖွင့်မည်လုပ်တော့ တံခါး သော့ခတ်ထား၏။ ကိုမင်းရဲ့ လူပျိုအိပ်ခန်းထဲသာ ဆွဲသွင်းပြီး အိပ်ရာပေါ် အသာလှဲခိုင်းရတော့၏။

"မောင်တော် . . . သီချင်းဆိုပြနော်၊ ပန်းမြိုင်လယ် . . . ယိုးဒယား တော်ပျိုးဆိုပြ"

"အဲဒါတွေ ဘယ်ရမလဲ"

"ရတဲ့သီချင်း ဆိုပြ။ မောင်တော့်အသံလေး နားထောင်ပြီး ခဏ မှိန်းချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



ဩော် . . . သံယောဇဉ်မလေးရယ်၊ အဲဒီအပြောလေးတွေကြေ ခဏာတွင်းချင်းမှာပင် ဆံတစ်ပင်တင်း သံယောဇဉ်ပြင်းပြင်း ငြိတွယ်ရပြီ ကိုမင်းက ရတဲ့သီချင်းဆိုပြ၏။

"ကျွန်းကျွန်းမာမာ ××× ချမ်းချမ်းသာသာ ××× ဘေးရန် ကာ မည် ×××"

"ဟာ . . . ဘာလဲ . . . အချစ်သီချင်းချိုချိုလေးတွေ ဆိုပြနိုင် တာ။ မောင်တော်နော် . . . သူများစိတ်ဆိုးရင် ငိုပစ်လိုက်မယ်"

"မငိုပါနဲ့ . . . မချော့တတ်လို့ပါ။ ချစ်ပြုံးနှင်းဆီ သီချင်းဆိုပြမ ဂီတနက်သန် ကိုစောညိမ်းရေးထားပြီး မန္တလေးသိန်းဇော် ဆိုထားတာ ဖြူပြာလဲ့ ××× မှုယာနွဲ့နွဲ့ ××× ချစ်တဲ့သူခင်ရယ် ××× မာန်ညို မျက်နှာထ တွေခြယ် ×××"

"တိတ် . . . ဘယ်မှာ သူများက မာန်ညိုမျက်နှာထား လုပ် လို့လဲ"

"ဟောဗျာ . . . သီချင်းစာသားအရ ဆိုရတာလေ"

"သူများနဲ့တိုက်ဆိုင်တာပဲ ဆိုပြပါဆို့မှ"

ကိုမင်း ခေါင်းကုတ်ရပြီ။ ခေတ်သီချင်းတွေလည်း ဘာတစ်ပုဒ် အလွတ်မရ။ စိုင်းစိုင်းခမ်းလှိုင်ရဲ့ တောင်ကြီးလီတော့ တစ်ဝက်တစ်ပျက် သေး၏။ ကိုင်ဇာသီချင်းလေးတစ်ပိုဒ် သွားအမှတ်ရ၏။ ဝမ်းသာလိုက်သည် ဖြစ်ခြင်း။

"အချစ်ရယ် ××× နင့်ကို ငါ သိပ်ချစ်တယ် ××× ဝေဿန္တရာ အချစ်မျိုးနဲ့ပေါ့ကွယ်"

"ဘာ . . . သူများကို ဝေဿန္တရာလို လှူပစ်ဦးမယ်ပေါ့လေ"

"ဟိုက် . . . ပြဿနာပဲ"

"မောင်တော်ကိုက မဟုတ်တာ။ သီချင်းကြီးလို ဆိုပါလား။ ရှ ကြယ် ××× မြေမှာ ခကြွေ ××× ကောင်းကင်မှာ ××× နေလတွေ ကွယ် စေ ××× ချစ်တဲ့သူ မြနန်းသူဆွေ ××× ဒါမျိုးလေးပေါ့"

"ဩော် . . . ဟုတ်ကဲ့ . . . မှတ်သားလောက်ပါပေတယ် . . . မယ် မင်းကြီးရယ်"





ရသလောက် သီချင်းဆိုလိုက်၏။ မြမဥ္ဇူသီချင်း မန္တလေးသိန်း ဇော်ဆိုထားတာလေးပေါ့။

"ယုဂန်_မွှေးစွန်း ××× ငွေဝန်းသီတဂူ ××× တိမ်ယံကြားမှာ အလှ ရှာကာ တမူ ××× မှုယာယဉ်ကျေး ××× မျက်နှာလေး ××× မောင့်စိတ် ထဲ ××× အသည်းဘဝင် လှိုက်ဆူ ××× ဘုံကြိုးပြတ် ××× မိုးနတ်သူ မြင် ရသူ ××× မောင့်ဘဝ လှမဥ္ဇူ ×××"

စာသားမှားတာလည်း ရောဆိုသွား၏။ မှိန်းနားထောင်နေသည့် စိမ်းလဲ့ညို (ခေါ်) မြနန်းသူလေးရဲ့ မျက်နှာနုနု၊ ဥဥလေးက ရှိုက်မက်ချင် စရာအတိ။ နှုတ်ခမ်းနှစ်လွှာနီတျာတျာလေးတွေ လှုပ်ခတ်သွားပြန်၏။

"သိပ်မတိုက်ဆိုင်သေးဘူး။ တိုက်ဆိုင်တာလေး ဆိုပြပါ . . . မောင်တော်ရယ်"

"ကဲ . . . လာပြီ၊ ရွှေပြည်တန်သီချင်း ××× နေခြည်လျှံ မြအသွေး လို ××× ရွှေပြည်တန်အလှကလေးကို ××× မြင်တဲ့နေ့ကစလို့ ××× စွဲနေ ပြီခင် ××× ညအိပ်ရာဝင်ရင် မြနန်းသူနဲ့ ပေါင်းရပါစေသားလို့ ဆုတောင်းရ နေ့စဉ် ××× စွဲလမ်းတဲ့ သံယောဇဉ် ××× သနားပါ အပျိုစင် မောင့်ကိုချစ်ရင် ရွှေပြည်တန်ကလေးကို ××× မောင်တောင်းပန်ချင်"

ကွက်တိ၊ သူမရဲ့ ဟတ်(ထ်) ကို ထိသွား၏။ ကိုမင်းရဲ့လည်ပင်းကို ပက်လက်ကနေ သိုင်းဖက်လိုက်၏။

"သက်ထားပျိုစင် ××× အသဲစွဲကလေးမို့ လိုချင်မောင် ××× နန်း အပေါ်မှာ ××× ချစ်စိတ်တွေဝင် ×××"

ကိုမင်း သီချင်း ဆက်မဆိုနိုင်တော့။ မြနန်းသူ (ခေါ်)စိမ်းလဲ့ညိုရဲ့ ရွှတ်စိုနွေးထွေးမှုတွေက ကိုမင်းရဲ့ ပါး၊ လည်တိုင်၊ မေးစေ့တွေပေါ်မှာ။

"အိုကွာ . . . အိုဗျာ . . . အဲလိုမလုပ်ပါနဲ့ဗျာ"

"ဟင့်အင်း . . . မရဘူး။ ချစ်တယ် . . . မောင်တော်ရယ်"

"ဟောဗျာ . . . အို . . . မြနန်း . . . မှားမယ် . . . အာ . . . မှားမိ တော့မယ် . . . ဟာကွာ . . ."

မြနန်းသူ ဆွဲဖိလှဲချလိုက်၍ ကိုမင်းလည်း ကျင့်ဝတ်သိက္ခာတွေ ဘာဘာညာညာတွေ ခေါင်းထဲပျောက်ပြီး ဖီလင်အောက်မှာ ဒူးထောက် အရှုံးပေးလိုက်ရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အာရုံငါးပါးထဲမှ ထိတွေ့မှုအာရုံက အဆိုးဆုံးဖြစ်၏။ ဘယ်လိုမှ ရှောင်လွှဲလို့မရ။

ချစ်မိရင် ဝါးရင်းတုတ်နဲ့ အရိုက်ခံရမယ်ဆိုလည်း ဖွတ်ဆက်ချစ်တော့မှာပင် . . .

ဆရာအဆင့်နှင့်တူသော ထမင်းထုပ်ပေးမည်ဆိုလည်း ဟင့်အင်း ဖြစ်သွားပြီ။

ကိုမင်းတစ်ယောက် ကောင်းကင်လေထုထဲက တိမ်စိုင်တိမ်လိပ် တွေအပေါ် ရောက်သွားတော့၏။

✿ ✿ ✿

| ၃၁ |

❑

မနက်မိုးလင်း တရေးနိုးမှ ဘုရားတပြီး အိပ်ရာက လန့်နိုးထမိ၏။ အိပ်ရာထဲမှာ ဖက်ပွေ့ပြီး အတူမှေးပျော်နေမိ၏။

"စိမ်း . . . စိမ်းလဲ့ . . . ညို . . ."

"အင်း . . . ဟင်း . . . ဟင် . . . မောင် . . . မောင်တော် . . . နိုးနေပြီကိုး။ အို . . . မိုးတောင် လင်းနေပါပကောလား။ မောင်တော် . . . နှမတော်လေး ဆက်အိပ်ဦးမယ်နော် . . . ဂွတ်မောနင်း"

ပြန်နှုပ်နေ၏။ ကိုမင်းမှာသာ ခြေမကိုင်မိ၊ လက်မကိုင်မိ၊ ကိုယ်ခန္ဓာ ကိုယ်တစ်ကိုယ်လုံး ပြန်စမ်းမိ၏။





ဘုရားရေ . . . ငါ အမြတ်တနိုး တန်ဖိုးထားရတဲ့ လူပျိုရည်ဖြင့် ပျက်ပါပကောလား။

ဝမ်းနည်းပြီး ငိုချင်စိတ် ပေါက်လာ၏။

အောင်နိုင်သူကြီးကတော့ အောင်ပွဲခံပြီး ဆက်အိပ်နိုင်ပြီပေါ့။ ဒီမှာတော့ ဒူးနဲ့မျက်ရည်သုတ်နေရသည့် ယောက်ျားဘဝကို ရောက်နေရပြီလေ။

ကိုမင်း အသိတွေ၊ သတိတွေ လွှတ်ထွက်နေ၍ မမှားသင့်တာ မှားခဲ့ပြီ။ တာဝန်ယူမှုကို ဖြစ်တော့မည်။ ဆရာကြီးအဆင့်လည်း နောက်ဘဝမှ ဆက်တော့မည်။ ဒီဘဝ ဒီမျှရယ်ပေါ့။

ရပ်ကွက်လူကြီးကို သွားတွေ့ပြီး အကျိုးအကြောင်း ပြောပြ၏။ မင်း ပြန်ရောက်လာတော့ လူကြီးချင်းဆုံတွေ့ပြီး ထပ်ပြောကြားဖြစ်၏။ အမေက –

"ငါ တစ်ညလေး တရားပွဲသွားတယ်။ ငါ့သားက မိန်းမရနေပြီ။ ဖြစ်လိုက်တဲ့ ခေတ်ကာလသားသမီးတွေ။ နိုးတာတောင် မအေဆီ တန်းမိုးသွားတယ်"

ရပ်ကွက်လူကြီးနှင့် ရပ်မိရပ်ဖတွေလည်း စိမ်းလဲ့ညိုရဲ့မိဘတွေကို သွားအကြောင်းကြားရ၏။ သူတို့ခမျာလည်း မိုးလင်းမှ သမီးပျောက်နေတာကို သိကြ၏။ သူတို့က သူတို့သမီးကို အိပ်ဆေးတိုက် သိပ်နေကျ။ အဲဒီညက စိမ်းလဲ့ညိုက လူလည်ကျပြီး သူတို့ရဲ့အအေးခွက်တွေထဲ အိပ်ဆေးတွေ ပြန်ထည့်သွားသတဲ့။ မိဘနှစ်ပါးခမျာ ငိုရအခက်၊ ရယ်ရအခက်တွေ ဖြစ်ရော။ စိမ်းလဲ့အဖေက . . .

"ဒီလောက်ဖြစ်နေတဲ့ သမီး၊ ပေးစားလိုက်တော့ကွာ။ နောက်ဆို ရင် ဒုက္ခ သူ့ယောက်ျားယူလိမ့်မယ်"

"ကြားတဲ့ အတိုင်းပါပဲရှင်။ ကောင်းသလိုသာ စီစဉ်ကြပါတော့"

စိမ်းလဲ့ညိုမိဘတွေက အကြွင်းမဲ့ သဘောတူလိုက်၏။ နေရင်းထိုင်ရင်း မိန်းမတစ်ယောက်ရသွားရှာလေပြီ။ ကံကြမ္မာတစ်ဆစ်ချိုးဆိုတာ ကြာဆံနုလေး ချိုးကြည့်သလို ချိုးလို့မှမရတာ။ ကြရိုးကို ဒူးနဲ့တိုက်ချိုးသလို ကြောင်းခနဲ ချိုးခံလိုက်ရသလိုပါပဲ။

ဆန်းလင်းဆိုတာ ဆလံတွေသ၊ လက်ဖျားတွေခါ၊ အလေးတွေ ပြီး ကိုမင်းကို အချစ်နဲ့ပတ်သက်လာရင် လုံးဝမိုက်တဲ့ ဆရာကြီးလို့ ဘွဲ့



www.burmeseclassic.com

www.burmeseclassic.com



တပ်ပေးလိုက်သေး၏။ နိုင်စိုးကတော့ သူ့မိန်းမနဲ့ သူ့အမေတည့်ရေးအတွက် ဆေးနည်းတွင်တွင် တောင်းနေ၏။

"ငါ့ရဲ့ ဖုတ်ပူမီးတိုက် မင်္ဂလာဆောင်လေးပြီးအောင် စောင့်ဦးကွာ။ ပြီးရင် စီရင်ပေးမယ်"

"အင်းပါ ... ကိုမင်းဟာက ဖုတ်ပူမီးတိုက်ကြီးကိုး"

"ဟေ့ကောင် ... မင်းစကားက အနှောင့်အသွား လွတ်ရဲ့လား။ ကြည့်ပြောနော် ... ငါ့ယောက္ခမတွေကြားရင် မင်း နားကားသွားမယ်"

"နားက ကားပြီးသားပါ။ ဆရာကြီးဘွားလို ယောက္ခမရတာ ဘာမှန်းကို မသိဘူး။ သူ့သမီးကလည်း သူ့အိမ်ကို တစ်ခါလေးတောင် မပြန်ဘူး။ သူ့အဖေကလည်း သူ့သမီးကို တစ်ချက်ကလေးတောင် လာမမေးဘူး။ သိပ်ပြတ်သားတဲ့ သားအဖတွေဗျာ။ ဘယ်လိုလူစားတွေမှန်းကို မသိဘူး"

"မင်းက ဆရာကြီးဘွားနဲ့ ကြည်စေချင်လို့လား"

"မဟုတ်ပါဘူး။ သူ့ဘက်ကိုယ့်ဘက် သမမျှတမှုနဲ့ ဆက်ဆံရေးမျိုးလေး ရှိစေချင်လို့ပါ"

"ဆီနဲ့ရေနဲ့ပေါင်းတာ ရောလို့မရဘူးလေ"

ဆန်းလင်းက နားကြားပြင်းကတ်လာ၍ ...

"နံ့သာဆီနှင့်အီးနဲ့ ပေါင်းလို့မရဘူးသာ ပြောလိုက်ပေါ့ဗျာ။ နိုင်စိုးက အီး၊ ယဉ်မြက နံ့သာဆီ၊ ကဲ ... ရှင်းပြီလား"

နိုင်စိုး ထအော်ပြီး ဆန်းလင်းကို လည်ပင်းညှစ်နေ၍ ကိုမင်း မနည်းဆွဲထားလိုက်ရ၏။ ဆန်းလင်းက မောင်ကျန်ရစ်ကြီး ဖြစ်နေရှာတာကို သူ့မမမော်က အခုစိတ်တစ်မျိုး ပြောင်းသွားပြန်သတဲ့။

"ယောက်ျား မမုန်းတော့ဘူးပေါ့"

"ဟုတ်တယ် ... ဘယ်ယောက်ျားကိုမှ မမုန်းဘူး။ သူမုန်းတာ ကျွန်တော်တဲ့။ တွေ့တာနဲ့ နီးရာနဲ့ ကောက်ဆော်ချင်တယ်တဲ့"

ကောင်းရော ...။ နိုင်စိုးက ကျွတ်ကျွတ် ... ကျွတ်ကျွတ်နဲ့ စုပ်သပ်ပေးလိုက်လေသည်။

✿ ✿ ✿

[၇၂]

❑

ကိုမင်း မင်္ဂလာပွဲကလည်း အကျဉ်းရုံးရယ်သာ။ သူ့ဖက်၊ ကိုယ့်ဖက် ...တ်ရှိ၍ လူလာကြ၏။ လက်ဖွဲ့လည်း ရ၏။ စိမ်းလဲ့ညိုက သူမ လုပ်ချင် ...ာတွေ လျှောက်လုပ်နေတာကိုပဲ စိတ်ညစ်နေရ၏။ မင်္ဂလာညသို့ခံနေရင်းနှင့် ...မောင်းကို အပ်နဲ့လှမ်းဖောက်လို ဖောက်၊ သူများချကျွေးထားသည့် ရေခဲ ...နွဲ့တွေ ယူစားလိုယူစား။ ကိုမင်းရဲ့ပါးမှာ နှုတ်ခမ်းရာကြီးပေါ်သွားအောင် ...ကြားထဲ အာဘွားပေးလို ပေးနဲ့၊ အတော် ကသိကအောက်နိုင်၏။ ချစ်တဲ့ ...တ်နဲ့ ကြိတ်ပြီး ခွင့်လွှတ်လိုက်ရ၏။

မင်္ဂလာဦးညမှာ ပေါက်ကရမလုပ်ဖို့ ကိုမင်းက တား၏။

"မောင်တော်ကလည်း လူ့ဘဝရောက်တဲ့အခိုက်မှာ လုပ်ဖူးတယ်ရှိ ...အောင် လျှောက်လုပ်ကြည့်နေတာပါ။ နောက်တစ်နှစ်လောက်ဆို မောင်တော် ...ာ၊ နမတော်ပါ သိုက်နန်းပြန်ရတော့မယ်လေ"

"ဘာ ... မင်းနဲ့ပေါင်းမှ ငါလည်း ဥစ္စာစောင့် ဖြစ်နေရပြီ။ ဘာ ...ကြောင့် တစ်နှစ်ပဲ နေရတော့မှာပဲ"

"မယုံရင် စောင့်ကြည့်နေပေါ့။ သိုက်ချုပ်ဘိုးဘိုးကြီးက အိပ်မက် ...ပေးပြီး ပြောသွားတာ"

ကိုမင်း ခေါင်းသာကုတ်လိုက်မိတော့၏။

"ကောင်းပြီ ...။ အဲဒီသိုက် ဘယ်မှာလဲ။ ငါ့ကိုပြောစမ်း။ ငါ သွား...ော်ပြီး အပြတ်ရှင်းမှပဲ ငါတို့ကို မခေါ်တော့မှာ"



www.burmeseclassic.com

www.burmeseclassic.com



သူမကို အထာနှင့် လိုက်ဖောက်နောက်ပြောင် ပြောမိ၏။ အဲဒါကို စိမ်းလဲ့ညို့ အရမ်းစိတ်ဆိုး ဒေါသထွက်သွား၏။

"လောဘကြီးတဲ့လူ . . . ဖာတ်တူသား စားချင်တဲ့သူ။ ကိုယ့်အမိကို ကိုယ်ပြန်ခုတ်ချတဲ့သူ၊ မသမာတဲ့လူ၊ သွား . . . ရှင်လို လူယုတ်မာကို မပေါင်းဘူး၊ ပြတ်တယ်။ သိုက်ချုပ်ဘိုးဘိုးကလည်း ရှင့်ကို စိတ်ဆိုးနေတယ်၊ ထွက်သွား . . . အခုထွက်သွား . . ."

ကိုမင်းလည်း မင်္ဂလာဦးညမှာပင် ခွာပြုပြီး သတို့သမီးအိမ်ပေါ်မှ ဆင်းလာရတော့၏။ အမေဆိုတာ အံ့ဩလို့ကို မဆုံးနိုင်တော့။

"မနက်က မင်္ဂလာဆောင်တယ်။ ညကျတော့ ကွဲပြီကုန်တယ်။ ကောင်းကြသေးရဲ့လား . . . အရပ်ကတို့ရဲ့"

"အမေကလည်း တိုးတိုးပြောပါ။ အမေ့စကားကလည်း ညကျတော့ ကွဲပြီကုန်တယ်ဆိုတာကြီးကလည်း မဟုတ်သေးပါဘူး။ သဘောထားချင်း မတိုက်ဆိုင်လို့ ကွဲတယ်ပဲ လုပ်စမ်းပါဗျာ"

"တော်တော်တတ်တဲ့ . . . ကိုတော်တတ်ကြီးရယ်။ ရှင်ဖာတ်ကို ရှင်သာ ဆက်ကပေတော့။ ကျုပ်ကတော့ တရားစခန်းပဲ သွားဝင်တော့မယ်။ စိတ်ညစ်မခံနိုင်ဘူး"

"အဲဒါပဲ ကောင်းပါတယ် . . . အမေရာ"

ကိုမင်း အဲလောက်လေးသာ ပြောနိုင်တော့၏။ နောက်တစ်နေ့ ရှက်လို့ အပြင်မထွက်ရဲ။ ညနေစောင်းကျမှ ဆန်းလင်းတို့ လာခေါ်၍ လက်ဖက်ရည်ဆိုင်ကို တစ်ဖက်လမ်းပေါက်က ထွက်ရလေသည်။ ဒီဘက် လမ်းပေါက်ကဆိုလျှင် . . .

သိုက်နန်းရှင် မယ်မင်းကြီးမနဲ့ ဆုံတိုးမှာကို ကိုမင်း အသေလန့်နေ၏။

မိန်းမဆိုတာ မရှိမကောင်း၊ ရှိမကောင်းပါလားလို့ ဆန်းလင်းက ကြံဖန် သံဝေဂယူနေသေး၏။ နိုင်စိုးက အမှုမဝေရှုံတမည်။ ကိုမင်းက သက်ပြင်းတချချ။ ဩော် . . . ယူချင်ဦးဟ . . . မိန်းမ . . . ။

✿ ✿ ✿

|၃၃|

❑

"ကိုမင်း . . . ကိုမင်း . . . ယဉ်မြ . . . အိမ်က ပျောက်သွားလို့"

"ဟေ . . . ဟုတ်လား"

ကိုမင်း ဆံပင်ညှပ်နေစဉ် နိုင်စိုး အမောတကော ပြေးလာပြော၏။ ဆံပင်ညှပ်ခံနေသော လူကြီးမှာ စက်ကပ်ကြေးဖြင့် ခေါင်းအလယ်က ထိုးပြီးနေပြီ။ ခေါင်းတုံးတုံးမှာမို့ စက်ကပ်ကြေးဖြင့် အမြန်ထိုးလိုက်ခြင်းပင်။ ကျော်ကို ရပ်ပြီး . . .

"မင်းအမေ ပယောဂကြောင့်ဖြစ်မယ်။ သူနဲ့မတည့်တာနဲ့ မျက်လုံးအေါက်ထောက်ပြီး ပြဿနာရှာနေတာ။ အဲဒီဒဏ်ကို မခံနိုင်လို့ ထွက်သွားတာဖြစ်မယ်"

"ဟုတ်မယ် . . ကျွန်တော့်ကို ပဲခူးခဏာလွှတ်လို့ မနေ့ကတည်းက ဆင်းသွားနေတာ။ ခုနကမှ ပြန်ရောက်တယ်။ အမေက မင်းမိန်းမ စိတ်ဆိုးပြီး ဆင်းသွားပြီတဲ့။ အခန်းထဲမှာ ပျင်းကြောထူနေလို့ အမေက ထမင်းဟင်းချက်ခိုင်းတာ ထွက်မချက်ဘူး။ အမေနဲ့ အခြေအတင်စကားများပြီး ထွက်သွားတာတဲ့"

"အဲဒါကတော့ မင်းအမေ လွန်တာပါကွာ။ ဒါ ဘက်လိုက်ပြီး ပြောတာမဟုတ်ဘူး။ မင်းအမေလုပ်တာ များလွန်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဗျာ ... အမေဆိုတော့ ကျွန်တော်လည်း ဘာမှ ပြောပိုင်ခွင့်ရှိလို့လဲ။ ကျွန်တော့်မယားကိုပဲ ပြန်တွေ့အောင် ရှာရတော့မှာ ပေါ့"

"သူ့အဖေအိမ် ရောက်ပြီးပြီလား"

"မသွားရဲလို့ ကိုမင်းကို လာခေါ်တာ"

"မင်းက ငါ့ကို လူမိုက်ငှားတာပေါ့လေ။ မင်းအမေ လုပ်ပေါ်ကြောင့် ငါ ဒုက္ခရောက်တော့မယ်"

"တောင်းပန်ပါတယ်ဗျာ။ သေကောင်ပေါင်းလဲကို တောင်းပန်ပါ တယ်"

"တောက် ... ကွာ ... ခက်တော့တာပဲ"

ကိုမင်း တန်းလန်းကြီးထားပြီး ထွက်လာလိုက်၏။ ခေါင်းညှပ် နေသော လူကြီးက ...

"ဟိတ် ... ဟိတ်ကောင်လေး၊ ဒီမှာ မပြီးသေးဘူးလေ။ ငါ့ ခေါင်းကွက်ကြားကြီးနဲ့"

"အရေးကြီးလို့ ... ဦးလေးရေ၊ ဒိုပြင်ဆိုင်သာ ပြောင်းညှပ်လိုက် တော့"

လူကြီး ဒေါ်ပွကျန်ရစ်ခဲ့၏။ ဆရာကြီးဘွား အိမ်ရှေ့ရောက်တော့ အိုကေးနှင့် သွားတိုး၏။

"ဟော့ကောင် ... မင်း လာရဲသေးတယ်နော်"

"ဗျာ ... အဲ ... အစ်ကို ..."

"တော်စမ်း ..."

အိုကေးက နိုင်စိုးကို ဆောင့်တွန်းပစ်၏။ ကိုမင်းက ...

"အိုကေး ... စိတ်ထိန်းပါကွာ။ ယဉ်မြ ဒီကိုရောက်နေပြီလား"

"ရောက်တော့ ဘာဖြစ်လဲ။ မင်းလည်း အတူတူပဲ။ သွား ... ထွက် သွား"

ကိုမင်းကိုပါ ဆောင့်တွန်းပစ်၏။ ကိုယ့်ဘက်က မှားထားတော့ သည်းခံရတော့တာပေါ့။





အိုကေးကို နိုင်စိုးက အသည်းအသန်တောင်းပန်၏။ အိုကေးက နိုင်စိုးကို ထိုးကြိတ်ပစ်၏။

ကိုမင်း ဝင်ပြောတော့ ...

"မင်းလားကွ ... ဆရာ ... ကဲကွာ ..."

"ခွပ် ..."

"အား ..."

"ကဲကွာ ..."

"ခွပ် ..."

"အီး ..."

"ကဲကွာ .."

'ဖတ် ...' ခနဲ လက်သီးကို ဆုပ်ကိုင်ထားလိုက်၏။

"မင်းလွန်ပြီ များနေပြီ ... အိုကေး။ ဘယ်မှာလဲ ... ယဉ်မြ၊ ငါလည်း ညစ်နေတာနော်။ လူသတ်ချင်နေပြီ"

အိုကေး မြူးလန့်သွား၏။ နိုင်စိုးက လက်သီးရွယ်လိုက်တော့မှ–

"အ ... ဟာ ... မလုပ်ပါနဲ့ကွာ။ ယဉ်မြ မရှိတော့ဘူး။ ငါ့အဖေ ခေါ်သွားတယ်။ ဘယ်ခေါ်သွားလဲဆိုတာ ငါ့လည်း ပြောမသွားဘူး"

နိုင်စိုးက ဒေါသလက်သီးသုံးလုံး ဆက်တိုက်ကျွေးပစ်၏။ အိုကေး မှာ နှာခေါင်းသွေးတွေ လျှံထွက်ကုန်၏။ ဘေးအိမ်တွေက ဝိုင်းတားလာ ကြ၏။

အိုကေး တကယ်သိပုံမရ၊ နိုင်စိုးကို အတင်းဆွဲခေါ်ပြီး ပြန်လာရ ၏။ အိမ်ထဲမှာလည်း လူရိပ်လူယောင် မမြင်။ နိုင်စိုး ရှိက်ကြီးတငင်နဲ့ ပေါက် ကွဲအော်ဟစ်နေ၏။

"ဟော့ကောင် ... စိတ်ထိန်းစမ်း။ မင်းမှ အသည်းကွဲတတ်တာ မဟုတ်ဘူး၊ ငါလည်း အသည်းကွဲတတ်တယ်ကွ။ မင်းလိုပဲ ငါလည်း ငါ့မိန်းမ နဲ့ ကွဲနေတာပဲ။ မင်းကမှ ရက်ကြာကြာ ပေါင်းလိုက်ရသေးတယ်။ ငါဆို ဘာမှန်းတောင် သေချာမသိလိုက်ဘူး။ ခံနိုင်ရည်ရှိစမ်းပါ။ ယောကျ်ားပဲ"

"အဟီး ... ဟီး ... ကိုမင်း ဘာသိလို့လဲ။ ကျွန်တော် ယဉ်မြကို အသက်မက ချစ်တာဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း မင်းလိုပဲပေါ့ကွ"

နှစ်ယောက်သား ဖက်ငိုနေမိကြ၏။ အချို့က မယားတရူးတွေ့ရ သော အကြည့်ဖြင့် ကြည့်သွားကုန်ကြ၏။

"ယဉ်မြနဲ့ပြန်တွေ့ရင် နှစ်ယောက်တည်းပဲ နေတော့မယ်။ အိမ်ငှား နေမယ်ဗျာ"

"အေး … အဲဒါပဲ ကောင်းတယ်"

"ယဉ်မြကို ရေမြေဆုံးပါစေ၊ တွေ့အောင်လိုက်ရှာမယ်"

"မင်းကမှ ရှာလို့တွေ့ဦးမယ်။ ငါက တွေ့ရဲ့သားနဲ့ ရှာမရတာ။ သိုင် နန်းကို တစ်ခါလေး နောက်ပြောင်ပြောမိပါတယ်။ တန်းခွဲခံလိုက်ရရော"

ကိုမင်းနှင့် နိုင်စိုးတို့အဖြစ်ကို ဆန်းလင်း သိပြီး ရင်ထုမနာဖြစ် ရှာ၏။

"ခင်များတို့ချည်း အသည်းကွဲနေတာမဟုတ်ဘူး။ ကျွန်တော် လည်း ကွဲနေတာ။ ကျွန်တော့်မမမော် ပါသွားပြီဗျ … ပါသွားပြီ"

"ပါရင်လည်း ကျူးလိုက်ပေါ့ကွာ။ ဘေးလူတွေ နံကုန်ဦးမယ်"

"ဘာလဲဗျ … အီအီးပါသွားတာ မဟုတ်ဘူး။ သူများနောက်လို ပါသွားတာဗျ"

"ဘယ်သူနဲ့ ပါသွားတာလဲ"

"ယောက်ျားစိတ်ပေါက်နေတဲ့ မောင်ငြိမ်းဆိုတဲ့ကောင်မနဲ့ ပါသွား တာ။ အဟစ် … ဟီး … ဟီး … ဟီး …"

"တော်ပါကွာ … ပြီတ္တာတို့မျက်ရည် မြေမကျကောင်းပါဘူး"

ကိုမင်း တားလည်းမရ။ သုံးယောက်လုံး ဖက်ငိုလိုက်ကြတာမှ ချုံးပွဲချ။

✿ ✿ ✿

|၃၄|

❑

"ဟား … ဟား … ဟား … မင်း ကံနိမ့်သွားပြီ … ငမင်း။ မိန်းမရလိုက်တာ ကံနိမ့်တာပဲ။ ပြီးတော့ မင်း ကတိဖျက်တယ်။ စကား မတည်ရင် ငါလုပ်သမျှ မင်းခံပါ့မယ်လို့ ကတိပေးပြီးသား။ ဟား … ဟား ဟား … အဲဒီတော့ မင်း ခံပေတော့ကွာ"

ဆရာကြီးဘွားက ပိတ်စနှင့်လုပ်ထားသော အရုပ်ကို ကြက်သွေး သုတ်လိမ်းထား၏။ ကိုမင်းရဲ့ ဆံပင်၊ လက်သည်း၊ ခြေသည်း၊ ကိုယ်တိုင်း တွေကို ကိုမင်း ယကြာချေ၍ ချောင်းထဲကို ပလပ်စတစ်ထုပ်နှင့် သွားစွန့် တာကို လိုက်ဆယ်ယူပြီး ရထားပြီးပြီ။ ကိုမင်းကို တုံ့ပြန်ဖို့ စီရင်ထားပြီးပြီ။ ယဉ်မြက ခပ်လှမ်းလှမ်းမှာ နွမ်းနွမ်းမှိုမှိုလေး ထိုင်ကြည့်နေ၏။

ဆရာကြီးဘွားက လယ်ပြင် ယာတဲဟောင်းတစ်ခုဆီကို ခေါ်လာ ခဲ့ခြင်းပင်။

စစ်သုံးကျောပိုးအိတ်နှင့် သယ်လာသော အသုံးအဆောင်တွေနှင့် ပြင်ဆင်ခင်းကျင်းထား၏။ ဒီနောက်မှာတော့ …

"နင့်ကောင်နိုင်စိုးလည်း ခံရဦးမယ်။ ပြီးတော့ နင့်ယောက်ျမ၊ အခု တော့ အခါတော်ပေးတဲ့ ငမင်းအလှည့် … ဟား ဟား ဟား ဟား"

ဆရာကြီးဘွားက အရုပ်ဘေးမှာ အပ်ကြီးအပ်ငယ်၊ ဓားချွန်၊ အမျိုးစုံ ချထား၏။ ဘေးနားမှာ မီးဖိုထားလိုက်သေး၏။

ဒီနောက်မှာတော့ ပညာရပ်ဆိုင်ရာတွေ ရွတ်ဆိုမန်းမှုတ်ပြီး သူ့ အလုပ်သူ ဆက်လုပ်နေ၏။ ယဉ်မြခမျာ ပင်ကိုစိတ်တစ်ဝက်၊ ဆရာကြီးဘွား



www.burmeseclassic.com

www.burmeseclassic.com



ခေးတိုက်ထား၍ အခြားစိတ်တစ်ဝက်ဆိုသလို ဖြစ်နေ၏။ လူကသာ ငြိမ်နေသော်လည်း စိတ်ထဲက ယောက်ယက်ခတ်၊ ပျားပန်းခတ် ဖြစ်နေရှာ၏။

"ငမင်း ဘုန်းကံနိမ့်နေတဲ့ မင်းမှာ ဘာဆေးခံဝါးခံမှ မစွမ်းတော့ဘူး။ ငါ့ကိုပေးထားတဲ့ ကတိဖောက်တယ်။ ငါ့သမီးကို သားမှတ်မှတ်၊ မယားမှတ်မှတ် ပေါင်းမယ်ဆိုပြီး ငါ့သမီး စိတ်ဆင်းရဲအောင်လုပ်တယ်။ အဲဒါကြောင့် ငါလုပ်သမျှ မင်းခံရမယ်။ မင်းခံမယ်လို့ ကတိပေးခဲ့တယ်။ ဒါကြောင့် ... ကဲကွာ ..."

ဆရာကြီးဘွားက စိတ္တဇလူနာကြီးပမာ အငြိုးအတေး၊ အစွဲတွေနှင့် ပိတ်စရုပ်ကြီးကို ကိုမင်းအထင် သက်ဝင်၍ အပ်နှင့်ထိုးစိုက်တော့၏။

တစ်ချောင်းပြီး တစ်ချောင်း ...

အပ်သေး၊ အပ်လတ်၊ အပ်ကြီး၊ စူးချွန်၊ ဓားချွန်တွေဖြင့် နေရာအနှံ့ ထိုးစိုက်ဆွနဲ့ လုပ်နေလေတော့သည်။

✿ ✿ ✿

[၃၅]

❑

"အား ... အမေရေ ... အောင်မလေးဗျ"

"ဟင် ... သား ... ဘာဖြစ်တာလဲ။ ထမင်းစားနေရင်း အကောင်းသားကြီးကနေ"

"ဗိုက် ... ဗိုက်ထဲက ထိုးအောင့်တယ်။ ငယ်ငယ်တုန်းက လေနာပြန်ထပြီနဲ့တူတယ်။ အား ... လေထိုးနေတာ။ ဗိုက်ကို သံချွန်နဲ့ထိုးလိုက်တဲ့အတိုင်းပဲ။ အား ... နာ ... နာတယ်"





"သား ... သား ... ဟဲ့ ... ဘေးအိမ်က မစုတို့၊ မအေးကြည်တို့ လာကြပါဦး။ ငါ့သားလေး လေတွေလူးပုံအောင် ထိုးနေလို့တဲ့"

ဘေးအိမ်ကလူတွေ ပြေးတက်လာကုန်ကြ၏။ ဦးရခိုင်က သူ့ဆိုင်ကယ်(လ်)ဖြင့် ဆရာဝန် ပြေးပင့်၏။

ကိုမင်းတစ်ယောက် ခံရချက်က မသက်သာ။

နိုင်စိုးနှင့်ဆန်းလင်းတို့လည်း အပြေးတစ်ပိုင်း ရောက်လာကုန်ကြ၏။

"အမယ်လေး ... ခေါင်းကို သံမဏိစူးချွန်တွေနဲ့ ထိုးစိုက်လိုက်သလိုပဲ ... အား ... သေပါပြီဗျ။ လည်ပင်းက နာလိုက်တာ။ အိုး ... ကျွတ် ... ကျွတ် ... ကျော ... ကျောက အောင့်တယ်။ အီး ... ဝမ်းဗိုက်က အောင့်တယ်"

ကိုမင်း ကြမ်းပြင်ပေါ်မှာ ငါးလူးငါးပုံ လူးလိမ့်အော်ဟစ်နေ၏။ ဘုရားစင်ရှေ့နား လိမ့်ရင်းနှင့် ရောက်လာ၏။

ကိုမင်းနားထဲမှာ ဆရာရသေ့ရဲ့အသံ ကြားယောင်လာ၏။

"မင်း သေလိမ့်မယ်၊ အသေမခံနဲ့။ မင်းပညာတွေ ဘုန်းကံနိမ့်လို့ စည်းဖောက်လို့ အသုံးပြုလို့ မရတော့ဘူး။ ဆေးခံ၊ ဝါးခံလည်း မစွမ်းတော့ဘူး။ မင်းအားကိုးရမှာ ဘုရားပဲရှိတော့တယ်။ ဂဏ်ဝါဠ သဲစုမက ပွင့်တော်မူပြီးသော မြတ်စွာဘုရားရှင်တွေရဲ့ တန်ခိုးတေဇော်၊ အာနုဘော်ကို အာရုံပြုကန်တော့။ ဆယ်ပါးသော တရားတော်မြတ်တွေကို အာရုံပြု။

ဝိမုတ္တိရသအားဖြင့် တစ်ပါး၊ ဓမ္မဝိနာယအားဖြင့် နှစ်ပါး၊ ပိဋကတ်အားဖြင့် သုံးပါး၊ နိကာယ်အားဖြင့် ငါးပါး။ ဓမ္မာခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်သော တရားတော်မြတ်တို့ရဲ့ တန်ခိုးတေဇော်၊ အာနုဘော်တို့ အစွမ်းတွေကို ရည်ညွှန်းကန်တော့။ ပရမတ္တသံဃာတော် ဂုဏဝန်ပညာဝန် အရိယာအရှင်သူမြတ်အပေါင်းရဲ့ တန်ခိုးတေဇော် အာနုဘော်တွေကို ရည်စူးဦးခိုက် ကန်တော့လိုက်၊ ယံဒုန္နိမိတ္တံ ဂါထာတော်ကြီးကို အနက်အဓိပ္ပာယ် သိသိ၊ အဓိပ္ပာယ်ရှိရှိ ရှိသေမြတ်နိုး၊ လက်စုံမိုးပြီး ကန်တော့။ ဂါထာတော်ကိုသာ အဆက်မပြတ် ရွတ်နေပေတော့ ချစ်တပည့်။ အဲဒါ မင်းရဲ့ အသက်ရှင်လမ်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာရသေ့ရဲ့ အသံပျောက်သွား၏။

ဂါထာတော်မြွတ်ကို အမိပ္ပာယ်ပေါ်လွင်အောင် ရည်ညွှန်းရှုတ်ချ လိုက်တော့၏။

ဂါထာ တစ်ခေါက်၊ ဂါထာ နှစ်ခေါက်၊ ဂါထာ သုံးခေါက်၊ ဂါထာ လေးခေါက်၊ ... ငါးခေါက် ... စသည်ဖြင့်ပေါ့။

✿ ✿ ✿

[ ၃၆ ]

❑

"အ ... အ ... အား ... ပူတယ်၊ အောင်မလေးဗျ ... ပူတယ် ဟ ..."

"အဖေ ... အဖေ ... မထနဲ့လေ။ အပေါ်ကျပ်ခိုးစင်မှာ ရေနံဆီ ပုလင်း ... ဟာ ... မှောက် ... မှောက် ..."

ဆရာကြီးဘွားရဲ့ ပုဆိုးစတစ်ဖက် မီးဖိုဘေးချထားမိ၍ မီးစွဲလောင် ပြီး ဆရာကြီးဘွား လန့်ခုန်ထ၏။ ကျပ်ခိုးစင်ပေါ် မီးမွှေးစဉ်က တင်ထား သော ရေနံဆီပုလင်းက သူ့ကိုယ်ပေါ် လောင်းချလိုက်သလို ဖြစ်သွား၏။

စွဲနေသောမီးက ဆရာကြီးဘွားတစ်ကိုယ်လုံးကို ကျွမ်းမြိုက် လောင်ကုန်၏။





"အား ... အောင်မလေး ... သေပါပြီဗျ ... ကယ်ကြပါဦးဗျ"

အကုသိုလ်ကြီးသော သူကို အကုသိုလ်ကံကြီးကသာ အကျိုးပေး ၏ ယဉ်မြကအဝတ်ရေစိုဖြင့် ဆရာကြီးဘွားကိုယ်ပေါ်က မီးတောက်ကို ိုက်ငြိမ်းသတ်သော်လည်း မီးသေမသွား။ ပိုလို့ပင် တောက်လောင်သွား သေး၏။

"သမီးရေ ... ကယ်ပါဦး ... အဖေ့ကို ... အား ... ပူ ... ူ ... ပူတယ် ... အား ..."

ဆရာကြီးဘွား ထွန့်ထွန့်လူးကာ အော်ဟစ်ထွက်ပြေးရင်း တဲပေါက်ဝ ှာ လဲကျသွား၏။ ယဉ်မြလည်း အပြင်ကို ကမန်းကတန်း ထွက်လိုက်ရ ၏ မီးက တဲကိုပါစွဲလောင်ပြီး အဟုန်ကြီး ထတောက်လောင်၏။

ယဉ်မြ ခပ်ဝေးဝေးကသာ ကြောင်ငေါင်ငြီး လှမ်းကြည့်နေမိ၏။

ပိတ်စရုပ်ကို အပ်နှင့်ထိုးနေရင်း အဖေဖြစ်သူ သူ့ပုဆိုးကို မှန်ခါ ိုက်၏။ ပုဆိုးအနားစက မီးဖိုဘေးရောက်သွားပြီး မီးစွဲလောင်သွားခြင်း ၏ မီးဆိုတာ ပေါ့ဆလို့မရ။ သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် န်သူအစစ်။

ဆရာကြီးဘွားကို ကယ်ထုတ်လို့မရ။ မီးသင်္ဂြိုဟ်ပြီးသား ဖြစ်သွား သပြီ။ လူမိုက်တို့ရဲ့ သွားရာလမ်းကို ပြာဖြစ်ပြီး လှမ်းသွားရလေပြီ။

ယဉ်မြလေးခမျာ ဖခင်ဖြစ်သူရဲ့ အဖြစ်ဆိုးကိုကြည့်ကာ ရင်ထုမနား ိုတင်ကဲ ဝမ်းနည်းပက်လက် အသံကြီးဖြင့် ...

'အဖေ' ဟု ကျိုးအော်မြည်တမ်းလိုက်မိလေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## |၃၇|

❑

ဘုရား တန်ခိုးတော် ...

တရား တန်ခိုးတော် ...

သံဃာတန်ခိုးတော်ဖြင့် ကိုမင်းရဲ့ လေထိုးလေအောင့် လေနာရောဂါ ပျောက်ကင်းသက်သာသွား၏။ ဆရာဝန်ရောက်ရှိလာပြီး စမ်းသပ်ဆေးပေးသွား၏။ မိခင်ဖြစ်သူလည်း ယခုမှပင် စိတ်ချမ်းသာရတော့၏။

''သားလေး ... မသေလို့ တော်ပါသေးရဲ့။ နေ့တိုင်းညတိုင်း ဘုရားရှိခိုးရတဲ့ အကျိုးကျေးဇူးကြောင့် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေက စောင့်ရှောက်ကယ်တင်ကြတာပေါ့''

ဘေးအိမ်ကလူတွေရော သူငယ်ချင်းတွေပါ ဝမ်းသာကုန်ကြ၏။ အဲဒီညနေစောင်းမှာပင် သတင်းရောက်လာ၏။ ယာတဲရှိ လယ်လုပ်နေသူတွေက ဝိုင်းဝန်းပြီးမီးလာ ငြိမ်းသတ်ကြ၊ ယဉ်မြကဲ သွေးပျက်ပြီး ရူးနှမ်းသူလိုကြောင်တောင်ငေါင်နေ၍၊' ပြာပုံထဲကအလောင်းရဲ့ အရိုးတွေတွေ့၍ ရဲကိုအကြောင်းကြားလိုက်၏။





ရဲက လာစစ်ဆေးပြီး ယဉ်မြကို ခေါ်ဆောင်သွား၏။ စခန်းရောက်မှ စစ်ဆေး၍ ယဉ်မြအမှန်အတိုင်း ပြောပြခဲ့၏။ ဒီတော့မှ နိုင်စိုးဆီကို အကြောင်းလာကြားလေသည်။

ယဉ်မြကို နိုင်စိုးတို့သားအဖက အာမခံဖြင့် ပြန်ထုတ်ကြ၏။ ကိုမင်းသတင်းကိုကြား၍ စိမ်းလဲ့ညိုတို့မိသားစု ပြေးလာကြည့်ကြ၏။ ကိုမင်း ပြန်ကောင်းနေ၍ စိမ်းလဲ့ညိုလည်း အမျက်တော်ပြေပြီး လင်မယား ပြန်ပေါင်းဖြစ်ကြလေသည်။

နိုင်စိုးတစ်ယောက် ယဉ်မြကို အိမ်ငှားပြီး ဆက်ပေါင်း၏။

နောက်သုံးလကြာမှ ဆရာကြီးဘွား သေဆုံးသည့်အမှုကို ပိတ်လိုက်နိုင်၏။ ကိုမင်းတို့ဇနီးမောင်နှံလည်း ပျော်ပျော်ပါးပါး ဖြစ်နေကြပြီ။ ဆန်းလင်းလည်း ရည်းစားအသစ်နှင့် ချက်တည့်နေ၏။ နိုင်စိုးတို့လင်မယားတာ မတည့်။ တကျက်ကျက်ဖြစ်နေ၏။

''ကျွန်တော် ဘယ်လောက်ပဲ အကောင်းပြောပြော၊ အကောင်းလုပ်လုပ် ယဉ်မြက အကောင်းမထင်ဘူး။ ဘုဂလန့်တိုက်ပြီး ရန်လိုနေတယ်။ ညဘက်အိပ်ရင် ကျွန်တော့်ကို လည်ပင်းထညှစ်တာ သုံးလေးခါရှိပြီ။ ဖြတ်နိုက်ပြီး ဘာလုပ်တာလဲမေးရင် ချစ်လို့ ကျီစားတာပါတဲ့။ မနေ့ညကတော့ ဓားနဲ့ ရင်အုံကို ထိုးစိုက်ဖို့လုပ်နေတာ ကျွန်တော် လန့်နိုးပြီး ရှောင်လိုက်လို့ သီသီလေး လွတ်သွားတယ်။ ယဉ်မြကို ဆက်ပေါင်းရမှာ ကျွန်တော်ကြောက်နေပြီ ... ကိုမင်း''

''ငါလည်း အရင်လောက် အစွမ်းအာဏာ မထက်တော့ဘူး။ ဒါပေမဲ့ စစ်ဆေးကြည့်တာလောက်တော့ ရပါသေးတယ်''

နိုင်စိုးတို့အိမ်ကို လိုက်သွားပြီး ယဉ်မြကို စစ်ဆေး၏။ ယဉ်မြက စစ်ဆေးမခံ။ ကိုမင်းကို နီးရာနဲ့ ကောက်ပေါက်နေ၏။

''ငါ့အဖေကို သတ်တဲ့ကောင် ... ငါ မကျေနပ်ဘူး။ ခင်းကို ပြန်သတ်ရမှ ကျေနပ်မယ်။ ဟင်း ... ဟင်း ... ဟင်း ...''

နိုင်စိုး၊ ဆန်းလင်း၊ အနီးဝန်းကျင်က လူတွေ ဝိုင်းဆွဲထားရ၏။ ယဉ်မြပုံစံက အမှောင့်ပယောဂ ပူးကပ်သလို လူစိတ်ပျောက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"နိုင်စိုး ..."

"ဗျာ ... ကိုမင်း"

"မင်းမိန်းမ ဘူးတွေ၊ စက်တွေ၊ အပင်းတွေ သွင်းခံထားရတယ်။ ဆရာကြီးဘွားရှိတုန်းက လုပ်သွားခဲ့တာပဲ။ အဲဒါတွေကို မဖြတ်တောက် မဖျက်ဆီးရင် တစ်နေ့ မင်းမိန်းမက ကဝေဖြစ်ရင်ဖြစ်၊ မဖြစ်ရင် မိစ္ဆာဆိုးဖြစ်တဲ့ ဆရာကြီးဘွားလိုမျိုး ဖြစ်လာမှာပဲ"

နိုင်စိုး အံ့သြတုန်လှုပ်သွား၏။ ကိုမင်းကို အားကိုးတကြီး ကြည့်ပြီး ...

"ကျွန် ... ကျွန်တော် ... ဘာလုပ်ရမလဲ ... ကိုမင်း"

"ငါ့ရဲ့ဘရသေ့လို ဆရာမျိုးပဲ အဲဒါတွေ ပြန်ထုတ်နိုင်မယ်။ ဒါပေမဲ့ ဘရသေ့က တောတောင်ထဲ ဂန္ဓာရီလှည့်နေတာ လိုက်ရှာရ ခက်တယ်။ နောက်ထပ် အဲဒါတွေ ထုတ်နိုင်တာ ရွှေရောင်ပြ ဆရာတော်ကြီးရှိတယ်။ ဆရာတော်ကြီးက မေတ္တာသက်သက်ပဲ ပွားများတော့တယ်။ အဲဒါတွေ မကုတော့ဘူး။ ကုခိုင်းလို့လည်း ရမှာမဟုတ်ဘူး"

"ကိုမင်း ... အဲဒါဆို ယဉ်မြကို ဘာလိုလုပ်ရမလဲ"

"သူ့ဘာသာသေသွားရင်တော့ ကိစ္စပြီးတာပေါ့။ သူ့ကို သတ်ယ်လို့လည်း မဖြစ်ဘူး။ သူ့ကိုကုနိုင်တာ ကုသိုလ်ကောင်းမှု အမြဲပြုလုပ်တဲ့နည်းပဲ။ နေ့စဉ် ဘုရားစာ ရွတ်ဖတ်ပူဇော်မယ်။ တရားထိုင်မယ်။ မေတ္တာဘာဝနာ ပွားများမယ်ဆိုရင် သူ့ကိုယ်တွင်းကို မကောင်းတာတွေ မကပ်နိုင်တော့ဘူး။ သူ အဲလို လုပ်နိုင်ပါ့မလား"

"သူ့မှာ မူလစိတ်ခံ၊ ကြင်နာသနားစိတ်လေး ရှိသေးတယ်။ ကျွန်တော် စည်းရုံးကြည့်ဦးမယ်။ ကိုမင်း ..."

နိုင်စိုး တစ်ပတ်လောက် နားချသိမ်းသွင်း၏။ ယဉ်မြကို စိတ်ပြိမ်ဆေးလည်း တိုက်၊ တရားခွေလည်း နာကြားခိုင်း၏။ ယဉ်မြစိတ်တွေ ပျော့ပျောင်းညွတ်နူးလာ၏။ အဲဒီတော့မှ နိုင်စိုးပြောတဲ့စကား အရာဝင်သွား၏။

"ကျွန်မ သီလရှင်ဝတ်ချင်တယ်။ မပျော်ရင် သုံးနှစ်၊ ပျော်ရင် တစ်သက်လုံး ဝတ်မယ်"





နိုင်စိုးက ကိုမင်းကို ပြောပြ၏။ ကိုမင်းက အမြန်ဝတ်ခိုင်းလိုက်၏။ တန်ဆောင်းဘေးရှိ သီလရှင်စာသင်တိုက်မှာ ယဉ်မြ သီလရှင်ဝတ်ဖြစ်သွား၏။

သီလရှင်ဘွဲ့အမည်က 'မင်္ဂလာ' တဲ့။

နိုင်စိုးကိုပင် အတွေ့မခံတော့။ တစ်လလောက်အကြာမှာ တရားအလွန်ကြိုးစားအားထုတ်သော သီလရှင်တစ်ပါးဖြစ်သွား၏။

နိုင်စိုးခမျာ ကောင်းရာမွန်ရာ ရောက်သွားပြီး ဘာသာတရားအလုပ်ကို ဖောက်ချလုပ်သွား၍ ယဉ်မြအတွက် လိုက်လှဲဝမ်းသာ၏။

ချစ်သူ လင်မယားဘဝကို ဆုံးရှုံးလိုက်ရ၍ တစ်ခုလပ်ဘဝနှင့် အထီးကျန်နေရတာကို နိုင်စိုးဝမ်းနည်းပက်လက် ယူကျုံးမရဖြစ်မိလေသည်။

ဆန်းလင်းက အားပေး၏။

"အချစ်က ရစ်ရင်လည်း ငါ့လို အသစ်ရှာလိုက်ပါတော့ ... သူငယ်ချင်းရာ။ အဲဒါ စိတ်သက်သာတယ်ကွ"

"နေပါ ... သားကြီးရာ။ တစ်ပူပေါ် နှစ်ပူ မဆင့်ပါရစေနဲ့"

"ရုပ်ရှင်မင်းသမီး ဝတ်မှုံရွှေရည်ကို ရမယ်ဆိုရင်ကော မင်းယူဦးမှာလား"

"အဲဒါတော့ ခြွင်းချက်ပေါ့ကွာ။ ဝတ်မှုံရွှေရည်က ကမ်းလှမ်းရင် ငြင်းရမှာ အားနာပါတယ်"

အရူးနှစ်ယောက် အတိုင်အဖောက်ညီနေကြတာကို ကြည့်ပြီး ကိုမင်းနှင့်စိမ်းလဲ့ညိုတို့ ပြုံးရယ်မိကြ၏။ စိမ်းလဲ့ညိုက ...

"ဝတ်မှုံရွှေရည်ကို ရမယ်ဆိုရင် ကျွန်မကိုမေ့ပြီး ရှင်လည်း ယူမှာပဲ မဟုတ်လား"

"မယူပါဘူး။ ကိုယ်ယူချင်တာက စိုးမြတ်သူဇာလို တစ်တုံးတစ်ခဲကြီးကို"

"အံမယ် ... အဲဒါ အသက်ကြီးနေပြီ"

"ကြီးကြီးလေ ... အဓိကက အဓိကပါပဲ"

"ဘာ ..."



www.burmeseclassic.com

www.burmeseclassic.com



''ဩော် . . . ခန္ဓာကိုယ်က ထွားတော့ နပန်းလုံးရင် သိပ်လုံး
ကောင်းမှာ။ အဲဒါကို အဓိကလို့ ပြောတာပါ။ အဟဲ . . . စိတ်ဆိုးပြီး စိ
မဖောက်ပါနဲ့၊ အလကားပြောနေတာ။ ကိုယ်တကယ်ချစ်တာက ဟော
နတ်မိမယ်လေး မြနန်းသူကိုပေါ့။

အို . . . နှမတော်လေးရယ် ယုံပါကွယ်''

သူမက ချစ်မျက်စောင်းလှလှလေး ပိတ်ထိုးပစ်လိုက်ပြီး . . .

''သွားပါ . . . သူများစိတ်ဆိုးမှန်းသိလို့ အတင်းချော့နေတာ
မသိဘူးများ မှတ်နေသလား။ သွား . . . ရှင်နဲ့ သုံးလကွဲတယ်။ အိမ်ကို မ
ခဲ့နဲ့။ ခွေးနဲ့ ရှူးတိုက်လွှတ်မှာနော်။ လမ်းမှာတွေ့လို့ လိုက်ခေါ်ကြည့် ကော
ကင်ပွင့်ထွက်အောင် အော်ပစ်လိုက်မယ်။ ဒါပဲ''

စိတ်ဆိုးပြီး သူမ ထွက်သွား၏။

''နှမတော် . . . နှမတော်လေး . . .''

လို့ လိုက်ခေါ်တော့ အများကြားပြီး ဝါးခနဲရယ်ကုန်သည့် စကာ
ကို သူမ ဆိုသွား၏။ ဘာတဲ့ . . .

''သေတော်မူပါ . . . မောင်တော်ဘုရား'' တဲ့။



www.burmeseclassic.com

## ရောဝတီကမ်းက ခုနစ်တွေအလွမ်း

❑

ရောဝတီ မြစ်ရေအလျှင်သည် အရှိန်ပြင်းစွာ စီးဆင်းလျက်ရှိ၏။

ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဟု ဆိုခဲ့ပြီး၊ ယခုနှစ် နယုန်လမှာပင် မိုးက ကောင်း၍နေပြန်သည်။ 'နယုန်မိုးသေး မြက်သားမွေး' ဆိုသော်လည်း သည်နှစ် နယုန်မိုးမှာ ဖွဲဖွဲမဟုတ်၊ သည်းသည်းလှုပ်လှုပ်၊ မည်းမည်းအုပ်အုပ် ရွာချက်က ကောင်းလှ၏။

မိုးဦးကောင်းသော နှစ်ပင်တည်း။

မိုးဦးကောင်းပြီဆိုတော့ တောင်ကျချောင်းတွေလည်း စောစီးစွာ ရေစာဝ၍ ပြောင်းလန်အောင် ကဆုန်စိုင်းပြီး ရောဝတီမြစ်ထဲကို ခုန်ဆင်းနေခြင်းကြောင့် ရောဝတီမြစ်ရေပြင်ကြီးမှာ မြစ်ညာမှ မြစ်အောက်ဖက်သို့ အရှိန်အဟုန် အလုံးအရင်းကြီးစွာဖြင့် စီးဆင်းနေခဲ့ခြင်းဖြစ်၏။

ရောဝတီ၏ အရှေ့ဘက်၊ အနောက်ဘက်ကမ်းပေါ်မှ တောရိပ်တောင်တန်းကြီးတွေအပေါ် သည်နယုန်လမှာပင် အမြဲတမ်း မိုးမှောင်ကြီးကျနေတတ်သည်။ မိုးဦးကောင်းမည့် နိမိတ်လက္ခဏာ။

မိုးဦးကောင်းလျှင် မိုးလယ်ညံ့တတ်သည်။

မိုးလယ်မညံ့သေးဘူးဆိုလျှင် မိုးနှောင်းညံ့တော့မည်။

သို့ရာတွင် မိုးဦးကောင်းလို့ကတော့ တောင်သူလယ်သမားတွေ အကြိုက်ဖြစ်၏။





ဆည်မြောင်းချောင်းကန်တွေထဲမှာ စောစောစီးစီးရေတွေ ပြည့်လျှံနေပေမည်။

ယခုလို နိုင်ငံတော်၏ တည်ဆောက်နေသည့် အချိန်မျိုးတွင် ဆည်ကြီးတွေ၊ အင်းကြီးတွေ နေရာမလပ် တည်ဆောက်ထားသဖြင့် မိုးဦးကောင်းသည့်အခါကပင် ဆည်ကြီးတွေ အင်းတွေထဲမှာ ရေတွေပြည့်အောင် သိုလှောင်ထားသည်။

ထိုမှ ပိုလျှံသောရေများကို ဆည်တံခါး၊ ရေလွှဲပေါက်များမှ အမိရောဝတီမြစ်မကြီးထဲကို ပို့လွှတ်ပေးမည်။

ရောဝတီ မြစ်ကြီးက မိုးဦးရေများကို မြန်မာ့ပင်လယ်ပြင်ကြီးသို့ သဘောထားမြင့်မြတ်စွာဖြင့် သယ်ယူပို့ဆောင်ပေးနေကျအတိုင်း သယ်ယူပို့ဆောင်ပေးသွားမည်ဖြစ်သည်။

မိုးဦးကောင်းပြီး မိုးလယ်ကောင်းလျှင်လည်း ဆည်တံခါး အင်းရေလွှဲပေါက်တွေမှတစ်ဆင့် ပိုလျှံရေများကို ပို့လွှတ်ပေးနေဦးမည်သာ။

မိုးနှောင်းပါဆက်၍ ကောင်းနေမည်ဆိုပါတော့။ ထိုဆည်များ၏ တံခါးများ ရေလွှဲပေါက်ကြီးတွေကြောင့် ရေကြီးမှာကို ယခင်ကလောက် စိုးရိမ်ရတော့။

ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူဟု ဆိုအပ်သော ရန်သူမျိုးငါးပါးတွင် တစ်ပါးပါဝင်သောရေဘေးကို အလွန်အမင်းကြောက်ရွံ့ရမလိုတော့။

မိုးဦးကောင်းလွန်းသဖြင့် ရေပျော်သတ္တဝါတွေ အလွန်အမင်းပျော်ကျူးလျက်ရှိ၏။ ဖားတွေ၊ အင်းအိုင်ဆည်မြောင်းထဲမှာ မြောက်တက်ကျူးထိုးအော်ဟစ်နေကြသလို ငါးတွေလည်း မြစ်ထဲ၊ ချောင်းထဲ၊ အင်းထဲ၊ အိုင်ထဲမှာ လူးလားဆန်ခတ်ခုန်ပွက် မြူးတူးလျက်ရှိသည်။

ရောဝတီမြစ်နှင့် မုန်းချောင်းဆုံရာ အထက်ပိုင်းတွင်ရှိသော သံကိုင်းမြို့တော်ကျွန်းသားတို့သည် မိုးဦး ယခုလို ကောင်းသောအချိန်ဆိုလျှင် ရွှေတို့ဒေသသားတွေအတွက် ရတနာပုံဆိုက်ကိန်းကြီးနှင့် ကြုံရလေပြီဟု ဝမ်းသာအားရဖြစ်နေကြလေသည်။

မုန်းချောင်း ရေပြည့်ပြီး ရောဝတီမြစ်ရေ လျှံတက်လာသော ယခု



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွင် သူတို့၏ လယ်ယာကိုင်းကျွန်းများ ရေမြုပ်သည့်အပိုင်းရေ ရေမြှုပ်ကုန်သည်။ သို့သော် ရေများပြန်ကျသွားလျှင် ကျွန်းသောင်မြေပြင် မြေဆီမြေနှစ်များ တင်ကျန်ရစ်ကာ ရာသီကုန်စိုက်ပျိုးပင်များ ဝေဝေဆာဆာ ဖြစ်ထွန်းလာမည့်အရေးကို တွေး၍ ပျော်နေကြသည်။

ထိုထက်လျှံတက်လာသော ရေပြင်ကြီးတွင် စီးပွားရေးရေးကွ ဝင် ငါးတွေ အလျှံပယ်ဖမ်းယူနိုင်မည့် အရေးတွေးပြီး ပို၍ပို၍ ပျော်ရွှင်ဝမ်း မြောက်စရာ ဖြစ်နေတော့သည်။

ထိုသို့ ပျော်ရွှင်ဝမ်းမြောက်စရာတွေထဲမှာ ကြေကွဲထိတ်လန့်ရေ လွမ်းပုံပြင်တွေလည်း အဆန်းတကြယ် ရှိနေတတ်ပါသည်။ အဆန်းတကြယ် ရှိနေတတ်ပါသည်။

✿ ✿ ✿

လွမ်းပင်ပျိုး၍ လွမ်းမိုးတွေရွာ

❑

သံကိုင်းရွာကြီးမှာ မုန်းချောင်းအထက်တွင် ရှိ၏။

သံကိုင်းနှင့် နန်းတော်ကျွန်းမှာ တွဲနေ၍ သံကိုင်းနန်းတော်ကျွန်း ဟု လည်း ခေါ်ကြသည်။

ဧရာဝတီမြစ်ကမ်းတွင် နေထိုင်ကြသူများပီပီ လယ်ယာကိုင်းကျွန်း မလုပ်နိုင်သောအချိန်တွင် မြစ်ကြီးကို အားကိုးပြီး တစ်ဝမ်းတစ်ခါး လုပ်ကိုင် စားသောက်ရသူတွေလည်း ရှိတတ်သည်။

တံငါ ငါးဖမ်းရေမှုဆိုးအလုပ်ကို လုပ်ကြခြင်းပင်။





မုန်းချောင်းနှင့် နီးသောရွာတွေ၊ မန်းချောင်းနှင့်နီးသော ရွာတွေ က မုန်းချောင်းရေ၊ မန်းချောင်းရေကို မုန်းချောင်းမန်းချောင်းမြောင်း လက်တံ များမှ သွယ်ယူပြီး ဆောင်းနှင့်နွေရာသီမှာပင် သီးထပ်သီးညှပ်များ စိုက်ပျိုး တတ်ကြသည်။

အချို့ကတော့ လယ်ယာကိုင်းကျွန်းလုပ်စားစရာ မြေမရှိ၍ မိဘ ဘိုးစဉ်ဘောင်ဆက် တံငါအလုပ်လုပ်ကြသူတွေလည်း ရှိတတ်သည်။

ထိုအထဲမှာ 'ကိုမောင်ကြီးနှင့် မအေးခင်'တို့မိသားစုမှာ အမြဲတမ်း တံငါအလုပ်ကို မလုပ်သော်လည်း မြစ်ရေကြီးချိန် ရေထချိန်များတွင် လယ်ယာကိုင်းကျွန်း မလုပ်နိုင်ခင်စပ်ကြား တံငါအလုပ်ကို အချိန်ပိုင်းနှင့် လုပ်ကိုင်စားသောက်ကြရသော မိသားစုဖြစ်၏။

ကိုမောင်ကြီးနှင့် မအေးခင်တို့မှာ သမီး 'မယ်နာဂီ' နှင့် သား မောင်ဘိုးသိ' တို့ပါဝင်သော သားအမိသားအဖ လေးယောက်ရှိသော မိသားစုဖြစ်၏။

ဤလို ခေတ်ဆန်နေသော ကာလတွင်းတွင် ကိုမောင်ကြီး မအေး ခင်တို့၏ သမီးနှင့်သားနာမည်က အဆန်းတကြယ်တော့ ဖြစ်နေပေလိမ့် မည်။

သူ့အကြောင်းနှင့်သူ မှည့်ဖြစ်သည်ကိုသိလျှင် အဆန်းတကြယ် ဖြစ်လိမ့်မည်ဟု ထင်ကြတော့မည်မဟုတ်။

သူ့အကြောင်းနှင့်သူဆိုတာက ဤသို့ဖြစ်၏။

သူတို့ဒေသ၏ ဂေဇက်ဝင်ဘုရားပွဲကြီးဖြစ်သော မန်းရွှေစက်တော် ဘုရားပွဲကြီးတွင် ထိုအချိန်က နာမည်ကြီး မင်းသားမင်းသမီးဖြစ်သော ပန်တျာ ကြည်လင်၊ တက္ကသိုလ်တင်တင်မြင့်တို့၏ ပန်တျာကြည်လင်ဇာတ်ပွဲကြီး ကခင်လာသည်။

ပန်တျာကြည်လင် ဇာတ်အဖွဲ့ကား ထိုဒေသတွင် လူကြိုက်များ သော 'ဒန်းစီးမောင်နှမ' ဇာတ်ကပြနေစဉ် ကိုမောင်ကြီးနှင့် မအေးခင်တို့ မောင်နှံ သွားကြည့်ကြရာမှ ကိုယ်ဝန်နှင့်ဖြစ်သော မအေးခင် ပါ ထိုင်နာပြီး ပျော်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိးဖွားတာမှ တစ်ယောက်တည်းမဟုတ်၊ နှစ်ယောက်။ မိန်းကလေး နှင့် ယောကျ်ားလေးအမြွှာပူး မောင်နှမ။

ကျေးလက်တောင်သူ လယ်သမားများပီပီ ထိုကလေးနှစ်ယော ၏အမည်ကို *ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ အထိမ်းအမှတ်လည်း* ဖြစ်စေ၊ အမှတ်တရလည်း ရှိစေရန် ကိုမောင်ကြီး၏ဦးကြီး ဦးဘိုးဒန်က ဒန်းစီး မောင်နှမနာမည် မယ်နာဂီနှင့်မောင်ဘိုးသီဟု အလွယ်တကူပင် မှည့်ခေါ် တွင်စေခဲ့ခြင်းဖြစ်၏။

ဦးဘိုးဒန်သည် အနုပညာ၌ ခေသူမဟုတ်။

ထိုစဉ်က ပန်တျာကြည်လင်ဇာတ်တွင် မင်းသားကြီးအဖြစ် ဝင် ရောက် ကပြနေသူဖြစ်၏။ ထို့ကြောင့်လည်း သူ့မြေးနှစ်ယောက်ကို ထို နာမည်မှည့်စေခဲ့ခြင်းလည်း ဖြစ်ပုံရသည်။ သူ့နယ်သူ့အရပ် စာပေကျမ်း နှံ့စပ်သူပီပီ ဇာတ်သမားများအတွက် ပြဇာတ်များရေးဖွဲ့ကာ သူကိုယ်တိုင် လည်း ဝင်၍ပါတတ်သည်။

စာရေးဆရာမင်းသားကြီးပီပီ ဒန်းစီးမောင်နှမဇာတ်ကို ရာဇဝင် သမိုင်းအခြေခံ၍ ဇာတ်ခွဲပြီး သူကိုယ်တိုင်က ထိုဇာတ်တွင် အရေးကြီးဇာတ် ကောင်ဖြစ်သော ‘တောင်ဖီလာဆရာတော်၏ လက်စွဲတော် ဘိုးသူတော်’ အခန်းမှ ဝင်၍သရုပ်ဆောင်သည်။

ဒန်းစီးမောင်နှမဇာတ်ကလည်း အင်မတန်ဆန်းကြယ်ပြီး လွမ်းဆွတ် ဖွယ်လည်း ကောင်းလှ၍ မြန်မာပြည်တစ်ဝှမ်းတွင် အကြိုက်တွေ့ကြကာ စွဲမက်စေခဲ့သော ဇာတ်လမ်းဖြစ်၏။

မန်းရွှေစက်တော် သမိုင်းနှင့် ဒန်းစီးမောင်နှမ ဇာတ်သိမ်းကလည်း ဤသို့ ဤနှယ် နှီးနွှယ်ဆက်စပ်ခဲ့သည်ဟု ရှေးအစဉ်အဆက်ကတည်းက လက်ခံခဲ့ကြသည်ပင် မဟုတ်ပါလား။

ဦးဘိုးဒန်သည် သူတစ်ချိန်က မင်းသားကြီးအဖြစ် ဇာတ်ဦးစီး လုပ်၍ ကပြခဲ့သော ရွှေစက်တော် ဒန်းစီးမောင်နှမဇာတ်မှုကြီးကို မိုးအေး အေးနှင့် ပြန်၍ဖတ်နေမိတော့သည်။

✿ ✿ ✿

ရွှေစက်တော် ဒန်းစီးမောင်နှမ

❑

အင်းဝဘုရင် မင်းခေါင်ကြီးလက်ထက်၌ သမီးရွှေနာဂီနှင့် သား မောင်ဘိုးသီတို့ကို တောင်ဖီလာဆရာတော်ကျောင်းတွင် အပ်နှံထားခဲ့ပြီး ဖခင်ဖြစ်သူ ကောဏ္ဍညပုဏ္ဏားကြီးမှာ တစ်ပြည်တစ်ရွာသို့ ငွေရှာထွက်ရ သည်။

ထိုအချိန်တွင် ဘုရင်မင်းခေါင်၏နှမ ကမ္ဘုမယ်၊ မောင်ဘိုးသီတို့ မှာ ဆွမ်းကြီးလောင်းလှူပွဲတွင် တွေ့ဆုံကြပြီး လူငယ်တို့သဘာဝ ချစ်မိကြ သည်ကို ဘုရင်ကြီးသိ၍ ဘုရင့်နှမတော်အား စော်ကားသည်ဟု စွပ်စွဲကာ မောင်ဘိုးသီအား လက်ရဖမ်းကာ သတ်ဖြတ်ခဲ့သည်။

ထိုအကြောင်းကို အစ်မဖြစ်သူ ရွှေနာဂီကြားပြီး လိုက်လာကာ မောင်ငယ်အားသင်္ဂြိုဟ်သည့် မီးပုံအတွင်းသို့ ဆင်း၍သေခဲ့သည်။

မသေခင်က မောင်နှမနှစ်ယောက်အတူနေရန် ဆုပန်ခဲ့ခြင်းကြောင့် (ဒန်းစီးမောင်နှမနတ်စိမ်း) များဖြစ်ရလေသည်ဟု ဇာတ်စကား အရပ်စကား နှင့်အတူ မန်းရွှေစက်တော်သမိုင်းတွင် ပါဝင်ခဲ့ရလေသည်။

အထက်စက်တော်ရာ တောင်ရှင်ပင်သာကျောင်းတိုက် ညောင်ပင် ကြီးတစ်ပင်အနီး၌ ဒန်းစီးမောင်နှမရုပ်လုံးများ အထင်အရှားပေါ်လာသဖြင့် ဆေးမြန်းစူးစမ်းမှုများထက် သွားရောက်လေ့လာသူများ များပြားနေကာ



www.burmeseclassic.com

www.burmeseclassic.com



ရှင်ပင်သာလျောင်းနှင့် ဒန်းစီးမောင်နမ ညောင်ပင်တစ်ပိုက် ရွှေစက်တော်ဘုရားဖူးများ မသွားမဖြစ်သွားရောက်၍ မေတ္တာပွားများ ဆုတောင်းဆုယူပြုကြသည်။

ဇာတ်ဆရာ မင်းသားကြီးဦးဘိုးဒန်၏ ဇာတ်ဟန်ဇာတ်ကြော ဇာတ်အရေးအသားနှင့် ပြန်ပြောင်းတင်ပြရလျှင် . . .

✿ ✿ ✿

[ ၁ ]

ကောဏ္ဍညကြီး၊ သမီးနာဂီ
ဘိုးသီသားလှ၊ သွားကြတူညီ
မင်းဆရာကျောင်း၊ နိအောင်းစေမည်
အင်းဝခေတ် ဇာတ်လမ်းဖြစ်တော့သည်။

ဗေဒင်အတတ်ကို တတ်မြောက်သော ကောဏ္ဍညပုဏ္ဏားကြီးသည် ဇနီးမယားကွယ်လွန်သွားပြီဖြစ်၍ အမိမဲ့သားသမီးများဖြစ်ကြသော သမီးကြီး ရွှေနာဂီ၊ သား မောင်ဘိုးသီတို့ကို မိမိကိုးကွယ်သော တောင်ဇီယာဆရာတော်ထံတွင် ပညာလည်းတတ်စေ၊ နိကိုးရာလည်း ဖြစ်စေခြင်းငှာ အပ်နှံရန် ရောက်ရှိလာခဲ့လေသည်။





ဆရာတော် ။ ။ "ငါထံရောက်လာ ဒါယကာ၊ သင်ရောက်လာသည့်အကြောင်း တသွေမစောင်း လျှောက်ထားပါလေလော့"

ကောဏ္ဍည ။ ။ "ဆရာတော်သခင် ကျောင်းကြီးရှင်ဘုရား။ ယခုအခါ မိခင်မဲ့ပြြား သမီးနှင့်သားတို့၏ စားဝတ်နေမှုအစုစုနှင့် လူမှုတာဝန်သား ဘိုးသီကိုပင် ရှင်ပြုဖို့အရေး၊ မျှော်ထောက်ခါတွေးပြီး ဝေးရပ်မြေသီသို့ ဆန်တစ်ပြည် ငွေတစ်မတ်နှင့် ကိုယ်တတ်သည့်ပညာကို အခြေပြုပြီး စီးပွားရှာလိုပါသည် ဘုရား"

"သို့ကလို ငွေရှာ၊ တစ်ပြည်တစ်ရွာကို ထွက်ခွာဖို့အရေး သမီးနှင့်သားလေးကို စိတ်အေးရအောင် အရှင်ဘုရားထံမှောက်သို့ လာရောက်ပြီး လျှောက်ထားရကြောင်းပါ ဘုရား"

ဆရာတော် ။ ။ "ဩော် . . . ဒီလိုလား . . . အေး . . . အေး . . . အားကိုးသမှုနဲ့ လျှောက်ထားခြင်းပြုပြန်တော့ လူမှုကိစ္စအဝဝကို ငါ့ကျောင်းက ကပ္ပိယပိုးသူတော်က တာဝန်ယူရမည်။ ရွှေနာဂီနှင့် ဘိုးသီတို့ကလည်း ပိုးသူတော်၏ စီမံကွပ်ကဲမှုတို့ဖြင့် ဖခင်အရာထား လိမ္မာနေထိုင်ကျောင်းမှာနေ၊ ကျောင်းမှာစားပြီး ဒကာမသင့်အောင် ကျောင်းဝေယျာဝစ္စ၊ ဘုရား၊ တရား၊ သံဃာတို့၏ ဝေယျာဝစ္စ အလစ်အဟင်း မရှိစေရအောင် တာဝန်ကျေကြရမည်။ ကဲ . . . ကဲ . . . ဒါယကာကြီး ကောဏ္ဍညလည်း အလိုရှိရာသို့ သွားပေတော့ကွယ်"

ဆရာတော်က ခွင့်ပြုလိုက်သည်နှင့် ပုဏ္ဏားကြီးကောဏ္ဍည ဆရာတော်အား ဦးသုံးကြိမ်ချ၍ အလိုရှိရာသို့ ထွက်သွားလေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ J ]

❑

အင်းဝရွှေထီး၊ ပြည်ကြီးစိုးနောင်
ဒုမင်းခေါင်ကြီး၊ စည်းဝေးညီလာ
ဖြာဖြာတိုင်းရေး၊ သာသနာရေးမကျန်
နာခံမှူးမတ်၊ ချမှတ်အမိန့်တော် ...။

တစ်နေ့သောအခါ အင်းဝဘုရင် ဒုတိယမင်းခေါင်ကြီး၏ ညီလာခံတွင် တိုင်းရေးပြည်ရာအဖြာဖြာကို မှူးမတ်များနှင့် စုံလင်စွာဆွေးနွေးပြီး–

ဘုရင် ။ ။ "ညီလာခံမှာ ခစားလာ၊ ပညာကျော်ဘိ ...မယ်ကာဝိတို့"

မှူးမတ်များ ။ ။ "မှန်လှပါ ...အကြောင်းခြင်းရာ အရပ်ရပ် အမိန့်တော်မြတ် ချမှတ်တော်မူပါဘုရား"

ဘုရင် ။ ။ "တခြားအကြောင်းခြင်းရာတော့ မဟုတ်ပေဘူးကွယ်၊ ငါ၏နမတစ်သွယ် ကမ္ဘူမယ်က သံဃာဒါန ဆွမ်းလောင်းလိုကြောင်း အခွင့်တောင်းသည်ကို ခွင့်ပြုသင့်မပြုသင့် မျှော်ချင့်စဉ်းစား၍ လျှောက်ထားကြစမ်း ...မင်းကြီးများ"





ဗိုလ်တော်ဝန် ။ ။ "ကုသိုလ်တရား ပွားများခြင်းဖြစ်၍ အားပေးသင့်ကြောင်းပါဘုရား"

သာသနာရေးဝန် ။ ။ "ကုသိုလ်ရေးမို့ ပိတ်ဆို့ခွင့်မသာ၊ ခွင့်ပြုသင့်သည့်အကြောင်း ထပ်လောင်း၍ တင်လျှောက်ရပါသည်ဘုရား"

ဘုရင် ။ ။ "ကောင်းပြီ ... ဝန်မင်းများ တင်လျှောက်စကားအရ နမတော်ခွင့်တောင်းသည့် သံဃာဒါန ဆွမ်းလောင်းရေးကို အခွင့်ပေးတော်မူမည်။ သို့ရာတွင် အရှုပ်ရောက်စ မိန်းမလှမို့ စိတ်ချဖို့အရေး အထူးသဖြင့် စီမံပေးရမည်။

"လှူဒါန်းဖွယ်အရေးမှာ ဆွမ်း၊ ဆေး၊ သရေစာစုံ၊ ပရိက္ခရာ ရှစ်ပါးအစုံ အကုန်မကျန် အလစ်ဟင်းမရှိစေရ။ ပင့်သံဃာများစွာ ငါးရာကို ည်း ဂုဏ်သိက္ခာဝါကြီးများ ရွေးချယ်ပြီး ကြိုတင်၍ ပင့်ထားကြရမည်"

"နောက်ထပ်တစ်လီ အထူးကြပ်မတ်စီမံပေးရမည်က နမတော်ကိုယ်တိုင် ဆွမ်းကပ်လောင်းလှူရမည်ဖြစ်၍ ကျောင်းသားကအစ ယောကျ်ားဟူသမျှ ရှုပ်ထွေးမှုမရှိစေရအောင် အမှုတော်ကို လေးလေးနက်နက် ဆောင်ရွက်ကြရမည် ...မောင်မင်းများ"

မင်းအများ ။ ။ "မှန်လှပါ ...အမိန့်တော်မြတ်အတိုင်း ဆောင်ရွက်တော်မူပါမည် ရွှေနန်းအရှင်မြတ်ဘုရား"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၃]

❑

ရွှေနာဂီနှင့် မောင်ဘိုးသီ
တာဝန်ကိုယ်စီ ရွက်ဆောင်သည်။

အင်းဘဝဘုရင် မင်းခေါင်ကိုးကွယ်သည့် တောင်ဖီလာဆရာ
ကျောင်းမှာကား ဖခင်ကောဏ္ဍညပုဏ္ဏားကြီး ထွက်ခွာသွားပြီးနောက် ...

အစ်မဖြစ်သူရွှေနာဂီမှာ ကျောင်းနှင့်ဝေးသည့် ရေကန်သာ
ဘုရားတင်ရန် ကြာပန်း၊ ကြာနွယ်၊ ကြာမှုံ့ရူးခြင်း၊ သောက်ရေသုံးရေ
ခြင်း၊ ဘုရားပန်း၊ မညှိုးနွမ်းရန် ပန်းကပ်၊ ပန်းလဲအလုပ်များ အချိန်မှန်
မပြတ်လုပ်ရသည်။

မောင်ငယ်ဘိုးသီကိုလည်း ကျောင်းဝေယျာဝစ္စ အနည်းအကျ
ဆောင်ရွက်စေခြင်း၊ စာပေပညာ သင်ကြားပေးခြင်းတို့ဖြင့် ဆရာတော်
တပည့်သားပမာ စောင့်ရှောက်ကာ ထားခဲ့လေသည်။

တစ်နေ့သော် အစ်မရွှေနာဂီသည် ရေကန်သာ၌ ကြာပန်းချိုး
စဉ်းစားရေရွတ်မိသည်မှာ ...

ရွှေနာဂီ ။ ။ 'ကျွဲးမွေးသုတ်သင် ဖခင် ကျေးဇူးရှင်တစ်ယော
ဘယ်ဆီများ ရောက်နေပါလိမ့်။ နှစ်များလည်း ကြာလှပြီ။ ဆန်တစ်
ငွေတစ်မတ်နဲ့ အရပ်ကိုလည်၍ ဗေဒင်ဟောရင်း၊ ပင်ပန်းလို့များ
ချေမလား။ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ သမ္မာဒေဝ နတ်ကောင်းနတ်မြ
များ ကောင်းစွာ ကြည့်ရှုစောင့်ရှောက်တော်မူနိုင်ကြပါစေ။





ငါ့မှာမူကား ... ဆရာတော်ဘုရားရဲ့ စီမံခိုင်းစေချက် မပျက်ရ
ာင် ကြာပန်းများအချိုးထွက်ခဲ့ရ၊ ငါ့မောင်ကလေး ဘိုးသီမှာ စိတ်ခါတ်
ငယ်၊ ဦးသူတော် မအူမလည်နဲ့ ဘယ်လိုများနေကြမလဲ။ တွေးတောစရာ
ကြောင်းဖန်လာတော့ ကျောင်းပြန်တာပဲ ကောင်းပါတယ်လေ''

ဤသို့ဖြင့် ရွှေနာဂီမှာ မွေးဖခင်အတွက် စိတ်မောသည့်အခါနှင့်
င်ငယ်လေးဘိုးသီအတွက် စိတ်စောသည့်အခါတွေကလည်း မရေမတွက်
အောင်ပင် သောကများ ဝင်ခဲ့ဖူးသည်။

သို့ဖြစ်၍ စောစောစီးစီး ကျောင်းပြန်၊ အချိန်မတန်၍ ကျောင်း
ွင်း အဝင်ရခက်ပြန်သဖြင့် ကျောင်းဝင်းခြံနားက ကြခတ်ဝါးရုံအနီးကပ်၊
ာင်းမြောင်းပြီး မောင်လေးဘိုးသီအနေအထားကို သံယောဇဉ်မီးများနှင့်
ည့်ရှုလေ့ ရှိတတ်သည်။

✿ ✿ ✿

## [၄]

❑

ဝန်မင်းများ ဆရာတော်ကျောင်းရောက်။
ဘုန်းကြီးပင့်လျှောက်တင်
နန်းတွင်းဝင်ရမည့် အစီအစဉ်
နှောင်းကြမ္မာငင်လေသည့် မောင်ဘိုးသီ။

သနာရေးဝန် ။ ။ ''ဆရာတော်သခင် ကျောင်းကြီးရှင်ဘုရား တပည့်
တော်များ မင်းတရားကြီး၏ တစ်ပါးတည်းသော နှမငယ်၊ ကမ္မမယ်က



www.burmeseclassic.com

www.burmeseclassic.com



လှူဖွယ်စုပေါင်းဆွမ်းကြီးလောင်းဒါန၊ ဤကိစ္စဝယ် အရှင်ဘုရားအမှူးထား... များစွာသံဃာပါးငါးရာတွင် ဥပသကာကျောင်းသား လူဝတ်ကြောင်များ... လားလားမှမပါစေဘဲ နန်းထဲသို့ အလှူခံ မနက်ဖြန်အရုဏ်တက်လော... ကြွရောက်ရန်အဖို့ ကမ္မမယ်ကိုယ်စားပင့် လျှောက်ကြားပါသည်။ ဆရာတေ... အရှင်မြတ်ဘုရား ...''

ဆရာတော် ॥ ॥ ''ကောင်းလှပေသည်၊ အလိုရှိရာ ပြန်နိုင်ပါပြီ ... ဒါယကာတို့''

သာသနာရေးဝန် ကျောင်းမှဆင်း၍ နန်းတော်သို့ပြန်လျှင် ဆရာ... တော်က ဦးသူတော်အား ဆင့်ခေါ်လျက် ...

ဆရာတော် ॥ ॥ ''ဟဲ့ ... သူတော်၊ နက်ဖြန်မနက် အရုဏ်တက်မှာ... ဘုရင့်နှမသည် ကမ္မမယ်ထံ ဆွမ်းကြီးခံသွားဖို့ စီစဉ်ပါ။ သို့ရာတွင် ဥပသကာ... ကျောင်းသားလူဝတ်ကြောင်များကို အမိန့်တော်နှင့် တားထားသောကြော... ဘိုးသီကို အသိမပေးဘဲ ကြွခြေမပျက် အေးဆေးစွာ တိတ်တဆိတ်ပြ... ဆင်ပေတော့ ... သူတော်''

ဦးသူတော် ॥ ॥ ''မောင်ဘိုးသီအလစ်ကို ဖြစ်အောင်ပြင်ပြီး နက်ဖြ... အရုဏ်တက်မှာ ဆွမ်းအလှူခံထွက်ရန် စီမံလို့ထားပါ့မယ်။ စိတ်ချလို့... စံပါတော့ ဆရာတော်အရှင်ဘုရား''

သို့သော် ...

နောက်တစ်နေ့မနက် အရုဏ်တက်ချိန်မှာ ...

စောစောထပြီး ဆွမ်းဖုံးဆိုင်းထမ်းပိုးတို့ကို ပြင်ဆင်နေသော ဦး... တော်အား အသံဗလံများကြောင့် နိုးလာသော မောင်ဘိုးသီက မြင်... ရာ ...

မောင်ဘိုးသီ ॥ ॥ ''အလို ... ဝတ်ရုံသစ်လွှမ်း၊ အမွှအရာဆန်းနဲ့ ... ထမ်းကို တိတ်တဆိတ် တကယ်အပြီးပြင်ဆင်တော့ ဘယ်ခရီးစဉ်ရှိပါသ... ဦးသူတော်''

ဦးသူတော်မှာ မောင်ဘိုးသီလအသံကြောင့် လန့်ဖျပ်သွားပြီး ...

ဦးသူတော် ॥ ॥ ''ဟာ ... အကျိုးနည်းကုန်ပါပြီ၊ ဒုက္ခပါပဲ... ခြော် ... အင်း ... ဟင်း ... အင်း ... ခုတော့ ဘယ်လမ်းသွားသွား ...





နေကျပဟာ။ ခုတော့ မခေါ်ဘဲထားခဲ့ရမှာကို စိတ်မကောင်းလှချည်ရဲ့ ... မောင်ဘိုးသီကလေးရယ်။ အို ... အို ... ငါ့ပါးစပ် ဘယ်လိုဖြစ်ပါလိမ့်။ ဖုံးထားကာမှ ဘာကြောင့်ပွင့်ထွက်သွားပါလိမ့်။ ခက်ပဲခက်ရချည်''

မောင်ဘိုးသီ ॥ ॥ ''ဘယ်ကိုသွားရမှာမို့ ဖုံးထားရပါလိမ့် ဦးသူတော်''

ဦးသူတော် ॥ ॥ ''ဘုရင့်နှမသည် ကမ္မမယ်ရဲ့ ဆွမ်းကြီးလောင်းအလှူခံ သွားမလို့ပါ ... မောင်ဘိုးသီရာ''

မောင်ဘိုးသီ ॥ ॥ ''ဝမ်းသာစရာကြီးပါလား ... ဦးသူတော်။ နန်းတော်ဆိုတာကြီးကိုလည်း မရောက်ဖူးတာ ရောက်မှူး၊ ဘုရင့်နှမတော်ဆိုတာလည်း မြင်ခွင့်ရ။ ဒီခရီးမှ ကျွန်တော့်ကို မခေါ်ရင် ဘယ်သူ့ကိုခေါ်သွားမှာလဲ ... ဦးသူတော်ကြီးရဲ့။ ကျွန်တော်တော့ လိုက်မှာပဲ ... လိုက်မှာပဲ။ တို့လည်းလိုက်မယ် ချန်မထားနဲ့။ ဦးသူတော်ကြီးသွားတော့ ပျင်းလှတယ်။ မောင်ဘိုးသီလေးလိုက်မယ် ချန်မထားနဲ့၊ ဦးသူတော်ကြီးသွားတော့ ပျင်းလှတယ်''

မောင်ဘိုးသီမှာ သူပါ နန်းတော်လိုက်ရလေအောင် ဘိုးသူတော်ကြီးအား ချော့မော့ကာ လှည့်ပတ်၍ ကသည်။

ဦးသူတော် ॥ ॥ ''ဟေ့မောင်ဘိုးသီရ ... နားထောင်ပါဦးကွ။ အဲဒီဘုရင့်နှမတော် ကမ္မမယ်ဆိုတာ လှလည်းလှတယ်။ အရွယ်ကလည်း ငယ်ရွယ်နုပျိုသူဖြစ်လေတော့ သူကိုယ်တိုင်လောင်းမဲ့ ဆွမ်းကြီးလောင်းအလှူပွဲမှာ လူထဲက လူဝတ်ကြောင်ဆိုလျှင် ကျောင်းသားတောင်မှ မပါရဘူးတဲ့။ နန်းတော်က အမိန့်ထုတ်ထားတယ်။ ဆရာတော်ဘုရားကလည်း ထပ်ဆင့်ပြီး အမိန့်ထုတ်ထားပြန်တယ်ကွယ့် ... မောင်ဘိုးသီရဲ့။ အဲဒီတော့ မင်းလိုက်ဖို့ မလွယ်ပါဘူးကွာ''

မောင်ဘိုးသီ ॥ ॥ ''အို ... ဆရာတော်ဘုရားက ဘိုးသီကို ဘယ်အခါကမှ ချန်မထားခဲ့ပါဘူး ... ဦးသူတော်ရဲ့''

ဦးသူတော် ॥ ॥ ''အေး ... ဒီတစ်ခါတော့ သီးခြားကြိုတင်ပင့်လို့အားခဲ့ရမှာပေါ့ မောင်ဘိုးသီရယ် ...''

မောင်ဘိုးသီ ॥ ॥ ''တကယ်ပဲလား ... ဦးသူတော်။ ဘယ်အခါမှ ချန်ထား ခွဲမထားခဲ့ဖူးပါဘဲ ယခုအခါ မောင်ဘိုးသီကို ချန်ထားခဲ့ရင်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘိုးသီအဖို့ ဝမ်းနည်းကြေကွဲလို့ မဆုံးတော့ပါဘူး။ ဆရာတော်နဲ့ ဦးသူတော်ကြီးတို့က မောင်ဘိုးသီအပေါ် အကြင်နာမဲ့လေခြင်းဆိုတဲ့ စိတ်အစွဲနဲ့ ကျောင်းမှာလည်း နေလို့ပျော်မှာ မဟုတ်တော့ပါဘူး။ ကိုယ့်အပေါ် မကြင်နာတဲ့သူတွေနဲ့ အတူနေရတာထက် သေသွားတာကမှ ကောင်းသေးတယ်။ ဖြစ်နိုင်ရင် မမနာဂီကြာပန်းရှူးတဲ့ ရေကန်ကို လိုက်သွားပြီး ရေကန်ထဲ ခုန်ဆင်းသေလိုက်ချင်တယ်''

ဦးသူတော် ။ ။ ''ဟဲ့ . . . ကောင်လေး၊ ဒီလို ကိုယ့်ကိုယ်ကိုယ် ရေကန်ထဲခုန်ဆင်းပြီး သတ်သေမယ်တို့ ဘာတို့ မပြောကောင်းဘူးကွယ့်။ ဆရာတော်ကြားသွားရင် မောင်ရင့်ကို ရေကန်ဘက်မသွားအောင် ပိတ်ပင်ထားလိုက်ဦးမယ်''

မောင်ဘိုးသီ ။ ။ ''ရေကန်ဘက်မသွားရလို့ ရေကန်ထဲခုန်ဆင်း မသေရရင် မီးပုံထဲ ခုန်ဆင်းသေလိမ့်မယ်ဗျာ''

ဦးသူတော် ။ ။ ''ဟာ . . . ပြောလေ ကဲလေပါလား။ သေခြင်းဆိုးကလေးတော့ နိမိတ်မရှိ၊ နမာမရှိ၊ မပြောကောင်းပြောကောင်းတွေ ပြောနေပြန်ပါပြီ။ ငါဆရာတော်ဘုရားကို သွားလျှောက်လိုက်ရမလား၊''

မောင်ဘိုးသီ ။ ။ ''အို . . . အို . . . ဆရာတော်ဘုရားကိုတော့ သွားမလျှောက်လိုက်ပါနဲ့ . . . ဦးသူတော်ရယ်၊ ရှိကြီးခိုးပါရဲ့။ ရွှေနန်းတော်ကြီးဆိုတာကို မရောက်ဖူးလို့ပါ။ ဘုရင့်နှမတော်ဆိုတာကိုတော့ မြင်ရ၊ မမြင်ရကိုယ်နဲ့လည်း မဆိုင်ပါဘူးဗျာ။ မောင်ဘိုးဆီက အနုညာတ ကျေးတောသားလေးပါ။ ကိုယ်နဲ့လည်း အစပ်အဟပ် ကွာလွန်းလှပါတယ်။ ကျောင်းမှာ တစ်ယောက်တည်းနေခဲ့ရမှာ ကြောက်လည်းကြောက်စရာ၊ ပျင်းလည်း ပျင်းစရာမို့ မနေရဲလို့ပါ . . . ဦးသူတော်ရယ်''

ဦးသူတော် ။ ။ ''ဆရာတော်က ကိုယ့်ဖခင်သဖွယ် ဖြစ်လေတော့ အကြောင်းမဟုတ်ပေမဲ့ ဘုရင့်အမိန့်တော်ဆိုတော့ မတတ်သာဘူးပေါ့ . . . မောင်ဘိုးသီရယ်''

မောင်ဘိုးသီ ။ ။ ''မတတ်သာတာတွေ၊ ဘာတွေ လုပ်မနေပါနဲ့၊ အတင်းကပ်ခါ လိုက်ရမှာပဲ။ ဆရာတော်ဘုရားသိသွားလို့ ကြိမ်ဒဏ်ခံချင်လည်း





ခံရပါစေ၊ ဘိုးသီကိုပါအောင် ကြံဆောင်ခေါ်သွားစမ်းပါ . . . ဦးသူတော်ကြီးရယ်။ ဘိုးသီနန်းတော်ကြီး တစ်ခေါက်တစ်ခါရောက်ရရင် လူဖြစ်ကျိုးနပ်သေပျော်ပါပြီဗျာ''

မောင်ဘိုးသီ အမူပိုပိုနှင့် ငိုမလိုလို နွဲ့ဆိုးဆိုးနေသဖြင့် ဦးသူတော်မှာ သူ့လက်ပေါ် ကြီးပြင်းပြီး သူထိန်းထားရသော လူငယ်ကလေးမို့ အသနားပိုသွားကာ . . .

ဦးသူတော် ။ ။ ''အင်း . . . ထားခဲ့ရမှာကလည်း သနားစရာပါပဲ။ ကဲတဲ . . . မင်းပါလိုက်ရအောင် ဦးသူတော် ကြံဆောင်ပါဦးမယ်။ စောစောကအတိတ်မရှိ၊ နိမိတ်မရှိ သေခြင်းဆိုးကလေးလို့ ဦးသူတော် စိတ်ပေါက်ပေါက်နဲ့ ပြောမိတာကို ဘယ်လိုမှမထင်နဲ့နော်''

မောင်ဘိုးသီ ။ ။ ''ဘယ်လိုမှ မထင်ပါဘူး . . . ဦးသူတော်ရယ်။ မလိုက်ရဘူးဆိုတော့ ဝမ်းနည်းကြေကွဲမိတာပါပဲ''

ဦးသူတော် ။ ။ ''ဝမ်းလည်းမနည်းပါနဲ့ . . . မောင်ဘိုးသီရယ်။ သွားရမဲ့စာရင်းမှာ မင်းမပါသော်လည်း အတင်းမရမက လိုက်ချင်တယ်ဆိုရင်တော့ ငါ အကြံရပြီ။ ဟောဒီမှာ ငါ့ကိုယ်ရုံအတွင်းကို တို့နှစ်ကိုယ် ဖွတ်သွင်းပြီးဆရာတော်မသိအောင် ချွတ်နင်းလို့ဆင်းမယ်။ လာ . . . လိုက်ခဲ့တော့ . . . မောင်ဘိုးသီရယ်''

သို့နှင့်ပင် မောင်ဘိုးသီမှာ ဦးသူတော်အစီအစဉ်ဖြင့် ဆရာတော်မသိအောင် ဦးသူတော်၏ ကိုယ်ရုံအတွင်းမှာ ခိုကပ်၍ ပါသွားတော့၏။

ရှေ့ဆုံးမှကြွရသော ဆရာတော်ဘုရားမှာ ရှေးတူရှုကိုသာ ဝိနည်းတော်နှင့်အညီ မျက်လွှာချထားကြွရသဖြင့် နောက်သို့မကြည့်အားဘဲ မသိအားဖြစ်နေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## (၅)

❑

ကမ္ဘမယ်အလှူပွဲ၊ ဆင်နွဲ့စို့ ဖြိုင်ဖြိုင်။

သံဃာတော်အပေါင်းကို ဆွမ်းကြီးလောင်းလှူနေစဉ် ဦးသူတော်၏ ကိုယ်ရုံအတွင်းမှ မောင်ဘိုးသီနှင့် ရုတ်တရက် မျက်နှာချင်းဆိုင်လိုက်ရသော အလှူ့ရှင်ကမ္ဘမယ်မှာ စက္ကူရုပ်ပေနသံဝါသ အခြေဆိုက်၍ မနေနိုင်၊ မထိုင်နိုင်၊ ချစ်မိုးတွေ ဖြိုင်လာ၍ မိန်းမမာယာဖြင့် . . .

ကမ္ဘမယ် ။ ။ 'ကိုယ်ရုံထဲက ကျောင်းသားကို ထားခဲ့ပါ။ နောက်ထပ် လှူစရာရှိလို့ပါ . . . ဦးသူတော်ရယ်''

မောင်ဘိုးသီ ။ ။ ''ကြောက်လွန်းလို့ပါဗျာ . . . ကျွန်တော့်ကို တစ်ယောက် တည်း မထားခဲ့ပါနဲ့''

ကမ္ဘမယ် ။ ။ ''မကြောက်ပါနဲ့ကွယ်၊ ထိပ်ထားက ကြည်ဖြူလို့ခေါ်တာ အပြစ်မရှိပါဘူး''

ဦးသူတော် ။ ။ ''ခဏတော့ နေခဲ့ပေါ့ကွာ။ ငါ ဆရာတော်ကို ကျောင်းလိုက်ပို့မယ်။ ဆွမ်းကပ်ပြီးရင် အမြန်ဆုံးမင်းကို ပြန်လာခေါ်မယ်။ စိတ်ချလက်ချနေရစ်ခဲ့ပေါ့ . . . မောင်ဘိုးသီရယ်''

ဦးသူတော်က ခွင့်လည်းပြု၊ မောင်ဘိုးသီကိုလည်း အတင်းတွန်းပို့ထားခဲ့လေတော့သည်။





ကမ္ဘမယ်မှာလည်း မောင်ဘိုးသီကို နီးရာအဆောင်အတွင်း သွတ်သွင်းပြီး ဤသို့ အတင်းပြောလေတော့သည်။

''ရှင့်နာမည် ဘယ်လိုခေါ်ပါသလဲ''

''ကျွန်တော့်နာမည် မောင်ဘိုးသီပါခင်ဗျ''

''ဩော် . . . မောင်ဘိုးသီလို့ခေါ်ရတာ စိမ်းတယ်လို့ ထင်ပါရဲ့။ ကိုသီလို့ ခေါ်မယ်နော်။ ကိုသီ . . . ထိပ်ထားအပေါ် ဘယ်လိုသဘောထားသလဲ၊ ရဲရဲပြောပါ . . . ကိုသီရယ်''

''ရွှေနန်းစံဘုရင့်နှမမို့ အမြင့်ကလူလို့ သဘောထားပါတယ် ဘုရား''

''အို . . . ဘုရားဆိုတာ ထည့်မပြောပါနဲ့။ အမြင့်ကိုများရောက်အောင် မတက်ချင်ဘူးလား . . . ကိုသီရဲ့''

''အမြင့်ကို မမှန်းရဲပါဘူးဗျာ။ လိမ့်ကျမှာကြောက်လို့ မတက်ဝံ့ဘူး . . . ထိပ်ထားလေးရယ်''

''ကိုသီကလည်း တကယ်ရိုးတာပဲ။ ကဲ . . . ထိပ်ထားမေးမယ်၊ အမှန်ပြောနော်။ ထိပ်ထားကို လှတယ်လို့ ထင်သလား၊ မလှဘူးလို့ ထင်သလား''

''နန်းမှာ မွေးတဲ့နန်းသွေးဆိုတော့ မလှဘဲနေပါ့မလား . . . ထိပ်ထားရယ်။ ပမာပြုရရင်ဖြင့် မိုးပေါ်က စန္ဒာလမင်းကြီးထက်တောင် သာပါသေးတယ် . . . ထိပ်ထားရယ်''

''ကဲ . . . လှတယ်ထင်ရင် ချစ်တဲ့စိတ်တွေ ဝင်မှာပဲ။ ထိပ်ထားကို မချစ်ချင်ဘူးလား . . . ကိုသီရဲ့''

''တစ်ယောက်နဲ့တစ်ယောက် ရန်သူတွေမှမဟုတ်တာ၊ ချစ်ခင်ကြအာက ဝမ္မတာပါပဲ . . . ထိပ်ထားရယ်''

''ထိပ်ထားပြောတာက သာမန်မိတ်ဆွေလို ချစ်ခင်တာမျိုး မဟုတ်ဘူးလေ။ ပြောရရင် တစ်မိသားနဲ့ တစ်မိသား ဖိုမသဘာဝ ချစ်ကြတာ၊ ကြိုက်ကြတာလေ။ ထိပ်ထားကို မကြိုက်ဘူးလား . . . ကိုသီ''

''ကြိုက်ဖို့ရာ မဆိုထားပါနဲ့။ ဆင်းရဲသားနဲ့ မင်းသမီး ရင်ခွင်ပြီးယှဉ်လိုနေတာကိုပင် ရွှေနန်းရှင်သီပါက ရာဇဝတ်ဘေးဒဏ်ထိမှန်မှာ သေချာ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ကျောင်းကိုသာ ပြန်ပါရစေတော့ဗျာ။ အမယ်လေး . . . ဦးသူတော်ကြီးကလည်း နောက်တစ်ခါပြန်လာခေါ်မယ်ဆိုပြီး ကြာလိုက်တာ''

ကမ္ဘူမယ် ။ ။ ''ဘယ်လို . . . ကျောင်းကိုသာပြန်မယ် . . . ဟုတ်လား ရာဇဝတ်ဘေး ကြောက်လှပါတယ်ဆိုတဲ့သူက ပြန်မယ်ဆိုရင် ထိပ်ထားတော့လေ ကိုဘိုးသီဟာ နမတော်လက်ကိုဆွဲပြီး မတရားကြံစည်ပါတယ်ဘုရား၊ ရှက်လှချည်ရဲ့ဘုရားလို့ မောင်တော်ဘုရင်ကြီးဆီသွားပြီး လျှောက်ထားလိုက်မယ်။ ထိပ်ထားချစ်သလိုမှ ထိပ်ထားကို ပြန်မချစ်ဘူးဆိုရင် သေဖို့သာ ပြင်ပေတော့ . . . ကိုဘိုးသီရေ''

မောင်ဘိုးသီ ။ ။ ''အင်း . . . ဟင်း . . . ဟင် . . . ချစ်လို့ အလိုတူကြမယ်ဆိုရင်လည်း ဘုရင်ကြီးသိသွားရင် သတ်လို့သေရမှာပေါ့ . . . ထိပ်ထားရယ်''

ကမ္ဘူမယ် ။ ။ ''မသေစေရပါဘူး . . . ကိုဘိုးသီရယ်၊ ထိပ်ထား တာဝန်ယူပါတယ်''

မောင်ဘိုးသီ ။ ။ ''တကယ်လို့ ဘုရင်ကြီးက အမျက်တော်ရှ ဆုံးမရမယ်ဆိုပြီး တုတ်နဲ့မိုးရင် . . .''

ကမ္ဘူမယ် ။ ။ ''ကုပ်ထိုးလို့ ရှေ့က ခံပါ့မယ်''

မောင်ဘိုးသီ ။ ။ ''ဓားနဲ့မိုးရင် . . .''

ကမ္ဘူမယ် ။ ။ ''ခါးထိုးလို့ ခံပါ့မယ် . . . သီသီရယ်''

မောင်ဘိုးသီ ။ ။ ''အားကိုးအားထားပြုပါရစေ ထိပ်ထားရယ် နော်''

ကမ္ဘူမယ် ။ ။ ''အားကိုးပါ၊ အားကိုးပါ။ ဒါကြောင့် မစားမသောက်ရပါဘဲနဲ့ ကိုယ့်ကိုယ်ကိုယ် အသေခံမလား။ ထိပ်ထားရဲ့အကာအကွယ်နဲ့ မောင်တော်ဘုရားထံ အသနားခံပြီး ချစ်ခရီးဆက်မလား၊ စဉ်းစားပြီး ကြိုက်ရာလမ်း နိုမြန်းနိုင်ပါတယ် . . . သီသီရယ်''

ကမ္ဘူမယ် ရဲတင်းစွာ ရေလာမြောင်းပေးအပြုံးကလေးနှင့် ကြာမှုပါပါ ပြောဆိုစကားကြောင့် အရိုင်းကလေးမောင်ဘိုးသီမှာ ကမ္ဘူမယ်ဆွယ်လေရာသို့ ပါသွားလေတော့သည်။

✿ ✿ ✿

[၆]

❑

ပင်တိုင်တော် ထိပ်ထားအဆောင်
ယင်ဖိုတောင် နားခွင့်မရှိ။

ဆွမ်းလောင်းပွဲတွင် တာဝန်ကျနေသော ပင်တိုင်ဆောင်ဝန်မှာ ကမ္ဘူမယ်ပျောက်ပုံဆန်း၍ ထောက်လှမ်းရန် အဆောင်ဆောင် အခန်းခန်းသို့ ဝင်ချည်ထွက်ချည်ပြု၍ လိုက်လံရှာဖွေသည်။

မောင်ဘိုးသီကို နောက်တစ်ခေါက် ပြန်ခေါ်ရန် ရောက်လာသော သူတော်မှာ မောင်ဘိုးသီနှင့် ကမ္ဘူမယ်တို့၏ သစ္စာထားနှစ်ပါးသွားကို ကြည့်ကောင်းကောင်း၊ အသာတိတ်တဆိတ် ချောင်းကြည့်နေရာမှ ပင်တိုင်ဆောင်ဝန်နှင့် ပက်ပင်းတိုးကာ အကြောက်ကြောက်အလန့်လန့် ရှူးသလိုပေါက်သလို ကယောင်ချောက်ချားဖြစ်ပြီး ထွက်ပြေးခဲ့ရသည်။

ပင်တိုင်ဆောင်ဝန်မှာ ထိုအဖြစ်အပျက်များကို မြင်ပြီး . . .

ပင်တိုင်ဆောင်ဝန် ။ ။ ငယ်ရွယ်သူစရိုက် ကမ္ဘူမယ် စိတ်အလိုလိုက်လို့ ဖြစ်ကြတာပဲ။ သည်အကြောင်းပေါ်ရင်ဖြင့် ငါ့တာဝန်မကင်း။ အမှန်ပြင်းထန်တဲ့ ပြစ်ဒဏ်ကို ငါမခံရအောင် ဘုရင်ကြီးထံ အမြန်သံတော်ဦး တင်လေ ဦးအံ့စမ်းမည်''

ဟုတွေး၍ ဘုရင်ကြီးထံ သုတ်သီးသုတ်ပျာ အလျင်အမြန်သွားပြီး ခစားသံတော်ဦးတင်ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပင်တိုင်ဆောင်ဝန် ။ ။ "ရွှေဘုန်းတော် သမ္ဘာကြွယ်၊ တေဇာတော်ထ[illegible]
ပါတဲ့ . . . နေမင်းနွယ်ဘုရား"

ဘုရင်ကြီး။ ။ "အခါမဲ့ ရောက်လာပုံထောက်တော့ လျှောက်တင်[illegible]
ရှိရင် အမြန်သာလျှောက်တင်စေဗျား"

ပင်တိုင်ဆောင်ဝန် ။ ။ "မှန်လှပါ . . . တစ်ရံမလပ်၊ အလှူပွဲကို အ[illegible]
စောင့်ကြပ်ပါသော်လည်း နမတော်ကမ္ဘုမယ်သည် မဖွယ်မရာ ပမာ[illegible]
ဆွမ်းကြီးလောင်းပွဲ ကျင်းပဆဲတွင်၊ အဆောင်တော်ထဲ၌ အရွယ်တူကျော[illegible]
သားနဲ့ မှောက်မှားစွာ ချစ်ပွဲကြီး ဝင်နေကြောင်းပါဘုရား"

ဘုရင်ကြီး။ ။ "သယ် . . . ငါကိုယ်တော် ကြားရ နားဝမချမ်းသာ[illegible]
ဦးစွာပထမ သံဃာတော်ပင့်စဥ်ကပင် ဝတ်ကြောင်ဆိုက ကျောင်းသာ[illegible]
တောင်မပါရလို့ မြွက်ဟထားပါလျက်၊ ရိုင်းချက်ကနာ မညှာမထော[illegible]
ဘုရင့်နမတော်တစ်ယောက်လုံးအပေါ် စော်ကားဝံ့သည့် ရာဇဝတ်ကောင်[illegible]
တုပ်နှောင်ဖမ်းဆီး ငါ့ရှေ့တော်အရောက် ခေါ်ခဲ့ရမည် . . . အမိန့်တော်"

✿ ✿ ✿

[၇]

❑

အမျက်တော်ပွား၊ ဘုရင့်စကားနှင့်
ဓားကြပ်ဝန်မင်း၊ နှောင်ကျဥ်းဖမ်းလာ
မျက်နှာမွဲလေး ကူရေးခက်တော့သည်။

ဘုရင်ကြီး အမိန့်တော်အရ ဓားကြပ်ဝန်က မောင်ဘိုးသီကို အ[illegible] ရောက်ဖမ်းဆီး နှောင်ကြိုးတည်း၍ နန်းတော်အရောက်ခေါ်ဆောင် လာ[illegible] လေတော့သည်။





ဘုရင်ကြီး။ ။ "ငါ၏နမ ကမ္ဘုမယ်ကို မဖွယ်မရာ ဆောင်တော်လာ၍ ကာမဘီလူးအဖြစ်ကျူးသည့် ရာဇဝတ်ကောင်ကို မိချေပြီ။ ငါပေးသည့် အပြစ်ဒဏ်ကို မောင်မင်း အမှန်ပင်ခံရတော့မည် . . . ရာဇဝတ်သား"

မောင်ဘိုးသီ ။ ။ "မင်းမြတ်သခင် ဆင်ခြင်တော်မူပါဘုရား။ ကျွန်တော်မျိုးမှာ ကျောင်းသားအရွယ် လူမမယ်ပါ။ ဖူးစာရေးနတ် တိုက်တွန်းအပ်လို့ ထင်ပါ၏ ရွှေနန်းရှင်နမ . . . ကမ္ဘုမယ်အလှက မြင်ရလျှင် မြင်ရခြင်း သူ့အဆောင်တော် ဖွင့်ခေါ်သွင်းလျက် ချက်ချင်းပင် ကြိုက်ရမည်ပြောဆိုသည်ကို အလိုလိုငြင်းဆန်၊ ကျောင်းပြန်ရန်အပြု၊ ရှုတည့်တည် မျက်နှာထားနှင့် မချစ်ဘူးလို့များ၊ ငြင်းဆန်လျှင် မောင်ဘုရင်ကို လျှောက်တင်ခြင်း ပြုရပေလိမ့်မည်။

"သူ့ သံတော်ဦးတင်လျှောက်တင်မှာက မောင်ဘိုးသီ လူသရမ်းသည် နမတော်လက်ကိုဆွဲပြီး နမ်းပါသည်၊ ရမ်းပါသည်၊ လျှောက်တင်လိုက်မည်။ အဲဒီအခါ မောင်ဘုရားက နမတော်အတွက် ဒေါသထွက်ပြီး သက်သုံးတော်ရွှေဓားနဲ့ သေသွားအောင် သတ်မှာပဲတဲ့။ အဲသဟာကြောင့် မှန်းလျှင်အပြစ် ချစ်လျှင်အကျိုးမို့ ကြိုးစား၍ ချစ်ပြုရမတဲ့။ သူ့အား မချစ်ပြန်မူ အပြစ်ခံရမည့်အတူတူမို့ စိတ်ပူစရာ နောက်ထားပြီး ကြောက်အားနှင့် ဝင် တဲ့ပြန်ချစ်မိပါသည်ဘုရား။

ဘုရင်ကြီး ။ ။ "ဟင်း . . . အင်း . . . အင်း . . သင်လျှောက်သမျှ စကားအဆိုကို ငါနားမချိုဘူး။ အပျိုဖော်ဝင်စက နမတစ်သက်၊ အမိအဘပစ်သွား။ သနားစဖွယ် နမသည်မို့ 'ဟဲ့' လို့ပင် မငေါက်စဖူးပါလား။ မောင်ကြီးဘုရားက အလေးထားသလောက် မလေးမစား လူ့ငနွားက သူ့စကားအမှန်ယူလျှောက်တင်တာကို သေချာစွာ တွက်ကိန်းချလို့ မိန်းမတို့ကျ ခြေစိန်ရွှေပေးလို့မရတဲ့။ ရာဇသွေး အပျက်မခံဘဲ ထက်သန်စွာ လျှောက်ထားပေး . . . နမတော်"

ကမ္ဘုမယ် ။ ။ "မှန်လှပါ . . . ကမ္ဘုမယ်ဖြစ်သမျှကို အဖလိုတစ်နည်း မောင်ကြီးလိုတစ်သွယ် စိတ်ဝယ်မှတ်သား လေးစားသမှု အားကိုး[illegible] လျှောက်ထားပါမည် ရွှေနားကြည်တော်မူပါဘုရား"

"စက္ခုရှုပေန၊ သံဝါသာ၊ ရာဂပုတ္တံ ဝိဇာယတိ"တဲ့။



www.burmeseclassic.com

www.burmeseclassic.com



'စက္ကူအမြင်ခတ်နဲ့ ရှုပါရုံပေါင်းစုံပါက ရာဂမိုက်သားကို ဖွား လိုက်ရ၏' ဆိုတာ မြတ်စွာဘုရား ဟောကြားပါတယ်။ နမတော်မှာလည်း ကိုသီကို (အဲလေ ...) ကိုဘိုးသီကို မြင်ကတည်းက ဘဝင်အသည်းမှာ စွဲပြီး။ မခွဲနိုင်မခွာရက် ဖြစ်ရပါတယ်။

'သာဓက ပြမည်ဆိုပါလျှင် ဘုရားရှင်လက်ထက်က အသက် (၃) နှစ်အရွယ်မှာ သောတာပန်တည်ပြီး အထီးဆိုလျှင် ယင်ဖိုမှမသန်းရအောင် ပင်တိုင်တော်ဆောင်မြနန်းနဲ့ စံမြန်းလို့နေတဲ့ သူဌေးသမီးဟာ သူစံမြန်းတဲ့ ပြာသာဒ်အနီးလမ်းမကြီးပေါ်က အမဲသားထမ်းပြီး (အမဲသားသည်ဗျို့) လို့ အော်ကာ လျှောက်လှမ်းလာတဲ့ မုဆိုးတစ်ယောက်ရဲ့အသံကို ကြားမိတာနဲ့ နားငြီကာ စွဲပြီး မနေနိုင်မထိုင်နိုင် ရာဂစိတ်အမွှေခတ်ကြောင့် ရေခပ်တဲ့ ရုံရွှေတော်ယောင်ဆောင်ပြီး မုဆိုးနောက် ကောက်ကောက်ပါအောင် လိုက် သွားရှာတယ်။ အဲ ...ဒီလိုနိပါတ်လာ သိမှတ်စရာ စာနာထောက်ချင့် ပါရမီရင့်သူမို့ ခွင့်လွှတ်အရေးထားပြီး ပေးစားတော်မူပါဘုရား၊ ပေးစား တော်မူပါ ဘုရား''

ဘုရင်ကြီး ။ ။(နားကလောဟန်ဖြင့်) ''ဟေ့ ... ကမ္မုမယ် မာန်ဥဖွယ်၊ ဉာဏ်မြင်သလောက် မရမ်းနဲ့။ ငါကိုယ်တော် နားဝင်အောင် ပြန်တင် လို့လျှောက်စမ်း''

ကမ္မုမယ် ။ ။''မှန်လှပါ ... တိုင်းပြည်ဟူသမျှ စစ်နှင့်မကောင်းပါဘုရား၊ သစ်ပင်ဟူသမျှ အမြစ်နဲ့ မကောင်းပါဘုရား။ သို့ကလို စစ်အမြစ်နှင့် မကောင်း ကြသလို လူမှန်သမျှလည်း အချစ်နှင့် မကောင်းနိုင်ကြောင်း၊ ထပ်လောင်း၍ သတိပေး တင်လျှောက်ရပါတယ်ဘုရား''

ဘုရင်ကြီး ။ ။''ရာဇဝတ်ရေးရာအဖြာဖြာကို လိုက်နာကျေပွန် ... ခါးကြပ်ဝန်။ ငါ့သမီး လိမ္မာတယ်ဆို၊ ယောက်မမြင်းစီးလို့ထွက်၊ နားရွက် စရာစကား မောင်ဘုရားမျက်နှာကိုမှမထောက်၊ လင်ဂုဏ်မောက်၍ လျှောက် တင်တာပဲ။

''လွန်ကဲသည့် တဏှာအစစ်သမားအား ငါ့အချစ်မပွားနိုင်၊ ရာဇဝတ် သားတူညီ သူ့နဖူးမှာ လင်တရူးဆိုတဲ့ စာတမ်းထိုးပြီး အမျိုးဖျက်မအား ခေါင်းကွက်ကျားရိတ် အဆင်းမလှအောင် တမင်လုပ်၊ အင်းဝက နှင်ထုတ် စေဗျား''





''ဘိုးသီကိုလည်း ပင်တိုင်တော်အတွင်း ချဉ်းနင်းဝင်ရောက်ခဲ့တဲ့ သင်းခြေဖဝါး ဓားနဲ့ခွဲ၊ သွေးရဲရဲမှာ ဆားပက်လို့မီးကင်၊ အရှင်လတ်လတ် သူ့ကိုသတ်တဲ့ လက်ဝါးကပ်တိုင်မှာ ကြိုးနဲ့ တအားတုပ်ပြီး မသေမချင်း ဓားခုတ်လို့ သတ်စေဗျား''

ဘုရင့်အမိန့်အတိုင်း ခါးကြပ်ဝန်က မောင်ဘိုးသီကို လက်ပြန်ကြိုး တုပ်လျက်ပင် နန်းရင်ပြင်မှထုတ်ပြီး သုသာန်သို့ ခေါ်ဆောင်သွားသည်။

သုသာန်သို့အရောက် မီးကြီးဖိုခြေဖဝါးကို ဓားနှင့်ခွဲ ဆားပက်လို့ မီးကင်နေရာ ဦးသူတော် တစ်ပတ်ကျော့ပြန်အလာနှင့် တိုး၍ အမျိုးမျိုး ဆောင်းပန်ပါသော်လည်း မရ။ မခံနိုင်အောင် ဒဏ်ချက်ကပြင်း၊ ရင်တွင်းမချို ကြည့်ဘဲလည်း မနေသာ၊ ခံရသူမှာလည်း မရွှင်ပျ၊ အသားက ဆတ်ဆတ် တုန်၊ ခံရသူ အသည်းကွဲပြီး မြင်ရသူ မဆွဲရဲ၊ ငိုပွဲကြီး ဆင်ကြရရှာသည်။

✿ ✿ ✿

|၈|

❑

နောက်ဆုံးခွင့်ရေး၊ ပေးသနားမည် လိုလားရာဆု၊ တောင်းမှုပြုလော့။

ခါးကြပ်ဝန်လည်း မောင်ဘိုးသီကို နာကျင်စေမှုအဖုံဖုံ ခုံလင် အောင် ပြုပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



ဓာကြပ်ဝန် ။ ။ "ဟော့ ... ဘိုးသိ၊ မင်းကို နာရီမကြာမီ ကားစင်တင်၍ အသေသတ်ရတော့မှာပဲ။ အဲသည်တော့ မင်းအလိုရှိရာဆုကို တောင်းပေတော့"

ဟုပြောလေရာ အခါအခွင့်စောင့်ကြည့်နေသော ဦးသူတော်က–

ဦးသူတော် ။ ။ "လူကလေး ... မောင်ဘိုးသိရဲ့ မမြဲတဲ့ အနိစ္စတရားကိုလည်း ရှု၊ ပြုသူမှာအသစ်၊ ဖြစ်သူမှာအဟောင်းမို့ ဘဝကူးကောင်းအောင်သာ ဆုတောင်းပါတော့ ... မောင်ရယ်"

မောင်ဘိုးသိ ။ ။ "ဘုရား ... ဘုရား၊ ကြိတ်မနိုင် ခဲမရ၊ အသည်းကနာပေမဲ့ သတ္တဝါမှန်သမျှ သေရမည်မလွဲ အနိစ္စပဲဆိုတာ သိပါတယ် ... ဦးသူတော်ရယ်။ ဒါပေမဲ့ သားရှင်ပြုဖို့အရေးနဲ့ ရပ်ဝေးကိုသွားပြီး စီးပွားရှာတဲ့ မွေးဖခင်ပြန်မလာခင် သေရမှာကိုပါပဲ။ အမိမာတာနဲ့မခြား ကြီးဘေးသောမေတ္တာနဲ့ ချစ်ရှာတဲ့ ရွှေနာဂီခေါ် အစ်မတော်ကို ပေါ်လာလိမ့်နိုး မျှော်ကိုးရည်မှန်းစိတ်နဲ့ လွမ်းမိတာလည်း အမှန်ပါပဲဗျာ။

"စိတ်မှာတမ်း၍ လွမ်းမိတာကို မုသာဝါဒ မဖြစ်စေရပါ။ ဝိကျွန်ကန်စွာ သစ္စာဆိုပါမည်။ ထိုသစ္စာစကားကြောင့် သေလွန်ရသော် နေ့ညည၌ တဆို အရှင်မဟာရဋ္ဌသာရရဲ့ ကောပိဒ်ရတုနဲ့ ရွှေစက်တော်ဘုရားရှိခိုးမှု ပြုကြရပါသောကြောင့် ...

ယောနကတိုင်း၊ အုံမှိုင်းကာဆီး၊ တောကြီးတောင်တန်း၊ မြစ်ဝဲယာမှာ မုဆိုးနဂါး တောင်းပန်ပြား၍ ချထားခဲ့သော 'ရွှေစက်တော်ဘုရားအနီး ညောင်ပင်ကြီးတွင် ဒန်းကိုစီး၍ စောင့်နေပါမည်။ မမနာဂီလည်း မကြာမီ ဘဝပြောင်းပြီး ထပ်လောင်းလို့သာ ကြွခဲ့ပါ။ ထိုမှတစ်ခါ ဒန်းမောင်နှမအမည်ရ၍ သည်ဘဝအကြောင်းကို ပြန်ပြောင်းလို့သာ သိရပါစေသား ... လို့ ဆုတောင်းသွားကြောင်း မမနာဂီအား ပြောကြားလိုက်ပါ ... ဦးသူတော်ရယ်"

✿ ✿ ✿

[၉]

❑

မောင်ငယ်ဘိုးသိ ဖြစ်အင်
အစ်မရွှေနာဂီ နိမိတ်ထင်။
ဘဝင်သည်းခိုက် လိုက်၍လာမိ။

ရွှေနာဂီမှာလည်း ခါတိုင်းနှင့်မတူ။ ယနေ့ ကြာပန်းများ ချိုးယူရာတွင် ဆရာတော်ဘုရားနှင့် ဖခင်အတွက် တစ်စည်းစီ၊ မိမိအတွက်လည်း တစ်စည်းရရှိခဲ့ပြီး မောင်ကလေးဘိုးသိအတွက် ရည်မှန်း၍ ပန်းခူးသောအခါ လက်ထဲသို့ ရောက်သည်နှင့် ပန်းတွေညှိုးနွမ်းကာ အတိတ်နိမိတ်တွေ ပြတော့သည်။

ရွှေနာဂီ ။ ။ "ဟင် ... မောင်ကလေးအတွက် ခူးတဲ့ပန်းတွေ လက်ထဲရောက်တာနဲ့ နွမ်းသွားပါပကော။ တန်တော့ ငါ့မောင်လေး အန္တရာယ်ဆိုးသည်ပါဒ် ကြုံချေပြီ ထင်ပါရဲ့"

စိတ်မချစရာ တောင်မြောက်တွေးပြီး မောင်လေးရှိမည်ထင်ရာ ကျောင်းသို့ အပြေးလာခဲ့ရာ လမ်းခုလတ်တွင် အရေးတကြီး ပြေးလာသော ဦးသူတော်အား ရင်ဆိုင်တိုက်မိလုမတတ် ဖြစ်သွားကာ ...

ရွှေနာဂီ ။ ။ "ဟင် ... ဦးသူတော်၊ ဘယ့်နှယ်ကြောင့် အရေးတကြီး ဖိုးရိုးဖားရား ပြေးပြီးလာရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးသူတော် ။ ။ "နင်ကကော ခါတိုင်းထက်စောပြီး ဘောက်မဲ့ကြောင် ပြန်မလာစဖူး ပြန်လာရတာလဲ"

ရွှေနာဂီ ။ ။ "ကျွန်မလေ ဒီကနေ့ မောင်လေးဖို့ ရည်မှန်းပြီး ပန်း များခူးတိုင်း ပန်းတွေ ညှိုးညှိုးသွား၊ မျက်ခုံးတွေကလည်း ခဏခဏ လှုပ် တော့ မောင်လေးဘိုးသီ တစ်မျိုးတစ်မည် ဒုက္ခများတွေ့ပြီလားလို့ အရေး ရောက်ပြီး ပြန်လာခဲ့ရပါတယ် ...ဦးသူတော်ရယ်။ ခု မောင်လေးဘိုးသီ ဘယ်မှာလဲ ကျွန်မ သိချင်လိုက်တာ ...ဦးသူတော်ရယ်"

ဦးသူတော် ။ ။ "အင်း ...ပြောရခက်နေပါပြီ ...ရွှေနာဂီရယ်။ နို့ လေ ...ငါ ဘယ်လိုပြောရမလဲဟဲ့ ...မောင်ဘိုးသီရဲ့"

ဦးသူတော် ကြေကွဲဆို့နင့်သံကြီးနှင့် ပြောရင်း မျက်ရည်များ ကျ လာသည်ကို ရွှေနာဂီမြင်ရလျှင် ...

ရွှေနာဂီ ။ ။ "အမယ်လေး ...ဘယ်လိုဖြစ်ကြတာလဲ၊ ဦးသူတော် ကြည့်ရတာ မရွှင်မပျ မျက်ရည်ကျရတယ်လို့၊ မထိတ်သာ မလန့်သာ မောင်လေး ဒုက္ခနဲ့ ကြုံနေပြီနဲ့တူတယ်။ မြန်မြန်ပြောစမ်းပါရှင် ..."

ဦးသူတော် ။ ။ "ဒီလိုကွယ့် ...ရွှေနာဂီရဲ့။ မောင်ဘိုးသီဟာ ဘုရင် တားမြစ်ထားတဲ့ နန်းတွင်းကို ဆွမ်းဆန်တော်ခံလိုက်ရာက ဘုရင့်နှမတော် ကမ္ဘုမယ်နဲ့ ချစ်ကြိုးသွယ်မိကြတာကို ဘုရင်ကြီးနားပေါက် ကြားသွားတယ် လေ"

ရွှေနာဂီ ။ ။ "အို ...ဘုရင့်ဘဏ္ဍာတော် ရွှေခွက်ကို ကျွန်မမောင် ဆင်းရဲသားလေးက သွားနှိုက်မိပြီဆိုပါတော့။ ခက်လိုက်တဲ့ ..မောင်ဘိုးသီ ကလေးရယ် ..."

ဦးသူတော် ။ ။ "အဲဒီလို ဘုရင်ကြီးသိသွားတော့ ရာဇဝတ်ဒဏ်ထိ ပြီး ခု သုသာန်မှာ လုပ်ကြံခံရတော့မယ်ဆိုတာကို ဆရာတော်ထံ လျှောက် တင်ရန် အမြန်ပြေးလာခဲ့တာပါပဲကွယ်"

ရွှေနာဂီ ။ ။ "အမယ်လေး ...မောင်လေးရဲ့၊ အဖြစ်ဆိုးလှချည် လားကွယ့်။ မောင်လေးကို ရှင်ပြုပေးရအောင် ဖခင်ကြီးက ကြံဆောင်တုန်း ဆုံးရမှာ အသည်းနာလှတယ် ...မောင်ဘိုးသီရဲ့"





အစ်မရွှေနာဂီ တစာစာအော်၊ ဦးသူတော်ကို လက်ဆွဲသုသာန်ထဲ သို့ ပြေးအဝင် မောင်ဘိုးသီးအလောင်းကိုလည်း မြင်ရော၊ မြေပြင်မှာလူး ၍ တတ်ငိုကြွေး၊ ဟိုမေးသည်မေး အရူးမကြီးလို မေးရာက ...

ရွှေနာဂီ ။ ။ အဖြစ်ဆိုးတဲ့ ...မောင်လေးဘိုးသီ။ မသေမီ ဘာ တွေမှာသွားသေးသလဲ ...ဦးသူတော်ရယ်"

ဦးသူတော် ။ ။ သူသေသောအခါ တို့ကျောင်းမှာ ညတိုင်း ကဗျာရတု ရွတ်ဆိုမှုပြုရတဲ့ မန်းစက်တော်ရာဘုရားအနီး၊ ညောင်ပင်ကြီးမှာ ဒန်းစီးလို့ စောင့်ပါမည်၊ အစ်မရွှေနာဂီ လူပြည်မှာ သက်တမ်းကုန်၍ သေခဲ့ပါသော် မောင်ကလေးနဲ့အတူ ဒန်းစီးမောင်နှမအဖြစ်နဲ့ နေရအောင် လိုက်ခဲ့ပါတဲ့ ... ရွှေနာဂီရယ်"

ရွှေနာဂီ ဦးသူတော်၏စကားကို နားထောင်နေရာက အကြံထုတ် ဉာဏ်ဆင်လေတော့သည်။

ရွှေနာဂီ ။ ။ "ကျွန်မမောင်ကလေးအကြောင်းကို ကြားရတော့ ရင် ထဲမှာ ...မီး ...မီးတွေတောက်လောင်သလိုပါပဲ ...ဦးသူတော်ရယ်။ အမယ်လေး ...ရင်ပူလိုက်တာ ...ဦးသူတော်ရဲ့၊ ကျွန်မကို ရေ ... ရှာပေးပါ ...ဦးသူတော်ကြီးရယ်။ ရေမသောက်ရရင်ဖြင့် ကျွန်မ ခု ချက်ချင်း သေပွဲဝင်ရပါတော့မယ်ရှင်"

ဦးသူတော် ။ ။ "ရေ ...ဟုတ်လား။ ရေရှာပေးရမှာ နည်းနည်းဝေး သို့ ခဏတော့ သည်းခံစောင့်ကွယ်"

ဟုပြောပြီး ဦးသူတော် ရေရှာသွားစဉ် ...

ရွှေနာဂီမှာ အရှိန်မသေသေး။ မောင်ဘိုးသီအား သဂြိုဟ်ထားသည့် မီးပုံအနီးတိုးကပ်သွားပြီး လက်အုပ်ချီအာရုံပြုလျက် ...

ရွှေနာဂီ ။ ။ "ကျွန်တော်မျိုးမ မောင်ကလေး မောင်ဘိုးသီ၏ ဆု တောင်းအတိုင်း မန်းရွှေစက်တော်အနီး ညောင်ပင်ကြီး၌ ဒန်းစီးမောင်နှမ ဖြစ်ရပါစေသား"

ဟုဆုတောင်းပြီး မီးပုံကြီးအတွင်း ခုန်ဆင်း၍ မောင်ငယ်နှင့်အတူ သေပွဲဝင်သွားရှာလေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



မောင်ဘိုးသီနှင့် ရွှေနာဂီတို့၏ ဖခင်ကြီး ကောဏ္ဍညပုဏ္ဏားကြီး အပေါ် ထားရှိခဲ့သော သစ္စာမေတ္တာတရားကြောင့် တစ်မုဟုတ်ချင်း ကြွ တက်သွားလေတော့သည်။

ဖခင် ကောဏ္ဍညပုဏ္ဏားကြီးမှာလည်း ငွေရှာထွက်ရာမှ နှစ်တွေ လတွေ ကြာမြင့်ပြီဖြစ်၍ သမီးနှင့်သားတို့ကို လွမ်းပြီးနေရင်း ဌာနေသို့ ပြန် လာခဲ့ချိန် ...

အင်းဝနေပြည်တော်အနီး လမ်းခရီးအရောက် ...

တစ်ထောက်မျှ နားနေစဉ် ....

ကောင်းကင်မှ လေယာဉ်ပျံအလား လူသေခေါင်းတင် ပန်းတလား ကြီး ဝဲပျံ၍ပြသည်ကို မြင်တွေ့ရတော့သည်။

ကောဏ္ဍည ။ ။ သြော် ... အံ့ဩဖွယ်ထူးခြား၊ ဤပန်းတလားသည် ဘုန်းပိန်နှင့်သက်ဆိုင်ပါက ယခု တစ်ခဏနှင့် ကျွန်ုပ်ရှေ့ ကျပါစေသားဟု အဓိဋ္ဌာန်ပြုလျှင် အလောင်းသွတ်သွင်း ခေါင်းတင်ယာဉ် ပန်းတလားမှာ ကောဏ္ဍညရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ကျလာလေတော့သည်။

အဖေကြီးမှာ မနေသာဘဲ လှမ်းအကြည့် သေခြင်းဆိုး သေရသည့် မောင်နုမအဖြစ်ကို မြင်ရလျှင် ...

ကောဏ္ဍည ။ ။ ''အလို ... ကံဆိုးသည့်ငါ့နှယ်၊ အဘယ်ဝိဘတ်ဘေး အာ ပြေးမထွက်ခုထိ၊ ဌာနေကိုမှ ခြေမချရသေးခင် ငါ အင်မတန်တွေ့ချင်- တဲ့ သားနဲ့သမီးကို အသက်မပါ မသာအလောင်းဘဝနဲ့ ကျုပ် ဖအေအိုကြီး ကို အကြို့ကောင်းကြလို့ ရင်ဆို့ရလေရဲ့ သားနဲ့ သမီးတို့ရဲ့''

ဟု ယူကျုံးမရ ချုံးပွဲချငိုရင်း ကောင်းမွန်စွာ သင်္ဂြိုဟ်ခဲ့ကာ ဆရာ ရင်းဖြစ်သူ တောင်ဖီလာဆရာတော်ထံမှောက် အရောက်လှမ်းခဲ့ရတော့ သည်။

✿ ✿ ✿

| ၁၀ |

❑

မိချစ် ဖချစ်၊ မောင်နုမအချစ်
၅၂၈ – က သန္ဓေစင်လေတာ
၁၅၀၀ အချစ် တကျော့စစ်
ကိုလေသာ အပြစ်ဖြစ်တော့သည်။

မားကြွပ်ဝန်လည်း ဘုရင်မင်းမြတ်ထံ ပြန်လည်အမိန့်ခံ၍ မောင်ဘိုး အလောင်းကိုစွပြီး စီရင်ရန် ရောက်လာသည်တွင် ရွှေနာဂီအလောင်းကို တွေ့ရသဖြင့် ဦးသူတော်ကို မေးကြည့်မှ အကြောင်းစုံ သိသွားခဲ့သည်။

မားကြွပ်ဝန် ။ ။ ''အင်း ... သင်္ဂြိုဟ်ခိုင်းတာ တစ်လောင်း၊ အခု နေတာက နှစ်လောင်း။ ဒီအကြောင်းဘုရင်သိရင်တော့ ငါ ရာဇဝတ် သင့်တော့မှာပဲ။ ဒါကြောင့် အလောင်းတင် ဘာဂီပန်းတလားပေါ် နှစ်လောင်း ပြိုင်တင်ပြီး အကြောင်းဆိုက်လျှင် သင်္ဂြိုဟ်ထိုက်သူနှင့် တွေ့ပါရစေလို့ အဓိဋ္ဌာန် စာတမ်းရေးပြီး လွှတ်လိုက်ရမှာပါပဲလေ''

မားကြွပ်ဝန် တင်လွှတ်လိုက်သော ပန်းတလားမှာ ...



www.burmeseclassic.com

www.burmeseclassic.com

# [ ၁၁ ]

❑

ရာဂမီး၊ တောက်ငြိုး မငြိမ်းဖွယ်
ကမ္ဘာမြေ ချောအလှ
သောကတွေကြွယ်
ကယ်ဖို့အရေး အပြေးရောက်ခဲ့တယ်။

တောင်ဖီလာဆရာတော်ကြီးမှာ ဦးသူတော် လျှောက်တင်သမျှ ဘဝင်ပင်မကျသော်လည်း တရားသဘောနှင့် ဆင်ခြင်၍ . . .

ဆရာတော် ။ ။ ဖြစ်ပျက်သမျှ သင်္ခါရဒုက္ခတွေပါပဲ။ မမြဲတဲ့ အနိစ္စ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာရေးသုံးပါးက မလွတ်ကင်းတဲ့ လူ့ဘောင်ဘဝမှာ ကံစီမံရာကို ခံကြရစမြဲပဲကွယ့် . . . သူတော်ရဲ့''

ဦးသူတော် ။ ။ ''မှန်ပါ့ဘုရား။ တပည့်တော်မှာ တရားနဲ့ မဝေးပေမဲ့ ဒီကိစ္စဘယ်လိုမှ ရင်မအေးနိုင်ကြောင်းပါဘုရား''

ဆရာတော်နှင့် ဦးသူတော်တို့ ထိုသို့ပြောနေကြစဉ် . . .

''ကယ်တော်မူပါ . . . ဘုရား၊ ကယ်တော်မူပါဘုရား''





အသံတစာစာ ဟစ်ကြွေးအော်လျက် ကျောင်းပေါ်သို့ အားကိုးအကြီး အပြေးတစ်ပိုင်း တက်လာသော ဘုရင့်နှမတော် ပင်တိုင်စံထိပ်ထားကမ္ဘာမြေကို မြင်လိုက်ရတော့သည်။

ဆရာတော် ။ ။ ''ဩော် . . . ဘုရင့်နှမတော် ကမ္ဘာမြေပါလား။ အိမ်း . . အဖျက်အပျက်နဲ့ နှာခေါင်းသွေး ထွက်ကုန်ကြတာပါပဲ။ အကြောင်းစုံတော့ သူတော်ထံက ကြားသိရပြီးပြီ။ ဆရာတော်လည်းပဲ ဘုရင်မင်းကို မေတ္တာရှေ့ထားပြီး ပြောကြည့်ရမှာပါပဲ။ ဖြစ်ပြီးတာတွေလည်း ဖြစ်ပြီးပြီ။ သိပ်လည်း အားမငယ်နေပါနဲ့တော့''

ဟူ၍ ကမ္ဘာမြေကို အားပေးနှစ်သိမ့်နေစဉ် . . .

ကောဏ္ဍညပုဏ္ဏားကြီးပါ ထပ်ဆင့်ရောက်ရှိလာပြီး ဆရာတော်အား ဦးခိုက်ဝပ်တွားလျက် . . .

ကောဏ္ဍည ။ ။ ''သမီးရွှေနာဂါနဲ့ သား မောင်ဘိုးသိတို့ရဲ့ ဖြစ်ပျက်ပုံ အလုံးစုံကို သိပါရစေဘုရား။ အားကိုးရာ တွယ်တာစရာ သားသမီးတွေ ကင်းမဲ့လို့ မျောက်သစ်ကိုင်းလွတ်ဖြစ်ရတဲ့ တပည့်တော်အဖို့ အရှင်ဘုရား ဘုန်းတော်အလျှင် ကိုးကွယ်အားထားရာ ဖြစ်ပါတော့သည်ဘုရား . . .''

ဆရာတော် ။ ။ ''အေးကွယ့် . . . သားသမီးအရေးမှို အများကြီး ဆွေးနွေးစရာ မလိုဘူး။ ကိုယ်ချင်းစာမိပါတယ်။ ဒါယကာ လျှောက်ထားသလို ငါ တစ်ယောက်အား မှီခိုအားထားစရာ ဖြစ်စေချင်တယ်ဆိုရင် မင်းရှေ့နား ကပ်နေ ရောက်နှင့်နေတဲ့ ဒီဘုရင့်နှမသည် ကမ္ဘာမြေရဲ့အရေးကလည်း အေးနေတာ မဖြစ်ချေဘူး။ အားလုံးအတွက် နန်းတော်ကို ရှင်ဘုရင်ကြီးနဲ့ ဆွေးနွေးရအောင်ပဲ။

''ကဲ . . . နားထောင်၊ စည်တော်မဟာသံနဲ့ ညီလာခံဝင်ကြစို့ရဲ့''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# |၁၂|

❑

ခြေတော်ရာ မန်းစက်တော်အနီး
ညောင်မဟော်ပင်ကြီး ...
ဒန်းစီးမောင်နှမ၊ စာသလို ကမ္ဗည်းတင်
အမှန်ပင် လွမ်းစရာပါ့လေး ...။

ဘုရင့်ညီလာခံ စည်တော်သံအစဲ၊ ဆရာတော်နန်းထဲ ဘုရင်နှင့် တကွ မှူးမတ်အပေါင်းတို့မှာ အကြောင်းစုံ ရိပ်မိသိရှိပုံနှင့် ဆရာတော်ဘုရား အား ဦးညွတ်တွားပြီး အမိန့်ကို နာခံနေကြရာ ...

ဆရာတော် ။ ။ "လူငယ်များအတွက် စီရင်ချက်ကဖြင့် ပြင်းထန်လွန်း လှတယ်လို့ ထင်မိရဲ့ ဒကာတော် ... ရေမြေ့ရှင်"

ဘုရင်ကြီး။ ။ "မှန်လှပါ ... တပည့်တော် ရှက်ဒေါသဖြစ်လို့ ရက်စက် မိပါပြီ။ လွန်တာရှိက ဝန္ဒာမိပါဘုရား"

ဆရာတော် ။ ။ "မှားသွားပြီးတဲ့အမှု၊ မှန်အောင်တော့ မပြုနိုင်ပါဘူး ယခု အခြေအနေမှာ တစ်ပြည်တစ်ရွာက ပြန်လာခဲ့ရတဲ့ သမီးသေ သားဆုံး ဖခင်ကောဏ္ဍည ဖြေစရာတစ်နည်းရောက်အောင် ချီးမြှောက်သင့်တယ် ... ဘုရင်မင်းမြတ်"





ဘုရင်ကြီး ။ ။ "မှန်လှပါ၊ ဗေဒင်ပညာတတ် ကောဏ္ဍညပုဏ္ဏားကြီးကို ယနေ့ကစပြီး မင်းဆရာ ပရောဟိတ်အဖြစ် ချီးမြှင့်မြှောက်စားပါ့မယ် ... ဆရာတော်ဘုရား"

ဆရာတော် ။ ။ "သာဓု ... သာဓု ... သာဓု ... နောက်ပြီးသနား တစ်ခု အလေးပြုသင့်တာက သမီးအရင်းလို ကြီးပြင်းအောင်စောင့်ရှောက် ခဲ့တဲ့ ဘုရင်ကြီးနှမသည် ကမ္ဗုမယ်ကိုလည်း ပြန်လည်မြှောက်စား ရွှေနန်း တော်မှာပင် ယခင်စည်းစိမ်အတိုင်း ပေးထားသင့်ပါတယ်။ မလိမ္မာ တစ်ခါ မှိုက်တဲ့အရေးမို့ သူ့အမှား ကိုယ့်တရား မပါစေသင့်ပါ ... ဒကာတော်"

ဘုရင်ကြီး ။ ။ "နှမတစ်ယောက်အား ကံမှောက်မှားသော အဖြစ် အပျက်ကို ထောက်ထားပြီး၊ အချစ်မပျက် ရှေးယခင်စည်းစိမ်အတိုင်း မြှောက် စားပါ့မယ် ... ဆရာတော်ဘုရား"

ထိုသည့်အခိုက် ...

ဒန်းစီးမောင်နှမ ရွှေနာဂီနှင့် မောင်ဘိုးသီတို့ ကိုယ်ရောင်ပြ၍ ထင် ထင်းစွာမြင်ရလျှင် ဘုရင်မင်းမြတ်ကလည်း သနားကရုဏာထားကာ အဘိ သာစကား ပြောရှာရတော့သည်။

ဘုရင်ကြီး ။ ။ "သြော် ... မောင်ဘိုးသီနဲ့၊ ရွှေနာဂီတို့ပါလား။ အလို ရှိရာ ပြောနိုင်ပါတယ်။ နတ်မောင်နှမတို့ ..."

ဤတွင် ဒန်းစီးမောင်နှမတို့က သူတို့၏ သနားစရာဘဝ ကြေကွဲ ရောအခြေအနေတို့ကို နတ်သံနှော၍ တောင်းခံပြောဆိုကြသည်မှာ ...

"သြော် ... ရွှေနားရယ်မှ ပန်ဆင်
လျှောက်ကြားတင်ပ၊ မင်းများထိပ်ခေါင်။
မာန်ဆောင် စိတ်မကြည်၊ မောင်ဘိုးသီကို
မကြာမီနာရီအတွင်း သတ်ဖြတ်ခြင်းကြောင့်
အစ်မရင်းရွှေနာဂီပါ မီးပုံအတွင်းသို့
ခုန်ဆင်းသေခဲ့ရ နတ်မောင်နှမတို့ ဖြစ်ခဲ့ကြအခါဝယ် ...
သဒ္ဒါကြည်ဖြူ ကသိုလ်ရေးယူနိုင်ဖို့
ဓမ္မုဒွေးရာမှ လေို့ ဆိုရိုးရှိတဲ့
မန်းစက်တော်အနီး ညောင်ပင်ကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



ဒန်းစီးမောင်နှမ အမည်လှနှင့် နေပါရစေ ...

ဒေသမှာနေ ရွာပြေ (ပြည်) လူတို့ကလည်း ...

သဒ္ဓါကြည်ဖြူစွာနှင့် ပသစေကြောင်း ...

ခွင့်တောင်းပါတယ်၊ မြတ်ဘုန်းကြွယ် ဘုရင်ထီးဘုရား''

အင်းဝဘုရင် ဒုတိယမင်းခေါင်ကြီးမှာ သဘောထားကြီးစွာ ဒန်းစီးမောင်နှမ ဖြစ်ရှာသည့် ရွှေနာဂီမောင်ဘိုးသီတို့ကို ရန်မျက်မသို အ မထား တောင်ဖီလာဆရာတော်ကြီး၏ သဘောထားနှင့်အညီ ဒန်းစီးမောင် အလိုကျ ခွင့်ပြုခဲ့လေသည်။

ယင်းကြောင့်ပင် မန်းစက်တော်အနီး ညောင်ပင်ကြီးမှာ ယခု အထင်ကရ ဘုရားပွဲ၊ ဘုရားဖူးလာသူတွေနှင့် ဒေသခံတို့ ပူဇော်ပသနေ သည်ကို မြင်တွေ့နိုင်ကြမည် ဖြစ်လေသည်။

''ကလင် ... ကလင် ... ကလင် ... ကလင် ...''

မိုးအေးအေးနှင့် အိမ်ထဲတွင် သူတစ်ချိန်က ဇာတ်ညွှန်းရေး ကျ သော မန်းစက်တော်ရာ ဒန်းစီးမောင်နှမ ဇာတ်ဖိုင်ကြီးကို ပြန်ဖတ်ရှာန နေသော ယခင်က ဇာတ်မင်းသားကြီး ဦးဘိုးဒန်မှာ စားပွဲတင်နာရီမှ အချ ပေးဘဲလ်သံကြောင့် ဇာတ်စာဖိုင်တွဲကြီးကို ပိတ်ပစ်လိုက်သည်။

နာရီတင်ထားရာ စားပွဲခုံပေါ်သို့ လှမ်းကြည့်လိုက်မိတော့ ည သုံးနာရီခွဲနေပြီ။

''အို ... ငါ့မြေး၊ ရွှေနာဂီနဲ့ မောင်ဘိုးသီတို့ကို ကျောင်းကြိုသွာ ရမဲ့အချိန်ပဲ။ ညနေလေးနာရီဆိုရင် ကျောင်းက လွှတ်တော့မှာ''

သည်တော့မှ သူ အိမ်အပြင်ဘက်သို့ အာရုံပြုကာ လှမ်းကြည့် တော့သည်။

''ဟာ ... မိုးရော၊ လေရော သည်းကြီးမည်းကြီးပါလား။ ငါ ဇ ထဲကို စိတ်ရောက်နေတော့ အပြင်ကို အာရုံမထားမိဘူး''

ပါးစပ်မှပြောရင်း သူ သံယောဇဉ်ထားတွယ်တာနေသော မြေး ကလေးတွေကို ခါတိုင်းလို သွားကြိုရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် တူဖြစ်သူ ကိုမောင်ကြီးရောက်လာပြီး ဦးဘိုးဒန့်ထံမှ အုပ်စီ လှမ်းတောင်းသည်။





''ဦးဘိုးဒန် ... ကျွန်တော့်အိမ်က အုပ်စီကျိုးသွားလို့ ဦးဘိုးဒန်ရဲ့ အုပ်စီ ခဏပေးစမ်းပါ''

''ပလတ်စတစ်ပုံးထဲမှာ ယူသွားလေကွာ။ ငါတောင် ခုပဲ မြေးလေး တွေ ကျောင်းအလွှတ်သွားကြိုမလို့''

''မိုးက သိပ်သည်းပြီး လေကလည်းထန်နေတော့ ဦးဘိုးဒန် သွား မကြိုနဲ့တော့။ ကျွန်တော်ပဲ ကလေးတွေကို သွားကြိုလိုက်မယ်''

ကိုမောင်ကြီးက ပလတ်စတစ်ပုံးထဲမှ အုပ်စီကိုဖွင့်ယူပြီး မိုးထဲ လေထဲမှာပင် သူ့အိမ်ဘက် ပြန်ထွက်သွားသည်။

အုပ်စီဆိုသည်မှာ ရေမှုဆိုးတံငါသည်များ ပိုက်ထိုး ပိုက်ဖာရာ တွင် အဓိကကျသော ကိရိယာတန်ဆာပလာဖြစ်၏။ ဝါးရင့်ရင့်ကို လုံသွား အောင် လက်မသာသာလေးထွင်းပြီး အလယ်ခေါင်မှာ အပေါက်ထွင်း၍ အသွား ဆယ်ထားရသော လွန်းသွားလေးပင်ဖြစ်၏။

ထိုအုပ်စီက ပိုက်ထိုးပိုက်ဖာ အခရာကျလှသည်။ လွန်းသွားသည် ရက်ကန်း၏အခရာကျသလို အုပ်စီသည်လည်း ပိုက်၏ အခရာကျလှသည်။

'ခေတ်လူငယ်များ တယ်ခွကျသကိုး။ ကိုယ့်အတွက် အခရာကျ သော ကိရိယာကလေးကိုတောင်မှ မပျောက်မပျက်အောင် ဂရုမစိုက်နိုင်ကြ သဲကိုး' ဟု ဦးဘိုးဒန်စိတ်မှာ ရေရွတ်ရင်း ဆေးတစ်ဆုံသောက်ရန် ဆေးတံ ထဲ ဆေးဘူးကိုယူ၍ ဆေးသိပ်နေမိသည်။

အပြင်မှာတော့ မိုးရော၊ လေရော ကောင်းနေဆဲ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# | ၁၃ |

❑

ဇာတ်မင်းသားဟောင်းကြီး ဦးဘိုးဒန် အအုပ်အသင်းပြုထားသော ကိုမောင်ကြီးတို့မိသားစုမှာ ဧရာဝတီမြစ်ကြီး၏ အနောက်ဘက်ကမ်း သံကိုင်းနန်းတော်ကျွန်းရွာသားများ ဖြစ်ကြ၏။

သံကိုင်းနန်းတော်ကျွန်း၏ မြစ်ဆိပ်အောက်ဘက်မှာ ဦးဘိုးဒန် အကြီးအမှူးပြုသော ကိုမောင်ကြီးတို့ ညီအစ်ကို မောင်နှမ မိသားစုတစ်တွေ ဘိုးစဉ်ဘောင်ဆက်မပြတ် နေထိုင်ခဲ့ကြ၏။

သံကိုင်းနန်းတော်ကျွန်းမှာ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းရှိ ရေနံချောင်းမြို့နှင့် အဆက်အသွယ်များသော ဆိပ်ကမ်းရှိ၏။

သံကိုင်းနန်းတော်ကျွန်း ဆိပ်ကမ်းမှ နေ၍ နောက်ဘက် ပွင့်ဖြူ စေတုတ္တရာ၊ လယ်ကိုင်း၊ စကု မန်းစက်တော်ရာဘုရားသို့ မုန်းချောင်း၊ မန်းချောင်းတို့အား ဖြတ်ပြီးသွားနိုင်၏။

အညာမှနေ၍ မန်းရွှေစက်တော်ဘုရားပွဲများ ဆင်ဖြူကျွန်းဆိပ်ကမ်းမှတစ်ဆင့် စလင်း၊ ပွင့်ဖြူ လယ်ကိုင်း၊ စကုတို့မှ မုန်းချောင်း မန်းချောင်းကို ဖြတ်ပြီးသွားနိုင်သည်။

ဧရာဝတီမြစ်မကြီးအတွင်းသို့ စီးဝင်လျက်ရှိကြသော မုန်းချောင်း မန်းချောင်းတို့မှာ ယခုလို မိုးများပြီး တောင်ကျရေများအား ကောင်းချိန်တွင်





မြစ်ငယ်များအဖြစ် အသွင်ပြောင်းကာ ရေပြင်ကျယ်ကြီး ဖြစ်သွားတတ်သည်။

ထိုအချိန်၌ ဧရာဝတီမြစ်မကြီးတစ်လျှောက် ထက်အောက်အရပ်များမှ ငါးကြီးတွေမှာ မုန်းချောင်း၊ မန်းချောင်းတွေအတွင်းသို့ ကူးဝင်ကျက်စားလာကြပြန်သည်။

အခြားသော ငါးအမျိုးမျိုး၊ အမယ်မယ် အစုံ ကူးဝင်ခုန်ဆန်ရောက်လာကြသည်ဆိုစေကာမူ ငါးထွေကြီးများနှင့် ငါးတန်ကြီးတွေမှာ အဓိကရ အထင်အရှားရှိတတ်သည်။

ထူးခြားသည်မှာ အထက်ဘက် မုန်းချောင်းအတွင်းသို့ ငါးထွေကြီးတွေ၊ အနယ်နယ် အရပ်ရပ် မြစ်ချောင်းများဆီမှ အုပ်စုဖွဲ့၍ ရောက်လာတတ်ကြသလို အောက်ဘက် မန်းချောင်းအတွင်းသို့ ငါးတန်ကြီးတွေ အသင်းအပင်းနှင့် ဝင်ရောက်လာတတ်လေ့ရှိကြခြင်းပင်။ 'မုန်းချောင်းငါးထွေ၊ မန်းချောင်းငါးတန်၊ နှစ်စဉ် မှန်မှန်ဘုရားဖူးရန် ရောက်ရှိလာတတ်ပြန်' ဟု အသေခံတို့က စာတောင် ချီးထားတတ်ကြသည်။

နှစ်မရိုးအကြာမြင့်စွာပင် မုန်းချောင်းကမ်းပါးတွင်ရှိသော လယ်ကိုင်းကျောင်းတော်ရာ (အထက်ကျောင်းတော်ရာဘုရား) သို့ ဝါဆိုလများ ငါးထွေကြီးတွေ ဘုရားဖူးလာကြခြင်းဖြစ်သည်ဟု ဆိုကြသည်။

ထိုအတူ ငါးတန်ကြီးတွေမှာလည်း မန်းချောင်းအတွင်းသို့ ရောက်ရှိလာပြီး မုန်းချောင်းမှ ငါးထွေကြီးများကဲ့သို့ ဘုရားဖူးလာလေ့ရှိသည်ဟု ဆိုကြသည်။ ထိုအချိန်မျိုးများ၌ မုန်းချောင်း၊ မန်းချောင်းရေပြင်များ၌ ရောက်ရှိနေသော ငါးထွေကြီးများနှင့် ငါးတန်ကြီးများမှာ အခြားအချိန်တွေ၌ သားငါးမျိုးဖြစ်ပေမည့် ဥပုသ်သီတင်းစောက် တည်ကြသလို သက်သတ်လွတ်စားတတ်သော ငါးတွေ ဖြစ်ကုန်ကြသည်။ ဘုရားဖူးများ လှူဒါန်းကျွေးမွေးသော ပေါက်ပေါက်ဆုပ်၊ ကန်စွန်းရွက် စသည်ဖြင့် သက်လွတ်တွေသာ စားတတ်ကြလေသည်။

ဝါတွင်းသုံးလဖြစ်၍ သီတင်းကျွတ်လပြည့်ကျော် ဝါကျွတ်သည့်အချိန်များကျမှ မုန်းချောင်းက ငါးထွေတွေ၊ မန်းချောင်းက ငါးတန်ကြီးတွေ ဧရာဝတီမြစ်မကြီးထဲသို့ ပြန်ထွက်သွားတတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူတော်ကောင်းငါးကြီးများကို မီရိုးဖလာ တံငါသည်များ၊ ရေအိုင်ပိုင်းနှင့် ခါတော်မီ တံငါအလုပ်လုပ်သူများက ရှောင်လေ့ရှိတတ်ကြသည်။

ဝါဆိုလမှ သီတင်းကျွတ်လကုန်အထိ ဝါတွင်းသုံးလတာမျှ ကာလတွင် မုန်းချောင်း၊ မန်းချောင်းအတွင်းမှာ ငါးဖမ်းခြင်းအမှုကို ရှောင်ကြခြင်းပင်။

အခြားသော ချောင်းငယ်များနှင့် ရောဝတီမြစ်ကြီးအတွင်း၌မူ ရေပြည့်ရေလျှံဖြစ်၍ ငါးများ မြူးတူးပျော်ပါးတတ်သော မိုးကျရာသီမျိုးတွင်သာ ပရိယေသန ဝမ်းစာအတွက် သူတို့တတွေ ဖမ်းဆီးမှုအလေ့ ရှိတတ်ကြတော့သည်။

✿ ✿ ✿

[ ၁၄ ]

❑

ကိုမောင်ကြီးတို့မှာ ယာသမား၊ ကိုင်းသမားပေမည့် မြစ်ချောင်းကမ်းပါးမှာ နေသူများဖြစ်၍ လှေနှင့် ငါးဖမ်းကိရိယာ ပိုက်ကွန်၊ ငါးမျှားချိတ်၊ ငါးမျှားကြိုး၊ အစုံအလင်ရှိသည်။

ယခုလို မိုးကောင်းသော ရာသီမျိုးတွင် ကိုမောင်ကြီးတို့ခြံဝိုင်းအတွင်းမှာလည်း ကိုမောင်ကြီးနှင့်အတူ ကိုမောင်ကြီး၏ ညီအစ်ကိုသားချင်းတွေ ပိုက်များ၊ ကွန်များ၊ ငါးဖမ်းကိရိယာ လက်နက်များတပြင်ပြင် ဖြစ်လျက်ရှိကြချေပြီ။





ကိုမောင်ကြီးတို့ခြံဝိုင်းမှာ အညာခေလေ့အတိုင်း ညီအစ်ကိုမောင်နှမဆွေမျိုးသားချင်းတတွေ ဥမကွဲ သိုက်မပျက် စုပေါင်းနေထိုင်သော ခြံဝိုင်းအကျယ်ကြီးဖြစ်သည်။

ကိုမောင်ကြီးတို့အဖေနှင့် အမေမှာ ကွယ်လွန်သွားခဲ့လေပြီ။ ခြံဝိုင်းထဲမှာ အသက်အကြီးဆုံးဆို၍ မြန်မာ့ဇာတ်သဘင်ခေတ် အရှိန်အဝါကောင်းစဉ်က ဇာတ်မင်းသားဟောင်းကြီးဖြစ်သော 'ဦးဘိုးဒန်'ဟုခေါ်သော ဦးမောင်ကြီးဦးလေး အဖေ့ညီ ဦးဘိုးဒန်မိသားစုရှိ၏။ ဦးဘိုးဒန်က သူတို့အထဲမှာ အသက်အကြီးဆုံးဖြစ်၍ ခြံဝိုင်းအတွင်းမှာနေသူတွေ အားလုံး အလေးထားလေးစားကြရသည်။

ကိုမောင်ကြီးတို့သားချင်းများတွင် ကိုမောင်ကြီးက အကြီးဖြစ်ပြီး ညီအငယ် ကိုမောင်ငယ်ရှိသည်။ ကိုမောင်ငယ်ကလည်း သူ့မိသားစု ဇနီးနှင့် သမီးကလေးနှစ်ယောက် မိသားစုလေးဦး ခြံဝိုင်းထဲမှာပင် အိမ်တစ်လုံးဆောက်၍ နေသည်။ ကိုမောင်ငယ်သမီးလေးတွေက ငယ်ကြသေးသည်။

ကိုမောင်ငယ်အောက် ညီမ မိမိလေးတို့မိသားစုကလည်း ခြံဝိုင်းထဲမှာ အိမ်တစ်အိမ်ဆောက်၍ နေထိုင်သည်။ ညီမ မိမိလေး၏ယောကျ်ား အောင်မောင်းမှာ ကိုမောင်ကြီးနှင့် ကိုမောင်ငယ်တို့လို ယာသမား၊ ကိုင်းသမား မဟုတ်ဘဲ ဆယ့်နှစ်ရာသီပတ်လုံး ပိုက်ချငါးဖမ်းသော တံငါသည်အစစ်ဖြစ်၏။

ညီမ မိမိလေးနှင့် အောင်မောင်းတို့ မိသားစု၌ ဖိုးအောင်ဆိုသော ဆယ်နှစ်အရွယ် သားလေးတစ်ယောက်ရှိသည်။

ကိုမောင်ကြီး၏ သားသမီးများဖြစ်ကြသော အမြွာမောင်နှမ ရွှေနာဂ၊ မောင်ဘိုးသီတို့က နှစ်နှစ်ကြီး၍ ရွှေနာဂ၊ မောင်ဘိုးသီတို့မှာ ဆယ့်နှစ်နှစ်သားအရွယ်များ ဖြစ်ကြသည်။ တစ်ခြံတည်းနေ မောင်နှမတွေမှာ ပေါ်မ်းမယိမ်းအရွယ်တွေပင်။

သူတို့တစ်တွေမှာ ကျောင်းသွားအတူတူ၊ ကစားအတူတူ၊ အမြဲတမ်းချစ်ကြသော ညီအစ်ကို မောင်နှမဝမ်းကွဲလေးတွေဖြစ်သလို မိဘတွေက

www.burmeseclassic.com



လည်း သည်နှစ် ဆောင်းသီးနှံရိတ်သိမ်းပြီးချိန် နွေဦးအရောက်၌ ရှင်ပြု နားထွင်းမင်္ဂလာပြုပေးကြရန် ရည်ရွယ်ထားကြသည်။

ကလေးတွေ ကျောင်းသွားနေချိန်မှာ လေကြီးမိုးကြီးကျလာသဖြင့် မိဘတွေက စိတ်ပူနေကြသည်။

ကိုမောင်ကြီးတို့ ခြံဝိုင်းအတွင်းရှိ အနိမ့်ပိုင်း မြေနေရာများသို့ မိုးရေနှင့် မြစ်ရေတွေ ရောနှောဝင်ရောက်ပြီး ရေလွှမ်းမိုးစ ပြုလာခဲ့ပြီ။

ကိုမောင်ကြီးဇနီး မအေးခင် ကလေးတွေအတွက် စိတ်ပူပြီး ပိုက်ဆေး နေရာက ကိုမောင်ကြီးကို အပြစ်တင်ဟန်နှင့် လှမ်းပြောသည်။

''ဒီကနေ့ မိုးသည်းနေလို့ ကလေးတွေကို ကျောင်းမလွှတ်နဲ့ ကျွန်မပြောတာကို ရှင်က နားမှမထောင်ဘဲကိုး''

''အေးပါကွာ ... မုန်တိုင်းပါလာမယ်မထင်လို့ ငါလွှတ်မိတာပါ ကျောင်းစာကလည်း အရေးကြီးတယ် မဟုတ်လားကွ။ ခု ငါပဲ ကလေးတွေ ကို သွားကြိုမလို့။ သူတို့ရဲ့ ဆရာတွေ၊ ဆရာမတွေက ခုလို ရေကြီးပြီး မိုးသည်းလေသည်းနေရင် ကလေးတွေကို သူတို့ချည်း ပေးလွှတ်ကြမှာ မဟုတ်ပါဘူး''

မအေးခင် ပိုက်ဖာရင်း အုပ်စီအတွင်းမှ ပိုက်ထိုးချည်ကုန်သွားသဖြင့် ရစ်လုံးမှ ချည်ငင်၍ အုပ်စီအတွင်းသို့ ထပ်သွင်းနေစဉ် ...

''ဝုန်း ...''

''ဒုန်း ... ဒုန်း ...''

''ဂျိမ်း ... ဂျလိန်း ... အုန်း ...''

''အမယ်လေးတော့ ...''

လျှပ်ပြက်ပြီး လျှပ်စီး ဝင်းခနဲလက်ကာ ပြင်းထန်သော မိုးကြိုး ပစ်သံကြီး အိမ်ခေါင်မိုးပေါ်က ဖြတ်သန်းသွားသဖြင့် မအေးခင်မှာ လန့်ဖျပ်ပြီး ကိုင်ထားသောအုပ်စီနှင့် ရစ်လုံးကို လက်ထဲမှ လွှတ်ချလိုက်မိသည်အထိ ဖြစ်သွားရသည်။

ဒါကို လင်ယောက်ျားဖြစ်သူ ကိုမောင်ကြီးက အဖြစ်သည်းရန်ကော ဟူသည့်သဘောနှင့် ရယ်သွမ်းသွေးလိုက်သည်။





''ဟဲ ... ဟဲ ... ဟဲ ... မိုးထဲရေထဲ ရောဝတီမြစ်ကြီးထဲမှာ ဆောင် လင်နဲ့အတူ လှေလေးတစ်စင်းနဲ့ ပိုက်ချလိုက်ခဲ့ပြီးမှ ခု အိမ်ထဲမှာ ဟော ... ဒီလောက် ကြောက်ရတယ်လို့''

''ဒီနှစ် မိုးဦး၊ လေဦးက ဒီပြင်နှစ်တွေထက် ပိုကြမ်းတယ်ရှင့်''

''မင်းကသာ မိုးဦးလေဦးပိုကြမ်းတယ် ပြောနေ။ ငါ့ယောက်ဖ အောင်မောင်းတို့ကတော့ ...''

''သူတို့က အဲဒီအလုပ်ပဲ လုပ်စားနေကြတာကိုးရှင့်။ ကျုပ်တို့ က ကိုင်းတွေ ရေမြုပ်နေတဲ့အချိန်လေး လုပ်ကြရတာတော့။ ကဲပါတော် ကလေးတွေဆီကို အမြန်သွားစမ်းပါ။ တော်ကြာ ဒီထက် မိုးတွေ၊ လေတွေ လာရင် ဒုက္ခ''

မအေးခင်၏ စကားအဆုံး ကိုမောင်ကြီးမှာ ဆောင်းစရာ 'ဝီလီမ' ကို ကောက်ဆောင်းပြီး ကလေးတွေအတွက်လည်း ဆောင်းစရာများ အပိုယူ၍ အိမ်အပြင်ထွက်လာခဲ့သည်။ 'ဝီလီမ' ဟု သူတို့ခေါ်ဆိုနေသော ဆောင်းစရာမှာ ဝါးခမောက်အကြီးစားဖြစ်၏။

ဝါးပိုးဝါးဖတ်ကြီးများကို လူကိုယ်တစ်ဝက်စာ ဆက်စပ်၍ ဝါးနှီး ကြိမ်ကြိုးတို့ဖြင့် သေသပ်စွာ ကွပ်ယက်ထား၍ ခေါင်းမှာဆောင်းပြီးလျှင် ကြိုးဆိုင်းထားလိုက်ပါက လေဒဏ်မိုးဒဏ်ပြင်းပြင်းကြားတွင် လွင့်ထွက်မသွားဘဲ ကိုယ်နှင့်အတူ ကပ်လျက်သားရှိနေသော ကျေးလက်အကာအကွယ်ဖြစ်သည်။

ကိုမောင်ကြီး အိမ်ခြံဝိုင်းအပြင်ရောက်၍ ရွာလယ် တာလမ်းမကြီး ပေါ်အတက်တွင် လေက ခပ်ပြင်းပြင်း ဆောင့်တိုးလိုက်ပြန်သည်။

''ဝုန်း ...''

''ဝရော ... ရော ...''

''ဒုန်း ...''

''ဟာ ... ကံသီလို့ ...''

အညာကုက္ကိုပင်ကြီးတစ်ပင် လေပြင်းဒဏ်ကြောင့် တာလမ်းမကြီး ပေါ် ကန့်လန့်ဖြတ်လဲကျသွားသဖြင့် ကိုမောင်ကြီးလန့်ဖျပ်ပြီး ခြေလှမ်းကို ခုန်၍ ဆုတ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝပ် . . . ထရိန်း"

"ဝမ်းဘဲ . . . ဘဲ . . . ဘဲ . . ."

နွားကြီးတစ်ကောင်၏ မချိမဆန့်အော်သံကြောင့် လှမ်းကြည့်လိုက်တော့ ရေကြီး၍ တာရိုးပေါ်တက်နေသော နွားအုပ်ထဲမှ နွားထီးကြီးတစ်ကောင်မှာ ကံဆိုးသူအဖြစ် သစ်ပင်ကြီးအောက်၌ ပိကျကာ မချိမဆန့်အော်ဟစ်ရှန်းထွက်ရင်း အသက်ပါပျောက်သွားသည်ကို တွေ့လိုက်ရသည်။

မြင်ကွင်းက မသက်သာစရာ အနိဋ္ဌာရုံမြင်ကွင်းကြီး။ သွေးရုံ သံရဲရဲ။

"အင် . . . ဒါ . . . ဒါ မောင်ငယ်တို့အိမ်က နွားနီကြီးပဲ"

ကိုမောင်ကြီး ကလေးတွေရှိရာ ကျောင်းဘက်သို့ မသွားနိုင်သေးဘဲ မြိုင်းထဲ လှည့်ဆင်းခဲ့ရပြန်သည်။

သစ်ပင်ကြီးလဲကျသံနှင့် နွားတွေ အလန့်တကြား အော်ဟစ်သံကြောင့် မောင်ငယ်တို့အိမ်သားတွေနှင့် ကိုမောင်ကြီးဇနီး မအေးခင်တို့ မြိုင်းအပြင်ဘက် ပြေးထွက်လာသည်နှင့် ကြုံလိုက်ရာ ကိုမောင်ကြီးက သူ့ညီမောင်ငယ်ကို အလျင်စလို မေးလိုက်မိသည်။

"မောင်ငယ်ကော . . . မောင်ငယ် . . ."

"မနက်ကတည်းက ကိုအောင်မောင်းနဲ့အတူ ပိုက်ချဖို့ ထွက်သွားကြတာပဲ။ ခုအချိန်ထိ ရောက်မလာသေးဘူး . . . အစ်ကိုကြီး"

မောင်ငယ်မိန်းမ မအေးတင်က ကိုမောင်ကြီးကို လှမ်းပြောပြီး သူ့အစ်မ မအေးခင်နှင့်အတူ တာပေါ် အပြေးတက်သွားသည်။

ကိုမောင်ကြီးမိန်းမ မအေးခင်နှင့် ကိုမောင်ငယ့်မိန်းမ မအေးတင်မှာလည်း ကိုမောင်ကြီးနှင့် ကိုမောင်ငယ်တို့လို ညီအစ်ကို၊ ညီအစ်မတွေဖြစ်သည်။

ကိုမောင်ကြီးနှင့် ကိုမောင်ငယ်တို့က အမြွှာညီအစ်ကိုဖြစ်ပြီး မအေးခင်နှင့်မအေးတင်တို့က၊ အမြွှာညီအစ်မမဟုတ်ဘဲ နှစ်ခြား၍ မွေးသူများဖြစ်၏။





ကိုမောင်ငယ်သည် ကိုမောင်ကြီးလို ကိုင်းကျွန်းခြံစိုက်လုပ်သလို ဆယ်စဉ်ကတည်းက မုဆိုးတံငါအလုပ်များဘက် ဝါသနာကြီးခဲ့သူဖြစ်၏။

ရွှေစက်တော်တောကြီးဘက် တောတက်မုဆိုးတွေနှင့် ကြုံလျှင် တောလိုက်ထွက်တတ်ပြီး သူပါရော၍ အမဲပစ်လေ့ရှိသည်။ ရေထချိန် တံငါအလုပ် လုပ်ရမည်ဆိုလျှင်လည်း ကိုမောင်ငယ် ပါတတ်သည်။

ကိုမောင်ငယ်သည် အကုသိုလ်ကံနှင့် အကျိုးပေးကောင်းသည်ဟု ဆိုရမည့်သူဖြစ်လေသည်လား မပြောတတ်။ သူ တောပစ်ထွက်လျှင် အမဲကောင်းရတတ်ပြီး တံငါဆင်းလုပ်လျှင် ငါးကြီးငါးကောင်းတွေ ရတတ်၏။

ခုလည်း ညီမငယ် မိမိလေးယောကျ်ား ကိုအောင်မောင်းက ရေမုဆိုးတံငါသက်သက်ဆိုတော့ ကိုမောင်ငယ် ကိုင်းတွေ၊ ကျွန်းတွေ မြေမြုပ်ချိန်မှာ ယောက်ဖဖြစ်သူ ကိုအောင်မောင်းနှင့် ပို၍ပေါင်းမိပြီး တံငါအလုပ် အတူတူလုပ်နေကြခြင်း ဖြစ်ပုံရသည်။

ပြီးတော့ ကိုမောင်ငယ်နှင့် ကိုအောင်မောင်းတို့ ပို၍ ပေါင်းမိနေသည်မှာ သူတို့နှစ်ယောက်စလုံးမှာ အသောက်အစား နည်းနည်းစီ ရှိနေကြခြင်းပင်။

"ဝေါ . . . ဝရော . . . ရော . . ."

လေပြင်းပြင်းတိုက်ခတ်လိုက်၍ တိမ်ညိုတိမ်မည်းတွေ လွင့်ပါးသွားပြီး မိုးစဲစပြုလာသည်။

သို့သော် တောင်ကျရေကြောင့် အောက်ဖက်မှာ ရေက တိုးနေလျှံနေဆဲ။

"ဟော့ . . . ဟော့ . . . ငါးမန်းစွယ် အမြန်ယူကြစမ်းကွယ့်။ သစ်ပင်ကြီးကို ဖြတ်ပြီးမှ မောင်ငယ်ရဲ့နွားနီကို ထုတ်ယူလို့ရမယ်"

ဦးဘိုးဒန် ရောက်လာပြီးနောက် လောဆော်သံကြားလိုက်ရ၍ ကိုမောင်ကြီး သူ့အိမ်ဘက်အထိသွားရပြီး အိမ်ပေါ်တက်ကာ ငါးမန်းစွယ်ယူရသည်။

"သားသတ်မုဆိုး၊ တံငါမျိုး၊ ကျိုးပေးမမှန်၊ အကုသိုလ်ကံတဲ့ကွ။ သခင်က ရေမုဆိုး တံငါထွက်ပြီး လုပ်နေတယ်။ အိမ်က နွားကြီးကတော့ အသက်မရှိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးဒန်၏စကားကြောင့် ငါးမန်းစွယ်ယူလာသော ကိုမောင်ကြီးမှာ လှမ်းနေသော ခြေလှမ်းတွေပင် တုံ့ဆိုင်းသွားရသည်။

"အို ...ဦးဘိုးဒန်ကလည်း အရေးထဲ ကာယကံရှင်တွေ စိတ်မကောင်းအောင် ပြောနေပြန်ပြီ"

ကိုမောင်ကြီး၏ဇနီး မအေးခင်က လှမ်းပြောလိုက်သဖြင့် ဦးဘိုးဒန်သူ့စကားကို သူထိန်းရင်း လူကြီးပီပီ ပြေရာပြေကြောင်း ပြန်ပြောလိုက်သည်။

"အေးပါ ...တူမကြီးရယ်၊ ဦးရီးက ကိုယ့်တူ၊ တူမတွေ ပစ္စည်းဆုံးရှုံးနစ်နာရလို့ နှမြောပြီး ပြောလိုက်မိတာပါ။ ဦးရီး စိတ်မကောင်းပါဘူး။ နိုင်းနွားကြီးတစ်ကောင် သိန်းကျော်တန်နေတဲ့အချိန် မောင်ငယ့်အတွက် နှမြောလွန်းလို့ပါကွယ်။ ကဲ ...မောင်ကြီးရေ ...မင်းနဲ့ငါနဲ့ပဲ ငါးမန်းစွယ်ကို ဟိုဘက်ဒီဘက်ဆွဲပြီး သစ်ပင်ကြီးကို ဖြတ်ကြတာပေါ့။ ဒါမှ မောင့်ငယ် နွားနီကြီးကို သစ်ပင်အောက်က ဆွဲထုတ်လို့ရမယ်"

ကိုမောင်ကြီးမှာ ညီအရေးကြောင့် ငြင်းဆန်ရခက်သွားသည်။

သားနှင့်သမီး၊ တူ တူမတွေ ကျောင်းမှပြန်လာမည့်အရေးကိုလည်း တွေး၍ စိတ်မအေးနိုင်အောင် ဖြစ်ရသည်။

မိုးကလည်းစဲ၊ လေကလည်း ငြိမ်သက်စပြုပြီမို့ ကိုမောင်ကြီး ဆောင်းထားသော 'ဝိလိမ' ကို သူ့ဇနီးမအေးခင်အား ချွတ်၍ပေးလိုက်သည်။

"ကဲ ...အေးခင်၊ မင်းပဲ ကလေးတွေကို ကျောင်းက သွားကြိုပေတော့။ မင်းက မိန်းမသားဆိုတော့ ဒီမှာ ဘာမှလုပ်တတ်မှာ မဟုတ်ဘူး။ မိုးလည်း စဲသွားပါပြီ။ ကလေးတွေကိုသာ ဂရုတစိုက်ခေါ်လာခဲ့ပေတော့"

ကိုမောင်ကြီးက လူပါးဖြစ်၍ ဦးကြီးဦးဘိုးဒန်နှင့် သူ့မိန်းမ အေးခင်တို့ ဆက်၍ စကားတန်မရှည်စေရန် တမင်ခွဲထုတ်၍ လွှတ်လိုက်မှန်းအကင်းပါးသော ဖာတ်မင်းသားဟောင်းကြီး ဦးဘိုးဒန်က ရိပ်မိပြီးသား။

မအေးခင် သူတို့အပါးမှ ထွက်ခွာသွားတော့ တူဝရီးနှစ်ယောက် အညာကုက္ကိုပင်ကြီးကို ပိုင်းဖြတ်ပြီး ကိုမောင်ငယ်၏နွားနီကြီးအား ဆွဲထုတ်နိုင်ရန် လုပ်ငန်းစတင်လိုက်ကြသည်။





ဦးဖိုးဒန်နှင့် ကိုမောင်ကြီးတို့ ငါးမန်းစွယ်ကို ဟိုဘက်ဒီဘက်မှ ကိုင်ပြီး လွှတိုက်ဆွဲကြရသည်။

ခယ်မဖြစ်သူ အေးတင်ကတော့ ဘာမျှ မလုပ်တတ်၊ မကိုင်တတ်နှင့် မိန်းမသားပီပီ နှမြောတသ ယူကျုံးမရဖွာဖြင့် သူတို့အနီးမှာ တရှုံ့ရှုံ့ငိုနေရှာတော့သည်။

✿ ✿ ✿

## [၁၅]

ခုတော့လည်း ရာသီဉတုက ကြည်လင်နေပြန်သည်။

မိုးခေါင်ရပ်ဝန်း အညာဒေသဖြစ်၍ နေက ကျဲကျဲတောက် ပူလောင်နေတတ်ပြန်သည်။

ထိုသို့ နေပူနေရာက ရုတ်တရက် လေပြင်းတိုက်ခတ်ပြီး မိုးမည်းပြီး အုံ့အုံ့သည်းသည်း ရွာချလျှင် ရွာချတတ်ပြန်သည်။

အညာမိုးကား မရွာဘဲနေသည့်အခါနေသည်။ ရွာမည့်ရွာတော့ မထင်မှတ်၊ မမှန်းဆသလို ရွာတတ်သည်။

မိုးရွာစဉ်က တောင်ကျရေတွေ ထောင်းလမောင်းထအောင် စီးကြမ်းခဲ့သော ချောင်းငယ်မြောင်းငယ်မှာ မိုးတိတ်သွားသည့်တိုင် ရေစီးကညောင်းသာသေး။

www.burmeseclassic.com



*တောင်ကျရေနှင့်အတူ တောင်ပေါ်သစ်တောကြီးတွေမှ* ထော တိရစ္ဆာန်အသေကောင်တွေ မျောပါလာတတ်သလို သစ်ပင်သစ်ကိုင်းကြီး တွေလည်း ကျိုးပြတ်၍လည်းကောင်း၊ အမြစ်မှ ပြုတ်ပြတ်ထွက်၍လည်း ကောင်း ပါလာတတ်သည်။

မောင်ငယ့်နွားနီကြီးပေါ် လဲကျခဲ့သော အညာကုက္ကိုပင်ကြီးကို ဦးအိုး ဒန်နှင့် ငါးမန်းစွယ်ဆွဲ၍ လွှတိုက်ဖြတ်နေကြစဉ် ခြံပိုင်းနီးချင်း ရွာသားအချို့ ရောက်လာပြီး ကူကြသဖြင့် သိပ်ကြာကြာ ခက်ခက်ခဲခဲ မဖြတ်လိုက်ကြရ။

နွားအသေကြီးကို သစ်ပင်ကြီးအောက်မှ ဆွဲထုတ်နေကြစဉ် ကလေး တွေကို သွားကြိုသော မအေးခင်တို့ ကျောင်းဘက်မှ ပြန်ရောက်လာချိန် နှင့် ကြုံနေရ၍ ကလေးတွေ အနိဋ္ဌာရုံမြင်ကွင်း မမြင်တွေ့စေရန် အိမ်ပိုင်း အတွင်း အမြန်ခေါ်သွားစေရန် ပြောရသေးသည်။

ပြီးမှ ကလေးတွေနှင့် မမြင်ကွယ်ရာ ခြံပိုင်းအတွင်းရှိ ချုံပုတ် ထူထူကြားသို့ ထိုရွာသားတွေနှင့်ပင် ကိုမောင်ကြီးဦးဆောင်၍ နွားအသေ ကောင်ကြီးအား ခက်ခက်ခဲခဲ ယူသွားခဲ့ရပြန်သည်။

ချုံပုတ်ထူထူကြားမှာ နွားသေကြီးအား နေရာချထားပြီးချိန်မှာ ရွာသားတစ်ယောက်က ကိုမောင်ကြီးကို လှမ်းမေးသည်။

"ဘယ်လိုလုပ်မလဲ . . . မောင်ကြီး၊ နွားသေကြီးကို ခုချက်ချင်း ဖျက်မလား"

"အား . . . လက်မရွံ့ သက်ညွှန့်ကလည်းကွာ၊ ငါကိုယ်တိုင် မဖျက် ပါရစေနဲ့၊ ငါက ကာယကံရှင်လည်း မဟုတ်ဘူး၊ ငါ့ညီ မောင်ငယ်ပြန် ရောက်မှ မင်းတို့ချင်း သူနဲ့တိုင်ပင်ပြီး စီစဉ်ကြပေတော့"

"ဟုတ်သားပဲကွ၊ ဒီကိစ္စ မောင်ကြီးကို တိုင်ပင်လို့ ဘယ်ဖြစ်မလဲ၊ မောင်ကြီးက ဘုရားဒကာ တံငါမုဆိုးဆိုတဲ့ လူစားလေကွာ"

"ငါက မင်းတို့လို လက်ရဲဇက်ရဲ ငရဲမကြောက်ဆိုတဲ့ ကောင်စား လည်း မဟုတ်ဘူး။ ဒီကောင်ကြီးကို အသက်ရှင်လျက် ငါ့မျက်စိထဲမှာ ပြန် ပြန်မြင်နေတာကွ။ ဒီကောင်ကြီးအတွက် စိတ်လည်း မကောင်းဘူး။ သူ ဖိပြီးသေနေတာ မကြည့်ရက်လို့ သစ်ပင်အောက်က ဆွဲထုတ်နိုင်အောင် ငါ လုပ်ပေးရုံသာပါကွာ"





ကိုမောင်ကြီး ထိုသို့ပြောနေစဉ် သူ့ညီ ကိုမောင်ငယ်နှင့် သူ့ယောက်ဖ ကိုအောင်မောင်းတို့ သမီးယောက်ဖနှစ်ယောက် ငါးဖမ်းထွက်သောလှေ၊ ကိုမောင်ကြီးတို့ ခြံပိုင်းအစပ် ချောင်းရိုးကလေးအတိုင်း ထိုးဆိုက်လာ သည်။

"ချောင်းဝရောက်ကတည်းက နွားနီကြီး သတင်းကြားရတာ စိတ် မကောင်းစရာပဲ။ အလိုလိုနေရင်း ကျူပ်နွားကျမှ ဖြစ်ရတယ်လို့ဗျာ"

ညီဖြစ်သူ မောင်ငယ်၏အသံကို ကြားလိုက်ရ၍ ကိုမောင်ကြီး လှေ ရှိရာ ချောင်းစပ်ဘက်သို့ လှမ်းကြည့်လိုက်မိသည်။

လှေ၏ဝမ်း ကြမ်းခင်းပေါ်မှာ ငါးနှစ်သားကလေးအရွယ် ငါးတွေ ကြီးတစ်ကောင်ကို လှမ်းတွေ့လိုက်ရသည်။

ငါးတွေကြီးမှာ အဖိခံထားရတာ ကြာပြီဖြစ်၍ အသက်ပင် ပါမလာ တော့ချေ။

"ငါးကြီးရလာလို့ ပျော်နေတုန်း သတင်းဆိုးက ဆီးကြိုနေတော့ ပျော်နေတာတွေ အကုန်ပျောက်သွားတာပဲဗျာ"

ယောက်ဖဖြစ်သူ အောင်မောင်းကလည်း ဝင်ပြောပြီး သူ့မိန်းမ မိမိလေးနှင့်အတူ ငါးတွေကြီးကို ဝါးကပ်ပေါ်တင်၍ မ,ပြီး သူတို့အိမ်ရှိရာ ဘက်သို့ သယ်မ,သွားကြသည်။

"အင်း . . . သဗ္ဗာဝါတစ်ခု၊ ကံတစ်ခုပေါ့ မောင်ငယ်ရာ။ ဖြစ်လာ မှတော့ ဘယ်တတ်နိုင်ပါမလဲ"

ကိုမောင်ကြီးက ညီဖြစ်သူမောင်ငယ်ကို ဖျောင်းဖျစကားပြောပြီး သူ့အိမ်ဘက်ကို ပြန်၍လှည့်ခဲ့သည်။

ထိုစဉ် အောင်မောင်းမှာ ဓားနှင့်ရဲဒင်းကို ယူလာပြီး အမဲဖျက်ရန် ဦးဆောင်တော့သည်။ အောင်မောင်းသည် တံငါမုဆိုးအစစ်ဆိုတော့ လက်ရဲ ဇက်ရဲရှိသည်။ အိမ်ဘက်သို့လှည့်ထွက်သွားသော သူ၏ယောက်ဖအကြီး ကိုမောင်ကြီးအား လှမ်း၍ပြောလိုက်သေးသည်။

"အစ်ကိုကြီး . . . ဘာကြိုက်သလဲ ပြော။ အမဲကလီစာကောင်း ကောင်းတော့ အစ်ကိုကြီးဆီ ဦးဦးဖျားဖျား ပို့ပေးလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ခြံထဲက ငယ်မွေးခြံပေါက်ဖြစ်နေလို့ ငါ မက်မက်မောမော မရှိလှပါဘူးကွာ။ မောင်ငယ့်အတွက် ရင်းစားရနိုင်သမျှ ရအောင် မင်းတို့လူငယ်တွေပဲ ကြည့်စီမံကြပါကွာ"

ကိုမောင်ကြီးပြောပြီး အိမ်ဘက်သို့ ဆက်၍ လျှောက်လှမ်းလာခဲ့သည်။

ညီမငယ် မိမိလေးကတော့ ယောကျ်ားက တံငါသည်ဖြစ်နေ၍ ယောကျ်ားမြစ်ပြင်ကျယ်မှ ပြန်ရောက်လာ၍ တံငါသည်မိန်းမသူတို့ လုပ်နေကျအလုပ်အတိုင်း ပိုက်များကို လှေအတွင်းမှ သယ်မ,၍ အိမ်ပေါ်သို့ ရွှေ့နေသည်။

မိမိလေး၏မျက်နှာမှာ ခင်ပွန်းဖြစ်သူ ငါးကြီးရလာ၍ ပြုံးရိပ်သန်းလျက်ရှိ၏။

သို့သော် အစ်ကိုငယ်ဖြစ်သူ မောင်ငယ်၏ နွားကြီးတစ်ကောင်လုံး အဆုံးအရှုံးခံထားရ၍ ဝမ်းသာအားရဖြင့် စိတ်လွတ်ကိုယ်လွတ် မပြုံးနိုင်ပြန်။

ကိုမောင်ကြီးမိန်းမ မအေးခင်၏ ညီမ မအေးတင်မှာလည်း ဖမ်း၍ ရလာသော ငါးထွေကြီးကို သူ့ယောကျ်ား မောင်ငယ်လည်း တစ်ဝက်ပိုင်သည်မို့ ယခင်အခါ ဒါမျိုးဆိုလျှင် လုံးဝပျော်ရွှင်နေပေလိမ့်မည်။

ခုတော့ အေးတင်မျက်နှာမှာလည်း ရွှင်ရွှင်လန်းလန်းမရှိ။

အေးတင်ယောကျ်ား မောင်ငယ်ဆိုလျှင် အေးတင်ထက်ပင် ဆိုးသေးသည်။

သူတို့လင်မယားနှစ်ယောက်လုံးအဖြစ်က နွားနှင့် ငါးကို လဲလှယ်လိုက်ရသလို အဖြစ်မျိုးပါတည်း။

✿ ✿ ✿

[ ၁၆ ]

❑

နောက်သုံးရက်ခန့်အကြာတွင်တော့ ကိုမောင်ကြီးတို့ခြံဝိုင်းအတွင်းမှာ နေသားတကျ ဖြစ်သွားကြသည်။

ပထမရက်တွေက နွားကြီးကိစ္စနှင့် စိတ်လက်မကြည်လင်သူတွေ ခိုသလို ဖျက်ထားသော အမဲသားကို လာရောက်ဝယ်ခြမ်းသူတွေ ခြံထဲမှာ ရှုပ်နေသည်။

ကျေးရွာသဘာဝ စိတ်မကောင်းဖြစ်ကြောင်း ပြောသူ အနည်းအကျဉ်းမျှသာရှိပြီး အောင်မောင်းနှင့်မောင်ငယ်တို့ ပွဲဦးထွက်ဖမ်းမိသော ငါးထွေကြီးအကြောင်းကိုပဲ လိုလိုချင်ချင် စပ်စုကြသည်။

"ဒီလောက် လှိုင်းလေကြမ်းတဲ့ကြားက ဒီငါးကြီးက ဝင်တိုးဖြစ်အောင်တိုးတာ သူ့ကံကိုက ဆိုးလွန်းလို့နေမှာပေါ့"

"ရောဝတီမြစ်ရေကလည်း လျှံနေတော့ ငါးကြီးတွေကလည်း ခွတ်ပျော်နေကြတယ် ထင်ပါရဲ့။ အပျော်လွန်ပြီး ပိုက်ကိုဝင်တိုးတာ ဖြစ်မှာပေါ့"

"ရေကြီးချိန်မဟုတ်ဘဲ ရေကြီးတော့ ငါးကြီးတွေက ဝါဆိုခေါင်လဆင်ပြီး မုန်းချောင်းထဲဝင်ဖို့ တာစူကြတာနဲ့တူပါရဲ့"

www.burmeseclassic.com



"ဒါဆို ဘုရားဖူး ငါးကြီးတွေများလား"

စကားတွေက သူတစ်ပေါက် ငါတစ်ပေါက်ပြောရင်း အ
အသွားမလွတ်တာတွေဘက်သို့ ရောက်စပြုလာသည်။

"ရောဝတီမြစ်ကြီးထဲမှာ ဒီလောက်ကြီးတဲ့ ငါးတွေမပြောနဲ့
ထက်ကြီးတဲ့ ငါးတွေလည်း ရှိမှာပဲဟာ။ ခုအချိန်မျိုးမှာ ဖမ်းမိတဲ့ငါးကို ဘု
ငါးလို့ ဘယ်သူ အတပ်ပြောလို့ရပါ့မလဲ"

မိန်းမတစ်ယောက်က ကာယကံရှင် အေးတင်နှင့်မိမိလေးတို့
အောင် ဝင်ပြောသည်။

ဝင်ပြောသူကိုယ်တိုင်မှာ ရေလုပ်ငန်းတံငါအလုပ်နှင့် မကင်းသူ
၏။

"ဟုတ်တယ် . . . မဂျမ်းပြောသလို ဘုရားငါး မဟုတ်ပါဘူး
ဘုရားငါးက ဝါတွင်းအချိန်ကျမှ မှန်းချောင်းထဲကို ဝင်တာပါ။ ခုဟာ
ကိုမောင်ငယ်နဲ့ ကိုအောင်မောင်းတို့ ရောဝတီမြစ်ထဲမှာ ဖမ်းမိလာတဲ့ ငါး
ပဲ"

မိမိလေးက သူ့ယောကျ်ားနှင့် သူ့အစ်ကို ကိုမောင်ငယ် ရပ်ရွာ
အပြောလွတ်အောင် ဝင်၍ပြောရသည်။

ဦးဘိုးဒန်မှာ သူ့အိမ်ဘက်ကနေ ကိုမောင်ကြီးတို့ ခြံဘက်အသွ
တွင် ထိုစကားများကို ကြားလိုက်ရသည်နှင့် ဦးခေါင်းတညိတ်ညိတ်လုပ်
ခြံပိုင်းအတွင်းသို့ ကူးလိုက်သည်။

✿ ✿ ✿

## [၁၇]

❑

အိမ်ကြီးမှာ မြေစိုက်နှစ်ထပ်အိမ်ကြီးဖြစ်၍ အောက်ထပ်ရှေ့ပိုင်းကို
ကွပ်ပျစ်ကြီး ခင်းထားသည်။

ကိုမောင်ကြီးနှင့် မအေးခင်တို့မှာ ဖာထေးပြီးသား ပိုက်များကို စစ်
ဆေးနေရာမှ ဦးဘိုးဒန်ဝင်လာသည်နှင့် ကွပ်ပျစ်ပေါ်တွင်ပင် နေရာပေးရင်း
ရေနွေးကြမ်းအိုးကို ထိုးပေးသည်။

"ဦးဘိုးဒန် . . . ရေနွေးကြမ်းသောက်ပါဦး။ ထန်းလျက်ခဲတော့
ခွက်ဘူးထဲမှာ"

"မင်းတို့လည်း ငါးဖမ်းထွက်ဖို့ပြင်ဆင်ပြီး ဖြစ်နေကြပြီပေါ့လေ"

"ဟုတ်ကဲ့ . . . ဦးဘိုးဒန်။ ဒီအချိန်မှာ ဒီအလုပ်နဲ့ပဲ အဆင်ပြေ
တော့ တခြားအလုပ်မရှိတုန်း ဥသာခံသာပေါ့လေ"

"အေးပေါ့ကွာ . . . မြစ်နားချောင်းနား နေနေကြရတော့ သဘာဝ
ပေးတဲ့ အခွင့်အရေးအတိုင်း လုပ်ကိုင်နေထိုင်စားသောက် နေကြရတာ
ပဲ"

ကိုမောင်ကြီးတို့၏ သားနှင့်သမီးဖြစ်သော ရွှေနာဂါနှင့် မောင်ဘိုးသီ
တို့ မောင်နှမနှစ်ယောက် နေအိမ်အောက်ထပ်မှာပင် စားပွဲကုလားထိုင်နှင့်
စာကျက်နေကြသည်။

"ဟိုတလောက မိုးကြီးတုန်း ရောဝတီထဲဆင်းပြီး ငါးဖမ်းတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



တွေ ထိချက်ကောင်းကြတယ်။ ကျွန်တော်တို့က အဆင်သင့်မဖြစ်သေး
မဆင်းဖြစ်ကြသေးတာ''

''အဲဒီအချိန် မဆင်းတာဘဲ ကောင်းပါတယ်ကွာ။ ဟိုအောက် မန်းချောင်းနားမှာ မန်းချောင်းထဲက တောင်ကျရေနဲ့ မျောလာတဲ့ သစ်တုံးနဲ့ ငါးရှာတဲ့ လှေဝင်ဆောင့်ပြီး လှေမှောက်သွားလို့ လှေ ရွာသားနှစ်ယောက်သေသွားတာ အခုချိန်အထိ အလောင်းမရကြသေး လို့ ပြောသံတွေ ကြားနေရတယ်''

''ငါးများများရချင်လို့ စွန့်စွန့်စားစား ထွက်လုပ်ကြတယ်နဲ့ တူ တယ် ... ဦးဘိုးဒန်ရယ်။ ပြီးတော့ ဒီအချိန်လေးမှ ကြိုးကြိုးစားစား မလုပ်ကြရင် မုန်းချောင်းနဲ့ မန်းချောင်းတစ်ပိုက်မှာ တခြားအချိန်တွေ ဖမ်းလို့ မကောင်းကြတော့ဘူးလေ''

''ဩော် ... မုန်းချောင်းနဲ့ မန်းချောင်းတွေထဲကို ဝါတွင်း ဘုရား ဝင်လာမဲ့ ငါးကြီးတွေကြောင့် အဲဒီအချိန်ငါးဖမ်းလို့ မကောင်းဘူးလို့ တာပေါ့လေ။ ဒါပေမဲ့ လောဘဇောတက်နေတဲ့ တံငါတချို့ကတော့ မုန်း ချောင်းထဲငါးမဖမ်းရရင်လည်း ဧရာဝတီမြစ်ကြီးဘက် ဆက်ထွက်ပြီး ငါးဖမ်း နေကြတာပဲဟာ''

''ဧရာဝတီမြစ်ထဲ ငါးထွက်ဖမ်းတယ်ဆိုပေမဲ့ မုန်းချောင်း မန်းချောင်း အဝတွေနဲ့ ဝေးရာမှာ ထွက်ဖမ်းကြတာပဲ ... ဦးဖိုးဒန်ရဲ့ သိပ်ပြီး ပြဿနာ တော့ မဟုတ်ဘူးနဲ့တူတယ်''

''အေးပါကွယ် ... သူတစ်ပါး ဝမ်းစာစီးပွားရှာနေတဲ့အလုပ်တွေ ဦးဘိုးဒန် ဘာမှမပြောချင်ဘူး။ ငါ့တူငါ့သားတွေသာ အလွန်အကျွံ လောဘ တို့မိဘဘိုးဘွားတွေ အစဉ်အဆက်ပြုကျင့်ခဲ့တဲ့ ထုံးတမ်းစဉ်လာ ကော်ဖို့ဘဲ ပြောချင်တယ်''

ဒန်တူက ဦးဘိုးဒန်လိုပါပဲ။ သူက ဘာသာတရားကို သိပ် ဝါတွင်းကာလရောက်တာနဲ့ မုန်းချောင်းထဲ ငါးဝင်ဖမ်း ချောင်းဝမှာတောင် သွားပြီး ပိုက်မချဘူး။ တစ်ခါတလေ ကိုင်းကျွန်းအလှပ် ပါးလျားတုန်း ဧရာဝတီထဲ ပိုက်ချထွက်တတ် တာပါ''





ကိုမောင်ကြီးဇနီး မအေးခင်က ဝင်၍ သူ့ယောက်ျား ကိုမောင်ကြီး ဘက်ကနေ ပြောသဖြင့် ဦးဘိုးဒန် ကျေနပ်စွာ ပြုံးလိုက်သည်။

''ငါ့တူကြီးကတော့ ဟုတ်ပါတယ်။ တွဲမိနေတာက ဟိုနှစ်ကောင် မောင်ငယ်နဲ့ အောင်မောင်းတို့ပဲ''

''သူတို့နှစ်ယောက်လည်း မုန်းချောင်းနဲ့ မန်းချောင်းဘက်တွေကို ရှောင်ကြတာပါပဲ။ ဝါတွင်းရောက်လျှင် ဧရာဝတီကြီးထဲမှာသာ ငါးဖမ်းကြ တာပါ''

''ငါ့တူကြီးမို့လို့သာ ဦးရီးပြောနေတာ။ သူတို့နှစ်ယောက်က လူ ငယ်တွေလည်းဖြစ်၊ ဘာသာရေးနဲ့လည်း လှမ်းတော့ ငါ့ကို လျှာရှည်တဲ့ အဘိုးကြီးလို့ အထင်ခံရမှာစိုးလို့ သူတို့နှစ်ယောက်ကို မပြောရဲဘူးဟေ့။ အမှန်တော့ ငါ့တူကြီးလို ဝါတွင်းရောက်လာရင် ဧရာဝတီမြစ်ကြီးထဲမှာ တောင် ထွက်ပြီး ငါးမဖမ်းတာ အကောင်းဆုံးပါပဲကွယ်''

ဦးဘိုးဒန်လည်း ပြောရင်းက ရေနွေးကြမ်းတစ်ကျိုက် ယူသောက် လိုက်သည်။ ပြီးမှ ...

''အဲဒီဝါတွင်းကာလမှာ သူတော်ကောင်းငါးကြီးတွေ မုန်းချောင်း က ကျောင်းတော်ရာဘုရား၊ မန်းချောင်းက စက်တော်ရာဘုရားတွေကို ဘုရားဖူးလာကြ၊ ဥပုသ်သီတင်း လာရောက်ခိုလှုံ ဆောက်တည်ကြဆိုတော့ ဧရာဝတီမြစ်မကြီးထဲမှာလည်း ရောက်နေကြမှာပါပဲ။ အဲဒီအချိန်မျိုးမှာ မန်း ချောင်းမုန်းချောင်းနဲ့နီးတဲ့ ဧရာဝတီမြစ်ကြီးထဲက ဘယ်ငါးကိုမှ မဖမ်းကြ တာ အကောင်းဆုံးပါပဲ''

ဦးဘိုးဒန်စကားကို ကိုမောင်ကြီးက နားလည်လက်ခံသော်လည်း သူ့ညီမောင်ငယ်အတွက်မူ ခံသာအောင် ဝင်ပြောရသည်။

''မောင်ငယ်ကတော့ ဒီနှစ် အောင်မောင်းနဲ့ ပိုပြီးတွဲဖြစ်မှာ သေချာ တယ်။ သူ့နွားကြီးအတွက် ရင်းစားပြန်ရအောင် ဧရာဝတီမြစ်ထဲမှာ ဒီနှစ် ငွေကြိုးကြိုးစားစား ပြန်ရှာမယ် ပြောနေတယ်။ သူ့ဘက်က ကြည့်တော့ လည်း ဟုတ်နေတာပဲ''

''အေးပေါ့ကွယ် ... လူငယ်စိတ်နဲ့ စီးပွားရှာဖို့ မာန်တက်ပြီး ပြော တာနေမှာပေါ့။ ဒါပေမဲ့ အလွန်အကျွံမဖြစ်အောင် တို့လူကြီးတွေက ထိန်း



www.burmeseclassic.com

www.burmeseclassic.com



ကြရမှာပေါ့ကွယ်။ စီးပွားရှာရင်းနဲ့ ငရဲတွင်းမကျဖို့ ဆင်ခြင်နိုင်ရင် အကောင်းဆုံးပဲပေါ့"

ထိုစဉ် စာကျက်နေသော စားပွဲမှ ကိုမောင်ကြီးသား မောင်ဘိုးသီမှာ ဦးဘိုးဒန်စကားကို စိတ်ဝင်စားစွာ နားထောင်နေရာက လှမ်းမေးဖြစ်သွားသည်။

"ဒါဆိုရင်တော့ စီးပွားရှာရင်း ငရဲတွင်းမကျအောင်လို့ ဘိုးလေးက ဘာဖြစ်လို့ပြောရတာလဲ ဟင် ..."

"ဟယ် ... ဒီကောင်လေး စာကျက်တာ ကောင်းကောင်းကျက်တာ မဟုတ်ဘူး။ လူကြီးတွေစကားထဲ ဝင်ပါပြန်ပြီ"

မိခင်ဖြစ်သူ မအေးခင်က မောင်ဘိုးသီအား လူကြီးတွေစကားထဲ ဝင်ပါရပါမည်လားဟု လှမ်းဟန့်သည်။

ဒါကို ဦးဘိုးဒန်က အေးခင်ကိုဝင်၍တားပြီး မြေးကလေး မောင်ဘိုးသီဘက်က ရှေ့နေလိုက်သည်။

"ငါ့မြေးလေးမောင်ဘိုးသီက ငယ်ငယ်ကတည်းက ဗဟုသုတလိုချင်တဲ့ ကလေးကွယ့်။ ဒါကြောင့် သူသိချင်လို့မေးတာပဲဟာ။ ကလေး မမေးရဲ၊ မစမ်းရဲအောင် ဝင်မဟန့်တားပါနဲ့ ဘူမကြိုးရယ်။ သူသိချင်တာကို မေးစမ်းပါစေကွယ်"

ဦးဘိုးဒန် မအေးခင်ကိုပြောပြီး မောင်ဘိုးသီသိချင်တာ မေးစေရန် စကားလမ်းခင်းသည်။

"ကဲ ... ငါ့မြေး မောင်ဘိုးသီက ဘိုးဘိုးပြောနေတဲ့ စကားတွေထဲမှာ ဘာကိုစိတ်ဝင်စားပြီး သိချင်တာလဲကွယ့်"

ဦးဘိုးဒန် ထန်းလျက်ဖန်ပုလင်းထဲမှ ထန်းလျက်တစ်ခဲ ယူပြီး မောင်ဘိုးသီမေးမြန်းလာမည့် စကားကို နားစွင့်နေလိုက်သည်။

"ဝါတွင်းကာလတွေမှာ ဘာကြောင့် မုန်းချောင်း၊ မန်းချောင်းတွေထဲမှာ ငါးမဖမ်းရဘူးဆိုတာ သိချင်တာပါ ... ဦးလေး"

"သြော် ... အေး ... အေး ... ဒါဟာ ဒီဒေသသားဖြစ်တဲ့ ငါ့မြေးလေးတွေ၊ မြေးမလေးတွေ သိထားသင့်တဲ့ အကြောင်းပဲကွယ့်။ ဒီအကြောင်းတွေဟာ အထူးသဖြင့် တို့များ ဗုဒ္ဓဘာသာဝင်တွေအတွက် မှတ်သားနာယူစရာ အကြောင်းတွေပဲကွယ့်"





ဦးဘိုးဒန်သည် ဇာတ်မင်းသားဟောင်းကြီး စာတတ်ပေတတ် ကျမ်းဂန်တတ် ရှေ့မီနောက်မီ အဘိုးကြီးတစ်ဦးဖြစ်၍ ဦးဘိုးဒန်ဆီက ကြားရမည့် စကားများကို မြေးလေးတွေသာမက တူဖြစ်သူ ကိုမောင်ကြီးနှင့် ကိုမောင်ကြီး၏ဇနီး မအေးခင်ကပါ စိတ်ပါဝင်စားစွာ နားစွင့်နေသည်ကို ဦးဘိုးဒန် အကင်းပါးစွာဖြင့် ရိပ်စားမိလိုက်သည်။

ယင်းကြောင့် ပြည့်ပြည့်စုံစုံပြောမှ ဖြစ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

ဦးဘိုးဒန်၏ဆန္ဒမှာ သူ့မြေးကလေးမောင်ဘိုးသီနှင့် မြေးမလေး ရွှေနာဂီတို့အား အမျိုးဘာသာ သာသနာရေးဗဟုသုတများနှင့် ပြည့်စုံစေလိုသော ဆန္ဒရှိသူပီပီ စိတ်ရှည်လက်ရှည် စာပေအကိုးအကားများနှင့် ဤသို့ပြောပြခဲ့သည်မှာ မှတ်သားဖွယ်ရာ ရှိလေတော့သည်။

✿ ✿ ✿

စန္ဒကူးကျောင်းတော်ရာအစ မဟာပုဏ္ဏက ...

❑

ဤဘဒ္ဒကမ္ဘာမှ ပြန်လည်ရေတွက်သည့်ရှိသော် ...

၉၁ ကမ္ဘာမြောက် ရောက်လတ်သောအခါက ...

ပုဏ္ဏားမျိုး၌ဖြစ်သော သတို့သားတစ်ယောက်သည် အိမ်ရာထောင်ခြင်း၏အပြစ်ကို မြင်သဖြင့် ရသေ့ပြု၍ ဟိမဝန္တာတောတွင် တစ်ဆောင်သော ကျောင်းသင်္ခမ်းနှင့် နေထိုင်သီတင်းသုံးလေ၏။

ရသေ့မြတ်သီတင်းသုံးနေရာကျောင်းနှင့် မနီးမဝေးတောင်ကြီး၏ လိုဏ်ဂူတွင် ရှင်ပစ္စေကဗုဒ္ဓါ (ဘုရားငယ်) ဘစ်ဆူမှာ ပရိနိဗ္ဗာန် စံလွန်သော် မှုရိန်နှင့် ကြိုကြိုက်ပြီး ဟိမဝန္တာတောအလုံး၌ ထိန်ထိန်ညီးသော အရောင်အဝါတို့ ထွန်းလင်းတောက်ပလျှက်ရှိကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ရှင်ပစ္စေကဗုဒ္ဓါအလောင်းတော်ကို ရသေ့ပုဏ္ဏားမြင်လေလျှင် စန္ဒကူးနံ့သာထင်းကို စုဆောင်း၍ ကောင်းမွန်စွာ မီးသင်္ဂြိုဟ်ခဲ့သည်။

ရှင်ပစ္စေကဗုဒ္ဓါကို စန္ဒကူးနံ့သာထင်းတို့ဖြင့် ကောင်းမွန်ရိုသေစွာ သင်္ဂြိုဟ်ခဲ့သည်ကို သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များက လိုက်လိုက်လှဲလှဲ ငြိမ့်ငြိမ့်သဲသဲ သာဓုအနုမောဒနာခေါ်ဆိုလျက် . . .

အို . . . ရှင်ရသေ့မြတ် အရှင်ပစ္စေကဗုဒ္ဓါ၏ အလောင်းတော်ကို ဤကဲ့သို့ စန္ဒကူးနံ့သာဖြင့် ကောင်းမွန်စွာ သင်္ဂြိုဟ်ရခြင်းကြောင့် ဖြစ်လေရာဘဝဘဝတို့၌ အပါယ်လေးပါး တံခါးပိတ်၍ 'ပုဏ္ဏ' ဟူသော အမည်ဖြင့် ချမ်းသာကြွယ်ဝစွာ လူ့ပြည်၊ နတ်ပြည် ကျင်လည်ရပေလိမ့်မည်ဟု နိမိတ်စကား မြွက်ကြားခဲ့လေသည်။

ရသေ့သည် နတ်ကောင်းနတ်မြတ်တို့ ဆိုသည့်အတိုင်း ၉၁ ကမ္ဘာကာလပတ်လုံး ပုဏ္ဏဟူသောအမည်ဖြင့် လူ့ပြည်၌ လူချမ်းသာ၊ နတ်ပြည်၌ နတ်ချမ်းသာ၊ အထပ်ထပ်အကြိမ်ကြိမ် စံစားရပြီး ဂေါတမဘုရားရှင်လက်ထက်တော် ဤဘဒ္ဒကမ္ဘာတွင် ပစ္စန္တရာဇ်အရပ် သုနာပရန္တတိုင်း ဝါဏိဇဂါမရွာ၌ ကုန်သည်မျိုးရိုး သူကြွယ်ကြီး၏ သားအကြီး မဟာပုဏ္ဏဖြစ်လာခဲ့သည်။

မဟာပုဏ္ဏ၏နောက်မှ မွေးဖွားလာသော ညီငယ် စူဠပုဏ္ဏနှင့်အတူ ချစ်ခင်ကြည်ဖြူ စိတ်ဝမ်းညီတူ ချမ်းသာစွာ နေရလေသည်။

မဟာပုဏ္ဏနှင့် စူဠပုဏ္ဏကုန်သည် သူကြွယ်သားနှစ်ယောက်သည် အရွယ်ရောက်လတ်သောအခါ မြို့ရွာနယ်အနှံ့ တိုင်းနိုင်ငံပေါင်းစုံသို့ ကုန်သည်ရောင်းဝယ် ဖောက်ကားလှည့်လည်ခြင်း ပြုကြရတော့သည်။

တစ်ကြိမ်တွင် မဟာပုဏ္ဏသည် ညီငယ်စူဠပုဏ္ဏအား ဝယ်ယူထိုလှောင်စုစည်းထားသော ကုန်စည်များကို မိမိတို့အရပ်၌ စီမံခန့်ခွဲရောင်းချရန်ထားခဲ့ပြီး မိမိတစ်ဦးတည်း ခေါင်းဆောင်၍ လှည်းသားငါးရာနှင့် အနောက်မဇ္ဈိမတိုင်းဘက်သို့ ကုန်သွယ်ထွက်ခဲ့လေရာ ကောသလ္လတိုင်း၊ သာဝတ္ထိပြည်သို့ ရောက်ရှိသွားတော့၏။

✿ ✿ ✿

| ၁၈ |

❑

ထိုအချိန်၌ ဂေါတမမြတ်စွာဘုရားသည် ကောသလ္လတိုင်း သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသော အချိန်ဖြစ်၏။

ပြည်သူပြည်သား လူအများတို့သည် ပန်းနံ့သာ၊ သစ်သီး၊ ဆွမ်း၊ ဆေးဘောဇဉ်၊ လှူဖွယ်ရာသော ဆက်ကပ်ဖွယ်အစုစုတို့ကို ယူဆောင်လျက် ဂေါတမမြတ်စွာဘုရားသခင်၏ ကျောင်းတော်သို့ များပန်းခတ်မျှ သွားလာနေကြသည်ကို မြင်ရသော မဟာပုဏ္ဏကုန်သည် သူကြွယ်မှာ အကြောင်းခြင်းရာအား မေးမြန်းမိသည်။

"အသင်တို့ . . . အဘယ်သည့်သောအကြောင်းကြောင့် ဤလှူဖွယ်ပစ္စည်းများနှင့် အဘယ်အရပ်သို့ သွားကြပါအံ့နည်း"

"မောင်ကုန်သည်သတို့သား . . . သင်သည် ဤတိုင်းဌာန ဤဒေသဘမဟုတ်၍ အကြောင်းခြင်းရာကိုမသိဘဲ ရှိစိမ့်မည်။ ငါတို့ သာဝတ္ထိပြည်တွင် ကမ္ဘာအသချေ်ကုန်ဆုံးလှငြား ပွင့်လှပွင့်ဆဲ၊ ကြုံကြိုက်လှကြုံကြိုက်ခဲ၊ ဘဝကုသိုလ်ပေး ပါရမီကောင်းလွန်းမှသာ ကြုံကြိုက်မျက်မြင်ဖူးတွေ့နိုင်ရသည်ဖြစ်သော ဂေါတမဗုဒ္ဓမြတ်စွာ ပွင့်တော်မူလျက် ဇေတဝန်ကျောင်းတော်ကြီး၌ သီတင်းသုံးလျက်ရှိချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဂေါတမ ဗုဒ္ဓမြတ်စွာဘုရားသည် ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ ဟူသော ရတနာသုံးပါးအား ကိုးကွယ်ဆည်းကပ်ရန် ဟောကြားရာအရပ်ဖြစ်သော ဇေတဝန်ကျောင်းတော်သို့ ငါတို့အားလုံး ရှိခိုးပူဇော် တရားထူးတရားမြတ်နာကြားရန် သွားနေကြခြင်းပင်ဖြစ်သည်။

"ဂေါတမမြတ်စွာဘုရားသည် နတ်၊ လူ၊ ဗြဟ္မာအပေါင်းတို့ကို စုန်ဆန်ဝဲပြန် သံသရာရေပြင်မှ လွတ်မြောက်စိမ့်သောငှာ မဂ္ဂင်ဖောင်ယာဉ်ဖြင့် တစ်ခုတည်းသော လွတ်မြောက်ကြောင်း နိဗ္ဗာန်ကို ပို့ဆောင်ညွှန်ပြနေသည်ကို သင် မသိရှာသလား။ ယခု ငါတို့ကား ဂေါတမမြတ်စွာဘုရား၏တရားတော်ကို နာယူရန် ဤလှူဖွယ်ပစ္စည်းများနှင့် သွားနေကြခြင်းသာလျှင်တည်း"

မဟာပုဏ္ဏသူကြွယ်သတို့သားမှာ 'ဗုဒ္ဓံ ဓမ္မံ သံဃံ' 'ဘုရား၊ တရား၊ သံဃာ' ဟူသော ရတနာသုံးပါးအသံကို ကြားလိုက်သည်နှင့် ရှေးဘဝ၊ ဘဝကမ္ဘာ၊ ကမ္ဘာအဆက်ဆက်တို့မှ ဖြည့်ကျင့်ပွားများခဲ့သော ပါရမီဉာဏ်တို့ကြောင့် ဝမ်းမြောက်သော စိတ်အစဉ်မှာ ရိုးတွင်းချဉ်ဆီ တိုင်တည်ဝင်လာခဲ့ကာ ပရိသတ်နှင့်သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ လိုက်ပါသွားပြီး ဂေါတမမြတ်စွာဘုရား၏ တရားတော်ကို နာယူတော်မူ၏။

မဟာပုဏ္ဏကုန်သည် သူကြွယ်သတို့သားသည် မြတ်စွာဘုရား၏ တရားတော်ကို နာယူပြီးနောက် သဒ္ဓါယုံကြည်ဖိတ် ဆွမ်းလုပ်ကျွေးလိုစိတ် ပေါ်လာရကား ဆွမ်းပင့်ဖိတ်ခြင်းပြုတော့သည်။

"ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ တပည့်တော်မှာ ခရီးမြေဝေး အလွန်ကွာဝေးသည့် သုနာပရန္တတိုင်းသား အာဂန္တုကုန်သည်တစ်ဦးမျှသာ ဖြစ်ပါသည်။ တပည့်တော်နှင့် အတူလိုက်ပါလာသော ကုန်သည်လှည်းသားငါးရာ အစုအဖွဲ့အား သနားချီးမြှောက်သောအနေဖြင့် တပည့်သံဃာငါးရာနှင့်တကွ တပည့်တော်၏ လှည်းဝိုင်းရှိရာသို့ နက်ဖြန်နံနက် ဆွမ်းအလှူခံကြွတော်မူပါ ဘုရား"

သို့လူ ဗုဒ္ဓဂေါတမရှင်တော် မြတ်စွာဘုရားသည် မဟာပုဏ္ဏ၏ ဥပနိဿယျနှင့် နောက်နောင်ကာလ ဗုဒ္ဓသာသနာသည် သုနာပရန္တတိုင်း၌ နေလပမာ ထွန်းလင်းဖြာလိမ့်မည်ဟု ရွှေဉာဏ်ကွန်ယက် ဖြန့်ကျက်မိသည်





နှင့်အညီ ဆိတ်ဆိတ်နေခြင်းဖြင့် မဟာပုဏ္ဏသတို့သား ကုန်သည်သူကြွယ်၏ ဆွမ်းပင့်ဖိတ်ခြင်းကို လက်ခံတော်မူ၏။

မဟာပုဏ္ဏသည် မိမိလှည်းဝိုင်းရှိရာသို့ ဇေတဝန်ကျောင်းတော်မှ အမြန်ပြန်ပြီး ကောင်းမြတ်သော ဆွမ်း၊ ဘောဇဉ်ချက်ပြုတ်မှုကို လုံ့လပြုကြိုးစား၍ ချက်ပြုတ်လေရာ နေ့အချိန်၊ ညအချိန် လွန်မြောက်၍ နံနက်နီးသောက်အလင်းသို့တိုင် ရောက်ရှိသွားခဲ့သည်။

ဂေါတမမြတ်စွာဘုရားနှင့် တပည့်သားသံဃာ ရဟန်းငါးရာတို့ ကြွရောက်လာသောအခါ မွန်မြတ်သော ဆွမ်း၊ ဟင်း စားသုံးဖွယ်ရာ ဘောဇဉ်ချိုချဉ်တို့ကို ကပ်လှူပူဇော်ပြီးလျှင် ဂေါတမဘုရားရှင် ပြန်ကြွသွားသည့်အချိန်၌ ရဟန်းပြုလိုစိတ်များက တားမရဆီးမရနိုင်အောင် စေ့ဆော်နေသဖြင့် မဟာပုဏ္ဏ၏အောက် လက်ထောက်အကြီးအမှူး ဘဏ္ဍာစိုးအားခေါ်၍ . . .

"အချင်းဘဏ္ဍာစိုး . . . ယခုဝယ်ယူရရှိထားသော ကုန်ပစ္စည်းများနှင့် ဘဏ္ဍာများကို ဤလှည်းငါးရာနှင့်အတူ သုနာပရန္တတိုင်းသို့ အသင်ဦးဆောင်ပြန်သွားပြီး ကျွန်ုပ်၏ညီတော် စူဠပုဏ္ဏအား ဆက်လက်လုပ်ဆောင်ရန် ပေးအပ်ပါလေ။ အကျွန်ုပ်မူ ဂေါတမမြတ်စွာဘုရားရှင်၏ ဗုဒ္ဓသာသနာတော်၌ ယုံကြည်နှစ်လိုရင်းစွဲရှိသောကြောင့် မြတ်စွာဘုရားကျောင်းတော်သို့ ယခုပင် လိုက်ပါလျက် ရဟန်းပြုတော့မည်"

ပါရမီဉာဏ် အတိတ်ဘဝအဆက်ဆက်က ဖြည့်ဆည်းခဲ့၍ ရင့်သန်နေပြီဖြစ်သော မဟာပုဏ္ဏသူကြွယ်သည် ဇေတဝန်ကျောင်းတော်သို့ သွားပြီး ဂေါတမမြတ်စွာဘုရားထံတော်၌ ရဟန်းပြုလေ၏။

မဟာပုဏ္ဏမထေရ်မှာ ရဟန်းပြုပြီး ဂေါတမမြတ်စွာဘုရားထံတော်၌ ကောင်းစွာ ကျင့်ကြံအားထုတ်တရားဘာဝနာ နာယူ၍ တပည့်သာဝကအဖြစ် ခံယူတော်မူရာမှ နှစ်ပရိစ္ဆေဒ ကြာမြင့်လာသောအခါတွင် . . .

မိမိ၏ နေရင်းအရပ်ဖြစ်သော သုနာပရန္တတိုင်းကြီးအရပ်တွင် ဗုဒ္ဓသာသနာတော် မထွန်းလင်းဘဲရှိသည်ကို ဆင်ခြင်မိလျက် သုနာပရန္တတိုင်းသို့ သာသနာပြု ကြွမြန်းတော်မူရန် စိတ်ဆန္ဒဖြစ်ပေါ်လာပြီး ဘုရားရှင်အား လျှောက်ထားတော်မူ၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၁၉ |

❑

မြတ်စွာဘုရားရှင်တော်မြတ်မှာ မဟာပုဏ္ဏမထေရ်ကို ထိုဒေ
အရိုင်းအစိုင်းမျှရှိနေသော သုနာပရန္တတိုင်းသို့ သာသနာပြုခရီးကြွရာတွင် မ
ပုဏ္ဏမထေရ်၌ ပါရမီဓာတ်ခံ မည်မျှရင့်သန်ခြင်း ရှိ မရှိ ဤသို့ စမ်းသပ်
ဆေးခြင်းပြုလေ၏။

"ချစ်သားမဟာပုဏ္ဏ . . . သုနာပရန္တတိုင်းသားတို့သည် ကြမ်းတ
ခက်ထန် မျက်မာန်ကြီးကြ၏။ သင့်အား နှုတ်ဖြင့် ဆဲရေးတိုင်းထွာ ရေ
ကြကုန်သော် သင်၏စိတ်တွင် မည်ကဲ့သို့ ဖြစ်ပေါ်မည်နည်း"

"ဘုန်းတော်ကြီးလှတော်မူသော မြတ်စွာဘုရား . . . တပည့်တေ
အား ထိုထိုသော တိုင်းသားတို့သည် ဆဲရေးတိုင်းထွာ ရေရွတ်ကြကုန်သ
ရှိသော် ဤသုနာပရန္တတိုင်းသားတို့သည် ယွန်စွာကောင်းလေ၏။ ငါ့
ဆဲရေးတိုင်းထွာရေရွတ်ခြင်းမျှသာ ပြု၏။ ဘောကိုပြ၍ ခြိမ်းခြောက်
ကိုမပြုလေဟု စိတ်တွင် ဆင်ခြင်နေပါမည် အရှင်ဘုရား"

"ချစ်သားမဟာပုဏ္ဏ . . . သုနာပရန္တတိုင်းသားတို့သည် သင့်
ဘောကိုပြ၍ ခြိမ်းခြောက်ခဲ့သည်ရှိသော် သင်၏စိတ်တွင် မည်ကဲ့သို့ ဖြ
ပေါ်မည်နည်း"





"ဘုန်းတော်ကြီးလှတော်မူသော မြတ်စွာဘုရား . . . ထိုထိုသော သုနာပရန္တတိုင်းသားတို့သည် လွန်စွာကောင်းပေစွ။ ငါ့အား ဘောကိုပြ၍ ခြိမ်းခြောက်ရုံရှိသေးသည်။ လက်ဖြင့် ပုတ်ခတ်ထိုးကြိတ်ခြင်း မပြုသေးဟု စိတ်အကြံဖြစ်ပေါ်စေပါမည် အရှင်ဘုရား"

"ချစ်သားမဟာပုဏ္ဏ . . . သုနာပရန္တတိုင်းသားတို့သည် သင့်အား လက်ဖြင့် ပုတ်ခတ်ထိုးကြိတ်ခဲ့ပြန်သော် သင်၏စိတ်အကြံ၌ အဘယ်ကဲ့သို့ ဖြစ်ပေါ်လိမ့်မည်နည်း"

"ဘုန်းတော်ကြီးလှတော်မူသော မြတ်စွာဘုရား . . . သုနာပရန္တတိုင်းသားတို့သည် တပည့်တော်အား လက်ဖြင့် ထိခတ်ထိုးကြိတ်ခဲ့ပြန်သော် ဤသုနာပရန္တတိုင်းသားတို့သည် လွန်စွာတော်ပေစွ။ ငါ့အား လက်ဖြင့် ထိခတ်ထိုးကြိတ်ခြင်းကိုသာ ပြုပေသည်။ အုတ်ခဲ၊ ကျောက်တုံးတို့ဖြင့် ပစ်ခတ်ခြင်းတို့ မပြုပေကုန်ဟု စိတ်မှာ မှတ်ယူဆင်ခြင်ပါမည်ဘုရား"

"ချစ်သားမဟာပုဏ္ဏ . . . သုနာပရန္တတိုင်းသားတို့သည် သင့်အား အုတ်၊ ခဲ၊ ကျောက်တုံးတို့ဖြင့် ပစ်ခတ်နှိပ်စက်ခဲ့သော် သင်၏စိတ်အကြံ၌ အဘယ်ကဲ့သို့ ဖြစ်ပေါ်ဆင်ခြင်နိုင်မည်နည်း"

"ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား . . . သုနာပရန္တတိုင်းသားတို့သည် တပည့်တော်အား၊ အုတ်၊ ခဲ၊ ကျောက်တုံးတို့ဖြင့် ပစ်ခတ်ခဲ့သော် သုနာပရန္တတိုင်းသားတို့သည် လွန်စွာကောင်းပေစွ၊ ငါ့အား အုတ်၊ ခဲ၊ ကျောက်တုံးတို့ဖြင့်သာလျှင် ပစ်ခတ်သည်။ တုတ်၊ လှံ တို့ဖြင့် မရိုက်မထိုးကြလေကုန်ဟု စိတ်အကြံဖြစ်ပေါ်ပါမည်ဘုရား"

"ချစ်သား မဟာပုဏ္ဏ . . . သုနာပရန္တတိုင်းသားတို့သည် သင့်အား တုတ်၊ လှံတို့ဖြင့် ရိုက်နှက်ထိုးသတ်ခြင်းကို ပြုပြန်သည်ရှိသော် သင်၏စိတ်အကြံ၌ မည်ကဲ့သို့ ဖြစ်ပေါ်မည်နည်း"

"ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား . . . သုနာပရန္တတိုင်းသားတို့သည် တပည့်တော်အား တုတ်၊ လှံတို့ဖြင့် ရိုက်နှက်ထိုးသတ်ခဲ့သည်ရှိသော် သုနာပရန္တတိုင်းသားတို့သည် ကောင်းပေစွ။ ငါ့အား တုတ်၊ လှံတို့ဖြင့်သာ ရိုက်နှက်ထိုးသတ်ခြင်းမျှသာ ပြုသေးသည်။ အသက်ဇီဝိန်



www.burmeseclassic.com

www.burmeseclassic.com



ကြွေအောင် ကိစ္စတုံး၊ ဓားသန်လျက်တို့နှင့် ထိုးခုတ်ပိုင်းဖြတ်ခြင်း မပြုသေးဟု အောက်မေ့ဆင်ခြင် နှလုံးသွင်းပါမည်ဘုရား"

"ချစ်သား မဟာပုဏ္ဏ ... သုနာပရန္တတိုင်းသားတို့သည် သင့်အား ထက်စွာသော ဓားသန်လျက်တို့ဖြင့် အပိုင်းပိုင်းအပြတ်ပြတ် ဖြစ်စေ၍ သင်၏အသက်ဇီဝိတိန္ဒြေကို အပြီးတိုင်ခြွေစေခဲ့သော် သင်၏စိတ်အကြံ အဘယ်ကဲ့သို့ ဖြစ်ပေါ်မည်နည်း"

"ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား ... ထို သုနာပရန္တတိုင်းသားတို့သည် တပည့်တော်အား ထက်စွာသော ဓားလက်နက်သန်လျက်တို့ဖြင့် ပိုင်းဖြတ်၍ အသက်ဇီဝိတိန္ဒြေကို ခြွေစေခဲ့သော် အရှင်ဘုရား၏ သားတော်ရဟန်းဖြစ်သော တပည့်တော်သည် ကိုယ်ခန္ဓာ၌လည်းကောင်း အသက်ဇီဝိတိန္ဒြေ၌လည်းကောင်း၊ ရှပ်နှင့်နာမ်ကို လွန်စွာမှ မမက်မော တွယ်တာမူ အလျဉ်းကင်း၍ စက်ဆုပ်ရွံရှာခဲ့ပြီးဖြစ်၍ အသက်ခန္ဓာဝိညာဉ် ချုပ်ငြိမ်းစေသော ဓားသန်လျက်အစရှိသည့် သေစေအံ့သော လက်နက်ကို ရှာဖွေ၍ သူတစ်ပါးအား တံစိုးလက်ဆောင်ပေး၍ သေစေရသေးသည်၊

ယခုမူ ငါသည် ဓားသန်လျက် လက်နက်ကိုလည်း မရှာဖွေရ၊ သတ်မည့်သူကိုလည်း တံစိုးလက်ဆောင်မပေးရဘဲ သက်သက်သာသာ ဇီဝိတိန္ဒြေ ခြွေပေးမည့်သူ ရှိပါပေသည်တကားဟူ၍ စိတ်မှာအကြံဖြစ် နှလုံးသွင်းကာ ရှင်တော်မြတ်ဘုရား၏ သာသနာတော်ကို ပြန့်နှံ့ခိုင်မြဲစေလျက် ဖွဲ့၊ လုံ့လ ခန္တီတရားတို့ဖြင့် သာသနာပြုသွားပါမည် ဘုရား"

မဟာပုဏ္ဏမထေရ်မှာ မြတ်စွာဘုရား မေးတော်မူသမျှသော အရာတို့၌ သည်းခံခြင်းဟုဆိုအပ်သော ခန္တီတရားမြတ်ကို တည်စေ၍ ခြင်္သေ့မင်းကဲ့သို့ မကြောက်မရွံ့နောက်မတွန့်ဘဲ ရဲဝံ့စွာ လျှောက်ထားပြောဆိုခဲ့ခြင်းကြောင့် ဂေါတမမြတ်စွာဘုရားရှင်တော်သည် ကောင်းချီးထောပနာအမှု သုံးကြိမ်ပြုပြီးလျှင် ...

"ချစ်သားမဟာပုဏ္ဏ ... ဤသို့ စိတ်နှလုံးကို ထိန်းသိမ်းစောင့်စည်းခြင်းနှင့် ပြည့်စုံသော ချစ်သားသည် ငါ၏သာသနာ မထွန်းပသော သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမတွင် ဗုဒ္ဓသာသနာကို ပြုခြင်းငှာတတ်စွမ်းနိုင်သူသာ ဖြစ်ပေတော့သည်။ ချစ်သားအလိုဆန္ဒအတိုင်း ငါဘုရား ခွင့်ပြုတော်မူ၏"





မဟာပုဏ္ဏမထေရ်သည် မြတ်စွာဘုရားထံတော်မှ ခွင့်ပြုချက် ရရှိတော်မူပြီးနောက် မြတ်စွာဘုရားသခင်အား လက်ယာရစ် သုံးကြိမ်လှည့်ပတ်၍ ရှိသေစွာ ရှိခိုးပူဇော်ဦးခိုက်ပြီးလျှင် ကျောင်း၊ အိပ်ရာ၊ နေရာ စသည်တို့၌ ခရီးသွားရဟန်းတို့ ပြုကျင့်ဖွယ်ဝိနည်းတော်နှင့်အညီ သိမ်းဆည်းရှင်းသန့်ခဲ့သည်။

ထို့နောက်မှ ...

မဇ္ဈိမဒေသ ကောသလတိုင်း၊ သာဝတ္ထိပြည်မှ ယူဇနာသုံးရာကွာဝေးသော မြန်မာပြည်အလယ်ပိုင်း မှန်းချောင်း၊ မန်းချောင်း တည်ရာ သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမသို့ ပြန်လည်ကြွရောက်လာခဲ့လေ၏။

✿ ✿ ✿

|၂၀|

အရှင်ပုဏ္ဏမထေရ်သည် မိမိနေရင်း သုနာပရန္တ ဝါဏိဇ္ဇဂါမတွင် ဗုဒ္ဓသာသနာ ချက်ချင်း မထွန်းကားနိုင်သေးသည်ကို တွက်ဆပြီး ယခု ညီနှင့် လေးမိုင်အကွာ 'အပ္ပဒဂ္ဂ'တောင်၌ သီတင်းသုံးကာ နေ့စဉ် နံနက်ရောက်လျှင် ဝါဏိဇ္ဇဂါမရွာသို့ ဆွမ်းခံထွက်လေ၏။

ညီတော်ဖြစ်သော စူဠပုဏ္ဏသူကြွယ်က မိမိအိမ်တော်သို့ပင့်၍ ဆွမ်းချ်ကျွေးပြီး ...

www.burmeseclassic.com



"နောင်တော် အရှင်မြတ်ဘုရား . . . အခြားအရပ်တစ်ပါးသို့ ပြောင်း သွားတော်မမူပါလင့်၊ ဤအရပ်၌ပင် သီတင်းသုံးနေတော်မူပါဘုရား"

ဟု လျှောက်ထားသဖြင့် ဆက်၍ သီတင်းသုံးတော်မူ၏။

အပွဒတ္တတောင်မှာ စကုမြို့အရှေ့ဘက် ၄ မိုင်အကွာ ရေပုံရွာ တောင်ဘက်ရှိ 'ရွှေမြင်တင်'တောင်ကို ခေါ်ဆိုခြင်းဖြစ်၏။

ထို အပွဒတ္တတောင်မှနေ၍ 'သမုဒ္ဒဂီရိ' အမည်ရှိသည့် အောက် ကျောင်းအရပ်သို့ ကြွ၍ နေတော်မူပြန်သည်။

သမုဒ္ဒဂီရိအရပ်မှာ မင်းဘူးမြို့ အနောက်မြောက်ဘက် ၃ မိုင် အကွာတွင်ရှိသည်။ ယခု 'အောက်ကျောင်းတော်ရာ ဘုရားတည်ထားသည့် ကုန်းမြေပင်ဖြစ်သည်။

ထိုသမုဒ္ဒဂီရိအရပ်သည် သံဆူးကဲ့သို့ ထက်ရှသော သုံးမြောင့် လေးမြောင့်အဆူးရှိသော သံလိုက်ကျောက်တို့ဖြင့် ပြွမ်းလေသည်။ တစ်စုံတစ် ယောက်မျှ သွားလာခေါက်တုန့် စကြံမလျှောက်နိုင်အောင် ဖြစ်ရသည်။

ပင်လယ်သမုဒ္ဒရာမှ လှိုင်းတံပိုးတို့သည် လာလတ်၍ ထိုသံလိုက် ကျောက်ဆူးကျောက်တုံးနှင့် ပုတ်ရိုက်တိုက်ခတ်မိသည်ရှိသော် မကောင်း ဆိုးဝါးဟစ်သံ ပြင်းစွာသော အသံကြီးတွေ ဟစ်အော်တတ်ပြီး ကမ္မဋ္ဌာန်း ဘာဝနာ မပွားများနိုင်ရှိကြသည်။

အရှင်ပုဏ္ဏမထေရ်သည် ပါရမီရင့်သန်သူတစ်ဦးဖြစ်၍ အဓိဋ္ဌာန်ပြု လျက် ထိုသမုဒ္ဒဂီရိအရပ်မှာပင် တရားကျင့်ကြံ၍ စင်္ကြံပြုခြင်းကို အောင်မြင် စေ၏။

ထိုသမုဒ္ဒဂီရိအရပ်မှ စကုမြို့၏အနောက်မြောက်အရပ် ခရီးနှစ်မိုင် ကွာဝေးသော ယခု 'ရှင်ပင်ကူနီ'ဘုရားကြီးတည်ရှိရာ 'မာတုလာဂီရိ' အရပ် သို့ ပြောင်းရွှေ့သီတင်းသုံးပြန်သည်။

မာတုလာဂီရိအရပ်တွင် ကျေးငှက်တို့သည် လွန်စွာပေါ်များသဖြင့် နေ့ညအသံမတိတ်သောကြောင့် ကမ္မဋ္ဌာန်းစီးဖြန်းခြင်း၌ အန္တရာယ်ဖြစ်သော် လည်း အရှင်ပုဏ္ဏမထေရ်သည် သည်းခံ၍ ကမ္မဋ္ဌာန်း ကျင့်ကြံအားထုတ် သည်။

မာတုလာဂီရိသည် ငှက်တို့နေရာဖြစ်သောကြောင့် ရှေးအခါက





'သကုန်' သကုမြို့ဟုခေါ်ရာက ကာလကြာမြင့်သောအခါ (သ–ကို စ–ပြု၍ စကုမြို့ဟု တွင်လာခဲ့သည်။

စကုမြို့အရှေ့ဘက်ကမ်းတွင် မဟာပုဏ္ဏမထေရ်ကြီး သတင်းသုံးရာ၌ စေတီကြီးတည်ထားသဖြင့် 'ထေရ်ကြီးဘုရား' ဟု ခေါ်နေကြရာက ယခု အခါတွင် 'ထီးကြီးဘုရား'ဟု အမည်တွင်နေခဲ့ပြန်သည်။

မဟာပုဏ္ဏမထေရ် အရှင်သူမြတ်မှာ သုနာပရန္တတိုင်း၊ ဝါဏိဇ္ဇဂါမ ရွာသို့ရောက်ရှိသော်လည်း ဝါဏိဇ္ဇဂါမရွာတွင် ချက်ချင်း သီတင်းမသုံး သေးဘဲ ကြမ်းတမ်းသော ထိုအရပ်များတွင် လှည့်လည်သီတင်းသုံးနေခြင်း မှာ ဂေါတမမြတ်စွာဘုရားရှင်ထံတွင် ကတိဆိုခဲ့သော မိမိ၏ ခန္တီတရားကို ပြည့်အောင် ဖြည့်ဆည်းသောအနေဖြင့် ထိုအရပ်များ၌ လှည့်လည်သီတင်း သုံးနေခြင်းပင်တည်း။

မာတုလာဂီရိအရပ်မှနေ၍ မာတုလာရာမကျောင်းအရပ်သို့ ပြောင်း ရွှေ့သီတင်းသုံး နေခဲ့တော်မူပြန်သည်။

ထိုမာတုလာရာမကျောင်းအရပ်သည်ကား ယခုအခါ ကျောင်းတော် ရာစေတီတော်၏ တောင်ဘက်စေတီတော်နှင့်တကွသော သနုတ်ကန်တည် ရှိရာ တောရကျောင်း ကုန်းမြေအရပ်ပင်ဖြစ်၏။

အရပ်သည် ဝါဏိဇ္ဇဂါမရွာနှင့် မနီးလွန်း၊ မဝေးလွန်းသော အရပ် ဖြစ်၍ ခရီးသွားရာ၌လည်း မပင်ပန်း၊ ဆွမ်းခံရာတွင် အသွားအလာလွယ်ကူ ခြင်း၊ ဆိတ်ငြိမ်ရာအရပ်ဖြစ်ခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာအားထုတ်ရာ၌ စိတ်၏ တည်ငြိမ်ရာ ချမ်းသာမှုနှင့်ပြည့်စုံ၍ ထိုအရပ်၌ပင် ညဉ့်သန့်ရာ၊ နေ့သန့်ရာ၊ ကျောင်းစင်္ကြံတို့ကို ဖြစ်စေလျက် ဝါကပ်တော်မူ၏။

ထိုသို့ ဝါကပ်တော်မူရင်း ဝါတွင်း၌ပင် အရှင်ပုဏ္ဏမဟာထေရ်သည် ရဟန္တာအဖြစ်သို့ ဆိုက်ရောက်သွားခဲ့လေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## နတ်ဘီလူးအသွင်နှင့် စန္ဒကူးပင်

❑

မဟာပုဏ္ဏမထေရ် မာတုလာရာမကျောင်းမှာ သီတင်းသုံးနေထိုင်တော်မူပြီးနောက်၊ ညီတော် စူဠပုဏ္ဏသူကြွယ်ဦးဆောင်သော ဝါဏိဇ္ဇဂါမရွာသား ကုန်သည်ငါးရာတို့သည် ပင်လယ်သမုဒ္ဒရာခရီးဖြင့် ကုန်ရောင်းကုန်ဝယ်ထွက်ရန် အချိန်ဆိုက်ရောက်လာခဲ့သည်။

ကုန်စည်ပစ္စည်း၊ ဘဏ္ဍာတို့ကို ရွက်သင်္ဘောကြီးများပေါ်သို့ တင်ကြပြီးနောက် ခရီးမထွက်ခင် နောင်တော် မဟာပုဏ္ဏမထေရ်အား ဆွမ်းကပ်ခြင်းအမှုကို ပြုကြ၏။

သရဏဂုံဆောက်တည်၍ ငါးပါးသီလ ခံယူခြင်းအမှုကို ပြုပြီးလျှင် နောင်တော် မဟာပုဏ္ဏမထေရ်အား . . .

''အရှင်မြတ်ဘုရား . . . တပည့်တော်တို့သည် သမုဒ္ဒရာခရီးဖြင့် ကုန်စည် ကူးသန်းသွားလာရပါတော့မည်။ သမုဒ္ဒရာ ပင်လယ်ခရီးဟူသည်ကား များပြားလှသော ဘေးရန်နှင့် ကြုံသည့်အခါ ကြုံဆုံနိုင်ပါသည်။ ထိုသို့ကြုံဆုံရာ အကြောင်းရှိခဲ့သော် ကြည့်ရှုဆောင်မတော်မူပါ ဘုရား''

''ညီတော် . . . အခက်အခဲနှင့် ကြုံလျှင် ငါကိုယ်တော်ကို မ,တပါနှင့်။ ဤခရီးကို စိတ်လက်ချမ်းမြေ့စွာ သွားပါလေ။ ဘုရား၊ တရား၊ သံဃာ၊ သရဏဂုံသုံးပါးကိုသာ ယုံကြည်အားထားပါ။ သရဏဂုံသုံးပါး တည်သူမှန်က ဒုက္ခစိုးစဉ်းမျှ ရောက်နိုင်ဖွယ်ရာမရှိ။ တစ်စုံတစ်ခုသော အကြောင်း





ကြောင့် ဒုက္ခနှင့် ရင်ဆိုင်ရသည်ဆိုပါမူလည်း ထိုသရဏဂုံသုံးပါး၏ တန်ခိုးတော်ကြောင့် ဝိန်းကြာရွက်၌ ရေမတင်ဘိသကဲ့သို့ ကျော်လွှားအောင်နိုင်စွမ်းပေလိမ့်မည်''

နောင်တော် မဟာပုဏ္ဏ၏တရားတော်ကို နာယူပြီးနောက် ညီတော် စူဠပုဏ္ဏသူကြွယ်သည် ကုန်သည်ငါးရာနှင့် ဝါဏိဇ္ဇဂါမရွာ ဘုမ္မာဒဆိပ်မှ သင်္ဘောများ ရွက်လွှင့်၍ ထွက်ခဲ့ကြသည်။

စူဠပုဏ္ဏသူကြွယ်တို့၏ လှေသင်္ဘောများသည် ပင်လယ်သမုဒ္ဒရာကျွန်းနိုင်ငံများတွင် တစ်ကျွန်းတစ်ပြည် ဝင်ထွက်သွားလာ ကုန်သွယ်ကြရင်းမှ သမုဒ္ဒရာတို့၏အလယ် အမွှေးနံ့သာ စန္ဒကူးနီပင်တို့ ပေါက်ရောက်ရာ မာလာဒီပအမည်ရ သမုဒ္ဒရာကျွန်းနိုင်ငံကြီးသို့ ဆိုက်ကပ်မိလေသည်။

မာလာဒီပသမုဒ္ဒရာကျွန်းကြီးမှာ တစ်ကျွန်းလုံး မွှေးကြိုင်သော ရနံ့တို့ဖြင့် ဆွဲဆောင်နေသဖြင့် ရွက်သင်္ဘောများပေါ်မှ ဆင်းသက်၍ ကျွန်းကြီးပေါ်တက်ပြီး ဟိုမှသည်မှ လှည့်လည်ကြည့်ရှုကြသော် တစ်ကျွန်းလုံး၌ အခြားသော သစ်ပင်ဟူ၍မရှိ။ လက်လေးသစ်မျှကပင် အဖိုးတစ်သိန်းထိုက်သော စန္ဒကူးနီပင်များသာလျှင် ပြည့်နှက်စွာ ပေါက်ရောက်နေကြသည်ကို တွေ့မြင်ကြရသည်။

စူဠပုဏ္ဏသူကြွယ်၏ ကုန်သည်အဖွဲ့သားများသည် မိမိတို့နှင့်ထိုက်၍ ကုသိုလ်ကံကြောင့် မာလာဒီပစန္ဒကူးနီကျွန်းကြီးသို့ မရောက်စဖူး ဆိုက်ရောက်ရသည်ဟု ဝမ်းမြောက်ဝမ်းသာဖြစ်ကြ၏။ သင်္ဘောပေါ်တွင် ပါသမျှကုန်တို့ကို ထိုကျွန်းပေါ်၌ချပြီး စန္ဒကူးပင်တို့ကိုခုတ်၍ ပိုပြီး အဖိုးထိုက်သော စန္ဒကူးအနှစ်အသားတို့အား ပိုင်းဖြတ်ကာ သင်္ဘောဖြင့် တင်ဆောင်ကြတော့၏။

မာလာဒီပကျွန်းကို ပိုင်ဆိုင်၍ စန္ဒကူးတောကို စိုးမိုးကြကုန်သော နတ်ဘီလူးတို့သည် ထိုအခြင်းအရာအတွက် ဒေါသအမျက် ပြင်းစွာထွက်၍ . .

''ဤလူများကို တစ်ယောက်မကျန် အသေသတ်ကြကုန်အံ့''

ဟု အကြံဖြစ်ကုန်၏။

သို့သော် နတ်ကြမ်းဘီလူးများမဟုတ်ကြဘဲ နတ်မြတ်ဘီလူးများဖြစ်၍ . . .



www.burmeseclassic.com

www.burmeseclassic.com



"စန္ဒကူးမွှေးနံ့သာဖြင့် ထုံလွှမ်းသော ဤမာလာဒီပကျွန်းထက်၌ သတ်သည်ရှိသော် သူတို့၏ အသားအရေ အရိုးအရိုးတို့ ပုပ်သိုးသော အနံ့ကြောင့် ကျွန်းကြီးပေါ်၌ မသန့်မရှင်းဖြစ်ရာသည်။ ယင်းသို့ဖြစ်၍ သမုဒ္ဒရာ၏အလယ်ကောင် ကမ်းမမြင်လမ်းမမြင် အရပ်သို့ရောက်မှ သင်္ဘောလှေတို့ကို နစ်မြုပ်စေပြီး သတ်ဖြတ်ပစ်မည်"

ဟု တိုင်ပင်ကြံစည်ကြကုန်၏။

ကုန်သည်တို့၏ သင်္ဘောလှေတို့ မာလာဒီပကျွန်းမှထွက်၍ သမုဒ္ဒရာအလယ်သို့ ရောက်ကြသောအခါ နတ်ဘီလူးတို့သည် ကောင်းကင်ခရီးဖြင့် လိုက်ကုန်ပြီး ကြောက်မက်ဖွယ်ကောင်းသော ကိုယ်အဆင်းသဏ္ဌာန်၊ အသံ အနံ့တို့ကို ဖြစ်ပေါ်စေလျက် သမုဒ္ဒရာကြီးကို လှိုင်းတံပိုးကြီးများ ထကြွအောင် ပြုလုပ်ပြီးလျှင် ပြင်းထန်စွာ ခြောက်လှန့်ကြကုန်၏။

ကုန်သည်တို့သည်လည်း ကြီးစွာသောသဘေးမှ လွန်စွာကြောက်ရွံ့ထိတ်လန့်ခြင်းဖြစ်၍ အမိအဘတို့ကို တသခြင်း၊ မိမိရိုးဖလာ ကိုးကွယ်ပူဇော်သော နတ်တို့ကို တောင်းပန်တိုးလျှိုး ပတ္ထနာပြုခြင်း စသည်တို့ကို စွဲရာသန်ရာ ပြုလုပ်လျက် သည်းထန်စွာ ငိုကြွေးမြည်တမ်းကြကုန်၏။

ရှုဥပုဏ္ဏသူကြွယ်မှာ နောင်တော် မဟာပုဏ္ဏမထေရ်ကြောင့် ဂေါတမမြတ်စွာဘုရား၏ ဗုဒ္ဓသာသနာ၌ သက်ဝင်ယုံကြည်သူဖြစ်၍ အရေးကြုံလျှင် နောင်တော်မထေရ် အမှာစကားရှိသည့်အတိုင်း သရဏဂုံသုံးပါးကို မှားမှားကာ နောင်တော် အရှင်မဟာပုဏ္ဏမထေရ်ရှိရာ အရပ်တူရူသို့ မျက်နှာမူ၍ ရှိသေစွာ လက်အုပ်ချီရှိခိုးပြီးသော် ...

"တပည့်တော်၏ ကိုးကွယ်ရာဖြစ်သော နောင်တော်အရှင်သခင်သူမြတ်ဘုရား ... သင်္ဘောထွက်ခွာသောနေ့တွင် နောင်တော်သူမြတ်၏ ခြေရင်း၌ ဝပ်စင်းယုံကြည် သရဏဂုံတင်၍ ပဥ္စသီလကိုဆောက်တည်ပြီးလျှင် သမုဒ္ဒရာခရီးကား များစွာသော ဘေးအန္တရာယ်ရှိပါသည်။ အကြောင်းရှိလျှင် တပည့်တော်တို့၏ ကိုးကွယ်အားထားစောင့်ရှောက်ရာ ဖြစ်တော်မူပါ ဟု လျှောက်ထားပန်ကြားခဲ့ပါသည်။ ယခုအခါ၌ တပည့်တော်တို့သည် ဘေးရန်အန္တရာယ်ဖြင့် ကြုံတွေ့နေရသည်ဖြစ်ပါ၍ နောင်တော်ဘုရားသည်သာ ကိုးကွယ်အားထားရာ ဖြစ်ပါသည်ဘုရား"





ဟူ၍ လျှောက်ထားတိုင်တည်ကာ သရဏဂုံသုံးပါးကို မမိုတ်မသုန် ဆုံကြည်စွာ ပွားများ၍ နေလေတော့သည်။

ထိုခဏ၌ပင်လျှင် ...

မဟာပုဏ္ဏမထေရ်အရှင်သူမြတ်သည် ဒိဗ္ဗစက္ခုအဘိညာဏ်အားဖြင့် ညီတော်စူဠပုဏ္ဏသူကြွယ်နှင့် ကုန်သည်ငါးရာတို့ နတ်ဘီလူးတို့၏ နှောင့်ယှက် ခြောက်လှန့်မှုတို့ကြောင့် သမုဒ္ဒရာအလယ်လှိုင်းတံပိုးကြားတွင် နစ်မြုပ်ပျက်စီးဆုံးပါးတော့မည်ကို မြင်၍ ကောင်းကင်ခရီးဖြင့် တစ်ခဏချင်း ရောက်ရှိတော်မူလာပြီးလျှင် လှေသင်္ဘောများ၏ ရှေ့မှ ရပ်တန့်တော်မူ၏။

ခက်ထန်ကြမ်းတမ်းစွာ ခြောက်လှန့်နေသော နတ်ဘီလူးတို့လည်း အရှင်ပုဏ္ဏမထေရ်ကိုမြင်လျှင် အရှင်ပုဏ္ဏမထေရ်၏ မေတ္တာတန်ခိုးတော်ကြောင့် အဆင်းသဏ္ဌာန်အမျိုးမျိုး၊ အနံ့အသက်၊ အဖုံဖုံတို့ကို ကွယ်ပျောက်လျက် မိမိတို့၏ မာလာဒီပကျွန်းဆီသို့ ပြန်ပြေးကြကုန်တော့သည်။

သမုဒ္ဒရာ လှိုင်းတံပိုးတို့လည်း မထေရ်မြတ်၏ တန်ခိုးတော်ကြောင့် ဘန်ရေအိုင်ကဲ့သို့ ချက်ချင်း ငြိမ်သက်သွားလေ၏။

သည်တော့မှ မထေရ်မြတ်သည် ...

"မကြောက်ကြကုန်လင့်။ မြတ်စွာဘုရား ... သရဏဂုံသုံးပါး၌ ယုံကြည်၍ ကောင်းသောကုန်သွယ်မှုကို ပြုကုန်ကြသော သင်တို့အား မည်သည့်ဘေးဒုက္ခအန္တရာယ်ကမျှ မဖျက်ဆီးနိုင်။ သင်တို့ ရောက်လိုရာအရပ်ကိုသာ ဆိုကြလေကုန် ..."

ဟု မိန့်တော်မူရာ ကုန်သည်တို့လည်း ...

"အရှင်ဘုရား ... တပည့်တော်တို့၏ နေရင်းဒေသ သုနာပရန္တတိုင်း၊ ဝါဏိဇ္ဇဂါမရွာသို့သာ အလျင်အမြန် ပြန်ရောက်လိုကြပါ၏။ တပည့်တော်တို့ လှေသင်္ဘောများပေါ်၌ တင်ဆောင်ထားသော ကုန်တို့မှာ အခြားတိုင်းနိုင်ငံဒေသများသို့ သွားရောက်ရောင်းချရန် မဟုတ်တော့ပါ။ ဤကုန်များသည် အခြားသော တိုင်းနိုင်ငံများနှင့် ထိုက်တန်သောကုန်များ မဟုတ်ကြပါ။ တပည့်တော်များ သက်စွန့်ဆံဖျား သယ်ဆောင်လာကြရသော ကုန်များသာဖြစ်ပါသည်"



www.burmeseclassic.com

www.burmeseclassic.com



ဟု လျှောက်တင်သဖြင့် မဟာပုဏ္ဏမထေရ်မြတ်သည် ဦးခေါင်း သင်္ဘောထက်၌ ခြေတော်ကို တင်ပြီးလျှင် ...

"ဤသင်္ဘောလှေတို့သည် ကုန်သည်တို့ အလိုရှိရာ သုနာပရန္တ တိုင်း ဝါဏိဇ္ဇဂါမအရပ်သို့ ဘေးအန္တရာယ်မရှိဘဲလျက် အလျင်အမြန် ပြန်ရောက်ကြစေသတည်း"

ဟု အဓိဋ္ဌာန်စကားဆိုပြီး မိမိသီတင်းသုံးရာ မဟာအတုလာရာမ ကျောင်းသို့ ကောင်းကင်ခရီးဖြင့် ပြန်ကြွသွားလေ၏။

✿ ✿ ✿

|၂၁|

❏

စူဠပုဏ္ဏသူကြွယ်နှင့် ကုန်သည်များ၏ သင်္ဘောလှေတို့မှာလည်း မဟာပုဏ္ဏမထေရ်၏ အဓိဋ္ဌာန်တော်မူသည့်အတိုင်း ပင်လယ်သမုဒ္ဒရာ၌ ဆိုင်းခြင်းမရှိ၊ မိမိတို့အရပ်ဝါဏိဇ္ဇဂါမသို့ အမြန်ပင် ပြန်လည်ရောက်ရှိ ကြသည်။

မိမိတို့အရပ်သို့ ပြန်ရောက်သော် ကုန်သည်အသီးသီးက မိမိ မိဘ၊ မယား၊ သားသမီး အဆွေအမျိုးတို့မကျန် သမုဒ္ဒရာ၌ ဘေးကြီး ဆိုက် ရောက်ခြင်းနှင့်အတူ ဝါဏိဇ္ဇဂါမသို့ ပြန်ရောက်ရပုံ အဖုံဖုံတို့အား ပြောကြ မဟာပုဏ္ဏမထေရ်မြတ်၏ တန်ခိုးအာနုဘော် ကျေးဇူးတော်ကိုပါ ထုတ်ဖော် ဂုဏ်တင်ပြောဆိုခဲ့ကြသည်။

ထိုအခါတွင် ကုန်သည်တို့၏ ငါးရာသော သားသမီးမိဘတို့ တကွ မဟာပုဏ္ဏမထေရ်မြတ်ကြီး၏ ကျောင်းတော်သို့ လာခဲ့ကြပြီး မြတ်စွာ ဘုရား၏ သရဏဂုံသီလကို ခံယူဆောက်တည်ကြသည်။





ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ရတနာသုံးပါးသာလျှင် ကိုးကွယ်ရာအစစ် ယုံမှား ဖွယ်ရာအမှန် သရဏဂုံ၌ တည်သော ဥပါသကာ၊ ဥပါသိကာအဖြစ်သို့ ရောက်ရှိ ကြလေ၏။

လှေ၊ သင်္ဘောတို့ပေါ်၌ တင်ဆောင်လာသော စန္ဒကူးနီနှစ်တို့ကို ကုန်သည်များ အသီးသီးဝေငှကြရာ အရှင်ပုဏ္ဏမထေရ်အားလည်း တစ်ဖို့ သင့်စုပြု၍ လှူဒါန်းတော်မူကြပြန်၏။

မဟာပုဏ္ဏမထေရ်မြတ်မှာ သူ့အတွက် စန္ဒကူးနီအနှစ်နံ့သာပင် ဆိုမှာ ပြုဖွယ်ရာ မထိုက်သေးဟု ယူဆပြီးလျှင် ဥပါသကာတို့အား ဤသို့ အမေးရှိလေ၏။

"သင်တို့သည် ငါ၏အဖ ဆရာသခင် မြတ်စွာဘုရားရှင်တော်မြတ် အား ဖူးတွေ့မြင်ဖူးကြပါ၏လော"

"ဘုန်းတော်ကြီးမြတ်တော်မူသော မထေရ်အရှင်မြတ်၊ တပည့်တော် တို့ မဖူးဘူးခဲ့၊ မမြင်ဖူးခဲ့ပါ အရှင်မြတ်ဘုရား"

"ကောင်းလှပြီ ... ဥပါသကာတို့၊ ယခု ငါ့အဖို့ အစုပြု၍ရသော စန္ဒကူးအနှစ်သားတို့ဖြင့် မြတ်စွာဘုရားကို ရည်မှူးလျက် တန်ဆောင်းဝန်ကျောင်း တော်ကြီးကို ဆောက်လုပ်သည်ရှိသော် သင်တို့ ဖူးမြင်ကြရလိမ့်မည်"

"အမှန်တကယ်ပင် အရှင်ဘုရားမြတ်ဆရာ၊ အဖသခင် ဂေါတမ အရှင်မြတ်စွာဘုရားကို မျက်ဝါးထင်ထင် ဖူးမြင်ကြရပါလို၏ အရှင်ဘုရား"

ဟု ဆန္ဒပြင်းပြ အာသီသတို့ဖြင့် ဆိုကြပြီးလျှင် စူဠပုဏ္ဏသူကြွယ် အပါအဝင် ကုန်သည်ငါးရာတို့သည် မဟာပုဏ္ဏမထေရ်မြတ်၏ အဖို့အစုဖြစ် သော စန္ဒကူးနီနံ့သာနှစ်တို့ဖြင့်လည်းကောင်း၊ မွှန်မြတ်သန့်စင်သော မြေ အထွတ်အမြတ် မြေကောင်းမြေသန့်အရပ်၌ မကုလာရာမ တန်ဆောင်းဝန် ကျောင်းတော်ကြီးကို စီမံဆောက်လုပ်ကြတော့သည်။

ဂန္ဓာရုံကြိုင်လျှောင်း
ဆောက်သည့်ကျောင်း၌
ထောင်ပေါင်းတစ်ရာ
ရစ်ဆောင်သာလျက်
တင့်စွာစီမံ



www.burmeseclassic.com

www.burmeseclassic.com



ကိုးမြတ်လျှံကို . . .

ဟူ၍ ကျောင်းတော်ရာ ဘုရားရှိခိုး စာဋ်အတိအလင်း စပ်ဆိုထားသဖြင့် လက်လေးသစ်မျှသော စန္ဒကူးနီနံ့သာနှစ် အသားသည်ပင် အချိန်တစ်သိန်းမျှ ထိုခေတ်က ငွေကြေးအသပြာ ထိုက်တန်သည်ဆိုလျှင် တန်ဖိုးအနဂ္ဃအားဖြင့် ဆိုဖွယ်ရာမရှိတော့ပြီ။

အဆောင်ပေါင်း ၁၀၈ ဆောင်ရှိသော တန်ဆောင်းဝန်ကျောင်းကျောင်းတော်ရာမှာ မြတ်စွာဘုရားပွင့်တော်မူသည့် မဇ္ဈိမဒေသမှ အထူးဆောက်လုပ်ပူဇော်ထားကြသော ဇေတဝန်၊ ပုဗ္ဗာရုံ စသော ကျောင်းတော်ကြီးများထက် အောက်မကျ အဖိုးအနဂ္ဃများစွာ ထိုက်တန်သည်ဟု ဆိုရပေမည်။

✿ ✿ ✿

သစ္စဗန္ဓရဟန္တာ၏ အတိတ်ဇာတ်ကြောင်း

❑

ရောဝတီမြစ်လက်တက် မုန်းချောင်းအဝှမ်း စကုလယ်ကိုင်းအချပ်တွင် ကျောင်းတော်ရာ ဖြစ်စဉ်များဖြစ်တည်နေသလို ရောဝတီမြစ်လက်တက် အောက်ဖက်မန်းချောင်းမှာလည်း မန်းစက်တော်ရာဘုရားများနှင့် ယှက်နွယ်စပ်လျဉ်းသော ဖြစ်စဉ်တော်များသည်လည်း ဖြစ်ပေါ်လျက်ရှိခဲ့ချေပြီ။

မြတ်စွာဘုရား အလောင်းတော်တို့သည် ဘုရားမဖြစ်မီ ဘဝဟောပေါင်းများစွာတို့၌ . . .





"လူ့ဘဝဖြဟ္မာ့ဘဝနှင့်
ကြိုးကြာ ဟင်္သာ၊ တစ်ဖြာခိုမင်း
ကျေးမင်း ကရဝိက်၊ ငှက်လူအဆင်း ကိန္နရာ
စာမရီမျောက်၊ ဆင်နွားနောက် မြင်း
တောမင်း ကေသရာ၊ ကျား၊ ကျွဲပါမကျန်
သံသာဥဒေါင်း၊ ကြက်ဝက်ပေါင်းပါ
သာလိကာနှင့် ခါယုန်သမင်
ရှဉ့်ပုတ်သင်ကာ၊ ကျီး လင်းတအထိ
မစ္ဆရေနေ၊ ရှိလေသမျှ
ဗုဒ္ဓထင်ရှား ဘုရားအလောင်း . . .
ကိုယ်အပေါင်းသည် . . .
ဖြစ်တော်ပေါင်း ၅၅၀ အသွယ်သွယ်တည်း . . ."

ဟူ၍ ဘုရားအလောင်းတော်များ၏ ဖြစ်တော်ပေါင်း ၅၅၀ တွင် လူ၊ နတ်၊ ဖြဟ္မာမင်း၊ ပုဏ္ဏား၊ ရဟန်း စသည်ဘဝသို့ ရောက်ရှိခဲ့သလို တိရစ္ဆာန် ဘဝသို့တိုင် ကံကြွေးရှိရာ ရောက်ရှိခဲ့ဖူးသည်ဟုဆိုလျှင် မြတ်စွာဘုရား၏ တပည့်သားမြေး သာဝကမျှဖြစ်သော ရဟန်းတော်တို့သည်လည်း မြတ်စွာဘုရားနည်းတူ ဘဝပေါင်းများစွာ ခန္ဓာပြောင်း၍ ပါရမီအဖုံဖုံ ဖြည့်ဆည်းခဲ့ကြရသည်မှာလည်း အဆန်းတကြယ်မဟုတ်ချေ။

မြတ်စွာဘုရား၏ တပည့်သာဝကတစ်ဦးဖြစ်သည့် 'သစ္စဗန္ဓက မထေရ်' လောင်းသည် အတိတ်ဘဝတစ်ခု၌ ရောဝတီမြစ်ဝှမ်းအောက်ဘက် ဖြစ်စဉ်တစ်ပိုက် ခွန်အားသတ္တိအစွမ်းကြီးသော နွားလားဥသဘ ဘဝ၌ ကျင်လည်ခဲ့သည်။

ထိုနယ်တစ်ပိုက်တွင် ထိုစဉ်က ဗုဒ္ဓသာသနာမထွန်းကားရာ အရပ်ဖြစ်၍ လူတို့မှာ စရိုက်ကြမ်း၊ စိတ်ကြမ်းများဖြစ်၍ တိရစ္ဆာန်များအပေါ် အနိုင်အထက် မတရားကျင့်ကြံ နှိပ်စက်တတ်သည်ဖြစ်ရာ နွားလားဥသဘကြီးမှာ နှိပ်စက်အနိုင်ကျင့်မှုကို မခံမရပ်နိုင်ဖြစ်ပြီး လူများသို့ ပြန်လှန်ထွေခတ်ရန်ပြု သတ်ဖြတ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် လူအများ၏အိမ် ယာကိုင်းမြေစိုက်ခင်းတွေပါမကျန် ... ခတ်နင်းခြေ ဖျက်ဆီးခြင်းပြုသည်။

ထိုသို့ ဖျက်ဆီးတိုက်ခိုက်ဖန်များသောအခါ လူအများက ပိုင်ရှင် ... ခေါ်ယူ၍ သူတို့အသင်းအဖွဲ့နှင့် တိုင်ပင်ဆွေးနွေးသည့် ဆုံးဖြတ်ချက်အ... ပြောလေတော့၏။

"သင်၏နွားကြီးသည် ခွန်အားမောင်းသန်ရှိသလောက် ... မြေယာမြေတို့ကို တိုးဝှေ့ဖျက်ဆီးသည့်အပြင် လူအများကိုလည်း မပြတ်... ပြုသည်မှာ အကြိမ်ကြိမ်ဖြစ်သည်။ သင့်အား ခေါ်ယူ၍ ထိန်းသိမ်းရန် သ... ပေးသော်လည်း အကျိုးမထူးခဲ့ ..."

"ကျွန်ုပ်လည်း ကျွန်ုပ်၏နွားကြီးအား တတ်နိုင်သမျှကို နှိပ်ကွ... ဆုံးမသော်လည်း ဆုံးမ၍ မရနိုင်တော့ပါ။ ကျွန်ုပ်၏နွားကြီးမှာ ယခင်အ... က ထိုသို့စရိုက်ခက်ထန်ကြမ်းတမ်းခြင်း မရှိခဲ့ပါ။ ဤအရပ်မှ လူတို့၏ အ... အမူစရိုက်များကြောင့် ကျွန်ုပ်၏နွားကြီးမှာ မခံမရပ်နိုင်ဖြစ်ကာ အပြုအ... စရိုက်ကြမ်းတမ်းသွားခြင်းသာ ဖြစ်ပါသည်"

"အသင်သည် အသင်၏နွားကြီးအတွက် ကျွန်ုပ်တို့၏ အရပ်... ပင် ထိပါးပုတ်ခတ်စကား ဆိုခဲ့ချေပြီ။ အသင်နှင့်အတူ အသင်၏ နွား... ပါ ကျွန်ုပ်တို့အရပ်တွင် ဆက်နေ၍ မထိုက်တော့ပြီ။ အသင်နှင့် အသင်၏နွား ကြီးပါ တစ်ပေါင်းတည်း ကျွန်ုပ်တို့အရပ်မှ အမြန်ဆုံး ထွက်ခွာသွားပါေ... တော့ ..."

နွားပိုင်ရှင်မှာ ထိုအရပ်မှ လူအများဆုံးဖြတ်မှုကို လွန်ဆန်နိုင်ခြ... မရှိလေပါ။

သူနှင့်အတူ သားမယားတို့မှာလည်း ထိုအရပ်မှ အရပ်သားမျာ... ဖြစ်ကာ ထိုအရပ်မှာပင် သူတို့မိသားစု စားသောက်လုပ်ကိုင်ရန် အသ... သွေးကြောဖြစ်သည့် အဖိုးတန်လယ်ယာ ကိုင်းကျွန်း အမြောက်အမြားလည်... ရှိနေပြန်သည်။

သူ၏နွားကြီးနှင့်အတူ သူ၏မိသားစုမှာ ထိုအရပ်မှ စွန့်ခွာ၍ ထွက် မသွားနိုင်အောင် ဖြစ်နေရပြန်သည်။





အခြေအနေမှာ နွားပိုင်ရှင်ယောက်ျားအတွက် အကျဉ်းအကျပ်ဆိုက် ...ရောက်နေခဲ့ပြီဖြစ်ရကား ကမ္ဘာမီးလောင် သားကောင်ချနင်းရမည့်ကိန်းကြောင့် ...င် မလွှဲသာဘဲ အဆုံးအဖြတ်တစ်ခုကို ပြုလိုက်ရတော့သည်။

"ကျွန်ုပ်နှင့် ကျွန်ုပ်မိသားစုမှာ အခြားအရပ်သို့ ဤအရပ်အား စွန့် ...ခွာ၍ မသွားနိုင်ပါ။ အဓိက လက်သည်ဖြစ်သော ဤနွားကြီးမရှိမှသာလျှင် အခြေအနေအားလုံး အေးရာအေးကြောင်း ဆုံးခန်းတိုင်သွားပြီမို့ ဤနွားကြီး ...ကို အသင်တို့ ကြိုက်သလို စီစဉ်ရန် အသင်တို့ လက်ထဲသို့ ကျွန်ုပ်ကြည်ဖြူ ...စွာ အခွင့်ပြုအပ်နှင်းပါသည်"

နွားရှင်ထံမှ ခွင့်ပြုချက်ကို ရရှိသောအခါ ထိုအရပ်သား လူကြမ်း ...များသည် နွားကြီးကို ညွှတ်ကွင်းဆင်ဖမ်းယူကာ လေး၊ မြား၊ ဓားလှံ၊ ပုဆိန်၊ ...ခဲတင်းတို့ဖြင့် ရက်စက်စွာ ပစ်ခတ်ထိုးခုတ် သတ်ဖြတ်ကြလေသည်။

ထိုနွားလားဥသဘကြီးမှာ မရှောင်သာ မပြေးသာဘဲ ဘုံးဘုံးလဲကျ ...သေဆုံးသွားခဲ့ရလေသည်။

ထိုနွားလားဥသဘကြီးအား လေး၊ မြား၊ ဓား၊ လှံ၊ ခဲတင်း၊ ပုဆိန် ...တို့ဖြင့် ရက်စက်စွာ ပစ်ခတ်ထိုးနှက်သတ်ဖြတ်သူများနှင့် အသားကို စား ...သောက်ကြသူများသည် ထိုဘဝမှ လွန်မြောက်၍ နောင်တမလွန်ဘဝတွင် 'မကုဋတောင်' အနီး ရွှေစက်တော်တောကြီး အမည်တွင်လာမည့် ဤ ...တောတောင်တစ်ဝိုက်၌ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်၊ မျောက်၊ ဝံ၊ ...ကျား၊ ကျားသစ် စသော တောနေတိရစ္ဆာန်များ ဖြစ်ခဲ့သည်။

သူတို့ သတ်ဖြတ်ခြင်းခံရသော နွားလားဥသဘကြီးမှာ နွားလား ဥသဘ ဘဝမှ ဆုတောင်းကြောင့် 'မကုဋတောင်ဟုခေါ်သော ဤရွှေစက် ...တော် တောကြီးအတွင်းမှာပင် လေးမြားစွဲကိုင် အမဲလိုက် သတ်ဖြတ်နေ ...သော 'သစ္စဗန္ဓက' မုဆိုးကြီး ဖြစ်၍လာခဲ့၏။

မုဆိုးကြီး အမဲလိုက်၍ ရသမျှသော သားကောင်တို့ကို ဝယ်ယူ ...စားသောက်မည့် ဖောက်သည်တို့ကား ယခင်ဘဝက နွားပိုင်ရှင်အမျိုးအနွယ် ...များဖြစ်ပြီး အမြဲတမ်း ဖောက်သည် ၉၉ ဦး အဆင်သင့်ရှိနေ၏။

ထိုဖောက်သည် ၉၉ ဦးအား မုဆိုးကြီး အလေးချိန်ခွင်မှတ်သား ...၍ ရောင်းချသောနေရာ၌ နောင်အခါတွင် 'ရာဇူတိုင်' စေတီဟူ၍လည်း ...ကောင်း ...



www.burmeseclassic.com

www.burmeseclassic.com



ပစ်ခတ်၍ ရသမျှသားကောင်များကို ၎င်းတို့၏ သားရေခွာ၍ သားရေကြက်လုပ်ရာ 'သားရေကြပ်' ဇေတီဟူ၍လည်းကောင်း ...

မုဆိုးကြီး တား၊ လုံး၊ လေး၊ မြား၊ ပုဆိန်များ၌ ပေကျံနေသော သားကောင်တို့၏ သွေးညှီများ ဆေးကြောရာနေရာ၌ 'သွေးဆေးကန်' ဇေတီ ဟူ၍လည်းကောင်း ...

မန်းစက်တော်ရာ တစ်ပိုက်တွင် တည်ထားခဲ့သည်ကို အမှတ်တရ အထင်ကရအဖြစ် တွေ့ရှိနိုင်ကြမည်ဖြစ်သည်။

✿ ✿ ✿

| ၂၂ |

❑

ထိုသို့ သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်းဖြင့် အသက်မွေးခြင်း ပြုနေသော မုဆိုးကြီးသစ္စဗန္ဓကမှာ ကျွတ်ချိန်တန်သောအခါ သိကြားမင်း သည် မုဆိုးကြီးသစ္စဗန္ဓကကဲ့သို့ မုဆိုးယောင်ဆောင်၍ မကုဋ္ဌတောင်သို့ ရောက်ရှိလာခဲ့သည်။

သိကြားမင်း မုဆိုးအယောင်ဆောင်ကာ သစ္စဗန္ဓက မုဆိုးကြီးကို ဤသို့ အခွေခင်ပွန်း ဖွဲ့သည်။

"အို ... သစ္စဗန္ဓကမုဆိုးကြီး၊ ဤတောတောင်ကြီးအတွင်း အဘယ် မည်သော သားကောင်သတ္တဝါတို့အား ပစ်ခတ်ဖမ်းယူသတ်ဖြတ် အသက် မွေးဝမ်းကျောင်းပြု စားသောက်ပါသနည်း"





"အို ... မုဆိုးညီသည် ကျွန်ုပ်ကား ... ဤတောဤတောင် တစ်ခွင်၌ မုဆိုးဘုရင်ပင် ဖြစ်တော့သည်။ ကျွန်ုပ်သားကောင် ပစ်ဖမ်းရန် လေးတစ်ချက်တင်လျှင် ကျွန်ုပ်ပြင်ထားသော သားကောင်များမှာ ပြေး၍ လွတ်။ ကျွန်ုပ်၏မြားတံတွင် တစ်ပွတ်တည်း တံစို့သီသလို အစီအရီ အသက်ပျောက်ရစမြဲ"

"အကျွန်ုပ်ရလာသော သားကောင်အမဲလျှာကိုလည်း အမြဲတမ်း ဖောက်သည်မပျက် ဝယ်ယူစားသောက်နေသော ဖောက်သည် ၉၉ ယောက် မှာလည်း အဆင်သင့် မပျက်မကွက်ရှိနေ၏"

"ဩော် ... သင်က အမြဲတစေ တောနေသားကောင်ကို ပစ်ခတ် သတ်ဖြတ်နေသည့် အပါယ်ငရဲအိုး ချိုးကပ်မည့် ငရဲသားမုဆိုးကြီး ဖြစ်နေ ပြီကိုး"

မုဆိုးယောင်ဆောင်သော သိကြားမင်းက သစ္စဗန္ဓကမုဆိုးကြီး ခံချင်စိတ်တွေ ပေါ်လာအောင် ဆွ၍ပေးသော စကားများကို ဆိုလိုက် သဖြင့် ...

"အို ... ညီသည်မုဆိုး၊ သင်လည်း သားသတ်မုဆိုး၊ အကျွန်ုပ် လည်း သားသတ်မုဆိုး၊ အသက်မွေးကြတာချင်းအတူတူ၊ ဟင်းအိုးတစ်အိုး တည်း အတူတူချက်ပါလျက် တစ်ဝက်က အချို၊ တစ်ဝက်က အချဉ် မလုပ် ပါနှင့်။ သင်ကကော ကျွန်ုပ်ကဲ့သို့ အပါယ်ငရဲအိုးချိုးကပ်မည့် မုဆိုးမဟုတ် လျှင် အဘယ်ကဲ့သို့သော မုဆိုးဖြစ်ဘိသနည်း"

"သင်က နေ့စဉ်စားသောက်ဖို့အတွက် သားကောင်ပေါင်းများစွာ ကို အမြဲတမ်း ပစ်ခတ်သတ်ဖြတ်နေရသည်။ ကျွန်ုပ်က မုဆိုးဟုဆိုသော် သည်း သမားရိုးကျ သင်မုဆိုးမြင်တွေ့နေရသော လွယ်လွယ်နှင့်ရသည့် သားကောင်မျိုးကို အမြဲတမ်း လိုက်လံပစ်ခတ်နေခြင်းမျိုးမဟုတ်။ ဒီရွှေစက် တော် တောမြိုင်နက်ကြီးတွင် ရှားရှားပါးပါး တွေ့မြင်ရလတ်သည့် အာဇာနည် မျိုးဝင် ဇောီခေါ် စာမရီ သားကောင်မြတ်ကိုသာ ရှာဖွေပစ်ခတ်လေ့ရှိသူ သာဖြစ်၏"



www.burmeseclassic.com

www.burmeseclassic.com



"သင့်စကား ကြီးကျယ်လွန်းလှသည်။ သင်၏ သားကောင် အာဇာနည်မျိုးဝင် ဇေဗြာ် စာမရီသားကောင်မြွက်မှာ မည်သို့သော အရည်အချင်း ရှိ၍ မည်ကဲ့သို့ မြွက်သည်ဟု ဆိုရပါသနည်း"

"အာဇာနည် စာမရီ ဇော်ဟူသည်ကား အကောင်ကပင် သတ္တဝါ ချင်းတူပါလျက် အရောင်အသွေး ရွှေရောင်နီစွေး၍ ဦးခေါင်းကနေ အမြီးဖျား မြီးဆံအထိ ရွှေရောင်ဖုံး၏။ ကျက်သရေရှိလှပတင့်တယ်သော သူ၏အမြီး ကို ဖြတ်ပြီးလျှင် ဘုရင်မင်းမြတ်တို့၏ အထွတ်အမြတ် သားမြီးယပ်အဖြစ် ကိုင်ဆောင်၍ မင်းမြောက်တန်ဆာတွေထဲမှာ ပါဝင်ရသည်"

"စာမရီ ဇော်သားရေက နူးညံ့ပျော့ပျောင်းလှသဖြင့် နေရာထိုင် ခင်း အမွန်အမြတ်၌ ရဟန်းတော်တို့ နေရာထိုင်ခင်းနိုင်သည်။ ဘရားဘာဝနာ ပွားများနိုင်သည်။ သားရေကို ကျက်၍ မင်္ဂလာစည်အဖြစ် တီးခတ်လျှင် ကျက်သရေရှိစွာ သံသာလွင်လွင်မြည်၏"

"အသားကိုစားသူဖြစ်လျှင် ရုပ်ဆင်းအင်္ဂါ ချောမောပြေပြစ် အရွယ် နုပျိုလျက် သက်ကြားရွယ်အိုပင်ဖြစ်စေ ပကတိ (၁၆) နှစ်သား လူပျိုပေါက် အရွယ် တောဆင်ရိုင်းကဲ့သို့ အံ့မခန်း ကျန်းမာသန်စွမ်း၏"

"ခြေထောက်အဆုံး ခွာဆက်ရိုးတိုင် ဆေးအဖြစ် စီရင်မှီဝဲမည် ဆိုလျှင် ကိုးဆယ့်ခြောက်ဖြာ ရောဂါဝေဒနာ ကင်းစင်ပပျောက်အောင်စွမ်း ဆောင်နိုင်၏။ ဤကဲ့သို့သော မြင့်မြတ်တန်ဖိုးရှိသည့် သားကောင်ကို အကျွန်ုပ် ပစ်ခတ်သည့် မုဆိုးဖြစ်၍ သင်နှင့်မတူသော မုဆိုးဟု ဆိုရခြင်းဖြစ်လေ သည် ..."

သိကြားမင်းမုဆိုး၏စကားကို ကြားရသော သစ္စာဗန္ဓကမုဆိုးမှာ အာဇာနည်မျိုးဝင် ဇော်စာမရီသားကောင်ကို များစွာ စိတ်ဝင်စားပြီး သိကြား မင်းမုဆိုးကြီးကို အလွန်ပင် အထင်ကြီးသွားလေသည်။

ထိုစဉ် မုဆိုးအယောင်ဆောင် သိကြားမင်းက ...

"ထိုစာမရီသားကောင် ပစ်ခတ်ရာတွင်လည်း အထူးပင် သတိ ထားရသည်။ မုဆိုးတို့မှာ သူ့နယ်ကိုယ့်နယ် စည်းရှိရာသည်။ ကျွန်ုပ်သည် စာမရီကောင်ကိုတွေ့၍ နောက်က လိုက်ပါလာခြားသော်လည်း အသင်





မုဆိုးကြီး၏နယ်မြေထဲသို့ ရောက်သွားသည့်အတွက် အခန့်မသင့်မပစ်သာ ဘဲ လိုက်လာရခြင်းဖြစ်၏။ သို့သော် သင့်နယ်ထဲမှာမို့ ကျွန်ုပ် ပစ်ခတ်ဖမ်း ဆီး၍ မဖြစ်တော့ပြီ။ အသင်ကပဲ ပစ်ခတ်ဖမ်းဆီးပေးမှ ဖြစ်တော့မည်"

"အသင်က ကျွန်ုပ်ကို သူခိုးဓားပြတွေ ကျွန်ုပ်နယ်ထဲသို့ ကျူးဝင် လာသည့်အခါမျိုးတွင် မလွှတ်တမ်း ဖမ်းဆီးပေးရမည့် နယ်ရှင်ပယ်ရှင် အလွင် သတ်မှတ်၍ ပြောဆိုနေပုံရသည်"

"ဤမှတ်ပုံ ပဲ သတ်မှတ်ရပေလိမ့်မည်။ အသင်၏ နယ်အတွင်း ကျူးဝင်လာသော သားကောင်ကို အသင်ပစ်ခတ်၍ ကျွန်ုပ်အား အပ်ရပေ လိမ့်မည်။ သင်မအပ်နိုင်လျှင် သင့်နယ်ကို သင်မပိုင်သည့်အဖြစ်နှင့် အလျော် ပေးသည့်အနေဖြင့် အသင် ဤနယ်မြေမှ ဖယ်ခွာပေးရပေလိမ့်မည်"

ပြောရင်း မုဆိုးအယောင်ဆောင် သိကြားမင်းက သူ၏ ဗိုလ်ခြေ တစ်ယောင်ဆောင်ရသော လေးနှင့်မြားကို သစ္စာဗန္ဓကမုဆိုးကြီးလက်သို့ ပေးအပ်လေသည်။

သစ္စာဗန္ဓကမုဆိုးကြီးမှာ သိကြားမင်းယောင်မုဆိုးပေးသော လေးကြီး ကို မြင်ရကတည်းက ဤမုဆိုးကြီးမှာ သာမန်မုဆိုးကြီးမဟုတ်ကြောင်း ပါရမီ ဉာဏ်ကြောင့် တွက်ဆမိပြီးဖြစ်ရကား များစွာ ကျိုးနွံ ရိုသေခြင်းရှိရလေ သည်။

သိကြားမင်းယောင်မုဆိုးက သစ္စာဗန္ဓကမုဆိုးလက်ထဲမှ မူလကိုင် စွဲသော လေးမြားကို ပြောင်းယူလျက် ...

"သင်၏လေး၊ မြားကို ငါ့အားပေးအပ်၍ စာမရီသားကောင်ကို ငါ အရင်တွေ့က ငါပင်ပစ်မည်။ ငါ၏ လေးမြားကို သင့်လက်ပြောင်း၍ အပ်ပြီဖြစ်ရကား စာမရီသားကောင်ကို သင်အရင်တွေ့က သင်က ပစ်ခတ် ရမည်။ သင်နှင့်ကျွန်ုပ် ယခုကစ၍ နယ်မြေပိုင်းခြားမည်။ ငါက မကုဋ္ဌတောင် ခြေသို့ ဆင်းမည်။ သင်က မကုဋ္ဌတောင်ပေါ်သို့ တက်လေ။ သင့်နယ်ကျူး က သင်ပစ်ခတ်ပါ။ ကျွန်ုပ်နယ်ကျူးက ကျွန်ုပ် ပစ်ခတ်မည်"

ဟုပြောပြီး သစ္စာဗန္ဓကအား သူ၏ လေးညို့ကိုတင်ပေးကာ မုဆိုး ယောင်ဆောင် သိကြားမင်းမှာ တောင်ခြေသို့ ဆင်းယောင်ပြု၍ ကိုယ်ရောင် ပျောက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာကို ယခုတိုင် 'သိကြားပုန်းတောင်' ဟု ခေါ်ဆိုလျက် [illegible] ကွယ်သူများနှင့် အထင်အရှားရှိသေးသည်။

သိကြားမင်း မုဆိုးကွယ်ပျောက်သွားပြီးနောက် သစ္စာဗန္ဓကမုဆိုး[illegible] ရွှေစက်တော်တောအတွင်း ဝင်၍ စာမရီသားကောင်ကို တွေ့ပါသော်[illegible] သိကြားမင်း တင်ပေးခဲ့သည့်လေးကို ပစ်ခတ်ရန် မငင်နိုင်သဖြင့် ပစ်ခတ်[illegible] မဖြစ်နိုင်တော့ဘဲ ချွေးဒီးဒီးကျ ပင်ပန်းလက်မှိုင်ချရလေတော့သည်။

စာမရီသားကောင်လွတ်သွားပြီးနောက် သိကြားမင်း မုဆိုးရော[illegible] လာပြီးလျှင် မေးမြန်းစူးစမ်းခြင်း ပြုလေသည်။

"အသင်မုဆိုးကြီး ... စာမရီသားကောင်ကို ပစ်ခတ်၍ ရပါ[illegible] လော"

"ပစ်ခတ်၍ ရဖို့နေနေသာသာ အသင်မုဆိုးကြီး တင်ပေးခဲ့သော[illegible] လေးမှ လေးညှို့ကြိုးကိုပင် ချ၍မရဖြစ်ကာ ပင်ပန်းခြင်းကြီးစွာ အချည်း[illegible] ဖြစ်ရပေသည်"

မုဆိုးယောင် သိကြားမင်းသည် သူ၏လေးကို ချနိုင်တင်နိုင်[illegible] အတွက် သစ္စာဗန္ဓက မုဆိုးကြီးအား အဖြစ်မှန်ကို တိုင်၍ သစ္စာပေး[illegible] သည်။

"ငါကား သင့်ထံသို့ သင်၏ပါရမီကြောင့် ရောက်ရှိလာရသည်[illegible] ၏။ သင်သည် ဤအစွမ်းထက်သော လေးနှင့်မြားတို့ကို တင်၍ချ၍ ရ[illegible] ရန်အတွက် သစ္စာဆိုရပေလိမ့်မည်"

"ကျွန်ုပ် ယုံကြည်စွာဖြင့် သစ္စာဆိုရန် အသင့်ရှိပါသည်"

"သင်သည် ယခုအခါ၌ လုံးဝ ကျွတ်ချိန်တန်သည်မဟုတ်သေး[illegible] ချေ။ ယင်းကြောင့် ဤလေးမြားကို ကိုင်ဆောင်ထားသည်နောက် ဤမ[illegible] တောင်ရွှေစက်တော်တောအတွင်း သားကောင်များကို ပစ်ခတ်ပါက ဤ[illegible] တွင် အဖိုတို့ကိုသာ ပစ်ခတ်ပါမည်ဟု သစ္စာဆို၍ အဖိုသားကောင်မှတစ်[illegible] အမသားကောင်များကို မပစ်ပါဟု သစ္စာဆိုပါ။ တစ်ဖန် ဤနေ့တွင် အမသား[illegible] ကောင်များကိုသာ ပစ်ခတ်ပါမည်ဟု သစ္စာဆို၍ အမသားကောင်မှတစ်[illegible] အဖိုသားကောင်ကို မပစ်ခတ်ရပါ"





"ကျွန်ုပ် သစ္စာပြုပါမည် အရှင်"

မုဆိုးယောင် သိကြားမင်း သစ္စာစကား ချည်နှောင်ထားပြီး သိကြားမင်း ဘုံဗိမာန်သို့ ပြန်လည်ကြွရောက်သွားခဲ့လေသည်။

ရှေးဘဝအဆက်ဆက် ပါရမီအထုံပါသူများဖြစ်၍ အကြောင်းကောင်း၍ မုဆိုးဘဝရောက်နေရငြားလည်း ကံမှောက်မှားသည့်အခိုက် သိကြားမင်းပင် မနေသာဘဲ သစ္စာလာပေး၍ လမ်းဖြောင့်ကို တည့်မတ်ပေးခဲ့ခြင်းဖြစ်သည်။

✿ ✿ ✿

| ၂၃ |

❑

သိကြားမင်းထံ သစ္စာပန်ခဲ့သည်ကို အကြောင်းပြု၍ 'သစ္စာပန်မုဆိုး' 'သစ္စာဗန္ဓက မုဆိုး' [illegible]ကြီးဟု အမည်တွင်လာခြင်းဖြစ်ကာ ထိုမုဆိုးကြီးနှင့် သူ၏အမဲလိုက်ခွေးနက်ကြီးကို သစ္စာဗန္ဓက မုဆိုးတောင်တွင် ယနေ့တိုင် အမှတ်အသား ရုပ်တုတည်ထားလေသည်။

သစ္စာဗန္ဓကမုဆိုးကြီးမှာ သူ၏ဖောက်သည် ၉၉ ဦးအတွက် အမဲသားကောင်ရှာဖွေရာတွင် ယနေ့သားကောင် အဖိုများကိုသာ ပစ်ပါမည်ဟု အဓိဋ္ဌာန်၍ သားကောင်ပစ်ခတ်ရန်ထွက်လာလျှင် အဖိုသားကောင်တစ်ကောင်မှမတွေ့ဘဲ အမသားကောင်တွေကိုသာ တွေ့ရတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမသားကောင်များကိုသာ ပစ်ပါမည်ဟု အဓိဋ္ဌာန်ပြီး အမသား ကောင်များပစ်ခတ်ရန် ထွက်အလာ အမသားကောင်ဟူ၍ လုံးဝမတွေ့ဘဲ အဖိုသားကောင်များကိုသာ တွေ့နေရတတ်ပြန်သည်။

သစ္စပဗ္ဗက မုဆိုးကြီးမှာ သူ့၏စကားကြောင့် သားကောင်များကို ပစ်ရခက်၊ မပစ်ရခက်ဖြစ်လျက် ကြာတော့ စိတ်တွေထွေပြားပြီး သစ္စာ ပျက်ယွင်းရန် အပစိတ်တွေပင် ဝင်လာတော့၏။

သို့သော် ...

သစ္စာဆိုသည်၊ လွန်တည်ကြည်က

တလီရွှေငုံ။ ခါ မင်းထုံးကို

နှလုံးစွဲကာ၊ မြဲမှတ်ရာတည့် ...။

စေတီယမင်း။ မြေမျိုခြင်းကို

မယွင်းမှတ်ကာ၊ စိတ်ပျက်စွာနှင့်

သေချာတွေးဆ၊ သတိရ၍ ...

သိကြားမင်းထံ သစ္စာစကားထားခဲ့သည်ကို နိုင်မြဲမှ ဖြစ်မည်ဟု ရေးကံပါရမီက စေ့ဆော်သောကြောင့် သူအားကိုးအားထားပြုသော ဆော နှင့်မြား ပယ်ရှားချထားရစ်ပြီး မကုဋ္ဌတောင်ပေါ်မှာပင် ရသေ့ဝတ်သွားလေ တော့သည်။

သစ္စပဗ္ဗကမုဆိုးကြီး ယခင်ကနေသော တောင်ကို မုဆိုးတောင်ဟု ခေါ်ကာ ထိုမုဆိုးတောင်အနီးတွင် သိကြားမင်းနှင့် သစ္စာပြုကြသော နေရာ၌ 'သစ္စပဗ္ဗဘုရား' တည်ထားခဲ့ကြသည်။

သစ္စပဗ္ဗရသေ့ကြီးအဖြစ် တရားကျင့်ကြံအားထုတ်သော တောင်ကို 'ရသေ့တောင်'ဟု ခေါ်ဆိုထင်ရှားရှိနေခဲ့သည်။

မုဆိုးကြီးမြားချ၍ ကျသာနေရာတွင် အမှတ်တရတည်ထားသော စေတီကိုလည်း 'မြားကျစေတီ'ဟူ၍ ယခုတိုင်တည်ထားရှိလေသည်။

ထိုသို့ မန်းရွှေစက်တော် သစ္စပဗ္ဗက ရသေ့ကြီးနှင့်လယ်ကိုင်း ရွှေရော ကျောင်းတော်ရာ မဟာပုဏ္ဏမထေရ်အရှင်မြတ်တို့ သာသနာစဉ် သာသနာ ဆက်ဖြစ်တည်နေခဲ့ခြင်း အကြောင်းခြင်းရာ ဆက်စပ်မှုကား။

❁ ❁ ❁

|၂၄|

❑

စာတတ်ပေတတ် ကျမ်းဂန်တတ် ဓာတ်ဆရာမင်းသားကြီး ဦးဘိုး ခန့်မှာ ...

သူ၏ အကိုးအကားအချက်အလက် နိုင်လုံစွာ ပြောကြားနေသော ကျောင်းတော်ရာနှင့် စက်တော်ရာ သမိုင်းကြောင်းများကို မြေးကလေးများ ဖြစ်သော မောင်ဘိုးသိ ရွှေနာဂီတို့သာမက တူနှင့် တူမဖြစ်သော ကိုမောင် ကြီးနှင့်မအေးခင်တို့ကပါ စိတ်ပါဝင်စားစွာ နားထောင်နေသည်ကို အကဲခတ် မိပြီး ...

သူ လေ့လာမှတ်သားမိသမျှ သမိုင်းအကြောင်းကို လက်ဖက်ရည် ကြမ်းတစ်အိုး၊ ထန်းလျက်တစ်ခဲ အမြည်းလုပ်လျက် ဆက်၍ပြောလေတော့ သည်။

''ဒီသမိုင်းကြောင်းဟာ တို့မြန်မာနိုင်ငံရဲ့ အသက်သွေးကြောဖြစ် တဲ့ ဧရာဝတီမြစ်ဝှမ်းမှာ အမြဲတမ်း မပျောက်မပျက် တည်မြဲနေမဲ့ ဧရာဝတီ ရဲ့ ဝိညာဉ်တွေပဲကွယ်''

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားခြေတော်ရာ မန်းရွှေစက်တော်မှာ . . .

❑

သုနာပရန္တတိုင်းဝါဏိဇ္ဇဂါမ ရွာအနီး ယာကုလာရာမ စန္ဒကူးနီ တန်ဆောင်းဝင်း ကျောင်းတော်ရာ တည်ဆောက်ပြီးစီးသည့်တွင် ရဟန်း သံဃာတော်များ သီတင်းသုံးရာ တန်ဆောင်းပြာသာဒ်၊ ပရိသတ်တရား နာယူရန် ဇရပ်မဏ္ဍပ်စသည်တို့ကိုပါ တစ်ပါတည်း တည်ဆောက်သည်။

ဆွမ်း၊ သင်္ကန်း၊ ပရိက္ခရာ စသော လှူဒါန်းဖွယ်ရာများ အာမိသ ဒါန ဝတ္ထုတို့ကိုပါ ပြုပြင်စီရင်ပြီးလျှင် အရှင်ပုဏ္ဏမထေရ်မြတ်ထံ ချဉ်းကပ်၍ လျှောက်ထားကြသည်။

"အရှင်မထေရ်မြတ်ဘုရား . . . တပည့်တော်တို့ ပြုဖွယ်ကိစ္စ ပြီးစီး ပြည့်စုံပါပြီ။ မြတ်စွာဘုရား ကြွရောက်တော်မူလာအောင် လျှောက်ထား ပင့်ဆောင်ပေးတော်မူပါဘုရား"

အရှင်မဟာပုဏ္ဏမထေရ်လည်း အနောက်မဖျံ့မတိုင်၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ကောင်းကင်ဈာန်အဘိညာဉ်ခရီးဖြင့် ကြွသွားပြီး မြတ်စွာဘုရားအားထိခြင်း ငါးပါးရှိခိုးပြီးသော် ရိုသေစွာ လျှောက်ထားပင့် ဆောင်တော်မူသည်။

"ဘုန်းတော်ကြီးမြတ်တော်မူသောမြတ်စွာဘုရား . . . ဝါဏိဇ္ဇဂါမ ရွာသား ငါးရာသော ကုန်သည် သူကြွယ်တို့သည် အရှင်မြတ်ဘုရား၏ ခြေတော်မြတ်အစုံ ပြည့်စုံရိုကျိုး ရှိခိုးပူဇော်လိုသည်ဖြစ်ပါ၍ စန္ဒကူးနီမှ ဖြင့်ပြီးသော မဟာဂန္ဓာရုံကျောင်းတော်ကြီးကို ဆောက်လုပ်၍ ပြီးစီးလျက်ရှိ ပါပြီ ဘုရား"

"ထိုကုန်သည်ရွာသား ငါးရာသော ဥပါသကာ၊ ဥပါသကာတို့အား တရားရေအေးအမြိုက်ဆေး တိုက်ကျွေးတော်မူရန် သနားတော်မူသောအား ဖြင့် အရှင်မြတ်စွာဘုရားကိုယ်တော်တိုင် သုနာပရန္တတိုင်းဝါဏိဇ္ဇဂါမရွာ ယာကု လာရာမ မဟာဂန္ဓာရုံ စန္ဒကူးကျောင်းတော်ကြီးသို့ ကြွတော်မူပါဘုရား"





ထိုအခါ မြတ်စွာဘုရားသခင်သည် သုနာပရန္တတိုင်း၌ နောင်အခါ သာသနာတော်အနှစ်ငါးထောင်ပတ်လုံးတည်၍ လူ၊ နတ်၊ နိဗ္ဗာန်၊ သုံးတန် သောခရီးကို အပြီးတိုင် ဆိုက်ရောက်မည့် အကြောင်းကိုမြင်ပြီး ကြွလာ တော်မူမည့်အကြောင်းနိမိတ်ဖြင့် ဆိတ်ဆိတ်နေလေသည်။

အရှင်ပုဏ္ဏမထေရ်မှာ ဉာဏ်အလင်းဖြင့် မြတ်စွာဘုရားကိုယ်တော် မြတ်ကြီးအား ဦးချကန်တော့ပြီး သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမအရပ်သို့ ကောင်းကင်ခရီး ဈာန်အဘိညာဉ်ဖြင့် ပြန်ကြွသွားလေသည်။

ဝါဏိဇ္ဇဂါမအရပ်သို့ ပြန်၍ရောက်လတ်သော် ကုန်သည်နှင့် ရွာ သားအပေါင်းလူအများအား မြတ်စွာဘုရားရှင်တော်မြတ် ကြွလာတော်မူ မည့်အကြောင်း ပြန်ကြား၍ လှူဒါန်းပူဇော်ဖွယ်ရာများ အဆင်သင့် ပြင်ဆင် ထားရှိစေခဲ့သည်။

✿ ✿ ✿

[ ၂၅ ]

❑

မြတ်စွာဘုရားရှင်တော်မြတ်သည် ညီတော်အာနန္ဒာအား ခေါ်၍–

"ချစ်သားအာနန္ဒာ . . . နက်ဖြန်ကာလ၊ သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမ သို့ ဆွမ်းခံကြွတော်မူမည်။ တစ်ပါးယုတ်ငါးရာ . . . ၄၉၉ ပါးသော ရဟန်း တို့အား ငါဘုရားရှင်နှင့်အတူတကွ လိုက်ပါရန် စာရေးတံမဲ စီရင်လေ"

သူ မိန့်မှာတော်မူသည့်အခါ၌ ရှင်အာနန္ဒာမထေရ်မြတ်သည်လည်း မြတ်စွာဘုရား အမိန့်တော်အတိုင်း စာရေးတံမဲ ကောက်ယူရလေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂၆ ]

❑

ထိုအခါ တာဝတိံသာနတ်ပြည်ကို အစိုးရသော သိကြားမင်းသည် ဗဿုကြမ္မာနတ်သားမှလာမြဲကျောက်ဖျာ တင်းမာခြင်းအဖြစ်သို့ ရောက်သည်နှင့် လူ့ပြည်သို့ ကြည့်ရှုဆင်ခြင်ရာ မြတ်စွာဘုရားရှင်၏ အလိုတော်ကို သိရှိသွား၍ ဝိသကြုံနတ်သားအား ခေါ်ပြီးလျှင် ...

"အချင်းဝိသကြုံနတ်သား ... နက်ဖြန် မြတ်စွာဘုရားသခင်သည် ခရီးယူဇနာ သုံးရာကွာဝေးသော သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမသို့ ကြွ၍ ... ကြွ သီတင်းသုံးတော်မူလိမ့်မည်။ ငါးရာသော ပြာသာဒ်ယာဉ်ပျံကို ... ကျင်းဖန်ဆင်း၍ စီမံလေ"

ဟု အမိန့်တော် ချမှတ်ခိုင်းစေရာ ဝိသကြုံနတ်သားလည်း သိကြားမင်းအလိုအတိုင်း မြတ်စွာဘုရားသီတင်းသုံးတော်မူရာ မှပ်လေးဘက် ... သော ပြာသာဒ်ယာဉ်ပျံတစ်ဆောင်၊ အဂ္ဂသာဝက နှစ်ပါးဖြစ်သော အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလန်တို့ သီတင်းသုံးတော်မူရာ မှပ်... ဖက်ရှိ ပြာသာဒ်ယာဉ်ပျံနှစ်ဆောင်၊ ကြွင်းကျန်သော သာဝကတို့ သီတင်းသုံးတော်မူရာ မှပ်တစ်ဖက်ရှိ ပြာသာဒ်ယာဉ်ပျံတို့ ကို ရှေ့နောက်အစဉ်လိုက် ဖန်ဆင်းစီရင်ပြီး ဇေတဝန်ကျောင်းတော်ရာ အဝင်အထွက် မှပ်တံခါး... ချထားကာ တာဝတိံသာနတ်ပြည်သို့ ပြန် လေ၏။





နံနက်မိုးသောက် အလင်းရောက်သောအခါ ဝိသကြုံနတ်သား ဖန်ဆင်းအပ်သော တန်ဆောင်းပြာသာဒ်ယာဉ်ပျံဖြင့် ကောင်းကင်ခရီးမှ တိုင်းကြီးသုနာပရန္တ ဝါဏိဇ္ဇဂါမသို့ ရှေ့ရှုကာ ပျံကြွလေကုန်၏။

တစ်ပါးယုတ်ငါးရာ ၄၉၉ ပါးသာ လိုက်ပါကြွမြန်းလာသော ရဟန်းတို့ကြောင့် နောက်ဆုံး ပြာသာဒ်ယာဉ်ပျံတစ်ခု၌မူကား လိုက်ပါမည့် ရဟန်းမပါဝင်ဘဲ အလွတ်အလျှင် ပါလာခဲ့သည်။

မြတ်စွာဘုရားသည် အစဉ်အားဖြင့် ကြွတော်မူရာ မကုဋတောင်ခေါ် သစ္စဗန္ဓကတောင်ထိပ်သို့ ရောက်တော်မူလျှင် ပြာသဒ်ယာဉ်ပျံတို့ကို ကောင်းကင်၌ ရပ်တန့်စေတော်မူ၍ သစ္စဗန္ဓကတောင်ထိပ်သို့ သက်ဆင်းတော်မူပြီး သစ္စဗန္ဓရသေ့အား တရားဟောတော်မူသည်။

မှဆိုးကြီးတစ်ဖြစ်လဲ သစ္စာဗန္ဓရသေ့ကြီးကလည်း ဘုရားရှင် ကြွလာတော်မူမည်ကို တန်ခိုးကမ္မဖန်နှင့်သိနေ၍ ဘုရားရှင်အား တောင်ထိပ်မှ ဆီးကြိုဖူးမြော်ကြိုဆိုနေခြင်းဖြစ်သည်။

သစ္စဗန္ဓရသေ့ကြီးသည် ရှေးဘဝပါရမီအဆက်ဆက်က ပြုကျင့်ဖြည့်ဆည်းခဲ့သော သစ္စာတရား၊ သီလ၊ သမာဓိတို့ကြောင့် မြတ်စွာဘုရား၏ တရားတော်ကို ကိုယ်တိုင်နာယူရသည့် တစ်ခဏာ၌ပင် အဘိညာဉ်သမာပတ်နှင့်တကွ ပေါ်ဘိကျွန်ုရဟန္တာ အရှင်မြတ်အဖြစ်သို့ ရောက်တော်မူခဲ့သည်။

သစ္စဗန္ဓရဟန္တာ အရှင်မြတ်အား ထိုအခါကျမှ နောက်ဆုံး အလွတ်ရှိသော ပြာသာဒ်ယာဉ်ပျံပေါ်သို့ တက်ရောက်သီတင်းသုံးစေလျက် အစဉ်အားဖြင့် ရှေ့ခရီးဆက်ခဲ့ရာ သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမသို့ ရောက်တော်မူလျှင် ...

ရဟန္တာပြာသာဒ်ယာဉ်ပျံငါးရာတို့ကို ရှုဥသူကြွယ်နှင့် လူသူအပေါင်းတို့ မမြင်စေဘဲ တန်ခိုးတော်ဖြင့် ကွယ်စေ၍ ဝါဏိဇ္ဇဂါမရွာသို့ ဝင်တော်မူသည်။

ရဟန္တာအရှင် ပုဏ္ဏမထေရ်မြတ်က ဆီးကြိုကန်တော့ ကြိုဆိုမှုပြုသည်။

မြတ်စွာဘုရားသခင်တပည့်သားရဟန်းငါးရာဖြင့် ဝါဏိဇ္ဇဂါမရွာသို့ ကြွတော်မူသည်ကို ရှုဥပုဏ္ဏသူကြွယ်နှင့် ရွာသူရွာသားလူအများသည် ဝမ်း



www.burmeseclassic.com

www.burmeseclassic.com



သာရှင်လန်း ပီတိလွှမ်း၍ ဖူးမြော်မဝ အထူးထူးသော လှူဒါန်းဖွယ်တို့ဖြင့် ပူဇော်ကြသည်။

သရဏဂုံနှင့် အဋ္ဌင်္ဂရှစ်ပါးသီလတို့ကို ခံယူဆောက်တည်ကြကာ စန္ဒကူးမဟာဂန္ဓာရုံ ကျောင်းတော်ကြီးသို့ ပင့်ဆောင်သွားကြကုန်၏။

ဂေါတမမြတ်စွာဘုရားရှင်အား အရှင်မဟာပုဏ္ဏမထေရ်မြတ်၏ ညီတော်စူဠပုဏ္ဏသူကြွယ်နှင့် ကုန်သည်များ ဥပါသကာ၊ ဥပါသိကာများက စန္ဒကူးမဟာ ဂန္ဓာရုံကျောင်းတော်ကြီးတွင် အလှူဒါန ပူဇနီယအဖြာဖြာ တို့ ပြုလုပ်ကြပြီးနောက် စန္ဒကူးမဟာဂန္ဓာရုံကျောင်းတော်ကြီးကို ရေစက် သွန်းချစေ၍ အလှူခံတော်မူခဲ့သည်။

မြတ်စွာဘုရားသည် စန္ဒကူး မဟာဂန္ဓာရုံကျောင်းတော်ကြီး၌ ဖလ သမာပတ် ဝင်စားပြီး မြတ်သော ချမ်းသာသုခဖြင့် နေ့သန့်တော်မူ၏။

အရှင်မဟာပုဏ္ဏမထေရ်၏ ရဟန္တာနှင့် အရှင်သစ္စဗန္ဓ ရဟန္တာနှစ်ပါး တို့အပါအဝင် ဘုရားရှင်နှင့် အတူတကွ ကြွမြန်းလာကြသော ရဟန္တာများ သည်လည်း သင့်တင့်လျောက်ပတ်သော နေရာတွင် ဈာနဖလ၊ သုခဖြင့် တို့ဖြင့် မျှတစွာ သီတင်းသုံးတော်မူကြသည်။

မြတ်စွာဘုရားရှင်နှင့် ရဟန္တာအရှင်မြတ်များသည် စန္ဒကူးမဟာ ဂန္ဓာရုံ ကျောင်းတော်ကြီး၌ ၇ – ရက်ပတ်လုံး သီတင်းသုံးတော်မူလျှင် ရောက်လာ ကြကုန်သော ပရိသတ်တို့အား စရိုက်နှင့်လျော်စွာ တရားဒေသနာ ဟော ကြားခဲ့သဖြင့် ရှစ်သောင်းလေးထောင် ခုနစ်လီပြည်သူ ပရိသတ်အပေါင်းတို့ မှ အကျွတ်တရား ရရှိသွားကြကုန်၏။

မြတ်စွာဘုရားသည် စန္ဒကူးမဟာဂန္ဓာရုံကျောင်းတော်၌ ရဟန္တာ အရှင်မဟာပုဏ္ဏမထေရ်၏ ပင့်လျှောက်ချက်အရ ၇ ရက်ပတ်လုံး သီတင်းသုံး တော်မူပြီးလျှင် အရှင်ပုဏ္ဏရဟန္တာအရှင်မြတ်အား အနီးအပါးသို့ ခေါ်တော် မူ၏။

'ချစ်သားမဟာပုဏ္ဏ . . . သင်သည် ဤသုနာပရန္တတိုင်းအရပ်၌ ငါဘုရားရှင်၏ ဗုဒ္ဓသာသနာတော် အဓွန့်ဆက်လက်ရှည်ကြာစေခြင်းငှာ သတ္တဝါအပေါင်းတို့၏ အကျိုးစီးပွားအတွက် ငါဘုရားအား ဆက်ကပ်လှူဒါန်း





ပူဇော်သော ဤစန္ဒကူးမဟာဂန္ဓာရုံကျောင်းတော်တွင် ဆက်လက်သီတင်း သုံး၍ နေရစ်ပေတော့''

ဟု . . . မိန့်မှာစကားပြောကြားပြီးနောက် သုနာပရန္တတိုင်း မကုဋ္ဌမ ရွာ စန္ဒကူးမဟာ ဂန္ဓာရုံကျောင်းတော်ရာမှ လာလမ်းအတိုင်း အနုအစဉ် အရ ပြန်၍ ကြွမြန်းတော်မူခဲ့သည်။

✿ ✿ ✿

| ၂၇ |

ထိုသို့ ပြန်လည်ကြွမြန်းရာတွင် နွားလားဥသဘာမှသိုး ရသေ့မျိုးမှ ၊ သစ္စဗန္ဓရဟန္တာဖြစ်လာသော သစ္စဗန္ဓရဟန်းတော် ကျန်ရစ်၍ သီတင်းသုံးတော် မူမည့် သစ္စဗန္ဓတောင်အနီး နမ္မဒါမြစ်ဟု ရှေးအခေါ် မန်းချောင်းသို့အရောက် တွင် နမ္မဒါမြစ်အတွင်း စံပျော်နဂါးမင်းမဟော်သည် နဂါးပြည်သို့ပင့်ဆောင် ၍ မြတ်စွာဘုရားအား တရားဟောစေခြင်းငှာ လျှောက်တင်ခဲ့သည်။

ဘုရားရှင်သည် နမ္မဒါနဂါးမင်း၏ အလိုဆန္ဒအတိုင်း နဂါးပြည်သို့ ကြွ၍ နဂါးများစွာ သတ္တဝါအားတရားရေအေး အမြိုက်ဆေး တိုက်ကျွေး တော်မူခဲ့လေသည်။

နဂါးတို့ပြည်မှ အပြန်ခရီး နမ္မဒါမြစ်အနီးသို့ ရောက်လတ်ပြန်သော် နဂါးမင်းသည် မြတ်စွာဘုရားအား ထိုမျှနှင့်ပင် ဖူးမြင်တရားနာ ကြားရသည် ကို မတင်းတိမ် မရောင့်ရဲနိုင်သေးဘဲ ငါးပါးသောထိခြင်းဖြင့် ရှိခိုး၍ . .

''ဘုန်းတော် ကြီးမြတ်တော်မူသော မြတ်စွာဘုရား . . . တပည့် တော်တို့အား သနားသောအားဖြင့် မပြတ်ဆည်းကပ်ကိုးကွယ်ရာအထွတ်



www.burmeseclassic.com

www.burmeseclassic.com



ပူဇော်ပသမှုပြုရန် ကိုယ်တော်မြတ်ကိုယ်စား တစ်စုံတစ်ရာ ပေးသနား ချီးမြှင့်ခြင်း ပြုတော်မူခဲ့ပါဘုရား''

ဟူ၍ လျှောက်ထားတောင်းပန်သဖြင့် မြတ်စွာဘုရားသခင်သည် အဘိယာစကပြုသော နမ္မဒါနဂါးမင်းနှင့်တကွ များလှစွာသော သတ္တဝါဝေနေယျတို့ သဒ္ဒါရိုကျိုးရှိခိုးပူဇော်နိုင်စိမ့်သောငှာ လက်ဝဲခြေဖဝါး စက်တော်ရာကို ချထားတော်မူခဲ့သည်။

ထိုခြေဖဝါးတော်ရာကို 'ရွှေစက်တော် အောက်စက်တော်ရာ' ဟု ခေါ်ဆိုကိုးကွယ်ရစ်ကြသည်။

နမ္မဒါနဂါးမင်း၏ တောင်းပန်ချက်အရ အောက်စက်တော်ရာကို ချပြီးနောက် နမ္မဒါမြစ်အတွင်းမှ ဝဲယာရံရဟန်းတော်များဖြင့် သစ္စဗန္ဓက တောင်ပေါ်သို့ ပျံတက်ရောက်ရှိသည့်အခါ သစ္စဗန္ဓရဟန်းတော် အရှင်မြတ်အား ဤသို့ မိန့်ကြားပြန်သည်။

''ချစ်သားသစ္စဗန္ဓ ... ယခင်အခါတုန်းက ဤနေရာဒေသ တောတောင်တစ်ဝိုက်တွင် သင်သည်အယူလွဲမှားကာ အပါယ်လားမည့် သားသတ်မုဆိုးကြီးအဖြစ် အကျင့်မှားခဲ့လေသည်။ ယင်းအတွက် တရားမဟုတ် မိစ္ဆာဒိဋ္ဌိများကို သင်နှုတ်ယူရမည်ဖြစ်သော ဝေနေယျသတ္တဝါအများအား နိဗ္ဗာန်ရောက်ရာရောက်ကြောင်း တရားများကို ဟောကြားလမ်းပြ သာသနာပြုရန်အတွက် ဤအရပ်မှာပင် သင်နေရစ်ခဲ့ရပေလိမ့်မည်။

''သို့မှသာ သုနာပရန္တတိုင်းနှင့်အပြိုင် ဤစက်တော်ရာ နမ္မဒါတစ်ဝှမ်းတွင်လည်း ငါ၏ဗုဒ္ဓသာသနာသည် အနှစ်ငါးထောင်မျှမက ပွားစည်ပင် တည်နေရစ်ပေလိမ့်မည်။ ဤအရပ်ဒေသတွင် ထိုသို့ လုပ်ဆောင်နိုင်သူကို ငါ၏သားတော် သစ္စဗန္ဓရဟန်းမှတစ်ပါး အခြားသူကို မမြင်ချေ''

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးနှင့်အတူ မလိုက်ပါရဘဲ ဤသစ္စဗန္ဓတောတောင်တွင် နေကျန်ရစ်ခဲ့ရမည့်အရေးကို တွေးပြီး စိတ်မအေးဖြစ်ကာ မြတ်စွာဘုရားအား ဝပ်စင်းကော်ရော် ရှိခိုးပူဇော်၍ သစ္စဗန္ဓရဟန်းတော်ကြီးက လျှောက်ထားတောင်းပန်သမှု ဤသို့ပြုပြန်၏။

''ဘုန်းတော်အနန္တရှင် အရှင်မြတ်စွာဘုရား ... သမ္မာသမ္ဗုဒ္ဓ ဉာဏ်ရှင်သနင်း အရှင်တရားမင်းကြွသွားရာကို နောက်တော်အပါးမှ စိုက်စိုက်မချွတ် လိုက်ပါရချေတော့မည်ဟု စိတ်ကရှည်လည်း သည်နေရာသည်ဒေသမှာ နေရစ်ရမည်ဟု မိန့်တော်မြွက်ကြား တပည့်တော်အား သနားသဖြင့် လျှောက်တင်ခွင့်ပေးတော်မူပါဘုရား''





''ဤသို့ သနားတော်မူသောအားဖြင့် နေ့ညမပြတ် ဆည်းကပ်ကိုးကွယ်တော်မူရာ တစ်စုံတစ်ရာသော အရှင့်ကိုယ်ပွားရိုက်ရာ အမှတ်အသားနမ္မဒါနဂါးမင်းနှင့်မခြား ပေးသနား ချီးမြှင့်တော်မူခဲ့ပါဘုရား''

မြတ်စွာဘုရားသခင် ရှင်တော်မြတ်သည် သစ္စဗန္ဓမထေရ် တောင်းပန်တင်လျှောက်မှုကို အကြောင်းပြု၍ မကုဋ္ဌတောင်ခေါ် သစ္စဗန္ဓတောင်တော်ကြီးကျောက်ဖျာပေါ်တွင် ယာဘက်ခြေတော်ရာချ တံဆိပ်ခတ်နှိပ်ခဲ့ပြီးလျှင် သစ္စဗန္ဓရဟန်းတော်နှင့် များလှဝေနေယျတို့ ကိုးကွယ်ကြရန် ပေးသနားတော်မူခဲ့ပြန်သည်။

ထိုစက်တော်ရာမှာ မန်းရွှေစက်တော်၌ အထက်စက်တော်ရာဖြစ်ပြီး ယနေ့တိုင် ဗုဒ္ဓဘာသာဝင်သူတော်စဥ်များ ကိုးကွယ်ပူဇော်ကြရန် တည်ရှိနေလေသည်။

✿ ✿ ✿

ရောဝတီမြစ်ဝှမ်းက ဘဝကြမ်းများ

❑

ဦးဘိုးဒန်မှာ စန္ဒကူးကျောင်းတော်ရာနှင့် မန်းရွှေစက်တော်သမိုင်းကို မုန်းချောင်း၊ မန်းချောင်းနှင့် ဆက်စပ်နေသည့် ရောဝတီမြစ်ဝှမ်းကြီးအား အခြေခံ၍ စိတ်ပါဝင်စားစွာ ပြည့်ပြည့်စုံစုံ ပြောကြားပြီးနောက် အာချောက်သွားဟန်ဖြင့် ရေနွေးကြမ်းအေးစက်စက်ကို ကောက်ယူသောက်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တူဖြစ်သူ ကိုမောင်ကြီးက ညနေမှောင်ရီပျိုးစ ပြုပြီဖြစ်၍ မီးခလုတ်ကို ထ၍ဖွင့်လိုက်သည်။

သူတို့ရွာတွေမှာ မုန်းချောင်း မန်းချောင်းဘက်မှ တည်ဆောက်ထားသော ရေအားလျှပ်စစ်နှင့် မင်းဘူး မန်းရေနံမြေစက်ရုံများဘက်မှ ရရှိသော လျှပ်စစ်မီးလိုင်းကြောင့် လျှပ်စစ်မီး အဆင်ပြေနေလေပြီ။

"ဦးဘိုးဒန် ... မြေးတွေနဲ့ တူ၊ တူမတွေကို ကျောင်းတော်ရာ ရွှေစက်တော်သမိုင်းကြောင်းတွေ ပြောပြနေရတာ အတော်မောသွားရောမယ်။ ညနေ ထမင်းစားချိန်တောင် ရောက်လာပြီ။ အိမ်ကိုမပြန်ဘဲ ဒီမှာပဲ ကျွန်မတို့နဲ့အတူ ထမင်းစားသွားနော်"

ကိုမောင်ကြီးဇနီး မအေးခင်က ဦးဘိုးဒန်အတွက်ပါ ထမင်းပွဲပြင်ရန် နောက်ဖက်ခန်းသို့ ဝင်ရောက်သွားသည်။

ထိုစဉ် ဗဟုသုတအရာတွင် ရောင့်ရဲတင်းတိမ်သည်မရှိဘဲ သေသေချာချာ နှံ့နှံ့စပ်စပ်သိလိုသော မောင်ကြီး၏သား မောင်ဘိုးသီက သူသိချင်နေသေးသည့် အကြောင်းအရာကို ထပ်မံ၍ မေးမြန်းခြင်းပြုနေပြန်သည်။

"အဘိုးလေးပြောတဲ့အထဲမှာ ဝါတွင်းကာလအတွင်း မုန်းချောင်းနဲ့ မန်းချောင်းတွေထဲကို အနယ်နယ်အရပ်ရပ် ဧရာဝတီမြစ်ဝှမ်းက လာရောက်တဲ့ ငါးကြီးတွေအကြောင်း မပါသေးဘူးလေ"

"ဟုတ်တယ် ... ဟုတ်တယ် ... မောင်လေးဘိုးသီ ပြောသလိုပဲ သမီးလည်း အဲဒီ ဘုရားဖူးငါးကြီးတွေအကြောင်း သိချင်နေတာ"

ဦးဘိုးဒန်စကားကို နားထောင်နေသော မောင်ဘိုးသီအစ်မ မြေးမလေး ရွှေနာဂီကပါ ဝင်ပြောလိုက်သဖြင့် ဦးဘိုးဒန်မှာ သတိရသွားဟန်အရေးတယူဖြစ်သွားပြီး ...

"ဩော် ... ဩော် ... ဟုတ်သားပဲ။ ငါ့မြေးတွေက အဘိုးလေးစကားကို စိတ်ဝင်စားပြီးမှတ်မိနေကြတာကိုး။ အဘိုးလေးလည်း ကျောင်းတော်ရာဘုရားနဲ့ မန်းရွှေစက်တော်ဘုရားအကြောင်းပြောရင်း ရဟန္တာအရှင်မဟာပုဏ္ဏနဲ့ သစ္စဗန္ဓရဟန္တာကြီးအကြောင်း ဆက်ရောက်သွားပြီး ဘုရားဖူးငါးကြီးတွေအကြောင်း မေ့ကျန်သွားခဲ့တာကိုး ..."





ဦးဘိုးဒန် ဘုရားဖူးငါးကြီးတွေအကြောင်းဘက် ဆက်ပြောရန် ဟန်ပြင်နေစဉ် ဦးဘိုးဒန်အကြောင်းကို သိနေသော တူဖြစ်သူ ကိုမောင်ကြီးက ...

"ဒါဆိုလည်း ဦးဘိုးဒန်ရဲ့ မြေးတွေကို ဘုရားဖူးငါးကြီးတွေအကြောင်း နောက်မှ ဆက်ပြောပေတော့။ ခု ထမင်းစားချိန်ရောက်နေပြီ။ ထမင်းပွဲလည်း ပြင်ပြီးနေပြီ။ တော်ကြာ ရေနွေးကြမ်းလို အေးစက်စက် ဖြစ်သွားဦးမယ်။ ကဲ ... ထမင်းသွားစားကြရအောင်"

ဟု ပြောရင်း ဦးဘိုးဒန်ကိုလက်ဆွဲကာ ထမင်းစားပွဲသို့ ခေါ်လာခဲ့ရသည်။

မောင်ဘိုးသီက နောက်မှလိုက်လာရင်း သူ့အစ်မ ရွှေနာဂီကို ပြောလာသည်။

"အဓိကကျတဲ့ ငါးကြီးတွေအကြောင်း မသိလိုက်ရတာ နာတာပဲ ... မမရာ"

"ဟုတ်တယ် ... မောင်လေးရဲ့ မမနာဂီလည်း ဘုရားလာဖူးတဲ့ ငါးကြီးတွေအကြောင်း သိချင်နေတာ။ ဝါတွင်းကာလဘုရားပွဲတော်ချိန်ကျရင် ဘုရားဖူးလာတတ်ကြတဲ့ မုန်းချောင်းမန်းချောင်းထဲက ငါးကြီးတွေအကြောင်း ဘုရားလာဖူးတဲ့ ဧည့်သည်တွေက မေးတတ်လို့ ပြည့်ပြည့်စုံစုံ သူတို့ကို ပြောပြချင်နေတာ"

မောင်ဘိုးသီနှင့် ရွှေနာဂီတို့ မန်းစက်တော်ရာ ဘုရားပွဲနှင့် မုန်းချောင်း၊ လယ်ကိုင်းကျောင်းတော်ရာ ဘုရားပွဲရောက်လျှင် ဘုရားဖူးသွားကြလေ့ရှိသည်။ သူတို့ကို ဒေသခံများအဖြစ် သိသွားကြ၍ ဘုရားဖူး ငါးကြီးတွေအကြောင်း မေးတတ်ကြသဖြင့် ပြည့်ပြည့်စုံစုံ အဖြေပေးချင်ကြသည်မှာ ကြာပြီ။

"ကဲ ... ကလေးတွေ မင်းတို့အဘိုးလေးနဲ့ နေ့တိုင်း တွေ့နေရတဲ့ဟာ။ တစ်ခြိတည်း တစ်ဝိုင်းတည်း နေကြတာပဲ။ ထမင်းစားချိန်မှာ စေ့စေ့ချောင်ချောင့်ဖြောင့် မင်းတို့အဘိုးလေး စားစမ်းပါစေဦး။ မင်းတို့သိချင်တာတွေကို မင်းတို့အဘိုးလေးကို နောက်နေ့ကျမှ မေးကြမြန်းကြပေတော့"



www.burmeseclassic.com

www.burmeseclassic.com



မအေးခင်က သူ့သားသမီးကို ပြောလိုက်တော့မှ မောင်ဘိုးသိန်း ရွှေနှာကိတို့ မောင်နှမမှာ ညနေစာ ထမင်းကို လူကြီးတွေနှင့်အတူ ဖြောင်း ဖြောင့်တန်းတန်း စားနိုင်ကြတော့သည်။

ထိုစဉ် ဟင်းခွက်တစ်ခွက်ကို လှမ်းကြည့်ပြီး ကိုမောင်ကြီး မျက် မှောင်ကျုံ့သွားသည်။

ဟင်းက ဆီကိုပြန်နေအောင်ချက်ထားသော အတွင်းသားကလီ စာဟင်း။

"အေးခင် . . . ဒီဟင်းက ဘာဟင်းလဲကွ"

"ကလီစာဟင်းလေ၊ အောင်မောင်းနဲ့မိမိလေးတို့ အိမ်ကလာပို့တဲ့ ကလီစာဟင်းပါ"

"ဘာကလီစာလဲ၊ အမဲကလီစာလား"

"အမဲကလီစာ မဟုတ်ပါဘူး။ မောင်ငယ်နဲ့ အေးတင့်တို့အိမ်က လာပို့တဲ့ အမဲကလီစာကို ရှင်က မောင်ငယ့်နွားကြီးကိုမြင်ပြီး စိတ်မကောင်း ဖြစ်လို့ မစားချင်ဘူးပြောလို့ ကျုပ်နဲ့ ကလေးတွေစားလို့ ကုန်ပါရောလား ခုဟာက အောင်မောင်းနဲ့ မိမိလေးတို့အိမ်က လာပို့သွားတဲ့ ငါးထွေကလီစာ ငါးကြီးရဲ့အူနဲ့ အသည်းဟင်းပါ"

"ဟင် . . . ဒါဆိုလည်း ငါ မစားပါရစေနဲ့တော့ကွာ။ မင်းနဲ့ ဦးဘိုး ဒန်တို့ပဲ စား၊ ကလေးတွေကိုလည်း ကျွေးလိုက်ပါ"

ကိုမောင်ကြီး ပြောပြောဆိုဆိုနှင့် သူ့ရှေ့မှ ငါးကလီစာ ဟင်းခွက် ကို ဦးဘိုးဒန်ရှေ့တွန်းပို့ပေးလိုက်သည်။

ဦးဘိုးဒန်ကလည်း ငါးကလီစာဟင်းခွက်ကို မအေးခင်ဘက် ထိုး ရွှေ့ပေးရာက ငြင်းဆန်လိုက်ပြန်သည်။

"ငါ့တူမနဲ့ မြေးလေးတွေပဲ စားကြပါ။ ဦးရီး မစားပါရစေနဲ့။ ဒီဟင်း တွေနဲ့တင် ထမင်းမြိန်ပါတယ်"

သူတို့မိသားစု ထမင်းဝိုင်းမှာ ငါးကြီးသားအူအသည်းကလီစာ ဟင်းကို သူစားရန်နိုး ငါစားနိုးနိုးနှင့်ပင် ထမင်းဝိုင်း ပြီးဆုံးသွားစေရတော့ သည်။

✿ ✿ ✿

[၂၈]

❑

အညာမိုးကား နေ့စဉ်ဆက်တိုက် ရွာခြင်းမျိုးမဟုတ်။

မိုးများလျှင် တစ်ရက်နှစ်ရက်ခန့် ဆက်တိုက်ရွာတတ်ပြီး ကျန်ရက် များတွင် အညာထုံးစံအတိုင်း ရာသီဥတုမှာ ကြည်လင်နေတတ်သည်။

နေ့ခင်းနေ့လယ်ဘက်တွင်ကား နေသည်ကျဲကျဲတောက် ပူလောင် နေတတ်ပြန်သည်။

ခုလို ရာသီဥတုကြည်လင်နေသည့် အချိန်မျိုးတွင် ရေလုပ်ငန်းနှင့် အသက်မွေးသော မိမိလေးယောကျ်ား အောင်မောင်းတို့လို တံငါသည်တွေ ဆက်ဖျားငွေရှာနေချိန်ဖြစ်၏။

ခြံဝိုင်းထဲမှ ဝါးကပ်ဖြင့် ပိုက်များကို နှစ်ယောက်သား ရှေ့နောက် သယ်ဆောင်ရင်း နွားစာစဉ်းနေသော အစ်ကိုကြီးဖြစ်သူ ကိုမောင်ကြီးကို မောင်ငယ်က လှမ်း၍ပြောလိုက်သည်။

"အစ်ကိုကြီး . . . ခင်ဗျားရေထဲ မဆင်းသေးဘူးလား။ ငါးတွေ သိချက်ကောင်းလို့ ရေနံချောင်းအရှေ့ဘက်ကမ်းကပါ ရောဝတီထဲ ဆင်း နေကြပြီ"



www.burmeseclassic.com

www.burmeseclassic.com



''အေးဟေ့ ...ငါတို့လည်း မနက်ဖြန်လောက်ဆိုရင် ဆင်း မှာပါ။ ငါက မင်းတို့လို နှစ်ယောက်မတွဲမိဘူးကွ။ ငါ့မိန်းမ အေးခင် အလု မအားသေးတာနဲ့ မဆင်းဖြစ်သေးတာ''

''ဟဲ ...ဟဲ ...ဟဲ ...အစ်ကိုကြီးကလည်း ကျုပ်တို့က အ ကြုံရင် လူမရှာရအောင် တွဲနေကျတွဲတဲ့ အတွဲပဲလေ။ ကိုမောင်ယ် တွဲထားတော့ အစ်ကိုကြီးညီမ မိမိလေးက အစ်မကြီး မအေးခင်လို ပန်းတော့ဘူးလေ''

''ဟုတ်တယ်ဗျ ...အစ်ကိုကြီး။ ကျုပ်လည်း အောင်မော တွဲလိုက်တော့ အစ်ကိုကြီးခယ်မ အေးတင်တစ်ယောက် အစ်မကြီး အေ လို မပင်ပန်းတော့ဘူးပေါ့ဗျာ။ အား ...ဟား ...ဟား ...ဟား''

နှစ်ယောက်သား သဘောကျစွာပြောပြီး မောင်ငယ် အသံ နှင့် သဘောကျစွာ ရယ်မောလိုက်သည်ကို အောင်မောင်းကပါ လိုက်၍ မောရင်း လှေထဲဆင်းသွားကြသည်။

ခြံဝိုင်းဘေးမှ ဖြတ်စီးနေသော ချောင်းရိုးကလေးထဲမှနေ၍ တို့ လှေကလေးမှာ ဧရာဝတီမြစ်ပေါက်ဖက် ဦးတည်လှော်ခတ်သွား လေပြီ။

မိုးသက်မုန်တိုင်း စဲသွားသော်လည်း ဧရာဝတီမြစ်ရေက တိုးမြဲပင်။

မြစ်ဝှမ်းတောင်ပေါ်ဒေသများမှာ မိုးကြီးနေသဖြင့် ဧရာဝတီ လက်တက်များ ရေလျှံပြီး မုန်းချောင်း၊ မန်းချောင်းတွေ ရေကြီး ပင်။

ထိုသို့သော ရေကြီးရေလျှံနေသော ဧရာဝတီမြစ်ဝှမ်းသည် ဦးပေါက် ဧရာဝတီရေဆုတ်ချိန်ဆိုပါက နုန်းတင်မြေနုသောင်ကျွန်းများ အရှိ ပေါ်ထွန်းလာတတ်ကြသည်။

ယင်းသို့သော အချိန်မျိုးဆိုလျှင် ထိုနုန်းတင်မြေနုသောင် ကျွန်းများပေါ်တွင် မောင်ကြီးနှင့် မောင်ငယ်တို့ကိုင်းများ စိုက်နိုင် ဧရာဝတီမြစ်ကမ်းစပ် သဲသောင်ပြင်ပေါ်မှာ ယာယီတဲများထိုး၍ နေ





ကိုင်းပင်များမှ ဖြာထွက်လာသော သီးပင်စားပင်၊ ကိုင်းပင်များကြောင့် ကိုင်း စိုက်ခင်းကြီးတစ်ခုလုံး စိမ်းစိမ်းစိုစို မြစိမ်းရောင်ကမ္ဘလာကြီး ဖြန့်ခင်း ထားသည်နှယ် ရှိတော့သည်။

မိုးရိပ်မကျန်သော မိုးကာလများတွင်မူ ထိုသို့ စိမ်းစိုနေသော သဲသောင်ကျွန်းကြီးမှာ ရေမြုပ်ပြီး ပြာရောင်ညို့ညို့၊ ကိုမောင်ကြီးတို့လို ကိုင်း သမားစစ်စစ်တွေ ရင်ကို ဆို့စေရတော့သည်။

သည်အခါမှာ မတတ်သာတော့ဘဲ ကိုမောင်ကြီးတို့ ဧရာဝတီမြစ် ဝှမ်းသားတွေမှာ သဘာဝက ပေးအပ်ထားသော အခွင့်အရေးအဖြစ် ဧရာဝတီ မြစ်ကြီးထဲ ဆင်းကာပိုက်နှင့် လှေကို အဖော်သဟဲပြုကာ ပရိယေသန ဝမ်းစာ ရှာကြရပြန်သည်။

အချိန်မဟုတ် မိုးကြီးရွာချကာ သောင်ပြင်တွေ ရေမြုပ်နေသော် ည်း ရေလျော့သည်ထက် လျော့သွားလျှင် ကိုင်းစိုက်စရာ ရေလွှမ်းသောင် ပြင်များ ပြန်ပေါ်လာဦးမည်ဖြစ်၍ သဘာဝဒဏ်ကို ကိုမောင်ကြီးတို့ဧရာဝတီ မြစ်ဝှမ်းသားတို့ ကြံ့ကြံ့ခံနိုင်နေကြပြီ။ ရေဒဏ်၊ မိုးဒဏ်ကို တွေးပြီး စိတ်မပူ တော့ပြီ။

ကိုမောင်ကြီးကဲ့သို့ ဧရာဝတီမြစ်ဝှမ်းသားဖြစ်သော ညီငယ် မောင် ယ်နှင့် ယောက်ဖဖြစ်သူ အောင်မောင်းတို့မှာ ထုသားပေသားရ အလှေ ကျွင့်ရှိသူတွေ ဖြစ်နေပြီ။ အောင်မောင်းက လှေကိုပဲ့မှလှော်ပြီး မောင်ငယ် က လှေဦးမှ လှော်၍ ဧရာဝတီမြစ်ထဲ ထွက်လာခဲ့ကြသည်။

ငါးအထိများသဖြင့် ဧရာဝတီမြစ်ထဲမှာ ငါးဖမ်းလှေတွေ ဟိုတစ်စင်း သည်တစ်စင်း တွေ့မြင်နေရလေပြီ။

အများအားဖြင့် အညာဒေသသားတို့သည် ငါးဖမ်းခြင်း တံငါအလုပ် ထက် စိုက်ပျိုးရေးကိုသာ ဦးစားပေး လုပ်ကိုင်ကြသူများဖြစ်၍ ငါးဖမ်းလှေ တွေ အများအပြား မတွေ့ရခြင်းဖြစ်၏။ သို့တိုင် ခါတိုင်းထက် ငါးဖမ်းလှေ တွေ များလာသည်တော့ အမှန်ပင်။

အခြားလှေများနှင့် လွတ်ကင်းရာသို့လှေကို လှော်ခတ်လာပြီး နောက် မြစ်ညာဘက်သို့ လှေဦးပေးကာ မောင်ငယ်လှေဦးမှနေ၍ ပိုက်တို လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်မောင်းက ပိုက်ချ၍ကောင်းအောင် လှေပဲ့ပိုင်းမှနေ၍ အလိုက်သင့် လှော်တက်ကို လှုပ်ရမ်းယင်း ပဲ့ကိုင်ပေးနေရသည်။

အောင်မောင်းနှင့် မောင်ငယ်တို့ အချိန်တစ်ဆယ်ကျော်ကျော် ငါး ထွေကြီး ဖမ်းမိသည်ကြောင့် လှေရှိ၍ ငါးဖမ်းလှေရှိသူများ မြစ်ပြင်သို့ ထွက်၍ ငါးဖမ်းနေကြသဖြင့် ရောဝတီမြစ်ပြင်မှာ လှေတွေ ခါတိုင်းထက် ပို များနေခဲ့သည်။

ယင်းကြောင့် အောင်မောင်းတို့ပိုက်ချက်နှင့် တခြားလှေတွေ၏ ပိုက်ချက်မငြိရလေအောင် အခြားလှေကင်း၍ ပိုက်ချက်ရှင်းသော နေရာမျိုး ကိုသာ ရွေးပြီး အောင်မောင်းနှင့်မောင်ငယ်တို့ ပိုက်ချနေကြရခြင်းပင်။

မောင်ငယ် ပိုက်ချပြီးသောအခါ လှေဦးမျှောထားရန်ဖြစ်ပြီး ဦးမှ နေ၍ လှော်စရာ မလိုတော့ချေ။ အောင်မောင်းရှိရာ လှေပဲ့ပိုင်းသို့ လှေကို ငြိမ်ထိန်းပြီး လာခဲ့သည်။

အောင်မောင်းကလည်း လှေကို ငြိမ်အောင်လှော်တက်ကို တက် မချိန်နှင့် ကပ်၍ ကြိုးချည်လိုက်သည်။

ပြီးတော့ သူ့ရှေ့မှ ပလတ်စတစ်ပုံးဝိုင်းကို အဖုံးဆွဲဖွင့်လိုက် သည်။

ပုံးဝိုင်းထဲတွင်ရှိနေသော ရေသန့်ဘူးနှင့်ထည့်ထားသည့် အရက် ပုလင်းကို ထုတ်သည်။ စတီးချိုင့်ကိုယူ၍ အုံ့ဆင့်ကိုဖွင့်သည်။

အမဲသားကြော်ရနံ့ သင်း၍ ထွက်လာသည်။

မောင်ငယ် အမဲသားကြော်ကို ကြည့်ပြီး နှာခေါင်းရှုံ့သည်။

“မင်းကလည်း အမဲသားကြော်ကို ကုန်ကို မကုန်နိုင်တော့ဘူး”

“မင်းနွားကြီးသေတုန်းက ငါတို့အိမ်ကို မင်းမိန်းမ အေးတင် အမဲသားတွဲ ငါးပိဿာ အတင်းလာပေးလို့၊ တချို့ချက်စား၊ တချို့အခြောက် လှမ်းထားလို့ပါဟာ။ ငါ့သားလေးမင်းတူရယ် ...ငါ့မိန်းမ မင်းညီမရယ် အိမ်သားသုံးယောက်တည်း ရှိတဲ့ဟာ။ ဘယ်ကုန်နိုင်ပါ့မလဲကွာ။ အဟား ... ဟား ... ဟား ...”

ပြောရင်း အရက်ခွက်ထဲသို့ အရက်ဖြူများ ငှဲ့ထည့်လိုက်စဉ် မောင်ငယ်က အရင်လှမ်းယူပြီး မော့သောက်ကာ အမဲသားကြော်တစ်ဖတ်ကို ကောက်၍ မြည်းလိုက်သည်။





“ဟား ... ဟား ... ဟား ... ငါက မင်း စောစောက ပြော တဲ့စကားကြောင့် အမဲသားကြော်ကို မင်းမမြည်းတော့ဘူးလို့ အောက်မေ့ နေတာ”

“ဟာကွာ ... မြည်းစရာ ဒါပဲရှိတဲ့ဟာ။ ဒီအမဲသားကြော်မှ မမြည်း ရင် ဘာနဲ့သွားမြည်းရမှာလဲ။ ငါက မင်း ငါးကြော်လုပ်လာလိမ့်မယ်ထင် ပြီး အိမ်က ဘဲဥကြော်တောင် ထည့်ယူမလာဘူး”

အောင်မောင်းက ပြုံးစစနှင့် အရက်ခွက်ကို ယူ၍သောက်ပြီး အမဲ သားကြော်အား ကောက်ယူမြည်းပြန်သည်။

“ငါက အစ်ကိုကြီးလို မင်းအမဲသားမစားတော့ဘူးလို့ ထင်နေ တာ”

“အစ်ကိုကြီးကတော့ ရှားပါတယ်ကွာ။ ငါ့နွားကြီးသေတာတောင် မှ သူ့မှာ စိတ်ထိခိုက်လို့ မဆုံးဘူး။ အရင်ကတည်းက အမဲသားမစားတာ၊ သူ့မိန်းမနဲ့ သားသမီးတွေစားဖို့ သွားပေးတာတောင် လက်မခံဘဲ ပြန်ပေး လိုက်တယ်”

“ဟာ ... ဒါတော့ လွန်တယ်ကွာ။ သူ မစားတော့ သူ့မိန်းမနဲ့ ကလေးတွေ ဘယ်စားရတော့မှာလဲ သနားပါတယ်ကွာ”

“ဟဲ ... ဟဲ ... ဟဲ ... ငါ့မရီးအေးခင်က ငါ့မိန်းမအေးတင် ရဲ့အစ်မပဲဟာ။ ဘယ်ရမလဲ။ သူ့သမီးနဲ့ သားကိုခေါ်လာပြီး အစ်ကိုကြီးမသိ အောင် ငါတို့အိမ်မှာ အကြိုက်တွယ်ကြတာပေါ့ကွာ၊ အား ... ဟား ... ဟား ... ဟား ...”

မောင်ငယ်က အရက်ကလေး ရီတီတီနဲ့ အားပါးတရ ရယ်သည်။ အောင်မောင်းကလည်း သဘောကျစွာ လိုက်ရယ်သည်။

မောင်ငယ်နှင့်အောင်မောင်းတို့ သမီးယောက်ဖနှစ်ယောက် စကား တပြောပြောနှင့် အရက်သောက်ရင်း အမြည်းစားရင်း သူတို့ပိုက်ချထား သောလှေကလေးမှာ အောက်ဖက်သို့ ရေစီးနှင့်အတူ မျောပါလာခဲ့သည်။

သို့နှင့်ပင် မုန်းချောင်းအနီးသို့ ရောက်ရှိလာကြပြီ။

မုန်းချောင်း၏အထက်ပိုင်းတွင် လယ်ကိုင်းကျောင်းတော်ရှေ ဘုရား ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မုန်းချောင်းသည် မန်းချောင်းကဲ့သို့ အနောက်ရိုးမတောင်တန်းကြီး ချောင်းဖျားခံ၍ တောတောင်အထပ်ထပ်ကို ဖြတ်ကျော်ကာ စေတုတ္တရာ ပွင့်ဖြူ။ လယ်ကိုင်းမြို့များကို ဖြတ်သန်း၍ ရောဝတီမြစ်ကြီးထဲသို့ စီးဝင်သည်။

မုန်းချောင်း၏ အောက်ဖက်ရှိ မန်းချောင်းကြီးမှာလည်း မုန်းချောင်းနည်းတူ အနောက်ရိုးမကြီးဘက်တွင် ချောင်းဖျားခံ၍ ပန်းတိမ်၊ ငဖဲ၊ စလင်းမြို့များကို ဖြတ်ကာ မင်းဘူးမြို့အထက်နားမှ ရောဝတီမြစ်ထဲသို့ စီးဝင်ပြန်၏။

မန်းချောင်းကို ယခင်က ရမ္မဒါမြစ်ဟု ခေါ်ကြသည်။

နမ္မဒါနဂါးမင်းပျော်စံရာ မြစ်ဖြစ်၍ နမ္မဒါမြစ်ဟုလည်း ကာလရွေ့လျားပြီး တွင်နေပြန်သည်။

မန်းချောင်းသည် အဆိုအရ ခုနစ်ဆယ့်ရှစ်ခွေ၊ ရစ်ပတ်ဝဲလှည့်ပြီး ရောဝတီမြစ်အရောက် အကောက်အတွန့် နဂါးလွန့်သကဲ့သို့ ပတ်ဝိုက်ကာ စီးဝင်လေသည်။

မန်းစက်တော်ရာ ဘုရားအနီးသို့ရောက်လျှင် သိသိသာသာ ထင်ထင်ရှားရှား စက်တော်ရာများရှိရာ သစ္စဗန္ဓမကုဋ္ဌတောင်တော်ကြီးအား သုံးကြိမ်သုံးခါမျှ ဦးခိုက်၍ စီးဆင်းသည်မှာလည်း အထင်အရှားရှိလေသည်။

ရောဝတီမြစ် အနောက်ဘက်ကမ်း၊ သံကိုင်းနန်းတော်ကျွန်း၊ ရွာသားများဖြစ်သော မောင်ငယ်နှင့်အောင်မောင်းတို့မှာ ပိုက်ချရင်း တစ်ခါတစ်ရံမှသာ မုန်းချောင်းအားလွန်၍ မန်းချောင်းဘက်သို့ ရောက်ရှိသွားတတ်၏။

မန်းချောင်းတွင်လည်း စကုမြို့ အောက်ကျောင်းတော်ရာ ဘုရားနှင့် မန်းရွှေစက်တော် ဘုရားများ အထင်ကရ ရှိလေသည်။

ရေစီးအားနှင့်မောင်ငယ်တို့ မုန်းချောင်းဝသို့ ရောက်လာသည်ကို မောင်ငယ် သတိပြုကာ စိုးရိမ်သွားသည်။

''အောင်မောင်းရေ ... လှေကို မုန်းချောင်းနဲ့ ဝေးနိုင်သမျှ ဝေးအောင် ရောဝတီမြစ်အလယ်ခေါင်ဘက် ပြန်ရောက်အောင် လှော်ထုတ်ကြစို့။ ခု တို့လှေ မုန်းချောင်းဝကိုတောင် ရောက်လာပြီ''





မောင်ငယ့်စကားကို အောင်မောင်းသည် တံငါသည်[illegible] ရေမှဆိုးလုပ်စားနေကျမို့ အရေးမထားလေဟန်ပြန်၍ မေးသည်။

''မုန်းချောင်းဝကိုရောက်တော့ ဘာဖြစ်သလဲကွ''

''ငါးဖမ်းတဲ့အလုပ်ကို မုန်းချောင်းနဲ့ မပတ်သက်ချင်လို့ပေါ့ကွာ''

''အမယ်လေးကွာ ... အဲဒါတွေက ဝါတွင်းမှုပါကွာ။ ဝါတွင်းအတော ရှင် တို့တံငါတွေ ရောဝတီမြစ်ထဲမှာ ငါးရှာမရလို့ကတော့ အဲ့ဒီမုန်းချောင်းထဲ ဝင်ပြီး ဖမ်းကြတာပဲ''

မောင်ငယ်က အောင်မောင်းကိုပြော၍ ရမည်မထင်သဖြင့် လှော်တက်ကိုကောက်ကိုင်ပြီး သူကိုယ်တိုင် မုန်းချောင်းအဝနှင့် ခပ်လှမ်းလှမ်းသို့ရောက်အောင် စပြီး ရောဝတီမြစ် အလယ်ဘက်ရောက်အောင် လှော်ထွက်တော့သည်။

ပိုက်များချထား၍ ပိုက်တွေလိပ်မသွားစေရန် သတိထား၍ လှော်ရသဖြင့် ခရီးမတွင်လှ။

ရောဝတီမြစ်ကြီး၏ အရှေ့ဘက်ကမ်းကို ဦးတည်လှော်ခတ်လာတော့ နဂုတ္တမတောင်ထွတ်ပေါ်မှ ‘မကွေးမြသလွန်’ဘုရားကို ပြပြရေးရေး ရှုတွေ့နေရသည်။

အနောက်ဖက်ကမ်း မင်းဘူးဘက်မှ ‘ရှင်ပင်စက္ကိန်တဲ’ စေတီတော်မြတ်အားလည်း မြစ်လယ်ရောက်တော့ လှမ်း၍ ဖူးရပြန်သည်။

သမိုင်း၏ ဝိညာဉ်များ ပူးကပ်ရှင်သန်လျက်ရှိသော ဤရေနှင့် ဤမြေတွင် သူတို့အဖို့ ပရိယေသနဝမ်းစာအတွက် လုပ်ကိုင်စားသောက် နေရသော ဘဝပေးအခြေအနေတွေနှင့်တော့ လိုက်လျောညီထွေမှုရှိလှသည်တော့ မဟုတ်လေပါ။

ဒါပေမဲ့ ဘဝတွေက ဘဝတွေပါပဲလေ။

သေသည့်အခါ ဘယ်လမ်းကို သွားကြရမလဲဆိုတာ နောက်မှ စဉ်းစားကြတာပေါ့။ လောလောဆယ် အသက်ရှင်ရပ်တည်ရေးက အရေးကြီးသည်မဟုတ်လား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

သံသရာကြွေး ပေးဆပ်နေရသူများ

❑

ဧရာဝတီမြစ်အတွင်းမှ ကျွန်းသောင်များ မပေါ်ကြသေးသော်လည်း မြစ်ကြီး၏ မြစ်ကမ်းစပ် ကုန်းမြင့်နေရာများ၌ ကိုင်းပင်များကို စိမ်းစိမ်းစိုစို ဟိုတစ်ကွက် သည်တစ်ကွက် တွေ့နေရသည်။

ကုန်းမြင့်ပိုင်း ရေမထိုးသောနေရာများ၌ ကိုင်းစိုက်သူတို့ ကြိုးစား၍ ကိုင်းစိုက်နေကြပြီ။ သို့သော် မိုးများလျှင် အဖြစ်ထက် အပျက်အစီးက ပို၍ များနေပြန်သည်။

ကုန်းမြင့်အောက်ဖက် မုန်းချောင်းပေါက်မှ ငါးဖမ်း တံငါလှေအချို့ ဧရာဝတီမြစ်ကြီးထဲ လှော်ထွက်လာသည်။

အောင်မောင်းမှာ အရက်ကလေး ဝင်နေပြီဖြစ်၍ နှုတ်စအာစ ရွှင်လျက်ရှိသည်။

"မုန်တိုင်းကျတုန်းက မျောလာတဲ့ သစ်တုံးတွေနဲ့ တိုက်မိပြီး မုန်းသားလှေတွေ အကုန်လုံး ပျက်စီးသွားပြီ အောက်မေ့ထားတာ"

"အောင်မာ ... ဟောကောင် ... အောင်မောင်း ... မင်းလည်း မုန်းချောင်းသားပဲကွ။ သံကိုင်းသူနဲ့ အိမ်ထောင်ကျလို့ သံကိုင်းနန်းတော် ကျွန်းကို ရောက်သွားတဲ့ကောင်ကများ။ ဒီတစ်ခါ မုန်တိုင်းလာလို့ဖြစ်ခြင်း ဖြစ်ရင် ကျေးဇူးကန်းတဲ့ မင်းတို့လှေပဲ ဖြစ်မှာကွ"

မုန်းချောင်းသား လှေတွေဘက်မှ ခံပြင်းစွာ ပြောသဖြင့် ပြဿနာ မဖြစ်စေရန် မောင်ငယ်က ဝင်ပြီး စကားလမ်းကြောင်းလွှဲ၍ ပေးလိုက်ရသည်။





"ကိုမောင်မြင့်တို့ လှေတွေပါလား။ အဲဒီတုန်းက လှေမှောက်သွားတဲ့လူတွေရဲ့ အခြေအနေ ဘယ်လိုလဲဗျ။ သတင်းကြားရတာနဲ့ ကျုပ်တို့အားလုံး အဲဒီလူတွေအတွက် စိတ်မကောင်းဖြစ်နေကြရတာ"

"တံငါတွေပဲကွာ ... ရေနစ်သေရတာ မဆန်းပါဘူး။ ဒီနေ့အထိ အလောင်းနှစ်လောင်းစလုံး ရှာလို့ မတွေ့သေးဘူး။ ရေစီးအရှိန်နဲ့ မုန်းချောင်းဝရောက်သွားပြီး အဲဒီတစ်ဆင့် ဧရာဝတီရေစီးအတိုင်း အောက်ဖက်ကို မျောသွားကြတယ်နဲ့ တူပါရဲ့။ သူတို့လှေကိုတော့ မုန်းချောင်းအောက်ဖက် ဧရာဝတီအနောက်ဖက်ကမ်း သောင်ခုံပေါ်မှာ အပိုင်းအစတွေအဖြစ် တင်ကျန်နေတာ တွေ့ကြရတယ်"

ကိုမောင်မြင့်တို့က မောင်ငယ်ကို ချေငံစွာပြောရင်း ဧရာဝတီမြစ်အတွင်းမှာ သူတို့လှေမှ ပိုက်များကို စတင်ချတော့သည်။

ထိုစဉ် မြစ်အောက်ဖက်မှ မော်တော်ကလေးတစ်စင်း ဧရာဝတီ အနောက်ဖက်ရေစီးကြောင်းသာရာမှ ကပ်၍ ဆန်တက်မောင်းနှင်လာသည်ကို တွေ့လိုက်ကြရသည်။

တဖြည်းဖြည်းနှင့် နီးလာသောအခါ ရဲမော်တော်ဘုတ်ကလေး ဖြစ်နေသည်ကို တွေ့လိုက်ကြရသည်။

မော်တော်ဘုတ်ကလေး၏ နောက်ပိုင်း ရေထဲတွင် ကြိုးနှင့် တစ်စုံတစ်ခုအား ဆွဲလာသည်ကို အဝေးမြင်ကွင်းဖြင့် လှမ်းမြင်လိုက်ကြရသဖြင့် တံငါသည် လှေသမားတွေ စိတ်ဝင်စားစွာ အကဲခတ်လှမ်းကြည့်နေမိကြသည်။

တံငါလှေကလေးတွေအနီးမှ မော်တော်ဘုတ်ကလေး ဖြတ်မောင်းသွားသောအခါ စူးရှန်ဟောင်သော အပုပ်နံ့ကြီးကြောင့် မောင်ငယ်နှင့် အောင်မောင်းတို့ပင် ပျို့အန်ချင်သလို ဖြစ်သွားကြသည်။

သေချာအောင်လှမ်း၍ ကြည့်လိုက်တော့ ပုပ်ပွနေသော လူသေ အလောင်းကြီးနှစ်လောင်းကို ရေထဲမှာပင် ကြိုးနှင့် ဆွဲယူလာသည်ကို မြင်ကြရသည်။

"ဟေ့ ... မုန်းချောင်းသားလှေတွေ ပါသလားဟေ့"

ရဲမော်တော်ဘုတ်ပေါ်မှ ရဲဝန်ထမ်းတစ်ယောက်က ပို[illegible] ဘက် လှမ်းကြည့်ပြီး အော်ဟစ်မေးမြန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပါ ... ပါတယ်ခင်ဗျ။ ဘာဖြစ်လို့လဲ"

ကိုမောင်မြင့်ကပင် နွတ်သွက်လျှာသွက်ဖြင့်ပင် ချက်ချင်းအဖြေ ပြန်၍ ပေးလိုက်ရသည်။

"ပါရင် ခင်ဗျားတို့လှေတွေ မုန်းချောင်းဘက်ကို ပြန်ဝင်ခဲ့။ ဒီမှာ ခင်ဗျားတို့ ရွာသားနှစ်ယောက်ရဲ့အလောင်း မုန်းချောင်းဝကမျောပြီး မန်း ချောင်းသောင်ပြင်မှာ လာတင်နေလို့ တိုက်နယ်ဆေးရုံကို သွားပို့ကြမလို့။ ခင်ဗျားတို့ရွာက တာဝန်ရှိတဲ့လူတစ်ယောက်ယောက်လိုက်လာမှ အဆင် ပြေမယ်"

ရဲမော်တော်ဘုတ်မှ လှမ်း၍ပြောပြီး မုန်းချောင်းဘက်သို့ ဆက် ခုတ်မောင်းသွားရာ ကိုမောင်မြင့်က သူ့လှေပေါ်မှချထားသော ပိုက်ကို ပြန်ရုပ်ပြီး ရဲမော်တော်ဘုတ်နောက်သို့ လိုက်သွားရန်ပြင်ဆင်သည်။

ဒါကို အောင်မောင်းက မဆီမဆိုင် ကိုမောင်မြင့် ကြားလောက် အောင် အသံခပ်အုပ်အုပ်နှင့် လှမ်းပြောသည်။

"သေတဲ့လူတွေက သေပြီးမှဗျာ၊ သူတို့အလုပ် သူတို့လုပ်တဲ့ဟာ ကိုယ့်အလုပ်အပျက်ခံပြီး ဘာလို့ လိုက်သွားမှာလဲ"

"မင်းကတော့ကွာ ... ဘယ်သူသေသေ ငတေမာရင် ပြီးရောဆို တဲ့ ကောင်စားမျိုး။ ခု သေတဲ့သူတွေက တို့ရွာသားထဲကကွ။ ပြီးတော့ မင်း တို့ငါတို့နဲ့ ဘဝတူရေလုပ်သား၊ တံငါသည်တွေပဲ မဟုတ်လား။ ဝိုင်းဝန်းပြီး တတ်နိုင်သလောက် လုပ်ကိုင်ဆောင်ရွက်ပေးဖို့ တာဝန်ရှိတယ်ကွ"

ကိုမောင်မြင့် အောင်မောင်းကို ပြန်ပြောပြီး သူ့လှေကို လှော်၍ ရဲမော်တော်ဘုတ်နောက်သို့ လိုက်သွားသည်။

ထိုအခိုက်အောင်မောင်းတို့လှေမှာ သိမ့်ခနဲ သိမ့်ခနဲ ဖြစ်သွား သဖြင့် အတွေ့အကြုံနည်းပါးသော မောင်ငယ်ပင်လျှင် ရင်ထိတ်ကာ မျက်လုံး ပြူးသွားလေသည်။

"ဟော့ ... အောင်မောင်း၊ တို့လှေ သိမ့်ခနဲ သိမ့်ခနဲ လှုပ်သွားတာ သတိထားလိုက်မိရဲ့လား"

"သတိထားလိုက်မိသားပဲ။ အဲဒါ ဘာဖြစ်လို့လဲကွ"

"မင်းပါးစပ်က ပြောချင်တာတွေ စွတ်ပြောနေတော့ မဟုတ်မဟာ တာတွေများ ဖြစ်တော့မလားလို့"





"ဘာမဟုတ်တာဖြစ်စရာတွေ ရှိလို့လဲကွ။ မင်းကိုက ရေထဲက ဆွဲသွားတဲ့ ဟိုပုပ်ပွနေတဲ့ အလောင်းနှစ်လောင်းကို မြင်ပြီး သွေးပျက်ချင် သလိုလို ဘာလိုလိုဖြစ်နေခဲ့တာကိုး။ မဟုတ်တာတွေ လျှောက်ပြီးတွေးမနေ နဲ့။ အဲဒါ တို့ပိုက်ထဲကို ငါးဝင်ပြီး ငြိနေတာကွ။ မိနေတဲ့ငါးက အကောင် ခပ်ကြီးကြီးမို့ ရုန်းတော့ လှေသိမ့်ခနဲ လှုပ်သွားတာကွ"

အောင်မောင်းစကားကြောင့် လောဘသားမောင်ငယ် စိတ်ပြောင်း သွားသည်။

"အေးကွ ... ဒီတစ်ခါမိရင် ငွေများများ ရလောက်အောင် အကောင်ကြီးထဲက ရမှဖြစ်မယ်။ မင်းနဲ့ ငါနဲ့ ကံတော်တော်စပ်တယ်ကွ။ သုံးလေးရက်ကြာရင် အကောင်ကြီးကြီးတစ်ကောင်ကောင် အမြဲတမ်း တိုး နေကြတာပဲ။ ဒီနည်းအတိုင်းဆိုရင် ဒီမိုးမှာပဲ မင်းရဲ့သေသွားတဲ့ နွားကြီး တန်ဖိုး ပြန်ရမှာ ကျိန်းသေနေပြီကွ"

စိတ်ချင်းသဘောချင်း ကိုက်ညီနေသော အောင်မောင်းနှင့် မောင် ငယ်တို့ သမီးယောက်ဖနှစ်ယောက်မှာ ငါးကြီးမိနေသော ပိုက်ကို ဖြည်းဖြည်း ချင်း ဆွဲတင်ကြသည်။

ပိုက်ရင်း၌ ငါးဆယ်သား အစိတ်သား ငါးတစ်ကောင်နှစ်ကောင် ပါ လာသည်ကိုပင် သိပ်ပြီး အလေးမထား။ ပိုက်ရင်းထဲက ငါးသေးသေးကို နောက်မှဖြုတ်ယူကြမည်ဟု တွေးပြီး ပိုက်ရင်းကိုဆွဲပြီး လှေဝမ်းခင်းအတွင်း ပုံချထားလိုက်ကာ မိနေသောငါးကြီးကို မျှော်လင့်ချက်ကြီးစွာနှင့် ဆွဲဖော် နေကြသည်။

ငါးကြီးက ပိုက်အလယ်ခေါင်လောက်ကို ဝင်တိုးမိခြင်းဖြစ်ပုံရသည်။ ပိုက်ဖော်နေစဉ် အလယ်သို့ရောက်ခါနီးလေ ပို၍ လေးလာလေဖြစ်သည်။

အတွေ့အကြုံရှိသော အောင်မောင်းက ပိုက်ဖော်နေစဉ် ရေပြင်ပေါ် အရောက်မိထားသော ငါးကြီးဆောင့်၍ ရုန်းထွက်လျှင် လွတ်ထွက်မသွား အောင် မြမြသွေးထားသော မိန်းသွားနှင့် ပစ်ထိုးရန် လက်တစ်ဖက်က ချိန် ရွယ်ထားသည်။

ပိုက်ဖော်ရင်းနှစ်ယောက်စလုံး အသက်ပင် ရဲရဲမျှ မရှူဝံ့ဘဲ ပိုက်ကို ဆွဲတင်နေစဉ် လှေဝမ်းဗိုက်နှင့် တစ်စုံတစ်ခု ထိတွေ့သကဲ့သို့ ကြား လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒုတ် ... ဒုတ် ... ဒုတ် ..."

မာကျောသော အရာကြီးတစ်ခုနှင့် ထိတွေ့သံဖြစ်ကာ ဆက်၍ ဆွဲတင်မိသောအခါ သူတို့ထင်ထားသလို ငါးကြီးမဟုတ်ဘဲ ရေမြုပ်သစ်ပင်အပိုင်းအပြတ်တစ်ခုကို ဘွားခနဲ တွေ့မြင်လိုက်ကြရသည်။

"ဟာ ... ငါးကြီးမဟုတ်ဘူးဟ"

"အရေးထဲကွာ ... သောက်ကျိုးနည်း၊ နင့်မေကလိန်းတဲ့မှပဲ"

မောင်ငယ်က အံ့အားသင့်ပြီး ရှုံ့ရှုံ့ရေရွတ်ပေမည့် အောင်မောင်းက စရိုက်ကြမ်းသူပီပီ အဆဲများပင် ပါလာတော့သည်။

သစ်ပင်အပိုင်းကြီးမှာ အတော်လည်း ကြီးပုံရသည်။ စောစောကရေထဲမှာ ပေါ့သယောင်ယောင် ထင်မှတ်ရသော်လည်း ရေပေါ်ရောက်သောအခါ သစ်စိမ်းတုံးကြီး ဖြစ်နေသည့်အပြင် သစ်မာအမျိုးအစားမို့ လေ့ကလေးသည်ပင်လျှင် သစ်တုံးကြီး၏ အလေးချိန်ကြောင့် တစ်ဖက်သို့စောင်းသွားကာ မှောက်လုလုဖြစ်သွားရသည်။

"ဖျစ် ... ဖျစ် ... ဖျစ် ..."

"ဖျစ် ... ဖျစ် ... ဖျစ် ..."

သစ်မာတုံးကြီး၏ အလေးချိန်နှင့် သစ်ကိုင်းဖြတ်များ၏ ထိုးထွက်မှုကြောင့် ပိုက်ကြီးပင် စုတ်ပြဲသံကြားရပြီး ပိုက်ကွက်များ ပြဲ၍ပြဲ၍ ထွက်လျက်ရှိ၏။

မောင်ငယ်က အဖိုးတန်ပိုက်ကြီးကို နှမြောပြီး ပြောသည်။

"ဒါတောင် တစ်ပိုင်းတစ်စပဲ ဒီသစ်တုံးကြီးက ပေါ်သေးတယ်။ အောက်ဘက်မှာ ပိုက်ကို ဘယ်လောက်ငြိနေသလဲ မသိဘူး။ ထပ်ဖော်ရင် သူ့ဝိတ်နဲ့လှေကို ဆွဲပြီး မှောက်သွားနိုင်တယ်"

"တောက် ... ဒီလောက်တောင်ရှိလှတာ ... ကဲဟာ ကဲဟာ"

"ဒုတ် ... ဒုတ် ... ဒုတ် ..."

အောင်မောင်းသည် လက်ထဲမှာ ကိုင်ထားသော လှံကို လွှတ်ပြီး ငှက်ကြီးတောင် ဓားကိုကောက်ယူကာ ပေါ်လာသော ပိုက်ကြီးကို လှီး၍ ခုတ်ချလိုက်သည်။





"ဟာ ... ဟေ့ကောင် ... အောင်မောင်း ဘာလုပ်တာလဲ"

"ပိုက်တောင်မှ ပြဲပြဲကျနေတာ မမြင်ဘူးလား ... မောင်ငယ်ရဲ့။ မင်းက ဆက်ဖော်နေရင် ဒီသစ်တုံးကြီး လှေပေါ်မရောက်ခင် လှေစောင်းပြီး မှောက်သွားလို့ နှစ်ယောက်စလုံး မသာပေါ်ကုန်လိမ့်မယ်။ ဒါကြောင့် ခုတ်ချရတာကွ"

အောင်မောင်းမှာ ရေလုပ်ငန်းအတွေ့အကြုံ မောင်ငယ့်ထက် ရှိနေ၍ မောင်ငယ် ဘာမျှဆက်မပြောဘဲ သစ်တုံးကြီးနှင့် ပိုက်တစ်ကွဲတစ်ပြားလွတ်ထွက်သွားမှ ပိုက်ကို ဆက်၍ဆွဲတင်ရတော့သည်။

သစ်တုံးကြီးမှာ သစ်မာသားဖြစ်၍ ရေပေါ်မပေါ်ဘဲ ရေအောက်မှသာ မျောပါနေခြင်း ဖြစ်ပုံရသည်။

အောင်မောင်းဓားနှင့် ခုတ်ချလိုက်သော ပိုက်အကြောင်းကို တွေးပြီး ရင်ပူသွားလေသည်။ ရေမြုပ်သစ်တုံးကြီးနှင့် ပြတ်၍ ပါသွားသောပိုက်မှာ တစ်ပိုင်းလောက်ရှိပြီး ကာလတန်ကြေးအားဖြင့် သိန်းနှင့်ချီပြီး ဆုံးရှုံးသွားရသည်မို့ နှမြောစိတ်တွေ ဝင်မိသည်။

ပြီးတော့ ရေမြုပ်သစ်မာတုံးကြီးတွေ၏ အန္တရာယ်ကိုတွေးပြီး ကျောချမ်းမိသည်။

"ဒီရေမြုပ် သစ်တုံးကြီးတွေဟာ တောင်ကျရေနဲ့အတူ တောင်စောင်းတွေပေါ်က လဲကျပြတ်ထွက်လာပြီး မြစ်ကြီးထဲမှာ ဟိုမျောဒီမျောဖြစ်နေတာ။ ဒီဟာကြီးမျိုးနဲ့ ဟိုပုပ်ပွနေတဲ့ လူနှစ်ယောက်ရဲ့ လှေတိုက်မိပြီး မှောက်သွားတာ ဖြစ်ရမယ်။ မှန်တိုင်းကျနေချိန်ဆိုတော့ သူတို့လှေသူ့ မထိန်းနိုင်ဘဲ အသက်စွန့်သွားရတာပဲ။ ဘုရား ... ဘုရား ... ငါတို့ တော်သေးလို့ပါလား"

ဟူ၍ တွေးမိပြီး စရိုက်ကြမ်းရှုတ်ကြမ်းသော သူ့ဖေယာက်ဖ အောင်မောင်းကို ဖွင့်ဟမပြောသာဘဲ နေလိုက်မိသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

အတိတ်နိမိတ်ရှိကောင်းသည်ထင့်

❑

အောင်မောင်းနှင့် မောင်ငယ်တို့လှေ သံကိုင်းနန်းတော်ကျွန်းဘက်သို့ ပြန်၍ လှော်ခတ်လာစဉ် အစ်ကိုကြီးဖြစ်သူ ကိုမောင်ကြီးတို့လှေကို လှမ်းမြင်လိုက်ကြရသည်။

ကိုမောင်ကြီးသည် အေးအေးဆေးဆေး အလုပ်လုပ်တတ်သူဖြစ်၍ သူများတွေ ပြန်ဝင်ချိန်ကျမှ လှေထွက်လာခဲ့ခြင်း ဖြစ်ပုံရသည်။

လှေဦးမှာ ကိုမောင်ကြီးဇနီး မအေးခင် လှေဦးစီးအဖြစ် လှော်ခတ်လာလေသည်။

"ဟာ ... အစ်ကိုကြီးတို့ပါလား၊ နေဝင်တော့မယ်။ ခုမှ ငါးဖမ်းထွက်ကြမလို့လား"

မောင်ငယ်က သူတို့လှေဦးမှနေ၍ လှမ်းအော်နှုတ်ဆက်လိုက်သဖြင့် ကိုမောင်ကြီးကလည်း တုံ့ပြန်နှုတ်ဆက်လိုက်သည်။

"ညဘက်ပိုက်ချတော့ လူရှင်းပြီး အေးအေးလူလူ ရှိတာပေါ့ကွာ။ မင်းတို့ကော ဒီနေ့ အခြေအနေဘယ်လိုလဲဟေ့"

"မပြောချင်ပါဘူး ... အစ်ကိုကြီးရယ်၊ ဒီနေ့တစ်နေ့လုံး မင်္ဂလာမရှိပါဘူးဗျာ။ ဟို ... အနိဋ္ဌာရုံ အလောင်းကြီးနှစ်လောင်းကို မြင်ပြီးကတည်းက ပိုက်နဲ့ ရေမြုပ်သစ်တုံးငြိပြီး ပိုက်တစ်ခြမ်းဆုံးပြီး ပြန်လာခဲ့ကြရတယ်"

"ဘယ်က အလောင်းနှစ်လောင်းလဲကွ"





"ဟိုတစ်နေ့က မုန်တိုင်းကျတုန်းက မုန်းချောင်းဝမှာ လှေမှောက်ပြီး ပျောက်သွားတယ်ဆိုတဲ့ လူနှစ်ယောက်ရဲ့ အလောင်းလေ။ ပုပ်ပွပြီး မုန်းချောင်းဝသောင်ခုံမှာ သွားပြီးပေါ်နေလို့ ရဲမော်တော်ဘုတ်နဲ့ ဆွဲလာပြီး တိုက်နယ်ဆေးရုံကို ပို့ဖို့အသွား မုန်းချောင်းဝနားမှာတင် ကျွန်တော်တို့လှေနဲ့ ဆုံလိုက်ရတာကိုး။ နိမိတ်ကိုက မကောင်းပါဘူး ... အစ်ကိုကြီးရာ"

"အို ... ဘုရား ... ဘုရား ..."

မောင်ငယ့်စကားကြောင့် မိန်းမသားဖြစ်သော ကိုမောင်ကြီးမိန်းမ မအေးခင်က ကြောက်ရွံ့ထိတ်လန့်စိတ်ဝင်ပြီး ဘုရားတလိုက်သည်ကို ကိုမောင်ကြီး ကြားသွားသည်။

ကိုမောင်ကြီးသည် သူ့မိန်းမ ကြောက်လန့်သွားသည့်အတွက် သနားညှာတာစိတ်ဖြင့် လှေကို ရောဝတီမြစ်လယ်ဘက် ဦးတည်လှော်နေရာက နောက်သို့ ပြန်လှည့်စေရန် ပဲ့ကိုင်လိုက်သည်။

လှေတို့၊ သမ္ဗန်တို့၊ သဘောတို့မှာ ပဲ့သည် အခရာမို့ သူတို့လှေလေးသည် သူတို့ထွက်လာရာ သံကိုင်းနန်းတော်ကျွန်းရွာဘက်သို့ ဦးလည်သွား၏။

"အို ... ဘာဖြစ်လို့ ရွာဘက်ကို လှေကို ပြန်လှည့်ရတာလဲ"

"မင်း ကြောက်နေမှာ စိုးရိမ်လို့ပါကွာ"

"ကျုပ် နည်းနည်းတော့ ကြောက်မိတာပေါ့ရှင်။ ဒါပေမဲ့ ကျုပ်မှာ တရားရှိပါတယ်ရှင့်။ ဒီလောက်လည်း မဟုတ်ရပါဘူး"

"ဘာပဲဖြစ်ဖြစ်ကွာ ဒီနေ့ ပိုက်မချဘဲ နောက်နေ့မှ ချကြတာပေါ့။ ပြီး ပိုက်ချတဲ့ရက် ပိုက်ဦးမှာ အတိတ်ကောင်းနိမိတ်ကောင်းရှိမှ ကောင်းပါတယ် ... အေးခင်ရယ်"

မအေးခင်မှာ သူ့ယောက်ျား ကိုမောင်ကြီးအကြောင်း သိထားသူမို့ ဘာမျှပြန်မပြောတော့ဘဲ ရွာဘက်သို့ လှေကို ပြန်၍ လှော်ခဲ့ရတော့သည်။

သူတို့ရှေ့မှ မောင်ငယ်နှင့် အောင်မောင်းတို့လှေ ရွာသောင်စပ် သို့ ဆိုက်ကပ်နေလေပြီ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# | ၂၉ |

❑

ကိုမောင်ကြီး၏သမီး ရွှေနာဂီနှင့်သား မောင်ဘိုးသီတို့ကျောင်းမှ ပြန်လာစဉ် ခြံဝိုင်းထဲမှာ မိဘတွေ ကိုယ့်အလုပ်နှင့်ကိုယ် အလုပ်ရှုပ်နေကြချိန်ဖြစ်သည်။

အောင်မောင်းနှင့် မိမိလေးတို့က စုတ်ပြဲသွားသော သူတို့ပိုက်ကို ဆက်စပ်ဖာထေးနေကြသည်။ မောင်ငယ်နှင့်အေးတင်တို့ကလည်း သူတို့ပိုင် ပိုက်ကို ပြင်ဆင်နေကြသည်။

အောင်မောင်း၊ မိမိလေးတို့၏ သားငယ်ရွှေထွန်းနှင့် မောင်ငယ် အေးတင်တို့၏သားငယ် ဘိုးညီတို့မှာ ဖအေနှစ်ယောက်တွဲလက်ညီသလို သားနှစ်ယောက် အတွဲညီကြသည်။ ရွှေထွန်းနှင့်ဘိုးညီတို့က ပထမတန်းကျောင်းသားများဖြစ်ပြီး ရွှေနာဂီနှင့် မောင်ဘိုးသီတို့မှာ စတုတ္ထတန်းကျောင်းသားများ ဖြစ်ကြသည်။

အေးခင်က စောစောကျောင်းက ပြန်လာသော သားနှင့်သမီးကို ကြည့်ပြီး လှမ်းမေးသည်။

"ဒီနေ့ ကျောင်းလွှတ်တာ စောလှချည့်လား။ နေ့လယ်ထမင်းစားပြန်ချိန်ကြီး လွယ်အိတ်တွေ ဘာတွေနဲ့ ကျောင်းက အပြီးပြန်လွှတ်လိုက်တာလား"

"မနက်ဖြန် ဝါဆိုလပြည့်နေ့လေ ... အမေရဲ့။ ဝါဆိုသင်္ကန်းကပ်ဖို့ ကျောင်းမှာ ပြင်ဆင်စရာရှိတာမို့ ကျောင်းစောစောပြန်လွှတ်လိုက်တာ"





ပြောရင်းက မောင်ဘိုးသီမှာ တောင်ကြည့်မြောက်ကြည့် ကြည့်သည်။ သူ့အဖေ ကိုမောင်ကြီးကိုမတွေ့သဖြင့် မအေကို လှမ်းမေးသည်။

"အမေ ... အဖေကော"

"နင်တို့အဖေလည်း မနက်ဖြန် ဝါဆိုလပြည့်နေ့ ဘုန်းကြီးကျောင်းမှာ ဆွမ်းကပ်ဖို့ သွားပြီး ချက်ပြုတ်နေတယ်သားရဲ့"

သားသမီးတွေကို လှမ်းပြောပြီး မအေးခင် ထိုးလက်စပိုက်ကို ဆက်၍ ထိုးနေလိုက်သည်။

စိုက်ပျိုးရေးမှာ ခုလို ကျွန်းသောင်များ ရေမြုပ်ချိန်၌ မအေးခင်သည် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရအောင် ပိုက်ထိုးရသည်။ ပိုက်တစ်ဖုံပြည့်လျှင် ရေလုပ်သားတံငါများကို ရောင်းနိုင်သည်။ တစ်ဖုံကို သုံးသောင်းသောက်ရသည်။ တစ်ဖုံရအောင် ထိုးရသည်မှာလည်း မသက်သာ။ တစ်လသောက် ထိုးယူရသည်။

ပိုက်ထိုးရန် နိုင်လွန်ချည်ဈေးနှုတ်လျှင် ကိုယ့်အတွက် နှစ်သောင်းသောက်ပဲ ကျန်သည်။ နိုင်လွန်ချည်ကို ပွင့်ဖြူဈေးကြီးမှာ သွား၍ ဝယ်ရသည်။

ရွှေနာဂီနှင့် မောင်ဘိုးသီတို့ မောင်နှမနှစ်ယောက် လွယ်အိတ်များ စားပြီးသည်နှင့် အိမ်ဘက်မှ အသာထွက်၍ လာခဲ့ကြသည်။

"ဟိုနေ့က အမေ ထမင်းစားခေါ်တာနဲ့ အဘိုးလေးဆီက မုန်း ချောင်းမန်းချောင်းထဲကို ဝါတွင်းဥပုသ်စောင့်လာတဲ့ ငါးကြီးတွေအကြောင်း သိလိုက်ရဘူး ... မမရဲ့"

"ဟုတ်တယ် ... မောင်လေး။ မမလည်း အဲဒီငါးကြီးတွေအကြောင်း သိချင်လို့ အဘိုးလေးအိမ်ဘက်ကို လာလာကြည့်တာ။ အဘိုးလေးက ဘုန်းကြီးကျောင်းပဲ သွားသွားနေလို့ မတွေ့ရဘူး"

"အံမယ် ... မမက ကျွန်တော့်ထက်တောင် ဝီရိယကောင်းနေသား"

"သိချင်တာကိုး ... မောင်လေးရဲ့။ အဘိုးလေးက မမတို့ကို စိတ်ညစ်စရာနဲ့ ပြောပြတတ်တာကိုး"

မောင်နှမနှစ်ယောက် အဘိုးလေး ဦးဘိုးဒန်အိမ်ဘက်သို့ ရောက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးလေး ဦးဘိုးဒန်၏မိန်းမ အဘွားလေးဒေါ်အေးမှုံ အိမ်ရှေ့ ကပြင်တွင် မြေပဲခွံ့ခွာနေသည်ကိုသာ တွေ့မြင်ကြရပြီး သူတို့ အဘိုးလေး ဦးဘိုးဒန်ကို မမြင်ကြရ။

"ဟဲ့ . . . မောင်ကြီးရဲ့ သမီးနဲ့သားလေးတွေပါလား။ ဘာလဲ၊ ဒီ တစ်ခါလည်း နင်တို့ အဘိုးလေးကိုပဲ လာချောင်းကြတာပေါ့လေ"

"ဟုတ်ကဲ့ . . . အဘွားလေး၊ အဘိုးလေး မရှိပြန်ဘူးလား"

"မရှိဘူးကွယ့်"

"ဘာလဲ ဘုန်းကြီးကျောင်းကို ထွက်သွားပြန်ပြီလား"

"ဘုန်းကြီးကျောင်းမှာ မဟုတ်ဘူး။ ခုသွားတာက ရွာလယ် မမ္ဘာရုံကိုကွယ့်။ ဝါတွင်းမှာ မိုးကုတ်ဝိပဿနာ စခန်းဖွင့်နိုင်ဖို့ ရပ်မိရပ်ဖ ညှိနှိုင်းဆွေးနွေးဖို့ သွားလေရဲ့"

မောင်ဘိုးသီတို့မှာ တွေ့ချင်နေသော အဘိုးလေးဦးဘိုးဒန်နှင့် မတွေ့ လိုက်ရဘဲ အဘွားလေးဒေါ်အေးမှုံနှင့်သာ တွေ့လိုက်ရ၍ မချင့်မရဲဖြစ်ပြီး အိမ်ဘက် ပြန်လာခဲ့ကြရသည်။

သူတို့အိမ်ဘက်သို့ ပြန်လှည့်အလာ ဦးလေး ကိုမောင်ငယ်နှင့် ဦးလေးအောင်မောင်းတို့ ငါးဖမ်းထွက်ရန် ပြင်ဆင်ပြီးဖြစ်နေကြလေပြီ။

"အောင်မောင်းရာ . . . မင်း ပိုက်ဖာလို့ မပြီးသေးလည်း ငါ့ပိုက် နဲ့ဆင်းရင်လည်း အဆင်ပြေနေတာပဲမဟုတ်လား။ ငါ့ပိုက်က ပိုက်စိပ်ဆိုတော့ ငါးသေးတွေ ပုစွန်တုပ်တွေပါ မိနိုင်သေးတယ်"

"ငါက ငါးကြီးလိုချင်တာကွ။ ငါးကြီးရမှ မြိုးမြိုးမြက်မြက် ဝင်ငွေ ရမှာ။ အေးလေ . . . ဘာပဲဖြစ်ဖြစ် ဒီနေ့ အဖိတ်နေ့။ မနက်ဖြန် ဝါဆိုလပြည့် ဆိုတော့ ဧရာဝတီထဲမှာ ပိုက်ချတဲ့လူတွေနည်းနေမှာ အမှန်ပဲ။ အဲဒီ့ အတွက် အကွက်ကောင်းပဲ။ တို့ဆုံးရှုံးသွားခဲ့တာတွေရင်း စားပြန်ရအောင် ဒီရက်တွေမှာ တို့ကြိုးစားပြီး အလုပ်လုပ်ကြတာပေါ့ကွာ"

ဦးလေးမောင်ငယ်နှင့် ဦးလေးအောင်မောင်းတို့ ပိုက်တင်ဝါးထမ်း ကြီးကို ရှေ့တစ်ယောက်နောက်တစ်ယောက်မပြီး ရေစပ်မှာ ကြိုးချည်ထား သော လှေဆီသို့ ဆင်းသွားကြသည်ကို မောင်ဘိုးသီတို့ မောင်နှမနှစ်ယောက် လှမ်းမြင်လိုက်ကြရသည်။

✿ ✿ ✿



❑

ညသည် တိမ်ဖုံးတစ်လှည့် လသာတစ်လှည့်ဖြစ်နေ၏။

မိုးကာရွာတော့မလို၊ မရွာဘဲနေမလို အစိုးမရဖြစ်နေသည်။

သို့သော် သူတို့ကား မိုးတော်တော်နှင့် ရွာလိမ့်မည်မဟုတ်ဟု ရာသီ ဥတုကို ခန့်မှန်းတွက်ချက်ကြသည်။ မိုးဦးတုန်းက ကောင်းထား၍ မိုးလယ် ကာလမှာ မိုးခါးပြတ်သွားသည့် အရိပ်အယောင်ဟု တွက်ဆကြသည်။

အညာ၏ထုံးစံအတိုင်း တိမ်ရိပ်တိမ်လိပ်တွေ ဟိုမှသည်မှ ဆင်နေ ခြင်းဖြစ်၏။ ဆင်နေသော တိမ်ရိပ်တိမ်လိပ်တွေ လေပြင်းပြင်းတိုက်လိုက် သည်နှင့် လွင့်ထွက်သွားပြီး ဝါဆိုလပြည့်ကျော်သုံးရက် လဆုတ်ရက်လ မှာ ရွှန်းရွှန်းပပ သာစေနေပြန်ပါသည်။

လရောင်သည် ဧရာဝတီမြစ်ပြင်ပေါ်တွင် ပိုက်ချ၍ မျှောနေသော ကိုမောင်ကြီးနှင့် အေးခင်တို့၏ လှေကလေးပေါ် ပက်ဖျန်းလျက်ရှိ၏။

အေးခင်က လှေဦးမှာ လှေဦးစီးအဖြစ် လှော်ပြီး ကိုမောင်ကြီးက လှေပဲ့တွင် ပဲ့ကိုင်အဖြစ် ပိုက်ချ၍ ပါလာသည်။ အမှန်တော့ လှေပဲ့ကိုင်သည် အခရာဖြစ်၏။ လှေကြီး၍ လူများများနှင့် လှော်ရပြီဆိုလျှင် ပဲ့ကိုင်သူကို လှေသူကြီးဟု ခေါ်ကြသည်။

ဧရာဝတီမြစ်ရေကို ကန့်လန့်ဖြတ်၍ ပိုက်တားရသဖြင့် လှေကို လည်း တစောင်းကန့်လန့် အလိုက်သင့်ခံထားပေးရသည်။ မြစ်ပြင်မှာ ရေစီး နှင့် ကန့်လန့်မျှောပေးထားရခြင်းဖြစ်၏။

လှေကလေး မြစ်ရေစီးကြောင်းမှာ ကန့်လန့်မျှောနေသည်ကို တွေး ပြီး တရားနှင့်မဝေးသော ကိုမောင်ကြီး သူတို့ဘဝတွေနှင့်ယှဉ်လျက် အရေး နှယ်ချဲ့နေမိ၏။

ဝါတွင်းကာလ သူများတွေ တရားစခန်း ဝင်နေသောအချိန်မှာ သူတို့တစ်တွေမှာ တရားစခန်းမဝင်နိုင်သောဘဝ။



www.burmeseclassic.com

www.burmeseclassic.com



သားရေး၊ သမီးရေး၊ အိမ်ထောင်ရေး ဝန်တာက များလှပေသည်။ သမီးကြီး ရွှေနာဂီကို မြန်မာဗုဒ္ဓဘာသာတို့ ဓလေ့ထုံးစံအရ နားထွင်းမင်္ဂလာ မပြုလုပ်ရသေး။ သားလေးမောင်းဘိုးသီကို ရှင်ပြုမင်္ဂလာအဖြစ် ကိုရင်ဝတ် မပေးနိုင်သေး။

ထိုမင်္ဂလာနှစ်ခုစလုံးကို ဒီနှစ်ထဲမှာ ပြုလုပ်ပေးဖို့ စိစဉ်ထားကြသည်။ ယင်းကြောင့် စီးပွားပိုရှာရမည့်နှစ်ဖြစ်သည်။ အိမ်မှာ စုမိဆောင်းမိထားရှိသော ငွေကြေးကို အခြားအကြောင်းတစ်စုံတစ်ခုကြောင့် ယုတ်လျော့ခံ၍ မဖြစ်။

အခြေအနေကို နားလည်သော သူ့ဇနီး မအေးခင်သည် သူနှင့်အတူ ဒိုးတူပေါင်ဖက် စီးပွားရှာရန် လှေဦးတွင် မိန်းမသားတန်မဲ့ လိုက်ပါလာခဲ့ရခြင်းဖြစ်၏။

ရောဝတီမြစ်ဝှမ်းသားတွေဖြစ်၍ ကုန်းပေါ်မှာ စီးပွားရှာသလို ရေထဲမှာလည်း စီးပွားရှာနိုင်ရန် ပိုက်နှင့်လှေကို အဆင်သင့်ထားရှိကြရသည်။

သူကိုယ်တိုင်ပင်လျှင် နေ့ဘက် ကိုင်းအလုပ်လုပ်ပြီး ညဘက်တွင် ပိုက်ချနေရသည်။

လှေကလေးမှာ ရောဝတီရေစီးကြောင်းမှာ တငြိမ့်ငြိမ့် မျောပါလျက်ရှိသည်။

ဇနီးဖြစ်သူမှာ လှေဦးတွင် လှေဦးဖုံးကို ကျောမှီလျက် မျက်တောင်ကလေးစင်း၍ မေးငိုက်နေသည်မှာ အိပ်ပျော်နေပြီလားဟု ထင်မှတ်ရသည်။

သည်လိုပါပဲ။ သူတို့လှေသမား၊ ကိုင်းသမားတွေ လှေကို ရေထဲလျှောထားရင်း တစ်ရေးတစ်မော အိပ်တတ်သည့်အကျင့်ကို ရနေတတ်သည်။

သူ့ဇနီးကိုလှမ်းကြည့်ရင်း သူ့ပါ မျက်ခွံတွေ လေးလာသည်။ လှေကလေးက ရောဝတီရေစီးမှာ ကန့်လန့်ဖြတ်၍ မျောနေတုန်း။

နှာခေါင်းထဲတွင် ပထမ ငါးညှီနံ့လိုလို၊ အသားစိမ်းနံ့လိုလို အ လိုလို ရလိုက်သည်။ နောက်တော့ မွှေးကြိုင်နေသည့် ရနံ့မျိုးကို ရလိုက်ပြန်သည်။





တစ်သက်နှင့်တစ်ကိုယ် တစ်ခါဖူးမျှ မကြုံဖူးသည့် မွှေးရနံ့မျိုးဖြစ်၏။

လှေမှာ သိမ့်ခနဲဖြစ်သွားသည်။

ကိုမောင်ကြီး၏ လှေပေါ်သို့ ခန္ဓာကိုယ် ထွားထွားကျိုင်းကျိုင်း၊ အကျည်းတန် အရုပ်ဆိုးဆိုးနှင့် ကြောက်လန့်ချောက်ချားဖွယ်ရာ ဘီလူးကြီးတစ်ကောင် ရောက်လာသည်။

ကိုမောင်ကြီး၏ ရုတ်တရက် ကြောက်လန့်သွားသည့်အဖြစ်ကို မြင်ပြီး ဘီလူးကြီးက မကြောက်လန့်ရန် လက်ကာပြသည်။

"ငါ့ကို မကြောက်မလန့်ပါနဲ့ ... မောင်ရင်လေး။ ငါဟာ ရုပ်အမြင်အားဖြင့် ကြောက်စရာဖြစ်နေပေမဲ့ စိတ်အသွင်အားဖြင့် ကြောက်စရာ မရှိတော့ပါဘူးကွယ့်"

ဘီလူးကြီး၏လက်ထဲတွင် လက်နက်ဟူ၍ တစ်စုံတစ်ရာပါမလာဘဲ ညာဘက်လက်တွင် စိပ်ပုတီးကြီးတစ်ကုံး ပတ်ထားသည်ကို သတိပြုလိုက်မိသည်။

"ငါဟာ မာလာဒီပကျွန်းကနေ စန္ဒကူးကျောင်းတော်ရာကို လာရောက်ဖူးမြော်တဲ့ ဘီလူးမျိုးနွယ်ဆက်ဖြစ်လို့ မူလသဏ္ဌာန်ကို ဖန်ဆင်းလိုက်တဲ့အခါမှာ မင်းတို့လို လူယောင်မဖန်ဆင်းနိုင်ဘဲ ဘီလူးအသွင်ပဲ ဖန်ဆင်းနိုင်ပါတယ်"

"မာလာဒီပကျွန်း ... ဟုတ်လား"

"ဟုတ်တယ်ကွယ့်။ သမုဒ္ဒရာအတွင်းမှာရှိတဲ့ စန္ဒကူးနံ့သာနိုင်တွေ ဆိုက်ရောက်တဲ့ မာလာဒီပကျွန်းကပဲ။ မြတ်စွာဘုရားရှင်တော် လက်ထက်က ပုဏ္ဏသူကြွယ် လှေသင်္ဘောတွေနဲ့ ရွက်လွှင့်လာရင်း စန္ဒကူးနိုင်တွေကို ငါတို့ရဲ့ မာလာဒီပကျွန်းပေါ်မှာ တွေ့ရှိပြီး ခုတ်သယ်သွားတဲ့အချိန်မှာ မင်းတို့သုနာပရန္တတိုင်း ဝါဏိဇဂါမကို သယ်မသွားနိုင်အောင် သမုဒ္ဒရာထဲမှာ လိုက်နှောင့်ယှက်ခဲ့တဲ့ မာလာဒီပကျွန်းသား ဘီလူးမျိုးနွယ်ဆက်တွေ အဆက်ပဲ"

"ဒါဆို ... ကျွန်တော့်လှေပေါ်ကို အသင်ဘီလူးကြီး ရောက်လာတာ ဘာကြောင့်တုံးဗျာ။ ကျွန်တော့်လှေပေါ်မှာ အသင်ဘီလူးတို့ရဲ့ စားစရာ

www.burmeseclassic.com



ဒီပကျွန်းက စန္ဒကူးနံ့သာနီသစ်မွှေးတွေ မပြောနဲ့ နံ့သာဖြူ၊ နံ့သာနီတုံး တစ်တုံးတောင် ပါမလာခဲ့ပါဘူးဗျာ''

''အေးပါကွယ် . . . အဲဒါကို ငါသိပါတယ်။ ခု မင်းလှေပေါ်ကို ငါ ရောက်လာတာက အကြောင်းရှိလို့ပါ။ အကြောင်းကလည်း အဲ့ဒီစန္ဒကူး နံ့သာနီနဲ့ ဆက်စပ်နေပါတယ်။ ငါတို့ ဘီလူးမျိုးနွယ်ဝင်တွေက တို့ပိုင်နက် ကျွန်းပေါ်ကနေ ကျူးကျူးကျော်ကျော်လာပြီး ခုတ်ယူသွားတဲ့ ရှူငသူကြွယ် နဲ့ အပေါင်းပါကုန်သည်တွေကို ပင်လယ်သမုဒ္ဒရာအလယ်ခေါင်မှာ ခြောက် လှန့်ပြီး မုန်တိုင်းဆင်သတ်ဖြတ်ဖို့ကြံစည်တိုင်း ရှူငသူကြွယ်က သူ့အမိဒ္ဓာန် နဲ့သူ နောင်တော်မဟာပုဏ္ဏမထေရ်ကို ပင့်လျှောက်လို့ အရှင်မဟာပုဏ္ဏ မထေရ်ရောက်လာတာကြောင့် အခြောက်အလှန့်ကို ရုပ်သိမ်း၊ မုန်တိုင်းကို ငြိမ်းစဲစေပြီး ထွက်ပြေးခဲ့ကြရတယ်''

''ဒါပေမဲ့ တို့ဘီလူးတွေရဲ့အဖြစ်က အဲဒီမှာတင် မပြီးသေးပါဘူး။ ဘုရားရှင်နဲ့ ရဟန္တာအရှင်မြတ်တွေအတွက် ရည်စူးပြီး ယူဆောင်လာတာကို အနှောင့်အယှက်ပေးသူတွေဖြစ်ခဲ့လို့ ဘီလူးဘဝကနေ သေဆုံးတဲ့ကာလ မှာ ငါးတွေဖြစ်ပြီး ဝဋ်ခံကြရတယ်။ သူတော်ကောင်းတွေကို သမုဒ္ဒရာရေပြင် မှာ နစ်သတ်ဖို့ကြံစည်ခဲ့လို့ ငါတို့ဘီလူးတွေလည်း ရေထဲမှာနေရတဲ့ ငါးတွေ၊ ငါးတန်၊ ငါးမြင်းမျိုးဝင် ငါးကြီးတွေဘဝကို ရောက်လာခဲ့ရတယ်။

''ဒါကြောင့် အသိတရားရပြီး တို့များရောက်ရှိနေရာ အရပ်ပေါင်းစုံ ကနေ ဝါဝင်ချိန်ကျရင် မုန်းချောင်းနဲ့ မုန်းချောင်းတစ်ဝိုက် အရောက်လာကြ ပြီး ငါးဘဝကနေ ကျွတ်တမ်းဝင်ရအောင် စန္ဒကူးကျောင်းတော်ရာဘုရား နဲ့ ဒီမြစ်ဝှမ်းတစ်ဝိုက်က ဘုရားတွေကို ဦးခိုက်ပြီး ဝါတွင်းကာလတွေမှာ သီတင်းသီလ ဆောက်တည်ကြရတယ်ကွယ့်''

ဘီလူးကြီး၏စကားကြောင့် ကိုမောင်ကြီး ဘီလူးကြီးအား ကြောက် လန့်စရာသတ္တဝါကြီးအစား သနားစရာငါးထွေကြီးအဖြစ် ပြောင်း၍ မြင်နေ ရပြန်သည်။

''ဒါဆို မန်းစက်တော်ရာဖူးဖို့ မန်းချောင်းထဲကို အသင်တို့လို ဝါတွင်း မှာ ဝင်လာကြတဲ့ ငါးတန်ကြီးတွေကကော မာလာဒီပကျွန်းက ဘီလူးမျိုး နွယ်တွေထဲကတော့ မဟုတ်ကြပါဘူး''





''သူတို့လည်း တို့လို ဝဋ်ကြွေးဆပ်နေကြရတာပါပဲ၊ သူတို့ကတော့ တို့လို မာလာဒီပကျွန်းက ဘီလူးမျိုးနွယ်မဟုတ်ဘူး။ ဟိုး . . . အနောက် မြောက်ဘက်အစွန်းပြင်ခရိုင် ဟိုင်းကြီးဒေသတစ်ဝိုက်က ခက်ထန် ကြမ်းကြုတ်တဲ့ လူကြမ်းလူရိုင်းတွေပါပဲ။ မကုဋတောင်၊ သစ္စဗန္ဓတောင်လို့ ခေါ်တဲ့ ခုရွှေစက်တော်ဘုရားတစ်ဝိုက်မှာ မုဆိုးကြီးဘဝကနေ ရဟန္တာဖြစ် သွားတဲ့ သစ္စဗန္ဓ ရသေ့ရဟန္တာကြီးနဲ့ ပတ်သက်ဆက်နွယ်နေတယ်''

''ဘယ်လိုများ ပတ်သက်ဆက်နွယ်နေပါသလဲ ခင်ဗျား''

''ဂေါတမဘုရားရှင်ထံတော်မှာ စက်တော်ရာ အလှူခံခဲ့တဲ့ သစ္စဗန္ဓရ ဟန္တာကြီးက အဲဒီ မုဆိုးဘဝ၊ ရသေ့ဘဝ၊ ရဟန္တာဘဝ မရောက်ခင်မှာ သူတို့ ဒေသမှာ သွားပြီး၊ နွားလားဥဿဘကြီး ဖြစ်ခဲ့ဖူးတယ်။ အဲဒီဒေသတလူတွေ နွားလားဥဿဘကြီးကို နှိပ်စက်သတ်ဖြတ်ပစ်ခဲ့လို့ သူတို့မှာ ဝဋ်ကြွေးဆင့် ပြီး နွားလားဥဿဘကြီး မကုဋတောင်မှာ မုဆိုး ကြီးသွားဖြစ်တော့ သူတို့ လည်း သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်၊ ဝံ၊ မျောက်၊ သတ္တဝါတွေ ဖြစ်ခဲ့ ပြန်တယ်''

''အဲ့ဒီအခါကျပြန်တော့လည်း မုဆိုးကြီးရဲ့လေးမြားချက်နဲ့ ဥပစ္ဆေဒက ထံထိုက်ပြီး သေခဲ့တာတောင် ကျွတ်တန်းမဝင်သေးဘဲ ငါးတန်မျိုးရင်းဝင် တွေ သွားဖြစ်နေရာက ဟိုလိုပဲ ဝဋ်ကြွေးပြေပြီး ဘဝကူးကောင်းအောင် ဝါတွင်းကာလတွေမှာ မန်းချောင်းထဲကို သူတို့ ကျင်လည်ကျက်စားရာအရပ် ကနေ ရောက်လာပြီး ဥပုသ်သီတင်း ဆောက်တည်ကြရတယ်ကွယ့်''

''ဒါဆို ဒီငါးကြီးတွေဘဝမှာ ကောင်းမှုကုသိုလ်တွေနဲ့ ဥပုသ် သီတင်းဆောက်တည်ပြီး ကျွတ်တန်းဝင်အောင် ကျင့်ကြံနေတဲ့ သူတော် ကောင်းငါးကြီးတွေပေါ့နော်''

''အေးကွယ် . . . အဲဒါ အမှန်ပါပဲ။ ခုလည်း ငါ ကျောင်းတော်ရာ ဘုရားမှာ ဝါတွင်း ဥပုသ်သီတင်းသီလဆောက်တည်ဖို့ ရောက်ရာအရပ်က လာ၊ ငါးဖမ်းပိုက်တွေ၊ ငါးမျှားချိတ်တွေကို ရှောင်ရင်း မုန်းချောင်းထဲကို ဝင်နောက်ကျသွားတယ်ကွယ်။ ဒါကြောင့် ခုလို ဝါဆိုလပြည့်ကျော်မှာ ဧရာဝတီမြစ်ထဲပိုက်ချနေတဲ့ မင်းတို့ပိုက်ထဲမှာ ဝင်ပြီး အပိခံနေရတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ကျွန်တော်တို့ပိုက်ထဲမှာ မိနေပြီ . . . ဟုတ်လား"

"ငါ့ကံကလည်း ခေသကိုးကွယ့်။ မင်းပိုက်ထဲမှာ အမိခံနေရလို့ မင်းစီမံရာကို ခံရတော့မှာပါပဲ။ မင်း အသေသတ်ရင်လည်း သေရမဲ့ဘဝ မျိုးပါ။ ဒါပေမဲ့ ဒီတစ်ဝါတွင်းတော့ ငါ ငါးဘဝကမသေခင် ဥပုသ်သီတင်း လေးရသလောက်တော့ စောင့်ချင်တယ်။ ငါ့ကို ကျောင်းတော်ရာဘုရားဖူးပြီး ဥပုသ်သီတင်းစောင့်ရအောင် မင်းပိုက်ထဲက လွှတ်ပေးပါ။ ငါ ဥပုသ်သီတင်း စောင့်ပါရစေ။ ဝါကျွတ်ချိန်ရောက်ရင် မုန်းချောင်းထဲက ပြန်ထွက်လာပြီး မင်းရဲ့ပိုက်မှာ ပြန်အမိခံမယ်လို့ ကတိပြုပါတယ်ကွာ။ အခုတော့ ငါ့ကို လွှတ်ပေးဖို့ တောင်းပန်ပါတယ်"

ဘီလူးကြီးက ပြောပြီး လှေပေါ်မှနေ၍ ရေထဲသို့ ခုန်ဆင်းသွား လေသည်။

"ဗွမ်း . . ."

"ဗွမ်း . . ."

ရေထဲမှ ငါးကြီးအမြီးခတ်သံနှင့် ရေစက်ရေမွှားတွေ လှေပေါ်ရှိလူ တွေကို စဉ်ကုန်သဖြင့် လှေပေါ်မှ ကိုမောင်ကြီးပဲ့ကိုင်ထားရင်း အိပ်ပျော် သွားသလို ဖြစ်နေရာက လန့်၍ နိုးသွားသည်။

ကိုမောင်ကြီးကဲ့သို့ပင် ကိုမောင်ကြီးမိန်းမ မအေးခင်မှာလည်း လှေဦး တွင် အိပ်၍ မပျော့တပျော်ဖြစ်နေရာမှ လန့်နိုးပြီး သတိဝင်လာသည်။

ရေထဲက ပိုက်ထဲမှာ မိနေသောငါးကြီးမှာ ပိုက်နှင့် လုံးထွေးပြီး ရေပြင်ပေါ် မရောက်တရောက် အနေအထားဖြင့် လူးလွန့်လျက်ရှိသည်ကို ကိုမောင်ကြီးနှင့် မအေးခင်တို့ တွေ့လိုက်ကြရပြီး အံ့အားသင့်နေကြသည်။

လှေဦးမှ မအေးခင်သည် သူ့ယောက်ျား ကိုမောင်ကြီးအား ထူး ထူးခြားခြားစကားကို လှမ်း၍ ပြောလိုက်သည်။

"အခု ကျွန်မတို့ပိုက်ထဲမှာ မိနေတဲ့ငါးကြီးကို လွှတ်ပေးလိုက်ပါ ကိုမောင်ကြီးရယ်၊ သူ့ခမျာ သနားပါတယ်"

"ဟင် . . . ငါးကြီးကို သနားတယ်၊ ဟုတ်လား"

ကိုမောင်ကြီး သူ့ဇနီး မအေးခင်၏စကားကို ကြားလိုက်ရတော့ အံ့အားသင့်သွားရပြန်သည်။





"ဟင် . . . . အေးခင် . . . နင် . . . နင် . . . ခုမိနေတဲ့ ငါးကြီးကို ဘာဖြစ်လို့ သနားတယ်ပြောပြီး လွှတ်ပေးခိုင်းရတာလဲ"

"လွှတ်လိုက်ပါ . . . ကိုမောင်ကြီးရယ်၊ ကျွန်မ အကြောင်းရှိလို့ ပြောတာပါ"

"ဘာ . . . ဘယ်လို . . . အကြောင်းရှိလို့ . . . ဟုတ်လား။ ဘယ်လို အကြောင်းမျိုးလဲ ပြောစမ်းပါဦး။ ဒီလောက်ကြီးတဲ့ ငါးထွေကြီးကို ဘယ်လို လုပ်ပြီး လွှတ်လိုက်ရမှာလဲ။ မောင်ငယ်တို့ ဟိုတစ်ခါကမိတဲ့ ငါးထွေကြီး ထက် ပိုကြီးတဲ့ ငါးကြီးကိုတို့ရလိုက်တာ ဂုဏ်ယူစရာပဲဟာ။ ပြီးတော့ ဒီ တစ်ကြိမ်တည်းနဲ့ ငွေတွေအများကြီးရမဲ့ဟာ . . ."

"မဖြစ်ပါဘူး . . . ကိုမောင်ကြီးရယ်။ ကျွန်မ အကြောင်းရှိလို့ ပြော နေတာပါဆို"

"မင်းအကြောင်းက ဘယ်လိုအကြောင်းလဲ . . . အေးခင်။ အကြောင်း ခိုင်လုံရင် လွှတ်တန် လွှတ်လိုက်ရမှာပေါ့"

"ကျွန်မ လှေဦးမှာအိပ်ငိုက်ရင်း အိပ်ပျော်သလိုဖြစ်သွားပြီး အိပ်မက် မက်တယ် . . . ကိုမောင်ကြီး။ အိပ်မက်ထဲမှာ ကျွန်မတို့ ပိုက်မိနေတဲ့ ငါးထွေ ကြီးဟာ . . ."

မအေးခင်က ကိုမောင်ကြီးမြင်မက်ခဲ့သည့် အိပ်မက်အတိုင်း လှေ ပေါ်ကို ဘီလူးကြီးရောက်လာပုံ၊ မာလာဒီပကျွန်းမှ ဘီလူးကြီးဖြစ်နေပြီး ငါးထွေကြီးဘဝရောက်သည့်ဝိုင် မကျွတ်မလွတ်နိုင်သေးဘဲ စန္ဒကူးကျောင်း တော်ရာဘုရား သီတင်းသီလ ဆောက်တည်ရန်အလာ မုန်းချောင်းအနီး ဧရာဝတီမြစ်ပြင်မှာ ကိုမောင်ကြီးနှင့် မအေးခင်တို့ချထားသည့် ပိုက်ထဲဝင် မိခဲ့ပုံများ . . .

သူ့ကို လွှတ်ပေးပါက သီတင်းသီလဆောက်တည်၍ ဝါကျွတ်သည့် အခါ လာရောက်အမိခံပါမည်ဟု ကတိပေးထားပုံများကိုပါ ကိုမောင်ကြီး အိပ်မက်မက်ပုံနှင့် တစ်ထေရာတည်း ပြန်လည်ပြောပြနေသဖြင့် ကိုမောင် ကြီး တအံ့တဩ ဖြစ်သွားခဲ့သည်။

"ဟင် . . . ဒါဆို မင်းအိပ်မက်နဲ့ ငါ့အိပ်မက် တူနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တော်လည်း ကျူပ်လို အိပ်မက်မျိုး မက်တယ်ပေါ့လေ။ အဲဒါ များ ဘာဖြစ်လို့ ဒီလောက်ကြီးတဲ့ ငါးကြီးကို လွှတ်ရမှာလဲလို့ ပြောနေသေး တယ်"

"အိပ်မက်ဆိုတာ သွေးလေချောက်ချားပြီး မက်တတ်တာရယ်၊ စိတ် ကစွဲလမ်းပြီး မက်တတ်တာရယ်လို့ ရှိတယ်ကွ။ ဒါပေမဲ့ မင်းအိပ်မက်နဲ့ ငါ့ အိပ်မက် တစ်ပြိုင်နက်တည်း၊ တစ်ထေရာတည်း တူနေတာကိုက ထူးခြား လွန်းတယ်ကွာ"

"ဒီလိုထူးခြားနေမှတော့ လွှတ်ပေးလိုက်ပါ . . . ကိုမောင်ကြီးရယ်။ ကျွန်မတို့ ငွေမရလည်း ဒီထက် ဆင်းရဲမသွားနိုင်ကြပါဘူးတော်"

"အေးကွာ . . . မင်းပြောတာ မှန်တယ်။ လောဘကို သတ်မှဖြစ် မယ်။ ဒီတစ်ခါ သူတော်ကောင်းငါးကြီးကို လွှတ်ပေးလိုက်ကြရအောင်"

လင်မယားနှစ်ယောက် စိတ်တူကိုယ်တူ ရေထဲမှ ငါးကြီးမိနေသော ပိုက်ကို ဆွဲတင်ကြသည်။

ငါးထွေကြီးမှာ အလိုက်သင့် ငြိမ်၍ ပါလာခဲ့သည်။

လှေပေါ်ရောက်တော့ ပိုက်ကို လှေဝမ်းကြမ်းမှာချပြီး ငါးထွေကြီး ကို ပိုက်မှပင်ပင်ပန်းပန်း ဖြုတ်ကြရသည်။ ရေယက်များ၊ ဆူးတောင်များ နှင့် ပိုက်တွယ်ငြိနေရသည့်ကြားထဲ ခေါင်းက ပိုက်အိတ်ထဲ တိုးဝင်နေသဖြင့် ခက်ခက်ခဲခဲ ဆွဲထုတ်ရသည်။

သို့ဆွဲထုတ်နေစဉ် ငါးထွေကြီးကလည်း အမြန်လွတ်စေရန် ရုန်း လိုက်သဖြင့် နိုင်လွန်ပိုက်ကြိုးနှင့် ငြိပြီး နှုတ်ခမ်းမွေးတောင်တစ်ဖက် ပြတ် ထွက်သွားသည်။

"အို . . . လွှတ်ပေးမလို့ လုပ်နေကာမှ"

ငါးထွေကြီး၏ ညာဘက် နှုတ်ခမ်းမွေးတောင်တစ်ချောင်း ပြတ် ထွက်သွားပြီးမှ ပိုက်အိတ်ထဲမှ သူ၏ဦးခေါင်းကြီး လွတ်လွတ်ကျွတ်ကျွတ် ထွက်လာနိုင်ခဲ့သည်။ ငါးထွေကြီးမှာ ဘယ်ညာနှုတ်ခမ်းမွေးတောင် နှစ်ဖက် ရှိနေရာက ဘယ်ဘက်နှုတ်ခမ်းမွေးတောင်ပဲ ရှိတော့သည်။

ငါးထွေကြီး လွတ်လွတ်ကျွတ်ကျွတ် ပိုက်မှ ထုတ်ယူလိုက်နိုင်ပြီး နောက် ကိုမောင်ကြီးက လှေကို အနည်းငယ် စောင်းပေးလိုက်သည်။





"ကဲ . . . အသင်ငါးကြီး သွားလိုရာ သွားနိုင်ပါပြီ"

"ဝုန်း . . ."

"ဗွမ်း . . ."

ငါးထွေကြီးသည် ရောဝတီမြစ်ပြင်ထဲသို့ လှေပေါ်မှ ခုန်ဆင်းသွား သည်။

"သူ့ကတိအတိုင်း ဝါကျွတ်လို့လာပြီး အမိခံမခံ စောင့်ကြည့်ရ သေးတာပေါ့"

မိန်းမသားဖြစ်သော မအေးခင်ဆီက အသံကို ကြားလိုက်ရသဖြင့် ကိုမောင်ကြီးက လှမ်း၍ ဟန့်လိုက်ရသည်။

"မင်းတို့ မိန်းမတွေက လောဘကို အပြီးမသတ်နိုင်ဘူး။ ကုသိုလ် လုပ်တဲ့နေရာမှာ အကုသိုလ်က လွတ်ကင်းအောင် မယူနိုင်ကြဘူး"

'ကျွန်မ ဒီသဘောနဲ့ပြောလိုက်တာ မဟုတ်ပါဘူးရှင်။ သီလစောင့် တဲ့ သူ့ရဲ့ကတိကို မြင်ချင်သိချင်လို့ပါရှင်"

ငါးကြီးမှာ ရေထဲရောက်သွားသည်နှင့် ရေအောက်သို့ ငုပ်လျှိုး သွားဘဲ သူတို့လင်မယားနှစ်ယောက် မြင်သာအောင် ရေပေါ်မှ ဖြည်း ညင်းစွာ ကူးခတ်သွားလေသည်။

ငါးကြီး ကူးခတ်သွားသည့်ဘက်မှာ မှန်းချောင်းဝဘက်သို့ ဖြစ်၏။ သူတို့လှေနှင့် ခပ်ဝေးဝေးရောက်မှ ငါးကြီးသည် ရေအောက်သို့ ငုပ်လျှိုး ပျောက်ကွယ်သွားလေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



❑

ကိုမောင်ကြီးနှင့် အေးခင်တို့ ထိုညက ငါးတွေကြီးကို လွှတ်[illegible] လိုက်ပြီးနောက် ဆက်၍ပိုက်မချတော့ဘဲ အိမ်သို့ ပြန်လာခဲ့ကြသည်။ ထို[illegible] ညအဖို့ ပိုက်ဆက်ချရန်လည်း စိတ်မပါတော့။

သည့်နောက်ရက်များတွင်မူ . . .

ဝါတွင်းတစ်တွင်းလုံး ပိုက်မချတော့ဘဲ ကိုမောင်ကြီး ကုန်[illegible] အလုပ်များကို ရှာကြံကြိုးစား၍ လုပ်နေတော့သည်။

သူတို့ မုန်းချောင်းဝန်းကျင် ရေလွှမ်းသဖြင့် ကုန်းမြင့်ဘက်တ[illegible] တောရှင်းကာ ကိုင်းခုတ်သည်။ ရတတ်သမျှ ကုန်းပေါ်မြေကွက်ကလေး[illegible] မြေပဲစိုက်သည်။

ဥပုသ်နေ့တွေမှာ ကိုမောင်ကြီး ဥပုသ်သီတင်းဆောက်တည်သ[illegible] သူ့မိန်းမ မအေးခင်လည်း ယခင်ဝါတွင်းတွေနှင့်မတူ ကိုမောင်ကြီးနှင့် ဘု[illegible] ကြီးကျောင်းလိုက်၍ သီလယူ ဥပုသ်စောင့်သည်။

စန္ဒကူးကျောင်းတော်ရာ ဘုရားခြေရင်း မုန်းချောင်းအတွင်း ရော[illegible] ရောက်လာသော ငါးကြီးတွေကို အစားအစာကျွေးမွေးရင်း တတ်နိုင[illegible] သလောက် ကုသိုလ်ဒါနပြုသည်။

ကိုမောင်ကြီးတို့ လင်မယားက သားသမီးတွေကိုပါ လိမ္မာရေးခြ[illegible] ရှိစေချင်၍ သီလယူ၊ သီတင်းဆောက်တည်ရန် ဘုန်းကြီးကျောင်းသို့ လ[illegible] သည့်အခါတစ်ပါတည်း ခေါ်ဆောင်လာတတ်သည်။

မုန်းချောင်းစပ် စန္ဒကူးနံ့သာကျောင်းတော်ရာ ခြေတော်ရင်းမှာ ငါ[illegible] တွေကို အစာကျွေးနေစဉ် မောင်ဘိုးသီနှင့် ရွှေနာဂီတို့ မောင်နှမ တ[illegible] တောက်တောက် စကားဆိုလျက်ရှိကြသည်။





"အဘိုးလေးကလည်း ဝါတွင်းတရားစခန်းဝင်သွားလိုက်တာ ဝါကျွတ်မှ ပြန်ထွက်လာတော့မတဲ့ . . . မမရာ။ ဒီငါးကြီးတွေ ဝါတွင်းဘုရားဖူးလာတဲ့အကြောင်း သိချင်နေတာ။ အကုန်လုံး ပြောမသွားဘူး"

ကလေးတွေစကားကို လှမ်း၍ကြားလိုက်ရသော မအေးခင်က –

"အမယ်လေး . . . သားနဲ့ သမီးတို့ရယ်၊ ဒီငါးကြီးတွေ အကြောင်းကို မင်းတို့အဘိုးလေး ဦးဘိုးဒန် တရားစခန်းက ထွက်လာမှ သိရမှာမဟုတ်ပါဘူး။ မင်းတို့အဖေလည်း ပြောပြနိုင်နေပါပြီကွယ့်"

ကလေးနှစ်ယောက်က သည်တော့မှ သူတို့အဖေကို အားကိုးတကြီးကြည့်ကာ လက်ကို တစ်ယောက်တစ်ဖက် ဆွဲကိုင်လှုပ်ယမ်းကြသည်။

"ဟင် . . . ဟုတ်လား . . . ဖေဖေ။ ဒါဆို ကျွန်တော်တို့ကို ပြောပြပါ။ ကျွန်တော်တို့ ဒီငါးကြီးတွေအကြောင်း သိချင်လှပြီဗျ"

"အေးပါ . . . သားနဲ့သမီးတို့ရယ်။ ဘုန်းကြီးကျောင်းမှာ ဥပုသ်ကြီးနဲ့ စကားတွေအများကြီးပြောရင် သူများတွေကို နှောင့်ယှက်ရာကျပြီး ငရဲကြီးတတ်တယ်။ အိမ်ပြန်ရောက်မှ ဖေဖေပြောပြမယ်နော်"

သားနှင့်သမီးကို ကတိပေးပြီး ကိုမောင်ကြီးနှင့် မအေးခင်တို့ မိသားစု ဘုန်းကြီးကျောင်းမှ အိမ်သို့ ပြန်လာခဲ့ကြသည်။

အိမ်ပြန်ရောက်တော့ ခြံပိုင်းအတွင်းရှိ ခြေရင်းအိမ်မှ မောင်ငယ်နှင့် မောင်ငယ်တို့ အိမ်ခြေရင်းမှ ယောက်ဖဖြစ်သူ အောင်မောင်းတို့ ပိုက်ချရာမှ ပြန်ရောက်လာပြီး ရလာသော ငါးတွေကို ချိန်တွယ်ရောင်းချနေသဖြင့် မောင်ငယ်တို့အိမ်မှာ လူစည်လျက်ရှိ၏။

သို့သော် . . . တစ်အိမ်နှင့်တစ်အိမ် ခပ်လှမ်းလှမ်းတွင် ဆောက်ထားသော ခြံပိုင်းကျယ်ကြီးမို့ တော်ပါသေးသည်။

အိမ်ရှေ့အောက်ထပ်ရှိ ကွပ်ပျစ်တွင်ထိုင်၍ အနားယူကာ အဝန်း[illegible] ပြေပြီးနောက် သူ့အနားမှ မခွာသေးသော သားနှင့်သမီးကို [illegible] ကိုမောင်ကြီးမှာ မုန်းချောင်းအတွင်းသို့ ဥပုသ်သီတင်းစောင့်[illegible] သော ငါးကြီးတွေအကြောင်းကို ပြောရတော့သည်။

ဝါဆိုလပြည့်ကျော် ရက်တစ်ရက်တွင် ညအချိန် [illegible] အတွင်း ပိုက်ချစဉ် ပိုက်ထဲမိလာသော ငါးတွေကြီးအကြော[illegible]

www.burmeseclassic.com



ချောင်းထဲ ရွှေစက်တော်ဘုရားဖူးရန် ရောက်ရှိလာသော ငါးတန်ကြီးတွေ အကြောင်းပါ စုံအောင် ပြောပြလိုက်မိသည်။

"ဒီငါးကြီးတွေဟာ အဖေနဲ့ မင်းတို့အမေ ပိုက်ချနေရာက လှေပေါ် မှာ အိပ်ပျော်သလိုလို၊ တကယ်လိုလို၊ အိပ်မက်လိုလိုဖြစ်ပြီး ကြုံခဲ့လို့ သိခဲ့ ရတာတွေပဲ သားနဲ့သမီးတို့ရဲ့။ တို့ဗုဒ္ဓဘာသာတရားတော်မှာ အတိတ် ကံကြွေးရှိခဲ့ရင် ပြန်ဆပ်ရစမြဲပဲလို့ မိန့်ဆိုထားတယ်ကွယ့်"

ကိုမောင်ကြီးက သားသမီးတွေအား ငါးကြီးတွေအကြောင်း ရှင်းပြ နေစဉ် ကိုမောင်ကြီးတို့အိမ်ဘက်သို့ အစ်ကိုအကြီးဆုံး အဖအရာထား၍ ဟင်းစားပေးရန်လာနေသော ညီဖြစ်သူမောင်ငယ်မှာ အိမ်ဘက်သို့ ဆက် မလျှောက်သေးဘဲ ကိုမောင်ကြီး၏စကားတွေကြောင့် ငှက်ပျောတောအရိပ် မှာ အရိပ်ခို ခဏထိုင်ကာ နားထောင်နေလိုက်သည်။

"ဒါကြောင့်လည်း ရွှေစက်တော်သမိုင်းစာအုပ်ထဲမှာ ကျမ်းပြုစု အငြိမ်းစားကျောင်းဆရာကြီး 'စကုဦးတင်ရှိန်'က ကဗျာစာစပ်ပြီး ထည့်ရေးခဲ့ တာကို ဒေသန္တရဗဟုသုတလို့ချင်တဲ့ တို့အဖေ၊ တို့မုန်းချောင်း၊ မန်းချောင်း ဒေသသားတွေက အလွတ်ကျက်မှတ်ထားလေ့ ရှိတတ်ကြတယ်ကွယ့်"

"အဲဒီကဗျာကို သားတို့နားထောင်ချင်တယ် ဖေဖေ"

သားသမီးတွေ၏တောင်းဆိုမှုကြောင့် ကိုမောင်ကြီးက သူ အလွတ် ကျက်မှတ်ထားသမျှကို ရွတ်ဆိုပြရလေတော့သည်။

"ကျောင်းတော်ရာရှေ့၊ မုန်းမြစ်ကွေ့၌၊ တွေ့ရှိရပြား၊ ထိုငါးများ ကို၊ ဘုရားငါးဟု၊ ခေါ်လေ့ပြု၏။

ငါးတွေခေါ်ပြား၊ ထိုငါးများတို့။ များပြားလေရာ၊ မရေတွက်သာဘူ ငါးရာတစ်ထောင်၊ ကောင်ရေဖွဲ့စည်း၊ အုပ်လိုက်ကြီးဖြင့်၊ သီးသီးပျော်ရွှင် ဝါတော်ဝင်၍၊ ဝါဆိုလပြည့်၊ ရသောနေ့၌၊ မမေ့ရက်မှန်၊ အချိန်တန်လျှင် ဗုဒ္ဓံပူဇေမိ၊ ပူဇော်ဘိသို့၊ အတိအကျ၊ ရောက်လာရ ၏။

ထိုမှတဖြစ်၊ ဝါထပ်နှစ်၌၊ စင်စစ်လူများ၊ သိစေလားသို့၊ ငါးများ ထိုထို၊ ဒု ဝါဆိုမှ၊ ဖူးမြော်ကြ၏။

မှတ်ပုံမယွင်း၊ ဝါတွင်းသုံးလ၊ ခါသမယမှာ၊ ဗုဒ္ဓစံပျော်၊ မြတ်ကျောင်း တော်ကို၊ ကော်ရော်လေပြား၊ ဘယ်မသွားဘူး၊ ဘုရားဖူးလာ၊ များသူငါတို့ သဒ္ဓါလို့ကျွေး၊ အစာပေးက၊ စုဝေးပေါ်လာ စားသောက်ရှာ၏။





တစ်ဖြာထူးခြင်း၊ ငါးတစ်သင်းတို့၊ သိတင်းကျွတ်သော်၊ တစ်ရက် ကျော်က၊ ခေါ်သော်မရ၊ ကြည့်ကမမြင်၊ မြစ်စဉ်မြစ်တွင်း၊ ငုပ်ကာဆင်း၍၊ နေရင်းဒေသ ပြန်သတည်း"

ကိုမောင်ကြီး စာရွတ်ပြ၍ မောင်ဘိုးသိက စိတ်ပါဝင်စားစွာ မေး မြန်းမိပြန်သည်။

"ဘုရားဖူးဖို့ မုန်းချောင်းထဲကို ဝင်လာတဲ့ ဘုရားငါးတွေကို ချက် စားရင် ဘာဖြစ်တတ်သလဲ ဖေဖေ"

"တစ်ဖန်ထိုငါး၊ ဖမ်းယူစားက၊ များပြားတွေလာ၊ ဝမ်းရောဂါနှင့်၊ သွေးပါသွေးအန်၊ အဖြစ်မှန် အမြန်မသွေ၊ သေရလေ၏။ ပြောဆိုရှိ၍ သတိနှင့်သာ ရှောင်ကြပါလော့ ...လို့ ဆက်ပြီး ဆိုထားတာပဲ သားရဲ့။ ဘုရားဖူးလာတဲ့ ဘုရားငါးတွေကို ဖမ်းဆီးချက်စားရင်း ဝမ်းရောဂါဖြစ်ရင် ဖြစ်၊ သွေးအန်ပြီး သေရင်သေ၊ ဆိုသလို အသေဆိုးနဲ့ သေရတတ်တာ ပေါ့ ...သားတို့ရယ်"

"ဒါဆို ဦးဦးမောင်ငယ်နဲ့ ဘတွေးဦးအောင်မောင်းကြီးတို့ နေ့တိုင်း ငါးတွေဖမ်းနေကြတာကရော ဖေဖေ"

"သူတို့က မုန်းချောင်းထဲကို ဝင်လာတဲ့ ဘုရားငါးတွေကို ဖမ်းတာ မှမဟုတ်ဘဲ ...သားတို့ရဲ့။ ရောဝတီမြစ်ကြီးထဲမှာ တခြားရေလုပ်သား တံငါသည်တွေလို ဖမ်းရိုးဖမ်းစဉ် ဖမ်းနေကြတာကိုး။ ဒါပေမဲ့ သားတို့ရယ် ဝါတွင်း၊ အခါတွင်းမှာတော့ မုန်းချောင်းထဲမှာမှမဟုတ်ဘူး။ မုန်းချောင်း၊ မန်း ချောင်းတွေနဲ့နီးတဲ့ ရောဝတီမြစ်ကြီးထဲမှာတောင်မှ ငါးမဖမ်းတာ အကောင်း ဆုံးပါပဲကွယ်"

ကိုမောင်ကြီးစကားကို နားထောင်ရင်းက မိခင်ဖြစ်သူ မအေးခင်က ဝင်၍ပြောလိုက်ပြန်၏။

"ဟုတ်တယ် ...သားနဲ့ သမီးတို့ရဲ့။ အဖေနဲ့ အမေတို့တောင် မှ ဟိုတစ်လောက ဘုရားဖူးတဲ့ ငါးကြီးတစ်ကောင်ကို ဖမ်းမိပြီး အိပ်မက် ပေးလို့ အချိန်မီ ပြန်လွှတ်ပေးလိုက်ရသေးတယ်"

ကိုမောင်ကြီးတို့ မိသားစုအတိုင်အဖောက်ညီညီ ပြောဆိုနေကြ သည်ကို အိမ်ခြေရင်း ငှက်ပျောတောအရိပ်မှာ ထိုင်ရင်းနားထောင်နေသော ညီငယ်ဖြစ်သူ မောင်ငယ်မှာ အထူးအဆန်းဖြစ်သွားတော့သည်။



www.burmeseclassic.com

"ကျားသားမိုးကြိုးကွာ၊ ဘီလူးဘဝကနေ ပြောင်းတဲ့ ငါးကြီးက အိပ်မက်ပေးလို့တဲ့။ အစ်ကိုကြီးကလည်း ငါးကြီးလိုတီရစ္ဆာန်ရဲ့စကားကို ယုံကြည်ပြီး သူ့ပိုက်မှာမိနေတဲ့ ငါးကြီးကို ပြန်လွှတ်ပေးလိုက်သတဲ့။ အင်း ... အစ်ကိုကြီးလည်း တို့ခြိုပိုင်းထိပ်က ဦးဘိုးအန်နဲ့ပေါင်းပြီး ဦးဘိုးအန်လို ပေါက်နေပြီနဲ့ တူပါရဲ့ကွာ"

တစ်ယောက်တည်း ကြိတ်၍မှတ်ချက်ချနေမိစဉ် အမေးအမြန်း အင်မတန်ထူသော တူဖြစ်သူမောင်ဘိုးသီ၏ အမေးစကားကို ကြားလိုက်ရပြန်သည်။

"အဖေနဲ့အမေတို့က ဝါကျွတ်ရင် ငါးကြီးပြန်လာပြီး အဖေတို့ပိုက်မှာ အမိခံမယ်လို့ ကတိပေးတာကြောင့် လွှတ်ပေးလိုက်တော့ အဲဒီငါးကြီးက တကယ်ကော ပြန်လာဦးမှာလား ... ဟင်"

"ပြန်လာလာ၊ မလာလာကွာ၊ အဖေတို့ ကုသိုလ်ပေါ့။ ဝိဝိတဒါန ဆိုတာ သူတစ်ပါးအသက်ကို သတ်ရင်ရပေမဲ့ ချမ်းသာရာရကြောင်း ဆောင်ရွက်ပေးတာလည်း ပါတာပဲ။ ဒါပေမဲ့ လောကကြီးမှာ သစ္စာတရားရဲ့ နိုင်မာတည်တံ့မှုတွေ၊ စူးရှထက်မြက်မှုတွေ ရှိတတ်တယ်ကွယ့်။ အဲဒီငါးကြီး အဖေတို့ဆီ ပြန်လာမလားဆိုတာထက် အဲဒီငါးကြီးကို စေတနာမှန်စွာနဲ့ အဖေနဲ့ အမေတို့ လွှတ်ပေးလိုက်တာသာ ပမာနဖြစ်တယ်ကွယ့်"

"အဖေနဲ့အမေတို့ လွှတ်ပေးလိုက်တဲ့ ငါးကြီးကို အဖေတို့ ပြန်မိရင် ဘယ်လိုမှတ်မိကြမလဲဗျာ"

"အေး ... မင်းမေးတဲ့ အမေးမျိုးကို သာမန်ဆိုရင် အဖြေရခပ်ခက်ခက်ပဲ။ ခုတော့ မမှတ်မိစရာ အကြောင်းမရှိတော့ဘူးကွယ့်။ ကံအားလျော်စွာလား၊ အဲဒါငါးကြီးပဲ ကံဆိုးသလား မသိဘူး။ သူ့ကို ပိုက်ထဲက ခက်ခက်ခဲခဲ ပြန်ထုတ်ပေးနေတုန်းမှာ သူကရုန်း၊ အဖေကဆွဲနဲ့ အဲဒီငါးကြီးရဲ့ ပါးစပ်အပေါ်မှာ ပေါက်လေ့ရှိတဲ့ အာရုံခံနှုတ်ခမ်းမွေး တောင်နှစ်ချောင်းထဲက ညာဘက်နှုတ်ခမ်းမွေးတောင်က ပိုက်သီတဲ့ ပလပ်စတစ်ကြိုးနဲ့ငြိပြီး ပြတ်ထွက်သွားလို့ သူ့မှာ ညာဘက်နှုတ်ခမ်းမွေးတောင် မရှိတော့ဘူးလေ"

"ဒါဆို အဖေတို့က ဝါကျွတ်ပြီး ဒီငါးကြီး ရောဝတီမြစ်ထဲ ပြန်





ထွက်လာချိန်မှာ ပြန်ပြီး ငါးဖမ်းတဲ့အလုပ် လုပ်ကြည့်မှာလား။ အဖေ [illegible] လိုက်ချင်တယ်။ အဲဒီလို ထူးဆန်းတဲ့ကိစ္စဆိုရင် သားတာ သိပ်ပြီး စိတ်ဝင်စားလို့ပါ"

"အဖေကတော့ ငါးတွေဖမ်းရတဲ့ တံငါသည်အလုပ်ကို စိတ်ကုန်နေပါပြီကွာ။ ဒါပေမဲ့ တွက်သားကိုက်မဲ့ တခြားစီးပွားရေးအလုပ်၊ အစားထိုးပြီး လုပ်လို့မရခင်တော့ ဝါကျွတ်တဲ့အချိန်မှာ ငါးဖမ်းထွက်လုပ်မိတဲ့အခါ လုပ်မိဦးမှာပဲ။ တစ်ခုတော့ရှိတယ်။ အဖေတို့လက်ထက်မှာ ကိုင်းသမားတစ်ပိုင်း၊ တံငါသည်တစ်ပိုင်း ဖြစ်နေရပေမဲ့ သားနဲ့သမီးတို့ လက်ထက်မှာတော့ မဖြစ်ရအောင် အဖေတို့ ကြိုးစားမယ်။ ဒါကြောင့် အဖေ ဒီတစ်ခါ ဝါကျွတ်ချိန် ငါးဖမ်းထွက်တဲ့အခါ သားတို့လိုက်ဖို့ အဖေ ခွင့်မပြုနိုင်ဘူးကွာ"

"သားကလည်း ငါးသိပ်ဖမ်းချင်တာ မဟုတ်ပါဘူး ... ဖေဖေ ဖေဖေနဲ့ မေမေတို့လွှတ်ပေးလိုက်တဲ့ အဲဒီငါးကြီး ကတိသစ္စာ တည်မတည် သိချင်လို့ပါဗျာ"

"ခုလို ဝါတွင်းကာလကြီးမှာ အကုသိုလ်ကိစ္စတွေ သိပ်အလေးပေး စဉ်းစားမနေပါနဲ့ ... သားရယ်။ သားနဲ့သမီးတို့ဘက်က ကျောင်းစာတက်ကို ကြိုးစားဖို့သာ အလေးအနက်ထားကြကွယ် ... ကြားရဲ့လား"

ကိုမောင်ကြီး သားနှင့်သမီးအား ဆုံးမစကားပြောနေစဉ်မှာ ဇက်ပျောတောအရိပ်မှာ ထိုင်၍ နားထောင်နေသော မောင်ငယ်က ထရပ်လိုက်သည်။

ပြီးတော့ ... သူ့လက်ထဲမှာ ချိုင့်နှင့်ထည့်၍ ယူဆောင်လာသော ငါးထွေအသည်း ဟင်းချိုင့်ကို တစ်ချက်မျှ ငုံ့ကြည့်ရင်း ...

"ငါက အစ်ကိုကြီး အဖအရာဆိုပြီး စားဦးစားဖျားဟင်းကို တကူးတကသွားပို့ပေမဲ့ အစ်ကိုကြီးက အကောင်းပြောချင်မှ ပြောမှာ။ ဒီလောက်တရားရနေတဲ့ အစ်ကိုကြီးကို သွားမပေးတော့ဘဲ အိမ်ကို ပြန်ယူသွားတာပဲ ကောင်းမယ်"

ဟု တီးတိုးရေရွတ်ပြီး မောင်ငယ် သူ့အိမ်ဘက်သို့ ပြန်လှည့်ထွက်လာခဲ့သည်။

✿ ✿ ✿

www.burmeseclassic.com

## [၃၀]

❑

မောင်ငယ့်ကို ဖနီးဖြစ်သူအေးတင်က အံ့ဩသလို လှမ်းကြည့်သည်။

ပြီးတော့ မောင်ငယ်လှမ်းပေးသော ဟင်းထည့်ထားသည့် ချိုင့်ကို တစ်ချက်ကြည့်လိုက်ပြန်သည်။ ချိုင့်ထဲမှာ ငါးမြင်းအသည်း ကလီစာဟင်းတွေ ယူသွားသည့်အတိုင်း ပြန်ပါလာ၍ စိတ်မကောင်းသလိုဖြင့် မောင်ငယ့်ကို လှမ်းမေးသည်။

"ဘာလဲ ... အစ်ကိုကြီးက ကျုပ်တို့ စားဦးစားဖျား ပေးလိုက်တဲ့ ဟင်းကိုတောင် လက်မခံတော့ဘူးလား။ ဒါဆို ကျုပ်အစ်မ အေးခင်နဲ့ ကျုပ်တို့၊ တူမလေးတွေပါ မစားကြရတော့ဘူးပေါ့လေ။ အစ်ကိုကြီးတို့ ပေါက်ချက်ကတော့ လွန်လွန်းပါတယ်"

"အစ်ကိုကြီးက လက်မခံဘဲ ပြန်ပေးလိုက်တာမဟုတ်ဘူး။ ငါ မပေးချင်တာနဲ့ တမင်တကာ ပြန်ယူလာတာ"

"ဟင် ... ဘယ်ပို ... တော့်နှယ်။ ခါတိုင်းလည်း အစ်ကိုကြီး အဖအရာဆိုပြီး စားဦးစားဖျား အစ်ကိုကြီးဆီ ပို့နေကျဟာ"

"အေး ... တို့က ဒီခြံဝိုင်းထဲမှာ အကြီးအကဲတွေဆိုပြီး ဦးဘိုးအန်နဲ့ အစ်ကိုကြီးတို့အိမ်ကို စားဦးစားဖျား ထူးထူးကဲကဲဆိုရင် ပို့ပို့ပေးနေကျပေမဲ့ ဒီတစ်ခါတော့ ငါ အစ်ကိုကြီးတို့အိမ်ကို ပို့ချင်စိတ်ကုန်သွားတယ်ကွာ"





"တော်က ဘာဖြစ်လို့ ပို့ချင်စိတ် ကုန်ရပြန်တာလဲ။ တော့်ဥစ္စာ မဟုတ်သေးပါဘူးလေ"

မောင်ငယ့်ကို သူ့မိန်းမ မအေးခင်က အပြစ်တင်သလို ပြောနေ၍ မောင်ငယ်သည် သူ့မိန်းမအပြစ်တင်နေခြင်းမှ လွတ်ကင်းစေရန် သူ ကိုမောင်ကြီးတို့အိမ်ဘက်ဟင်းပို့အသွား၊ ကိုမောင်ကြီး သူ့သားသမီးများကိုပြောပြခဲ့သည့် စကားများကို သူ့မိန်းမအေးခင်အား တစ်လုံးမကျန် ပြန်ပြောတော့သည်။

အေးခင်က နားထောင်နေရင်းမှ ပြုံးလိုက်သည်။

"ဒါများရှင် ... အစ်ကိုကြီးနဲ့ အစ်မကြီးတို့က ဦးဘိုးအန်စကားတွေကို နားထောင်ပြီး တရားသမားတစ်ပိုင်း ဖြစ်နေတဲ့ဟာ။ ပြီးတော့ ကျုပ်တို့လည်း တခြားစီးပွားရေး မပြေလည်လို့ ဒီတံငါအလုပ်ကို လုပ်နေကြရတာပဲလေ။ တော်လုပ်ပုံနဲ့ ကျုပ်အစ်မကြီးနဲ့ ကျုပ်တူ တူမလေးတွေပါ ကြားက အချောင်ငတ်တော့မယ်။ မဖြစ်ပါဘူးတော် ကျုပ်ကိုယ်တိုင်ပဲ သွားပို့ပေးလိုက်ပါ့မယ်"

အေးခင်က ဟင်းချိုင့်ကိုဆွဲပြီး ထမည်အလုပ် အောင်မောင်းနှင့် မိမိလေးတို့၏ သားရွှေထွန်းနှင့်သူတို့၏သား ဘိုးညီတို့ ခြံဝိုင်းအတွင်းမှာ ဆော့ကစားနေကြရာက အိမ်ပေါ်တက်လာသည်နှင့် ကြုံလိုက်ရသည်။

သူ့အစ်ကို ဝမ်းကွဲ မောင်ဘိုးသီလို စကားသွက်သော မောင်ဘိုးညီက ...

"အမေနဲ့အမေ့ကို ပြောရဦးမယ်။ သားတို့ကျောင်းမှာ လုပ်နေကျ ဒီနှစ်ဝါကျွတ်ပွဲတော်မှာ အစ်ကိုကြီးကိုဘိုးသီနဲ့ အစ်မကြီးရွှေနှာင်းတို့ကို ဆရာကြီးက ဇာတ်ထုပ်ထဲမှာဝင်ကဖို့ ထည့်ထားတယ်ဗျာ"

"ဘာဇာတ်ထုပ်လဲ ... သားရဲ့"

"ရွှေစက်တော် ဒန်းစီးမောင်နှမ ဇာတ်ထုပ်လေ။ ဒီဇာတ်ထုပ်က ရအောင် အဘိုးလေးဦးဘိုးအန်ဆီ လာတောင်းထားတာကြာပြီတဲ့"

"ကောင်းပါရဲ့ကွာ။ ဒါဆိုလည်း ငါ့တူလေးတွေ တူမလေးတွေကို ဦးဘိုးအန်က ဇာတ်ပိုးသွင်းပြန်ပြီနဲ့ တူတယ်။ ဟဲ ... ဟဲ ... ဟဲ "

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၃၁ |

❑

''ဟား . . . ဟား . . . ဟား . . . တို့အစ်ကိုကြီးနဲ့ ငါတို့မရီးတော့ မင်းပြောသလိုဆိုရင် တကယ်ပေါက်သွားရှာတာပဲကွ . . . မောင်ငယ်ရ . . . ဟား . . . ဟား . . . ဟား . . .''

''ဟုတ်တယ် . . .။ ညပိုင်း ငါးဖမ်းရင်းနဲ့ သူ့မိန်းမက မိန်းမပီပီ ကြောက်စိတ်နဲ့ တွေးမိတွေးရာတွေးမိပြီး ပြောတာနေမှာပေါ့ကွာ''

အရက်ခွက်မော့နေသော အောင်မောင်းကို မောင်ငယ်က သူ့ ထင်မြင်ချက်တွေကို ဆက်ပြောနေသည်။

''မင်း စဉ်းစားကြည့်လေ၊ ညကြီးမင်းကြီး ဧရာဝတီမြစ်ပြင်ကျယ်ကြီးထဲမှာ လှေကလေးတစ်စင်းနဲ့ လင်မယားနှစ်ယောက်တည်း ပိုက်ချတဲ့အခါ မိန်းမက လိပ်ပြာငယ်တော့ တွေးမိတွေးရာ ကြောက်စိတ်နဲ့ တွေးတောရင်း ထင်ရာမြင်ရာပြောတော့ အစ်ကိုကြီးကလည်း နဂိုက ဦးဘိုးဒန်နဲ့ လေပေးဖြောင့်ပြီး ဘုရား၊ တရားယောင်ယောင် ဖြစ်နေတာကိုးကွ''

မောင်ငယ်က သူ့အစ်ကိုကြီး ယမန်နေ့ကပြောခဲ့သော စကားများကို နောက်ရက်များ၌ အောင်မောင်းနှင့်အတူ ပိုက်ချရင်း လှေပေါ်မှာ ပြန်ပြောမိသည်။ အောင်မောင်းကလည်း နားထောင်ရင်း သဘောကျစွာ ရယ်မော‌နေသည်ကို သူကလည်း ထပ်ဆင့်ထင်မြင်ချက်တွေ ပေးနေခြင်းဖြစ်သည်။





မောင်ငယ်နှင့် အောင်မောင်းသမီးယောက်ဖနှစ်ယောက်မှာ သူတို့လုပ်နေကျအတိုင်း ပိုက်ချပြီးနောက် လှေကို ဧရာဝတီမြစ်ပြင်မှာ ကန့်လန့်မျှောထားကြပြီး အရက်ပုလင်း ထောင်ကြလေပြီ။

''အစ်ကိုကြီး ပိုက်မဆင်းတော့တဲ့ သူ့လှေတွေ၊ ပိုက်တွေကို ရောင်းပစ်ရင်တော့ အချောင်ရအောင် ဝယ်ထားလိုက်မယ်လို့ ငါ ငါ့မိန်းမအေးတင်နဲ့တောင် တိုင်ပင်ထားသေးတယ်''

''ဟာ . . . အဲဒါ အကွက်ပဲ . . . မောင်ငယ် . . . ငါ့ပိုက်က ဟိုတစ်လောက ရေမြုပ်သစ်မျောတုံးနဲ့ငြိပြီး စုတ်သွားလို့ မင်းပိုက်နဲ့ ပေါင်းပြီးတို့ ပိုက်ချနေကြရတဲ့ဟာ။ ပိုက်ကို ငါ ဝယ်ထားမယ်ကွာ။ မင်းက ပိုက်သာရှိပြီး လှေမရှိတော့ အစ်ကိုကြီးရဲ့လှေကို ဝယ်လိုက်ပေါ့ကွာ''

''အစ်ကိုကြီးဆီက လှေဝယ်ဖို့တော့ သိပ်စဉ်းစားလို့မရဘူး။ အစ်ကိုကြီး ကိုင်းစိုက်တဲ့မြေက ဧရာဝတီမြစ်အလယ်ကျွန်း သောင်ခုံမှာရှိနေတော့ ရွာနဲ့စိုက်ခင်းကူးသန်းဖို့ သူ့လှေကို ရောင်းချင်မှရောင်းမှာကွ''

''ဘာပဲရောင်းရောင်းပေါ့ကွာ။ ရရာ ဝယ်ထားလိုက်ကြတာပေါ့ . . . ဟဲ . . . ဟဲ . . . ဟဲ . . .။ ဧရာဝတီမြစ်ထဲမှာ ငါးဖမ်းတဲ့ လူတစ်ယောက် လျော့သွားရင် တို့အတွက် စီးပွားပြိုင်ဘက်တစ်ယောက် လျော့သွားတယ်လို့ သမီးယောက်ဖချင်းပေမဲ့ စီးပွားတွက် တွက်ရမှာပဲဟေ့။ ဒီခေတ်က ဈေးကွက်စီးပွားရေးခေတ်ကွ . . . မောင်ငယ်ရ''

''ငါက အဲဒီလိုအခြေအနေကို နားစွင့်ရင်း ဒီဝါကျွတ်မှာ သူတို့ကို သစ္စာကတိပေးသွားတယ်ဆိုတဲ့ ငါးကြီးကိုစွ တကယ်ဟုတ်မဟုတ် စောင့်ကြည့်ချင်နေတာကွ''

''ငါလည်း အဲဒါကို ဟုတ်မဟုတ် စောင့်ကြည့်ချင်နေတာပဲ၊ တို့မှာက ဒီအစ်ကိုကြီးတစ်ယောက်ပဲ အစ်ကိုအကြီးအဖအရာ ဖြစ်နေတာ၊ သူပေါက်ပြီး ပေါက်ကရတွေ လျှောက်လုပ်နေလို့ မဖြစ်သေးဘူး။ တော်ကြာ အစွန်းရောက်ပြီး စီးပွားပျက်သွားရင် တို့မရီးနဲ့ တူ၊ တူမလေးတွေ ဒုက္ခရောက်ကုန်မှာ''

''အေးလေ . . . ဒါကြောင့် အစ်ကိုကြီး ဝါကျွတ်ရင် ငါးဖမ်းထွက်မထွက် စောင့်ကြည့်ပြီးမှ သူ့အခြေအနေ ဘယ်လိုလဲဆိုတာ အနီးကပ် လေ့လာကြတာပေါ့ကွာ . . . ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



မောင်ငယ်က ငါးကြော်တုံးမှ ငါးကြော်တစ်ဖဲ့ကို ဖဲ့ပြီး မြည်းလိုက်သည်။

မောင်ငယ်နှင့် အောင်မောင်းတို့ ဝါကျွတ်တော့မည့်အချိန်ကို ရောဝတီမြစ်ထဲ နေ့စဉ် ငါးဖမ်းဆင်းရင်း အရက်ကလေး လှေပေါ်မှာသောက်ရင်း ပျော်ပျော်ကြီး စောင့်စားနေခဲ့ကြလေသည်။

✿ ✿ ✿

သစ္စာအင်အားလွန်ကြီးမား၏

❑

မောင်ငယ်နှင့် အောင်မောင်းတို့ စောင့်စားနေသော ဝါကျွတ်ချိန်မှာ သီတင်းမကြာလိုက်ဟု သူတို့ထင်မှတ်လိုက်ကြသည်။

ဝါကျွတ်ပြီး နောက်တစ်ရက်တွင် ကိုမောင်ကြီးနှင့် မအေးခင်တို့ ရောဝတီမြစ်ထဲ ငါးဖမ်းထွက်ရန် ပြင်ဆင်ကြသည်။

မိဘတွေ အခြေအနေကို စိတ်ဝင်စားနေသော သားဖြစ်သူ မောင်ဘိုးသီက မယောင်မလည်လုပ်နေရာက လာပြီးမေးသည်။

"အဖေနဲ့အမေ ဝါကျွတ်ရင် ပြန်လာပြီး အဖမ်းခံမယ်ဆိုတဲ့ ငါးတွေကြီးကို သွားဖမ်းကြမလို့လား"

"အဲဒီငါးကြီးကို ပြန်ပြီး ဖမ်းမိဖို့မမိဖို့ အဖေတို့ မရည်ရွယ်ပါဘူး ငါ့သားရယ်။ ဥပါဒတ်ကြောင့် ဥပါဒ်ရောက်ပါတယ်ကွာ။ ဒီနှစ်နွေကျ သားနဲ့သမီးတို့ကို ရှင်ပြု၊ နားထွင်းမင်္ဂလာပြုပေးဖို့ ငွေလိုလို့ အပိုဝင်ငွေရအောင် ငါးဖမ်းမထွက်ချင်ဘဲ ထွက်ရမှာပါကွာ"





ကိုမောင်ကြီး သားနှင့်သမီးကိုပြောပြီး မအေးခင်နှင့် လင်မယားနှစ်ယောက် ပိုက်သယ်မကာ လှေဆိုက်ထားသည့် သောင်ပြင်ရေစပ်သို့ ဆင်းလာခဲ့သည်။

နေ့လှေသမားတွေ ပိုက်လှေသိမ်းချိန်မှာ ကိုမောင်ကြီးတို့လင်မယားနှစ်ယောက် ညပိုင်းပိုက်ချရန် ရောဝတီသို့ ဆင်းလာခဲ့ကြခြင်းဖြစ်သည်။

သူတို့လိုပင် ညပိုင်း ပိုက်လှေချသူအချို့လည်း ရှိသည်။ သို့သော် နေ့ပိုင်းလို ပိုက်လှေတွေ မများတော့။

ရောဝတီမြစ်ပြင် အပြန့်ကျယ် တမျှော်တခေါ်ကြီးမှာ လှေကလေးတွေကို ကောက်ရိုးမျှင်စလေးတွေလို ဟိုတစ်စင်း သည်တစ်စင်း လှမ်းမြင်နေရသည်။

သူတို့လှေကလေးမှာ ပိုက်ချနေကျရေကြောင်း ရှိရာသို့အရောက် ပိုက်ချနေစဉ် သူတို့ရေကြောင်းနှင့် ခပ်လှမ်းလှမ်းနေရာသို့ လှေတစ်စင်း ပိုက်ချရင်း တရွေ့ရွေ့လှော်ခတ်လာသည်ကို ကိုမောင်ကြီး သတိထားလိုက်မိသည်။

ညအမှောင်နှင့်မို့ ပိုက်လှေပေါ်မှ လူနှစ်ယောက်ကို သဲသဲကွဲကွဲ မမြင်ကြရ။

သို့သော် မအေးခင်က မိန်းမသားပီပီ လုပ်ကွက်ဝင်လှသည့်ထင်ပြီး ကိုမောင်ကြီးအား အသံခပ်အုပ်အုပ်နှင့် လှမ်း၍ သတိပေးသည်။

"ဒီလှေက ကျုပ်တို့ပိုက်ချက်နဲ့ ခပ်နီးနီးမှာ ပိုက်ချက်လာချတာ တော့ မရိုးဘူးနဲ့တူတယ်"

"အိုကွာ . . . သမုဒ္ဒရာရေ တစ်ယောက်တည်းသောက်လို့ မကုန်နိုင်ပါဘူး။ အမြဲမပြတ် စီးနေတဲ့ ရောဝတီမြစ်ရေဟာ ခန်းခြောက်သွားမှာမှ မဟုတ်တာပဲကွာ"

မအေးခင်ကို ကိုမောင်ကြီး ဖျောင်းဖျပြောဆိုနေစဉ် ပိုက်ချက်မှာ ငါးဝင်တိုးသဖြင့် လှေမှာ သိမ့်ခနဲဖြစ်သွား၏။

"ငါးတိုးပြီနဲ့ တူတယ်ဟေ့"

"ဟုတ်တယ်။ ငါးက တော်တော်ကြီးမဲ့ပုံပဲ၊ လှေတောင် သိမ့်ခနဲ ဖြစ်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုမောင်ကြီး သေချာစေရန် စောင့်ကြည့်နေစဉ် ပိုက်နှင့်အတူ ငါးကြီးမှာ ရေပေါ်ထိုးတက်ကာ လွန့်လူးပေါ်လာခဲ့၏။

ကိုမောင်ကြီးက ငါးကြီးအခြေအနေကြောင့် ပိုက်စုတ်ပြဲမသွားစေရန် ပိုက်ကြိုးကို အတိုးအလျှော့လုပ်ရင်း လှေပေါ်သို့ အသာဆွဲ၍ တင်နေမိရင်း လှေပေါ်ရောက်လာမည့် ငါးကြီးအား စိတ်လှုပ်ရှားစွာဖြင့် သတိထားနေမိသည်။

မအေးခင်ကလည်း လှေဦးမှနေ၍ လှော်တက်ဖြင့် လှေတိမ်းစောင်းမသွားစေရန် ဟန်ချက်ညီညီ ထိန်းလှော်ပေးနေရင်းက ငါးကြီးဆီသို့ စိတ်ရောက်နေမိသည်။

လှေဦးမှ ထိန်းနေရာက သူ့ယောက်ျားရှိရာ လှေလယ်ပိုင်းသို့ ထိန်း၍ ရောက်လာပြီး ကိုမောင်ကြီးနှင့်အတူ ငါးကြီးကို ဆွဲတင်နိုင်စေရန် ဝင်၍ကူရသည်။

'ဗွမ်း ...''

ငါးကြီးမှာ အမြီးတစ်ချက်ခတ်ပြီး ရေပေါ်သို့ ပေါ်လာလေပြီ။ ဆက်၍ အမြီးခတ်ခြင်း၊ ရုန်းလွတ်ခြင်းရှိမနေတော့။ ပိုက်နှင့်အတူ ထူးဆန်းစွာငြိမ်သက်၍ ပါလာတော့သည်။

ကိုမောင်ကြီးနှင့် မအေးခင်တို့ပိုက်ထဲမှာ ငြိမ်သက်နေသော ငါးကြီးကို လှေပေါ်သို့ ထိန်း၍ ဆွဲတင်ကြကာ ဝမ်းခင်းကြမ်းပေါ်သို့ ချလိုက်ကြသည်။

လပြည့်ကျော်ရက် လထွက်လာပြီဖြစ်သော်လည်း အလင်းရောင်မစုံမပို့ကြောင့် အားမရဖြစ်ကာ ဆောင်ထားနေကျ ဘက်ထရီအားသွင်းလက်နှိပ်ဓါတ်မီးယူကာ ငါးကြီးအား ထိုးကြည့်လိုက်သည်။

''ငါ ... ထင်တဲ့အတိုင်း ငါးထွေကြီးပဲကွ''

''ဒါဆို သူ့ခေါင်းပိုင်းကို ထိုးကြည့်ပါဦးရှင်''

မအေးခင်ကလှမ်းပြောစဉ် ကိုမောင်ကြီးက ငါးထွေကြီးဦးခေါင်းပိုင်းဆီသို့ မီးရောင်ဖြင့် ထိုး၍ကြည့်လိုက်သည်။

ငါးထွေကြီး၏ ဦးခေါင်းပိုင်းပေါ် မီးရောင်ဖြာကျသွားစဉ် ငါးထွေကြီး၏ နှုတ်ခမ်းအပေါ်ပိုင်းမှာ ပေါက်လှေ့ရှိသော အာရုံခံနှုတ်ခမ်းမွေးတောင်တစ်ချောင်းရှိမနေတော့သည်ကို တွေ့လိုက်ရသည်နှင့်။





''ဟင် ... ဒါ ... ဒါ ... ကျွန်မတို့ကို ပြန်အဖမ်းခံပါမယ်လို့ ကတိပေးသွားတဲ့ ငါးထွေကြီးပဲ။ ကျွန်မ မှတ်မိတယ်။ ညာဘက်နှုတ်ခမ်းမွေးတောင် ပြတ်ကျန်ရစ်ခဲ့တာ''

''အေးကွ ... ခုတော့ အသစ်ပြန်ပေါက်ဖို့ တုံးတိတိလေးတော့ ထွက်နေပြီ''

''အမယ်လေး ... မယုံနိုင်စရာပဲ ... ကိုမောင်ကြီးရယ်''

မအေးခင် စိတ်လှုပ်ရှားစွာဖြင့် အသံတွေပင် တုန်ယင်နေခဲ့ပြီ။

ကိုမောင်ကြီးက တည်တည်ငြိမ်ငြိမ်နှင့် စဉ်းစဉ်းစားစား ပြောသည်။

''သူက သူပေးခဲ့တဲ့ ကတိသစ္စာအတိုင်း တို့ဆီပြန်လာတာပဲ .. အေးခင်''

''ဟုတ်တယ်နော် ... ကိုမောင်ကြီးရယ်၊ စိတ်မကောင်းစရာပါပဲရှင်''

''ဘာများ စိတ်မကောင်းစရာဖြစ်ရမှာလဲ ... အေးခင်ရာ၊ သူကတိရှွာန် ငါး။ သတ္တဝါဘဝ ရောက်နေတာတောင်မှ သူပေးခဲ့တဲ့ ကတိသစ္စာကို စောင့်ထိန်းခဲ့မှတော့ သူ့ရဲ့ကတိသစ္စာကို အလေးအနက်ထားတဲ့အနေနဲ့ သူ့ကို တို့က ပြန်လွှတ်ပေးလိုက်ရင် တို့အတွက် စိတ်မကောင်းစရာတွေ ဘယ်ဖြစ်နိုင်ပါတော့မလဲ ... အေးခင်ရာ''

''ဟုတ် ... ဟုတ်တယ်။ ကျွန်မတို့ သစ္စာကတိတည်တဲ့ ဒီငါးကြီးကို ပြန်လွှတ်ပေးလိုက်ကြတာ ကောင်းပါတယ် ... မောင်ကြီးရယ်''

ကိုမောင်ကြီးတို့လှေဆီကို စောစောက ခပ်လှမ်းလှမ်းမှ ပိုက်ချနေသောလှေတစ်စင်း တရွေ့ရွေ့လှော်ခတ်လာသည်ကို မအေးခင် သတိထားမိပြီး စိုးရိမ်စိတ်ဝင်သွားသည်။

''ဗျို့ ... အစ်ကိုကြီးနဲ့ အစ်မကြီး ငါးမိနေကြပြီလားဗျာ''

မောင်ငယ့်အသံကို ကြားလိုက်ရမှ အောင်မောင်းနှင့် မောင်ငယ်တို့လှေမှန်း ကိုမောင်ကြီးနှင့် မအေးခင်တို့ သိသွားကာ စိတ်အေးသွားကြသည်။

www.burmeseclassic.com



"ဟာ . . . မောင်ငယ်နဲ့ အောင်မောင်းတို့ပါလား။ ငါက မင်းတို့ နေ့ခင်းပိုက်ဆင်းပြီး ညပိုင်း နားနေကြတယ် အောက်မေ့လို့"

"ခါတိုင်းရက်တွေ ကျုပ်တို့ နေ့ခင်းပိုင်း ပိုက်ဆင်းကြတာပါပဲ။ ဒီနေ့ကျမှ ကျုပ်တို့စောင့်ကြည့်စရာရှိလို့ အစ်ကိုကြီးတို့ လှေနဲ့ ခပ်လှမ်းလှမ်းမှာ ညဘက် ပိုက်လာချကြတာဗျ"

မောင်ငယ်က ပြောရင်း ဘတ္တရီမီးရောင်အောက်တွင် မြင်နေရသော ငါးထွေကြီးကြည့်ပြီး လှမ်းပြောသည်။

"ဒီငါးထွေကြီးက တော်တော့်ကို ကြီးတဲ့ကောင်ကြီးပဲ။ ဒီတစ်ပိုင်မှာတော့ အစ်ကိုကြီးတို့ ဖမ်းမိတာ စံချိန်တင်လောက်တယ်ဗျာ"

အောင်မောင်းကပါ လှေဝမ်းခင်းပေါ်တွင် အသက်ရှူရှိုက်သာ ရှုံ့ပြီးငြိမ်သက်နေသော ငါးထွေကြီးကို ကြည့်ပြီး ဝင်ပြောသည်။

"ဒီလောက်ကြီးတဲ့ငါးကြီး ဘာကြိုးနဲ့မှလည်း မတုပ်၊ သတ်လည်း မသတ်ဘဲ လှေပေါ်မှာ ဒီအတိုင်းတင်ထားလို့ကတော့ ပြန်ပြီး ရေထဲခုန်ဆင်းသွားတော့မှာပဲ"

အောင်မောင်းစကားကို ကိုမောင်ကြီးက စိတ်အေးလက်အေးနှင့် ပြန်ဖြေသည်။

"ဒီကောင်ကြီးက အဲဒီလို ခုန်ဆင်းသွားမဲ့ကောင်ကြီး မဟုတ်ပါဘူးကွာ။ သူ့သစ္စာကတိအတိုင်း တမင်တကာကို တို့ပိုက်ထဲမှာ လာပြီး အဖမ်းခံတာပါ"

"ဟင် . . . ဘယ်လိုအစ်ကိုကြီး၊ ဒီငါးကြီးက သူ့ကတိသစ္စာအတိုင်း အစ်ကိုကြီးတို့ချထားတဲ့ ပိုက်ထဲကိုတမင်လာပြီး အမိခံတာ . . ဟုတ်လား"

မောင်ငယ်က အကြောင်းစုံ မသိရ၊ မကြားရဟန်ဖြင့် တမင်တကာပင် မေးမြန်းလိုက်သည်။

ကိုမောင်ကြီးက ငါးကြီး၏ ဦးခေါင်းပိုင်းကို မီးရောင်ဖြင့် သေသေချာချာ ထိုးပြပြီး . . .

"အဲဒီငါးကြီးကို ဝါမဝင်ခင်တုန်းက ငါတို့လင်မယားတစ်ကြိမ် ဖမ်းမိထားတယ်ကွ။ သူ့ကို စိုက်ကဖြုတ်ပြီး လွှတ်ပေးမလို့လုပ်တုန်း ပိုက်သီးကြိုးနဲ့ငြိပြီး သူ့ရဲ့ ညာဘက်အာရုံခံ နှုတ်ခမ်းမွေးတစ်ချောင်း ပြတ်ထွက်သွားခဲ့တော့ ဒီငါးကြီးဟာ တို့နဲ့ဆုံခဲ့တဲ့ငါးကြီးဆိုတာ တို့မှတ်မိနေတယ်"





"အစ်ကိုကြီးစကားတွေက ဒီနေ့ညမှ ထူးထူးဆန်းဆန်းတွေပါလား။ ဒီငါးကြီးရဲ့ ညာဘက်အာရုံခံနှုတ်ခမ်းမွေးတောင် တစ်ချောင်းပြတ်ပြီး တုံးတိတိဖြစ်နေတာတော့ ဟုတ်ပါတယ်။ ခု အစ်ကိုကြီး မသတ်သေးဘဲ ဘာလုပ်ဖို့ စိတ်ကူးသလဲ။ ငါးကြီးက အကြီးကြီး။ လှေပေါ်မှာ လူးလိုက်၊ လှိမ့်လိုက်ရင် လှေမှောက်သွားနိုင်တယ်နော်။ အချိန်မီ တစ်ခုခုလုပ်မှ . . . မောင်ငယ်ရေ။ အစ်ကိုကြီးက သတ်ဖို့ လက်နှေးနေတယ်။ တို့လှေထဲက မှိန်းယူပြီး ဒီငါးကြီးကို ထိုးသတ်လိုက်ကြစို့"

အောင်မောင်း၏ ရက်စက်သောစကားကို ကိုမောင်ကြီးက မှာမှာ သလဲ တားဆီးလိုက်ရင်း . . .

"ဟေ့ . . . ဟေ့ကောင်တွေ . . . အဲဒီလို မလုပ်ကြပါနဲ့ကွာ။ ခု အချိန်အထိ ဒီငါးကြီး မလှုပ်ရှားမရုန်းကန်ဘဲ နေနေတာ။ လူကို ဒုက္ခမပေးချင်လို့ပဲ။ ငါတို့က ဒီငါးကြီးကို ပိုက်ကဖြုတ်ပြီးပြီးချင်း ပြန်လွှတ်ပေးတော့မလို လုပ်နေကြတာ။ မင်းတို့ရောက်လာလို့ အချိန်ကြာသွားတယ်"

"အို . . . အစ်ကိုကြီးကလည်း ကိုယ်နဲ့ထိုက်လို့ ပြန်မိတဲ့ဟာ တမင်တကာ ပြန်ပြီးလွှတ်ပေးရတယ်လို့ဗျာ"

"ကိုယ်နဲ့ထိုက်လို့ရတာက ဒီငါးကြီး မဟုတ်ဘူးကွ။ ဒီငါးကြီးက ပေးတဲ့ ကုသိုလ်ပဲ။ သစ္စာကတိတည်တဲ့ ဒီငါးကြီးကို တို့က သစ္စာကတိရဲ့ တန်ဖိုး ပြန်ပြကြရမှာပဲ။ အဲဒါကိုပဲ ကိုယ်နဲ့ထိုက်လို့ရတဲ့ ကုသိုလ်လို့ တို့ယုံကြည်တယ်ကွ"

ကိုမောင်ကြီးက ပြောရင်း ငါးကြီးကို ရေဝတီမြစ်ရေပြင်ထဲ ပြန်ဆင်းသွားစေရန်အတွက် လှေနံတစ်ဖက်ကို စောင်းပေးလိုက်သဖြင့် ငါးကြီးမှာ ရေဝတီမြစ်ထဲ ပြန်ခုန်ဆင်းသွားလေ၏။

"ဗွမ်း . . ."

"ကတိသစ္စာတည်တဲ့ . . . ငါးကြီးရေ၊ ရောက်လေရာ ဘဝဆက်တိုင်း ကုသိုလ်ကောင်းမှုတွေကြောင့် ဘဝကူးကောင်းစေဖို့ သင့်အတွက် ကျွန်ုပ်တို့ ဆုတောင်းပေးလိုက်ပါတယ်။ ခလုတ်မထိ၊ ငါးမြားမငြိ ပိုက်ချက်မတိုးဘဲ သင်လိုရာခရီးကို ကောင်းမွန်ချောမောစွာ ရောက်ရှိပါစေဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုမောင်ကြီးနှုတ်မှ ဆုတောင်းမေတ္တာစကား တတွတ်တွတ် ပြောကြားနေမိသလို မအေးခင်မှာလည်း ဆုတောင်းမေတ္တာပို့ရင်း မျက်ရည်များပင် ဝဲ၍လာသည်။

ငါးကြီးမှာ လေ့နှင့် ခပ်လှမ်းလှမ်းအရောက် ရေပြင်ပေါ် ခေါင်းဖော်၍ နောက်ဆုံးနှုတ်ဆက်ဟန်ပြုပြီး အတန်ကြာမျှကူးကာ ရောဝတီမြစ်ရေစီးအတိုင်း မြစ်အောက်ဘက်သို့ ငုပ်လျှိုးကူးခတ်သွားလေတော့သည်။

✿ ✿ ✿

|၃၂|

❑

ငါးကြီး ကူးခတ်ငုပ်လျှိုးသွားသည့်ဘက်ကို ဝိတ်မျက်နှာဖြင့် မြင်ရခဲ့သည့် အမှုကိစ္စတစ်ခု ပြုလိုက်ရပြီဟူသော ကုသိုလ်စိတ်အဟုန်ပွားများငေးကြည့်နေမိကြစဉ် မောင်ငယ်၏အမေးစကားကို ကိုမောင်ကြီးနှင့် မအေးခင်တို့ ကြားလိုက်ရပြန်သည်။

"အစ်ကိုကြီးတို့က ဒီငါးကြီးရတာတောင်မှ လွှတ်ပစ်လိုက်တော့ နောက်ကို ဘယ်လိုငါးမျိုး ဖမ်းတော့မှာလဲ"

"ဘယ်လိုငါးမျိုးမှ မဖမ်းတော့ဘူး . . . မောင်ငယ်။ ငါ ဒီငါးဖမ်းတဲ့အလုပ်ကို စွန့်လွှတ်လိုက်ပြီ။ အေးလေ . . . မင်းတို့ကတော့ ဘာကြောင့်မှန်းမသိသေးတော့ ငါတို့လင်မယားကို ဘယ်လိုနားလည်ရကောင်းမှန်းမသိဖြစ်နေကြမယ်။ ငါတို့ အိမ်ပြန်ကြမယ်။ မင်းတို့ ငါးဆက်ဖမ်းချင် ဖမ်းကြ





ပေတော့။ ဒီအကြောင်းတွေကိုတော့ မင်းတို့ ပြန်လာတဲ့အချိန်ကျမှ ငါ အကုန်လုံး ရှင်းပြပါ့မယ်ကွာ"

ကိုမောင်ကြီးစကားကြောင့် မောင်ငယ်နှင့်အောင်မောင်းတို့ ပုလင်းတူ ဘူးဆို့ သောက်ဖော်သောက်ဖက် သမီးယောက်ဖနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် အဖြေထုတ်သလို လရောင်အောက်မှာပင် လှမ်း၍ ကြည့်လိုက်မိကြသည်။

ပြီးတော့မှ အမှန်အတိုင်းပြောရန် ဆုံးဖြတ်လိုက်ကြကာ မောင်ငယ်က အရင်ပြောဆိုလိုက်သည်။

"ဒီမှာ . . . အစ်ကိုကြီး၊ အစ်ကိုကြီး ဒီအကြောင်းတွေမပြောဘဲ ကျွန်တော်က သိပြီးနေပါပြီ။ ကျွန်တော် ဝါတွင်းတစ်ရက် အစ်ကိုကြီးတို့အိမ်ဘက်ကို ဟင်းစားလာပို့တုန်း အစ်ကိုကြီးသားနဲ့သမီးကို ဒီငါးကြီးအကြောင်း ပြောပြနေလို့ အစ်ကိုကြီးတို့ အိမ်ခြေရင်း ငှက်ပျောရုံအောက်မှာ ကျွန်တော် ခိုပြီး နားထောင်နေခဲ့လို့ သိပြီးသားပါ"

"ဟုတ်တယ် . . . အစ်ကိုကြီး၊ မောင်ငယ်က သူသိလာတဲ့အကြောင်းတွေ ကျွန်တော်တို့ကို ပြန်ပြီး ပြောပြလို့တောင်၊ ကျွန်တော်တို့က အစ်ကိုကြီးတို့စကားတွေကို မယုံမကြည် ဖြစ်ခဲ့ကြရသေးတယ်။ လူငယ်တွေပီပီ အစ်ကိုကြီးတို့ လင်မယားနှစ်ယောက် ပေါက်သွားပြီလို့တောင် ထင်မိကြသေးတယ်။ ခွင့်လွှတ်နော် . . . အစ်ကိုကြီးနဲ့ အစ်မကြီး"

"မင်းတို့က လူငယ်တွေဆိုတော့ မယုံကြည်လို့ ပြောမိတာတွေ ရှိမှာပေါ့လေ။ ငါတို့ ခွင့်လွှတ်ပါတယ်ကွာ။ ငါ ဒီတံငါအလုပ်ကို အပြီးတိုင် စွန့်လွှတ်လိုက်ပြီ။ ငါ့သားလေးနဲ့ ငါ့သမီးလေးတွေအတွက် တစ်ဖက်တစ်လမ်းက တခြားအလုပ်တစ်ခုလုပ်ပြီး ငွေရှာဖို့ ဆုံးဖြတ်လိုက်ပါပြီ"

"ဟာ . . . အစ်ကိုကြီး၊ ကျွန်တော်တို့လည်း ကိုယ်တွေ့မို့ ယုံကြည်သွားပြီ . . . အစ်ကိုကြီး။ သစ္စာကတိ တည်ကြည်မှုဟာ ခွန်အားသန်တဲ့ဆိုတာ သဘောပေါက်သွားပြီ။ ကျွန်တော်လည်း မိဘလက်ထက်ကတည်းကအစဉ်အဆက်လုပ်ခဲ့တဲ့ တံငါအလုပ်ကို အပြီးတိုင်စွန့်လွှတ်ပြီး အစ်ကိုကြီးလိုပဲ တခြားအလုပ်တစ်ခုခု ပြောင်းလုပ်တော့မယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း ဒီ သူများအသက်သတ်ရပ . . . အလုပ်ကို ဆက်မလုပ်တော့ပါဘူးကွာ"

"အေးပေါ့ကွာ . . . မင်းတို့ ခုလို ငါနဲ့အတူ အကုသိုလ်စိတ်က ကုသိုလ်စိတ်ပြောင်းသွားတာကို ငါ ဝမ်းသာပါတယ်။ တို့တစ်တွေ သဘာဝ မိခင်ကပေးအပ်တဲ့ အခွင့်အရေးအတိုင်း သန့်ရှင်းစွာနဲ့ ကိုင်းကျွန်းအလုပ်ကိုပဲ ဖိဖိစီးစီး ပြန်လုပ်ကြတာပေါ့ကွာ"

ကိုမောင်ကြီးပြောရင်း သူ၏လှေကို ဧရာဝတီမြစ်ပြင်ကျယ်ကြီးမှ သူတို့နေထိုင်ကြီးပြင်းရာ ကမ်းဘက်ဆီသို့ လှော်ခတ်ရန် ပြင်ဆင်လိုက်သည်။

ကိုမောင်ကြီးဇနီး မအေးခင်ကလည်း သူမယောကျ်ားနည်းတူ သူမတို့ရွာ သံကိုင်းနန်းတော်ကျွန်းဘက်သို့ ပြန်ရန် လှော်တက်ကို ကိုင်လိုက်သည်။

ကိုမောင်ကြီးတို့လှေနောက်မှ မောင်ငယ်နှင့် အောင်မောင်းတို့ လှေမှာလည်း လိုက်ပါလှော်ခတ်လာကြသည်။

သည်တစ်ခါ သူတို့လှေများကို လှော်ခတ်လာကြသည်မှာ ဧရာဝတီမြစ်ပြင်ကျယ်ကြီးထဲမှနေ၍ သူတို့မွေးဖွားနေထိုင်ရာ မြစ်ကမ်းနပူးမှ သံကိုင်းနန်းတော်ကျွန်းရွာဘက်ကမ်းဆီသို့ သက်သက်လှော်ခတ်လာခြင်းမျိုး မဟုတ်တော့။

ဘဝသံသရာ ရေစိုင်နက်ပြာဝဲကြီးအတွင်းမှ လွတ်မြောက်ကြောင်း သမ္မာအာဇီဝကမ်းခြေသို့ရောက်အောင် ဦးတည်လှော်ခတ်နေကြခြင်းပင် မဟုတ်ပါလား။

"မေတ္တာတရား ပွားများနိုင်ကြပါစေ"
**ကျော်မင်းနိုင်**

www.burmeseclassic.com